328



ကျေးဇူးတော်ရှင်

မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်

ဟောကြားတော်မူသော

သစ္စာ(၄)ပါး

တရားတော်

အမှတ်စဉ် ၂၆

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်အစဉ်

အမရပူရမြို့၊ မဂ်လာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။



အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဘန်ဘန် ဖြစ်ပြန်နည်းအလျော်။ ဗြဟ္မာ-သိကြား၊ စသည်များက၊ထင်ရှားပြုပြင်၊စီရင်ဖန်ဆင်း၊အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှုရှုမြော်။

(လက်ာဆောင်ပုဒ်) မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးအလှ္ဘာ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ကျဉ်းရှစ်သွယ်ကို၊အလွယ်ကျက်မှတ်၊သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အမရပူရမြို့-မင်္ဂလာတိုက်ဟောင်း

ဧကျုံးဂူးဧတာ်ရှင်

မဟာထေရ်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မင်္ဂလာတိုက်၌

ဟောကြား- ဆုံးမတော်မူသော

(ဝိပဿနာလုပ်ငန်းစဉ်)

ဓမ္မအလုပ်ပေး တရားတော်

(အမှတ်စဉ် - ၂၆)

ရန်ကုန်မြို့

မိုးကုတ် ဆရာတော် ဘုရားကြီး၏

ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏

မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

အဖွဲ့၏ကိုယ်စား ထုတ်ဝေသူ

ဦးအောင်ချို၊ မှတ်ပုံတင်အမှတ် (ယာယီ) ဝ၁၁၁၃

မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့။

အမှတ် ၃၃- ဆင်းဒွတ်လမ်း၊ ရန်ကုန်မြို့။

ပြန့်ချိရာဌာန

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့

အမှတ် ၃၃-ဆင်းဒွတ်လမ်း၊ ရန်ကုန်မြို့။

၁၉၆၉-ခု ဖေဖော်ဝါရီလ ပဌမအကြိမ်ရိုက်နှိပ်ခြင်း။

အုပ်ရေ.... ၃၄၀၀။

★

ယောဂီပုံနှိပ်တိုက်၊ ဦးတင် မှတ်ပုံတင်အမှတ် (၀၀၃၇)က

အမှတ် ၂၄၅-လွှစ္စလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

မာတိကာ

ဦးရေ	ရက်စွဲ	အကြောင်းအရာ	
၁။	၂၁-၉-၆၁	ကံကို အတ္တယူသော ရဟန်း တပါး၊ မဟာပုဏ္ဏမသုတ်တော် အခြေပြုသည့် နေ့အလုပ်ခေါ်း တရားတော်	၁
၂။	၂၂-၉-၆၁	မဟာပုဏ္ဏမသုတ်တော်(၂) ကေစ္စ သဿတနည်းဖြင့် ဆက်ဟောပုံ	၂၆
၃။	၂၃-၉-၆၁	ဆုဓရဟန်းဝတ္ထု	၅၂
၄။	၂၄-၉-၆၁	အရိန္ဒမဝတ္ထု၊ အရွယ်သုံးပါးလုံး သားရေး, သမီးရေး, စီးပွားရေး မလိုက်းကားင်း- ဆင်သေမှုပြီး	
		သမုဒ္ဒရာတွင်း သေရသည့်ကျိုး	၈၀
၅။	၂၅-၉-၆၁	ဝိပဿနာဉာဏ် အမြင်မှန် ရရုံနှင့် မဟန္တာမဟုတ်သေးပုံ- ရှင်ဆန္ဒဝတ္ထု(၁)	၁၅၉
၆။	၂၆-၉-၆၁	အပြုံးနဲ့အမဲ့ ဇာတ်သိမ်း သည့် တရားရှင် ဆန္ဒဝတ္ထု (၂)	၁၀၆
၇။	၂၇-၉-၆၁	ဝိပဿနာလုပ်တဲ့ပုဂ္ဂိုလ်အမြင်မှန် ရှင်ဆန္ဒဝတ္ထု (၃)	၂၁၃
၈။	၂၈-၉-၆၁	သုညတဆိုက်မှ နိဗ္ဗာန်ရမည် ဖြစ်ပျက်မြင်လျှင် သုညတ ဆိုက်နိုင်သည်၊ အနာထပိဏ္ဍိ ကောဝါဒသုတ် (၁)	၂၃၃

၉။	၂၉-၉-၆၁	သူညတဒေသနာတော် အနာထပိဏ္ဍကောဝါဒသုတ်(၂)	၂၅၅
၁၀။	၃၀-၉-၆၁	သူညတဒေသနာတော် အနာထပိဏ္ဍကောဝါဒသုတ်(၃)	၂၀၂
၁၁။	၁-၁၁-၆၁	ပုဏ္ဏမသုတ်တော်	၃၀၇
၁၂။	၃-၁၀-၆၁	ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်ရေး	၃၃၅
၁၃။	၄-၁၀-၆၁-	ဝေဒနာကမ္မဋ္ဌာန်း တရားနာနေပုံ သက္ကာယဒိဋ္ဌိကင်းစင်ရေး	၃၆၃
၁၄။	၅-၁၀-၆၁	အမဲအဖြူစသော တရားလေးမျိုး တက္ကာမူလက တရား(၉)ချက်	၄၀၉
၁၅။	၇-၁၀ ၆၁	ကိုယ့်ကိုယ်သနားယင် မဂ္ဂင်လုပ်ပါ ဝေဒနာသတ်ယင် တက္ကာသေပုံ(၁)	၄၅၃
၁၆။	ဂ ၁၀-၆၁	ဝေဒနာသတ်ယင် တက္ကာသေပုံ(၂)	၄၉၆

‘နိဒါန်း’

“နမောဗုဒ္ဓါယ သိဒ္ဓမ်”

ဗုဒ္ဓမြတ်စွာ၏သာသနာတော်ဝယ်မင်္ဂိုလ်အကျိုးငှါ အားထုတ်ရာ၌ ကမ္မဿကတညာဏ် ကြီးစိုးသော နယ်ပယ်တရုံ၊ သစ္စာနုဓလောမိကညာဏ်ကြီးစိုးသော နယ်ပယ်တခုဟူ၍ နယ်ပယ် နှစ်ခုရှိသည်၊ တနည်းအားဖြင့်ဆိုသော် ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် သတ္တဝါအလိုက် ကျင့်စဉ်ဂိုက်ကို လိုက်၍ ဆောင်ပြီး ထင်လွယ် မြင်လွယ် အောင် ဟောတော်မူခဲ့သော ဒေသနာတော်များ၊ ၎င်းကို “နေယျတ္ထဒေသနာ”ဟုခေါ်သည်၊ ထိုသို့မဟုတ်ဘဲ၊ တိုက်ရိုက်ဟောတော်မူခဲ့သောဒေသနာတော်များဟူ၍ နောက်တမျိုးရှိသော်၊ ၎င်းကို “နိတတ္ထဒေသနာ”ဟုခေါ်သည်။ ၎င်းနှစ်မျိုးကို ညှိနှိုင်း၍ မယူတတ်ခဲ့သော် အယူအဆတိမ်းစောင်းပြီး ဒိဋ္ဌဘက်သို့ယိမ်းယိုင်နိုင်သည်။

ဗုဒ္ဓဘာသာအဖြစ် ခံယူကြကုန်သော သူတို့သည် ရာဇာနာသုံးပါးကို ကိုးကွယ်ပါ၏ဟူ၍ ပဌမခံယူချက် အားဖြင့် သရဏဂုဏ် (၃)ပါးကို ဦးထိပ်ဆားရသည်၊ ထိုနောက် ကံကံ၏ အကျိုးကို ယုံကြည်ပါကုန်၏ဟူ၍ ဒုတိယ အဆင့်အနေဖြင့် ခံယူချက်ပြုရပြန်သည်။

ကုသလကမ္မပထ တရား (၁၀) ပါးတွင် နောက်ဆုံး ဒဿမမြောက်ဖြစ်သော ဒိဋ္ဌိဇုကမ္မဆိုသည့်တရားသည် ဖြောင့်မတ်စွာယူခြင်းကိုဆိုသည်၊ ကမ္မဿကတညာဏ်နယ်သို့ ဝင်ရောက်ခြင်းပင်တည်း။

ကံ-ကံ၏ အကျိုးကို ယုံကြည် ပါသည်ဟူ၍ ခံယူချက်သည် ဒုတိယအကြိမ် ကမ္မဿကတ ဥာဏ်နယ်သို့ ဝင်ရောက်ခြင်း ပင်တည်း။

ဥပသကာ ဂုဏ်ငါးပါးတွင် "ကမ္မံ ပစ္စေတိုနော မင်္ဂလံ" ဟု ဆိုပြန်သည်၊ ၎င်းတွင်လည်း ရက်ရာဇာ ပြဿဒါး အိမ်မြောင်စုတ်ထိုး၊ ဌင်းတနား စသော ဒုမင်္ဂလ-သုမင်္ဂလ စသော နိမိတ်တို့ကို မယုံကြည်မူ၍ ကံ-ကံ၏ အကျိုးကိုသာ ယုံကြည်ပါ၏ ဆိုသော ခံယူချက်ပင်ဖြစ်သည်၊ ၎င်းတို့သည် ကမ္မဿကတ ဥာဏ်နယ်သို့ အားလုံးအကျုံးဝင်သည်၊ ဗုဒ္ဓဘာသာမှာ ယခုအခြေခံဖြစ်သော ကမ္မဿကတဥာဏ် ခံယူချက်သည် မူလအခြေခံ ဖြစ်သော ဗုဒ္ဓဘာသာတို့၏ ခံယူချက်ပင် ဖြစ်သတည်း၊ ၎င်းအခြေခံ သဘောတရားကို ပယ်၍မရချေ၊ သို့သော် အထက်တန်း ကျသော ဗုဒ္ဓဘာသာဝင်အဖြစ်သို့ မရောက်သေးချေ၊ ကောင်းမှုပြုလျှင်ကောင်းကျိုးပေးသည်၊ မကောင်းမှုပြုလျှင် မကောင်းကျိုး ပေးသည် ဆိုသည်မှာ ဒိဋ္ဌိဇုကမ္မဆိုသော ဖြောင့်မတ်သော အယူပင်ဖြစ်သည်၊ ဤအယူမရှိပါက နတ္ထိက ဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ ဣဿရနိမ္မာနဒိဋ္ဌိဘက်သို့ ယိမ်းယိုင်၍နိယတမိစ္ဆာဒိဋ္ဌိနယ်သို့ ပြေးဝင်နိုင်သည်။

ကောင်းမှု၏ အကျိုးမရှိ၊ မကောင်းမှု၏ အကျိုးမရှိ၊ အမိကျေးဇူးမရှိ၊ အဘကျေးဇူးမရှိ ဟူသော နိယတမိစ္ဆာဒိဋ္ဌိကြီးဘက်သို့ ပြေးဝင်ခြင်းကို မပြေး ဝင် နိုင် စေရန် ဟန့်တားချက်မျှပင် ရှိသေးသည်၊ ကိုယ်ပြုကိုယ်စံ-ကိုယ်ပြုကိုယ်ခံ ဟုဆိုသော ပြုတာလဲ ဒီကိုယ် နောက်စံရမှာလည်း ဒီကိုယ်တည်း ဟူသော ကမ္မဝါဒီ-ဒိဋ္ဌိအသင်းအပင်း ၎င်းဒိဋ္ဌိနယ်ပယ်မှ မလွှတ်သေးချေ။

ထို့ကြောင့် ကံ၊ကမ္မဝါဒီ၊ ကမ္မဿကတဉာဏ်တို့ကို ဝေဘန်ပြသရပါလျှင်....

(၁) ဇနကကံ= ပဋိသန္ဓေ အကျိုးကို ဖြစ်စေသည့်ကံ။

(၂) ဥပထမ္ဘကကံ=ပဋိသန္ဓေ ဖြစ်စေရာ၌ အထောက်အပံ့ကို ပြုဘော်ရသည့်ကံ။

(၃) ဥပပီဠကကံ= ကပ်၍ နှိပ်စက်ဖိစီးသောကံ၊

(၄) ဥပဃါတကကံ=ကပ်၍ဖြတ်တတ်သက်တတ်သောကံ။

တနည်းသော်ကား(၅) ဂရုကံ=ပဥ္စာနန္တရိယကံနှင့် ကံ·ကံ၏ အကျိုးမရှိ ကုသိုလ် အကုသိုလ် မရှိဟု ယူသော နိယတမိစ္ဆာဒိဋ္ဌိသည် ဂရုကံ မည်၏။

(၆) အာစိဏ္ဏကံ= ကြာရှည်လေးမြင့် စဉ်စဉ်မြဲမြဲလေ့လာအပ်သောကံကို အာစိဏ္ဏကံ ခေါ်သည်။

(၇) အာသန္နကံ= သေပေါက်သော အမှတ်ရအပ်သောကံကို အာသန္နကံခေါ်သည်။

(၈) ကဋတ္တာကံ= ပြုခါမတ်တဖြစ်သောကံကို ကဋတ္တာကံ ခေါ်သည်။

(၉) ဒိဋ္ဌဓမ္မဝေဒနီယကံ=မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ။

(၁၀) ဥပပဇ္ဇ ဝေဒနီယကံ = နောက်ဒုတိယ ဘဝ၌ အကျိုးပေးသောကံ။

(၁၁) အပရာ ပရိယ ဝေဒနီ ယကံ = လျောက်တတ်သောအကြောင်း ပေါ်ပေါက်ခဲ့သော် နိဗ္ဗာန် မရ မခြင်း အ ကျိုး ပေး လတ္တံ. သောကံ။

(၁၂) အဟောသိကံ= အမှတ် ၉-၁၀-၁၁-ဈသောကံမျိုးသည် အကျိုး ပေးခွင့် မရခဲ့သော် ကံ ဖြစ်ခါ မတ္တာသာ ဖြစ်၍ အကျိုး မပေး သောကြောင့် အဟော သိ ကံ့ ခေါ်သည်။

တဖန်နဖူးစာကံဆိုပြီးဟိန္ဒူ။ ယူ ခပ်ဆန်ဆန် မြန်မာအတွေး အခေါ်ထဲ၌ တဖန်ဝင်လာပြန်သေးသည်၊ မိမိတို့ တသက် တာ၌ ဖြစ်ပေါ်ခံစားရမည့် ကိစ္စအဝဝတို့ကို ပဋိသန္ဓေ အခါကစ၍ နဖူးပေါ်၌ ရေးပေး လိုက်သည်ဖြစ်၍ ဟာဖြစ်ဖြစ် နဖူးစာ အတိုင်း ဖြစ်ရသည်ဟု ယူသောအယူပင်ဖြစ်သည်၊ ထို့ကြောင့် "ရှေးဖူ စာကံငယ် ဖန်လာရေးငယ်က" ဟူ၍ စပ်ဆိုကြပြန်ရာ၊ ၎င်းအယူကို ထပ်မံ၍ ထောက် ခံသည့် အလား မြန်မာ ဗုဒ္ဓဘာသာဝင်တို့ အတွေး အခေါ်ကို အား ပေး စေ ပြန်သည်၊ "ကံ"

ဆိုးမိုးမှောင်ကြသည် "ကံဆိုးမသွားရာမိုးလိုက်လို့ရှာ" စသဖြင့် ကံဆိုးဆိုလျှင် ကြောက်ကြ၍ ကံခေါင်းဆိုလျှင် အလွန်ပင်အား ကိုးအားထားပြုကြသည်၊ ကံမကောင်းမှာ အလွန် ကြောက်၍ ကံကောင်းအောင် "ကံဆက်" ကြပြန်သေးသည်၊ ကံဆက် သည် ဆိုသည်မှာ တနင်္ဂနွေ·တနင်းလာစသော နေ့သင့်နံသင့် ဘုရားမှာ ရေသွန်းခြင်း၊ဆီမီးထွန်းခြင်း၊ဘုရား(၉)ဆူ ပူဇော်ခြင်း၊ငါးလွှတ် ခြင်း၊တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း စသည်ဖြင့်ယတြာပြုလုပ် ကြသည်။

အကုသိုလ်မဟုတ်ဘဲ ကုသိုလ်အလုပ်ဆိုလျှင် ကောင်း သည် ချည်းပင်ဖြစ်သည်၊ သို့သော် ကုသိုလ်အလုပ်နှင့် ကံခေါင်းချင် သည့် တဏှာကရောနေသည်၊ငါအလုပ် အကိုင် ဖြောင့်ပါစေ၊ရာ ထူးတိုးတက်ပါစေ၊ ရာထူးဋ္ဌာနန္တရမြဲပါစေ၊ ရန်သူမျိုးငါးပါး ဘေးရန်မှကင်းပါစေဆိုသောဘဏှာနှင့် ရောနေသည်၊ကိုးလသာ ဝင်ရှိက ကမ္မဝင်ဖြစ်မြဲပင်၊ ကမ္မဝင် အားဆုတ်က ဝိပါကဝင် လာရမည် ကောန်ဖြစ်သည်။ "ကမ္မ ဝိပါကဿအနန္တရ ပစ္စယေန ပစ္စယော" ဟု ပဋ္ဌာန်းပါဠိတော်၌ဆိုသည်၊ ကံပြုပြီးလျှင် ဝိပါက် ဆိုတဲ့ အကျိုးပေးကံ ချက်ချင်းသော်၎င်း၊ လျောက်ပတ်သော အခါအခွင့်ရသော်၎င်း၊ကျေးဇူးပြုသည်ဟု ဆိုလိုသည်။

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဘုရား ဟောတော်မူ သည်၊ ကာယကံ၊ ဝစီကံ၊ မနောကံ ပြုနေသမျှ စေတနာ ပါ သည်ချည်းပင်ဖြစ်သည်၊ ထို့ကြောင့် ကံသည် စေတနာဟု ဟော တော်မူခြင်းဖြစ်သည်။

တဖန် "ကမ္မံ သတ္တေ ဝိဘဇတိ" ဟူ၍ ဟောတော် မူပြန်သည်၊ သတ္တဝါတွေကိုကံက ဝေဘန်နေသည်ဟု ဆိုလိုသည်၊ ကံသာလျှင်

အမိ၊ ကံသာလျှင်အဘ၊ ကံသာလျှင် အားကိုးရာ၊ ကံသာလျှင် အကြောင်းရင်း၊ ကံသာလျှင် အမွေခံ၊ ကံသာလျှင် လဲလျောင်းရာဟူ၍ ဓမ္မပဒ၌ဟောတော်မူသည်။

ထို့ပြင်လူသွားရာ အရိပ် ပါသလို၊ နွားနောက်က လှည်းဘီး ပါသလို အစဉ်လိုက်နေသည်ဟု ဓမ္မပဒ၌ဟောတော်မူသည်။

ဤသို့ဟောတော်မူခြင်းသည် နေယျတ္ထဒေသနာ၊ ဆောင်၍ ဟောတော်မူခြင်းဖြစ်သည်၊ ဤအရာ၌ ကျမ်းဂန်ကိုညှိနှိုင်း၍ ယူတတ်မှသာလျှင် အမှန်အတိုင်း ပေါ်လွင်မည်ဖြစ်သည်။ "ကျမ်းတတ် မခက် ကျမ်းညှိခက်သည်" ဟု ဆိုသည့် အတိုင်း ကျမ်းညှိယူတတ်သော ဆရာသမားများ ရှားလှသည်၊ ဆောင်၍ ဟောတော်မူသောတရားကို တိုက်ရိုက်ယူ၍ အမှန်မရောက်ချေ၊ ဥပမာအားဖြင့်--

မာတရံ ပိတရံဟန္ဒာ၊ ရာဇာနော ဒွေစခတ္တိယေ။
ရဋ္ဌံသာနုဝရံဟန္ဒာ၊ အနိဃော ယာတိဗြဟ္မဏော။

တိုက်ရိုက်အဓိပ္ပါယ်မှာ အမိ-အဘနှစ်ပါးကိုသတ်၍ဂင်း၊ မင်းနှစ်ပါးကိုသတ်၍ဂင်း စသည်ဖြင့်ဖြစ်သည်၊ အယူ အဆ မတတ်ခဲ့သော် အမိ- အဘ သတ်သည့်တိုင်အောင် မဂ်ဖိုလ်ရနိုင်သလို အနောက်နိုင်ငံသူ ပါဠိပါရဂူ ပညာရှိကြီးတဦးက မှားယွင်းစွာ ယူဆရေးသားထားသည်ကိုပင် တွေ့ရဘူးသည်။

မြတ်စွာဘုရားသခင် ဟောတော်မူခဲ့သည်မှာ ကမ္မဿကတ ဥာဏ်နယ်အတွင်း၌နားလည်မှုရရှိစေခြင်းငှာဆောင်၍ ဟောတော်

မူခဲ့ခြင်း ဖြစ်သည်ဟု မှတ်ယူ သင့်ကြပေသည်၊ ဤသို့ဆောင်၍ ယူရမည့်တရားကို တိုက်ရိုက် ယူမိခဲ့ကြသောကြောင့် မြန်မာ ဗုဒ္ဓဘာသာဝင်များသည်ပင်လျှင် ကံကိုအလွန်အမင်း အားကိုး၍ လာခဲ့ကြသည်မှာပုဂံခေတ် ဗုဒ္ဓသာသနာတော် ရောက်ချိန်အခါမှစ၍ ယခုအထိဆိုလျှင် မှားမည်မဟုတ်ချေ။

ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော် ကြီးကဲ့သို့ မြတ်စွာဘုရား၏တပည့် သားတော်ကြီး ပေါ်ထွန်း၍ လာခဲ့သည်မှာလည်း ကံကို အလွန့် အလွန် အားကိုး ခဲ့ကြသော မြန်မာ ဗုဒ္ဓဘာသာဝင်များ၊ ကံစခန်းမှ ဥာဏ်စခန်းသို့ ရောက်အောင်ပို့ ပေးရန်ဖြစ်သည်ဟုဆိုလျှင် လွဲမည်မဟုတ်ချေ။ အဘယ့် ကြောင့် ဆိုသော် ဆရာတော်ကြီးသည် "ကံကံနိဗ္ဗာန်မပို့နိုင်ဘူးဟေ့၊ ဥာဏ်ကသာ နိဗ္ဗာန်ပို့နိုင်သည်" ဟူ၍ရင်း၊ ကံနယ်လွန်ပြီး ဥာဏ်နယ်ရောက်အောင် လုပ်ကြဟူ၍ရင်း၊ မကြာခဏဆုံးမတော် မူသည်။

အလောင်းတော် ဝေဿန္တရာမင်း လက်ထက်ကလူခဲ့တန်းခဲ့တဲ့ ကံတွေဟာ* ဥာဏ်နှင့်သာ မဖြတ်လျှင် အဘယ်မျှလောက်ထိအောင် ကံတွေက အကျိုးပေးဦးမည်လဲဆိုတာ သာမည စဉ်းစားဝေဘန်ပြောဆိုပါက အကျိုးပေးတွေ ကုန်ဆုံးနိုင်မည်မဟုတ်ဟု ဆိုရပေလိမ့်မည်။

ဆိုလိုသည်မှာ ကံကောင်းလေလေ အကျိုးပေးသန်သန် လေလေဖြစ်သည်၊ အကျိုးပေး သန်လေလေ သံသရာ ရှည်လေလေ၊ ပဋိစ္စသမုပ္ပါဒ် အစဉ်တန်းလေလေဖြစ်သည်၊ ဤနေရာ၌ သဘောပေါက်ရန် မျှားစွာအရေးကြီးသည်၊ လူစည်းစိမ်၊ နတ်စည်းစိမ်၊

---

* ဥာဏ်ဆိုသည်မှာ ဝိပဿနာဉာဏ်၊ မဂ်ဥာဏ်၊ ဖိုလ်ဥာဏ်ကိုဆိုသည်။ မဂ်သည် ကံဖြတ်တရားဖြစ်သည်။

တောင့်တ၍ လှူဒါန်း ပေးကမ်း သည်၊ သေသည့် အခြား မဲ့၌ တောင့်တတိုင်း ပြည့်စုံသည်၊ လူစည်းစိမ်၊ နတ်စည်းစိမ်၊ တောင့်တ၍ လှူဒါန်းခြင်းသည် ဘဝ တကာ့နှင့် လှူခြင်း တန်းခြင်း ဖြစ်သည်၊ မေထုန်ငယ် (၇) ပါးတွင် တပါးအပါအဝင် ဖြစ်သည်ဟု အင်္ဂုတ္တိရပါဠိတော်၌ဆိုသည်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီး သည် ကားတဘဝနှင့်ပင် ကိစ္စအပြီး ကယ်တင်လိုသော ပုဂ္ဂိုလ်ကြီးဖြစ်တော်မူသည့်အတိုင်း ပဋိစ္စ သမုပ္ပါဒ်နည်းဖြင့်ဟော၍ ကံဖြတ် တရားကို သာ ဟောပြော ပြသ၍ ကယ်ယူပို့ဆောင်တော်မူခြင်းဖြစ်ရာ။

ကံဆိုသည်မှာ ပါဠိဘာသာ အားဖြင့် "ကမ္မ" ဖြစ်သည်၊ အဓိပ္ပါယ်မှာ ပြုလုပ်ခြင်းဟုဆိုသည်။ကာယကမ္မ၊ ဝစီကမ္မ၊မနောကမ္မ ဖြစ်သည်၊ မြန်မာလိုကံသုံးပါးဖြစ်သည်၊ စေတနာကိုလည်း ကံဟုဟောတော်မူသည်၊ သင်္ခါရကိုလည်း ကံဟု ဟောခဲ့တော်မူသည်၊ စေတနာဆိုသည် စေတသိက်တရားဖြစ်သည်၊"သဗ္ဗေမမ္မာ အနတ္တာ"ဟု ဟောတော် မူသည့်အတိုင်း စေတနာ စေတသိက်တရားသည် ခန္ဓာဖွဲ့လျှင် သင်္ခါရက္ခန္ဓာ ဖြစ်သည်၊ ထိုခန္ဓာသည် ပေါ်ပြီးလျှင် ပျက်ခြင်းသာရှိ၍ လူသွားရာ အရိပ်ပါသလို၊ နွားသွားရာ လှည်းဘီးပါသလိုဟု ဟောတော်မူခြင်းသည် နားလည်မှုကိုငဲ့၍ ဟောတော်မူသော ဥပမာဖြစ်သဖြင့် တိုက်ရိုက်ယူသော် ကံသည် လူနောက်က အရိပ်ပါသလို နွားသွားရာ လှည်းဘီးပါသလိုဟု ယူပါကသဿတဒိဋ္ဌိခိုင်သည်မြဲသည်ဆိုသောအယူဘက်သို့ ယိမ်းယိုင်၍သွားသည်။

တဖန် ကံကို မိမိ၊ သို့မဟုတ် ကိုယ့်ကံဟူ၍ ယူသောကြောင့်လည်း အတ္တနှင့်အတ္တနိယဒိဋ္ဌိ ဖြစ်သွားပြန်သည်။

မြတ်စွာဘုရားသခင်သည် ရုပ်နာမ် ဓမ္မသင်္ခါရတရား မှန်သ၍ အနတ္တဟူ၍ ဟောတော်မူသောကြောင့် ကံလိုက်သည်ဟု ယူလျှင် သဿတဒိဋ္ဌိ၊ ကံမလိုက်ဘူး ပြတ်သွားသည်ဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်။

စင်စစ်အားဖြင့် ကံသည် နာမ်ဓမ္မမျှသာဖြစ်၍ စေတနာပင် ဖြစ်သည်၊ စေတနာသည်လည်း မလိုက်နိုင်၊ ပေါ်လျှင် ပေါ်သည့် နေရာ၌သာလျှင် ချုပ်သည်၊ ပျက်သည်၊ ယင်း၏ အကျိုးတရား ဖြစ်သော ပိပါကသာလျှင် နောက်အကျိုးပေးခွင့်ပေါ်သော အချိန်အခါ၌ လျှောက်ပတ်သော အခွင့်အခါ ရရှိပါက ဝိပါက အဖြစ်ဖြင့် အကျိုးပေးခြင်းဟုသာ ဆိုနိုင်သည်။

ကံကို အလွန် အမင်း အားကိုးပါက ကမ္မဝါဒီ(ဝါ) သဗ္ဗံ ပုဗ္ဗေကတဟေတု ဒိဋ္ဌိ နယ်အတွင်းသို့ သက်ဆင်းမည်ဖြစ်သည်။

ကံနယ် လွန်မြောက်၍ ဥာဏ်နယ် ရောက်ရန်မှာ သစ္စာကို လျော်စွာဆိသော သစ္စာ အနုလောမိကဥာဏ်ကို လက်ကိုင် ပြုရမည်ဖြစ်သည်။ သစ္စာအနုလောမိကဥာဏ်ဆိုသည်မှာ ခဲရာ ခဲဆစ် အထူးတလည် ရှာဖွေနေရမည်မဟုတ်ပါ၊ သစ္စာတခြား၊ အနိစ္စ တခြား မဟုတ်ပါ၊ အနိစ္စသိလျှင် သစ္စာ သိနိုင်သည်။

"သစ္စာအနုလောမိက ဥာဏန္တိ ဝိပဿနာဉာဏံ၊တံဟိ စတုန္နံ သစ္စာနံ အနုလောမတော သစ္စာအနုလောမိက ဥာဏန္တိ ဝုစ္စတိ၊ ဣဒါနိ ပဝတ္တနကာရံ ဒဿေတုံ ရူပံ အနိစ္စံ ဝါ နိစ္စံ ဝါတိ အာဒိမာဟ"....(ဝိတင်း အဋ္ဌကထာ)

ဆိုလိုသည်မှာ သစ္စာအနုလောမိကဉာဏ်ဆိုသည်မှာ ဝိပဿနာဉာဏ်ပင်တည်း။ ဝိပဿနာဉာဏ်သည် အနိစ္စ-စသော လက္ခဏာဉာဏ်ပင်တည်း။ ရုပ်နာမ် ဓမ္မဘရားတို့သည် အနိစ္စ- ဒုက္ခ- အနတ္တပင်တည်း။

သာသနာတော်ဝယ် အထက်တန်း ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျ ဗုဒ္ဓဘာသာဖြစ်ရန်မှာ သစ္စာအနုလောမိကဉာဏ်နယ်အတွင်း ရောက်မှသာလျှင် ဒုက္ခသစ္စာကို ပိုင်ပိုင်ကြီး ထိုးထွင်းသိနိုင်မည်၊ ဒုက္ခသစ္စာကို ပိုင်ပိုင်ကြီး ထိုးထွင်းသိရန်မှာလည်း အနုပေါဉာဏ်နှင့် အထက်တန်းမရောက်သေး၊ ပဋိဒဝဉာဏ်အဆင့်သို့ ရောက်မှသာလျှင် အထက်တန်းရောက်နိုင်မည်။

ပဋိဝေဉာဏ်အဆင့်သို့ ရောက်ရန်မှာလည်း ဝိပဿနာအလုပ်တွင်းသို့ ချဉ်းနင်း ဝင်ရောက်မှသာလျှင် ယင်းအဆင့်သို့ ရောက်နိုင်မည်ဖြစ်သည်၊ မြတ်စွာဘုရားသခင်လက်ဦးဟောတော်မူသော တရားဦးသည် သစ္စာတရားပင်ဖြစ်သည်။

သစ္စာတရားသည် ဗုဒ္ဓဘာသာ သာသနာတော်၌ အလွန်အလွန် အရေးပါသောတရားဟောဖြစ်သည်၊ ထို့ကြောင့် သစ္စာတရားကိုဖြင့် အိမ်းပိုက်ကြပါ၊ အရယူကြပါ၊ လက်ဆုံပြုကြပါ၊ ရှတ်ဆိုနေရမည့်တရားမဟုတ်၊ ခန္ဓာဉာဏ် ရောက်ဖြစ်အောင် အားထုတ်ကြပါဟု တိုက်တွန်းပါကြောင်း....။

ဦးသံဒိုင် (ဥက္ကဋ္ဌ)

မိုး ကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်။

အမှာ် ၃၃- ဆင်းဒွစ်လမ်း

ရန်ကုန်မြို့။

စိတ္တာနုပဿနာ ရှုပွားနည်း

၁။ ပြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်

အပြင်ဖြစ်သည် ၅ ပေါက်

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ ဘွားစိတ် ကောစိတ်

အတွင်းဖြစ်သည် ၆ ပေါက်

၁။ လေကိုဆုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

အိမ်သည်စိတ် ၂ ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊

ဂုဏ်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။

ရှုပုံနည်းစံနစ်မှာ အာမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊ အပြင်ဖြစ်သည်ပေါ်လျှင် အပြင်ဖြစ်သည်ရှု၊ အတွင်းဖြစ်သည်ပေါ်လျှင် အတွင်းဖြစ်သည်ကိုရှုပါ၊ မည်သည့်စိတ်ပေါ်ပေါ်ပေါ်တိုင်းပေါ်တိုင်းမလွှတ်အောင်ရှုပါ။ဖြစ်သည်မပေါ်ပါက အိမ်သည်ကို အမြဲထား၍ရှုပါ။(သတိ)လေကိုဆုတ်သောစိတ်နှင့် သေကိုသွင်းသောစိတ် ဂုဏ်းစိတ်နှစ်ခုကို အရင်းခံထား၍ရှုရမည် ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
ကံကို အတ္တယူသော ရဟန်းတပါး၊ မဟာပုဏ္ဏမသုတ်တော်
အခြေပြုသည့်

နွေအလုပ်ပေးတရားတော်

(၂၁ · ၉ · ၆၁)

မြတ်စွာဘုရားသခင် ကိုယ်းတော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတယ်၊ ရဟန်းငါးရာကို တပါးကခေါင်းဆောင်ပြီး ကြွလာတယ်၊ လပြည့်နေ့ကြီးလဲဖြစ်တယ်၊ လပြည့်နေ့ကြီးဖြစ်နေတော့ ခေါင်းဆောင်က ရဟန္တာ၊ နောက်က ရဟန်းဝေ့က ပုထုဇန် သူ့တပည့်တွေ၊ ဒါနဲ့ဘုရားဆီကို သူက လျှောက်တယ်၊ အရှင်ဘုရား....ပုစ္ဆာကလေးတွေ မေးပါရစေဘုံ့၊ စပြီး သူကလျှောက်တယ်။

အေး...မေးတာပေါ့ကွာ... မင်းနေရာမင်း သွားထိုင်ပြီး မေးတာပေါ့၊ ဒီလို ဘုရားက ခွင့်ပေးလိုက်တော့ သူက သိပြီးသား

မေးတာပါဘဲ အရှင်ဘုရား.... ဥပါဒါနက္ခန္ဓာဆိုတာ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကို ဆိုတာဘဲ မဟုတ်ဘူးလား ဘုရာ့၊ အေး.... ဟုတ်တယ်တဲ့။

ဦ.... ဒီဥပါဒါနက္ခန္ဓာ ဘယ်သူ့ကြောင့် ဖြစ်သတုံးဘုရား.... ဆန္ဒကြောင့် ဖြစ်တယ်ကွာ၊ တဏှာကြောင့် ဖြစ်တာပါကွာလို့ ဘုရားက ဖြေလိုက်တယ်။

ဒါဖြင့်.... ခန္ဓာနဲ့ ဥပါဒါန် ဘာထူးသတုံးတဲ့၊ အို.... ခန္ဓာက တခြား၊ ဥပါဒါန်က တခြားပေါ့ကွာ.... ခန္ဓာစုံမှ ဥပါဒါန်ဖြစ်ပါတယ်။

ဒီလိုဆက်ပြီးမေးရာက နောက်ကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို သူက ဆက်မေးတယ်။

ကထံ ပနဘဒန္တ ဇာနတော ပဿတော အဟံကာရ မမံကာရ မာနာနုသယာနဟာန်တိတဲ့။

အရှင်ဘုရား.... တဲ့၊ ဘယ်လိုသိလို့ ဘယ်လိုမှတ်မှသာလျှင် တဏှာ မာန ဒိဋ္ဌိမဖြစ်မှာလဲတဲ့၊ ဒါကိုမေးလိုက်တယ်။

ခန္ဓာငါးပါးတို့ကို ငါ့ကိုယ် ငါဟာ ငါ့ဥစ္စာမဟုတ်ဘူးလို့ ရှုနိုင်လို့ရှိယင် တဏှာ မာန ဒိဋ္ဌိ သေပါတယ်တဲ့.... (မှန်ပါ့ဘုရား)။

တဏှာ မာန ဒိဋ္ဌိ သေအောင် ရှုနည်းဖြင့် တကာ တကာမတွေ့မှတ်ဘို့ရာက ငါ့ကိုယ်လဲ မဟုတ်အောင်ရှု၊ ငါ့ဟာလဲ မဟုတ်အောင်ရှု၊ ငါ့ဥစ္စာလဲ မဟုတ်အောင်ရှုနိုင်ယင် တဏှာ မာန ဒိဋ္ဌိ သေတာဘဲ... (မှန်ပါ့) သဒ္ဓါကျရဲ့နော်.... (မှန်ပါ့ဘုရား)။

တဏှာ မာန ဒိဋ္ဌိ သေအောင် ဘယ်လို ရှုရမလဲလို့ ဆိုတော့ ခန္ဓာငါးပါးဟာကွာတဲ့ ပစ္စုပ္ပန်ဖြစ်ဖြစ်၊ အတိတ်ဖြစ်ဖြစ်၊ အနာဂတ်ဖြစ်ဖြစ် ခန္ဓာတွေရှိပါတယ်၊ အဲဒီခန္ဓာငါးပါးကို ငါ့ကိုယ်-ငါ့ဟာ- ငါ့ဥစ္စာမဟုတ်အောင် ရှုယင် ပြီးတာဘဲတဲ့.... (မှန်ပါ့) ပါဋ္ဌိလိုတော့- နေတံ မမ နေသော ဟမသ္မိ နမေ သော အတ္တာ ပါဘဲတဲ့၊ ဒါပုဏ္ဏမသုတ်လို့ ခေါ်သည်။

ခန္ဓဝဂ္ဂသံယုတ်မှာလဲ လာတယ်၊ ပဏ္ဏာသမှာလဲ လာတယ်၊ ဒီသုတ်ထပ်နေတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့်....ဒီ တကာ တကာမတွေ တဏှာ မာန ဒိဋ္ဌိသေချင်လို့ ရှိယင် ခန္ဓာငါးပါးတို့ကို ဖြစ်ပျက် မြင်အောင် ရှုပါ .... (မှန်ပါ့) ထိုကဲ့သို့ရှုယင်တော့ဖြင့် ငါ့ကိုယ်-ငါ့ဟာ-ငါ့ဥစ္စာတော့ မရှိပါဘူး....(မှန်ပါ့) သဘောကျပြီနော်....(ကျပါပြီဘုရား)။

ခန္ဓာငါးပါးကို ရှုတဲ့အခါ ငါ့ကိုယ်ငါဟာ ငါ့ဥစ္စာလို့ မစွဲလန်းလို့ ရှိယင် တဏှာ မာန ဒိဋ္ဌိ ပြုတ်တာဘဲကွ၊ ဘုရားက ဟောလိုက်တယ်....(မှန်ပါ့ဘုရား)။

ဟောလိုက်တော့ အဲဒီအထဲမှာ ရဟန်းတပါးက ဗွေဖေါက်လာဘယ်....(မှန်ပါ့) ဘယ်လို ဗွေဖေါက်လာသတုံးလို့ မေးတဲ့အခါမှာ သူက ရဟန်းတွေကို တိုင်ပင်တယ်....

ဣတိကိုရ ဘောရူပံအနတ္တံ၊ဘော-အချင်းတို့....ရူပံ-ရုပ်တရားသည်(ဝါ) ရူပကွန္ဓာသည်၊ဣတိကိုရအနတ္တံ- ဤသို့အကယ်၍ ငါမဟုတ်ခဲ့သည်ရှိသော်၊ ထို့အတူဘဲ ဝေဒနာ သညာ သင်္ခါရ

ဝိညာဏ်လဲ ငါမဟုတ်ခဲ့သည်ရှိသော်၊ အနတ္တကတာနိ- ငါမဟုတ်သဖြင့် ပြုအပ်သော၊ ကမ္မာနိ-ကုသိုလ်ကံ အကုသိုလ်ကံတို့သည်၊ ကမ္မတ္တာနံ-ကံသာလျှင် မိမိဥစ္စာအဖြစ်သို့၊ ဖုသန္တိ-ရောက်ရတော့မှာဘဲ....(မှန်ပါ့) ခန္ဓာငါးပါး အကုန်လုံး အနတ္တလို့ ဘုရားကဟောတော့ ငါ့ရှင်တို့.... ကံကို ကိုယ့်ဥစ္စာလုပ်တာပေါ့တဲ့....(မှန်ပါ့) ဆိုတော့ ဦးမာဒင် ရိပ်မိပြီ- လွှဲကုန်ပြီ....(မှန်ပါ့) ခန္ဓာငါးပါးမှာ ဣတိကိရဘော ရူပံ အနတ္တာ- ဝေဒနာ အနတ္တာ- သညာ အနတ္တာ- သခ်ါရာ အနတ္တာ- ဝိညာဏံ အနတ္တာ- အနတ္တာကဘာနိ ကမ္မာနိ- ကမ္မတ္တာနံ- ဖုသိဿန္တိ- ဒါသူမှတ်တဲ့ဥစ္စာ....(မှန်ပါ့ဘုရား)။

တော-အို အချင်းတို့တဲ့၊ ဒီအယဲမှာ ဗွေဖေါက်တဲ့ရဟန်းက သူ့မိတ်ဆွေတွေကိုခေါ်လိုက်တယ်၊ အစည်းအဝေးဖွင့်လိုက်တယ်-(မှန်ပါ့)ရူပံ-ရူပကွန္ဓာသည်၊ ဣတိကိရအနတ္တာ-ဤသို့ အကယ်၍ ငါမဟုတ်ခဲ့လို့ရှိယင်၊ ရုပ်ဘရား ငါမဟုတ်ခဲ့လို့ရှိယင်၊ (လ) စိတ်တရား ငါမဟုတ်ခဲ့လို့ရှိယင်၊ အနတ္တာကတာနိ- ကံသာလျှင် မိမိဥစ္စာအဖြစ်သို့၊ဖုသိဿန္တိ ရောက်ရတော့မှာဘဲတဲ့....(မှန်ပါ့) ဘာမှ ငါမဟုတ်လို့ရှိယင် ကံကိုဘဲ ဒို့လုပ်ကြစို့တော့တဲ့... ဘုရားက သိဘော်မူတယ်.. (မှန်ပါ့ဘုရား)။

ယံ ဣဒေကစ္စော မောဃပုရိသော အဝိဒ္ဒါ အဝိဇ္ဇာဂတော တဏ္ဍာဓိပတေ ယျေန စေတသာသတ္ထုသာသနံ အတိဓါဝိတဗ္ဗံမညေ။

ငါဟောတဲ့တရားကို လွန်ပြေးပြီဟေ့....တဲ့.... (မှန်ပါ့) ဒီအဓိပ္ပါယ်ဟာ အင်မတန်မှ အရေးကြီးတယ်ဆိုတာ ....(မှန်ပါ့) ဘယ်လိုကြောင့် ဒီလောက် အရေးကြီးတယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဒီအထဲမှာကွာတဲ့ ပညာမရှိတဲ့ရဟန်းတပါး ပါနေတယ်တဲ့... (မှန်ပါ့) အဝိဇ္ဇာဂတောတဲ့.. အဝိဇ္ဇာက သူ့မှာ လွှမ်းမိုးနေတယ်တဲ့.....၊ တဏှာဓိပေးတယျေန- စေတသာ- ဘဝတဏှာက ကြီးစိုးနေတယ်၊ ဘဝလွတ်သွားမှာ သိပ်စိုးရိမ်နေတယ်တဲ့... ၊ သဿတဒိဋ္ဌိတပါး ပါနေတယ်.. (မှန်လှပါဘုရား) သတ္ထုသာသနံ· ငါဘုရားဆုံးမတာကို အကုန်အနှတ်ဆိုတာကို သူက၊ အတိဓါ ဝိတဗ္ဗံ မညေ၊ လွန်ပြီးသကာလ ကံကို ငါယူမှုဟော်မယ်တဲ့.... (မှန်ပါ့)ဒီလိုယူလိုက်တယ်ကွတဲ့ (မှန်ပါ့ဘုရား)။

အဲဒီတော့.... ဒီသုတ်ကို ဘုန်းကြီးက ဒီတကာ တကာမတွေ ထုတ်ဖော်ပြောခြင်းဟာ ခင်ဗျားတို့ အလဲကြီး လဲနေတဲ့ အယူမှားကြီးကို ဖျောက်ချင်လို့ တက်လာတာလို့ မှတ်ပါ (မှန်လှပါဘုရား)။

အို .... ကံအမိုက်အဖဲ့ ငါဥစ္စာဘဲ၊ ဒီလိုယူလေ့ရှိတယ်၊ ဒို့ဗုဒ္ဓဘာသာတွေမှာ(မှန်ပါ့) မယူဘူးလား(ယူပါဘယ်ဘုရား)ကံအမိုက်အဖလူသွားရာအရိပ်ပါသလိုဘဲ၊ကံဘဲ(မှန်ပါ့)"ဆာယာဝအနုပါယိနီး" လို့ မေ့ပဒမှာလဲ ဟောထားတယ် ကမ္မံသတ္တေ ဝိဘဇတိ။ ဟိနပဏီတ ဘာဝါယ နစိန္တာယ သမိဒ္ဓိနောလို့ ဟောထားတဲ့ နေရာတွေလဲရှိတယ်၊ ကံဘဲနောက်ကလိုက်နေတာ

ဘဲ၊ ကံအမိကံအဖဘဲ၊ ကံပြုပြင်သလိုခံဘို့ဘဲ.... (မှန်ပါ့) ကံက နောက်ကမသေဘဲနဲ့ လိုက်နေတယ် ဒီအဓိပ္ပါယ် ယူကြတယ်.... (မှန်ပါ့)မယူကြဘူးလား....(ယူကြပါတယ်ဘုရား)။

အဲဒါတကာကြီး ဦးမာဒင်တို့ကမှတ်ရမယ်၊ အသက်လဲ ကြီး ပါပြီ၊ ဒါက တကာကြီး ဦးမာဒင်က ဝိညာဉ်ချုပ်ပြီး သကာလ နတ်ပြည်ရောက်တယ်၊ လောကီ ဥပမာ ကံကလဲ တခါတည်း နောက်ကလိုက်နေတယ်၊ သူ့နောက်တောင် ရှောက်နေတယ်၊ ဆိုတော့ သဿတဒိဋ္ဌိ သွားဖြစ်တယ်....(မှန်ပါ့) ဘယ်နှယ်တုံး.... (သဿတဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား)။

အားလုံးအနတ္တဘဲ သဗ္ဗေဓမ္မာအနတ္တာ ဆိုတယ်.... (မှန်ပါ့) ဒါလိုက်နိုင်စရာရှိရဲ့လား .... (မရှိပါဘုရား) ဒီတွင်ဘဲချုပ်နေခဲ့ တယ်....(မှန်ပါ့)လူ့ပြည်မှာပြုယင် လူ့ပြည်မှာတွင်ချုပ်ပျောက် ရဘယ်....(မှန်ပါ့ဘုရား)။

ဟာ .... ဘယ်သွားမတုံးကွ ငါ့နောက်က လိုက်မှာပေါ့တဲ့ တကာကြီးတို့ယူဆားတာက....(မှန်ပါ့ ရိပ်မိပလား (ရိပ်မိပါပြီ ဒီလိုဘဲယူဆားပါတယ်ဘုရား)။

ဒိလိုဘဲသွားတော့ အခုကြည့်စမ်း တကာကြီးဟာ လူ့ပြည်က စုတေပြီး နတ်ပြည်သွားတယ်၊ ကံကလိုက်ပြီး စောင့်ရှောက်တယ်၊ ကံပျက်စီးသေးတဲ့အဓိပ္ပါယ်ပါကလား ကံက သဿတခိုင်မြဲတဲ့ အဓိပ္ပါယ်ရောက်နေသလား.... (သဿတခိုင်မြဲတဲ့အဓိပ္ပါယ်ရောက် နေပါတယ်ဘုရား) သူကလိုက်ဆက်နေတယ်... (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘဝတဏှာ ကြီးစိုးတဲ့ပုဂ္ဂိုလ်သာလျှင် ငါ့ဥစ္စာလို့ ယူရတော့မှာဘဲ၊ အလုံးစုံအနတ္တဆိုယင်ဖြင့် ကံဘဲ ငါ့ဥစ္စာ ယူဘို့ဘဲရှိတော့တယ်လို့ ရဟန်းက ကြုံလိုက်တယ် ... (မှန်ပါ့ဘုရား)။

ကြုံလိုက်တော့မှဘုရားကဣဓ-ဤလောကဌ်၊ဧကစ္စော- အချို့သော အဝိဒ္ဒါ- ပညာမရှိသော၊ အဝိဇ္ဇာဂတော- အဝိဇ္ဇာ ဦးစီးသော၊တဏှာဓိပတေယျေန- ဘဝတဏှာသည် ကြီးစိုးရှိနေသော၊ ဘိက္ခု-ရဟန်းသည်၊ အတ်ဓါဝိတဗ္ဗံမညေ- ကံဘဲငါ့ဥစ္စာရှိတော့တယ် နောက်ကလိုက်တာ ကံဘဲရှိတော့တယ်ဆိုပြီး အလွဲယူလိုက်တယ်ကွတဲ့ .. (မှန်ပါ့)သဿတ ဒိဋ္ဌိဘက်ပြေးသွားတယ်... (မှန်ပါ့ဘုရား)။

ဒါကြောင့် တရားဟောပေမဲ့ လိုက်ဟောတဲ့အထဲက ဒိဋ္ဌိပါနေတာကိုမသိလိုက်ဘူး ... (မှန်ပါ့)ဒါကြားရခဲတဲ့တရား ဒီသုတ်က လူတွေ့နဲတယ်... (မှန်ပါ့ဘုရား)။

ဟောထားတာက အချို့နေရာမှာ ဆာယာဝအနုပါယိနီ.... (မှန်ပါ့)ဆာယာဝ အရိပ်ကဲ့သို့ အနုပါယိနီ- အစဉ်တစိုက်လိုက်၏လို့ ဟောထားတယ်... (မှန်ပါ့)စက္ကံ ဝ- ဝဟတောပဒံ-နွားသွားတဲ့နောက်ကို လှည်းဘီးလိုက်တယ်၊ကံလိုက်နေတယ်ပေါ့လေ.... (မှန်ပါ့ဘုရား)။

အဲဒါက မဝေဖန်တတ်လို့ ဝေဖန်ဘို့ရာကြုံသေးတယ်တဲ့ အခုပြောလိုက်တာက....(မှန်ပါ့)နေယျတ္တ ဆောင်ပြီးသိရမှာကို တိုက်ရိုက်ယူပစ်လိုက်တယ်... (မှန်ပါ့) ဩော်.... ကံဟာဒီတွင်ပျက်စီးတာဘဲ၊ ဘယ်လိုက်နိုင်လိမ့်မလဲ... (မှန်ပါ့ဘုရား)။

ဘုရားက ဒီဥစ္စာ အဟောသိက ံဖြစ်မှာစိုးလို့ သူတို့ကိုပေါ်လွင်အောင်လို့ ဟောတဲ့တရား၊ ဆောင်ပြီး သိရမည့် တရား၊ တကယ်တမ်း က ံဒြပ်ကြီးက မလိုက်နိုင်ဘူး (ရှင်းပလား....ရှင်းပါပြီ)။

ဒါများ သောအားဖြင့် အပေါ်ယံနဲ့ ဟောနေကြတာ .... (မှန်ပါ့)အပေါ်ယံနဲ့ ဟောနေကြတာ....(မှန်ပါ့)မင့်ဟာ ဘယ်သွားမတုံး-မင့်နောက်လိုက်မှာပေါ့... (မှန်ပါ့)မဟောဘူးလား (ဟောပါတယ်ဘုရား)နားရည်ဝနေတော့မယ်....(မှန်ပါ့)မဝကြသေးဘူးလား....ဝ-ပါတယ်ဘုရား) အ ံမာလေး ဝတာတွေကအ ံပစ်မှရမယ်....(မှန်ပါ့ဘုရား)။

မဟုတ်ဘူးတဲ့ ဒါဟာ နေယျံတ္တ ဆောင်ဟောထားတာကြည်ညိုဘွယ်လဲဖြစ်အောင်ဟုတ်လား....(မှန်ပါ့) နိတတ္တဆိုလို့ ရှိယင်တိုက်ရိုက်ယူမယ်ဆိုယင် ပြုတဲ့နေရာမှာ ဒီက ံဟာ အနိစ္စရောက်တယ်၊ က ံလဲအနိစ္စတရားဘဲ–(မှန်ပါ့) သခ်ါရတရားကိုး-သဗ္ဗေသခ်ါရာအနိစ္စကိုး... (မှန်ပါ့) သဗ္ဗေသခ်ါရာဒုက္ခ၊ သဗ္ဗေမွာအနတ္တ၊ သူအနတ္တမဟုတ်ဘူးလား....(မှန်ပါ့)က ံကလဲ နောက်တရား မဟုတ်ဘူးလား...(မှန်ပါ့) စေတနာ ဟံဘိက္ခဝေကမ္မ ံဝဒါမိဆိုတော့ စေတနာကို က ံခေါ်ကြတာကိုး....(မှန်ပါ့)ဒါကဘာတရားခေါ်ကြမယ် အတ္တလား၊ အနတ္တလား.... (အနတ္တပါဘုရား)အနတ္တဖြင့် ဒီတွင်ချုပ်ပြီးပျောက်ရမယ်နတ်ပြည်ကိုမလိုက်နိုင်ဘူး-(မှန်ပါ့)ဗြဟ္မာပြည်ကော....(မလိုက်နိုင်ပါဘုရား)မလိုက်နိုင်ဘူး လိုက်ယင် သဿတဒိဋ္ဌိဖြစ်မယ်....(မှန်ပါ့)လိုက်ယင် ဘာ

ဖြစ်မလဲ....(သဿတဒ်ဋ္ဌိဖြစ်သွားပါဘယ်ဘုရား) သဿတဒိဋ္ဌိဖြစ်မယ်တဲ့၊ အဲဒီမတော့ သဿတဒိဋ္ဌိ ဟောနေကြတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)ဘာဟောနေသတုံး.... (သဿတဒိဋ္ဌိဟောနေပါတယ်ဘုရား) ခင်ဗျားတို့ နားလဲ သဿတဒိဋ္ဌိကို ဝဒေနတာဘဲ ... (မှန်ပါ့)ဒါကလေးအားကိုးပြီး သကာယလဲ ရဲရဲတင်းတင်းဘဲ၊ တခါတည်း ယုံယုံကြည်ကြည်လုပ်နေကြတာဘဲ.... (မှန်ပါ့)သဘောပါပလား.... (ပါ-ပါပြီ)။

ရဟန်းကတော့ ဣဘိကိရ ဘောရူပံ အနတ္တံ ဆိုပြီး ညှိလိုက်တယ်၊ ပောဘ အိုအချင်းသို့ ရူပံ ရုပ်ဘဆားသည်၊ဣဘ့ဘ်ကိရအနတ္တံ ဤသို့အကယ်၍ အနတ္တဖြစ်ခဲ့လို့ ရှိယင်(ပ)ဝေဒနာ- ဝေဒနာသံည် သညာ- သညာသည်၊ သင်္ခါရ-သင်္ခါရသည်၊ ဝိညာဏံ- ဝိညာဏ်သည် ဣတိကိရအနတ္တံ ဤသို့အကယ်၍ အနတ္တ ဖြစ်ခဲ့လို့ ရှိယင် ငါ့ဥစ္စာမရှိခဲ့လို့ ရှိယင် အနတ္တကတာနိ၊ ငါမဟုတ်သဖြင့် ပြုအပ်ကုန်သော ငါမဟုတ်ဘဲနဲ့ပြုဆားတယ်၊ ဖေတနာကို ငါမဟုတ်ဘူးချည်းဆိုတယ်....(မှန်ပါ့ဘုရား)။

ကမ္မာနိ ကုသိုလ်အကုသိုလ်ကံတို့သည်၊ ကမ္မတ္တာနံ ကံသည်သာ မိမိဥစ္စာအဖြစ်သို့ ဖုသန္တိရောက်ရကုန်၏- ကံတခုဘဲ အတ္ထိကျန်တယ်၊ ကျန်ဘာဝေါ့ အနတ္တ ဖြစ်ကုန်ပြီတဲ့ .... (မှန်ပါ့ဘုရား)။

ဒီလိုရဟန်းက ယူပစ်လိုက်တယ်၊ ဘုရားကအကုန်အနတ္တဟောလိုက်တော့....(မှန်ပါ့ဘုရား)။

သူက ဒါကလေးတခု အနတ္တယူပစ်လိုက်တယ် .... (မှန်ပါ့) ဒါကလေးမှအားမကိုးရလို့ရှိယှင်လဲ ဘယ်မှာဟိုဘဝခံစားစရာရှိတော့မတုံး....(မှန်ပါ့ဘုရား)။

ဒါ သွားအားကိုးလိုက်တာကိုး... (မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီ) အဲဒီတော့ ငါဘုရားသခင် ကိုယ်တော် မြတ်ကြီး တရား ဟောနေတုံးမှာ ဒီအထဲမှာ ဣဓ- ဤတရား ဟော ရာ ဌာန၌၊ ဧကစ္စော-တယောက်သော အဝိဒ္ဒါ- ပညာ မရှိသော၊ အဝိဇ္ဇာဂတော- အဝိဇ္ဇာကကြီးစိုးနေတယ်တဲ့....(မှန်ပါ့) သူကအနတ္တကိုသဘောမကျဘူး....(မှန်ပါ့) တဏှာဓိပတေယျေန-ဘဝတဏှာကို အင်မတန်နှစ်သက်နေတယ်တဲ့....(မှန်ပါ့ဘုရား)။

ဒီက ကလေးကမှ မလုပ်ပေးလို့ရှိယင် ဒီက ကလေးကမှ နောက်လိုက်မလာလို့ သူက ကောင်းတာ ဆိုးတာမှ- မနေလို့ ရှိယင်ဖြင့် ဘာအားကိုးရမတုံးတဲ့၊ သူကဒီသဘောယူလိုက်တာ.... (မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီ)။

ကဲ ဘယ်လိုရိပ်မိကြသတုံး ခင်ဗျားတို့ရိပ်မိတယ်ဆိုတာ ရှင်းဦးမှကောင်းမယ် .... (မှန်ပါ့)ဘယ်လိုရိပ်မိသတုံး မင်းတို့....(ကံအားကိုး နေပါတယ်ဘုရား)။

ကံကကိုယ့်နောက်လိုက်တယ်... (မှန်ပါ့ဘုရား)ဒါဖြင့်ကံက မပျက်စီးလို့ လိုက်နေတာပေါ့.... (မှန်ပါ့ မပျက်စီးလို့လိုက်သလိုဖြစ်နေပါတယ်ဘုရား) မပျက်စီးယင် ဘာဒိဋ္ဌိ ဖြစ်သတုံး...

(သဿတဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား)အတ္တာဒိဋ္ဌိ သဿတဒိဋ္ဌိ မဖြစ်ဘူး လား(ဖြစ်ပါတယ်ဘုရား)အဲ့သဿတဒိဋ္ဌိယူသွားကြတဲ့ ဥစ္စာ .... (မှန်ပါ့)ရိပ်မိပလား(ရိပ်မိပါပြီ)။

ဒါဖြင့် မြန်မာပြည်မှာ ဘာတွေမျှား၊ မျှားပါလိမ့်မတုံးသာ အကဲခတ်(သဿတဒိဋ္ဌိတွေ့ မျှားနေပါတယ်ဘုရား) ဒါဘုရားကို က ဖေါ်ရဘာ_(မှန်ပါ့)သွားပြီကွ ဒီရဟန်းဟာတဲ့ အဝိဒ္ဒါ (ပ)အတိဓါဝိတဗ္ဗ မည်၊ ဒါဘုရားသာသနာတော်ကို လွန်သွား ပြီတဲ့ အတိဓါဝိဘဗ္ဗ ဖြစ်သွားပြီတဲ့(မှန်ပါ့ဘုရား)။

ကဲ....ရိပ်မိပလား....(မှန်ပါ့)အဲဒါဘယ်နှယ်ကြောင့် ဒီလိုဆိုးမ သွန်သင်ပြီးသကာလ မဖြရှင်းဘဲနဲ့ ရပ်သွားကြပါလိမ့်မလဲလို့ မေးလို့ရှိယင် ထိုဟာက က်သာလျှင်အမိ က်သာလျှင် အဖ "ကမ္မံသတ္တဝိဘင်္ဂတိ" အစရှိသည့်ဟာ"ဆယာဝ အနုံပါယိန်" "စက်က်ဝ-ဝဟတောပဒ" ဥဒါန်းပါဠိ တော်ကျတော့ "ကမ္မုနာဝတ္တာတလောကော" က်သည် သတ္တာ လော ကသို့ လိုက်၏ ဒီလိုကိုဟောထားတယ် ဘုရားက ... (မှန်ပါ) ကမ္မုနာ ဝတ္တာတော ပဇာ ကမ္မနိဗန္ဓနာသတ္တာ-ရထားသွား-သွားတဲ့အခါရဆားနပန်း လုံးပါသလို ပါနေတာကွ၊ ဒီလိုတောင် ဟောလိုက် သေးတယ် ဘုရားက...(မှန်ပါ့ဘုရား)။

အဲဒါနေယျတ္တာနည်း ဆောင်ပြီးသိရမယ်.... (မှန်ပါ့) ဩဒ် ဒီလိုဟောပေမဲ့လဲ က်ကတော့ အနတ္တာဘဲ ဘယ်လိုက်နိုင်လိမ့်မလဲ ဟုတ်သား....(မှန်ပါ့ဘုရား)။

သူ့သတ္တိသူ့ကျေးဇူးမကင်းကြောင်း သိချင် လို့သာ ဒီလို ဟောလိုက်တာ ... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ) တကယ် မလိုက်နိုင်ဘူး....(မှန်ပါ့ဘုရား)။

တကယ်လိုက်နိုင်လို့ ရှိယင် ဘာဒိဋ္ဌိဖြစ်သွားမတုံး... (သဿတ ဒိဋ္ဌိဖြစ်သွားပါတယ်ဘုရား)ဒါမည်တော်လို့ -(မှန်ပါ့)ဒါကြောင့် ငါဘုရားကို စွပ်စွဲတာ ဆောင်ယူရမှာကို တိုက်ရိုက် ယူလိုက်တဲ့ အတွက် ငါဘုရားစွပ်စွဲတာ....(မှန်ပါ့)ဘယ်လောက်ကြောက်စရာ ကောင်းသတုံး....ကောင်းပါတယ်ဘုရား)။

သဘောကျရဲ့လား .... (ကျပါတယ်ဘုရား) ကဲ ဦးမာဒင်တို့ အသက်ကြီးမှ ဒါတွေတွေ့ရလို့ တော်သေးတယ်.... (မှန်ပါတယ် ဘုရား) နို့မဟုတ်ယင် ဘာဒိဋ္ဌိနဲ့သေသွားမတုံး.... (သဿတဒိဋ္ဌိ နဲ့ သေသွားပါတယ်ဘုရား)သဿတဒိဋ္ဌိနဲ့ ဖသရလိမ့်မယ်၊ ရှေးက သေတဲ့လူတွေလဲ သေကုန်ပြီ၊ ဟင်.... သေကုန်ပြီကွ .... (မှန်ပါ့ ဘုရား)။

အခုကြည့် ဝိပဿနာ ဉာဏ်နဲ့ ကြည့်ဦး ခင်ဗျားတို့ ရိုးရိုး ဝိပဿနာနဲ့ကြည့်ဦးတော့ ဘာဖဲ့တုံး က ဟာအတ္တလားအနတ္တ လား....(အနတ္တပါဘုရား)။

ဘယ်လိုက်နိုင်လိမ့်မလဲ (မှန်ပါ့) မဟုတ်ဘူးလား၊ သဗ္ဗေ သင်္ခါရာ အနိစ္စာထဲ သူပါတာဘဲ.... (မှန်ပါ့) သဗ္ဗေ သင်္ခါရာ ဒုက္ခထဲကော.... (ပါပါတယ်ဘုရား) သဗ္ဗေမမ္မာ အနတ္တထဲ ကော.... (ပါ-ပါတယ်ဘုရား) နို့.... ဘယ်လိုက်နိုင်လိမ့်မလဲ.... (မလိုက်နိုင်ပါဘုရား)။

အဲ....မလိုက်နိုင်ဘူးလို့ တိုက်ရိုက်က ဒီလိုသိရမယ်၊ သဘောကျပလား....(မှန်ပါ့)။

လိုက်နိုင်တယ်ဆိုတာက ဝေနေယျ သတ္တဝါတို့ ဥစ္ဆေဒဒိဋ္ဌိဖြစ်သွားမှာစိုးလို့ ဘုရားက ဆောင်ပြီး သကာလ ဩော်.... ပညာဥာဏ်နဲ့တော့ မလိုက်ဘူး ယူပစေ ဟုတ်လား၊ နားလည်ရုံ နေယျတ္တဆောင် ဟောလိုက်တာ၊ ဆောင်ဟောတာကို တိုက်ရိုက် ယူပစ်လိုက်ဘယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဆောင်ဟောတဲ့ဥစ္စာကို တိုက်ရိုက် ယူပစ်လိုက်လို့ ရှိယင် တရားဟောမှားမယ် ... (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား) ဆောင်ပြီးဟောရတဲ့ဥစ္စာကို တိုက်ရိုက် ယူပစ်လိုက်လို့ ရှိယင်....(တရားဟောမှားပါတယ်) တခါ အယူမှားတယ်.... (မှန်ပါ့) မမှားဘူးလား....(မှားပါတယ်ဘုရား) အဲဒါ.... ပြင်မပေးကြဘူး.... (မှန်ပါ့) ဟောတဲ့ ပုဂ္ဂိုလ်ကလဲ ပြင်ပေးဘို့ရာ မလွယ်ကြဘူးလေ.... (မှန်လှပါ မလွယ်ပါဘုရား) နာတဲ့ပုဂ္ဂိုလ်တွေကလဲ သဗ္ဗေ ဓမ္မာ အနတ္တာ....ဟု ပါးစပ်က ရွတ်တော့ နေတာဘဲ၊ သို့ပေမဲ့လို့... (လိုက်တယ်လို့ ယူတာဘဲ) အဲ.... ဟုတ်တယ်- လိုက်တယ်ဘဲ ယူတာဘဲ....(မှန်ပါ့)။

ကဲ.... လိုက်တယ်ယူတော့ ဘုန်းကြီးက အခု ရှင်းပြထားတယ်၊ လိုက်တယ်ယူတော့ သတ္တဝါတွေ နားလည်မှုကို ဆောင်ဟောတဲ့ ဒေသနာတမျိုး၊ တိုက်ရိုက် ဟောတဲ့ တရားတမျိုး.... (မှန်ပါ့ဘုရား) တရားဘယ်နှစ်မျိုးရှိသတုံး.... (နှစ်မျိုးရှိပါတယ်ဘုရား)။

အဲဒီတော့ ဆောင်ဟောတဲ့တရားကို ကျုပ်တို့ တိုက်ရိုက် ယူပစ်လိုက်လို့ရှိယင် ကျုပ်တို့ ဒီဌိ ဖြစ်ရတယ်၊ ဘုရား လဲလို့ မဟုတ်ဘူး....(မှန်ပါ့)။

ဘုရားကလဲ မှာခဲ့တယ်၊ ငါက ဆောင်ဟောတာ မင်းတို့က တိုက်ရိုက်ယူလို့ရှိယင် ငါ့ကို စွပ်စွဲလိမ့်မယ်....တဲ့.... (ဘာမှ မညှိတတ်ပါဘူးဘုရား)။

အဲဒီကျအောင်လဲ မညှိတတ်ဘူးလေ၊ ဒါက အင်္ဂုတ္တိုရ်က လာတာ....(မှန်ပါ့) ဆောင်ဟောတဲ့ဘရား- တိုက်ရိုက်ဟောတဲ့ တရား....(မှန်ပါ့)။

အဲဒီ ဆောင်ဟောတဲ့တရားဟာ ခင်ဗျားတို့က တိုက်ရိုက် လုပ်ပြီး ဟောသူက လိုက်သတဲ့.... (ဒါ-အစွဲအမြဲယူထားပါတယ် ဘုရား)။

ဒါ... အစွဲအမြဲယူလိုက်တယ်၊ ခုနင်က သပ္ပေခမ္မာ အနတ္တာနဲ့ ကျတော့ ဘယ်နှယ်ဖြစ်သွားသတုံး ကန့်လန့်ကြီး.... (ကန့်လန့် ကြီးပါဘုရား)။

ဒါ... တလုံးတည်းဖြောနေတယ်လို့ အရေးတကြီး- ကြီးလို့ ဖြောနေတယ်မှတ်ပါ....(မှန်ပါ့) ဟင်.... (ကြီးပါတယ်ဘုရား) မသိယင် ကြိုးတာပေါ့၊ မသိတာကလဲ နည်းတာ မဟုတ်ဘူး.... (မှန်ပါ့)။

မသိယင် ဒိဌိမကွာဘူး- ဘာဒိဌိဖြစ်နေသတုံး....(သဿတဒိဌိ ဖြစ်နေပါတယ်ဘုရား) အဲ... ဘဝတကျာစွဲလို့သာ သဿတဒိဌိ ဖြစ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) မင်းကော ဘယ်နှယ်တုံး... (ရှင်းပါပြီဘုရား) ဘယ်လို ရှင်းတာတုံး.... (သဿတဒိဌိဖြစ်ပါတယ်ဘုရား)။

ဘုရားက ဘယ်နှစ်နည်းဟောသဘုံး.... (နှစ်နည်း ဟောပါ တယ်ဘုရား) တနည်းက ဘာတုံး....(တနည်းက တိုက်ရိုက်ဟော ပါတယ်ဘုရား) သတ္တဝါတွေ နားလည်မှုကို ဆောင်ဟောတယ် (မှန်ပါ!) တနည်းကတော့ သူ့ဖြစ်စဉ် အမှန်ကို ဟောတယ်... (မှန်ပါ!)။

သဗ္ဗေဓမ္မာ အနတ္တာကျတော့ ဖြစ်စဉ်အမှန်ဟောတယ် ဟုတ် လား_ (မှန်ပါ!) " ဆာယာဝအနုပါယိနီ " အစရှိသည်တို့ကျ တော့ ဆောင်ဟောတာ....(မှန်ပါ!)။

အဲဒီ ဆောင်ဟောတာနဲ့ တိုက်ရိုက် ဟောတာကို မင်းတို့ မည်သို့တတ်လို့ရှိယင် ငါဘုရား စွပ်စွဲလိမ့်မယ်... တဲ့၊ ဘုရားဟော စာ ဟိုနေရာဘမျိုး, သည်နေရာတမျိုး၊ ဒီလို ငါ့ကို မင်းတို့ စွပ်စွဲလိမ့်မယ်... တဲ့၊ ဒါ-မင်းတို့ နားမလည်ဘူး....တဲ့... (မှန်ပါ! ဘုရား)။

ဒါဖြင့် ဟောနေတဲ့ပုဂ္ဂိုလ်တွေမှာ ဒီအတိုင်းလဲ သူတိုက်ရိုက် ယူတော့မယ်ဆိုယင် သူကိုယ်တိုင် သဿတဒိဋ္ဌိ ဖြစ်နေတယ်... (မှန်လှပါ) ဘယ့်နှယ်ဆိုမလဲ.... (ဟောတဲ့ပုဂ္ဂိုလ် သဿတဒိဋ္ဌိ ဖြစ်နေပါတယ်ဘုရား) ဒါ-နာတဲ့ပုဂ္ဂိုလ်ကလဲ ဖြစ်သွားမှာဘဲ.... (ဖြစ်သွားပါတယ်ဘုရား) နာတဲ့ပုဂ္ဂိုလ်က နောက်မှ ဖြစ်တယ်.... (မှန်ပါ!) ဟောတဲ့ပုဂ္ဂိုလ်က ...(အရင်ဖြစ်ပါတယ်ဘုရား) သွား ပြီကော....(မှန်ပါ!) ကြောက်စရာမဟကောင်းလား။

ဒါ့ကြောင့် တဆူးဟောမယ်ကြံလို့ရှိယင် အတော် ခဲယဉ်း တယ်ဆိုတဲ့အဓိပ္ပါယ်ကို မှတ်ချမယ်....(မှန်ပါ!) ဒီ...ဒိဋ္ဌိသုံးမျိုးကို

တခါတည်း 'ထုံးလိုချေ-ရေလိုနှောက်'ပြီးတော့ နိယျတ္တ-နိတတ္တ ကိုလဲ သေသေချာချာခွဲပြီးတော့ကိုမှ ဟောရမယ်တဲ့.... (မှန်ပါ့ ဘုရား)။

ကြည့်လေ... ခုနင်က ရဟန်းမှာ ဘုရားက "ရူပံ အနတ္တံ ဝေဒနာ အနတ္တာ၊ နေတံ မမ နေသောဟမသမိ နမေသော အတ္တာ" ဒါတွေ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ တံခုမှ မဟုတ်ဘူးကွ အနတ္တချည်းဘဲ... (မှန်ပါ့) ဤစေတနာကလေးသည် ငါမဖြစ်စေနဲ့ကွ-တဲ့၊ ဤစေတနာကလေးသည်....(သင်္ခါရက္ခန္ဓာ ပါဘုရား) အတ္တမဟုတ်ဘူးကွ... တဲ့၊ အနတ္တဘဲ....(မှန်ပါ့ဘုရား) အကုန်ဟောလိုက်လို့ ဒါကို ကြားလိုက်တော့မှ သူက ဒိဋ္ဌိ ဝင်လာတာကိုး၊ ဒီတရားနာနေတဲ့ရဟန်းက...(မှန်ပါ့) ဒီလိုဆိုယင် ဘယ်သူမှ အားကိုးစရာမရှိဘူး၊ ကိုယ့်နောက်လိုက်မဲ့ကံဘဲ အား ကိုးရမှာဘဲ၊ သူက ဒီလိုဗွေဖေါက်လာတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဟောရင်းကို ဘုရားက "ယံဣဓေကစ္စော မောဃပုရိသော" မင်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့ပုဂ္ဂိုလ်တယောက် ပါလာပါပြီကွ-တဲ့ ဒီအထဲမှာ....တဲ့၊ အဝိဒ္ဒါတဲ့ ပညာလဲ မပါဘူးကွ. တဲ့ သူ့မှာ၊ ခုနင်က ဗွေဖေါက်တဲ့ရဟန်းမှာ.... (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) 'မောဃပုရိသော'လို့တောင် ဆိုလိုက်တယ်၊ မင်ဖိုလ်မရနိုင်ဘူးတဲ့ ပေါ်ပလား.. (ပေါ်ပါပြီ) ဘာဖြစ်နေလို့ မင်ဖိုလ်မရတာတုံး.. (သဿတဒိဋ္ဌိဖြစ်နေလို့ပါဘုရား)။

ဒိဋ္ဌိ သုံးမျိုးတမျိုးရှိနေယင် ဘယ်ကလာ မင်းတို့ မင်ဖိုလ်ရ ရမှာတုံးကွ၊ ထုံးစံမှမရှိဘဲ.. (မှန်ပါ့) သောတာပတ္တိမင်ရချင်ယင် ဒိဋ္ဌိပယ်နိုင်မှ ရတာကိုး....(မှန်ပါ့) သဿတဥစ္ဆေဒတွေ ပယ်နိုင်မှ

သက္ကာယပယ်နိုင်မှာ ဒါမှရတဲ့ဥစ္စာ သူ့မှာ တရားနာယင်း ဘာ ဖြစ်နေသတုံး....(ဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)ဘာဒိဋ္ဌိတုံး (သဿတ ဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)ဒါ့ကြောင့် မောဃံပုရိသလို့ ဘုရားက ထည့်လိုက်တယ်....မှန်ပါ့ဘုရား)။

ယံ ဣဓေကစ္စော မောဃံပုရိသော၊ မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သော ယောကျ်ားက္ဍ... တဲ့၊ ဟောပုဏ္ဏမသုတ်မှာဟောတယ်၊ ပဏ္ဏာသမှာလဲဟောတယ်၊ ခန္ဓဝဂ္ဂသံယုတ်မှာလဲ ဒီသုတ် ဟော တယ်....(မှန်ပါ့ဘုရား)။

ကဲ... ရှင်းပလား ဦးမာဒင်ရေ....(ရှင်းပါပြီ)ဘယ်လိုရှင်းသွား သတုံး ဩော်... သွယ်ဝိုက်ပြီး ဟောထားတာကိုး ဆောင်ပြီး ဟောထားတာကိုး ဒိုကတိုက်ရိုက်ယူနေတယ်၊ စင်စစ်တော့မလိုက် ဘူး....(မှန်လှပါ)ဆောင်ဟောထားတာကို တိုက်ရိုက်ယူနေတယ် အဲတိုက်ရိုက် ယူမိတဲ့ အတွက် လိုက်တယ် ယူပစ် လိုက်တယ်... (မှန်ပါ့)သဘောပါပလား(ပါ-ပါပြီဘုရား)။

စင်စစ်တော့ ဆောင်ဟောထားတယ်တဲ့ သတ္တဝါတွေ နား လည်အောင် ကြည်ညိုဘွယ်ရှိအောင် ဆောင်ဟောတာ၊ ခင်ဗျား တို့က ဆောင်ဟောတာကို တိုက်ရိုက် ယူပစ်လိုက်တော့ ထိုတိုက် ရိုက်ဆိုလို့ရှိယင် သူကိုယ်တိုင်တိုက်ရိုက်ယူပစ်လိုက်တယ်၊ စင်စစ် ဒါ ဘာတုံးဆိုလို့ရှိယင် နေယျတ္တကို နိတတ္ထ ယူလိုက် လို့ပါ.... (မှန်ပါ့) ဆောင်ဟောတာကို တိုက်ရိုက်ယူပစ်လို့ ဒါကြောင့် ဒိဋ္ဌိဖြစ်သွားတယ် .... (မှန်ပါ့နေယျတ္တကို နိတတ္ထ ယူပါတယ် ဘုရား)။

ဒီနေရာမှာလဲ သူသေသေချာချာဟောတာဘဲ၊ ငါကနေယျတ္တ ဆောင်ဟောထားတာကို မင်းတို့က နိတတ္ထယူလို့ ငါဘုရားကိုတော့ မင်းတို့စွပ်စွဲတော့မှာဘဲတဲ့.... (မှန်ပါ့)ဘုရားကလဲ ဟောထားခဲ့သားဘဲ....(မှန်လှပါဘုရား)။

ဒါကို ဦးမာဒင်က သေသေ ချာချာ မှတ်ရမယ် ဩော်.... ဒီဥစ္စာမသေလို့ တွေ့လိုက်ရသေးလို့ တော်သေးတယ် အောက်မေ့ပေတော့....(မှန်ပါ့-မသေလို့တွေ့ရတာ တော်ပါသေးတယ်ဘုရား) နို့မဟုတ်ယင် သွားပြီ..(မှန်ပါ့ဘုရား)။

နို့....သုဂတိတော့ မရောက်ဘူးလားတော့ မေးလိုက်တယ်၊ ဒီအယူ ယူယင်တော့ သုဂတိတော့မတားမြစ်ပါဘူး၊ မဂ်ဖိုလ်သာတားမြစ်တယ်....(မှန်လှပါဘုရား) ဟုတ်လား....

မောဃပုရိသောဆိုတာတော့ မဂ်ဖိုလ်မှ အချည်းအနှီး ဖြစ်တာသာ ပြောတာပါတဲ့၊ သုဂတိငါမပြောဘူးတဲ့၊ သုဂတိတော့ ရောက်ပါတယ်၊ ခင်ဗျားတို့ယူထားတဲ့ အယူနဲ့ဘဲ တခြားကုသိုလ်တွေရှိယင် ရောက်နိုင်ပါတယ်....(မှန်ပါ့) သို့သော် မဂ်ဖိုလ်တော့ မရနိုင်ဘူး.... (မှန်ပါ့) မဂ်ဖိုလ်တားတဲ့ သဿတဒိဋ္ဌိက ဝင်နေတယ်။

ကဲဒါစကားနည်းနည်းကလေးရယ်၊ အရေးကြီး လိုက်တာက ခင်ဗျားနှယ် အင်မတန်ကြီးနေတယ် .... (မှန်ပါ့) ပေါ်ပလား မင်းတို့....(ပေါ်ပါပြီ)ဘယ်လိုပေါ်သတုံးကွ .... (ဆောင်ဟောတာပါဘုရား)။

အေး....ဆောင်ဟောတာကို မင်းတို့က တိုက်ရိုက်ယူပစ်လိုက်တယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ) ဆောင်ဟော

တာ့ကို တိုက်ရိုက်ယူလိုက်တော့ ဘာဖြစ်သွားသတုံး.... (မှားပြီး သဿတဒိဋ္ဌိဖြစ်သွားပါတယ်ဘုရား)အမှား သဿတဒိဋ္ဌိဖြစ်သွားတယ်၊ ဒိဋ္ဌိဟူသ၍ဟာ အမှားချည့်ဘဲ...(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဩဩ.... တော်တော် အရေးကြီးပါလား ဒီရဟန်းကတရား နာရင်း ဖြစ်လာတာ... (မှန်ပါ့ဘုရား)။

ဣတိကိဉ္စောရူပံ အနတ္တံ ဝေဒနာအနတ္တာ ငါ့ရှင်တို့ အကုန်အနတ္တတဲ့၊ ဘုရားက အဲဒီတော့ ဒို့ဘာအားကိုးမှာတုံးက အဲဒီတော့ ဒို့ပြုထားတဲ့ ကုသိုလ်က အကုသိုလ်ကလေးတော့ ဒို့နောက် လိုက်တော့ မှာဘဲ၊ ဒါအားကိုးရုံ ရှိ တော့ တယ်.... (မှန်ပါ့)သွားပြီ၊ အဲဒီတွင် ဘုရားက ပရစိတ္တဝိဇာန-နအာဘိဉာဏ် နဲ့ ကြည့်လိုက်တော့ ဟ....ဒီရဟန်း သဿတဒိဋ္ဌိ ဖြစ်နေပြီတဲ့.... (မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီ)ခင်ဗျားဘို့အခုမှ ပြုတ်ရမှာ သဘောကျပလား .. (ကျပါပြီဘုရား)။

ကဲ ပြုတ်ပလား သဿတဒိဋ္ဌိ....(ပြုတ်ပါပြီဘုရား) ဘယ်လို ပြုတ်မလဲ....(ဆောင်ဟောထားတာကို တိုက်ရိုက် ယူနေပါဘယ် ဘုရား)။

ကျုပ်တို့သိထားရမှာကဟိုဟာကဆောင်ဟောဘာကျုပ် တို့က သဗ္ဗေဓမ္မာအနတ္တာအတိုင်းဘယ်ဟာမှမလိုက်နှိုင်ဘူး....(မှန်ပါ့)ဒီဘဝရုပ်နာမ်သည် ဟိုဘဝသို့ မလိုက်နှိုင်ဘူး(မှန်ပါ့)ဒီဘဝရုပ်နာမ်ဟာ ဟိုဘာဘယ်မှာလိုက်ရမတုံး....(မလိုက်နှိုင်ပါဘုရား) သူ့လဲနာမ်ထဲက မဟုတ်လား.... (မှန်ပါ့) စေတနာဟာ နာမ်ထဲက....(မှန်ပါ့ဘုရား)။

ဒီဘဝရုပ်နာမ်သည် ဟိုဘဝသို့...(မလိုက်နိုင်ပါဘူးရား) တတို့ တစမလိုက်နိုင်ဘူး၊ လိုက်နိုင်ယင် သဿတဒိဋ္ဌိ.... (မှန်ပါ့)ကဲ.... ဒါနဲ့ရှင်းလိုက်တော့ ပြေမသွားသေးဘူးလား .... (ပြေပါတယ်ဘုရား)။

ကဲဒါဖြင့် တနိုင်ငံလုံးဖြစ်နေတဲ့ဒိဋ္ဌိ- ဒီဒိဋ္ဌိသေးတဲ့ ဒိဋ္ဌိမဟုတ်ဘူး....(မှန်ပါ့)ဒီဒိဋ္ဌိမသေးဘူး၊ကမ္မဿကတညာဏ်ဟာဒါကြောင့် ဒိဋ္ဌိမပယ်နိုင်ဘူးပြောတာ ဒါပြောတာ....(မှန်ပါ့ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါကြောင့် ကမ္မဿကတညာဏ် "အတ္တဒိဋ္ဌိပရာမဿကတ္တာ" ငါလုပ်လို့ငါရကွဲ့ တခါတည်းယူတာဘဲ.... (မှန်ပါ့)အတ္တဒိဋ္ဌိသုံးသပ်တယ် ကြောက်စရာမကောင်းဘူးလား .... (ကောင်းပါတယ်ဘုရား)။

အဲဒီတော့ ဘယ့်နှယ်လုပ်မတုံး ခင်ဗျားတို့ ဒီအယူမှန်ကိုမှန်အောင်ယူ....(မှန်ပါ့)သြော်.. ဘုရားကတော့ဖြင့်လူသွားရာအရိပ်ပါတယ်လို့ ဟောတာဘဲ ကံကို ကံအရိပ်ကလေး ပါတယ် ... (မှန်ပါ့ဘုရား)။

လှည်းသွားရာ နောက်ကဘီးလိုက်သလို နွားသွားရာနောက်ကဘီးလိုက်သလို ဟောထားတာဘဲ၊ ဟောပင်ဟောငြားသော်လဲ ဒါကသတ္တဝါတွေမှာ အဟောသိက ဖြစ်တယ်ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိဖြစ်မှာစိုးလို့ ဟောတော်မူတာ....(မှန်လှပါဘုရား)။

ဒီလိုမှအကြောင်းအကျိုးဆက်အောင် ဟောမထားလို့ရှိယင်လဲ ဥစ္ဆေဒဒိဋ္ဌိမဖြစ်ပေဘူးလော... (ဖြစ်ပါတယ်ဘုရား)အဲဒီတော့

ဥစ္ဆေဒဒိဋ္ဌိဘက် ရောက်သွားမှာစိုးလို့သတ္တဝါတို့နားလည် ကြည်ညိုဘွယ်ရှိအောင်လို့ ဆောင်ပြီး ဟောလိုက်တယ် .... (မှန်ပါ့ဘုရား)။

အဲဒါကို ခင်ဗျားတို့က တိုက်ရိုက်ယူတယ်၊ တကယ်လိုက်တယ်ကွ၊ မလျှော့နိုင်ဘူးဟေ့၊ ဘုရားက ဘယ်နေရာမှာ ဟောထားတယ်တဲ့.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဘုရားကဟောထားတာကိုက ခင်ဗျားတို့က ဘုရားကိုသွားပြီး စွဲချက်မတင်နဲ့ဦး....(မှန်ပါ့)ငါဘုရားကို မင်းတို့စွပ်စွဲလိမ့်မယ်ဆိုဘာ သိတယ်တဲ့ ငါက သွယ်ဝိုက် ဟောထားတာ မင်းတို့က တိုက်ရိုက်ယူယင် စွပ်စွဲတော့မှာဘဲတဲ့ ...(မှန်ပါ့) သူကလဲအဖြေသိပြီးသား.... (ပါပြီးသားပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင်တို့လဲ လူဒါန်းပေးကမ်းနေတာက နောက်က တကာတကာမတွေလဲ လူဒါန်း ပေး ကမ်း နေကြ တာ ဘဲ ဩော်.... လိုက်တော့မလိုက်ဘူး၊ လိုက်နိုင်တဲ့ တရားလဲ မရှိဘူး မဟုတ်လား . (မှန်လှပါဘုရား)။

ဒါဖြင့် မလိုက်လို့ရှိယင် အကျိုး မပေးရ တော့ ဘူးလား— (မှန်ပါ့) ဒီတွင်ဘဲ ပြတ်နေရစ်သလား၊ မေးတို့ မလိုဘူးလား— (လိုပါတယ်ဘုရား)။

လိုတော့ ဒါ အဖြေတလုံးတည်း ခင်ဗျားတို့ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီလိုလုပ်ပါ....အနန္တရပစ္စယော-ဒါက အကြောင်းတရား၊ ဒါကအကျိုးတရား၊ ဒီက အစိမ်းကလေး အလုပ်လုပ်လိုက်တဲ့အခါကျတော့ ဒီမှာ အစိမ်းပေါ်တယ်....(မှန်ပါ့)မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒီက နာမ်ရုပ်နဲ့ လုပ်လိုက်လို့ ဒီဘက်မှာ.... (နာမ်ရုပ်ပေါ်ပါတယ်ဘုရား) အတူပေါ်လာတာသာ ရှိတယ်တဲ့၊ ဒီကဟာ ချုပ်တော့ အကုန်ချုပ်တာဘဲ....(မှန်ပါဘုရား)။

ဒီမှာ အလားတူပေါ်တာဘဲ.... (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား) ဘယ်လိုပေါ်သတုံး... (အလားတူပေါ်ပါတယ်ဘုရား)။

အဲဒါ အကျိုးပေးတယ်လို့ ဆိုတာဘဲ....(မှန်ပါ) ဒီက တတို့ တစ်ခုမလိုက်ဘူး....(မှန်ပါ) ဒီပြုတဲ့နာမ်ရုပ်ဟာ အလားတူ ဒီဘက်မှာ နိဗ္ဗာန်မရသေးယင် နာမ်ရုပ်ပေါ်တယ်....(မှန်ပါ) ပါဠိတော်က ဘယ်နှယ်ရှိသတုံးဆိုတော့ "အနန္တရနိရုဒ္ဓါ စိတ္တ စေတသိကာဓမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော....တဲ့

အနန္တရနိရုဒ္ဓါ-ဒီမှာချုပ်သွားပြီကွ...တဲ့၊ နိရုဒ္ဓါဆိုတာ စိတ္တစေတသိကာမှာ-အနန္တရပစ္စည်းလဲ ဟုတ်ပ"တယ်...တဲ့၊ အကျိုးတော့ ပေးမှာဘဲတဲ့၊ သို့သော်.... နိရုဒ္ဓါပါနေတယ်၊ ချုပ်သွားပြီကွတဲ့၊ ဘယ်သူတုံးဆိုတော့ စိတ္တစေတသိကာမှာ- စိတ်စေတသိက်တဲ့....(မှန်ပါဘုရား)။

ဒီမှာချုပ်သွားပြီတဲ့၊ မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား) အကြောင်းတရားက ချုပ်သွားပြီဘဲ့....

ပဋ္ဌပ္ပန္နာနံတဲ့....အလားတူဖြစ်၍ ပေါ်ကုန်သောဘဲ့၊ အလားတူပေါ်တာကို ဆိုတာဘဲ....(မှန်ပါ) ဒီက တတို့တစ လိုက်တာမဟုတ်ဘူးကွ-တဲ့....(မှန်ပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား.... အလားတူထပ်ပေါ်တာပါဘုရား)။

အလားတူပေါ်လာတာ.... ဒီက နာမ်ရုပ်ချုပ်ပြီးတော့ ဒီမှာ နာမ်ရုပ် အလားတူပေါ်လာတာ... (မှန်ပါ့ဘုရား)။

ဒါကိုအကျိုးပေးတယ်ဆိုတာပါတဲ့၊ သို့သော် ဒီကနိဂ္ဂါတဲ့၊ အကုန်ချုပ်သွားပြီ....တဲ့၊ အလားတူပေါ်တယ်လို့ယူမှ သဿတ မပါတော့မပေါ့....နို့မဟုတ် သဿတဖပါပေဘူးလား...(ပါနေပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ... ကိုယ်တော်တို့ကော သဘောကျရဲ့လား၊ ဒါကို သဘောမကျလို့ရှိယင် တရားဟောယင်း ကိုယ်ပါ ဒီဋ္ဌဖြစ်နေတယ်.... (မှန်ပါ့ဘုရား)။

သူမျှားပါးစပ်ထဲ သွားပြီးမထည့်နဲ့....ခင်းဗျားလုပ် ခင်ဗျား ရမှာဘဲ.... ခင်ဗျားနောက်ကဟာခံတဲ့ ခင်ဗျားလုပ်ထားတာ ခင်ဗျားနောက် လိုက်မှာပေါ့.... ဆိုလို့ရှိယင် သဿတဒီဋ္ဌိ တွင်တွင် ဟောချလိုက်တာ....(မှန်ပါ့ဘုရား)။

ကြောက်စရာသိပ်ကောင်းတာ၊ မကောင်းဘူးလား(ကောင်းပါတယ်ဘုရား)ကဲ....ဒါဖြင့် ကိုယ်တော်တို့အားလုံးရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်လိုပေါ်တာတုံး....တဲ့၊ အကြောင်းနဲ့အကျိုးဟာ (အလားတူ ထပ်ပေါ်တာပါဘုရား) ဒီအကြောင်းကြောင့်.... (အကျိုး အလားတူပေါ်ပါတယ်ဘုရား)။

အဲ....အကြောင်းကတော့ အကုန်ချုပ်....(မှန်ပါ့) ရုပ်ရော-နာမ်ရောဘဲ... (မှန်ပါ့) အနန္တရနိဂ္ဂါ-အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသောတဲ့.... (မှန်ပါ့ဘုရား)။

ပဋ္ဌပ္ပန္နဝန်- မိမိနဲ့ အလားတူဖြစ်၍ ပေါ် ကုန် သော၊ စိတ္တစေတသိကာနံ- စိတ်စေတသိက်တရားတို့ဘဲ လာတယ်၊ အလားတူပေါ် လာတာကို ဆိုတာကွာ....ဒီက တတိုတစ မလိုက်ဘူးတဲ့၊ ချုပ်ကုန်သောပါနေတယ်၊ ဘုရားဟောထားတာ (မှန်ပါ့) ရှင်းပလား.....(ရှင်းပါပြီဘုရား)။

ဒီလိုမည်သို့တတ်လို့ရှိယင် သွားရော၊ သဿတဒိဋ္ဌိ... (မှန်ပါ့) ကြောက်စရာကြီးပါလား.....(ကြောက်စရာကြီးပါဘုရား) ဟင်.... (မသိလို့သာ မကြောက်တာကိုးဘုရား- သိယင် ကြောက်စရာကြီးဘဲဘုရား)။

နို့.....ကြောက်စရာကလဲ ဘုန်းကြီးက ပြောရတာက တခြားကြောင့်မဟုတ်ဘူး....ဒီဥစ္စာက ဒီအတိုင်းဆို ခက်ချေရဲ့၊ ခက်နေတာဘဲ.....(မှန်ပါ့ဘုရား)။

ဘယ်လောက်ကြီးလို့...ဒါက ဆင်လောက်ကြီးနေနေ အယူအဆမတတ်ယင် ခက်နေတာဘဲ.....(မှန်ပါ့) ရှင်းပသား.....(ရှင်းပါပြီဘုရား)။

ကဲ.... ဒါဖြင့် အခု နှစ်ချက်အဖြေထွက်လိုက်တယ်.... ဒီနေ့-ဆောင်ယူရမှာကို တိုက်ရိုက်ယူလို့ မှားဘယ်.... (မှန်ပါ့) ဒီမှာသေသေချာချာ အကိုးအကားပြလိုက်တော့ ဒီက စိတ်စေတသိက်ဟာ ဒီတွင်ချုပ်ပါတယ်၊ နောက် နတ်ပြည်ပေါ် တဲ့ စိတ်စေတသိက်ရုပ်ဟာ အဲဒါက အလားတူပေါ် လာတာ.... (မှန်ပါ့. အလားတူ ပေါ် ပါတယ်ဘုရား)။

ဒါဘဲရှိတာဘဲ... ဒီကနေ အကုန်ချုပ်နေတယ်....(မှန်ပါ့) ဒီတော့ လိုက်သေးရဲ့လား.... (မလိုက်ပါဘုရား) ဒီအကြောင်းကြောင့် အလားတူပေါ် တယ်။

ဒီလိုတွင်ယူရမယ်....(မှန်ပါ့) "ဆာယာဝအနုပါယိနီ" ဆိုတာ ငါဆောင်ဟော့ထားတာ....(မှန်ပါ့)"စက္ကံ ဝ- ဝဟ တောပဒံ" ဆိုတာလဲ ဆောင်ဟောထားတာ၊ တိုက်ရိုက်ဟောထားတဲ့ အဘိ့ ဓမ္မာကို ယူဘဲ့... (မှန်ပါ့ဘုရား)။

ရှင်းပလား....(ရှင်းပါပြီဘုရား) ပေါ်ပြီနော်....(ပေါ်ပါပြီ ဘုရား) ကဲ....ဒါဖြင့် ဒိဋ္ဌိပြုတ်ပြီခင်ဗျားတို့...(မှန်ပါ့) မပြုတ် သေးဘူးလား...(ပြုတ်ပါပြီဘုရား)။

ကဲ...ပြုတ်ယင် ဒီနေ့ ဒီဘွင်တော်ကြဦးစို့....။

သာဓု....သာဓု.. သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မဂ်လာတိုက်၌ ဟောကြား ဆုံးမတော်မူသော
မဟာပဏ္ဏမသုတ်ခတော် (၂)
"ကေစ္ဆသဿတနှည်းဖြင့် ဆက်ဟောပုံ"
နွေအလှပန်းတရားတော်
(၂၂ - ၉ - ၆၁)

မဟာပဏ္ဏမသုတ်ကိုဘဲ ထပ်ပြောမယ်၊ အဲဒါက အခြားကြောင့် ပြောရတာမဟုတ်ဘူး လူတိုင်း အမှားကြီး မှားနေလို့ ပြောရတာ... (မှန်ပါ့ဘုရား) လူတိုင်း အမှားကြီး မှားနေတယ်၊ သာမညဆရာနဲ့ တွေ့လို့ ၌ယင် ရကိုမရဘူး....(မှန်ပါ့)မရဘူး ဒီဥစ္စာ ပေ့ဖေါက်တာဘဲ၊ အဲဒါ နည်းနည်းထပ်ပြီးပြောမှလို့ (မှန်ပါ့ဘုရား)။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကြီး သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံး နေတယ်လို့မှတ်ရမယ်၊ သီတင်းသုံးနေတော့ ရဟန်းပေါင်း ငါးရာကို ခေါင်းဆောင်ပုဂ္ဂိုလ်ကြီး တပါးနဲ့ လာကြတယ်။

ဒီရဟန်းက သူ့နောက်ပါ ရဟန်းတွေကို ဆုံးမသွန်သင် ထားတာတွေက အမှန်ချည်းဆုံးမသွန်သင်ထားတယ်၊သို့သော်လဲ

ဂုဏ်ရှိတဲ့လူနဲ့ ဂုဏ်မရှိတဲ့လူ နည်းနည်းကွာနေတယ်၊ သူက ဘုရား၏ တပည့်သား၊ ဘုရားလောင်းတော့ ဘေးကပုဂ္ဂိုလ် တွေက အယုံအကြည်မရှိမှာ စိုးတဲ့အတွက် ဒီရဟန်းတွေပါ ခေါ်လာပြီးတော့ ဘုရား ရှေ့ တော်မှာဘဲ သူဟောထားတဲ့ တရားတွေမှန်ကြောင်း ဘုရားကို သက်သေထူပြီးတော့ ပြော ချင်လို့ ဟောတဲ့တရား... (မှန်ပါဘုရား)။

ကောင်းပြီ ဒါနဲ့ဘဲ ရဟန်းကမေးလိုက်တယ်၊ အရှင်ဘုရား... ဥပါဒါနက္ခန္ဓာဆိုတာ ဘယ်ဟာလဲတဲ့၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ကွေကိုဘဲ ဆိုပါ သလား မေးလိုက်တယ်၊ သိပြီးသား မေးတာပါဘဲ... (မှန်ပါ) မေးလိုက်တဲ့ အခါကျတော့ သူက ဖြေပြီးသားမို့, ဘုရားက ဟုတ်တယ်ကွလို့ ထောက်ခံချက် ပေးလိုက်တော့ နောက်က ရဟန်းတွေက ယုံပါဘယ်....(မှန်ပါဘုရား)။

ဒီ ဥပါဒါနက္ခန္ဓာဟာ ဘယ်သူ့ကြောင့် ဖြစ်ပါသတုံး ဘုရား....တဲ့၊ ဆက်မေးပြန်ဘယ်....(မှန်ပါ) ဆက်မေးပြန်တော့လဲ ဆန္ဒကြောင့် ဖြစ်တယ်ကွဲ့၊ ခန္ဓာလို့ချင်မှု ဆန္ဒကြောင့် (ဝါ) ခန္ဓာလို့ချင်မှု တဏှာကြောင့် နောက်ခန္ဓာ ပြန်ရတာဘဲ... (မှန်ပါဘုရား)။

ဒါ မှတ်ထားကြပါ (မှန်ပါ) ခန္ဓာရတဲ့ ပုဂ္ဂိုလ်မျှားမှာ ဘာကြောင့် ဒီခန္ဓာ ပြန်ရ ပါလိမ့်မတုံးလို့ အမေးပုစ္ဆာထုတ်ခဲ့သော် ခန္ဓာလို့ချင်တဲ့ တဏှာဝမ်းထဲမှာ မသေလို့ နောက်ခန္ဓာ ရတယ်လို့ မှတ်ကြပါ....(မှန်ပါဘုရား)။

ခန္ဓာရှုတဲ့ပုဂ္ဂိုလ်မျိုး ဘယ်နှယ်ကြောင့် ရပါလိမ့်(ဝမ်းထဲမှာ တဏှာမသေ·သေးလို့ပါဘုရား) ဝမ်းထဲမှာ တဏှာမသဘူး.... (မှန်ပါဘုရား)။

ခန္ဓာကိုရချင်တဲ့ စိတ် ကြောင့် လဲ ရတယ်လို့မှတ်ကြပါ.... (မှန်ပါ)ရချင်တဲ့စိတ် မရှိလို့ရှိယင် မရပါဘူး....(မှန်ပါဘုရား) ရချင်တဲ့စိတ်ကိုချုပ်အောင် နဂိုကလုပ်ထားလို့ရှိယင် ဦးမာဒင်တို့ ဆရာဝန်ကြီးတို့ ခန္ဓာနောက်ဆပ်မရဘူး....(မှန်ပါ)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဥပါဒါန်နဲ့ခန္ဓာဟာ အတူတူဘဲလားဘုရား....တခြား စီဘဲလား၊ ဆက်မေးပြန်တယ်... (မှန်ပါ) ဟာ.. ဥပါဒါန်နဲ့ ခန္ဓာနဲ့ဟာ တခြားစီပေါ့.... ခန္ဓာက ခန္ဓာငါးပါး၊ ဥပါဒါန်က ခန္ဓာငါးပါးကိုစွဲတဲ့ တဏှာတရား....(မှန်ပါဘုရား)။

ဒါဖြင့် ရှင်းပါပြီဘုရား....ဘေးကရဟန်းတော် ကြားလောက် အောင် သူကမေးလိုက်တယ်၊ ဒီခန္ဓာကြီး ချုပ်ငြိမ်း ရုပ်သိမ်း အောင် ဒီခန္ဓာကြီးဟာ တဏှာ မာန ဒိဋ္ဌကြောင့် ဖြစ်ပါတဲ့.... ဒီခန္ဓာကြီးကို ချုပ်ငြိမ်း ရုပ်သိမ်းအောင် ဒီတဏှာမာနကြောင့် ဖြစ်တဲ့ ခန္ဓာကြီးဟာ တဏှာမာနချုပ်ငြိမ်းရုပ်သိမ်းအောင် ဘယ့် နှယ်လုပ်ရမှာတုံး... တဲ့၊ ဒါဆက်မေးပြန်တယ်... (မှန်ပါဘုရား)

ကွာ....တဲ့၊ ဒီဥစ္စာ မင်းမှတ်ထားတာပေါ့....တဲ့၊ ရုပ်တရားလဲ အနတ္တ၊ ဝေဒနာတရားလဲ အနတ္တ၊ ငါ့ကိုယ် ငါဟာ ငါ့ဥစ္စာ မဟုတ်ပါဘူး၊ သညာလဲ အနတ္တ၊ သင်္ခါရလဲ အနတ္တ၊ ဝိညာဏ်လဲ

အနတ္တ၊ ခန္ဓာငါးပါးဟူသ၍ကဲ့ဘာ.... အနတ္တချည်းပါဘဲ ဆိုပြီး သကာလ ဟောလိုက်ပါတယ်၊ ဟောလိုက်တော့ ဦးမာဒင်သိတဲ့ အတိုင်း တရားကတော့ မှန်နေပြီ....(မှန်ပါ့ဘုရား)။

သို့သော်... ဒီအထဲမှာ ရဟန်းတပါး ပေ့ါဖေါက်လာတယ်လို့ မှတ်ကြရမယ်....(မှန်ပါ့) ရတန်းတပါး ဘယ်လို ပေ့ါဖေါက်လာသတုံးလို့ မေးတဲ့အခါကျတော့မှ ခန္ဓာငါးပါးမှာ တပါးပါးမှ အားကိုးစရာမရှိတော့ဘူး၊ အဲဒီတော့ နောက်ဘဝလိုက်တဲ့တရား ဆိုတာ ဘယ်မှာရှိနိုင်တော့မတုံး....(မှန်ပါ့ဘုရား)။

အဲဒီတော့.... ကံသည် သွားရာကို လိုက်တယ်လို့ ဘုရားက ဟောထားတယ်၊ဒီကံဘဲအားကိုးမှာဘဲ ဒါပေ၊်လာတယ်(မှန်ပါ့) ကံဘဲအားကိုးမှာဘဲလို့ ဦးထွန်းမွေးကြီးပေ၊်လာတယ်.... (မှန်ပါ့ဘုရား)။

ကံက သွားရာလိုက်တယ်လို့ သူက အယူရှိတယ်...(မှန်ပါ့) ကံက သွားရာလိုက်တယ်လို့ အယူရှိတော့ကို....ဘာမှ အားကိုးရာမရှိဘူး၊ ဘုရားဟောတော်မူတာ ကံဘဲအားကိုးရမှာဘဲ။

ကံကမှ သွားရာနောက်လိုက်မှာ.... ဒါမှ နောက်ဘဝ အကူအညီပေးမှာဆိုတော့ ဦးမာဒင်- ဒါမှန်သလား၊ လွဲသလားလို့ မေးယင်....(လွဲပါတယ်ဘုရား) လွဲပြီ-(မှန်ပါ့ဘုရား)။

အားလုံး တကာတကာမတွေ့....ဒီဥစ္စာကဉ်ကို သေးသေးသိမ်သိမ်နားနဲ့ ထောင်လို့ မရဘူး....(မရပါဘုရား) မရဘူး... တဲ့၊

ဒီဥစ္စာက အစဲ့ကလဲ့ကြီးတယ်၊ အလဲ့ကလဲ့ကြီးတယ်....(မှန်ပါ့) အစဲ့ကလဲ့....(အစဲ့ကလဲ့ကြီး-အလဲ့ကလဲ့ကြီးပါတယ်ဘုရား)။

ဘယ်ကောင်းနိုင်ပါလိမ့်မတုံး....(မှန်ပါ့)အစဲ့ကလဲ့ကြီး အလဲ့ကလဲ့ကြီးဖြစ်ပါတယ်....တဲ့၊အစဲ့ကလဲ အခုဆရာဝန်ကြီးတို့ဖြစ်စေ၊ ဦးထွန်းမွေးတို့ဖြစ်စေ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ဒါနတွေ၊ ဟင်....ဒါကိုယ့်ဘို့ဘဲကွာ....ဒါမှ ကိုယ့်နောက်ပါမှာ... (မှန်ပါ့) နောက်ကပါမှာပေါ့....(မှန်ပါ့ဘုရား)။

ပြုထားတဲ့စေတနာကံကလေးတွေကလဲ ဘာတဲ့တုံး(နောက်ကပါမှာပါဘုရား) အင်း....ခင်ဗျားတို့နောက်ကလဲ ဒီကံကလေးကလိုက်လျက်... (ဒီလိုယူခဲ့တာ မှားပါတယ်ဘုရား)။

ဒီကံကလေးက နောက်က လိုက်လျက်လို့ ဦးထွန်းမွေးကြီးတို့လဲ ယူထားတာဘဲ... (မှန်ပါ့) ဒီတရားမနာခင်ကပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

နောက်က တကာတကာမေတ္တာဆိုတာဒီတာ့ ပြောဘို့မရှိပါဘူး....(မှန်ပါ့)ဒီကံကလေးနောက်က လိုက်မှာဘဲဆိုပြီး သကာလ ဒီအယူကို ဘယ်နည်းနဲ့မှ သူသည် စွန့်ပါဆိုရမှာလဲ...ဘယ်နည်းကြောင့် စွန့်ရမှာတုံးဆိုတာလဲ သူ့မှာ နည်းမရှိဘူး.... (မှန်ပါ့) မစွန့်ပါနဲ့လို့ မဆိုသော်လဲ ဆိုဘိသကဲ့သို့ စွန့်လိုက်လို့ရှိယင်လဲ သူ ဒီအလုပ်ကို ဒါနသီလကလေးတောင် လုပ်တော့မှာ မဟုတ်တော့ဘူး....(မှန်ပါ့ဘုရား)။

စွန့်လိုက်ပြန်ယင်လဲ.... ဒီကံကလေးနောက်က မလိုက်ဘူးလို့ ပြောလိုက်ပြန်ယင်လဲ ဒါနသီလကလေးတောင် မလုပ်တော့ဘူး

(မှန်ပါ့) ဒါကလေးမှ တပည့်ခံတော်တို့နာက်ပါ့မှာကိုး.... နှုတ်ကိုက တက်လာတယ်....(မှန်ပါ့)မစာက်ကြဘူးလား.... (တက်ကြပါတယ်ဘုရား)။

ဘာတုံး....(နှုတ်တက်ပါတယ်ဘုရား) ဒီဥစ္စာဘဲ၊ ဒီကံ့ကလေးဘဲ၊ ကောင်းတာလုပ် ကောင်းကျိုးပေးမယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်....(မှန်ပါ့) သူဘဲ ကိုယ့်ကို လဲယင် ထူပေးမှာဘဲ....(မှန်ပါ့ဘုရား)။

အမေမိဘသင်တာနောက်က လိုက်နေတာ....(မှန်ပါ့) ကံအမိကံအဖလို့ ဘုရားကလဲ အချို့နေရာမှာ ဟောလိုက်တယ်၊ကံအမိကံအဖက္ခ....တဲ့၊ မင်းတို့လဲယင် သူထူဘို့ဘဲ....ဆိုတော့ ဦးမာဒင်တို့လူစု ဒီအသင့်အတင့်နားလည်ဘဲ့ ပုဂ္ဂိုလ်တွေက ဘယ်အဓိပ္ပါယ်ယူလိုက်သတုံးဆိုတော့ နောက်က အမြဲကိုစောင့်ရှောက်နေတာဘဲ (မှန်ပါ့ဘုရား)။

နောက်က ဘယ်လိုဆိုပါသိမ့်.... (အမြဲကို စောင့်ရှောက်နေပါတယ်ဘုရား) အမြဲကို စောင့်ရှောက်နေတယ်လို့ တခါတည်းယူလိုက်တယ်....(မှန်ပါ့) အမြဲကို စောင့်ရှောက်နေတယ်လို့ ယူလိုက်ဘဲ့အတွက် သွားချင်တဲ့ဆီ သွားက၊ သူ့နောက်ကပါတာဘဲ (မှန်ပါ့ဘုရား)။

ဆိုတော့....ဒါက ဦးမာဒင်ကြီးပေါ့ဗျာ... သံသဆုခရီးသည် ဦးမာဒင်ကြီး ဟုတ်သား.... (မှန်လှပါ) နောက်က ကုသိုလ်ကံအကုသိုလ်ကံကလေးနှစ်ခုက တခါတည်း နောက်က နေဘာ

ကလေး လဲသွားမှာစိုးလို့ ရှိယင် သူထူပေးမယ်... (မှန်ပါ့) တိမ်း သွားမယ်ဆိုယင် သူတည့်ပေးမယ်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့စိတ်ထဲမှာ သူတို့နှစ်ခုက နောက်ကလိုက်နေတယ်တဲ့ (မှန်ပါ့) ဆရာဝန်ကြီးတို့တတွေလဲ ယူမှာဘဲ... (မှန်ပါ့) မယူကြဘူးလား....(ယူပါတယ်ဘုရား)။

ယူထားတော့ ဒီကံကလေးဟာ ဘယ်တုန်းက ပြုထားတဲ့ ကံတုန်းလို့ ဦးမာဒင်ကို ကျုပ်တို့မေးချင်တယ်.... (မှန်ပါ့) အို.... နောက်ဘဝတွေ့ကပေါ့ဘုရား.... ဒါဘဲ ဖြေမှာဘဲ.... (မှန်ပါ့) ဘယ်နှယ်ဖြေကြမယ်(နောက်ဘဝတွေ့က ပြုထားတာပါဘုရား)။

သူကတော့ဖြင့် နောက်ဘဝတွေ့က ပြုထားခြားသေးလဲ... ဒီဦးမာဒင်ကြီးသွားရာ မောင်ချစ်စိန် ဘာဖြစ်နေသတုံး.... (လိုက်နေပါတယ်ဘုရား) လိုက်နေတယ်၊ သူက ဒါဖြင့် နိဗ္ဗာန်ပေါ့.... (မှန်ပါ့) သူက ဘာဖြစ်နေသတုံး....(နိဗ္ဗာန်ဖြစ်နေပါတယ်ဘုရား) နိဗ္ဗာန်ဖြစ်နေတယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အချို့သာအနိစ္စ၊စေတနာကံက နိဗ္ဗာန်(မှန်ပါ့)ကျန်တဲ့ စေတနာကံမှတပါး ခန္ဓာတွေ့က အနိစ္စ....(မှန်ပါ့) ဒီလို ယူပစ်လိုက်တဲ့....(မှန်ပါ့)အဓိပ္ပါယ်က ဒီမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

သွားပြီ... ဒါကေစ္စသဆေတဒိဋ္ဌဖြစ်သွားတယ်... (မှန်ပါ့) ဒါမနေ့ကမဟောရလို့....(မှန်ပါ့ဘုရား) မနေ့က မဟောခဲ့ရဘူး.... (မှန်ပါ့-မဟောခဲ့ပါဘုရား) ကေစ္စသဆေတဒိဋ္ဌိ၊ သူက တင်္ကသာအနိစ္စ၊ တခုက အနိစ္စမဟုတ်ဘူး.... (မဟုတ်ပါဘုရား) ကံကအနိစ္စမဟုတ်ဘူး၊ ကျန်တဲ့ရုပ်နာမ်ကတော့.... (အနိစ္စပါဘုရား)။

သူကတော့ ဒီဘဝကဟာ ဒီဘဝ ပြုတ်ခဲ့ဘယ် ဒီဟာအသစ်ဖြစ်တာ.... (မှန်ပါ့)ကျန်တဲ့ရုပ်နာမ်ကတော့အနိစ္စ .... (မှန်ပါ့) ကံကတော့....(နိစ္စယူထားပါတယ်ဘုရား)။

ဒါကေစ္စသဿတဒိဋ္ဌိ၊ ကေစ္စဆိုတာက ကေက-တခု၊ တစိတ်တဒေသကတော့ခိုင်ဘယ်၊တစိတ်တဒေသက မခိုင်ဘူး...(မှန်ပါ) ဒါ့ကြောင့် ကေစ္စသဿတဒိဋ္ဌိဖြစ်တယ်....(မှန်ပါ့ဘုရား)။

ဒါတွေကို ဆရာဘုန်းကြီးက ခင်ဗျားတို့ကို စောစောစီးစီးက ရှင်းမပေးဘူးဆိုရင် ခင်ဗျားတို့ဒီအတိုင်းဖြစ်နေမှာဘဲ....(မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ပြန်ရှင်းပေးပါတယ် အားလုံး တကာတကာမတွေ ခင်ဗျားတို့မသေလို့ကြားရတယ်အောက်မေ့ပါဒီတရားကို (မှန်လှပါ) မသေလို့ကြားရတာ နို့မဟုတ်ယင် သိကိုမသိဘူး... (မှန်ပါ့) ကံကလေးကတော့ လူသွားရာအရိပ်ပါတယ်တဲ့၊ ခင်ဗျားတို့ ယူထားတာက၊ ဒါကလူဆိုပါတော့ မပါဘူးလား...(ပါ-ပါတယ်ဘုရား)ဒီအတိုင်းကော မယူဘူးလား... (ယူပါတယ်ဘုရား)။

ယူထားတော့ သို့သော်ကိုယ်နားလည်ထားတာကဒါဘဝများစွာက ပြုစုထားတဲ့ကံကလေးကလဲ နောက်က တခါတည်း ဥပပဇ္ဇဝေဒနိယကံတို့ အပရာပရိယဝေဒနိယကံတို့ပေါ့ဗျာ သူကလိုက်နေတယ်တဲ့...(မှန်ပါ့ဘုရား)။

စေတနာမှတပါး ကျန်ခန္ဓာတွေကတော့ ဒီဘဝ အလောင်းမြုပ်ခဲ့တယ်၊ သူမလိုက်ဘူး နောက်ဘဝ အသစ်ပြန်ပြီး ပေါ်ပြန်တယ် ... (မှန်ပါ့) သူကတော့ဖြင့်အနိစ္စမို့ ဒီဘက်အနိစ္စတရား၊ ဒီဘက်သခ်ါရတရား...(မှန်ပါ့ဘုရား)။

သူကကိုက်တယ်၊ ဟောဒါကလေးနှစ်ခုက မကိုက်ဘဲဖြစ်နေတယ် .. (မှုန်ပါ့)ပေါ်ပသား....(ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဒီကံကလေးနှစ်ခုက မကိုက်သတုံးဆိုတော့ "ဆာယာဝအနုပါယိုနီ" ဆာယာဝ၊အရိပ်ကဲ့သို့၊အနုပါ့ယိုနီ၊အစဉ်တစိုက်လိုက်သည်၊ ဟောတိုဖြစ်၏။ ဓမ္မပဒပါဠိဒီဥစ္စာ .. (မှုန်ပါ့) "စက္ကံဝ·ဝဟတောဝဒ" နွားသွားတဲ့ဆီမှာ နောက်ကဘီးလိုက်နေတယ်....(မှုန်ပါ့ဘုရား)။

နွားကသာသွား ဘီးကတော့လိုက်တာဘဲ.... (မှုန်ပါ့) အဲ.... ဒီကံကလေးက နွားနဲ့တူတယ်၊ ခန္ဓာနောက်ကို အမြဲ လိုက်နေတယ်၊ ဒါကိုဟောထားတာဘဲ....(မှုန်ပါ့ဘုရား)။

ဒါဘယ်သူဟောသတုံးလို့ ဖေးလို့ရှိယင် ဘုရားဟောတာဘဲ၊ ဓမ္မပဒပါဠိတော်ကိုး ဝတ္ထုသက်သေသာဓကနဲ့ ကျယ်နေမှာစိုးလို့ အခုဒီမှာမဟောပါဘူး လိုရင်းကလေးဘဲ ဖြေလိုက်တယ်....(မှုန်ပါ့ဘုရား)။

ကိုင်းဒါဖြင့် ဦးမာဒင်ကြီးတို့၊ ဆရာဝန်ကြီးတို့၊ ဦးထွန်းမွေးတို့၊ ကျွန်ုပ်ခန္ဓာကတော့ကို ဒီဘဝသေမြုပ်ခဲ့ နောက်အသစ်ဖြစ်၊ ဟောဒီကံကတော့ ဘယ်တော့မှ သူကအသေမရှိဘူး၊ သူကနောက်က ဒီလူသွားရာလိုက်နေတယ်တဲ့... (မှုန်ပါ့ဘုရား)။

မယူဘူးလား၊ ယူသလား....(ယူပါတယ်ဘုရား) အဲဒီတော့ တချို့သာပျက်၍၊တချို့မပျက်၊ ခင်ဗျားတို့ယူပြီ....(မှုန်ပါ့)အခု ဒေသေ ချာချာ ဖြေတော့ ဒီအတိုင်း မရောက် ဘူးလား.... (ရောက်ပါတယ်ဘုရား)။

တချို့တော့ပျက်ပါတယ်-(ပျက်ပါတယ်ဘုရား)ဒီကံကဘော့ (မပျက်ပါဘုရား)ဒီခန္ဓာကတော့... (ပျက်ပါတယ်ဘုရား)ဒီဘက် မြုပ်ခဲ့တယ်၊ ဒီဘက်အသစ်၊ မြုပ်ခဲ့တာကအနိစ္စ၊ အသစ်ပေါ် တာကသခ်ါရ၊ သူတော့ဖြင့် အနိစ္စလဲမရှိဘူးနိစ္စလို့ယူတယ် .... (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင်ကြီးတို့ ဒီလိုယူထားလို့ရှိယင် ဦးမာဒင်ကြီး ဟာ ဘုရားတကာကျောင်းတကာဆိုပေမဲ့ ဒီဌိဋ္ဌိကြီး ဆိုရဘော့ မှာဘဲ....(မှန်ပါ့ဘုရား)။

သဘောက ဒီအယူကို သေသေ ချာချာ ဆိုက်သွားတယ်.... (မှန်ပါ့)သဘောကဆိုက်သွားတယ်၊ ကိုယ့်စိတ်ထဲလဲ မဖြုတ်နိုင်ဘူး၊ ဦးထွန်းမွှေးဖြုတ်နိုင်ပါ့မလား....(မဖြုတ်နိုင်ပါဘုရား)။

ကိုယ့်ဉာဏ်နဲ့ဖော့ဖြင့် ဆရာဝန်ကြီးဖြုတ်ဘို့ အားတော်ဓား သွားပြီ.... (မှန်ပါ့)ဒီလိုဘဲဆရာသမားများက ဟောထားတယ်။ ဒီလိုဘဲ ကိုယ်လဲထင်တယ်....(မှန်ပါ့ဘုရား)။

မထင်ဘူးလား၊ ထင်သလား.... (ထင်ပါတယ်ဘုရား) ဒီသို ဆိုတော့မှ သြော်....ကြောက်စရာကြီးပါလား၊ ဟောဒါကတော့ အနိစ္စ၊ ဒီဘက်တရားတွေကတော့ စောနာ၊ နာမ်ခမ္မတွေက နိစ္စ....(မှန်ပါနိစ္စလို့ယူပါတယ်ဘုရား) ဒီကစောတနာမှာပါး ခန္ဓာတွေကတော့....(အနိစ္စပါဘုရား)။

ဘုရားဟောထားတာကဘော့ နှစ်ခုစလုံးအနိစ္စ.... (မှန်ပါ့) ခင်ဗျားတို့ယူထားတာကတပိုင်း အနိစ္စ၊ရှင်းပလား၊ (ရှင်းပါပြီ)

ဩော်...တော်တော်ကြောက်စရာ ကောင်းနေတာ ဆရာဝန်ကြီး က အခုမှစပြီး နာရလို့ တော်တော် ကြောက်စရာ ကောင်းနေ တာ....(မှန်ပါ့)ရှင်းပလား....ရှင်းပါပြီဘုရား)။

ဘုရားကလဲ တခုသောဒိဋ္ဌိရှိနေလို့ ရှိယင် နိဗ္ဗာန်မရဘူးကွတဲ့.... (မှန်ပါ့)ဥာဏ်ထဲမှာ မရှင်းလို့ ရှိယင် ဘာလုပ်နေနေမရနိုင်ဘူး (မှန်ပါ့ဘုရား)။

သဘောပါပလား (ပါ-ပါပြီ)တခုသောတရားနိစ္စဒိဋ္ဌိ ခံနေ ယင်.... (နိဗ္ဗာန်မရနိုင်ပါဘုရား) မရနိုင်ဘူး၊ သူသဿတဒိဋ္ဌိ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒေတနာပေါ်မှာ (သဿတဒိဋ္ဌိပါဘုရား) သဿတဒိဋ္ဌိဖြစ် နေတယ်ဆိုတော့ ဦးထွန်းမွေးတို့ကြောက်စရာကြီးဘဲ.... (မှန်ပါ့) ဒါကဘာသာခြားအနေဖြင့် ဖြစ်တဲ့ဒိဋ္ဌိမဟုတ်ပါဘူး၊ ဗုဒ္ဓဘာသာ ဝင်တွေမှာ ဖြစ်နေတဲ့ဒိဋ္ဌိပါ....(မှန်ပါ့ဘုရား)။

ဘာသာခြားဒိဋ္ဌိကတော့ သူ့ကိုဖဲထီး အိုးမဲသုတ် ငြားသော် လဲ မထူလို့ မပြောတော့ပါဘူး၊ ဒါကဗုဒ္ဓဘာသာတွေမှာ အဖြူ ပေါ်မှာ အမဲကွက်ထင်နေတာ.... (မှန်လှပါ) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

(အဖြူပေါ်မှာ အမဲကွက်ကျန်နေတာပါဘုရား) အမဲကွက် ကျန်နေတဲ့ဒိဋ္ဌိ.... (မှန်ပါ့) သို့သော်သူကော နိဗ္ဗာန်ရမှာလားတဲ့ ဒီအယူမစွန့်လို့ ရှိယင်... (မရပါဘုရား)။

ကဉ္ဇိသခ်ါရံ နိစ္စတောသမနုပဿန္တော အနုလောမခန္တိ ယာသမန္နာဂတော ဘဝိဿတိ နေတံဌာနံဝိဇ္ဇတိ။

အဂ်ုတ္ထိုရ်ပါဠိတော်မှာ တခုသော သခ်ါရ တရားကို (၀၇) တခုခုနိစ္စထင်နေလို့ ရှိယင်ဘယ်တော့မှ နိဗ္ဗာန်မရဘူးလို့ ငါဟော တယ်တဲ့....(မှန်ပါ့) ဒါဘုရားဟောတာတိုက်ရိုက်ဘဲ .... (မှန်ပါ့ ဘုရား)။

ကဲ....ဆရာဝန်ကြီးရိပ်မိပလား....(ရိပ်မိပါပြီ)ဒါခင်ဗျားတို့မှာ ဒီအတိုင်း အခုပြောတဲ့ အထင်ရှိမရှိကိုလဲ အကဲခတ်ပါ.... (ရှိပါ တယ်ဘုရား)။

ဦးထွန်းမွေးကြီးမရှိဘူးလား.... (ရှိပါတယ်ဘုရား) သွားရာ လိုက်နေတာဘဲ...(မှန်ပါ့) ဘယ့်နှယ်ထင်ကြသတုံး.... (သွားရာ လိုက်နေပါတယ်ဘုရား)။

ခင်ဗျားတို့ တကာ တကာမတွေ ကံတွေဟာ သွားရာ လိုက် နေကြသလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ... (မပြောတတ် ပါဘုရား) မပြောဘတ်ပါဘူး၊ တပည့်တော်တို့မှာတော့ ကိုယ်က စုံလုံးကန်းဘဲ၊ တောင်ဝှေးဆွဲရာ လိုက်ရမှာပါဘဲ... မဟုတ်ဘူး လား....(မှန်ပါဘုရား)။

အဲဒီတော့ ဒါစုံလုံးကန်းပေမဲ့လဲ ဘုန်းကြီးတို့ အထူး အပြစ် မတင်ပါဘူး၊ တောင်ဝှေးဆွဲကောင်းဘို့ သိပ်အရေးကြီးပါတယ် (မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ... (တောင်ဝှေးဆွဲကောင်းဘို့ သိပ် အရေးကြီးပါတယ်ဘုရား) သူဆွဲရာတော့ လိုက်ရတော့မှာဘဲ.... သူက နဂိုရ်က အန္ဓပုထုဇဉ်ကိုး... (မှန်ပါ့ဘုရား)။

အန္ဓက ကန်းတယ်၊ ပုထုဇဉ်က ပုထုဇဉ်၊ ကိလေသာ ပေါ်တယ်—(မှန်ပါ့) ကိလေသာပေါ်တဲ့အကန်း ပုထုဇဉ်ကို တောင်ဝှေးဆဲ့ညှံသွားလို့ ရှိယင် သွားပြီ၊ ဂျောက်ကျပြီ...(မှန်ပါ့)မကျပေကူးလား... (ကျပါတယ်ဘုရား)။

တောင်ဝှေးဆဲ့ကလဲ သူက တဖက်တွင်မြင်တာကိုး....(မှန်ပါ့) တဖက်ခလုတ်တော့ သူမြင်တယ်၊ တဖက်ခလုတ် သူမမြင်ဘူး....(မှန်ပါ့) ဒါကမှသကတ ဉာဏ်ကခလေး ဟောတာတော့ သူသိတယ်၊ သက္ကာယဒိဋ္ဌိဖြုတ်နည်း-နိဿဉ်းကို သူမသိဘူး(မှန်ပါ့) မသိတော့ သူ တခလုတ်မှာတော့ လွတ်သွားတယ်၊ ဟိုခလုတ်တိုက်ပြီးလဲတာဘဲ... (မှန်ပါ့ဘုရား)။

ဒါဖြင့် သာမညနှားနဲ့ မထောင်နဲ့ဆိုတာမျှား ပေါ်ပလားခင်ဗျားတို့....(ပေါ်ပါပြီဘုရား) သာမညနှားနဲ့သာထောင်လို့ ရှိယင် ဒီဗာဓိပပါယ်ကို ဆရာဝန်ကြီးတို့-ဦးမာဒင်တို့- ဦးထွန်းမွေးတို့ ရကို မရဘူး....(မှန်ပါ့ဘုရား)။

ဒီအတိုင်းနဲ့ သေရမယ်၊သေတဲ့ပုဂ္ဂိုလ်က အလောင်းပေါင်းလဲမရေတွက်နိုင်ဘူး.... (မှန်ပါ့) ရေတွက်နိုင်ကြပါ့မလား....(မရေတွက်နိုင်ပါဘုရား) ဒီလိုသေသွားတဲ့ပုဂ္ဂိုလ်တွေလေ....(မရေတွက်နိုင်ပါဘုရား) ဒီအတိုင်းလိုက်ပါတယ်၊ဒါ့ကြောင့် တပည့်တော်တို့သေမှာမျှား မကြောက်ပါဘူးတဲ့(မှန်ပါ့) ဘာဖြစ်လို့ မကြောက်သတုံး၊ မကြောက်ပုံ ပြောစမ်းပါဦး.... အို....တပည့်ခဗျာ်တို့ ပြုထားတာတွေက နေရစ်မှာမှမဟုတ်ဘဲ...ဟောဒီအတိုင်း လာတာဘဲ ဟင်... (မှန်လှပါဘုရား)။

နေရစ်မှာမဟုတ်ဘူး__တဲ့၊ ဘာပြောနေတာတုံး၊ ဒါကလေးနှစ်ခုပြောနေတာ.... (မှန်ပါ့- ပြုထားတဲ့ကံ ပြောတာပါဘုရား) ဒါကလေးလိုက်မယ်တဲ့....(မှန်ပါ့-အစဲ့ရှိပါတယ်ဘုရား)။

အစဲ့ကလဲ့ ခင်ဗျားတို့ သာမညအစဲ့မဟုတ်ဘဲ ဒီဌိစဲ့ (မှန်ပါ့) တပိုင်း ဒီဌိ၊ ဒီဟာကတော့ ပျက်စီးတယ်၊ ခန္ဓာကပျက်စီးတယ်၊ ကျန်ခန္ဓာပျက်စီးတယ်၊ ဟောဒီ စေတနာခန္ဓာ မပျက်စီးဘူး.... ဒါ့ကြောင့် ကေစ္ဆသဏတဒိဌိ (မှန်ပါ့ဘုရား)။

ကေစ္ဆဆိုတာ တစိတ်၊ သဏဟဆိုတာက မြဲဲ့ဒိဌိ၊ တစိတ် မြဲနေတယ်လို့ ယူတာ....(မှန်ပါ့ဘုရား)။

ကဲ....ဦးမာဒင် ဒီဥစ္စာ လည်လည်ပေါ်ပယ်နဲ့ ဝမ်းထဲမှာရှင်းပေးလိုက်လို့ရှိယင်လဲ ကွာထွက်သွားတာဘဲ.... (မှန်ပါ့) ဒီလိုမှရှင်းမပေးဘဲနဲ့ ထုံးစံအတိုင်းဘဲ မိဘရိုးရာနဲ့ သေသွားကြမယ်ဆိုလို့ရှိယင် ဆရာဝန်ကြီး ဒိဌိအဖြစ်နဲ့ သေသွားတာ.... (မှန်ပါ့ဘုရား)။

ကေစ္ဆသဏတဒိဌိအဖြစ်နဲ့ သေသွားတယ်.... (မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ....(ကေစ္ဆ သဏတ ဒိဌိအဖြစ်နဲ့ သေသွားပါတယ်ဘုရား)သိပ်ကြောက်စရာကောင်းပါလား... မနေ့ကတော့ သဏဒိဌိပြောတယ်....(မှန်ပါ့) ဒီနေ့တော့ ကေစ္ဆဆိုတာ ဒီနှစ်ခုခွဲပြီး ပြောတယ်....(မှန်ပါ့) ပေါပလား....(ပေါပါပြီဘုရား)။

ဒါကြောင့် ဒီအထဲသွင်းလိုက်တဲ့ဇာတ်ကြောင်းဟာ မတူဘူး

(မှန်ပါ့) မနေ့က သဿတဒိဋ္ဌိတလုံးတည်း အရေးတကြီးပြောတယ်၊ ခင်ဗျားတို့မှာ ဒါကလေး ပါနေသေးတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီနေ့တော့ တပိုင်း ဒိဋ္ဌိ၊ တချို့မြဲတယ်၊ တချို့ မမြဲဘူး၊ ယူတဲ့ဒိဋ္ဌိ.... (မှန်လှပါ) ခန္ဓာငါးပါးပေမဲ့ တချို့က မြဲတယ်၊ တချို့က မမြဲဘူး၊ ဘယ်ဘုရား ဟောဘူးသတုံး ခင်ဗျားတို့.... (ဘယ်ဘုရားမှ မဟောခဲ့ပါဘုရား) ဘယ်ဘုရား ဟောဘူးသတုံးမေးယင် ဘယ့်နှယ်ပြောမတုံး-ဟင်.... ဖြစရာရှိကြရဲ့လား (မဟောပါဘုရား)။

သို့သော် ခင်ဗျားတို့အယူကတော့....(ယူထားတာရှိပါတယ်) ကြောက်စရာကြီးပါလား....(မှန်ပါ့) ဒါဖြင့်....

ကဉ္စိသင်္ခါရံ နိစ္စတော သမနုပဿနာ အနုလောမိကာယ ခန္တိယာ သမန္နာဂတော ဘဝိဿတိတိ နေတံ ဋ္ဌာနံဝိဇ္ဇတိ၊ အနုလောမိကာယခန္တိယာအသမန္နာဂတော သမ္မတ္တ-နိယာမံ သြက္ကမိဿတိတိ နေတံ ဋ္ဌာနံ ဝိဇ္ဇတိ၊ သမ္မတ္တနိယာမံ အနောက္ကမ မာနော သောတာပတ္တိဖလံဝါ သကဒါဂါမိဖလံဝါ အနာဂါမိဖလံဝါ အရဟတ္တံဝါ သစ္ဆိကရိဿတိတိ နေတံ ဋ္ဌာနံ ဝိဇ္ဇတိ။

တခုသောသင်္ခါရကို နိစ္စယူထားလို့ရှိယင် သစ္စအနုလောမိကဉာဏ်တောင် မရဘူးကွ....တဲ့၊ သစ္စအနုလောမိကဉာဏ်မှ မရလို့

ရှိယင် သောတာပန် သကဒါဂါမ်- အနာဂါမ်ဖြစ်သိမ့်မယ်၊ ငါဘယ်တော့မှ မဟောဘူးတဲ့....(မှန်ပါ့ဘုရား)။

ဒါပါဠိတော်သက်သက်ဘဲ၊ အဂုံတို့ရှိပါဠိတော်မှာကြည့်ကြ (မှန်ပါ့) ကဲ ဘယ်လောက် ကြောက်စရာ ကောင်းသတုံး... (ကောင်းပါတယ်ဘုရား)။

ကဲ... ဒါဖြင့် ကုသိုလ်မရဘူးလားဆိုတော့ ရတယ်၊ နိဗ္ဗာန် ရမလားလို့ မေးလိုက်ယင်တော့....(မရပါဘုရား) ဒါကဲ့သ ဲ့သားတာပါတဲ့၊ ကုသိုလ်မခုဘူး ဟောဘာမဟုတ်ပါဘူး(မှန်ပါ့) မဖေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ကုသိုလ်တော့....(ရပါတယ်ဘုရား) နိဗ္ဗာန်တော့(နိဗ္ဗာန်တော့ မရပါဘုရား) ကေစ္စသဿ ဒိဋ္ဌိသာလိုက်ဘယ်.... (မှန်ပါ့) မဖေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့်.... ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အကြိမ် ပေါင်းများစွာ ဟော-ဆုံးမကောင်းရှာ....(မှန်ပါ့)ဘုရားဖြစ်တာ (၄၅)ဝါ မှာသိုက်တာက(၁၇၉၂)ကြိမ်၊ ဆုံးမကောင်းရှာနော် ဆုံးမကောင်းရှာ၊(၁၇၉၂)ကြိမ်တိုင်တိုင် သံယုတ်ရော၊ အဂုံတို့ရှိ ရော၊ ပဏ္ဏာသဆောပေါင်းလို့ ရှိယင် (မှန်ပါ့) သဘောကျပါသား (ကျပါပြီဘုရား)။

ဘယ်နှစ်ကြိမ်တုံး....(၁၇၉၂-ကြိမ်ပါဘုရား) ဘာအရှာခိုင်း သတုံး(ဆုံးမကောင်း အရှာခိုင်းပါတယ်ဘုရား) အဲ....ဟုတ်တိုင်း မှန်စွာသိဘဲ့ဆုံးမကို ရှာရစ်ပါ။ မင်းတို့တဲ့....(မှန်ပါ့ဘုရား)။

မှာသင့်-မမှာသင့်လဲ အကဲခတ်ဦး.... (မှာသင့်ပါတယ်ဘုရား) ကိုယ်ကိုယ်တိုင် ဘာဖြစ်နေလို့တုံး.... (ဒိဋ္ဌိဖြစ်လို့ ဖြစ်မှန်းမသိ ဖြစ်နေပါတယ်ဘုရား) ဩော်....တယ်ကြောက်စရာ ကောင်းပါ လားဆိုတာ ပေါ်လာတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ခုနင်က ရဟန်းကလဲ ဒါကို သူ ဒိဋ္ဌိဖြစ်နေတာ.... (မှန်ပါ့) တရားနာယင်းမတ္တန့် ဘုရားက တရားဟောနေတယ် သံဃာ ငါးရာကို...(မှန်ပါ့) ဘုရားက အကုန်အနတ္တတွေ လာနေပြီ.... (မှန်ပါ့)။

"ယုံ ဣဓေကစ္စော မောဃပုရိသော အဝိဒ္ဒါ အဝိဇ္ဇာဂတော တဏ္ဍာဓိပတေယျေန စေတသာ သတ္ထုသာသနံ အတိဓာဝိတဗ္ဗံ မညေယျ" ဆိုပြီး ဘုရားက ဟောလိုက်တယ်၊ ငါ- အခု တရား ဟောနေတုံးမှာ ရဟန်းတပါး ပါတယ်ကွ....တဲ့၊ အလုံးစုံ ငါက အနတ္တလို့ ဟောပါလျက်သားနဲ့ အနတ္တဖြစ်နေလို့ ရှိယင် အား ကိုး မရှိဘူး၊ ကိုယ့်နောက် လိုက်တဲ့ကံကိုဘဲ အားကိုး မယ်လို့ ပြောင်းသွားပြီကွ..တဲ့၊ ကံပေါ်မှာ သဿတဒိဋ္ဌိယူသွားပြီ..တဲ့ (မှန်ပါ့)။

ကဲ...ပေါ်သွားပြီ....(မှန်ပါ့) ဘုရားကိုက တရားပွဲမှာ ထုတ် ချတာ၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲဒါ တကာကြီးတို့လိုလူစားကိုမဆိုပါနဲ့...တဲ့၊ ဘုရားလက် ထက်ကတည်းကိုက အားကိုးစရာ မရှိ- အားကိုးရှာတဲ့ ရဟန်း တပါးတွေတယ်၊ ဟုတ်လား...(မှန်ပါ့)။

ဣဓေကစ္စော မောဃပုရိသော= မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သော ယောကျ်ား...တဲ့....(မှန်ပါ့) အဝိဒ္ဒါ=ပညာမပါဘူးကွတဲ့သူ့မှာ၊ အဝိဇ္ဇာဂတော...တဲ့၊ အဝိဇ္ဇာက ဦးစီးနေရှာတယ်-တဲ့-(မှန်ပါ့) တဏှာဓိပတေယျန=တဏှာကလဲ အကြီးအမှူးလုပ်ပြီးတော့ ဘဝတဏှာ ကြီးစိုးနေတယ်...တဲ့...(မှန်ပါ့ဘုရား) သတ္ထုသာသနံ အတိဓါဝိတဗ္ဗံ= ငါဘုရား အဆုံးအမကြီးကို သူလွန်သွားပြီ....တဲ့.... (မှန်ပါ့) ငါက အကုန်အနတ္တလို့ ဟောပါလျက်သားနဲ့ ဒါတခုကို သူ အတ္တလို့ ယူပြီး အားကိုးပစ်လိုက်တယ်၊ လွန်သွားပြီ...တဲ့....(မှန်ပါ့) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီကိုယ်တော့ အယူ-ယူမလား ဘုရား... ပယ်တာကိုဘဲ အတည်ပြုရမှာလားဆိုတော့... (ဘုရားပယ်တာကို အတည်ပြုရပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် ကျုပ်တို့မကျပ်းတကာ ဒိဋ္ဌိ, ဘုရားတကာဒိဋ္ဌိ,ဖြစ်နေတာ၊ မယူတတ်လို့နော်... (မှန်ပါ့)။

ကဲ... ဒါဖြင့် ယူတတ်အောင်လဲ ဟောပါတော့မယ်....တဲ့၊ ဒီနေ့ အဓိကထားပြောတာက ကေစ္စသဿတဒိဋ္ဌိကို သိစေချင်လို့ ဒါထပ်ပြောတာ....(မှန်ပါ့) မနေ့က သဿတဒိဋ္ဌိကို အဓိကပြောခဲ့တယ်.... (မှန်ပါ့) မဟုတ်ဘူးလား· သူက လူသွားရာ အရိပ်ပါပြီး လိုက်နေသလို သူတခုတည်း ဒိဋ္ဌိပြောတာ....(မှန်ပါ့ဘုရား)။

ဒီနေ့တော့ ဟောဒီလူသွားရာ အရိပ်ပါတယ်ဆိုတော့ လူခန္ဓာက အနိစ္စ၊ အရိပ်က နိစ္စဖြစ်နေတယ်....(မှန်ပါ့) ဒါ...

ထူးအောင်လို့ ဟောနေတယ်....(မှန်ပါ့) ယူကော မယူဘူးလား (ယူပါတယ်ဘုရား) ယူတယ်ဆိုတာလဲ ခင်ဗျားတို့ သေသေချာချာမှတ်ပါ... တဲ့။

ကိုင်း....ဒါဖြင့် မနေ့က ဘုန်းကြီးပြောခဲ့တယ်- ဆရာဝန်ကြီးတို့ မကြားရဘူး၊ နေယျတ္တဒဿနာ, နိတတ္ထဒဿနာတော်ရယ်လို့ နှစ်ပါးရှိတယ်နော်.... (မှန်ပါ့) နေယျတ္ထဒဿနာဆိုတာက နားလည်အောင်လို့ ဆောင်ဟောတာ....(မှန်ပါ့)။

လူသွားရာ အရိပ်ပါတယ်လို့ ဟောလိုက်တာက ဘာတုံး... (နားလည်အောင်လို့ ဆောင်ဟောတာပါဘုရား) ဆောင်ဟောလိုက်တာ၊ တိုက်ရိုက်အမှန်ယူရမှာလို့ သွားမယူနဲ့.... (မှန်ပါ့ဘုရား)။

နိတတ္ထဒဿနာတော်ကဖြင့် ဒီ-ပြုရတဲ့ကံဟာ ပြုတဲ့နေရာမှာ အနိစ္စဆောက်တယ်၊ မလိုက်ဘူး... (မှန်ပါ့ဘုရား) ဒီလိုယူရမယ်... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား) ပြုတဲ့ကံဟာ ပြုတဲ့နေရာမှာဘဲ အနိစ္စဘဲ... (မှန်ပါ့ဘုရား) ဂုဏ်း... ဒီနေ့ ပါဠိအကိုးအကား ထုတ်လိုက်ဦးမယ် စေတနာတွေ မဟုတ်လား သူဟာ စေတနာဟာ ကံကိုးဗျ... (မှန်ပါ့)။

ရူပသဒ္ဓေတနာလောကေ၊
သဒ္ဒသဒ္ဓေတနာလောကေ၊
ဂန္ဓသဒ္ဓေတနာလောကေ၊
ဖောဋ္ဌဗ္ဗသဒ္ဓေတနာလောကေ၊
ဓမ္မသဒ္ဓေတနာလောကေ ပိယရူပံသာတရူပံ၊

ဇော်တာသာ တဏှာဥပ္ပဇ္ဇမာနာဥပ္ပဇ္ဇတိ၊
ဇော်ထာနိဝိသမာနာနိဝိသတိ။

ဒီစေတနာတွေပေမဲ့ စေတနာနောက်ကနေပြီး တဏှာလိုက် တယ်ကွ....တဲ့.... (မှန်ပါ့)သတိပဋ္ဌာန်ပါဠိတော်....(မှန်ပါ့)။

ဇော်ထာသာတဏှာ ပဟီယမာနာ ပဟီယတိ= သူ့ကိုအနိစ္စရှုမှု သူ့နောက်ကတဏှာသေမှာတဲ့သူဟာ အနိစ္စတရားမို့အနိစ္စ မြင်ဖောင် ရှုရမယ်... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား) ဒါ....သတိပဋ္ဌာန်ပါဠိတော်.... (မှန်ပါ့) သုတ်မဟာဝါမှာလဲ ပါတယ်၊ မူလပဏ္ဏာသပါဠိဘော်မှာလဲ ပါတယ် သတိပဋ္ဌာန် ပါဠိတော်က....(မှန်ပါ့)။

ဒီစာအုပ်ကလေးနဲ့ထုတ်နုတ်ထားတာကတော့ သွားမပြာ ကြနဲ့ အဲဒါလောက်ဆိုယင် ခင်ဗျားတို့ ပေါ့နေကြမယ် သုတ် မဟာဝါမူလပဏ္ဏာသတို့မှာ လာတယ်၊ အဲဒီကဟာကို စာအုပ် ကလေးတွေက ထုတ်ရေးထားတာ... (မှန်ပါ့)။

ကဲ....ဒါဖြင့် ဒီစေတနာဟာလဲ အနိစ္စတရားဆိုတာ သေချာ သွားပြီ...(မှန်ပါ့)ပြီးတော့ သဒ္ဓမမှာ အနတ္တာထဲလဲ ဦးမာဒင် ထည့်လိုက်တော့ သူကို သဒ္ဓမမှာ အနတ္တာသဲကိုး... (မှန်ပါ့) သူက ဘာတုံး....(သဒ္ဓမမှာအနတ္တာဂါဘုရား) ဒါဖြင့် လိုက်နိုင် ပါ့မလား.... (မလိုက်နိုင်ပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ-ဒါဖြင့် ဒီနေ့နာလိုက်ရတဲ့အတွက် ကောစ္စသဿတ ဒိဋ္ဌိပြုတ်ပါဘယ်.... (မှန်ပါ့ဘုရား) သူလဲ မလိုက်ပါဘော့ဘုး...

(မှန်ပါ့-မလိုက်ပါဘုရား) သူမလိုက်တော့ သူလဲမလိုက်ပါဘူး... (မှန်လှပါ) သူလဲ ဝဘဝမှ တဘဝသို့ ခန္ဓာမလိုက်တာ....(မှန်ပါ့ဘုရား) စေတနာတရားဟာလဲ တဘဝမှတဘဝသို့ မလိုက်ပါဘူး (မှန်ပါ့) ဦးထွန်းမှူး ဒီလိုယူရမယ်....(မှန်ပါ့)။

ဒါဖြင့် မလိုက်လို့ရှိယင် ဒါမလိုက်ခတော့ ခင်ဗျား တို့ကလဲ အခုတော်ကို ဆရာသမား မကူယင်မရမည့်လူတွေ့၊ မရလို့ရှိယင် ဒါနဲ့ဒါပြတ်ပြီ... (မှန်ပါ့) ဥစ္စာဒဒိဋ္ဌဘက် ခင်ဗျားတို့ကခပြီးတယ်....(ပြီးပါတယ်ဘုရား)။

ပြီးပြန်ပြီ ဟာ... မလိုက်ဘူးတဲ့ဟ မလိုက်ယင်အလကား ဘဲကွ၊ လုပ်တာတွေ့....(မှန်ပါ့)မလိုက်ယင်အလကားဘဲဆိုတော့ ခင်ဗျားတို့ ဘယ်ဘက်ပြေးသွားသတုံး....(ဥစ္စာဒဒိဋ္ဌဘက်ပြေးပါတယ်ဘုရား)။

သွားပြန်တာဘဲ ခင်ဗျားတို့ကလဲ ဖစောင်းချင်လျက် ကိုးဗျ၊ နဂိုရိုက်မှ တည့်နိုင်လို့ သင့်ရုံကလေးနေတာ ပြန်စောင်၊သွားပြန်တာဘဲ....(မှန်ပါ့ဘုရား)။

နဂိုရိုက ကိုယ့်အားကိုယ်မနိုင်သို့ ယိမ်းရဘဲ့အထဲမှာ လက်နှစ်ခု အမြဲမြောက်ကိုင်ထားရတဲ့ခလေးလိုဖြစ်နေတာ.... (မှန်ပါ့) ဒီလက်လှတ်လိုက်ယင် ခလေးကလဲတော့မှာကိုးဗျ .... (မှန်ပါ့) ဒီလက်လှတ်လိုက်ယင် ခလေးကလဲတော့မှာကိုးဗျ ဒီအဓိပ္ပါယ်ဆောက်နေတယ်(ရောက်နေပါတယ်ဘုရား)ဆရာဝန်ကြီး သဘောကျပလေ....(ကျပါပြီဘုရား)။

ကဲအခုဘယ်ဘက်ပြေးသွားပြန်သတုံး .... (ဥစ္စာဒဘက်ပြေးသွားပါတယ်ဘုရား) အဲဒါဖြရှင်း ပေးရဦးမယ်.... (မှန်ပါ့)

ဒါမဖြေရှင်းယင် ခင်ဗျားတို့ ကစ္စသဿတဒိဋ္ဌနဲ့သဿတဒိဋ္ဌရိုးရိုးနဲ့ ခင်ဗျားတို့ယှဉ်ပြီး ဥဒ္ဓစ္စဒုပြန်ငြိတယ်....(မှန်လှုပါဘုရား)။

ဒါ့ကြောင့် ဒိဋ္ဌိနားမလည်ယင် တရားဟောဘို့ မလွယ်ဘူး.... (မှန်လှုပါ)တရားဟောယင် ဟောတိုင်းဒိဋ္ဌိဖြစ်နေတယ်... (မှန်လှုပါ) မရှင်းလဲ မရှင်း တော့ဘူး၊ ကိုယ်ကိုယ်တိုင်လဲ ဒိဋ္ဌိဖြစ်သွားတယ်.... (မှန်ပါ့) ကဲ.... သဘောပါပါလား.... (ပါ-ပါတယ်ဘုရား)။

ကဲ... ဒါဖြင့် ဒီလိုလုပ်ကြပေကော့ မနေ့ကပါဦးတော်ကိုနော် (မှန်ပါ့)ဆောင်သိမှုမည့် ဒေသနာတော်က သုတ္တန်ဒေသနာတော် တိုက်ရိုက်သိရမှည့် ဒေသနာက အဘိဓမ္မာဒေသနာတော် ရှင်းပလား....ရှင်းပါပြီဘုရား)။

ဆောင်သိရမှာက.... (သုတ္တန်ဒေသနာတော်ပါဘုရား) တိုက်ရိုက်သိရမှာက....(အဘိဓမ္မာဒေသနာတော်ပါဘုရား) အဲ-ခန္ဓာက အဘိဓမ္မာဖြစ်ပါတယ်... (မှန်ပါ့ဘုရား)။

ခန္ဓာကဲ့ဘာတုံး.... (အဘိဓမ္မာပါဘုရား)ဒါဖြင့်အဘိဓမ္မာကို အမှန်ယူကြစို့.... (မှန်ပါ့) ဟိုဟာသဲမမှန်ဘူးလား၊ မှန်တယ် ဆောင်ဟောထားတာ....(မှန်ပါ့ဘုရား)။

ဆောင်ပြီး ဒီအဘိဓမ္မာဘက်ရောက်အောင်ယူလိုက်ယင် ကိုက်တယ်....(ကိုက်ပါတယ်ဘုရား) ရောက်အောင်မယူတတ်သို့ ရှိယင် ဒိဋ္ဌိခံတယ်... (မှန်ပါ့ဘုရား) သဘောပါပါလား.... (ပါ-ပါပြီဘုရား)။

ကဲ... ဒါဖြင့်ခင်ဗျားတို့ ပဋ္ဌာန်းသုံးကြည့်ဆိုတော့ ဒါဘယ်သူ့မှ မငဲ့ဘဲနဲ့ဟောပြီ.. (မှန်ပါ့)အဲဒီကျတော့နော်.... (မှန်ပါ့) အာနန္ဒရပစ္စယော ရပလား....(မှန်ပါ့ဘုရား။

ဘာတဲ့တုံး.... (အနုန္တရုပစ္စယောပါဘုရား) ဒါလောက်ရသေး တာကိုး အနုန္တရ ပစ္စယောတော့ ရပါသေးတယ်တဲ့ ဒါကလဲ အန္တရာယ်ကင်းအောင် ဆိုပြီး ကျက်ထားလို့ ရတာ... (မှန်ပါ့ဘုရား)။

အကြောင်းအကျိုးဆက်ပြီး သိတားမဟုတ်ဘူး.... (မဟုတ်ပါဘုရား) အန္တရာယ်ကင်းအောင်ဆိုပြီး တိုင်စိုက် ရွတ်တာ ပါ.... (မှန်ပါ့ဘုရား)။

ဘုရားကို တိုင်စိုက်တဲ့ဟာမျိုးပါ၊ ဘုရားကို တိုင်စိုက်တဲ့ လူတွေက ရှိသေးတယ်၊ (၂၄)ပစ္စည်း စည်းချအိပ်ဆိုတဲ့ လူတွေကဟင်.... (ရှိပါတယ်ဘုရား)။

ရှိတယ်(၂၄)ပစ္စည်း စည်းချအိပ်ဆိုတာ ခင်ဗျားတို့ကကြား ဘူးကြရဲ့လား.... (ကြားဘူးပါတယ်ဘုရား) ဘာလုပ်တာတုံး ဘုရား အစောင့်ခိုင်းတာလား။*

ကိုင်းဒါဖြင့် အနုန္တရပစ္စယောအခြားမရှိမှု၍ ကျေးဇူးပြုတယ် အကြောင်းနဲ့ အကျိုးကြားထဲမှာ အခြားမရှိရဘူးတဲ့... (မှန်ပါ့) အခြားမရှိဘူးဆိုဘော့ ကြားထဲ ဓမ္မဘခုမပင်ဘူး ပေါ့ဗျာ.... (မှန်ပါ့)ဒါအနုန္တရပစ္စယောဘဲနော်... (မှန်ပါ့ဘုရား)။

ကဲ... တခါ အကျယ်ဟောလိုက်တယ်ဒီက၊ အန္တရနိရုဒ္ဓါ ဆိုတော့ ဒါကကံနော် .... (မှန်ပါ့) ဒါကအကျိုးပေး.... (မှန်ပါ အကျိုးပေးပါဘုရား)။

---

* ဘုရားတရားကို အန္တရာယ်ကင်းအောင် ဧလောက်ရွတ်ဆိုအသုံးချသည့် လူစားမျိုးတွေကို ရည်ရွယ်တော်မူသည်။

အာနန္တရနိုရုဒ္ဓါ=အခြေးမရှိ ချုပ်လေပြီးသော...တဲ့၊ သူချုပ်တယ်က္ခ....တဲ့... (မှန်ပါ့) ဘယ်သူတုံးမေးတော့မှ စိတ္တစေတသိကာတဲ့....(မှန်ပါ့)။

ချုပ်လို့ပေါ်တာ၊မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား) အာနန္တရနိုရုဒ္ဓါစိတ္တ-စေတသိကာတဲ့၊ သူချုပ်တယ်က္ခ... တဲ့၊ မလိုက်ပါဘူး..တဲ့၊ ပါခဲ့နေပြီ သူဟာ... (မှန်ပါ့) တိုက်ရိုက်ခံဟာချတာကိုးဗျ၊ ဒါ....ခင်ဗျားတို့ မှားမှာစိုးလို့.... (မှန်ပါ့) ခုနင်က ဥစ္ဆေဒဘက်ပြေးမှာစိုးလို့....(မှန်ပါ့)။

ပဋ္ဌပ္ပန္နာနံ-တဲ့= နောက် အသားတူ ပေါ်လိမ့်မည်က္ခ... တဲ့၊ လုပ်တုန်းက ဒါ.... စေတနာနဲ့ ရုပ်နာမ် နောက် ပေါ်လာတဲ့ အခါကျတော့ သူ့စေတနာနဲ့ သူ ရုပ်နာမ်ပေါ်တာဘဲ- (မှန်ပါ့ ဘုရား) အလားတူပေါ်တယ်တဲ့... (မှန်ပါ့- အသားတူ ပေါ်ပါတယ်ဘုရား) သဒ္ဒေဝကျပလား... (ကျပါပြီဘုရား)။

ချုပ်လဲချုပ်တယ် အလားတူလဲ ပေါ်တယ်ဆိုတော့ သိတဲ့အတိုင်းဘဲ မလိုက်တာလဲ သေချာတယ်... (မှန်ပါ့) အကျိုးပေးလဲ ဟုတ်တယ်...(မှန်ပါ့) မလိုက်လဲ မလိုက်ဘူး.... (မှန်ပါ့- မလိုက်လဲ မလိုက်ဘူး- အကျိုးလဲ ပေးပါတယ်ဘုရား) အလားတူထပ်ပြီး ပေါ်တာကိုဆိုတာ... တဲ့၊ လိုက်တယ်လို့ ဘုရားမဟာပါဘူး....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

လိုက်ရဲ့လား.... (လိုက်တယ်လို့ မဟောပါဘုရား) အာနန္တရနိုရုဒ္ဓါလို့ ပါနေပြီ၊ အာနန္တရဆိုတာ အယင်လုပ်ထားတဲ့တရားကနိုရုဒ္ဓါ ချုပ်ပါပြီကွာ....တဲ့၊ ဘယ်သူတုံး ဆိုတော့မှ စိတ္တစေတ

သိကာဆိုးတာ့ မကုန်သေးဘူးလား- စိတ်စေတသိက်ဆိုတော့ ဘာကျန်သေးသတုံး....(ဘာမှမကျန်တော့ပါဘုရား)။

နို့.... ချုပ်သွားလို့ရှိယင် ဘာမှ ထပ်မဖြစ်တော့ဘူးလား ဆိုတော့ ပဋ္ဌာပ္ပန္နာနုံ... တဲ့၊ အလားတူတော့ ပေါ်သေးတယ် ကွ....တဲ့....ဒါ....(မှန်ပါ့)။

သရက်စေ့ စိုက်လိုက်တော့ကို ဒီသရက်ပင်က သရက်စေ့ စိုက်လိုက်တယ်၊ စိုက်လိုက်တော့ အယင်သရက်ပင် လိုက်သေးသလား...(မလိုက်ပါဘုရား) အလားတူတော့ ပေါ်တယ်.... (မှန်ပါ့) သဘောကျပလား... (ကျေပါပြီ) ဒီသရက်စေ့တော့ မပါဘူး၊ အလားတူတော့ ပေါ်တယ်... (မှန်ပါ့) ဒီသရက်စေ့ စိုက်တော့ ဒီသရက်ပင်- ဒီသရက်သီးမျိုး ပေါ်-မပေါ်....(ပေါ်ပါတယ်ဘုရား) ဒီသရက်ပင်ကော....(မပါ-ပါဘုရား) ဒီမှာချုပ်တာဘဲ (မှန်ပါ့)။

ဒီလိုယူပါ၊ ဒုက္ခ ဘုရားကို မင်းတို့ မစုပ်စဲ့မယ်၊ နို့မဟုတ်လို့ ရှိယင် မင်းတို့ တခြမ်းနဲ့ဆိုယင် ဘုရားစုပ်စဲ့မယ်..၊ ဘုရားက မလိုက်ဘူးဟောတယ်...၊ တချို့က လိုက်တယ်, ခံစားပြန်ဘယ်၊ ကိုယ်ဘော်မြင်ကြီးကို သွားပြီး ဂွတိုက်ကာ.... (မှန်ပါ့) ဒီလို ယင်လဲ မင်းတို့ ငါဘုရား စုပ်စဲ့လိမ့်မယ်....တဲ့၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကယ် လိုက်သလားလို့ မေးတော့.... (မလိုက်ပါဘုရား) အကျိုးမပေးဘူးလား မေးတော့....(ပေးပါတယ်ဘုရား) ဒီလိုယူပါ၊ ဟုတ်သား....(မှန်ပါ့)။

မလိုက်မှန်း သိတော့လဲ သဿတဒိဋ္ဌိနဲ့ ကောစ္စ သဿတဒိဋ္ဌိ ပြုတ်ပါတယ်နော်... (မှန်ပါ့) အလားတူ အကျိုးပေးပါတယ် ဆိုးတော့လဲ ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါတယ်....(မှန်ပါ့)။

ကဲ....ဒိဋ္ဌိဘယ်နှစ်မျိုး ပြုတ်သွားသလဲ... (နှစ်မျိုးပါဘုရား) နှစ်မျိုးပြုတ်တယ် သဿတဒိဋ္ဌိရော, ဥစ္ဆေဒဒိဋ္ဌိရော ပြုတ်တယ်... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု...သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
"ဆုဓရဟန်းဝတ္ထု"
ဒုတိယအလုပ်ပေးတရားတော်

၂၃- ၉- ၆၁

ရှေးနဘားတိုးကြ၊ အလုပ်သမားတွေလဲ စုကြရတော့မယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးလက်ထက်က 'ဆုဓ'ဆိုတဲ့ ရဟန်းတပါးရှိတယ်၊ အဲဒီ ဆုဓဆိုတဲ့ ရဟန်းတပါးက အင်မတန်မှ ဓမ်းတတ်မြန်းတတ်တယ်။

ကဿပဘုရားလက်ထက်ကတည်းက တရားတွေကလဲ ကွယ်လာခဲ့တာ့ အရှင်ဘုရား....တဲ့၊ တပည့်တော်တို့ သိတာတွေကတော့ ဓသမင်း....ဓသမင်း....လို့ ပြောသံကြားတယ်၊ ဒီသေမင်းကိုလဲ တပည့်ဓတော်တို့က မသိပါဘူး၊ အဲဒါ.... သေမင်းအခြောင်းကို ဓသမင်းဆိုတာ ဘယ်တရား၊ ဘယ်သူလဲ သူဘယ်သူ့ကို ဘယ်လိုသတ်သလဲ၊ ဒါကို အင်မတန် သိချင်ပါတယ်-တဲ့၊ အဲဒီတော့ ဓသမင်းအခြောင်းကို တပည့်တော်အား ရှင်းဓပးပါ_တဲ့ဆိုတော့ သုံးဆဲ့တဘုံမှာလဲ အနိုင်ဆုံးလူကလဲ သတ္တဝါ

တွေဟူသ၍ သေမင်းက အနိုင်ဆုံး.... (မှန်ပါ့) ဘယ်လို ဘုန်းကံ ပါရမီ လက်နက်အင်အားနဲ့ ပစ္စည်းအင်အားနဲ့ ပြန်လှန်ခုခံနိုင်တဲ့ စွမ်းရည်မရှိဘူး။

နောက်ဆုံးပိတ် သူ့ ထိုးအပ် လိုက်ရတာဘဲ၊ ခန္ဓာကိုယ်ကို သေမင်းဘဲ ထိုးအပ်လိုက်ရတယ်... (မှန်ပါ့) ဘယ်လိုဆရာဝန်တွေ ဘယ်လို လောကဓာတ် ဆရာကြီးတွေဘဲဖြစ်ဖြစ် ဆရာဝန်ကြီး တော်-တော်ကြာ သူ့ဆီ ထိုးအပ်လိုက်ရတာဘဲ .... (မှန်ပါ့ ဘုရား)။

အဲဒီတော့ သေမင်းအကြောင်းတော့ သူ ရှင်းရှင်းသိချင်ပါ တယ်ဘုရား တဲ့၊ အဲဒါကြောင့် သေမင်းတော့ ဟောတော်မူ ပါ... တဲ့၊ ရာဓ,ရဟန်းက လျှောက်တယ်လို့ နောက်က တကာ တကာမတွေ မှတ်ရမယ်....(မှန်ပါ့) အဲဒီတော့ ဒီတကာတကာမ တွေ မှတ်ဘို့ရာက ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ရာဓ,ဆိုတဲ့ ရဟန်းက....

မာရော မာရောတိဘန္တေဝုစ္စတိ၊
ကိတ္တာဝတာနုခေါဘန္တေမာရောတိ။

သေမင်း....သေမင်း....လို့ ဘုရား အားလုံး ပြောကြပါတယ်၊ အဲဒီသေမင်း ဘယ်နှစ်ယောက်ရှိသတုံး၊ ဘယ်လောက် ရှိသတုံး၊ ရှိခဲ့သော် သူ ဘယ်သူတုံးဆိုတာ သိပါရစေဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ တကာ တကာမတို့ မှတ်ထားရမှာက သေမင်းငါးယောက်ရှိတယ်ကွ တဲ့ ဘုရားက ဟောလိုက်တယ်....(မှန်ပါ့) သေမင်း ဘယ်နှစ်ယောက်တဲ့တုံး...

(ငါးယောက်ပါဘုရား) ငါးယောက် ဆိုတာဟာ ခင်ဗျားတို့ အင်မတန် မြတ်နိုးနေတဲ့ ခန္ဓာငါးပါးကိုဆိုတာပါ... (မှန်ပါ့) ဒီခန္ဓာငါးပါးဟာ သေမင်းချည်းဘဲ... တဲ့... (မှန်ပါ့)။

ဒီခန္ဓာငါးပါးဟာ သေမင်းချည်းဘဲ ဆိုတော့ ဂင်္ဂါဝါဋ္ဌု သဲစုမကပ္ပင့်တော်မူတဲ့ဘုရားမြတ်စွာတွေကိုလဲသူတို့ကသတ်တာဘဲ (မှန်ပါ့)။

စကြဝတေးမန္ဓာတ် လေကျွန်းသေဋ္ဌနင်းစကြာ မင်းကြီး ဆိုတာလဲ သူများအပေါ်သာ လေးကျွန်းသေဋ္ဌနင်းစကြာ မင်းကြီး ဆိုတာဘဲ၊ သူ့ကျတော့ အရှုံးပေးရတယ်၊ ခန္ဓာငါးပါး သတ်လိုက်တာနဲ့ စကြဝတေးမင်းလဲ ဆုံးရှုံးရတာဘဲ .... (မှန်လှပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကမတွေ ခန္ဓာထဲမှာ သေမင်းငါးယောက်ရှိတယ်လို့ မှတ်ထားရမယ်... (မှန်ပါ) ခန္ဓာငါးပါးထဲမှာ သေမင်းဘယ်နှစ်ယောက်ရှိသတုံး....(သေမင်းငါးယောက်ရှိပါတယ်ဘုရား) သေမင်းငါးယောက် ရှိတယ်လို့ မှတ်ထားကြပါ။

ဩော်... ခင်ဗျားတို့ ဘုရားဖူး လယ်ကြတယ်၊ ဆရာတော်သမားတော်တွေ သွားဖူးကြတယ်၊ ကန်တော့ကျွတယ်၊ ဘယ်သူနဲ့များ အဖေါ်လုပ်ပြီး သွားကြပါလိမ့်မတုံးလို့ မေးဘို့ လိုလာတယ်....(လိုလာပါတယ်ဘုရား)။

မလိုဘူးလား.... (လိုပါတယ်ဘုရား)ဘယ်သူနဲ့ အဖေါ်လုပ်သတုံး....(သေမင်းနဲ့ အဖေါ်လုပ်ပါတယ်ဘုရား) သေမှ·သေပါ့မလား၊ လမ်းသွားရင်းများ....(မှန်ပါ့ဘုရား)။

ဟင်... လမ်းသွားရင်း လဲသေမှ, သေပါ့မလား ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ကို သတ်ချိန် မရောက်သေးလို့ မသတ်သေးလို့သာ အတူကတော့ အမြဲနေရပြီ....(မှန်ပါ့)အတူကတော့.... (နေရပါတယ်ဘုရား) နေမြဲ နေသာတာ...(မှန်ပါ့ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဘုံဘဝတွေ ဆုတောင်းတဲ့ပုဂ္ဂိုလ်တွေဟာ ဒီတရားမျိုး မနာဘူးတော့ လူဖြစ်ရပါလို့၏ ဆိုပြီး ဒီခန္ဓာငါးပါးသွားတောင်းတယ်....(မှန်ပါ့ဘုရား)။

ဇသမင်းနဲ့ အတူနေရပါလို့၏တဲ့....(မှန်ပါ့)နတ်ဖြစ်ရပါလို့၏ ဆိုရင်ကော....(သေမင်းနဲ့အတူနေရပါလို့၏)ခင်ဗျားတို့ပါးစပ်ထဲထည့်ရက်တာ ထည့်ဝံ့တာဘဲအံ့ပါရဲ့.... (မှန်ပါ့ဘုရား)။

မသိတာက ဆရာဝန်ကြီးရဲ့ သိပ်ဆိုးနေတယ်၊ ခင်ဗျားတို့က ကော အန္တရာယ်ကင်း ဘေးကင်းလိမ့်မယ်လို့ ထင်တယ်၊ ဒါမျိုးဆိုတာ သူသတ်ဖယောကျားနဲ့ အတူနေရပါလို့၏ဆိုတာ ပါးစပ်ထဲ မထည့်ကောင်းဘူး....(မှန်လှပါဘုရား)။

သူသတ်ယောကျားနဲ့ အတူနေရပါလို့၏ဆိုတာ.... (ပါးစပ်ထဲ မထည့်ကောင်းပါဘုရား)ခင်ဗျားတို့ ဘာဖြစ်လို့ နှုတ်တက်နေသတုံးလို့ မေးတော့ သေမင်းမှန်းမသိဘူးဘုရား....(မှန်လှပါ) ဒါဘဲအဖြေထွက်မယ်....(မှန်ပါ့ဘုရား)။

ဘယ်နှယ်အဖြေထွက်ခဲ့လဲ....သေမင်းမှန်းမသိသေးပါဘုရား) သြော်...ခက်လိုက်တဲ့ ဖြစ်ချင်းမှု၊ ထိပ်ရိုက်လို့မှ ဓါးပြမှန်းမသိသေးဘူး၊ ဘယ်သူဘာဝဝဒနာနဲ့နေသတုံးလို့ ခင်ဗျားတို့မသာတွေ့ သွားမေးတဲ့အခါကျတော့ အပူလွန်လို့ ရူပကွန္ဓာ၊ အဆွေးလွန်လို့၊ ရူပကွန္ဓာ....(မှန်ပါ့ဘုရား)။

အင်း....ဒီဥစ္စာနာပြီး သေသွားတယ်၊ ဟာ.... သူသည်ကား ဝမ်းမြောက်ပြီး သေသွားတယ်၊ ဝေဒနာကွန္ဓာသတ်တာ....(မှန်လှပါဘုရား)။

တခါဘလေကျတော့ သူသည်အမှတ်ရပြီးသကာလ အမှတ်မှားပြီး သေတာလဲရှိတယ်၊ အမှတ်ရပြီးသွားတာလဲရှိတယ်၊ သညာသတ်တာ...(မှန်ပါဘုရား)။

အမှတ်မှားပြီးဆေးမှားသောက်တယ်ဆိုတော့ သညာသတ်ချလိုက်တာ....(မှန်ပါဘုရား) သားကလေးတွေ့တော့ သားမဟုတ်တာ သားဟူသောအမှတ်နဲ့ လွမ်းဆွတ်သေသွားတယ်၊ သညာသတ်ချလိုက်တာ...(မှန်လှပါဘုရား)။

စေတနာတွေကလဲ ဟိုပို့ ဒီပို့၊ လူ့ပြည်ပို့လိုက်၊ နတ်ပြည်ပို့လိုက်၊ဒီဘုံမှာဟခါတည်း ခင်ဗျားတို့သေစတတ်တဲ့ စေတနာဒီစေတနာတွေကလဲ သင်္ခါရလိုက်တာဘဲ....(မှန်ပါဘုရား)။

တချို့များ စိတ်ကြောင့် သူ့စိတ်နဲ့သူ သေတယ်ဆိုတာပါသေးတယ်၊ မရှိဘူးလား.... (ရှိပါတယ်ဘုရား) ဒါလဲဝိညာဏကွန္ဓာသတ်တာ.... (မှန်ပါ!) ခန္ဓာငါးပါး ဘယ်လိုရှုရမယ်.... (သေမင်းလို့ ဝိပဿနာရှုရပါမယ်ဘုရား)။

သေမင်းလို့ ရှုရမှာဆိုတော့ ဘဝများစွာ သံသရာကလားခဲ့တဲ့ခင်ဗျားတို့ကိုသိုလ်ကံ အကုသိုလ်ကံတွေက လုပ်သ၍ အထည်တွေဟူသ၍ဖြင့် သူ့အခွန်ဆက်ဘို့ ခင်ဗျားတို့က လုပ်ကြတာဘဲ.... (မှန်ပါဘုရား)။

ဒါနတွေလုပ်ပြီး လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်ဖြစ်အောင် လုပ်တာလဲ သူ့အခွန်ဆက်ဘို့၊ သေမင်း ငါးယောက်အခွန်ဆက်ဘို့လုပ်တာ.... (မှန်ပါ့) သီလတွေ ဆောက်တည်ပြီး သကာလ နေတာလဲ ဘာလုပ်ဘို့ပါလိမ့်... (သေမင်းအခွန်ဆက်ဘို့ပါဘုရား)။

သမထတွေအားထုတ်ကြပြန်တယ်၊ ဗြဟ္မာအဖြစ်နဲ့ သေမင်းအခွန်ဆက်ဘို့ဘဲ နာမည်ကတော့ ဗြဟ္မာပေါ့ဗျာ ... (မှန်ပါ့) ဖြစ်တော့အသတ်ခံသမားတွေ သေမင်းတွေက နှိပ်စက်စရာအမည်လုပ် ပေးတာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ရှင်းပလား .... (ရှင်းပါပြီ) ဒါဖြင့် ခင်ဗျားတို့ ဩော်... ဒီတရားတွေ သစ္စာနဲ့ ပတ်သက်တဲ့ သုညတ တရားတွေဒါငါ-ငါ့ ဥစ္စာတွေမဟုတ်ဘူးဗျ သေမင်းတွေ....(မှန်ပါ့ဘုရား)။

ဒါသေမင်းတွေကို ခင်ဗျားတို့က ဒါ-ငါ့ဥစ္စာလို့ သိမ်းပိုက်လေလေ-နီးနီးကပ်ကပ် သတ်ရလေလေဘဲ...(မှန်ပါ့)သဘောကျပလား...(ကျပါပြီဘုရား)။

ဒါတွေကို ခင်ဗျားတို့က ငါဘဲ-ငါ့ဥစ္စာဘဲလို့ ထင်တဲ့ပုဂ္ဂိုလ်မှန်လေ နီးနီးကပ်ကပ်သတ်လေဘဲ.... (မှန်ပါ့)အဝေးမှာသတ်ရသလားတဲ့၊ နီးနီးကပ်ကပ်သတ်ဘို့ကို ခင်ဗျားတို့ သူ့အပေါ်မှာဒီဌုပါဒါန်နဲ့ စွဲနေတာလားလို့ မေးယင် ဘယ်နှယ် ဖြေ ကြမလဲ.... (နီးနီး ကပ်ကပ် သတ်ဘို့ ဒီဌုပါဒါန်နဲ့ စွဲနေပါတယ်ဘုရား)။

သြော်....ဒါဖြင့်ခင်ဗျားတို့ဟာ သေရမှာတော့ကြောက်လိုက်တာ၊ သတ်မည့်လူတော့လဲ ဖက်ထားတယ်.... (မှန်ပါ့)ဘာဖြစ်နေတုံး ဦးမာဒင်ကြီးတို့... (မပြောတတ်ပါဘုရား)။

ရူးချက်ကတော့ သန်တာဘဲ၊ ရိပ်မိကြရဲ့လား.... (ရိပ်မိပါတယ်ဘုရား) ရူးချက်က သိပ်သံနေတယ်တဲ့ ခင်ဗျားတို့ ဒါဘုန်းကြီး ပြောတာက နည်းသေးတယ်လို့ အောက်မေ့ပါ၊ ခင်ဗျားတို့ ရူးချက်က ဒီထက်သန်နေတယ်.... (မှန်ပါ့)မသန်ဘူးလား....(သန်ပါတယ်ဘုရား)။

ဒီခန္ဓာငါးပါးဟာ ရူပက္ခန္ဓာကလဲသတ်တာဘဲ၊ ရောင်ပေါ်ပြီး ဝါယောဓါတ်ကလည်း သတ်ချ လိုက်တာဘဲ၊ မဟုတ်ဘူးလား... (မှန်ပါ့ဘုရား)။

ပိန်ချောက်ပြီး၊ တေဇောဓါတ်ကလဲ ဆရာဝန်ကြီး သတ်ချလိုက်တာဘဲ၊ လူပေါင်းရေတွက်နိုင်ရဲ့လား.... (မရေတွက်နိုင်ပါဘုရား)ဒါဖြင့်သူသေတဲ့၊ ဒါကွေသေမင်းတွေဘဲဆိုတာ မှတ်ထားကြပါ....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ အခုဘယ်သူနဲ့ နေရသတုံးလို့ မေးတော့၊ မယုံယင်ကျောက်သေတ္တာထဲထည့်၊ လေလုံပိတ်၊ ဒီထဲတွင် သူတို့သတ်တာနဲ့သေမယ်....(မှန်ပါ့ဘုရား)။

မသေပေဘူးလား....(သေပါတယ်ဘုရား)ဘဲ့ဖြစ်လို့ သေရသတုံးလို့ မေးတော့ ခင်ဗျားတို့လူ့ဘဝရောက်ရပါလို့၏ဆိုတော့ လူခန္ဓာသတ်လို့ သေရပါလို့၏၊ နတ်ဘဝရောက်ရပါလို့၏ (နတ်ခန္ဓာသတ်လို့ သေရပါလို့၏)ပြဟ္မာဘဝရောက်ရပါလို့၏၊(ပြဟ္မာ

ခန္ဓာသတ်လို့ သေရပါလို့၏) တယ်လဲသေချင်ကြတာကိုး၊အားဘဲ မရနိုင်ဘူး .. (မှန်ပါ့) ကြောက်စရာလူတွေဗျ .... (မှန်ပါ့ဘုရား)။

ကြောက်စရာလူတွေဘဲ၊ ဒီလို သူညတဖြစ်တဲ့တရား၊သစ္စာဆိုက်တဲ့တရားကို မနာရဖူးယင် သေမင်းကို အဖေါ်လုပ်နေကြတာဘဲ.... (မှန်လှပါ) သူကဒုက္ခသစ္စာတွေ့၊ ညဘာမဖက် နှိပ်စက်တယ်။

ပိဋ္ဌနဒ္ဒေါဘဲ....(မှန်ပါ့) ဘယ်သူ့ညာသတုံး.... (ဘယ်သူ့မှမညာပါဘုရား) ဘုရားတောင်မညာဘူး.. (မှန်ပါ့) ဘုရားလဲသူ့လက်တွင်းမှာ ပရိနိဗ္ဗာန် ပြုရရှာတာဘဲ.... (မှန်ပါ့) မပြုရဘူးလား....(ပြုရပါတယ်ဘုရား)။

အဲဒီတော့ ဒီသစ္စာမသိဖူးတဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် သေမင်းက အဖေါ်လုပ်၍ ဖသင်းနဲ့ မတွေ့ချမှာဘဲ စိုးရိမ်တယ်.... (မှန်ပါ့) တယ်လဲခြောက်စရာကောင်းပါလား ...မျက်စိသိပ်လည်နေသနော်....ဦးမာဒင်....(မှန်ပါ့) ဆရာဝန်ကြီး မျက်စိသိပ်လည်နေတာ....(မှန်ပါ့ဘုရား)။

ဒီထိုးထိုးထွင်းထွင်း သစ္စာဆိုက်တရားကို အဟုတ်တန်း မနာရဖူးဘူးဘဲ၊ လူအတွက်မှာဖြင့် ဦးမာဒင်တို့- ဆရာဝန်ကြီးတို့ မှတ်ပေတော့၊ သမင်းရှာနေတဲ့ အလုပ်သာလုပ်တယ်(မှန်လှပါ) အခုလဲ သေစရာရှိလျက်ဘဲ....(ရှိလျက်ပါဘုရား) နောက်ဆယ်ကိုလဲ....(ရှာလျက်ပါဘုရား)။

ရှာလျက်ဘဲဆိုတော့ နောက်က တကာ တကာမခတ် တခါမိုက်သား- နှစ်ခါမိုက်သား- အဖန်ဖန်မိုက်သားဆိုတာ ကိုယ့်ကိုကိုယ်ဘဲ စဲချက်တင်ကြပါဦးတော့....(မှန်ပါ့ဘုရား) ဆရာဝန်ကြီး ဘယ့်နှယ့်တင်မယ်....(အဖန်ဖန်မိုက်ပါဘုရား)။

အဖန်ဖန်မိုက်ဗျ....(မှန်ပါ့) ခင်ဗျားတို့က အဖန်ဖန်တောင်းတယ်....(မှန်ပါ့) ရှင်းပလဲး....(ရှင်းပါပြီ) အော်.... ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတော့သည် ဒီသာသနာတွင်း ဘုရားစဖြစ်ကတည်းက ဒီသစ္စာကို ဟောတယ်.... ဒီ.ပြင်ဟာတွေက ပုဂ္ဂိုလ်ကိုင်ပြီး ဟောရရှာတာ....(မှန်ပါ့) ဒါတွေကတော့ မငဲ့နိုင်ဘူး၊ စခမ်းသတ်တဲ့တရားဒတ္တ (မှန်ပါ့)။

သံသရာဆက်တဲ့ တရားတွေဖြစ်နေတော့ သြော်.... သေမင်းတော့ဟာ ဘခြားလားအောက်မေ့နေတယ်၊ ခင်ဗျားတို့ခန္ဓာထဲ အပြည့်အနှက်ရှိဘာပါလားဆိုတာ ပေါ်လာတယ်... (ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား (ပေါ်လာပါဘယ်ဘုရား) ခင်ဗျားတို့ခန္ဓာထဲ ဘာရှိသတုံး.... (သေမင်း အပြည့်အနှက် ရှိပါတယ်ဘုရား) သေမင်းအပြည့်အနှက်ရှိတယ်ဆိုဘာ မှတ်ထားပါ (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ စိတ်ချလက်ချ နေဘို့မသင့်ဘူး....(မှန်ပါ့) ကျုပ်တို့သည် သေမင်းမှန်း သိပြီးသကာလ သေမင်းအခေါ်မှာ ငြိုးငွေ့ပြီး သေမင်းနဲ့ကင်းခအောင် လုပ်တဲ့အလုပ်ကို ကျုပ်တို့ လုပ်ဘို့အရေးဟာဖြင့် အခြိန်ရောက်ပြီ.... (ရောက်ပါပြီဘုရား) မရောက်သေးဘူးလား....(ရောက်ပါပြီဘုရား)။

ဒါကလဲ အခုပြောပြလို့ ရောက်ဘာကိုး.... ခင်ဗျားတို့ဟာလဲ ခက်လိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့တော့....(မှန်ပါ့)ဒီလိုမှ ပြောပေးမဲ့လူနဲ့ အက္ကက်ကျက်ကျ စေ့စေ့ ဆာဓရဟန်းလို မေးမည့်လူ မရှိလို့ရှိယင် ဦးမာဒင်ကြီးတို့မျှး အို.... သူမျှးမြောက်လို့ မြောက်လိုက်မည့်ဖြစ်ခြင်း.... ဘာပြောစရာရှိမတုံး.... (မှန်လှပါဘုရား)။

မင်းတော့ကွာ... ဒီဘဝမှာ အသင့်အတင့်ရှိတယ်.... နောက်ဒီလောက်မကဘူး၊ အို... ဘဝင်ကို မြောက်တက်သွားတယ်.... (မှန်ပါ့) ဟင်... (မြောက်ပါတယ်ဘုရား)။

အသေကြီး ကြီး-ကြီးဖြစ်ရယင် အတော် ဝမ်းသာပစ်လိုက်တယ်... (မှန်လှပါ) ခင်ဗျား- ရောင်ဖေါသေချင်တဲ့စိတ်က သိပ်များတာ.... (မှန်ပါ့ဘုရား) ဒါလောက်ထိအောင် အရုပ်ဆိုးနေတာ.... (မှန်ပါ့) မဆိုးကြဘူးလား... (ဆိုပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီးက တခါတခါပြောတယ် ဆရာဝန်ကြီးရဲ့... (မှန်ပါ့) သြော်... ခင်ဗျားတို့လဲ မသာကြီးချ သိပ်ကြိုက်တာကိုး... (မှန်ပါ့) မဟောထိုက်ဘူးလား.... (ဟောထိုက်ပါတယ်ဘုရား)။

လူမသာနဲ့ နတ်မသာ ဘယ်သူအထည်ကြီးသတုံး ဆိုတော့ ဟိုက သုံးဂါဝုတ်ရှိတာကိုးဗျ၊ နတ်ထည်က သုံးဂါဝုတ်ရှိတယ်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ နတ်ပြည်သွားပြီး သေချေဦးမယ်ဆိုတော့ မသာကြီး ချကျတာပေါ့.... (မှန်ပါ့) မကျဘူးလား... (ကျပါတယ်ဘုရား)။

ဒါဖြင့် မသာကလေးနဲ့ မသာကြီး ဘယ်သူက ကြောက်စရာကောင်းပါ့မတုံး.... (မသာကြီးက ကြောက်စရာပိုကောင်းပါတယ်ဘုရား)။

အဲဒါကို ဆုတောင်းယူတာ.... (မှန်ပါ့) အံမာ.... ရူးချက်ဘယ်လောက် သန်တယ်မသန်တယ် မပြောနဲ့တော့ (မှန်ပါ့) ဒါက

သစ္စာသိမှ....(မှန်ပါ့) သစ္စာမသိလို့ ရှိယင်ဖြင့် နှိပ်စက်ဘတ်တဲ့ သစ္စာလို့ မသိသေးသရွေ့ကာလပတ်လုံး မသာကြီးကို လူတိုင်း ကြိုက်တယ်....(မှန်ပါ့ဘုရား)။

အတော်ဆိုးနေပြီ.... အတော်ဆိုးနေပြီ.... ခင်ဗျားတို့ ဒီမှာ ဘုန်းကြီးဆိုးရောက်လာလို့မှ ဆရာဝန်ကြီးတို့ ဆွေမျိုးညာတကာ တွေ့ မျက်ခံလည် မပျောက်ယင် ဘယ်တော့မှ မပျောက်ဘူး .... (မှန်ပါ့) ပျောက်စရာလဲ အကြောင်းမရှိဘူး.... (မှန်ပါ့ဘုရား)။

မရှိဘူး....တဲ့၊ ဘာ့ကြောင့်တုံး....လို့ မေးတဲ့အခါကျတော့ ထောင်လဲ့ ထောင်နှိုင်တဲ့ နားလည်း ရှိဘို့ခဲယဉ်းတယ်၊ ပြောတဲ့ ပုဂ္ဂိုလ်ကလဲ ပြောနိုင်ဘို့ရာ မြတ်စွာဘုရား ဒေသနာ၊ သူတော ဒေသနာ ဟောနိုင်ဘို့ရာဟာကလဲ ဘုရားက ဒုလ္လဘတရား ငါး ပါးထဲ သွင်းထားတယ်....အတော်ရှားတယ်၊ အင်္ဂုတ္တိုရ်မှာ လာ တယ်နော်....(မှန်ပါ့ဘုရား)။

ဘုရားပွင့်ဘို့ရာ ခဲယဉ်းတယ်ကွ...တဲ့၊ ငါဘုရား ဒေသနာ တော်ကို ဟောနိုင်တဲ့ပုဂ္ဂိုလ်ကလဲ သူတော ဒေသနာတော်ကို ဟော နိုင်တဲ့ပုဂ္ဂိုလ်၊ သစ္စာဆိုက်အောင် ဟောနိုင်တဲ့ပုဂ္ဂိုလ် ရှားတယ်ကွ (မှန်ပါ့ဘုရား)။

သစ္စာဆိုက်အောင် ဟောနိုင်ပြန်လဲ ထောင်နိုင်ပြန်တဲ့နားက ရှားတယ်ကွ...(မှန်ပါ့) ထောင်နိုင်ပြန်လို့ ရှိယင်လဲ ဒီအတွင်းမှ လွတ်ကင်းဘို့ရာ ကျင့်နိုင်တဲ့ပုဂ္ဂိုလ် ရှားတယ်ကွ... (ရှားပါတယ် ဘုရား)။

အဲဒီအမှားထဲမှာ ခင်ဗျားတို့ အခု ကပ်ကပ်သပ်သပ် သြော်... အရှားထဲမှာမှ ဒို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် နားထောင်ခွင့်

ကြုံတယ်၊ ထောင်တတ်တဲ့နားလည်း ရှိတယ်၊ ထောင်ဘို့ရုလဲ အရှာလာတယ်၊ ပြီးတော့ကို.... ဒီအလုပ်ကိုလဲ လုပ်မယ်ဆိုတော့ ခင်ဗျားတို့ ဒါ-နောက်ဆုံးပိတ် ကျွတ်တမ်းတောင်ဝင်နိုင်တဲ့ဘဝ မျိုးလို့ အောက်မေ့သားပါ....(မှန်ပါ့ဘုရား)။

ဒါနဲ့... ရာဓ ပြန်ဆက်ကြစို့.... မာရော မာရောတိ ဘန္တေ ဝုစ္စတိ၊ကိတ္တာဝတာနုခေါ ဘန္တေမာရောတိ၊အရှင်ဘုရားသေမင်း-သေမင်းဆိုတာဘယ်ဟာတုံး(သေမင်းပြောစမ်းပါဘုရားသေမင်း ဘယ်နှစ်ယောက်ရှိသတုံးဆိုဘော့.... ရူပေ ခေါသတိ မာရော အဿ။ ရာဓ-ရာဓရဟန်း ရူပေ= ရုပ်တရားသည်၊သတိ=ရှိသော်၊ မာရော = သေမင်းသည်၊ အဿဘဝေယျ = ဖြစ်ရာ၏....(မှန်ပါ့ ဘုရား)။

ရုပ်ရှိယင် မင်းတို့ကို ရုပ်ကသတ်လိမ့်မယ်တဲ့....(မှန်ပါ့)ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ရူပကွန္ဓာရှိယင် (ရူပကွန္ဓာက သတ်မှာပါဘုရား)ရူပကွန္ဓာက သတ်မှာတဲ့...(မှန်ပါ့) အဲဒါ တောသူ တောင်သားတွေရော၊ မြို့သူမြို့သားတွေရော သေမင်းနဲ့ စစ်ထိုးချင်တယ်လို့.... မသာ များမှာ သူတို့သားသမီးများ သေသွားတဲ့အခါမှာ ထင်လိုက် တယ်...(မှန်ပါ့) သေမင်းနဲ့ စစ်တိုက်ချင်တယ်....တဲ့၊ ဒီလို ထင် တာများ မင်းတို့ ကြားဘူးတယ်မဟုတ်လား (ကြားဘူးပါတယ် ဘုရား)။

သေမင်းနဲ့ စစ်ထိုးချင်တယ်လို့များ သူက ထပြီးငိုလိုက်သေး တယ်....(မှန်ပါ့) သူ့အထဲ သေမင်းကြီးက ဟင်....(မှန်ပါ့) အဲဒါလောက် ကိုယ်ဆုတောင်းထားလို့ ပြည့်တာကိုပင်လျှင် ဒီကျတော့ မကြိုက်ပြန်ဘူး....(မှန်ပါ့ဘုရား)။

နဂိုရှိကတော့လဲ ဒီခန္ဓာငါးပါး သေမင်းနဲ့ ကြုံရပါ လို့၏....(မှန်ပါ့) ဆုံးတောင်းပြည့်ပြန်တော့လဲ မကျေနပ်ဘူး.... (မှန်ပါ့) မပြည့်-ပြည့်အောင်လို့လဲ (တောင်းယူပါတယ်ဘုရား) ပြည့်ပြန်တော့လဲ....(မကျေနပ်ပါဘုရား)။

ဟာ...ခင်ဗျားတို့ကို ဘုရား လက်လျှော့ပြီ....(မှန်ပါ့) ဘုရား လက်လျှော့ပြီ... လျှော့ထိုက်-မလျှော့ထိုက် (လျှော့ထိုက်ပါတယ် ဘုရား) ဒါကြောင့်လဲ ဘုရားတဆူဆူနဲ့ လွှဲခဲ့တာဘဲ... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သာမည လူစွမ်းကောင်းလား အမိုက်ကန်းကုန်နေတာ... (မှန်ပါ့) မဖြစ်- ဖြစ်အောင်၊ သေမင်း မရ-ရအောင်တော့ ဆုတောင်းတယ်၊ သေမင်းက တကယ်သတ်လိုက်တဲ့အခါကျတော့ မကျေနပ်ဘဲ ခင်ဗျားတို့ကဖြစ်ပြန်တယ်၊ မဟုတ်ဘူးလား (မှန်ပါ့ ဘုရား)၊

ဒါဖြင့် ခင်ဗျားတို့ ဟောဘို့တရား၊ ဘုရားသခင် ကိုယ်တော် မြတ်ကြီးဟာ မတောင်းပါနဲ့ဆိုးတော့ သေမင်းကို မရ-ရအောင် တောင်းတယ်၊ သတ်ခဲတော့လဲ မကျေနပ်ဘူးဆိုတော့ ငါဘုရား ဘယ်လို စဉ်းစားရမတုံးဆိုတဲ့ဥစ္စာ ဘုရား-ညည်းစရာပေါ်လာ တယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် ညည်းရှာတယ်၊ ဒီအန္ဓပုတုဇဉ်အကန်းတွေ- ငါ ဘယ်လိုလုပ်ပြီး ဟောရပါမတုံး.... (မှန်ပါ့) သေမင်းကိုလဲ ဆုတောင်းယူတယ်၊ သတ်ပြန်တော့လဲ မကျေနပ်ဘူးဆိုတော့ ဆရာဝန်ကြီးဘဲ စဉ်းစား၊ ဒီအမှုဘယ်လိုဆုံးဖြတ်ချက်ချမတုံး.... ချဘို့က ဘယ်နှယ်နေမတုံး....(ခဲယဉ်းပါတယ်ဘုရား)။

ဒါဖြင့် ဒီ ပုဂ္ဂိုလ်ဟာ နောက်က တကာ တကာတွေ ရှုးချက်သန်·မသန် .... (သန်ပါတယ်ဘုန်း) သေမင်းကိုတော့ ဘာလုပ်သတုံး....(ဆုတောင်းယူပါတယ်ဘုရား)သတ်ပြန်တော့လဲ (မကြိုက်ပါဘုရား)။

သတ်ပြန်တော့လဲ မကျေနပ်ဘူး၊ နဂိုရိုက်တော့ သတ်ဘို့ရာ ဆုတောင်းယူတယ်....(မှန်ပါ့) သတ်လည့်ပါလို့ ဆုတောင်းပြီး ခေါ်ထားတယ်.... (မှန်ပါ့) သတ်ပြန်တော့လဲ... (မကြိုက်ပါဘုရား)။

မကြိုက်ပြန်တော့လဲ နောက်ကျတော့ မသေရသွားပါဘူးမယ်လို့ လာသလား....တဲ့၊ ဒီ့ပြင်နေရာကိုဘဲ၊ လူ့ပြည် နတ်ပြည်ဘဲ ဆုတောင်းပြန်သလား လို့ မေးတယ်... (မှန်ပါ့) တောင်းသေးတာဘဲတဲ့....(တောင်းသေးတာပါဘဲဘုရား) သေချင်သေးလို့ပေါ့.. (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့) ဘယ့်နယ်ဆိုကြမယ် (သေချင်သေးလို့ပါဘုရား)။

ဒါကြောင့် ဘုန်ကြီးက တခါတခါပြောတယ်၊ ဦးမာဒင် တို့လူစု ခင်ဗျားတို့ဟာ သိုးကောင် မိုက်သလို မိုက် နေ တာ... (မှန်ပါ့) သိုးကောင်ကို စင်းတီတုံးပေါ်တင်ပြီး ကုလားကလည်း လှီးလိုက်တယ်ဆို နောက်တကောင်ကပြေးဝင်လာတာဘဲ(မှန်ပါ့ ဘုရား)။

သူ့လဲသတ်ပါဆိုတော့ ခင်ဗျား တို့ကော.... (အဲဒီလိုပါဘဲ ဘုန်းး)အတူတူဘဲ.... (မှန်ပါ့)အတူတူဘဲ ဒီတကာ တကာမတွေ မိုက်ချက်ဟာ လေးချောင်းနဲ့နှစ်ချောင်းကွာသနော်....(မှန်ပါ့) မိုက်ချက်ကတော့ အတူတူဘဲ....(အတူတူပါဘဲဘုရား)။

အဲ....ဒါဖြင့် သေမင်းသိပြီပေါ့ဗျာ....(မှန်ပါ့) ခန္ဓာငါးပါးဟာ သူသတ်ယောကျ်ား ငါးယောက်....(မှန်ပါ့) ခန္ဓာငါးပါးဟာ (သူသတ်ယောကျ်ား ငါးယောက်ပါဘုရား)။

ရှင်းပလား ... (ရှင်းပါပြီ) ဒါဖြင့် ဒီသူသတ်ယောကျ်ား ငါးယောက်ကိုဘဲ ခင်ဗျားတို့က အရ တောင်းထား ပြီး တော့ ပရိတ်ကလေးနဲ့.(မှန်ပါ့ဘုရား)။

အရှင်ဘုရား ပရိတ် ကလေး ရွတ်ခဲ့ ပါဦး၊ တပည့် တော် သူသတ်ယောကျ်ားတွေ့ အပြင်ထွက်ပြေးယင် တပည့်တော်အသေ နည်းတော့မယ်ဆိုသလို ဆရာဝန်ကြီးတို့ ဆုံမ်းကလေး ဘာလေး ကျွေးတဲ့အခါ ပရိတ်ကလေးများဘုရား ချီးမြှောက်ခဲ့ပါဦးတဲ့ ... (မှန်ပါ့ဘုရား)။

ဘာအဝိုင်းခိုင်းတာတုံးလို့ မေးယင် ဘယ့်နှယ် ပြောကြမလဲ ဟင်(သေမင်းထွက်ပြေးသွားမှာစိုးလို့ ပါဘုရား) သေမင်းထွက် ပြေးသွားမှာစိုးလို့ နီးနီးကပ်ကပ်သတ်ပါစေတော့လို့ သူ့ကိုဝိုင်း ပေးထားခဲ့တာ... (မှန်ပါ့) သဘော ကျပလား... (ကျပါပြီ ဘုရား)။

အဲဒီးတာ့ ဒါကအစ်အမှန်ဟာရမယ်ဆိုတာ့ ဒီဘဲပြော ရမယ်... (မှန်ပါ့)သေမင်းက အပြင်ဘက်နေတာ မဟုတ်ဘဲကိုး.... (မှန်ပါ့ဘုရား)။

"ရူပေဓေါရာဓ သတိ မာဓရော၀ါအာသ" ရာဓ=ရာဓရဟန်း။ ရူပေ-ရုပ်တရားသည်၊ သတိ၊ ရှိသော်၊ မာရော၀ါ၊ သတ်သည်၊ အာသာဘဝေယျဖြစ်ရာ၏။ ရုပ်သာရှိလျှင် မင်းသတ်မှာဘဲတဲ့ .... (မှန်ပါ့ဘုရား)။

ဝေဒနာကွန္ဒာရှိယင်လဲ သူကသတ်မှာဘဲ.... (မှန်ပါ့) သညာရှိယင်လဲ.... (သူကသတ်မှာပါဘုရား) စိတ်ဆိုတဲ့ ဝိညာဏ်ရှိယင်လဲ... (ဝိညာဏ်စိတ်က သတ်မှာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဦးမာဒင်က တယောက်ထည်း၊ဆရာဝန်ကြီးက တယောက်ထည်း၊ သတ်မည့်သူက ငါးယောက်၊ဘယ်တော့မဆို အရှုံးပေးရမယဲ.... (မှန်ပါ့) သဘော ကျပလား.... (ကျပါပြီဘုရား)။

နို့.... အခုတပည့်ဘော်တို့ ဘာဖြစ်လို့ မသေဘဲးတာတုံး ဘုရား-သေမင်းရှိလျက်နဲ့ အို...တောင်းပန်ထားလို့....(မှန်ပါ့) မနက် ထမင်း ကလေးနဲ့ တောင်းပန် ထားတယ်၊ ရေကလေးနဲ့ ကော....(တောင်းပန်ပါဘယ်ဘုရား)။

တတ်နိုင်တဲ့ ပုဂ္ဂိုလ်ဖြင့်လဲ ဟောသစ်ကလေးနဲ့ ကျေကာအုပ်လေးနဲ့ မဟုတ်ဘူးလား .... (မှန်လှပါ) ဒါဟာ ဆရာဝန်ကြီး ဘာလုပ်နေတယ် ထင်သတုံး .... (သေမင်း တောင်းပန် တာပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)၊

အဲဒီတော့ ခင်ဗျားတို့က ဒို့ကတော့ နည်းနည်း ကလေး အကြောင်းညီညွတ်လို့ ကောင်းကောင်း မွန်မွန် ချက်စား နိုင်တယ်လို့ ခင်ဗျားတို့ထင်နေတယ်....(မှန်ပါ့ဘုရား)။

မဟုတ်ပါဘူးတဲ့ ကောင်းကောင်း မွန်းမွန် ချက်စား နိုင်တာ မဟုတ်ပါဘူး- ခင်ဗျားတို့ဆေသမင်းတောင်းပန်နေတာ .. (မှန်ပါ့) ပြုန်းကနဲ့ မသတ်လိုက်ပါနဲ့၊ကျုပ်တောင်းပန်နိုင်သ၍ဘောင်းပန်

ပါ့မယ်ဆိုပြီးသလောလ ဘောင်းပန်ပြီးနေရတာ....(မှန်ပါ့) ကျေနပ်ကြရဲ့လား_ (ကျေနပ်ပါဘယ်ဘုရား)။

ဘယ်လိုးနကြသတုံး(တောင်းပန်နိုင်သ၍တောင်းပန်ပြီးနေကြရပါတယ်ဘုရား) ဘယ်သူ့ တောင်းပန်တာတုံး ..(သမင်းကို တောင်းပန်ရဘာပါဘုရား)။

ဆုတောင်းပြီးမှ ကျွန်ဖြစ်ရတယ်.... (မှန်ပါ့)ဆုတောင်းပြီးမှ ဘာတုံး....(ကျွန်ဖြစ်ရဘာပါဘုရား)။

ဒါက အဘိဓမ္မာသဘောမှာဖြင့် ဒီပြင်ပိုပြီးမရှိဘူး....(မှန်ပါ့) သူ့ကိုမရရအောင် ဆုတောင်းတာလဲ ခင်ဗျားတို့ဘဲ.... (မှန်ပါ့) ကျွန်အဖြစ်နဲ့ တောင်းပန် နေရတာကော.... (တပည့်တော်တို့ပါဘုရား)။

တယ်... ခင်ဗျားတို့က လုပ်ပုံကဖြင့် အလွဲချည်းဘဲ... (မှန်ပါ့ ဘုရား)ဆရာဝန်ကြီး ဘယ်နှယ်ဆိုမလဲ.... (လုပ်ပုံအလွဲချည်းပါဘုရား) အလွဲချည်းဘဲ...(မှန်ပါ့ဘုရား)။

ဆုတောင်းတာလဲ ငါတို့သေမင်းကို ဆုတောင်းယူထားတယ် အကောင်းမှတ်ပြီးတော့ .... (မှန်ပါ့) အခုတော့ဖြင့် တောင်းတောင်းပန်ပန်နဲ့နေတိုင်း နေရတဲ့ယ်....(မှန်ပါ့ဘုရား)။

ဆေးနဲ့,ဘောင်းပန်လိုက် အထည်အဝတ်ကလေးခြုံပြီးတော့.... (တောင်းပန် ရပါတယ်ဘုရား) အစဝး အသောက် ကလေးမျှတအောင်ကျွေးပြီးတော့....(တောင်းပန်ရပါတယ်ဘုရား)။

ဖရေတောင်မှ ရေခဲသေတ္တာနဲ့မှ၊ ရေစစ်အိုးနဲ့မှ၊ ရေကျက်အေးနဲ့မှ၊ တောင်းပန်တဲ့ ရေပေါင်း ဘယ်လောက် ရှိသတုံး.... (မျှားပါတယ်ဘုရား)။

ဒါ....ခင်ဗျားတို့က တောင်းပန်တဲ့ ကျွန်ကပေမဲ့ ဘဝင်မြင့်တဲ့ အခါပါသေးတယ်....(မှန်ပါ့ဘုရား)။

သြော်... မရှိတဲ့သူမျာ်းကျွတော့တော်အောင်ပြီး ရှာကြရတာဘဲ....(မှန်ပါ့)ဒို့မှာတော့တတ်နိုင်လို့ ရေအမျိုးမျိုးနဲ့ တောင်းပန်နိုင်တယ်... (မှန်ပါ့ဘုရား)။

ဘာတုံးဗျ-အဲဒါ (သေမင်းတောင်းပန်တာပါ) သေမင်းတောင်းပန်တာမျာ်း ဂုဏ်ယူနေသလား။

သေမင်းတောင်းပန်တာမျာ်း ကိုထွန်းအောင်ဂုဏ်ယူစရာမျာ်းလိုသေးသလား ... (မလိုပါဘုရား) မလိုတော့ဘူးဆိုတာ ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

သို့သော်လဲ ခင်ဗျားတို့ချင်း တန်းခဲ့တာတော့ မဟတ်နိုင်ဘူးပေါ့ဗျာ.... (မှန်ပါ့) ဆရာဝန်ကြီး တချို့ တန်းခဲ့သေးတယ်.... (မှန်ပါ့ဘုရား)။

မခဲ့ဘူးလား.... (ခဲ့ပါတယ်ဘုရား)တန်းခဲ့ဘယ်တဲ့၊ အဲဒါသေမင်းမှန်းမသိတာ (မှန်ပါ့)တောင်းပန်တဲ့ပုဂ္ဂိုလ်ကိုငါကမျာ်းမျာ်းနိုင်တဲ့ပုံ- ငါကမျာ်းမျာ်းတောင်းပန်တယ်လို့ ဆိုတာငါက မျာ်းမျာ်းအောက်ကျတာဘဲ....(မှန်ပါ့) ဘယ့်နှယ်ဆိုမလဲ....(မျာ်းမျာ်းတောင်းပန်းယင် မျာ်းမျာ်းအောက်ကျတာပါဘုရား)။

နို့... မျာ်းမျာ်းဘောင်းပန်တဲ့လူက လူ လူချင်းကတော့ ဘာဖြစ်လို့ သူဘဝင်မြင့်နေတာတုံး၊ ရှုံးလို့.... (မှန်ပါ့-ရှုံးလို့ပါဘုရား)။

မဲ့သီလို့(မှန်ပါ့)ဘကာတကာမတွေ့ ဆိုထိုက်ပလား.... (ဆိုထိုက်ပါတယ်ဘုရား) ဒါက ဥာဏ်နာ်းနဲ့ ထောင်မှ ဥာဏ်နာ်းနဲ့ မဆောင်ယင် တကာတကာမတွေ့မရဘူး...(မှန်ပါ့ဘုရား)။

အခုဥာဏ်နားနဲ့ ထေင်ကြည့်တော့လဲ ဩော်... မိုက်တဲ့အထဲ ဒို့ကဗိုလ်စွဲနေပြန်ပြီ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမယ် .... (မိုက်တဲ့ အထဲ ဗိုလ်စွဲ နေပါတယ် ဘုရား) မိုက်တဲ့အထဲမှာ ဗိုလ်စွဲရတယ်ဆိုတော့ အတော်ဆိုးနေပြီ ဆိုတာ နောက်က တကာတကာမတွေပေါ်ပလား... (ပေါ်ပါပြီ ဘုရား) မိုက်တာရိုးရိုးလား ဗိုလ်စွဲအောင်ဘဲမိုက်သလား...(ဗိုလ်စွဲ အောင်ဘဲ မိုက်ပါတယ်ဘုရား)။

ရှင်းပလား...(ရှင်းပါပြီ) ဒါဖြင့် ဒီလိုလုပ်ကြတော့တဲ့ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက ရာဓ=မင်းကိုသေမင်းတွေ ငါဟော ပြီးပြီကွတဲ့၊ သိပြီနော်....(မှန်ပါ့ဘုရား)။

ဒါဖြင့်ဘုရားတဲ့၊ တပည့်တော်ဒီသေမင်းနဲ့ အိုးစားကွဲအောင် သေမင်းတို့မရှိတဲ့နေရာကိုသာ တပည့်တော် ရောက်အောင်သာ နည်းပေးပါဆိုတော့ သေမင်း-သေမင်းလို့ရှု၊ ရုပ်တွေလဲ သေ မင်းလို့ရှု၊ ဝေဒနာတွေလဲ.... (သေမင်းလို့ ရှုရပါမယ်ဘုရား) ဒီလိုရှုကွာတဲ့၊ ဒီလိုရှုစမ်းပါတဲ့ ...(မှန်ပါ့ဘုရား)။

သေတတ်တဲ့တရားလို့လဲ ရှုပါကွ၊ သေအောင် လုပ်နေတာ သူဘဲလို့လဲရှုပါကွ....(မှန်ပါ့)အနာတွေဆိုတာလဲသူဘဲလို့ ရှုပါ ကွတဲ့ သူတို့က အနာလုပ်ပြီး သတ်တာဘဲ....(မှန်ပါ့ဘုရား)။

ငြောင့်.... တံသင်းသဖွယ် ထိုးသတ်တာကွတဲ့၊ သဘောကျ ပလား....(ကျပါပြီ)အကျိုးမပြီး အချည်းနှီးတရား နှိပ်စက်နေတဲ့ တရားလို့လဲ ရှုပေးပါ၊ အကျိုးမရှိအောင် လုပ်နေတဲ့ တရား မျိုးဘဲ၊ ဒီလိုလဲရှုပေးစမ်းပါတဲ့ ...(မှန်ပါ့ဘုရား)။

ဒါကတော့ ပါဠိတော်လာတဲ့သဒ္ဒါ ကုန်အောင်ပြောလိုက်တာဘဲ- စင်စစ်တော့ သေအောင် သတ်တဲ့ တရား၊ သေအောင် သတ်တဲ့တရား၊ ဝေဒနာကလေး ပေါ်လာလဲ နှိပ်စက် တတ်တဲ့ တရား၊ နှိပ်စက်တတ်တဲ့တရားချည်းရှုပေး....(မှန်ပါဘုရား)။

ဒါသစ္စာနဲ့ ရှုခိုင်းတာ....(မှန်လှပါ)ဓမ္မာနုပဿနာလို့ခေါ်တယ်... (မှန်ပါဘုရား)ရှင်းပလား....(ရှင်းပါပြီ) ဘာနဲ့အရှုခိုင်းသတုံး .... (ဓမ္မာနုပဿနာနဲ့ အရှုခိုင်းပါတယ် ဘုရား) ဓမ္မာနုပဿနာအထဲမှာလဲသစ္စာနဲ့ အရှုခိုင်းတယ်၊သစ္စာဓမ္မာနုပဿနာ (မှန်ပါဘုရား)။

သေအောင်လုပ်တဲ့တရား၊ သေအောင်လုပ်တဲ့တရား၊ သေအောင်သတ်မည့်တရား၊ သေအောင်သတ်မည့် တရားလို့ ကိုယ့်ခန္ဓာကို ကိုယ့်ဉာဏ်ထဲကနေပြီး ရှုပေးစမ်းပါ .... (မှန်လှပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒါတွေသေမင်းတွေ၊ သေမင်းတွေ၊ သေမင်းတွေလို့ ရှုပေးပါ... (မှန်ပါ့) တနည်းအားဖြင့်လဲ နှိပ်စက်တတ်တဲ့တရား၊ နှိပ်စက်တတ်တဲ့တရား၊ နှိပ်စက်တတ်တဲ့တရား ဘာပေါ်ပေါ်ခန္ဓာငါးပါးထဲမှာပေါ်ရာကို နှိပ်စက်တတ်တဲ့တရားလို့ ရှုပေးပါ... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီလိုရှုပေးပါ....တဲ့၊ ကောင်းပြီ ဒီလိုရှုလိုက်တဲ့အခါကျတော့ ဆုံးမက ဆက်မေးပြန်တယ်၊ ကဲ....ဘုရားတပည့်တော်ကတော့ ဒါတွေ သေမင်းတွေ·သေမင်းတွေ နှိပ်စက်တတ်တဲ့တရားတွေလို့ တပည့်တော်က ရှုပါပြီတဲ့၊ ရှုတော့ အမှန်မြင်လာပါပြီဘုရားတဲ့၊

သေမင်းအစစ်လို့ တပည့်တော်စိတ်ထဲမှာ အမှန် မြင်လာပါပြီတဲ့ (မှန်ပါ!) မြင်တော့-ဘာကျေးဇူးရှိသတုံး... တဲ့၊ ဆက်မေးတယ်.... (မှန်ပါ!ဘုရား)။

သမ္မာဒဿနံပန ဘန္တေ ကိမတ္ထိယန္တိ၊ ဘန္တေ=မြတ်စွာဘုရား၊ သမ္မာဒဿနံပန=တပည့်တော် သေမင်းတွေကို မြင်လာတဲ့အခါကျတော့၊ ကိမတ္ထိ = အဘယ်အကျိုး ရှိသတုံးလို့ သူမေးလိုက်တယ်....(မှန်ပါ!ဘုရား)။

သေမင်း-သေမင်းလို့ တပည့်တော် ရှုနေပြီ....တဲ့၊မသအောင်လုပ်တဲ့တရား- သေအောင်လုပ်တဲ့ တရားလို့ တပည့်တော် ဒီတရားကို တွေ့တိုင်း ရှုနေပြီ..တဲ့၊ ဘာကျေးဇူးရှိသတုံး...တဲ့ (မှန်ပါ!ဘုရား)။

ဒီလိုပါ....ကျေးဇူးရှိတယ်ဆိုတာ မင်းမှတ်ထားက္ခ....တဲ့၊ ဒီလို ရှုဖန်မျှားလာတဲ့အခါကျတော့ နိဗ္ဗာန်ဖြစ်လာလိမ့်မယ်၊ ငြိုးငွေ့လာလိမ့်မယ်က္ခ....တဲ့...(မှန်ပါ!) သူ့ကို ငြိုးငွေ့ မုန်းလာမယ်တဲ့၊ သဘောကျပလား... (မှန်ပါ!) မမုန်းပေဘူးလား....(မုန်းပါတယ်ဘုရား)။

ဘယ်နှယ်ဗျာ.... ကိုယ့်နှိပ်စက်တတ်တဲ့တရားကို သိလဲ သိပြီ.... အမှန်လဲသိပြီ၊ အမှန်လဲ မြင်တယ်ဆိုတော့ သူ့ကို မုန်းမလား.... မမုန်းဘူးလား၊ ခင်ဗျားတို့ဘဲ တွေးကြည့်ပါ... (မုန်းပါတယ်ဘုရား) မုန်းမှာဘဲ၊ ဦးမာဒင်တို့- ဆရာဝန်ကြီးတို့ မုန်းရမှာဘဲ.... (မှန်လှုပါ)။

ဩော်.... ဒါဖြင့် ဘုရားတပည့်တော် ရှုတဲ့ပုဂ္ဂိုလ်မှာ ရှုနိုင်သလောက် ရှုလို့ သေမင်း၊ သေမင်းလို့ နှိပ်စက်တတ်တဲ့တရားလို့ ရှုနေ၊ သေမင်းလို့ ရှုနေ၊ နှိပ်စက်တတ်တဲ့ တရားလို့ ရှုနေ၊ ဒါသစ္စာရှုခိုင်းတာ၊ ဒုက္ခဿပိုဋ္ဌနဌောလို့ ဆိုတာကို ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ရိုးရာဟောနေကြတာကတော့ အနိစ္စ-ဒုက္ခ-အနတ္တ-ဘဲ ဟောတယ်၊ အဲဒါက ဒါလောက် မကြောက်ဘူး၊ ဒါကို ဟောမှ ကြောက်ကြတယ်....(မှန်ပါ့ဘုရား)။

နှိပ်စက်တတ်တဲ့ တရား- သေအောင် လုပ်နေတဲ့တရား....လို့ ဆုတောင်းထားတဲ့ပုဂ္ဂိုလ်ကို သတ်မည့်တရား၊ သဘောကျပလား (မှန်လှပါဘုရား)။

အဲဒီလိုရှုလိုက်တဲ့အခါကျတော့.... ရှုဖန်များလာတော့ ဘာအကျိုးရှိသတုံးဆိုတော့ နိဗ္ဗိဒတ္ထံ... တဲ့၊ မင်းမှာ ငြီးငွေ့တဲ့ ဥာဏ်တွေ လာတော့မယ်တဲ့-(မှန်ပါ့) မလာဘဲနေပါဆိုလို့ကော (မနေပါဘုရား) သေသေချာချာလာရမယ်.... (မှန်ပါ့ဘုရား)။

သေမင်း-သေမင်းလို့သာရှုနေ၊ ဝေဒနာပေါ် သေမင်းလို့သာရှုနေ၊ စိတ်ပေါ်ယင်တော.... သေမင်းလို့ဘဲရှု....(မှန်ပါ့) သေမင်းလို့ရှု၊ သေအောင်လုပ်တတ်တဲ့တရား- ခင်ဗျားတို့ ကြိုက်သလိုရှု... (မှန်ပါ့) သူကဘော့ဖြင့် မလွဲပါဘူး(မှန်ပါ့ဘုရား)။

သူသတ်ပရိယာယ်တွေကို ခင်ဗျားတို့ ဘယ်လိုပြောပြော-သူကဖြင့် သတ်တတ်တဲ့စွမ်းရည်သဘ္ဘိတော့ မလျော့ဘူး(မှန်ပါ့)

လျှော့ပါ့မလား....(မလျှော့ပါဘုရား) မလျှော့ဘူးလို့မှတ်ထား ပါ... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) သဘောပါ ပလား... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီလို သေမင်း-သေမင်းလို့ ရှုဖန်များလာတော့ ဘာ ဖြစ်မတဲ့တုံး ဦးမာဒင်တို့... ငြီးငွေ့လာတယ်... (မှန်ပါ့) သဘော ကျပလား(ကျပါပြီ) ရှုဖန်များလာယင်... (ငြီးငွေ့လာပါ့တယ် ဘုရား)။

မငြီးငွေ့ပါနဲ့ဆိုလို့တော့... (မရပါ့ဘုရား)မရဘူးတဲ့၊ ဒီဟာ တွေ မြင်တိုင်းမြင်တိုင်းကို မတွေ့ချင်ပါဘူး၊ မကြုံချင်ပါဘူး၊ ကိုယ့်ရန်သူတွေဘဲဆိုပြီး ဒီစိတ်လာရမှာလား၊မလာရဘူးလား.... (လာရမှာပါဘုရား)။

အဲဒါငြီးငွေ့လာလိမ့်မယ်ဆိုတော့ ခုနင်ကဟာက သေမင်း သေမင်းလို့ရှုတာကယတာဘူတဉာဏ်၊ငြီးငွေ့တာကနိဗ္ဗိန္ဒဉာဏ် တက်သွားပြီ .... (မှန်လှပါ)သဘောကျပလား ... (ကျပါပြီ) ဒါက အလုပ်သမားတွေ လုပ်ရတော့မယ်....(မှန်ပါ့ဘုရား)

ဒါနဲ့....ရာဓ-ကဆက်မေးတယ်၊ နိဗ္ဗိန္ဒဉာဏ်တော့တက်ပါပြီ ဘုရားတဲ့၊ သေမင်းလို့ရှုလိုက်လို့ ဟုတ်တိုင်းမှန်စွာ သေမင်းလို့ သိပါပြီ၊ သိပြီးသည့်နောက် ရှုဖန်များတဲ့အခါကျတော့သူသတ် တွေကိုမုန်းရွံလာပါပြီ၊နိဗ္ဗိန္ဒဉာဏ်ဖြစ်ပြီးတော့ကိုဘာကျေးဇူး ရှိမတုံးတဲ့ ဆက်မေးတယ်....(မှန်ပါ့ဘုရား)။

နိဗ္ဗိန္ဒဉာဏ် ဖြစ်ပြီးပြီ ဘုရား၊ ဘာကျေးဇူးရှိ သတုံးလို့ မေးတဲ့အခါကျတော့၊ နိဗ္ဗိဒါခေါရာဓ-ငိရတ္တာ၊ နိဗ္ဗိန္ဒဖြစ်ဆို ကိုလေသာ ရာဂကင်းတယ်တဲ့....(မှန်ပါ့ဘုရား)။

ရှုဖန်များယင် ငြိးငွေ့ပြီးယင် ချုပ်သွားလိမ့်မယ်တဲ့....(မှန်ပါ့) မင်းပေါ်လာလိမ့်မယ် ပြောလိုက်တာ .... (မှန်ပါ့) သဘောပါ ပလား... (ပါ-ပါပြီဘုရား)။

ဘာပေါ်လာမလဲ....မဂ်ပေါ်လာမယ်ပြောတာပါ) အဲ-ဝိရတ္တာ ရာဂကင်းခြင်းအကျိုးရှိတယ်၊ ဝိရာဂေါတိမဂ္ဂေါတဲ့၊ အဌကထာ ဆရာကဖွင့်တယ်၊ တခါတည်း မဂ်ဉာဏ် ပေါ်လာမယ်တဲ့.... (မှန်ပါ့)ကဲ....မဂ်ဉာဏ်ဝေးသလား....(မဝေးပါဘုရား)။

ဒါဖြင့်ခင်ဗျားတို့ (၁)နံပါတ်သေမင်းကိုမြင်အောင်ကြည့်ဘို့ အရေးကြီးတယ်.... (မှန်ပါ့)သဘောပါပြီနော် .... (ပါ-ပါပြီ) (၂)နံပါတ်သေမင်းကို ရှုဖန်များလာလို့ရှိယင် ခင်ဗျားတို့မမုန်း နဲ့ဆိုလို့မရဘူး၊ မုန်းဉာဏ် တက်လာလိမ့်မယ် .... (မှန်လှပါ ဘုရား)။

(၃)နံပါတ်ကတော့ဖြင့် သူနဲ့ကိုဘဲ သူ့အပေါ်မှာ နဂိုရ်ကမှ သေမင်းပင်ဖြစ်ငြားသော်လဲ မတတ်သာပေါင်း- ပေါင်းဆိုတာ ရှိသေးတယ်....(မှန်ပါ့ဘုရား)။

နောက်ကိုဖြင့် မင်းတို့လုံးဝ ငါမဆက်သွယ်တော့ပါဘူးဆိုတဲ့ မဂ်ဉာဏ်ပေါ်လိမ့်မယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါ ပြီ)ဒါဖြင့် သုံးဉာဏ်နဲ့ မဂ်ပေါ်တယ်....(မှန်လှပါဘုရား)။

နိဗ္ဗာန်ဖြစ်လျှင် ဘာကျေးဇူးရှိသတုံး ဘုရားလို့ ဘုရားကိုသူ တိုက်ရိုက်လျှောက်တယ်.... (မှန်ပါ!) ဝိဆာဂ အကျိုးငှါ ဖြစ်ပါ တယ်ကွတဲ့....(မှန်ပါဘုရား)။

ဝိဆာဂဆိုတာ ဘာတုံးလို့ မေးယင် မင်္ဂလာလိမ့်မယ် ပြောတာ....(မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီ) ဝိဆာဂဆိုတာ ဘာပါလိမ့်....(မင်္ဂလာမယ်ပြောတာပါဘုရား)မင်္ဂလာ မယ်၊ မဂ္ဂင်ငါးပါးက ရှစ်ပါးတခါတည်းဖြစ်လာမယ်.... (မှန်ပါ့ ဘုရား)။

ဒါဖြင့်(၁)နံပါတ်နေရာတုံးက မဂ္ဂင်ငါးပါးနဲ့ရှုတယ်၊ (၂) နံပါတ်နေရာမှာလဲ ငါးပါးနဲ့ရှုတယ်၊ (၃) နံပါတ်ကျယင် ရှစ် ပါးဖြစ်လာမယ်_(မှန်ပါ့)ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

မပြီးသေးဘူး၊ဆုဓက နို့....မင်္ဂလာပါပြီဘုရားတဲ့၊မင်္ဂလာ ပြီးတော့ကို ဘာကျေးဇူးရှိသတုံး၊ ရှေ့ကိုတဲ့ဝိမုတ္တာတ္ထံ ပေါ့ကွာ တဲ့၊ ဖိုလ်ပေါ်လာတယ်တဲ့၊ မင်္ဂလာပြီးယင် ဖိုလ်ပေါ်လာဘာပေါ့ တဲ့....(မှန်ပါ့ဘုရား)။

မင်္ဂဉာဏ်ပြီးတော့ ဖိုဉာဏ်ရတယ်ဆိုတာ ကျေနပ်ပါပြီဘဲ့.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) မင်္ဂဉာဏ်ပြီးတော့ ဖိုလ်ဉာဏ် ဆုတောင်းရသေး သလား.... (မဆုတောင်းရပါဘုရား) မတောင်းရဘူး၊ ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဒီတွင်ဆက်ပြီး သကာလမေးပြန်တယ်၊ နိဗ္ဗာန် ရောက်တော့ ကော ဒီ့ပြင်က ဘာမျှးကျေးဇူးရှိသေးသတုံးဆိုတော့ နိဗ္ဗာန်

ရောက်ဆိုတာက မင်းကိုယ်တိုင် အခုအာရုံပြုလို့ ရောက်တယ်၊ မင်းမေးစရာလဲကုန်ပြီတဲ့၊ ချမ်းသာအစစ် ဒါဘဲရှိတယ် ဆိုတာတာသံသရာလုံးပြုခဲ့သ၍၊ ဒါနပြုခဲ့သ၍၊ သီလလုပ်ခဲ့သ၍၊ ဥစ္စာလဲအသိဉာဏ်ရှိတဲ့ဘဝ ဒါရှာတာတွေ့ယင် လမ်းဆုံးဒါဘဲတဲ့ .... (မှန်ပါ့) ဒါလမ်းဆုံးဟာလိုက်ဒါဘဲ.... (မှန်ပါ့)ရိပ်မိပလား.... ရိပ်မိပါပြီဘုရား)။

ဒါဖြင့်....ယနေ့ဟာသံဃတက တကာတကာမတွေ့ခန့်ဘင်းပါးကို ခင်ဗျားတို့နဂိုရိုကလဲ လုပ်ဘူးကြတာ ရှိလို့ရှိယင် ဝေဒနာကြိုက်ယင် ဝေဒနာကို နှိပ်စက်ပြန်ပြီလို့သာ ရှုစေန .... (မှန်ပါ့ဘုရား)။

သုခဝေဒနာလာလဲ နှိပ်စက်ပြန်ပြီ၊ ဒုက္ခဝေဒနာလာကော.... (နှိပ်စက်ပြန်ပြီ) ဥက္ခာဒဝေဒနာလာကော .... (နှိပ်စက်ပြန်ပြီ) နှိပ်စက်ဘယ်၊ နှိပ်စက်တယ်ချည်းသာ ရှုပါတဲ့....(မှန်ပါ့) ရှင်းပြီနော် . (ရှင်းပါပြီဘုရား)။

ဒုက္ခဝေဒနာ နှိပ်စက်တာကတော့ ခင်ဗျားတို့ ထင်ရှားပါပြီ.... (မှန်ပါ့) သုခဒုဝေဒနာလဲ နှိပ်စက်တာဘဲ၊ သဘောကျပလား... (ကျပါပြီဘုရား)။

တချို့ သုခဝေဒနာက ခင်ဗျားတို့စဉ်းစားကြည့်ပါတဲ့၊ သုခဝေဒနာသတ်တဲ့ဥစ္စာ စားကောင်းလို့ သေသွားတဲ့ ပုဂ္ဂိုလ်တွေ့ဆရာဝန်ကြီး စားကောင်းတဲ့အနာတွေနဲ့ သေတာတွေ့လဲ ရှိတာဘဲ .... (မှန်လှပါ) သုခဝေဒနာ သတ်ချ လိုက်တာ .... (မှန်ပါ့ဘုရား)။

ဥပေက္ခာဝေဒနာသတ်တာကလဲဥပေက္ခာဝေဒနာစက္ခုသောတ ဃာန ဇိဝှါဖြစ်တယ်၊မြင်ပြီးတော့လန့်သွားတယ်၊ဒါဥပေက္ခာ ချည်းသတ်တာ....(မှန်ပါ့ဘုရား)။

သဘောကျပလား....(ကျပါပြီ) ကြားတာနဲ့ လန့်သေတာ တွေကော....(ရှိပါတယ်ဘုရား) ဥပေက္ခာကသတ်တာ .... (မှန်ပါ့ ဘုရား)။

နံ...တာနဲ့၊ အနံ့တွေနဲ့ဘဲ တပည့်တော်ဖြင့်ဘုရား ထကို မထနိုင်တော့ဘူး၊တခါတည်း လေးလံလာတာဘဲဆိုတာ အနံ့က သတ်တာ...(မှန်ပါ့ဘုရား)။

ဒီအနံ့ကြောင့် ဥပေက္ခာဝေဒနာမပေါ်ဘူးလား.... (ပေါ်ပါ တယ်ဘုရား) အဲဒီဝေဒနာ သတ်ချ လိုက်တာ .... (မှန်လှပါ ဘုရား)။

ဒါကြောင့် ပဥ္စမစျာန် ပြဟ္မာတွေကျတော့ ဥပေက္ခာဝေဒ နာကသတ်တာ-(မှန်ပါ့)အောက်ပြဟ္မာတွေ သောမနဿ ဝေဒ နာသတ်တာ....(မှန်ပါ့ဘုရား)။

သောမနဿသတ်ချလိုက်တာ...(မှန်ပါ့) လူ့ပြည် ရောထဲခုန် ဆင်းတာဟာ ဒေါမနဿသတ်ချလိုက်တာ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝေဒနာသုံးပါးဟာ သူသတ်ယောကျ်ားချည်းဘဲ.... (မှန်ပါ)ရှင်းပသား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနာရှုတဲ့ တကာတကာမတွေလဲ ဘယ်ဒေဒနာ ပေါ်ပေါ် နှိပ်စက်ပြန်ပြီ၊ နှိပ်စက်ပြန်ပြီလို့ရှု .... (မှန်ပါ့ ဘုရား)။

သေအောင်သတ်ဖြတ်ပြီး သေအောင်သတ်ဘို့သူသည် ဒို့အ
ပေါ်မှာ နှိပ်စက်ပြန်ပြီ၊ ဒီလိုချည်းရှုနေ.... (မှန်ပါ့ဘုရား)။
ရှုလိုက်ယင် မုန်းလာတယ်၊ မုန်းလာလို့ ရှိယင်ဖြင့် သူနဲ့
မပေါင်းသင်းချင်တဲ့ မဂ်ပေါ်ပါလိမ့်မယ်၊ သုံးဥာဏ်ထဲပါ....
(မှန်ပါ့)ထုဓ·သုဘ်မှာလဲ ဒီအတိုင်းဘဲ .... (မှန်ပါ့ဘုရား)။
ရှင်းပြီနော်.. (ရှင်းပါပြီဘုရား) သဘောပါ့ပလား.... (ပါ-
ပါပြီဘုရား)။

ကဲ....ဒီနေ့ ဒီဘွဲ့ တော်ကြဦးစို့.... ။

သာဓု....သာဓု.. သာဓု....

သို့ရာတွင် အခုအခါမှာ ဆုပ်ကပ်လို့ ဆိုပြီး သကာလ တကာ တကာမတွေလဲ သိကြတဲ့အတိုင်း ဆုပ်တယ်၊ လောဘ၊ ဒေါ့သ၊ မောဟ အားကြီးလာတာ ဆုပ်ခြင်း၏ အကြောင်းဘဲ ဆိုတာလဲ သိပြီးသားဘဲဆားပါတော့.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရား ပရိနိဗ္ဗာန် စံသွားတာ နှစ် ပေါင်း ဘယ်လောက်ရှိပြီတုံးလို့ မေးလို့ရှိယင်ဖြင့် တကာတကာမတွေ သိတဲ့အတိုင်းဘဲ.... (၂,၅၀၀) ကျော်သွားပြီဘုရား၊ မဖြေရပေဘူးလား....(ဖြေရပါတယ်ဘုရား)။

(၂,၅၀၀)ကျော်သွားပြီဆိုတာ အားလုံးတကာတကာမတွေလဲ သိကြတယ်....(၂,၅၀၀)အထိမ်းအမှတ်တွေတောင်လုပ်ခဲ့ကြသေးတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဆုတ်တယ်၊ ဆုတ်တယ်၊ အသက်တမ်း ဆုတ်တယ် ဆိုတာလဲ မှတ်ထားကြပါဦး၊တရာမှာ တနှစ်ဆုတ်ရတယ်၊ အနှစ်တရာဆိုလို့ရှိယင် တနှစ်နောက်လျော့တယ်၊ အနှစ်တရာဆိုလို့ရှိယင်....(တနှစ်နောက်လျော့ပါတယ်ဘုရား)။

အဲဒီတော့ (၂,၅၀၀)ဆိုတော့ အနှစ်အစိတ် နှုတ်ရလိမ့်မယ် နှုတ်ရတော့အခု(၇၅)နှစ်သက်တမ်းဘဲရှိတယ်... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) (၇၅)နှစ်တမ်းဘဲရှိမယ်ဆိုတာ၊ အားလုံးတကာတကာမတွေမှတ်ပါ....(မှန်ပါ့ဘုရား)။

အခုမွေးတဲ့ပုဂ္ဂိုလ်တွေ အသက်အတိုင်းရှည်ယင် ဘယ်လောက်ရှည်ပါ့မလဲ... (၇၅-နှစ်ပါဘုရား) အို....အင်မတန် ကံထူးလို့ ရှည်တာကို မထည့်နဲ့ ပျမ်းမျကြေးကိုကြည့်.. (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ (၇၅) နှစ်တမ်းသုံးပုံ ပုံလိုက်ဆိုတော့ အစိတ်စီပေါ့ဗျာ... (မှန်ပါ့) သုံးပုံ- ပုံလိုက်တော့ ဘယ်လောက်ရသလဲ... (အစိတ်စီရပါဘယ်ဘုရား)။

အစိတ်စီဆိုတော့ အရွယ်သုံးပါးကို ပဌမ အစိတ်က တပါး၊ ဒုတိယအစိတ်ကတပါး၊ တတိယအစိတ်ကတပါးဆိုတော့ သုံးပါး မနေဘူးလား....(သုံးပါး ပါဘုရား)။

အရွယ်သုံးပါးဖြစ်ပြီး သကာလ သွားတော့ တပါးပါးမှာ မင်းတို့သည် သူတော်ကောင်း အ လုပ် လုပ် ကြ၊ အစအဆုံး သားရေး၊ သမီးရေး၊ စီးပွားရေးဆိုတဲ့၊ငါးပါးအာရုံ ကာမဂုဏ်ကို မလိုက်စား ကောင်းဘူးလို့ ဟောလိုက်တယ် .... (မှန်ပါ့ဘုရား)။

သဘောကျပလား ... (ကျပါပြီ) အဲဒီတော့ အခုအရွယ် သုံးပါးရှိတဲ့ အနက်က ပဌမအရွယ်မှာ ဘယ်သူမှ မလိုက်နိုင်လို့ အသာထားပါ၊ အစိတ်လောက်မှာ....(မှန်ပါ့ဘုရား)။

ဒုတိုယအရွယ်လိုက်ဘို့သင့်တယ်(မှန်ပါ့) ဟာ.... မလိုက်နိုင်သေးပါဘူးဘုရား၊ ဒီအခါ အိမ်ထောင် လျက်သားတွေနဲ့ သားတွေ၊သမီးတွေ လူလား မမြောက် သေးလို့ စီးပွားရေး အခြေအနေလဲမညီညွတ်သေးလို့ ထားလိုက်ပါတော့ အနှစ်ငါးဆယ် ပြည့်သွားတယ်... (မှန်ပါ့ဘုရား)။

ဒီအသက်(၂၅)နှစ်သာ နေဘို့ရာရှိတယ်ဆိုတာ ပြောဘို့မလို တော့ဘူး....(၇၅)နှစ်တန်းကိုး....(မှန်ပါ့ဘုရား)။

အဲဒီ(၂၅)နှစ်မှာဖြင့် တကာကြွယ်တို့ တကာသိုက်တို့ ဒီသူ ကော်ကောင်းအလုပ်နဲ့ အချိန်ကုန်ရမယ် .... (မှန်ပါ့) နို့.... မဟုတ်လို့ရှိယင် ပဌမအရွယ်လဲ မသိမိုက်မှားမှုနဲ့ အချိန်ကုန် တယ်....(မှန်ပါ့ဘုရား)။

ဒုတိယ အစိတ်မှာလဲ တကာတကာမတွေ သိပြီးသားအတိုင်း သားရေး၊ သမီးရေး၊ စီးပွားရေးကို အရေးတကြီးလုပ်နေရတာ နဲ့ဘဲ မလိုက်နိုင်ဘူး... (မှန်ပါ့ဘုရား)။

ငါးဆယ်ကျော်တယ် ဆိုလို့ ရှိယင်ဖြင့် ဒါလိုက်မိအောင်ကို လိုက်ပါမှ(မှန်ပါ့)မလိုက်မိလို့ရှိယင်ဖြင့် တကာတကာမတို့သည် မြုပ်လမ်း-မျောလမ်းဆိုတာကတော့ဖြင့် သေချာတယ်လို့ မှတ် ထားလိုက်ပါတော့... (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့က အရွယ်သုံးပါး· တပါးပါး ကြိုးစား ဆိုဘာက ပဌမ အရွယ် ကြိုးစားနိုင်လဲ ကြိုးစား အစိတ်လောက် နော်. (မှန်ပါ့ဘုရား ။

ဟာ . မကြိုးစားနိုင်ဘူး၊ ဒုတိယအရွယ်ကြိုးစား၊ ဟာ....ဒါမှ မကြိုးစားနိုင်ခဲ့ဘူးဆိုယင် တတိယ အရွယ် ကြိုစား ဖြစ်အောင် ကြိုးစားပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ပျမ်းမျှကြေး ဟောရလို့ရှိယင် တတိယ အရွယ် ကြိုးစားတို့ဘဲ ဘုန်းကြီးများက ဟောရတယ်....(မှန်ပါ့ဘုရား)။

"တိဏ္ဏ အညတရံယာမံ၊ ပဋိဇဂ္ဂေယျပဏ္ဍိတော" အရွယ် သုံးပါးရှိတဲ့ အနက်က ပညာရှိပုဂ္ဂိုလ် ဖြစ်ချင်လို့ရှိယင်ဖြင့်

ပညာနဲ့ နိဗ္ဗာန်သွားချင်လို့ ဒုက္ခခပ်သိမ်း ငြိမ်းချင်ကြလို့ ရှိယင်ဖြင့်၊ တတိယအရွယ်မှာ ကြိုးစားပါဆိုတော့(၅၁)နှစ်က စ၍ ကြိုးစားပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဟာ....အဇ္ဇေဝ သုဝေဝနဲ့ ဆိုလို့ရှိယင်ဖြင့် ပဋ္ဌမအရွယ်လဲ ကြိုးစားမှ ကောင်းတယ်....(မှန်ပါ့) ဒုတိယအရွယ်လဲ(ကြိုးစား ရမှာပါဘုရား)။

ကြိုးစားမှ ကောင်းတာချည့်တဲ၊ အဇ္ဇေဝ သုဝေဝနဲ့ကြည့် (မှန်ပါ့ဘုရား) အဲဒီအထဲက လွန်မြောက်ပြီး အဇ္ဇေဝ သုဝေဝ ယနေ့လား- နက်ဖြန်လား၊ တပည့်တော်တို့ မသိပါဘူး- မသိ ပေမဲ့ တပည့်တော်တို့ တော်တော်အသက်ရှည်တာတယ် ဆိုယင် ဖြင့် ငါးဆယ်ကျော်ယင် ကြိုးစားမှတဲ...(မှန်ပါ့) သတောကျ ပလား....(ကျပါပြီဘုရား)။

အကယ်၍ မကြိုးစားလို့ရှိယင်ဖြင့် တကာတကာမတို့ မြုပ် လမ်း မျောလမ်းမှတပါး သွားရာလမ်းခွဲ မရှိဘူးလို့မှတ်ထား လိုက်စမ်းပါ...(မှန်ပါ့)မြုပ်လမ်း-မျောလမ်းမှတပါး လမ်းခွဲမရှိ တော့ပါဘူးဆိုတာ မှတ်ထားပါ....(မှန်ပါ့ဘုရား)။

အဲ .... ဒီတော့ ဝိပဿနာမဟောခင် ဝတ္ထုတိုကလေးတခု ပြောပါဦးမယ် တကာတကာမတွေ၊ အရွယ်သုံးပါး လိုက်ရမယ် ဆိုတဲ့ဥစ္စာဟာ တကာကြွယ်တို့ မှတ်ရလိမ့်မယ်...(မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့်မလဲဆိုတော့ ဘုန်းကြီးတို့ ဘုရားအလောင်း နုစဉ်အခါတုံးကပေါ့ဗျာ၊ နုဆိုတာ ပါရမီ မပြည့်သေးတာကို ဆိုသည်....(မှန်ပါ့) အဲဒီအခါတုန်းက သူသည်ကား ဆိုလို့

ရှိယင်ဖြင့် ရှင်ဘုရင်၏သား ဖြစ်ခဲ့ပါတယ်၊ သဘောကျပလား.... (ကျပါပြီဘုရား)ဘုရားအလောင်းက ဘာဖြစ်သတုံး... (ရှင်ဘုရင်၏သား ဖြစ်ပါတယ်ဘုရား)။

သူ့နာမည်ကို မေးလို့ရှိယင်ဖြင့် အရိန္ဒမ မင်းသားကလေးလို့ခေါ်သည်...(မှန်ပါ့)သူဟာ အားယ်ကလေးရှိပါသေးတယ်၊ အဲဒီ သူ့အဖေကို ပုရောဟိတ်လုပ်နေတဲ့ ပုဏ္ဏားကြီးရဲ့ သားကလဲ သောနက ဆိုတာသည် တကာတကာမတွေ့ ကြားဘူးတဲ့ အတိုင်း ဖွားဘက်တော် ဖြစ်နေပါတယ်.... (မှန်ပါ့) အရိန္ဒမ မင်းသားနဲ့ ဖွားဘက်တော်ဖြစ်နေတယ်။

သူတို့သည်(၁၂)နှစ် (၁၃)နှစ်ဆိုလို့ရှိယင်ဖြင့် ရှင်ဘုရင်၏သား အရိန္ဒမနဲ့ ပုရောဟိတ်ကြီး၏သား သောနကနဲ့ အသုဂြာထောင်ထုပ်တွေပေးပြီး တက္ကသိုလ်ပြည်ကို ပညာသင်နှစ်ယောက်တဲ့ပြီး အဖေါ်အဖြစ်နဲ့ လွှတ်လိုက်တယ်.... (မှန်ပါ့ဘုရား)။

လွှတ်လိုက်တဲ့ အခါကျတော့ တက္ကသိုလ်ပြည်ကို ရောက်ကြပါတယ်ဆိုကြပါစို့... (မှန်ပါ့) မင်းသားတို့ တတ်အပ်တဲ့အတတ်တွေ အကုန်သင်ပေးတယ် တက္ကသိုလ်ဆရာကြီးက ပုရောဟိတ်ပုဏ္ဏားကြီး၏ သားကိုလဲ ပုရောဟိတ်တို့၏ အတတ်တွေကိုအကုန်သင်ပေးတယ်....(မှန်းပါ့ဘုရား)။

သူဘို့ နှစ်ယောက်သည်းကားလို့ ဆိုလို့ရှိယင်ဖြင့် အတတ်စုံပြီးသကာလ အသက်နှစ်ဆယ်လောက်ရှိတော့ ပြန်လာကြတယ် ဆိုကြပါစို့....(မှန်ပါ့) ပြန်လာကြသည့်အခါ သူတို့သည်ကား

လို့ဆိုယင် တက္ကသိုလ်ပြည်ကနေပြီး အရိန္ဒမပြည်ကို ပြန်လာတဲ့အခါမှာ သူတို့သည် တခုသော မင်္ဂလာဆောင်အခမ်းအနားမှာ ဝင်ကြတယ်....(မှန်ပါ့ဘုရား)။

မင်္ဂလာဆောင် အခမ်းအနား ဝင်ကြတဲ့အခါ တယောက်သောပုဂ္ဂိုလ်ကို မင်္ဂလာ အခမ်းအနားကနေပြီး အဝတ်ဖြူခင်းပေးတယ်၊ တယောက်သော ပုဂ္ဂိုလ်ကို အဝတ်နီခင်းပေးတယ်၊ ခင်းပေးတော့ ခုနင်က ပုရွေဟိတ်၏သား သောနက-က အင်တို်ဖြူပေါ်ထိုင်ဘို့ရာ အခွင့်အရေးရတယ်၊ အရိန္ဒမ မင်းသားက အဝတ်နီပေါ် ထိုင်ခွင့်ရတယ်။ ထိုင်ကြတယ် သို့သော် သူတို့ ဗေဒင်ကိန်းခန်း အလုံးစုံအကုန်တို့နဲ့ သူတို့ဟာ အင်္ဂဝိဇ္ဇာနည်းနဲ့ အကဲခတ်ကြည့်တဲ့အခါကျလို့ ရှိယင် တယောက်သော ပုဂ္ဂိုလ်က ထွက်ရသမ်းပေါက်မည့်ပုဂ္ဂိုလ်၊ အဖြူပေါ် ထိုင်မိတဲ့ပုဂ္ဂိုလ်က.... (မှန်ပါ့ဘုရား)။

တယောက်သော ပုဂ္ဂိုလ်က ငါးပါးအာရုံ ကာမဂုဏ် ပျော်မည့်ပုဂ္ဂိုလ် သူတို့ဟာ သူတို့သိတယ် ... (မှန်ပါ့) ထိုင်ခွင့်ပေးကတည်းက တကာကြွယ်ရေ· သူတို့နိမိတ် သူတို့သိတယ်။

ဒါနဲ့ဘဲ သူတို့သည်ကားဆိုယင် မင်္ဂလာ အခမ်းအနားမှာ တက္ကသိုလ်ကပညာတော့်ယူလာပြီးမင်္ဂလာရှိတဲ့စကားတွေသုံး၊ မင်္ဂ ရှိတဲ့ ဂါထာတွေ ရွတ်ဖတ်ပြီး မင်္ဂလာဆောင်မှာ စားသောက်နေပြီးသကာလ သွားကြပြန်တာပေါ့လေ၊ တိုင်းပြည်ပြန်ကြတယ်....(မှန်ပါ့ဘုရား)။

တိုင်းပြည်ပြန်တဲ့အခါ သူတို့ ဟော်တော်ကလေး သွားမိတော့ အဲဒီတိုင်းပြည်မှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ ရှင်ဘုရင်က နတ်ရွာစံဘယ်၊ သူတို့အဖေ မဟုတ်သေးဘူးနော်.... (မှန်ပါ့ဘုရား)။

လမ်းမှာတွေ့ရတာ-လမ်းမှာတွေ့ရတာ... (မှန်ပါ့)အဲဒီမှာလဲ ရှင်ဘုရင်က သားယောကျ်ား မထွန်းကား သမီးတယောက်သာ ကျန်ရစ်ခဲ့တယ်။ (၁၅)နှစ်(၁၆) နှစ်အရွယ်....(မှန်ပါ့) အဲဒီ တိုင်းပြည်နဲ့ မနီးမဝေးမှာ သူတို့က တိုင်းပြည်ပြင်ဘက် တခု သောနေရာမှာ အခမာအပန်းဖြေ နားနေကြတယ်... (မှန်ပါ့ ဘုရား)။

သောနကနဲ့အရိုန္ဒမနဲ့ ထိုကဲ့သို့ နားပြီးနေကြတဲ့ အချိန်မှာ ဟိုတိုင်းပြည်ကလဲ ရှင်ဘုရင်နတ်ရွာစံလို့ (၇)ရက်ရှိပြီး၊ သင်္ဂြိဟ် ကိုးစွဲတော့ပြီး၊ ဒို့တိုင်းပြည်မှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ပဂိုလ်မရှိယင်ဖြင့် မခံတော်ဘူး၊ မင်းရှာကြစို့ ဆိုပြီးသကာလ ရွေးက ထိုက်ဘဲ့ပဂိုလ် ဆိုက်စေသတည်း ဆိုပြီး မြင်း က,ပြီး သကာလ မင်းမြောက်တန်ဆာဘွဲ့ ရထားပေါ်တင်ပြီး ဖုတ် သင်းရထား လှတ်လိုက်တယ်ဆိုတာ ခရွေးကထုံးစံ .... (မှန်ပါ့ ဘုရား)။

အဲဒီကဲ့သို့ လှတ်လိုက်ပါတယ်၊ လှတ်လိုက်တဲ့အခါ ကျလို့ ရှိယင်ဖြင့် ဖုတ်သင်းရထားက မြို့အရှေ့ကထွက်ပြီး ခုနင်က သောနကတို့ အရိန္ဒမတို့ နားနေတဲ့ ကျောက်ဖြာဆီကို အဝေး ကြီးကဘဲ ဦးတည့်လာတယ်....(မှန်ပါ့ဘုရား)။

ခုနင်က အဝတ်ဖြူပေါ်ထိုင်တဲ့ ပုရွေဟိတ်၏ သားကတော့ ဟိုကလာတာ မင်းလောင်း ရှာတာနဲ့တူတယ်။ ငါသည်းစား လို့ဆိုသို့ရှိယင်ဖြင့်တဲ့ သူ့ဆီကို လာဆိုက်လို့ရှိယင် သူက ရှင်ဘုရင်လုပ်လို့ရှိယင် ငါလဲ အပေါင်းအဖော်ဖြစ်နေတယ်တဲ့ ပုရွေဟိတ်ပုဏ္ဏား ဖြစ်ရလို့ရှိယင် ငါးပါးအာရုံ ကာမဂုဏ်ထဲ မြုပ်ခြင်း၊ မျောခြင်း ဇာတ်ခေါင်း ငါခင်းရမှာဘဲတဲ့.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဟိုက ရထားလာဘာ မြင်လို့ရှိယင်ဘဲ သူတို့ဆီကိုဆိုက်မှာစိုးတဲ့အတွက် ခုနင်က အဝတ်ဖြူပေါ်မှာ ထိုင်တဲ့ သောနက-ကတော့ တောထဲထွက်ပြေးတယ်(မှန်ပါ့ဘုရား)ဘုရား အလောင်းဘော် အရိန္ဒမ မင်းသားကတော့ နေမြဲအတိုင်း နေဘော့ ရထားက ဒီလာဆိုက်ဘာ..ါ့ဗျာ... (မှန်ပါ့ဘုရား)။

ရထားကဒီလာဆိုက်တာနဲ့ တကာ တကာမတို့ မင်းတို့ဘာ လုပ်ကြတာတုံးလို့ အရိန္ဒမ မင်းသားကမေးဘယ် ဟာ....ဒီလို ဒီလိုဘဲတိုင်းပြည်အုပ်ချုပ်ဘို့ ဖုတ်သင့်းရထား လှဘ် လိုက် တာ ဘရှင်ဘုရားနဲ့ ထိုက်တာနဲ့ အရှင်ထံသာပြီး ဆိုက်တယ်၊ တိုင်း ပြည်အုပ်ချုပ်မင်းလုပ်ါဘုရား၊ စီမံတော်မူပါ တိုင်းပြည် အုပ် ချုပ် မင်းလုပ်ဘို့ ထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်လေသောကြောင့် ဖုတ်သင့်း ရထားပေါ်တက်ပြီး သကာလ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ရှင်ဘုရင်အဖြစ်ကို ရွက်ဆောင်တော်မူပါလို့ သူ့ကိုပြောကြတာ ပေါ်လေ....(မှန်ပါ့ဘုရား)။

အဲဒီအပေါ်မှာ ဘိတ်သိက်တွေ သွန်းပြီး သကာလ တခါ တည်း ရှင်ဘုရင်အဖြစ်သို့ ရောက်ပြီး တိုင်းပြည်ပြန်လှည့် မောင်း

သွားတယ်၊ တိုင်းပြည်ပြန်လှည့် မောင်းသွားလို့ တော်တော် ကလေးရောက်တဲ့အခါ ခုနင်က တောထဲထွက်ပြေးတဲ့ သောနက ဆိုတဲ့ ပညာရှိက ကျောက်ဖျာပေါ် ပြန် ရောက် လာ တယ်.... (မှန်ပါ့ဘုရား)။

သြော်..ငါ့လူတော့ဖြင့် ကျောက်ကျပြီ၊ ကျောက်ကျပြီတဲ့၊ တကာကြွယ် ရှင်ဘုရင်ဖြစ်တာ ကျောက်ကျသတဲ့ .... (မှန်ပါ့ဘုရား)။

ကျောက်ကျတာပေါ့ဗျာ၊ ဒုက္ခမျိုးစုံ သူ့အပေါ် အကုန်ပုံတော့မယ်ဆိုတာ မသေချာ ဘူးလား .... (သေချာပါတယ် ဘုရား)။

လောကုတ္တရာမျက်လုံးနဲ့ကြည့်ပါ၊ လောကုတ္ထရာ မျက်လုံးနဲ့ ကြည့်တော့ ရှင်ဘုရင်ဖြစ်တာ ဘာပါလိမ့်မတုံး ဆိုတော့ ဒုက္ခ မျိုးစုံ အကုန်ပုံရတာဆိုသည်....(မှန်ပါ့ဘုရား)။

တိုင်းပြည်မဂမှာ-မလှမှာလဲ သူ့တာဝန်၊ ရာဇဝတ်ပြစ်မှုတွေ ကင်းရှင်းအောင် လုပ်မှုလဲ.... (သူ့တာဝန်ပါဘုရား) ရာဇဝတ် ပြစ်မှုတွေ သင့်လာလို့စီရင် ရမည့်တာဝန်ကော ... (သူ့တာဝန် ပါဘုရား)။

အဲ.... သူ့တာဝန်ချည်းဘဲ၊ နှန်းတော် အိမ်တော်နဲ့ တကွ အလုံးစုံအကုန် မောင်းမသ အခြေအရံ ပရိသတ်တွေ ပြည့်စုံမှု ကော ...(သူ့တာဝန်ပါဘုရား)။

သားတွေ သမီးတွေ မွေးဖွားပြီး သကာလ လာလို့ဒါ တွေ ပညာသင်ကြားပြီး သကာလ ယူယမှုတွေကော .... (သူ့

တာဝန်ပါဘုရား) ဟာ....ဒုက္ခမျိုးစုံ တကာကြွယ်တို့ တကာသိုက်တို့ သူ့အပေါ် အကုန်ပုံတာပေါ့....(မှန်ပါ့ဘုရား)။

အဲဒါခုနင်က ကျောက်ဖျာပေါ်မှာ နောက်မှ တက်လာတဲ့ သောနက-က မြင်တယ်၊အင်း ...အရိန္ဒမဘော့ ကျောက်ကျပြီ .... (မှန်ပါ့ဘုရား)။

ငါတော့ဖြင့် လွှတ်ပေပေါ့ဆိုပြီး သကာလ သူ့စိတ်ထဲ ဝမ်းသာပြီး သကာလ နေတုန်းမှာ သူ့နောက်ကျောမှာပေါက်နေတဲ့ သစ်ပင်က သစ်ရွက်တခုက တကာသိုက်တို့ တကာကြွယ်တို့ သူ့ပေါ်ကျွေကျတယ်....(မှန်ပါ့ဘုရား)။

စိတ်ကူးလိုက်တယ် ဩော်...ဗဟိဒ္ဓဖြစ်တဲ့ဗဟိဒ္ဓဆိုတာ ကိုယ့်ခန္ဓာမှာပါး ပြင်ဘက်ပေါ့ဗျာ....(မှန်ပါ့)ဗဟိဒ္ဓဖြစ်တဲ့ ရုပ်တရားကြီးတောင်မှ ဖေါက် ပြန် ပျက် စီး တဲ့ သဘော သတ္တိရှိတယ်၊ ဒါကြောင့် မခိုင်မြဲတဲ့ သဘောကြောင့် ကြွေကျလာတယ်၊ကိုယ့်အဇျတ္တမှာ ကြည့်ပါဦး မယ်ဆိုပြီး ပြန်ကြည့်တယ် .... (မှန်ပါ့ဘုရား)။

ပြန်ကြည့်တော့ ရုပ်တွေနာမ်တွေဟာ တကာ တကာမတွေ ခုနင်က သစ်ရွက်ကြွေသလို တဖျပ်ဖျပ်နဲ့ ကြွေမနေဘူးလား .... (ကြွေနေပါတယ်ဘုရား)အပြင်ဘက်က နိမိတ်ကိုယူပြီး အတွင်းကြည့်လိုက်တာကိုး၊ သဘောကျပလား (ကျပါပြီဘုရား)။

ပြင်ဘက်ကနိမိတ်ကိုယူပြီး အတွင်းလိုက်တာနဲ့ အတွင်းဖြစ်ပျက်ကိုမြင်တယ် (မှန်ပါ့) ဘာတွေမြင်ပါလိမ့် (အတွင်းအဖြစ်အပျက်ကို မြင်ပါတယ်ဘုရား)။

အတွင်းပျက်တွေ့မြင်တယ်ဆိုတာ တကာ တကာမတွေ့ မှတ်ထားပါ... (မှန်ပါ့) တကာတကာမတွေ့ သစ်ရွက်များ ကြွေတာမြင်ဘူးကြရဲ့လားမေးယင် ဘယ့်နှယ်ပြောမယ် .... (မြင်ဘူးပါတယ်ဘုရား)။

ဩော်....ဒီလိုကြွေသလို ငါ့ခန္ဓာ ဘယ်လို နေပါလိမ့်မလဲလို့ ပြန်စိုက်ကြည့်ဘူးရဲ့လား.... (မကြည့်ဘူးပါဘုရား) ဘာဖြစ်လို့တုံး၊ ကုသိုလ်ရမှာစိုးလို့လား၊ ထုံးစံကို မရှိဘူးနော်၊ အတော်ကလေးဆိုးမနေဘူးလား....(ဆိုးနေပါတယ်ဘုရား)။

နည်းကမရလို့ တကာကြွယ် နည်းကမရလို့ ဖြစ်ရတယ်ဆိုတော့ အဖြေတော့ကောင်းသပေါ့ဗျာ....(မှန်ပါ့) အခုတော့နည်းရပြီဆိုတာကောသိပလား....(သိပါပြီ)ပြင်ဘက်က သစ်ရွက်တွေ့ဘာတွေ့ ကြွေကျတယ်၊ အိမ်တွေ့ဘာတွေ့ ဆွေးကြ၊ခြတွေ့ ဘာတွေ့စားကြ၊ ယိမ်းယိုင်ပြီး သကာလ လာကြတယ် ဆိုတာ လူတိုင်းရှိပါတယ်....(မှန်ပါ့ဘုရား)။

အဲဒါတွေ့ ထင်လိုက်မြင်လိုက်ယင် ဩော်....ကိုယ့်ပြင်ဘက်က ဟာတွေ့လဲ၊ အနိစ္စတရားတွေ့ဘဲ၊ ဘယ်သူမှမပိုင် ဘယ်သူမှမဆိုင်ဘဲနဲ့ ဖြစ်ချင်သလိုဖြစ်နေတာက၊ အဲဒါတွေ့မြင်ပြီး ကိုယ့်ခန္ဓာတော့ဘယ်လိုများ ဖြစ်နေပါလိမ့်မလဲဆိုတာ ကြည့်ပါဦးတဲ့ .... (မှန်ပါ့ဘုရား)။

ကြည့်တဲ့အခါကျတော့ ရုပ်တွေ့ဟာလဲ တဖျပ်ဖျပ်နဲ့လဲ နေတာဘဲ....(မှန်ပါ့)တဖျပ်ဖျပ်နဲ့ ပျောက်လိုက်ပျက်လိုက်၊ပျောက်လိုက် ပျက်လိုက် အစားထိုးလိုက် ဒီလိုမနေဘူးလား.... (နေပါတယ်ဘုရား)။

စိတ်ဓမ္မတွေကော....(ဒီလိုပါဘုရား)ပျော်လိုက် ပျက်လိုက် အစားထိုးလိုက် ဒီလိုမနေဘူးလား....(နေပါတယ်ဘုရား) အဲဒါတွေကိုပြင်ဘက်ကိုမြင်သဖြင့်လဲ အတွင်းကိုပြန်ကြည့်ပါ....(မှန်ပါ! ဘုရား ။

ဝိပဿနာရှုတဲ့အခါပေါ့လေ.... (မှန်ပါ!) ပြင်ဘက်မြင်တာတွေကို မြင်လိုက်လို့ရှိယင်လဲ အတွင်းကို ဥာဏ်ပြန် သွင်းပါ .... (မှန်ပါ!ဘုရား)။

အတွင်းဥာဏ် ပြန်သွင်း လိုက်လို့ ရှိယင်လဲ အပြင် ဘက်နဲ့ အတွင်းဆိုတာ ပြင်ဘက်ကရုပ်၊ ပြင်ဘက်ကရုပ်နာမ်၊ မိမိခန္ဓာကရုပ်နာမ်၊ သစ်ပင်တောတောင် ရေမြေတွေကရုပ် .. (မှန်ပါ!) အဲဒီရုပ်တွေက တကာကြွယ်တို့ တကာသိုက်တို့ ဖေါက် ပြန် ပျက်စီးနေတာဘဲ....(မှန်ပါ!)မနေဘူးလား....(နေပါတယ်ဘုရား)။

နေတာဘဲတဲ့၊ ကြွလိုက်၊ အရွက်နု ထွက်လိုက်၊ ဒီလိုမနေဘူးလား....(နေပါတယ်ဘုရား) အပေါ် အကြည်းတွေက ကွာလိုက်၊ နောက်အကြည်းတွေက ထိုးလာလိုက်- အပေါ်အခွံတွေက ကွာယိုက်၊ နောက်အခွံဘွေကအစားထိုးလိုက် ဒီလိုမနေရဘူးလား....(နေရပါတယ်ဘုရား)။

ဖြစ်တာပျက်တာနဲ့ဘဲနေတော့တယ်ဆိုတာ ငြင်းနေဘို့လိုသေးသလား ... (မလိုပါဘုရား) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါတွေမြင်ပြီး သကာလ ခုနင်က သောနက-က ကျောက်ဖျာပေါ်မှာဘဲ သူ့ခန္ဓာပေါ်မှာ ဥာဏ်လှည့် လိုက်ပါ တယ်... (မှန်ပါ့ဘုရား)။

သဘောကျပလား... (ကျပါပြီ) ဘယ်ဥာဏ် လှည့်သတုံး.... (သူ့ခန္ဓာပေါ် ဥာဏ်လှည့်ပါတယ်ဘုရား)ဘယ်နည်းရပါလိမ့်.... (ပြင်ဘက်က နည်းရပါတယ်ဘုရား)အေး... ပြင်ဘက်က သစ်ရွက်က နည်းပြလိုက်တယ်... (မှန်ပါ့ဘုရား)။

ဒီလိုဘဲ ကြွေတယ်ပျက်တယ်ဆိုတဲ့ဥစ္စာ တကာသိုက်တို့ နည်းပြလိုက်တယ်....(မှန်ပါ့)နည်းပြလိုက်တော့ ခန္ဓာ လှည့် ကြည့် လိုက်တော့ ခန္ဓာကလဲ ဒီနည်းဘဲ မြင်ရတယ်၊ ဥာဏ်က စူး စိုက် သွားတယ်....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာအဖုံးအကွယ်မရှိတဲ့သူဆိုယင် ဒီအတိုင်း မြင်တာဘဲ.... (မှန်ပါ့) အဝိဇ္ဇာ အဖုံးအကွယ်ရှိနေလို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ခန္ဓာထဲမှာ ဘယ်လောက်ဘဲ ပြောင်းလဲနေ စေကာမူ ခင်ဗျားတို့ မမြင်ပါဘူး.... (မမြင်ပါဘုရား)။

သဘောကျပလား... (ကျပါပြီ) ဒါဖြင့် ခန္ဓာလှည့်ပါဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ ဗဟိဒ္ဓဖြစ်တိုင်း ဖြစ်ဘိုင်း ဗဟိဒ္ဓ ပျက်သလို အတွင်းခန္ဓာမှာလဲ ပျက်စီး နေတယ် ဆိုဘာ ဥာဏ် လှည့်ပါ....(မှန်ပါ့ဘုရား)။

အဲဒီဥာဏ်လှည့်ပြီးနေတော့ ခုနင်ကပုဂ္ဂိုလ်မှာ ဖြစ်ပျက်တွေ မြင်တာပေါ့ဗျာ .. (မှန်ပါ့)ခန္ဓာကိုယ်ကြီး ရုပ်ခမွေတွေ့၊ ဖြစ်ပျက်

တွေမြင်လိုက် စိတ်ခမ္မတွေ၏ ဖြစ်ပျက်တွေ မြင်လိုက် မြင်ရာကနေ ပြီးသကာလ ကြည့်ဖန်များလာတဲ့အခါ မုန်းပေါ့ဗျာ.... (မှန်ပါ့ ဘုရား)။

မြင်တာသည် ယထာဘူတဉာဏ်....(မှန်ပါ့) မုန်းတာသည်.... (နိဗ္ဗိန္ဒဉာဏ်)ဒါတွေမြင်ရင်း မုန်းရင်းနဲ့ဘဲ ကြည့်ပြီးသကာလ နေတော့ ဩော်.... ဒါတွေဟာ ရုပ်တရား၊ နာမ်တရားလို့သာ ပြောသာပြောရတယ် စင်စစ်ဖြင့် ဒုက္ခရောက်နေတဲ့ ဒုက္ခတရား စုကြီးပါလားလို့- ဒုက္ခအစစ်ရယ်လို့ ဆုံး ဖြတ် ချက် ချလိုက် တယ်....(မှန်ပါ့ဘုရား)။

သဘောကျပလား... (ကျပါပြီ) တယ်လိုများ ဆုံးဖြတ်ချက်ချ သတုံး....(ဒုက္ခအစစ်လို့ ဆုံးဖြတ်ချက်ချပါတယ်ဘုရား)။

ဒုက္ခဘဲလို့ အမှန်ဆုံးဖြတ်ချက် ချလိုက်တယ် .... (မှန်ပါ့) ချလိုက်သည်နှင့် တပြိုင်တည်း သောတာ ပတ္တိမင် ရတာဘဲ .... (မှန်ပါ့ဘုရား)ဒါနဲ့ပြန်ပြီးဆက်လက်ပြီးသကာလအတွင်းခန္ဓာဘဲ ပြန်ကြည့်ပြန်တာပေါ့ တကာသိုက်- တကာကြွယ် .... (မှန်ပါ့ ဘုရား)။

ထို့အတူဘဲ ဖြစ်ပျက်တွေမြင်၊ ဖြစ်ပျက်တွေမုန်း၊ ဖြစ်ပျက် တွေဆုံး၊ ဒုက္ခသစ္စာလို့ ဆုံးဖြတ်ချက်ချလိုက်တော့ ဖြစ်ပျက်ဆုံး ပြန်ရော....(မှန်ပါ့ဘုရား)။

ဒီလိုနဲ့ဘဲ လေးမင်္ဂရပြီး ပစ္စေကဗုဒ္ဓါဖြစ်တယ်၊ ဆရာမပါဘူး လို့မှတ်ပါ....(ရှင်းပလား) (ရှင်းပါပြီဘုရား)။

ဆရာမပါဘဲနဲ့ရတာ ဘယ်သူပါလိမ့်....(ပစ္စေကဗုဒ္ဓါနဲ့ ဘုရား ပါ-ဘုရား) ပစ္စေကဗုဒ္ဓါရယ်၊ ဘုရားရယ်၊ ဒီနှစ်ပါး သာလျှင် ဆရာမပါဘဲနဲ့ နိဗ္ဗာန်မင်ဖိုလ်ရနိုင်တယ်... (မှန်ပါ့ဘုရား)။

ကျန်တဲ့ ပုဂ္ဂိုလ်တွေ မရနိုင်ဘူးလို့ ဆုံးဖြတ်ချက် ချပါ .... (မှန်ပါ့)အခုပစ္စေကဗုဒ္ဓာဖြစ်သွားတာက ဆရာပါသေးသလား.... (မပါ-ပါဘုရား) ပြင်ဘက်က သစ်ရွက်ဘဲ၊ သူ့ ဆရာ ရှိတော့ တယ်....(မှန်ပါ့ဘုရား)။

ပြောပေးမည့် ဆရာမဟုတ်ပါဘူး၊ နမူနာပြတဲ့ သဘောကလေး၊ အဲဒီကနေပြီး ခန္ဓာဥာဏ်ဆက်ပြီး ယူလိုက်တာပါဘဲ.... (မှန်ပါ့ဘုရား)။

ဒါနဲ့ပစ္စေကဗုဒ္ဓါဖြစ်ပြီး သကာလ သွားတယ်၊ သွားတော့ ပစ္စေကဗုဒ္ဓါတို့၏ ထုံးတမ်းအတိုင်း နန္ဒမူလိုဏ်ကိုသွားနေ လိုက်တာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

တကာတကာမတို့တဦး ရဟန္တာ ဖြစ်သွားပြီး တဦးမှာတော့ ဂျောက်ကျနေတယ်ဆိုတာ သိပလား .... (သိပါတယ်ဘုရား) အတူတူအဖေါ်ခြင်းလာကြတာ...(မှန်ပါ့ဘုရား)။

တဦးကတော့ ဘာဖြစ်သွားသတုံး(ဂျောက် ကျသွားပါတယ် ဘုရား)ဂျောက်ကျတယ်၊ ငါးပါးအာရုံ ကာမဂုဏ် တည်းဟူသော ပင်လယ်ထဲမှာ မျောနေတာပေါ့လေ .... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

ငါးပါးအာရုံ ကဲ့မကုဏ်တည်းဟူသော ပင်လယ်ထဲမျောနေတာက အရိန္ဒမ၊ ဂျောက်လွန်မြောက်ပြီးသကာလ ထွက်မြောက်သွားတာက သောနက.... (မှန်ပါ့) ပစ္စေကဗုဒ္ဓါ ဖြစ်သွားပြီ၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ့ ဘယ်သူ့ကို နည်းယူရမလဲလို့ မေးလို့ရှိယင် ယခုအချိန်မှာဖြင့် သောနကဘဲ နည်းယူရမှာဘဲ....(မှန်ပါ့)။

သစ်ပင်တွေ ကြွေဘာကြည့်- ပျက်တာကြည့်- မြေကြီးတွေ ချိုင့်တာတွေ့, ကုန်းတာကြည့်၊ မူဆိုးနဲ့မူသစ် ပြောင်းဘာကြည့်၊ ကြည့်လိုက်လို့ရှိယင် ပြင်ဘက်ပြောင်းတာ မြင်တိုင်း, မြင်တိုင်း ခန္ဓာလှည့်လိုက်ပါ....(မှန်ပါ့)။

ခန္ဓာလှည့်လိုက်တဲ့အခါမှာလဲ ဤအခြေပြောင်းမျိုး, ဤအပျက်မျိုးတွေဟာ မြင်ရလိမ့်မယ်... (မှန်ပါ့) ထိုကဲ့သို့မြင်ယင် ယထာဘူတဉာဏ် ဖြစ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ထိုကဲ့သို့ မြင်ယင် ဘာဉာဏ်ပါလိမ့်.... (ယထာဘူတဉာဏ်ရပါတယ်ဘုရား) ဒါ... ကြည့်ပေးကြဗျာ....(မှန်ပါ့)။

အင်း....ဒါဖြင့် ကမ္မဋ္ဌာန်းနည်းယူစရာ ဆရာ ဘုန်းကြီးကလဲ ဟောထားပြီ၊ တေားတောင်ရေမြေတွေကလဲ ဟောလျက်ပါလားဆိုတာ ပေါ်လာတယ်... (ပေါ်လာပါတယ်ဘုရား)။

အိမ်ခတွေ့ကြည့်လိုက်လဲ တနေ့ကခြား အိုလားတာဘဲ- (မှန်ပါ့ဘုရား) တိုက်ဇေးကြည့်လိုက်လဲ တနေ့တခြား လွှင့်ပျက်နေတာ

တွေဘဲ၊ ဒါဟာ ဖေါက်ပြန် ပျက်စီးနေတာ ဆိုတာ ထင်ရှား တယ်....(မှန်ပါ့ဘုရား) မထင်ရှားဘူးလား.... (ထင်ရှားပါတယ် ဘုရား)။

အစားအသောက်တွေ ကြည့်လိုက်ပြန်လဲ တနေ့တခြား ပုပ်ရိ ပြီးသကာလ ချောက်ကပ် သွားတာတွေကော.... (ထင်ရှားပါ တယ်ဘုရား)။

အဲဒါတွေကြည့်ပြီး ခန္ဓာကိုယ် ပြန်ကာ ပြန်ကာ ကြည့်ပေး မယ်ဆိုလို့ ရှိယင်ဖြင့် သူလဲ ဖေါက်ပြန် ပျက်စီးနေတာ မြင်ရ မှာဘဲ၊ ဟိုမှာလဲ ရုပ်၊ ဒီမှာလဲ ရုပ်ကိုးဗျ....(မှန်ပါ့)။

အဲဒီတော့ ဖေါက်ပြန်ပျက်စီးမှုသည့် ခန္ဓာကိုယ် ဥာဏ်လှည့် ကြည့်လိုက်တော့ ရုပ်ဘက်ကြည့်ကြည့်၊ စိတ်ဘက်ကြည့်ကြည့်၊ ကြည့်ချင်တာကြည့်ပေါ့ဗျာ....(မှန်ပါ့) ဖေါက်ပြန် ပျက်စီးတာ တွေ့ မတွေ့ရဘူးလား... (တွေ့ရပါတယ်ဘုရား)။

အဲဒီကဲ့သို့တွေ့ရတဲ့ အခါကျတော့ဖေါက်ပြန်ပျက်စီးတာသိတဲ့ ဉာဏ်- ဘာဉာဏ်ခေါ်ကြမယ်.... (ယထာဘူတဉာဏ်ပါဘုရား) အဲ... ဖေါက်ပြန်ပျက်စီးမှုရှိလို့ ဖေါက်ပြန်ပျက်စီးမှု မြင်တာဟာ ယထာဘူတဉာဏ်....(မှန်ပါ့)။

ဒီဉာဏ်ရယင် ဒီဘဝ ဒို့မင်္ဂလာနိုင်တဲ့ပုဂ္ဂိုလ် တိဟိတ်ဘဲလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့) ဒီဉာဏ်ရယင် ဘာဆိုပါ့မယ်... (တိဟိတ်,ပါဘုရား) တိဟိတ်ဘဲလို့ ဆုံးဖြတ်ချက်ချလိုက်ဧမ်းပါ သနဘာကျားလား.... (ကျပါပြီဘုရား) သဇာ ပါပလား.... (ပါ-ပါပြီဘုရား)။

သြော်....ဒါဖြင့် ဗဟိဒ္ဓကြည့်ပြီး အဇ္ဈတ္တလဲ ပြန်ကြည့်ကြပါလို့ ပြောလိုက်တယ်နော်.... (ပှန်ပါ့) ခန္ဓာကိုယ်သည် တော်တော်ကြာ ပူလိုက်၊ တော်တော်ကြာ အေးလိုက်၊ အပူ ပျောက်ပြီး အအေးဆုက်လာတာဘဲ....(မှန်ပါ့) အအေးပျောက်ပြီး အပူဆုက်လာတယ် . (မှန်ပါ့ဘုရား) အအေးတွေ့ အကုန်ချုပ်၊ အပူတွေ့ အသစ်ထပ်တိုး၊ ဒီလိုမနေဘူးလား.(နေပါတယ်ဘုရား) အဲဒီတော့ ဖေါက်ပြန်ပျက်စီးနေတဲ့သဘောတွေ့ မဖြေလားဗျာ (ပြောပါတယ်ဘုရား) ခန္ဓာကိုယ်ကြီးက တခါတလေ လှုပ်လိုက် ငြိမ်လိုက်နဲ့ကော မရှိဘူးလား....(ရှိပါတယ်ဘုရား)။

လမ်းသွားတဲ့အခါ လှမ်းကူးတော့ လှုပ်တယ်၊ ရပ်လိုက်တဲ့အခါ ငြိမ်တယ်....(မှန်ပါ) လှုပ်လိုက်, ငြိမ်လိုက်တာလဲ အလှုပ်ပျောက်လို့ အငြိမ်ဆုက်တာဘဲ.... (မှန်ပါ့) အငြိမ်ပျောက်လို့ ထလှုပ် တခါပေါ်လာတယ်... (မှန်ပါ့)။

ဒါတွေ့ဟာ ဘာဖြစ်နေတာတုံးဒမးယင် ဘယ့်နှယ်ပြောမလဲ (ဖေါက်ပြန်ပျက်စီးတာပါဘုရား)။

အဲဒါတွေ့ကိုမြင်တော့ သြော် ရုပ်တွေ့လဲ ဒီလို ပြောင်းပါလား၊ ရုပ်ပြောင်းသလောက် စိတ်ကလဲ ပြောင်းပါလား.... (မှန်ပါ့)။

လှုပ်လိုတဲ့စိတ်သည် ငြိမ်လိုတဲ့စိတ် မဖြစ်ဘူး....(မှန်ပါ့ဘုရား) စိတ်ကငြိမ်လို့ ရုပ်ကငြိမ်တယ်လို့ ဆိုငြားသော်လဲ လှုပ်လိုတဲ့စိတ် ပေါ်ပြီးမှ ငြိမ်လိုတဲ့စိတ်ပေါ်တာဘဲ.. (မှန်ပါ့)။

အဲဒီတော့ နာမ်ဘက်ကလဲ ဖြစ်ပျက်.... (မှန်ပါ့) ရုပ်ဘက်ကကော (ဖြစ်ပျက်ပါဘဲဘုရား) အဲဒီ ဖြစ်ပျက်တွေမြင်ယင် ဘာဉာဏ်ခေါ်ကြမယ်....(ယထာဘူတဉာဏ်ပါဘုရား)။

အေး.. ပြင်ဘက်က ပျက်တာ စီးတာတွေမြင်တိုင်း တကာတကာတကာမတွေ အတွင်းဘက်ဆီကိုလဲ ဉာဏ် လှည့်လှည့်လှည့်လှည့်ပြီး ကြည့်ပေးကြပါ... (မှန်ပါ့) ကြည့်လို့ အတွင်းပျက်စီးသွားတာမြင်ယင် ဘာဉာဏ်ရမလဲ... (ယထာဘူတဉာဏ်ပါဘုရား) ယထာဘူတဉာဏ်ရလို့ရှိယင် တကာတကာမတွေ မှတ်လိုက်ပေတော့ ဒို့....တိဟိတ်ဘဲဟော့....(မှန်ပါ့)။

ဒီဘဝ မဂ်ဆိုက်နိုင်တာ သေချာတယ်.... (မှန်ပါ့) ဒီ-ဘဝ သံသရာစခန်းသိမ်းမှာ ဒို့ဘဲ.... (မှန်ပါ့) ဆုံးဖြတ်ချက် ချပါ၊ ဒါ.. ယထာဘူတဉာဏ်ရယင်နော်....(မှန်ပါ့)။

ယထာဘူတဉာဏ်ရပြီးသကာလ နေတဲ့ပုဂ္ဂိုလ်သည် တိဟိတ်ပုဂ္ဂိုလ်သာ ရနိုင်တယ်ဆိုတာ ဆုံးဖြတ်ချက် ချပါ.... (မှန်ပါ့ဘုရား)။

ကိုင်း.... ယထာဘူတဉာဏ်ကနေပြီး တကာ တကာမတွေ ရှေ့တက်ပြီး ဒီဖြစ်ပျက်တွေကိုပင်လျှင် ကြည့်ပါများယင် မုန်းဆိုတဲ့ နိဗ္ဗိန္ဒဉာဏ်လာရမယ်... (မှန်ပါ့) မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီကဲ့သို့ နိဗ္ဗိန္ဒဉာဏ်လာပြီးသကာလ တကာတကာမတွေ ဩော်.. အခုကြည့်နေရတာ ဘာကြည့်နေရတာတုံးလို့ ကိုယ်.

ဟာကိုယ် ဝေဘန်ကြည့်တော့ ခဏခဏ ဖေါက်ပြန်ပျက်စီးနေတာ ကြည့်ရတယ်....(မှန်ပါ့) ဒုက္ခကြည့်နေရတယ်.... (မှန်ပါ့) နာမ်ဘက် ကြည့်လိုက်တော့ကော.... (ဒုက္ခပါဘုရား) ရုပ်ဘက် ကြည့်လိုက်လဲ... (ဒုက္ခပါဘုရား) ဒုက္ခချည်း ကြည့်နေရတယ်.... (မှန်ပါ့)။

သြော်.... ဒါဖြင့် ဒီအထဲမှာ ငါလဲမဟုတ်၊ ဘူလဲ မဟုတ်၊ ကောင်းဟာလဲ မဟုတ်၊ ဘာမှ မဟုတ်ဘူး....ဒုက္ခသက်သက်သာရှိတယ်လို့ ကိုယ့်ဉာဏ်နဲ့ကိုယ် ဆုံးဖြတ်ချက်ချရဲ့ယ်... (မှန်ပါ့) ကိုယ်က ချချင်လဲ မဖြစ်ဘူး၊ ဟိုက ပြောတာချရုံဘဲ.... (မှန်ပါ့ဘုရား)။

ဟိုကဒုက္ခတွေချည်းပြနေယင် ကိုယ့်ဘာဏ်က ဘယ်လိုဆုံးဖြတ်ချက်ချရမလဲ.... (ဒုက္ခတွေချည်းဆုံးဖြတ်ချက်ချရပါ့မယ်ဘုရား) ဒုက္ခချည်းဘဲလို့ ဆုံးဖြတ်ချက်ချလို့ရှိယင် အဲဒါဒုက္ခပိုင်းခြားတဲ့ ဉာဏ်....(မှန်ပါ့ဘုရား)။

သဘောကျပလား (ကျပါပြီဘုရား) ဘာဉာဏ်ခေါ်ကြမလဲ... (ဒုက္ခပိုင်းခြားတဲ့ဉာဏ်ပါဘုရား) ဒုက္ခပိုင်းခြားတဲ့ဉာဏ်ဆိုတာ ကျေနပ်ပလား... (ကျေနပ်ပါပြီဘုရား)။

အဲဒီဒုက္ခပိုင်းခြားတဲ့ဉာဏ်ဟာ မှတ်လိုက်ပေတော့ မဂ်ဉာဏ်တဲ့....(မှန်ပါ့)ဒုက္ခပိုင်းခြားတဲ့ဉာဏ်ဟာ.... (မဂ်ဉာဏ်ပါဘုရား) ဒုက္ခလဲပိုင်းခြားပြီးရော ဒုက္ခချုပ်တဲ့နေရာမှာ နိဗ္ဗာန်ဝင်လာမယ်... (မှန်ပါ့) အဲဒီနိဗ္ဗာန်မြင်တဲ့ ဉာဏ်လဲ ဘာဉာဏ်လဲ....(မဂ်ဉာဏ်ပါဘုရား)။

သြော်... ဒုက္ခပိုင်းခြားနိုင်တာလဲဒီဥာဏ်ဘဲ.... (မှန်ပါ့)နိဗ္ဗာန်မြင်တာလဲ....(ဒီဥာဏ်ပါဘုရား)သံသရာခရီးဆုံးအောင်လို့ ခရီးသည် တဏှာသတ်တာကော....(ဒီဥာဏ်ပါဘုရား)။

သဘောကျပလားတဲ့ .... (ကျပါပြီ) ယခုသူကိုယ်တိုင်လဲ မင်္ဂလာ.... (မှန်ပါ့) ဒါဖြင့် မင်္ဂလာရယ် အပိုင်းအခြားရတဲ့ ဒုက္ခသစ္စာရယ် ခုနင်က ဒုက္ခချုပ်လို့ပေါ်လာတဲ့ နိရောဓသစ္စာရယ်၊နောက်ကချုပ်တဲ့ သမုဒယ သစ္စာရယ်ဆိုတော့ တပြိုင်နက်လေးချက်ဖြစ်တယ်... (မှန်လှပါဘုရား)။

မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) အဲဒီလိုဖြစ်သွားတော့ လေးခါလောက်ဖြစ်တော့ ပစ္စက္ခဉာဏ်ဖြစ်တယ် .... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီလို ပစ္စက္ခဉာဏ်ဖြစ်ပြီးတော့ သူနဒ္ဒမူလိုက် ကြသွားဘယ်လို့ မှတ်လိုက်ပါ.... (မှန်ပါ့)သောနကဟာ ပစ္စက္ခဉာဏ်ဖြစ်ပြီး နဒ္ဒမူလိုက် ကြသွားပြီး သကာလ တကာကြွယ်တို့ရ.... (မှန်ပါ့) ပဂိုလ်ထူးလို့ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ခင်ဗျားတို့ဖြင့် သစ်ရွက်ခြောက်တဝေါဝေါကြွယင် တံမြက်စိမ်းသာလှဲပြီး စိတ်သာပျက်နေတယ်၊ ကြွလိုက်တဲ့ သစ်ရွက်တွေ၊ ပြောဘဲမခံပြောချင်ဘူး၊ အစရှိသည်နှင့် တကာကြွယ်တို့ လူစုံပါ့ဗျာ....(မှန်ပါ့ဘုရား)။

ကြွလိုက်တဲ့ဖြစ်ခြင်းကွာ မပြောချင်ပါနဲ့တော့ ဒီအပင်နဲ့ ခက်ရချီရဲ့....(မှန်ပါ့) အံ့မာလေး ဒီအပင်က ခက်ရမှာမဟုတ်

ဘူး၊ ဒီအပင်က နိဗ္ဗာန်ပို့မလို့ နည်းပေးနေတာ ဒီအပင်ကြောင့် ခက်နေယင်တော့ ရန်ဖြစ်နေတာနဲ့အတူတူဘဲ.... (မှန်ပါ့)နိဗ္ဗာန် ပေးမည့်တရားနဲ့ ရန်ဖြစ်နေတာနဲ့အတူတူဘဲ.... (မှန်ပါ့ဘုရား)။

ဒီကရှေ့ပြင်ပါဦးလို့ သတိပေး လိုက်ပါတယ်.... (မှန်ပါ့) နိဗ္ဗာန်ဥာဏ်ကိုပေးမှာတွေ နည်းသလား အိမ်နားမှာ... (မနည်း ပါဘုရား) အို....တာတွေ၊ ကျိုးတာတွေ၊ ပျက်တာတွေ၊ သေ တာတွေ၊ကြေတာတွေ၊ကြွေတာတွေ၊တကာကြွယ် ဘယ်လောက် များများမြင်ဘူးသလဲ (မရေတွက်နိုင်ပါဘုရား)။

ဘယ်တော့မှ ဒီဟာတွေကို သူတို့မြင်ပြီး မန္ဓာပြန်လှည့်ဟယ် ဆိုတာ ပစ္စေကဗုဒ္ဓါအလောင်းတွေ ဘုရားအလောင်းတွေမဟုတ် တဲ့ အတွက်၊ခင်ဗျားတို့ဒီနည်းပေးမည့် ဆရာကမရှိတော့ တခါမှ မကြည့်ဘူး...(မကြည့်မိပါဘုရား)ဒီကရှေ့တော့ဖြင့် နည်းပေးတဲ့ အတွက် ကြည့်ပေးပါတဲ့ (မှန်ပါ့ဘုရား)။

သစ်ရွက်ကြွေပေမဲ့ သြော်...သူသည်ကားလို့ ဆိုလို့ရှိယင် ရုပ်ဓမ္မမို့ ဖေါက်ပြန်ပျက်စီးတာဘဲ...(မှန်ပါ့) နုရာကနေပြီးရင့်၊ ရင့်ရာကနေပြီးရော်၊ ရော်ရာကနေပြီး ကြွေပေါ့ဗျာ.... (မှန်ပါ့ ဘုရား)။

ဖေါက်ပြန်ပျက်စီးလိုက်တာ အဆင့်ဆင့် မနေ ဘူး လား .... (နေပါတယ်ဘုရား)ဒီခန္ဓာကြီးဟာကော.... (ဖေါက်ပြန်ပျက်စီး နေပါတယ်ဘုရား)။

ဒီလိုဘဲမနေဘူးလား....(နေပါတယ်ဘုရား) အဲဒီလိုပြန်ကြည့် မိအောင် ကြည့်စမ်းပါ ဆိုတာကိုလဲ အထူးဘဲ သတိပေး လိုက် တယ်...(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ဒီလိုသတိပေးမည့်လူ မရှိဘူးဆိုလို့ ရှိယင်မင်္ဂလာဆိုက်ဘူး....(မှန်ပါ့) ခင်ဗျားတို့က ဆရာကင်းလို့ကို ရတဲ့ဆုတောင်းမဟုတ်ဘူး... (မဟုတ်ပါဘုရား)။

ဆရာကင်းလို့ရတာက ဘုရားနဲ့ပစ္စေကဗုဒ္ဓါဘဲ ... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဒါနဲ့နွေမူလိုက် ကြွတယ်၊ သူတို့ အဲဒီအခါတုန်းက ပစ္စေကဗုဒ္ဓဝါ ဖြစ်စဉ် အခါ တုန်းက အရွယ် (၂၀)လောက်ပေါ့ဗျာ... (မှန်ပါ့ဘုရား)။

ဒါလဲ ပစ္စေကဗုဒ္ဓါက နွေမူလိုက်မှာနေ မြောက် ကျွန်း သို့ ဆုံမ်းခံစားသူမှာတော့ ကိုးလသာချုပ်ငြိမ်း ရုပ်သိမ်းတော့ အင့် မတန်အဘိုးတန်တဲ့ အဖြစ်နဲ့ ကြုံနေရတယ်....(မှန်ပါ့ဘုရား)။

ဘာမှကြောင့်ကျမှု တောင့်တမှု ဆိုတာ ကိုလေသာ အရှိန် အစော် အာနုဘော်တွေက ရှိသေးရဲ့လား.... (မရှိပါဘုရား)အင် မတန် ချမ်းသာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဲဒီလိုချမ်းသာပြီး သကာလ နေတော့လဲသွားတူ့သွားဘက် လာတူလာဘက် ဖြစ်နေတဲ့ အရိန္ဒြမကို သွားပြီးသတိရတယ် .... (မှန်ပါ့ဘုရား)။

သြော်.... သူဖြင့် ဂျောက်ကျနေတာ ငါမူမကယ်တင်လို့ ရှိ ယင်ဖြင့် ကယ်တင်မဲ့သူ ရှိမှာမဟုတ်ဘူး...(မှန်ပါ့) အဲဒါ ဘုရား အလောင်းဗျ....(မှန်ပါ့ဘုရား)။

ဘုရားအလောင်းကို ကယ်တင်ရမှာ တကာတကာမတို့လွယ်တဲ့ အကြောင်းမဟုတ်ဘူး.... (မဟုတ်ပါဘုရား) ဘုရားအလောင်းကို

ကယ်တင်ရမှာဖြစ်နေတယ်ဆိုတာ တကာ တဘာမတွေ့မှတ်ထား ပါ။ (မှန်ပါ့ဘုရား)။

ဒါနဲ့ သူက အာသက် တွက်ကြည့် ပြန်တယ်၊ အင်း.... ငါလဲ ခြောက်ဆယ်လောက်ရှိပြီ၊ သူလဲ ခြောက်ဆယ် လောက် ရှိယင် ယခုအခါမှာဖြင့် ကျောထောက်နောက်ခံ သား သမီး များ ရ လောက်ပသားလို့ ဟိုကနေအဘိဉာဏ်နဲ့ကြည့်လိုက်တယ် သြော် သားတောင်မှ ဗီဃာဝု (၁၆) နှစ်လောက်ရှိပြီ နန်းတော်အိမ် တော်လွှဲယင်ရမယ် (မှန်ပါ့ဘုရား)။

ငါသွားပြီး သကာသ တရားဟောရလို့ ရှိယင်ဖြင့် တော် ဘော် နေရာကျမှာဘဲ ဆိုပြီး မိတ်ဆွခြင်းမို့ တကာ ကြွယ်တို့ တကာသိုက်တို့ သဘိရတယ်....(မှန်ပါဘုရား) ဟိုကနေပြီးတရား ဟောဘို့ သတိရတာယ်၊ ခြောက်ဆယ်ရှယ် ရှိပြီနော်.... (မှန်ပါ့ ဘုရား)။

နှစ်ဆယ်က ပစ္စေကဗုဒ္ဓါဖြစ်တာ ခြောက်ဆယ်ရှယ် ရှိတဲ့အခါ ကျမှ တရားဟောဘို့ အချိန်ကလေးကို ဟိုကနေမြင်တယ် .... (မှန်ပါ့ဘုရား)။

ဒီကြားမှာသွားဟောမယ်ဆိုယင် မောင်းထုတ်မှာ အရိန္ဒမက (မှန်ပါ့ဘုရား)ငါးပါးအာရုံ ကာမဂုဏ်တွေတည်းဟူသော မာန် တက်ပြီးတော့ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဒါနဲ့ ဒီကရှင်ဘုရင် လုပ်ဘဲ့ပုဂ္ဂိုလ်လဲ သားတောင်မှ (၁၆) နှစ်တောင်ရှိပြီး သကာသနေတော့ တကာကြွယ်ရေ သတိရတယ် (မှန်ပါ့ဘုရား)။

သြော်... ငါဘယ်လိုမျှား ရှင်ဘုရင်ဖြစ်လာပါလိမ့်မတုံး၊ အဲဒီ တော့မှ တွေးမိဘယ်... (မှန်ပါ!) သူရှင်ဘုရင်ဖြစ်နေတာ ပျော်တာ ပျော်နေတာကိုး ဘယ်ကစဖြစ်လာတယ် မတွေးပါဘူး ... (မှန်ပါဘုရား)။

ဘယ်သူနဲ့ အတူတူလာလို့ ဆိုတာလဲ မတွေးမိဘူး... (မှန်ပါ!) ဘယ်သောက်မျှား ငါးပါးအာရုံကို မူးချက် မိုက်ချက် လွန်နေတယ်ဆိုတာ တကာကြွယ်တို့ တကာသိုက်တို့ ရိပ်မိရောပေါ့ .... (ရိပ်မိပါတယ်ဘုရား) သူ့ သူငယ်ချင်းကို သတိမရဘူး... (မရပါဘုရား) အဲဒီခြောက်ဆယ်ရှိမှ သူတွေးမိတယ်... (မှန်ပါဘုရား)။

အရိန္ဒမမင်းသားက ခြောက်ဆယ်ရှိမှတွေးမိတယ်၊ ငါဘယ်လို ရှင်ဘုရင် ဖြစ်သာပါလိမ့်မတုံး.. လို့ သြော် ငါတို့ တက္ကသိုလ် သွားပညာသင်၊ ပညာသင်ဆုကပြန်လာ ကျောက်ဖျာထက်မှာ ငါနဲ့ ဇသာနကနဲ့ အတူတူနေတာပါလားဆိုပြီး အဲဒီကမှ ငါ့ သူငယ်ချင်း- အခုအခါ ဘယ်မျှားနေပါလိမ့်မတုံး... တဲ့၊ ဟိုတုန်းက တော့ နှုတ်ဘောင်မဆက်နိုင်ဘူးဗျ .. (မှန်ပါဘုရား)။

ငါးပါးအာရုံမွှေ့လို့ တခါတည်း ကျောက်ကျလိုက်တဲ့ဖြစ်ခြင်း ဟင်.... (မှန်ပါ!) ငါ့ကို လိုက်ခဲ့လို့ ခေါ်ပေါ်ရရဲ့လား... (မရပါဘုရား) ဟိုကလဲ မခေါ်တာကြိုက်လို့ တေးထဲ သွားပုန်းတာဘဲ (မှန်ပါ!) ရှင်းပလားတကားကြွယ်_ (မှန်ပါဘုရား)။

ကဲ.... ဒါနဲ့ဘဲ သူကလဲ သတိရတော့ တိုင်းပြည်တပြည်လုံး ကြော်ငြာမောင်းခတ်တယ်.... ငါ့သူငယ်ချင်း ဇသာနကဟာ

အသက်(၂၀)က ကွဲခဲ့တယ်၊ သတင်းပေးနိုင်လို့ ရှိယင် ဆုငွေ ဘယ်ခလောက်ပေးမယ်ဟော့... ကိုယ်တိုင် လိုက်ပြနိုင်တဲ့လူဆိုယင် ဘယ်လောက်ပေးမယ်၊ သူက ကြော်ငြာမောင်းခတ်တယ်။

အဲဒီ-ကြော်ငြာတဲ့အချိန်နဲ့ ဟိုကခေတ္တးတဲ့အချိန်နဲ့လဲ တကာသိုက်တို့-တကာကြွယ်တို့ အချိန်ကိုက်နေတယ်...(မှန်ပါ့ဘုရား)။

ဟိုကလဲ အရိန္ဒမတို့ တိုင်းပြည်လာပြီး ဥယျာဉ်ထဲမှာ လာတာပေါ့ဗျာ... (မှန်ပါ့) လာတဲ့အချိန်မှာ ကြော်ငြာကပ်ထားလို့ ခလေးကလေးက ကြော်ငြာတာတဲ့ပြီးနေတာ့ သြော်.... ငါ့ကို လွှမ်းဆွတ်တဲ့ကြေးငြာဘဲဆိုပြီး ခလေးကလေး မင်း-ဘာဖတ်နေတာတုံး....။

ဟာ... ရှင်ဘုရင်က သူ့မိတ်ဆွေရှာတို့ရာ ကြော်ငြာသတင်းပါဘဲ....(မှန်ပါ့) ဘယ်လိုတုံး- ဘတ်စမ်းက္ခ.... သောနကဆိုတဲ့ပုဂ္ဂိုလ်ကို သတင်းပေးနိုင်ယင် တရား.. ၊ ကိုယ်တိုင် ပြနိုင်ယင် တထောင်....တဲ့ဆိုတော့ ကဲ....မင်းသွားခြောချေကွာ... သောနကကို သတင်းလဲပေးနိုင်ပါတယ်၊ ဟောဒီဥယျာဉ်ထဲမှာဘဲ....၊ ကိုယ်တိုင်လဲ မင်းကိုလိုက်ပို့ခိုင်းလို့ရှိယင် လိုက်ပို့လိုက်၊ ငါနဲ့တွေ့ပါလိမ့်မယ်....။

မင်း-သွားခြောချေ....တဲ့၊ ခုနင်က ပစ္စေကဗုဒ္ဓါက လွှတ်လိုက်တာပေါ့ တကာကြွယ်ရ....(မှန်ပါ့ဘုရား)။

ဒါနဲ့...ခလေးကလေးက သွားခြောတဲ့အခါကျတော့ ငွေထောင့်ဘဏ်လဲပေးပြီး ရှင်ဘုရင်က ငယ်ပေါင်းကိုအင်မတန်တွေ့ချင်တာနဲ့ ဒီနေ့လဲမသိုက်နိုင်တော့ ရှင်ဘုရင်ဆိုတော့ ခုနင်က....

ကိုယ်ရေး လုံခြုံမှုတွေကလဲ ရှိနေတော့ စစ်တပ်တွေ·ဘာတွေနဲ့ အမျိုးမျိုးအဖုံဖုံပေါ့ဗျာ....(မှန်လှပါ)နက်ဖြန်မှထွက်လာရတယ်၊ ထွက်လာပြီးသကာလ ပစ္စေကဗုဒ္ဓါနဲ့ တကာသိုက်ရေ.. ငွေတွေဆို ကြွပါစို့... (မှန်ပါဘုရား)။

ငွေတွေတော့ အရှင်ဘုရား... မာရဲ့လား . တဲ့၊ ကျန်းရဲ့လား တဲ့၊ အေး · မဲတယ်·ကျန်းခန့်တယ်ဆစရှိသည်နဲ့လောကထုံးစံအတိုင်း ပြောဆိုပြီးသကာလ ကဲ... အရိန္ဒမ မင်း·တရားနာဦး... ကွာဆိုပြီးသကာလ ဟိုက တရားဟောတယ်၊ ဘုရားအလောင်းကို ဟောတာနော်....(မှန်ပါဘုရား)။

ဘုရားအလောင်း အရိန္ဒမမင်းကို သောနက ပစ္စေကဗုဒ္ဓါက ဟောတာလို့ မှတ်လိုက်စမ်းပါ၊ ဒါနိပါတ်တော်မှာလာတဲ့ပါ၊ နောက်မှ အလုပ်စမ်းကို ပြောပေးမယ်.. (မှန်ပါဘုရား)။

ဒိုက်ပုံ·ပေပုံ အရွယ်သုံးပါး တပါး·ပါး အားထုတ်ထိုက်တယ် ဆိုတာ သိစခွင့်လို့ပါ... (မှန်ပါ) ခင်ဗျားတို့က အစအဆုံး လိုက်မှာ သိပ်စိုးရိမ်လို့....(မှန်ပါဘုရား)။

ဒါနဲ့ ဟောလိုက်တယ်၊ ကွာ... ဇဲ့၊ အရိန္ဒမရေ တဲ့၊ ဒို့ရဟန်းများ သပိတ်တလုံး- သင်္ကန်းသုံးထည်နဲ့ သွားလိုက်တဲ့ အတွက် ဘယ်သူခိုး·ဘယ်ဓါးပြမှ ကြောက်စရာ မရှိဘူးကွ. တဲ့၊ ဒါရဟန်းများ သိပ်းကောင်းတာဘဲ....တဲ့၊ ကိလေသာခေါင်းပါး တယ်လို့ ဟောတာ... (မှန်ပါဘုရား)။

သပိတ်တလုံး သင်္ကန်းသုံးထည်နဲ့ နေတော့ တကာ တကာမတွေ သိတဲ့အတိုင်း ဘယ်သူကလာပြီး သူခိုးတွေ ဓါးပြတွေက နှိပ်စက်စရာအကြောင်း ရှိသေးသလား....(မရှိပါဘုရား)။

သက်န်းဆိုဘာ စုတ်စုတ်ပြတ်ပြတ် ချုပ်ထားပြီး ဖြစ်နေသော ကြောင့် အထည်ကောင်းလဲ မဟုတ်ဘူး... (မှန်ပါ့) သပိတ်ဆို တာလဲ ဘယ်နေရာမှထားပြီး သုံးလို့ မရဘူးဆိုတာလဲ သိပြီးသား ထားပါဘော့.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဒို့မှာ ချမ်းသာတယ်ဆိုတော့ ဟိုက နားတော့ ထောင်နေတာဘဲ၊ အဲဒီတပုဒ်ဟာလိုက်တယ်....(မှန်ပါ့ဘုရား)။

နောက်တပုဒ် တခါဟောပြန်တယ်၊ ဒို့မှာကွာ....စပါးတွေ-ဆန်တွေ· ကျီတွေနဲ့ လှောင်ထားရတာမဟုတ်တော့ မီးလောင်မှာလဲ မစိုးရိမ်ရဘူး၊ ပိုးကိုက်မှာလဲ မစိုးရိမ်ရဘူး၊ မနက်လင်းယင် သဒ္ဓါတရားရှိတဲ့ဆီသွားပြီး ဆွမ်းခံလိုက်၊ သဒ္ဓါတရားမရှိတဲ့အိမ်က ကန်တော့ဆွမ်းဆို ကန်ဘော့ဆွမ်းကို လက်ခံသွားတာဘဲ။

လောင်းမည့်အိမ်ရှိလဲ လောင်းမည့်ဆွမ်းလက်ခံဘာဘဲ၊ ဒို့မှာ ဒါကသေးနဲ့ ရောင့်ရဲပြီး· ပြီးတာဘဲကွ....တဲ့၊ ရှေ့ရေး နောက်ရေး ပူစရာမရှိဘူးကွ၊ အိမ်တွေ မီးလောင်မယ်၊ သားစာ-သမီးစာတွေ ခက်လိမ့်မယ်ဆိုဘာ ဒို့မှာ မရှိဘူးကွ..တဲ့၊ အင်မဘန် အေးချမ်း တယ်ကွ·တဲ့ ..(မှန်ပါ့ဘုရား)။

တရားဟာ တရားကောင်းပါ့ဗျာ.... ရဟန်းများ အင်မတန် အေးချမ်းတယ် ဆိုတဲ့ အကြောင်း ဟောချတာဘဲ...(မှန်ပါ့) သဘောကျပလား...(ကျပါပြီ) အဲဒီလိုဟောတော့ ရှင်ဘုရင်က ဘုရားအလောင်းပေမဲ့လဲ နုတဲ့ဘဝဖြစ်နေဘော့ တကာ တကာမ တွေ အရှင်ဘုရား ဟော်ဘော်မူတာတွေဟာ ရဟန်းများမှာ ကောင်းတာတွေဟောတာတဲ့၊ ရဟန်းတို့၏ အကျင့်ဝတ်ကောင်း၊

ရဟန်းတို့၏ နေပုံထိုင်ပုံ ချမ်းသာတာဒတွေ ဟောတာတဲ့၊ ရဟန်း ကောင်းတာဒတွေ ဟောသဖြင့် တပည့်တော်နဲ့ ဘာမှမဆိုင်ဘူးဘဲ့၊ တပည့်တော်တို့က ရဟန်းလဲမဟုတ်ဘူးတဲ့....(မှန်ပါ့) ဘယ့်နယ့်ဟောက်-မဆန်ဘူးလား....(ဆန်ပါတယ်ဘုရား)။

တပည့်တော်က ရဟန်းမဟုတ်ဘူး....တဲ့၊ ကိုယ်တော်က ရဟန်း တွေ့ ဒီလိုကျင့်ယင် ကောင်းတယ်ဆိုတဲ့ဥစ္စာဘဲ့-တဲ့၊ တပည့်တော် ရဟန်းမဟုတ်တော့ ဒီတရား- တပည့်တော်နဲ့ ဘာဆိုင်သတုံးပြောတာ....(မှန်ပါ့) တကားကြွယ်-ရိုင်းလှချည့်လား....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူရိုင်းတာတုံးဆိုတော့ ဘုရားအလောင်း ရိုင်းဘာလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ဘယ်သူ ရိုင်းဘာပါလိမ့်....(ဘုရား အလောင်း ရိုင်းတာပါဘုရား) ဘုရားအလောင်း ရိုင်းနေတယ်ဆိုတာ မသေချာဘူးလား....(သေချာပါဘယ်ဘုရား)။

ဒါနဲ့ ပစ္စေကဗုဒ္ဓါက ကြော်....ဒီတရားနဲ့ သူနဲ့ လုံးဝမထိုက်တန်ဘူး၊ ကိလေသာခါင်းပါးအောင် ဟောတာကို သူဘာဆိုင်သတုံးလို့ ဇမေးတော့ ကိလေသာခါင်းပါးချင်တဲ့စိတ်နဲ့ ပြန်ပြောတာဆိုဘာ တကာသိုက်- အဓိပ္ပါယ်ပေါ်တာတယ်....(မှန်ပါ့) မဆပါဘူးလား-(ဖပါပါတယ်ဘုရား)။

တချို့ တကာ တကာမတွေလဲ ဒီအတိုင်းဘဲ မဟုတ်ဘူးလား (မှန်ပါ့) ဒီအတိုင်းပါဘဲ...တဲ့၊ ကိုယ့်လင် ကိုယ့်သားအလို့မကျတဲ့ အခါကျလို့ ရှိယင်ဖြင့် မလုပ်လဲ မလုပ်ချင်ဘူး၊ မကိုင်လဲ မကိုင်ချင်ဘူး၊ ပျင်းလဲပျင်းတယ်၊ ဖျင်းလဲ ဖျင်းတယ်ဆိုယင် ကျောင်း

သွားပြီး သက်န်းဝတ်နေပါလား (မှန်ပါ့) လာပြီကောဗျ.... (မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

လာပြီ....လာပြီ.... တကာ တကာမတို့ ကောင်းတာပြောတာ ဟိုက၊ ဒီကအားပြောခံရတဲ့လူက သြော်....ငါမသုပ်နိုင်မကိုင်နိုင်လို့ ဖြစ်ရလေခြင်းလို့... အပြောခံရတဲ့လူကလဲ ဝမ်းနည်းသေးတယ်.... (မှန်ပါ့) အပြောခံရတဲ့လူကလဲ ဖျင်းပါပေ့ဗျာ... ဝမ်းနည်းသတဲ့... (မှန်ပါ့ဘုရား)။

သူ့ကို အခကောင်းတွန်းပေးတာ တကာကြွယ်- ဘယ်နှယ်.... သူက ဝမ်းနည်းသတဲ့လဲ၊ လောကမျက်လုံးကိုးဗျ... (မှန်ပါ့) ငါမကျေးနိုင်-မလုပ်နိုင်-မပြုနိုင်လို့-မစုနိုင်လို့ ငွေရှာညှံလို့သာလျှင် ငါ့နှင်ထုတ်တာဘဲ....(မှန်ပါ့ဘုရား)။

အံမာ... သူကလဲ ဒီလိုတွေးပြီး မထွက်ချင်ဘူး....(မှန်ပါ့) တိုးပြီး ရှာဦးမယ်ဆိုတဲ့အဓိပ္ပါယ်ဘဲ လာတယ်....(မှန်ပါ့ဘုရား)။

တသက်လုံး ကျွန်ခံလို့ ကျွန်မပီအာနဲ့ တကာတကာမတို့ မောင်းထုတ်ဘာတောင်မှ ကျွန်က အို...ဒီတခါ တိုးလုပ်တာဘဲ ဆိုပြီးသကာလ ကျောင်း,ကန့်,ဘုရား, လှဘ်ငြားဆသော်လဲ သွားချင်ရဲ့လား...(မသွားချင်ပါဘုရား) ဘာဖြစ်တာတုံးဗျ... (ကျွန်ခံချင်လို့ပါဘုရား) ကျွန်ခံချင်လို့ ဆက်ပြီးဘေ့....(မှန်ပါ့ဘုရား)။

အယင်က ကျွန်ဆက်ကလဲရှိခဲသေးတယ်...(မှန်ပါ့) အဲဒီ ကျွန်ဆက်ခံနေတာကို အိမ်သားတွေက မကျေနပ်တော့ ကျွန်ဟာ အလုပ်အကိုင်ညံ့တယ်၊ ပစ္စည်းရှာညံ့တယ်-ဟုတ်လား_အထိန်း

သိမ်းညှံ့တယ်ဆိုပြီး နှင်ထုတ်တာတောင်မှ ဒီတခါဖြင့် နှင်မထုတ်တဲ့နည်းနဲ့ ပိုပြီး ကျွန်ခံပါတော့မယ်ဆိုပြီး ဝန်ခံတာနဲ့ကော (အတူတူပါဘုရား) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

တကာကြွယ် ဒီလိုမျိုး ဝန်ခံမိသေးသလား- တကာသိုက်ကော....(မခံမိပါဘုရား) အထုပ်နှင့် ထုပ်သွားမှာဘဲလား.... (မှန်ပါဘုရား) သွားမှာဘဲလား၊ ဒါဖြင့် တို့ပေးဦးမှထင်တယ် ခင်ဗျားတို့။

ဒါနဲ့ တကာတကာမတို့ ပဋ္ဌမတရားမှာ လျှော်လို့ကိုက်ရတယ်- (မှန်ပါ၊ ဘာဖြစ်လို့ လျှော်လိုက်သတုံးဆိုတော့ မသိတဲ့ပုဂ္ဂိုလ် ပေါမိလို့ လျှော်လိုက်ရတယ်... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား) လျှော်လိုက်ရတာ ကျေနပ်ပြီနော်... (ကျေနပ်ပါပြီဘုရား)။

ဒါနဲ့ ပဋိစ္စကပုဒ္ဓါက ဆက်ပေါပြန်တယ်၊ ပစ္စေကပုဒ္ဓါဆိုတာ ဘုရားအောက်မှာ သူဘဲရှိတာဘဲ... (မှန်ပါ) ဥာဏ်သိပ်ပြီး ထက်မျက်တဲ့ပုဂ္ဂိုလ်ဘဲ... (မှန်ပါဘုရား)။

သစ္စာလေးပါးကို ဆရာမပါဘဲနဲ့ ကိုယ်တိုင်သိပြီး ရဟန္တာဖြစ်တာဘဲ.... (မှန်ပါ) ပဋိစ္စကပုဒ္ဓါဟာ ဟင်.... (မှန်ပါ) အတော်ထက်တဲ့ပုဂ္ဂိုလ်က ပေါတဲ့တရားကို သူနဲ့မဆိုင်ဘူးပြောတာဘဲ.... (မှန်ပါဘုရား)။

ဒါနဲ့ဘဲ... ဒါမဆိုင်လို့ရှိယင် တရားတပုဒ် ဆက်ပြီး ပြောပါဦးမယ်၊ ဟိုက မင်းလျှာ့တမ်းပေါတယ် (မှန်ပါ)တကာကြိုးတဲ့ ရှေ့မြစ်ညာကနေပြီးသကာလ ဆင်းသကြိုးတင်ကောင် မျှောလာတယ်....တဲ့၊ ရေက အနောက်စီးမှာကိုး.... (မှန်ပါဘုရား)။

ကျီးမိုက် တကောင် သည် ကားလို့ ဆိုယင်အဲဒီဆင်သေကြီး ပေါ်မှာ သွားနင်းတယ်၊ ဆင်သေကြီးက အကောင်အင်မတန် ကြီးတယ်တဲ့....(မှန်ပါ့ဘုရား)။

ငါ့တသက်တာ့ စားလို့ မကုန်ဘူးတဲ့၊ ရေထဲ မျောလာတဲ့ ဆင်သေကြီးပေါ့ဗျာ... (မှန်ပါ့ဘုရား)။

ငါ့တသက်တာတော့ဖြင့် အသားတွေ စားလဲကုန်မှာ မဟုတ်ဘူး၊ ရေဆာလို့ ရှိယင်လဲ ဒီဆင်သေကြီးက ထုတ်တဲ့ သွေးတွေ သောက်နေလဲ ငါဝတာဘဲတဲ့....(မှန်ပါ့ဘုရား)။

အစားလဲမလို၊ ရေလဲမလို၊ ဒီအပေါ် စီးပြီး သွားမှ ဘဲတဲ့၊ တသက်လုံးသွားမယ်တဲ့....(မှန်ပါ့) သူ့မှာတော့ ကံကောင်းအကြောင်းသင့်တယ်ထင်တာပေါ့ဗျာ...(မှန်ပါ့ဘုရား)။

အဲဒီလိုတကာကြီး ဆင်သေကြီးပေါ် စီးပြီး သွားတယ်တဲ့၊ ကျီးမိုက်တကောင် စီး၊စီး၊စီး၊စီးပြီး သကာလ သွားတော့ရေထဲလဲ ဆင်သေကြီးက မျော-မျော- မျော- မျောသွားတော့ ဆင်သေကြီးသည် ပင်လယ်ဝသို့ ရောက်သွားတယ်၊ ပင်လယ်ဝဆိုတဲ့ ဥစ္စာ၊ အဝဆိုကတည်းက တကာ တကာမတွေ့ မျယ်ထာ- လိုက်တာပေါ့၊ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းမြင်ရသေးတယ်၊(မှန်ပါ့) အဝဆိုယင် မြင်ရသေးတယ်၊ အလယ်ဆိုယင် မြင်ရတော့ဘူး (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ပင်လယ်ဝ ရောက်ခါရှိသေးတော့ မြင်ရတာပေါ့....(မှန်ပါ့) မြင်ရတော့ ဆင်သေကြီးပေါ်က သူပြန်မယ် ဆိုလို့ ရှိယင် ဟေးလွတ်သေးတယ်....(မှန်ပါ့ဘုရား)။

သို့သော် သူ့အာသာက ဒီလိုမဟုတ်ဘူး၊ တသက်လုံး ဆာလောင်မွတ်သိပ်ယင် အသားစားမယ်၊ ရေဆာလို့ ရှိယင် အသွေးသောက်မယ်...(မှန်ပါ့)ဒီကနည်းတဲ့ အကောင်ကြီးမဟုတ်ဘူး.... (မှန်ပါ့ဘုရား)။

ငါတောဖြင့်တသက်လုံး အားကိုး လောက် တာဘဲ ဆို ပြီး သကာလ တကာကြွယ်တို့ တကာသိုက်တို့ ဆင်သေပေါ် စီးသွား တယ်....(မှန်ပါ့ဘုရား)။

ပုံနှိုင်ဘို့ရာ အချိန်ကလေးရှိသားနော်.... (မှန်ပါ့) သို့သော် သူစွန့်နှိုင်ရဲ့လား....(မစွန့်နှိုင်ပါဘုရား)။

မစွန့်နှိုင်ဘူး၊ သူ့အာသာနဲ့ သူ့အလို၊ သူ့ဆန္ဒနဲ့၊သူ့မှာ အင်မဘန်ကျေနပ်ပြီး သူ့စိတ်ကူးနဲ့ သူ ယဉ်နေဘာဘဲ...(မှန်ပါ့ ဘုရား)။

ယဉ်ပြီးလိုက်ပြီးသကာလ သွားလိုက်တော့ ပင်လယ်ဇာတ်အလယ် ရောက်ပါတယ်၊ အလယ်ရောက်တဲ့အခါ ဝဲသြဿတွေးမျှားပြား တယ်...(မှန်ပါ့)သခင်ကျပလား .... (ကျပါပြီ) ပင်လယ်ဝဲ ဆိုတာ ဒီရေတွေတက်လာတာ ကြည့်ပေတော့....(မှန်ပါ့ဘုရား)။

အဲဒီဝဲထဲရောက်သွားတဲ့အခါ ပင်လယ်ထဲဆိုတော့ ငါးကြီး တွေဟုတ်လား၊ မိုးကျောင်း အကြီးအကျယ်တွေမရှိဘူးလား .... (ရှိပါတယ်ဘုရား)၊

အဲဒါတွေက ဆင်သေပုပ်ကြီးကို ထိုးကြဆွကြဒေါ့ တကာ တကာမတို့ ဆင်သေပုပ်ကြီးကို စားသောက်ပစ်သို့လဲကုန်၊ ပုပ်ရှိ

လို့လဲ ရေထဲမှာအရိုးတွေက ပြုတ်ကုန်တော့ ဘာကျန်ရစ်သေးသတုံး....(မကျန်ရစ်ပါဘုရား)။

အဲဒီမှာကျီးက ထပြန်တယ်.... (မှန်ပါ့) ထပြန်ခတော့တောင် ပြန်လိုက်ပြန်လဲ လမ်းမမြင်၊ကမ်းမမြင်.... (မှန်ပါ့) မြောက်ပြန်ကော....(ကမ်းမမြင်-လမ်းမမြင်ပါဘုရား)။

အရှေ့ပြန်လိုက်ပြန်လဲ-လမ်းမမြင်၊ကမ်းမမြင်၊ အနောက်ပြန်လိုက်ပြန်လဲ....(လမ်းမမြင်-ကမ်းမမြင်ပါဘုရား) ကြာတော့နား စရာမရှိတော့ဘူး.... (မှန်ပါ့)ဒါနဲ့ သူလဲအတောင်တွေ ပူသာပြီး သကာလ ညောင်းလာပြီး သကာလဘယ်မှမပြန်နိုင်တော့ဘူး... (မှန်ပါ့ဘုရား)။

ဒီရေထဲဘဲကျတယ်.... (မှန်ပါ့) ကျတော့သူလဲ ခုနင်ကဆင်သေ ငါးလိပ် မကန်းအစာ အာဟာရ ဖြစ်သလိုသူလဲ ငါးလိပ်မကန်း၏ အစာအာဟာရဖြစ်သွားတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)ဘယ့်နယ်ခြောင့် ဒီကျီးသည် ဆင်ဒေါပျက်စီးသကဲ့သို့ ပျက်စီးရ ပါလိမ့်မလဲလို့ မေးလို့ရှိယင် ပြန်သင့်တဲ့အချိန်ကမပြန်လို့ မှတ်ထားပါ.. (မှန်ပါ့)ဘယ်လိုမှတ်ကြမယ်.... (ပျံသင့်တဲ့အချိန်က မပြန်လို့ပါဘုရား)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ပင်လယ်ဝ ရောက်နေတုန်းက ပျံလိုက်ယင်လွတ်ပါတယ် .... (မှန်ပါ့)ကမ်းတွေ့လဲမြင်ရတယ်၊ သစ်ပင်တွေ့လဲမြင်ရတယ်၊မြင်ရယင် သူနားနိုင်တာပေါ့...(မှန်ပါ့ဘုရား)။

အခုတော့ ကမ်းမမြင် လမ်းမမြင်ကျမှ ပင်လယ်၏ အလယ်ရောက်မှ သူအားကိုးတဲ့ဆင်ကြီးကလဲ ပုပ်ရိပြီး ငါးလိပ်မကန်းတွေ့ စားကုန်လို့ ဘာမှရှာမတွေ့တော့မှ ထပြန်တာကိုးဗျ .... (မှန်ပါ့) အဲဒီတော့ သူဟာ ဆုံးရှုံးခြင်းသို့ ရောက်ရတယ် .... (မှန်ပါ့ဘုရား)။

ဒါဖြင့် အစအဆုံး စီးတဲ့အတွက် ဒုက္ခ ရောက် ရ တယ် .... (မှန်ပါ့)ဆင်သေကြီးကို အစအဆုံးစီးပြီး ဒီကျိုးမိုက်လိုက်သွားတဲ့ အတွက် တကာတကာမတို့ ကျွဲမွေးမိုက်သည် သေပွဲဝင်ရတယ်.... (မှန်ပါ့ဘုရား)ရှင်းပသား.... (ရှင်းပါပြီ) ဘာဖြစ်သွားပါလိမ့်.... (သေပွဲဝင်ရပါတယ်ဘုရား)။

သေပွဲဝင်ရတယ်ဆိုတာ သဘောကျပလား .... (ကျပါပြီ) အင်းဘယ့်နှယ်ကြောင့် သေပွဲဝင်ရပါလိမ့်မတုံးဆိုတော့ ပျံနိုင်တဲ့ ပင်လယ်ဝ ရောက်ချိန် အခါတုန်းက မပျံလို့ .... (မှန်လှပါဘုရား)။

တကာကြွယ်တို့ အဓိပ္ပါယ်ပေါက်ပလား .... (ပေါက်ပါပြီ) ပျံနိုင်တဲ့အချိန်က (မပျံလို့ပါဘုရား) ဘယ့်နှယ်ကြောင့် မပျံပါလိမ့်မတုံးဆိုတော့ ငါးပါးအာရုံ ကာမဂုဏ်နဲ့တူတဲ့ ဆင်သေကြီးကို အားကိုးလွန်းလာတယ်လို့ အထိမ်း အမှတ် ထား တယ် .... မှန်ပါ့ဘုရား)။

အဲဒါတော့ အားကိုးလောက်တယ်လို့ အထိမ်းအမှတ်ထားတဲ့ အတွက် ပျက်စီးတာသူမမြင်ဘူး.... (မှန်ပါ့)မြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

ပျက်စီးသွားတဲ့ အခါကျမှ ထပြီးပျံခေတဲ့ သူပါပျက်စီးရတယ်.... (မှန်ပါ့)သဘောကျပလား.... (ကျေပါပြီ) အဲဒီတရားဟောလိုက်တယ်၊ ပစ္စေကဗုဒ္ဓါက ဟောလိုက်တယ်.... (မှန်လှပါဘုရား)။

မင်းလဲဒီအတိုင်းဖြစ်မယ်ကွတဲ့၊ မင်းသားသမီးနဲ့ နန်းတော်ကြီး တည်းဟူသော ပစ္စည်းအားရုံခေတ္တဟာ ဆင်သေတ္တကွ မင်းကကျေးမိုက်နဲ့တူတယ်ကွ၊ မင်းအခု ငါးဆယ်ကျော်ခြောက်ဆယ်ပေါ်မှာတောင် မင်းဒါတွေစီးပြီး အုပ်ချုပ်တုန်း၊ နောက်တော့လဲ ဒါတွေဟာ ကစင်ကရဲ အိုပဲခေတ္တ၊ နာပဲခေတ္တ၊ သေပဲတွေခေတ္တမှ မင်းသည် သူတော်ခကောင်း အလုပ်ရှာယင် ရမှာမဟုတ်ဘူး.... (မှန်ပါဘုရား)။

အခုအခါနိုင်ကစပြီး ဆင်ခသနဲ့တူတဲ့၊ သားသမီး မြေး-မြစ်-နန်းတော်အာရုံဝေဒနာပြီးဘော့ သူတော်ကောင်း အလုပ်ကိုလုပ်ဘော့ကွလို့ ဟိုကဥပမာနဲ့ ဟောလိုက်တယ်....(မှန်ပါ)သူကနားထဲကို မဝင်ဘူး....(မှန်ပါဘုရား)။

အရိန္ဒမမင်း-ဘုရားအလောင်းက တကာတကာမတွေဘာဖြစ်သွားပါလိမ့်.. (နားထဲမဝင်ပါဘုရား) ဥပမာ ဘယ်လောက်ကောင်းသတုံး....ကောင်းပါတယ်ဘုရား)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီမှာလဲ တကာ တကာမတွေ ဘယ့်နှယ်ဆိုကြမလဲ.. ငါးပါးအာရုံ ကာမဂုဏ်ဆင်သေကြီးကို သားနဲ့- သမီးနဲ့- ပစ္စည်းနဲ့-

ရှာလျက်ဆိုယင် စီးလျက်ဘဲရှိသေးတယ်....(မှန်ပါ့) ပင်လယ်ဝ မရောက်သေးဘူးလား‌လို့ မေးလိုက်ပါတယ်.... (ရောက်ပါပြီဘုရား)။

ရောက်ချိန်.... အချိန်တုန်းက ဒါတွေကို ဉာဏ်စွဲန့်၊ စွန့်ပြီး သကာလ ခင်ဗျားတို့ သူတော်ကောင်းအလုပ်-သုပ်ပါ....(မှန်ပါ့) ဒီဟာနဲ့ ချည်း ဖသပဲ့ဝင်တော့မယ်ဆိုယင်ဖြင့် ကျီးမိုက်ပါဘဲ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာလုပ်ရမယ်ဆိုတာ အခုအဖြေထွက်ကြပလား....(ထွက်ကြပါပြီဘုရား) ပင်လယ်ဝရောက်နေတာ လူတိုင်းလိုလိုဘဲ....(မှန်ပါ့ဘုရား)။

အခုအခါချိန်မှာ ကျီးသည် ပုံခါချိန်ရောက်ဘိသကဲ့သို့ ခင်ဗျားတို့ ဝိပဿနာအလုပ်ကို ရှာခါချိန်သေသေချာချာရောက်ပါပြီ....(မှန်ပါ့ဘုရား)။

ဘာမှ သံသယရှိမနေပါနဲ့....ဘယ်သားငယ်လို့ ဘယ်သမီးငယ်လို့ ဘယ်စီးပွားရေးအကြောင်း မညှိညှဉ်းသေးလို့ ဘယ်ကိစ္စ မပြီးသေးလို့ ဆင်ခြေမှလဲမနနဲ့ မျောလျက်ဘဲ....(မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီးကမျောလျက်ဘဲမဟုတ်လား..(မျောလျက်ပါဘုရား) သေမည့်ဘက် မျောလျက်ဆိုတာ ရှင်းနေတယ်(မှန်ပါ့) ဘယ်အခါရပ်သတုံး....(ဘယ်အခါမှ မရပ်ပါဘုရား) သေမည့်ဘက် မျော-မျောနေတာဘဲ...(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီ မျောသွားလို့ သေခါနီးကျမှ ခိုကိုးရာရှာတော့ ဘာတွေဦးမှာတုံး....(မတွေ့ပါဘုရား) ဝိပဿနာဉာဏ်လဲမရ၊ မဂ်ဉာဏ်လဲမရဆိုတော့ တကာကြွယ်· ဘာအားကိုးမတုံး ...(ဘာမှအားကိုးစရာ မရှိပါဘုရား) အားကိုးရာမဲ့ ဖြစ်ပြီး သကာလ ကျိုးသည် ငါး,လိပ်မကန်းတို့၏ အစာတွေ့ ဖြစ်ရတယ်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့လဲ ပုံချိန်က ပုံပါ....(မှန်ပါ့) သားသမီးပေါ် တခါတည်း အလုံးစုံ အကုန်အိုကြီးအိုမှ ခါးကိုင်း, နားထိုင်း, သွားကျိုး, ဆံဖြူလို့ လူချင်းမတူမှဟုတ်လား.... သေခါနီးမှ ကမ္မနိမိတ်တော့ ထင်လာမှ ငါဖြင့် ခက်ပေါ့.... အားကိုးရာရှာဦးမယ်ဆိုလို့ ရပါ့မလား....(မရပါဘုရား)။

မမှီတော့ဘူး-ပုံလို့....(မှန်ပါ့) ဉာဏ်ကောင်း· ကံကောင်းတွေက ကုန်ခဲ့ပြီ (မှန်ပါ့) မကုန်သေးဘူးလား....(ကုန်ပါတယ်ဘုရား)။

အဲ....ဉာဏ်ကောင်း· ကံကောင်းမတွေ့ကုန်ခဲ့မှ နိဗ္ဗာန်ရှာလို့ရှာ၊ ရပါ့မလား....(ရနိုင်ဘို့ ခဲယဉ်းပါတယ်ဘုရား) အခု ပင်လယ်ဝရောက်နေတုန်းကို ခင်ဗျားတို့ ရှာယင် ပြည့်စုံပါသေးတယ်လို့ ပြောတာ....(မှန်ပါ့)သဒ္ဓာပါပလား...(ပါ-ပါပြီဘုရား) အခုဘယ်အခြေအနေ ဆိုက်နေသတုံး....(ပင်လယ်ဝရောက်နေပါတယ်ဘုရား)။

ဒါဖြင့် ငါးပါးအာရုံ ကာမဂုဏ်ဆိုတဲ့ သားရေး·သမီးရေး·စီးပွားရေးတွေကို တကာ တကာမတွေ့ ဒီလိုဘဲ လျှောက်ပြီး ဦးစီးခေါင်းဆောင်လုပ်နေဘို့ အချိန်ရှိသေးရဲ့လား....(မရှိပါဘုရား)။

လျှောက်ပြီး စိုးသွားမယ်ဆိုလို့ ရှိယင်ဖြင့် ကျိုးမိုက်လိုဘဲ တကာ တကာမတို့ ခုနင်ကပြောခဲ့တဲ့ အိုပဲ့ကြီး, သေပဲ့ကြီး တွေ့တော့မှ ခိုကိုးရရှာတော့ ဘယ့်နှယ်တုံးဗျာ....(မရပါဘုရား)။

တွေ့မှာကလဲ သေချာတယ် မဟုတ်လား.... (သေချာပါတယ်ဘုရား) အခုက အိုပဲ့, သေပဲ့လွတ်ရုံကြီးရှာထားလိုက်မယ်ဆိုလို့ ရှိယင် မပြီးဘူးလား....(ပြီးပါတယ်ဘုရား) ဒါဖြင့် အခု အရေးကြီးတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြရမယ်.... (အခု အရေးကြီးတယ်လို့ မှတ်ရပါမယ်ဘုရား) ခိုကိုးရာ ရမှုရှာဘို့ အခုအရေးကြီးတယ်.... (မှန်လှပါဘုရား)။

တကာ တကာမတို့ ခိုးကိုးရာရမှုကိုရှာဘို့ ဘယ်အချိန် အရေးကြီးပါသလဲ....(အခု အရေးကြီးပါတယ်ဘုရား)အခုကစပြီးအရေးကြီးတော့တယ်.... (မှန်ပါ!) ဆိုထိုက်ပလား.... (ဆိုထိုက်ပါပြီဘုရား)။

ကဲ....တကာကြွယ်-သတောပါပလား....(ပါ-ပါပြီ)အခု ဘယ်အခြေအနေ ရောက်နေသလဲ.... (ပင်လယ်ဝ ရောက်နေပါတယ်ဘုရား) ပင်လယ်ဝရောက်နေတယ်....(မှန်ပါ!) ဒါဖြင့် ခိုကိုးရာရှာဘို့.... (အရေးကြီးပါတယ်ဘုရား)။

ဒီ ဆင်သေတွေ့ လွှတ်အားကိုးမနေနဲ့.... (မှန်ပါ!)တော်တော်ကြာ ဖရိုဖရဲနဲ့ ဟုတ်လား... (မှန်ပါ!) အကုန်ကဲ့ပြီးသကာလ အနိစ္စသဘော အကုန်ရောက်မှာတွေ့ချည့်ဘဲ၊ ခင်ဗျားတို့အားလုံး သားရော-သမီးရော-ဆွေရော-မျိုးရောတွေ့....(မှန်ပါဘုရား)။

အဲဒီအချိန်ကျမှ ကိုယ်ကျိုးနည်းပေါ့-ဟုတ်လား ... ငါ့မှာ ခိုကိုးရာလဲ့ မရှိပါလား၊မင်္ဂလာဏ်, ဖိုလ်ဉာဏ်လဲမရဒဿပါလား.... ဆိုပြီးသကာလ ခင်ဗျားတို့နိမိတ်ကလဲ့ ထင်ဉီးမှာ၊ ခွေးနက်ကြီးတို့-ဘာတို့ ဒေခါနိုးကိုးဗျ....(မှန်ပါဘုရား)။

ခွေးနက်ကြီးတို့-ငရဲမီးတို့ကလာတော့မှ ဩော်....ခိုကိုးရာရှာတော့ တွေ့ပါဦးမလား....(မတွေ့ပါဘုရား)ဉာဏ်နဲ့ အခုအခါက ပွဲားများပြီး လုပ်ထားမှ တကာကြွယ်-နေရာကျမှာမဟုတ်လား.... (မှန်ပါ) ဟိုအချိန် ဒေခါနိုးမှရှာလို့ ဘယ်နှယ်လုပ်မှာတုံး.... (မရပါဘုရား)။

ခုနင်က ကျိုးသည် ဒေခါနိုးမှရှာလို့ ဟိုဘက်ပုံရှားတော့လဲ့ ကမ်းမတွေ့၊ ဒီဘက်ပုံရှာတော့လဲ့ (ကမ်းမတွေ့ပါဘုရား)အရှေ့ အနောက်- တောင်- မြောက် လှည့်ပြီးပုံရှာတော့ကော....(ကမ်းမတွေ့ပါဘုရား)။

ကြာတော့ သူ့ဟာသူ ပင်လယ်ထဲ အားမာဆိုက်ပြီး ဆင်ဒေကောင် ပျက်စီးသလို သူပျက်စီးရတယ်....(မှန်ပါ)ဒါဘယ်နှယ်ကြောင့်လဲ့ အားကိုးမှားလို့.... (မှန်ပါဘုရား)။

ခင်ဗျားတို့လဲ့ သား,သမီး, ဆွေမျိုး, ပစ္စည်း အားကိုးပြီး ဒီအတိုင်း-ဒီအတိုင်းသာ ဒေသည်ထိုအောင် သွားကြမယ်ဆိုယင် ဖြင့် ဒီကျိုးလိုဘဲ့....တဲ့၊ အပါယ်ခလားပါးတည်းဟူဒေသာ ငါး,လိပ်မကန်းတို့၏အစာ-ကျိုးမိုက်နဲ့တူတဲ့ပုဂ္ဂိုလ်တွေ့ ဖြစ်ရမှာဘဲ့(မှန်ပါ) ဘာမှ သံသယမရှိနဲ့၊ ဒီလမ်းသာလိုက် ဒီပဲ့တွေ့ချမယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီလမ်းလိုက်ယင် ဘာတွေ့ရမလဲ.... (ဒီပဲ့တွေ့ရပါတယ်ဘုရား) ရှင်းပလား....(မှန်ပါ့) ရှောင်လို့ တိမ်းလို့ ရပါ့မလား... (မရပါဘုရား)။

ကိုင်း....ဒီပဲ့မတွေ့ခင် အခုရှာကြ....(မှန်ပါ့) ဘယ့်နှယ် မှတ်ကြမယ်....(အခုကတည်းက ရှာကြရပါမယ်ဘုရား) အခုက ခိုကိုးရာ- အားထားရာရှိတာ လုပ်ထားလိုက်စမ်းပါ .... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ အလုပ်မပြီးသေးလို့ လုပ်မနေနဲ့.... ပင်လယ်ဝ ရောက်နေပြီ...(မှန်ပါ့) ပင်လယ်ထဲကျတော့မှာဖြင့် ဘယ်သူ့ကယ်လို့- ဘယ်သူဆယ်လို့မှ မရတော့ဘူးဆိုတာ သေသေချာချာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) တကားကြွယ်- သတောပါပလား....(ပါ-ပါပြီ) အားလုံး တကာ တကာမတွေ့ သတောပါပလား... (ပါ-ပါပြီဘုရား)။

အဲဒါ ရှေ့ပိုင်းက သံဝဂပြောပြီး နောက်ပိုင်းက အားကိုးရာပေးချင်လို့ ဆိုတာ မှတ်သားလိုက်စမ်းပါ....(မှန်ပါ့) ရှေ့ပိုင်းက ဘာတွေ့ပြောနေသလဲ... (သံဝေဂပြောနေပါတယ်ဘုရား)သံဝေဂလဲပြောပါတယ်၊ အသုပ်လဲ အစက ပါခဲ့ပါတယ် ... (မှန်ပါ့) သတောကျပလား....(ကျပါပြီဘုရား)။

အဲဒါ အားလုံးမှားနေမှာစိုးလို့ အခုက အပြင်ခိုင်းတာပါဘဲ အင်း... ဒီသားနဲ့ ဒီသမီးနဲ့ ဒီစီးပွားရေးနဲ့ လုပ်ဟဲ့-ကိုင်ဟဲ့ဆိုပြီး သကာလ ခန္ဓာကိုယ်ကြီးတာ့ ဘယ်အခြေအနေ ဆိုက်နေတယ်လို့ အိပ်ရဲ့, နာပ်ရဲ့, သေပ်ရဲ့တွေ့ ကပ်နေပါပေါ့လားလို့ မသိဘူး....

(မှန်ပါ့) လောကခိုင်းရာသာ ကျွန်ပီပီလုပ်နေမှာဘဲ....(မှန်ပါ့) ဟုတ်လား....(မှန်ပါ့ဘုရား)။

ကျွန်ပီပီလုပ်နေလို့ရှိယင်ဖြင့် အားမကိုးထိုက်တာ အားကိုးလို့....အားကိုးတဲ့အလုပ် လုပ်နေမှာဘဲ...(မှန်ပါ့ဘုရား)။

နောက်ကျတော့ အိုပ္ပဲ, သေပ္ပဲ တွေ့တဲ့အခါကျတော့မှ ခိုကိုးရာကိုရှာတော့ ဘယ့်နှယ်တုံး...(မရပါဘုရား) ပင်လယ် အလယ်ရောက်မှ ခိုကိုးရာရှာလို့ ဘယ်ကလာ တွေ့မှာတုံး...(မှန်ပါ့) တကာကြွယ်- တွေ့ပါ့မလား...(မတွေ့ပါဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် အခုအချိန် ဘာအချိန်ပါလိမ့်မလဲလို့ မေးခွန်းထုတ်လို့ရှိယင် ခိုကိုးရာရှာချိန်ဟာ အခုအချိန်ဘဲ...(မှန်ပါ့) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

အခုချိန် ဘာချိန်ပါလိမ့်.... (ခိုကိုးရာ ရှာချိန်ပါဘုရား) ခိုကိုးရာရှာချိန်ဟာ အခုအချိန်ဘဲဆိုတာ ဆုံးဖြတ်ချက်ချ...(မှန်ပါ့ဘုရား)။

အခုအချိန်ဟာ ဥာဏ်ကလေးလဲရှိတယ်၊ ပြောနိုင်တဲ့ ဆရာသမားလဲရှိတယ်....(မှန်ပါ့) ထောင်နိုင်တဲ့နားကလေးလဲ....(ရှိပါတယ်ဘုရား)။

အင်း.... မအို-မသေသေးလို့ ဝေဒနာကလေးကလဲ အခုတရားနာတဲ့ အခြေအနေရောက်အောင်ကော ကင်းနေသေးတယ် (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပုံလဲနေတဲ့ဝေဒနာမျိုး မရောက်သေးဘူး....(မှန်ပါ့) ဒီနေရာဒီဌာန လာနိုင်တဲ့စွမ်းရည်ကလေး ရှိသေးတယ်...(မှန်ပါ့) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒီအချိန်က ခိုကိုးရာကို မရ-ရအောင် ယူထား...(မှန်ပါ့) ပင်လယ်ထဲကျအောင် လိုက်မသွားနဲ့....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့်....အခုအချိန်ဟာ ဆင်သေပေါ်က ပုံချိန်ရောက်တဲ့ ကံကျိုးလိုဘဲ....(မှန်ပါ့) သားသမီး- ပစ္စည်းဥစ္စာ ရတနာတွေနဲ့ ဥာဏ်ခွဲ-ခွဲပြီး စွန့်ဘို့အချိန်ဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်သူနဲ့ ဥာဏ်ခွဲ-ခွဲရမှာတုံး.... (သားသမီး- ပစ္စည်းဥစ္စာ ရတနာတွေနဲ့ ဥာဏ်ခွဲ-ခွဲရပါတယ်ဘုရား) ဥာဏ်ခွဲ· ခွဲရမယ်၊ ဒါတွေ ငါ့ကိုယ့်၊ ငါ့ဟာ၊ ငါ့ဥစ္စာမဟုတ်ဘူး၊ သက်သက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေဘဲလို့ ခင်ဗျားတို့ ကိုယ့်အရေးကိုယ်ရှာဘို့... သူတို့ကို ထားတာပေါ့၊ ဥာဏ်နဲ့ထားပြီး တဏှာနဲ့ လွှတ်ထားလိုက်....(မှန်ပါ့) တဏှာဖြတ်ထားလိုက်....(မှန်ပါ့ဘုရား)။

ရှိတာတော့ ရှိတာပါဘဲ၊ ခင်ဗျားတို့ စားဘို့ သောက်ဘို့ ရှိတာပါဘဲ၊ ဥာဏ်နဲ့ ဖြတ်ထားလိုက်တော့ သူ့ တိုးပွားဘို့၊ သူ့ကြီးပွားဘို့ဆိုပြီး အမိုက်ပိုသာသေးရဲ့လား.... (မလာပါဘုရား) ဒီလို အခုအခါ ဥာဏ်ဖြစ်ချိန် ရောက်ပြီဆိုတာကော သဘောကျပလား....(ကျပါပြီဘုရား)။

စွန့်ရမယ်လို့ ပြောတာမဟုတ်ဘူး၊ ဥာဏ်နဲ့ ဖြတ်ရမယ်လို့ ပြောနေပြီ..(မှန်ပါ့)။

ခင်ဗျားတို့ဟာ အခုထက်ထိ ငါပါမှု-ငါပါမှု လုပ်နေသေးယင်တော့ တကာကြွယ် သွားပြီ...(မှန်ပါ့) ဆင်သေပေါ် စီးလျက်- စီးလျက်ဘဲ မနေပေဘူးလား...(နေပါတယ်ဘုရား)။

ပင်လယ်ထဲရောက်ဘို့ရာကလဲ အမျောကလဲ သန်ပါဘိသနဲ့.... (မှန်ပါ့) ရေးစီးကလဲ သန်ပါဘိသနဲ့... (မှန်ပါ့ဘုရား)ကိုယ်ကလဲ မိုက်ချက်နဲ့ ဆင်သေကြီး ပျက်စီးမှာမသိလို့ စီးမိလျက်ကလဲ ကြုံပါဘိသနဲ့... (မှန်ပါ့ဘုရား)။

အဲဒီတော့မှ လန့်ပျံ-ထပျံပြီး ငါးလိပ်မကန်းတွေ့ဆဲလို့ ပုပ်, ရီ, ရွဲပြီး အကုန်မြုပ်တော့မှ ထ,ပျံယင်တော့ ဒီကျီးလဲ့ သေပဲ့ဝင်ဦးမှာဘဲ....(မှန်ပါ့)။

ဒီမှာလဲ တကာတကာမးတွေ့ အဲဒီကျမှ ထ,ပျံယင် ဘယ်နှယ်တုံး... (သေပဲ့ဝင်ဦးမှာပါဘုရား) အခုက နိဗ္ဗာန်ရအောင် ရှာထားလိုက်ပါ... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်မြင်-ဖြစ်ပျက်မှုံး-ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန် အခုရအောင် ရှာထားပါ.... (မှန်ပါ့ဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

ရှာထားတော့ အခုခါကဘည်းက တွေ့ထားလို့ ရှိယင်ဖြင့် သေချင်သေက္ခာ-ကြေချင်ကြေက္ခာ ဒို့....ဒီနေရာရောက်မှာဘဲ.... (မှန်ပါ) ဆိုးတော့ မြုပ်ခြင်း, မျောခြင်းထဲ ပါသေးရဲ့လား.... (မပါပါဘုရား)။

အခု အတိုင်းသာ နေမှယ် ဆိုယင်ဖြင့် ဆင်သေပေါ် စီးပြီး စီးတုန်းဘဲ.... (မှန်ပါ့) မြုပ်မှာ မျောမှာ မြင်သေးရဲ့လား.... (မမြင်ပါဘုရား) ဒါဖြင့် မိုက်လုံးသန်တုံးလို့ ဆိုယင်ကောလဲသလား.... (မလဲပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ငါးဆယ်ကျော်ကစ,ပြီးသကာလ ဒီဥစ္စာလုပ်ရမယ် (မှန်ပါ့) 'အဇ္ဇေဝသုဝေဝ'သမား အခုအချိန်ကစ,ပြီးလုပ်ပါ.... (မှန်ပါ့ဘုရား) ငါးဆယ်ကျော်က အသက်တမ်းတို ပြောတာ.... (မှန်ပါ့ဘုရား)။

'အဇ္ဇေဝသုဝေဝ'ယနေ့လား-နက်ဖြန်လားဆိုတဲ့ ကိုယ့်ကံကလဲ မသိတော့ ဒီအချိန်ကစပြီး ပျံ....(မှန်ပါ့ဘုရား) ခိုကိုးရာရှာ.... (မှန်ပါ့ဘုရား)။

ခိုကိုးရာကလဲ တခြားခိုကိုးရာ၊ ဒါနကြောင့် နတ်ရွာသုဂတိ ရောက်၊ နတ်ရွာသုဂတိကလဲ အနိစ္စတုံးကြီးမို့ ခန္ဓာကလဲ အနိစ္စမို့ ပျက်ကြတယ်..(မှန်ပါ့) အင်း....သူလဲ ခိုကိုးရာအစစ်မဟုတ်ဘူး...(မှန်ပါ့)။

ဗြဟ္မာဘုံတွေ ကြည့်လိုက်ပြန်တော့လဲ သူလဲ ကမ္ဘာဆက်ပြီး အသက်ရှည်ဘယ်ဆိုတယ်၊ သူ့အသက်ရှည်ကုန်တော့ သူကလဲ ဖြုတ်ဖြုတ်နဲ့ ပျက်စီးပြန်တာဘဲ.... (မှန်ပါ့) ဒါ... ခိုကိုးရာ အစစ်မဟုတ်သေးဘူး.... (မဟုတ်ပါဘုရား) သဘောကျပလား (ကျပါပြီဘုရား) ခိုကိုးရာအစစ်က ဘယ်သူမှ လုပ်လို့မဖြစ်တဲ့ နိဗ္ဗာန်...(မှန်ပါ့) ဘယ်သူမှ လုပ်ထားတာ မဟုတ်တာ နိဗ္ဗာန်-(မှန်ပါ့)။

ဘယ်သူမှ ဖျက်လို့မရတာ.... (နိဗ္ဗာန်ပါဘုရား) မည်သူ တဦးတယောက်မှ လုပ်လို့မဖြစ်နိုင်တာက... (နိဗ္ဗာန်ပါဘုရား)

လုပ်လို့မဖြစ်နိုင်တဲ့တရားကို မည်သူ တဦးတယောက်က လာဖျက်လို့ကော....(မရပါဘုရား)။

အဲဒီ နိဗ္ဗာန်ကို ခင်ဗျားတို့ မျက်မှောက်ပြုနိုင်အောင် ဥာဏ်နဲ့အာရုံပြုနိုင်အောင် လုပ်ဖြစ်အောင် လုပ်ထားပါ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတရားကို တကာကြွယ်တို့ တကာသိုက်တို့ ပစ္စေကဗုဒ္ဓါ ဟောတာ.... (မှန်ပါ့) သာမညဥာဏ်နဲ့ ဟောတာမဟုတ်ပါဘူး (မှန်ပါ့) ပစ္စေကဗုဒ္ဓါဘုရားက ဟောတာလို့ မှတ်ထားလိုက် စမ်းပါ....(မှန်ပါ့ဘုရား)။

ကဲ... ဒါနဲ့ ဟောလိုက်တော့လဲ အရိန္ဒမမင်းက သူ့တော့လဲ ငါးပါးအာရုံကာမဂုဏ်နဲ့ မင်းစည်းစိမ် မောင်းမမိဿံ, ရွှေ,ငွေ, စိန်ကျောက်,မြတွေ,ပတ္တမြားတွေနဲ့ ဆိုတော့ ဒီတရားနာရတော့လဲ ကျီးမှာသာဖြစ်တာ ငါ့မှာ မဖြစ်ပေဘူးထင်တုန်း (မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ဒါလဲ နားမလည်ဘူး.. တဲ့ တကာသိုက်ရာ... (မှန်ပါ့ဘုရား) ဘယ်သူပါလိမ့်ဗျာ... (အရိန္ဒမမင်းပါဘုရား) ရိုင်းလှချည်းလား (မှန်ပါ့)။

ဘုရားအလောင်းပေမဲ့ တကာတကာမတွေ ကိလေသာ ထူပြောနေယင် ရိုင်းတာဘဲ... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အခုရိုင်းနေတာ ဘယ်သူပါလိမ့်... (ဘုရားအလောင်းပါဘုရား) တရားဘယ်နှစ်ပုဒ်ရှိပလဲ ... (နှစ်ပုဒ်ပါဘုရား) ခုနင်္ကတပုဒ်နော်....(မှန်ပါ့) အခုကျီးမိုက်နဲ့ပြပြီး ဟောလိုက်တာကော (တပုဒ်ပါဘုရား) နှစ်ပုဒ် ရှိမသွား ပေဘူးလား.... (မှန်ပါ့ ဘုရား)။

ဒါနဲ့ အရိန္ဒမမင်း တရားနာပေမဲ့ ပဌမတရားလဲ သူက ပြန်တောင်မေးလိုက်သေးတယ် ကိုယ်နဲ့မဆိုင်ဘူးလို့ (မှန်ပါ့) ဒုတိယတရားတော့ နာသာနာပြီးသကာသ နေရာယ် သူ့စိတ်ထဲမှာ မဝင်စားဘူး....(မှန်ပါ့) ဩော်... ငါဟာ ဒီလို ဖြစ်ရမှာပါလားဆိုတဲ့ သံဝေဂမသာဘူး....(မှန်ပါ့)။

တကာတကာမတွေ အတော် ရိုင်းနေတယ်ဆိုတဲ့ အဓိပ္ပါယ်ရှင်းလို့ လင်းလို့ပေါ့ဗျာ.... (မှန်ပါ့) မရိုင်းလား.... (ရိုင်းပါတယ်ဘုရား)။

ကဲ....ဒါနဲ့ဘဲ တရားနှစ်ပုဒ် ဆုံးသွားတော့ သောနကပဋ္ဌေကဗုဒ္ဓါက တကားကြီး ဟောတာလဲ တရားနှစ်ပုဒ်ရှိပြီ တဲ့၊ နှစ်ခါရှိပြီ ဆုံးမတာပေါ့လေ.... (မှန်ပါ့) သုံးခါဆုံးမယင် မသင့်ဘူးဆိုပြီး လက်လျှော့တယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သုံးခါဆုံးမယင် ဘာတဲ့....(မတော်တော့ပါဘုရား) မတော်တော်တော့ဘူးကွာ... တဲ့ တကာတကာမတွေ သဘောပါပလား (ပါ.ပါပြီဘုရား)။

အဲဒါက သူတပါးဆုံးမယင် နှစ်ခါသာဆုံးမ၊ သုံးခါဆုံးမယင်တော့ ကိုယ့်ပြန်ပြီး သကာလ နှုတ်လှုံထိုးလိမ့်မယ်ဆိုတာ တကာကြွယ်ငြင်းဘိုလိုသေးသလား....(မလိုပါဘုရား)။

နှစ်ခါဘောင်မှ သူနားမထောင်ဘဲ၊ သုံးခါပြောယင် ပြောတဲ့လူက လူမိုက်ဆိုပါကသား...(မှန်ပါ့)ဆုံးမတတ်ပသား၊ သူတပါးဆုံးမယင် ဘယ်နှစ်ခါဆုံးမရမလဲ...(နှစ်ခါဘဲဆုံးမရပါတယ်ဘုရား)။

သုံးခါမဆုံးမ ပါနဲ့တဲ့၊ သုံးခါဆုံးမယင် ဆုံးမတဲ့လူကလူမိုက်တဲ့....(မှန်ပါ့)သဘောကျပသား _ (ကျပါပြီ) အဲဒါခင်ဗျားတို့ တဖွဖွပြောနေတယ်လို့ လုပ်မနေနဲ့ဦး ခင်ဗျားတို့ တဖွဖွက ဘယ်နှစ်ကြိမ်မှန်းလဲမသိဘူး ခက်လိုက်တာ.... (မှန်ပါ့) ရိပ်မိပလား.. (ရိပ်မိပါပြီဘုရား)။

တဖွဖွပြောနေတယ်ဆိုတာက လူမိုက်ဆိုတဲ့အဓိပ္ပါယ်ပေါ်နေတယ်...(မှန်ပါ့)အခု ပဇ္စက္ခဗုဒ္ဓါက နှစ်ခါသာဆုံးမတယ်၊ သုံးခါဆုံးမလို့ရှိယင် ဆုံးမတဲ့လူက လူမိုက်....(မှန်ပါ့ဘုရား)။

ဘာကြောင့်တုံးဆိုတော့ ဟိုကနားမထောင်တဲ့လူ နှုတ်လှုံထိုးတော့ ကိုယ်ပြောမိလို့ ကိုယ့်တွယ်လိုက်တာဘဲ .... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ကိုလဲ ကိုယ့်သားသမီးဖြစ်စေ၊ ဘာဖြစ်စေ၊ တဖွဖွ ပြော တယ် ဆိုတာ ဟာခင်ဗျားတို့ ခင်ဗျားကြီးကလဲ လွှန်လွန်းပြီ ဆိုယင်တော့ မြန်မြန်လျှော့လိုက်နော်....(မှန်ပါ့ဘုရား)။

မြန်မြန်လျှင့်၊ မြန်မြန်လျှင့် ဟိုကကော်တော့မလို့ ကြပ်ကြပ် သတိထားမှ (မှန်ပါ့ဘုရား)။

ကဲ ဒါနဲ့ ဒီတရုံး ဆုံးမတော့လဲ တကာကြွယ်နားဝင်ရှာရဲ့လား (မဝင်ရှာပါဘုရား) အဲမလေး တယ်ရိုင်းပါလား... (မှန်ပါဘုရား)။

ဘယ်သူပါလိမ့်... (အရိန္ဒမ-မင်းပါဘုရား)ဘုရားအလောင်းတဲ့၊ တကာတကာမတို့ ဘုရားအလောင်းကိုက ရိုင်းလွန်းနေတယ် ဆိုတာ ပေါလာကြပြီ...(ပေါပါပြီဘုရား)။

ဒါနဲ့...တကာကြီးတဲ့ တရားနှစ်ပုဒ်ရှိပြီ ဆုံးမဘာသုံးခါဆုံးမယင်၊ ငါမိုက်ရုံရောက်သွားမယ်၊ ဒါကြောင့် သူသည် ကားလို့ ဆိုလို့ ရှိယင် မဆုံးမဘေးဘူးပေါ့ဗျာ (မှန်ပါဘုရား)။

သို့သော်ငစိကံနဲ့ မဆုံးမဘူး၊ ကာယကံနဲ့ ဆုံးမတယ်၊ သဘောကျပလား... (ကျပါပြီ) ကာယကံနဲ့ ဆုံးမတယ်၊ ဝစီကံဆိုတော့ နှုတ်ပြောတရားနှစ်ပုဒ်က ပြီးသွားပြီ....(မှန်ပါ့) ကာယကံနဲ့သူ ဆုံးမဦးမယ်တဲ့....(မှန်ပါ့ ကျတ်ချင်လဲကျတ်အောင်ပေါ့ဗျာ (မှန်ပါဘုရား)။

ကာယကံနဲ့ ဆုံးမဦးမယ်ဆိုတော့ သူထိုင်တဲ့နေရာက မြေမှုန့်ကလေးတွေကို ခြေမနဲ့ ခြေသကြွယ်နဲ့ညှပ်တာပေါ့၊ညှပ်ပြီး သူ့တန်းခိုးနဲ့ ကောင်းကင်ပျံတယ်.... (မှန်ပါဘုရား)။

ပျံပြီး ရှင်ဘုရင်ရဲ့ အပေါ်တည့်တည့်ကျမှဒီမြေမှုန့်ကို သူခါချတယ်.... (မှန်ပါ့) ခါချလိုက်တော့ ရှင်ဘုရင်ခေါင်းပေါ်ကျတယ်....(မှန်ပါဘုရား)။

အဲဒီကျမှ သတိရတယ်၊ ဩော်.... ငါ့ရှင်ဘုရင်လုပ်ပြီး တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတာသည်ကားလို့ဆိုယင် ငါ့အထက်ဘယ်သူမှမရှိဘူး၊ အောက်မေ့တယ်၊ အမြေမှုန့်တွေ ငါ့ဆီရောက်ပါပေါ့လား.... (မှန်ပါ့) ဒီကျမှ သတိရတယ် .... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

မြေကြီးတွေ ငါ့ဆီရောက်ပြီး ငါ့မှာကိလေသာထူ ပြောလို့ သာလျှင် ကောင်းကင်ကို တထွာတလံမှ မသွားနိုင်ဘူး၊ သူ့မှာကြည့်စမ်းပါဦး ကြွသွားပြီတဲ့၊ ငါ့အပေါ်တောင် မြေမှုန့်တွေ ချသွားတယ်၊ ငါတယ်မိုက်ပါကလားလို့ သတိရတယ်... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ သူသည်ငါတယ်မိုက်ပါကလားလို့ ဆိုတော့ ခေါင်းပေါ်ကျမှ ဓါးပြမှန်းသိတယ်ဆိုသလိုဘဲ (မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီ)ထိပ်ပေါ်ကျမှသူလဲရိပ်မိဘာဘဲ... ((မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း... ဒါဖြင့် အဲဒီလို ဆုံးမ လိုက်တော့မှ တကာကြွယ်တို့ တကာသိုက်တို့ အင်း....ငါ့မှာ ကိလေသာထူပြောလို့ မြေကြီးက တထွာ တလံမျှ မခုန်နိုင်ဘူး၊ မကြွနိုင်ဘူး....(မှန်ပါ့ဘုရား)။

သူ့မှာကိလေသာ ထူပြောတဲ့ ပုဂ္ဂိုလ် မဟုတ်တဲ့ အတွက် ကောင်းကင်ပျံပြီး သကာလ သွားလိုက်တဲ့ဥစ္စာ သူ့မှာနေရာကျ လိုက်တာ သူမှအစစ်ဘရားရှိတဲ့ ပုဂ္ဂိုလ် ငါ့မှာ တရား မရှိလို့ ကိလေသာ အလေးခါတ်တွေကြောင့် လေးနေတာဘဲ....(မှန်ပါ့ဘုရား)။

သူ့ဟာသူရိပ်မိသလားပြီး တခါတည်းဘုရားအလောင်းဆိုတော့ ရိပ်မိတဲ့ဘနေ့ နန်းဘော်ပြန်တာဘဲ....(မှန်ပါ့)ပြန်ပြီ (၁၆) နှစ် သားရှိတဲ့ ဒီဃာဝုဆိုတဲ့ သားတော်ကို နန်းတော် လွှဲပြီး ဘော ထွက်တယ်.... (မှန်ပါ့ဘုရား)။

ချက်ခြင်းထွက်တာ သိလာပြန်တော့ (မှန်ပါ့) ခင်ဗျားတို့လို စဉ်းစားနဘာမဟုတ်ဘူး....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

ဘာနတော့ထွက်မလို့ စိတ်ကူးနေတာကြာပြီတဲ့ — (မှန်ပါ့) အင်း...ကြာပြီဆိုယင်တော့ ရှည်ဦးမှာဘဲ... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အတော်ရှည်ဦးမှာဘဲ၊ အနတော်ရှည်ဦးမှာ... (မှန်ပါ့) ဘာ ဖြစ်လို့တုံး၊ စိတ်ကူးက ကူးသာကူးရတာကိုးဗျ၊ စိတ်ကူးလိုက်၊ ဂိုဟ်ကလေးကပေါ်လာလိုက်....(မှန်ပါ့ဘုရား)။

ဂိုဟ်ကလေးက သားကလေးက ငယ်သလိုလို၊ သမီးကလေး က မလိမ်မာသလိုလို၊ဆွမျိုးညာတကာတွေက ငါမရှိမဖြစ်တော့ ဘူးလိုလို၊ မတော်ဘူးလိုလို.... (မှန်ပါ့) ကိုယ်က ဦးစီး ဦးကိုင် လုပ်နေတဲ့ ဥစ္စာဘဲဆိုပြီးအပြီးသတ်တော့ ကိုယ်ကမထွက်ချင်တာ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ကိုယ်ကမထွက်ချင်တဲ့အဓိပ္ပါယ်တွေနဲ့ရှောက်တွေးနေတဲ့အခါ ကျတော့ ဟိုကဒီလေတွေလွှင့်လိုက်တဲ့အခါကျတော့ ကိုယ်ကလဲ မထွက်ချင်၊ သူတို့ကလဲ တောင်းပန်လေ တွေကလာလိုက်တဲ့အခါ ကျတော့ ဟင်း.... ဒီနေရာ ဆင်သေရော ကျီးရောမြုပ်ဘို့ပေါ့ဗျာ (မှန်ပါ့ဘုရား)။

ရိပ်မိပလား .... (ရိပ်မိပါပြီ) ဘာဖြစ်မယ်ထင်ကြသတုံး... (ဆင်သေရော ကျွဲးရောမြုပ်ဘို့ပါဘုရား) အဲဒါခင်ဗျားတို့ ဖြစ်စဉ်က စဉ်းစားနေယင်တော့ ဆင်သေရော ကျွဲးရော မြုပ်ဘို့ပါဘဲ.... (မှန်ပါ့ဘုရား)။

ပင်လယ်ဝရောက်နေတယ်၊ ခင်ဗျားတို့ကသာ စဉ်းစားတာ၊ မျောနေတာတော့ ခန္ဓာကြီးက သေမည့်ဘက် မျောနေတာ... (မှန်ပါ့)ဘုရား)။

ခင်ဗျားတို့ကဖြင့် နက်ဖြန်လိုလို၊ သဘက်လိုလို၊ ရှုန့်စ်လိုလို ကာလဓဒသကောင်းမှလိုလို... (မှန်ပါ့)ဆင်သေ ခန္ဓာကြီးနဲ့တူတဲ့ ခန္ဓာကြီးကတော့ မျောလျက်ဘဲ.... (မျောလျက်ပါဘုရား) ဓသမည့်လမ်းသွားလျက်ဘဲ .... (သွားလျက်ပါဘုရား) သဓောကျပလား... (ကျပါပြီဘုရား)။

စိတ်ကူးတုံးရှိသေးတယ်၊ ကိုယ်ကတော့ဖြင့် ကမ်းတွေသောင်တွေကိုပုံမလို့ စိတ်ကူးတုံးရှိသေးတယ်၊ ကျွဲးကတော့ စိတ်ကူးယင်း ပါသွားပြီဗျ....(မှန်ပါ့ဘုရား)။

ပင်လယ်ထဲရောက်နေပြီ....(မှန်ပါ့) အဲဒါစိတ်ကူးရှည်လဲ မှားကြပါလိမ့်ဦးမယ်....(မှန်ပါ့)ဘယ်လိုပြောပါလိမ့် .. (စိတ်ကူးရှည်မှားမှားပါဘုရား)။

စိတ်ကူးရှည် ရက်ဆဲ့နှစ်ဆဲ့ယင်ဘာတဲ့.... (မှားမှားပါဘုရား) ဆဲ့တာကို ဘုန်းကြီးတို့က မဆဲ့ရဘူးလို့ မဆိုပါဘူး၊ ခန္ဓာမျောနေတာရပ်ကဲ့လား (မရပ်ပါဘုရား)သေမည့်ဘက် မျောနေတာရပ်ကဲ့လား....(မရပ်ပါဘုရား)။

စိတ်ကူးယင်းကို ခင်ဗျားတို့သုသာန်နဲ့နီးသွားတယ်-(မှန်ပါ့) မနီးဘူးလား .... (နီးပါတယ်ဘုရား) ဒီထက်ရှည်ပြန်တော့ .... (ဒီထက်နီးပါတယ်ဘုရား) ဟာ... ဒါဖြင့် တကာ တကာမတွေ သေခါနီးမှဘဲ နိဗ္ဗာန်ရှာပါတော့မယ်ဆိုတော့ ခုနင်ကကျီးလိုဘဲ သေခါနီးမှသောင်ကမ်းရှာတော့ ဘယ့်နှယ်တုံး....(မရပါဘုရား) မရတဲ့အပြင် သေပွဲဝင်ရတယ်.... (မှန်ပါ့) ငါးလိပ်မကန်းတို့၏ အစားဖြစ်ရတယ်.... (မှန်ပါ့ဘုရား)။

ဒီမှာလဲ အဲဒီကျမှရှာလို့ တော်ကြပါ့မလား.... (မတော်ပါဘုရား) အခု ပင်လယ်ဝရောက်နေတုံး ဆရာသမားတွေကလဲ ပင်လယ်ဝရောက်ပြီးပုံတော့ ပုံတော့ဟုတ်လား.... (မှန်ပါ့)မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ပြောလျက်သားနဲ့ ခင်ဗျားတို့က ပေတေတေများ လုပ်နေချင်ကြသေးသလား.. (မလုပ်ချင်ပါဘုရား) တကာကြွယ်ကောပေချင်သေးသလား....(မပေချင်ပါဘုရား)။

အံမာလေး မပေချင်ဘူးဆိုပေမဲ့ ပါးစပ်က မပေချင်ဘူး၊ လူက ပေနေယင် ခက်ဘယ်.... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

အဲဒါတွေသည်ကားလို့ဆိုယင် တကာတကာမတို့ အလွန်ဆိုးတဲ့ စိတ်ကူးရှည်လို့မှတ်ပေတော့....(မှန်ပါ့) စိတ်ကူးရှည်ချင်လို့ ရှည်တာမဟုတ်ဘူး၊ မျောနေတာ မသိလို့ရှည်ဘာ.... (မှန်ပါ့ဘုရား)။

ရှည်ချင်လို့ ရှည်တာလား သေလမ်း အမြန် မျောနေတာကို မသိလို့ ရှည်တာလား .... (မျောနေတာမသိလို့ ရှည်တာပါ ဘုရား)။

လွန်....လွန်လွန်းဘယ်ဗျာ၊ မမျောတာလား၊ မျောတာလား (မျောတာပါဘုရား)မျောနေတဲ့ အထဲကနေပြီးနှစ်တွေ လတွေ ရှေ့နေတာ ဘာပါလိမ့် မျောနေတာကို ကောင်းကောင်း မသိဘူး....(မှန်ပါဘုရား)။

သဘောကျပလား .... (ကျပါပြီ) ဒါဖြင့် ငါးပါး အာရုံကာမဂုဏ်တည်းဟူသော ဆင်သေကြီးပေါ်စီးလိုက်နေတဲ့ကျွန်နဲ့ မတူဘူးလား....(တူပါဘယ်ဘုရား)။

သဘောကျပါပလား....(ပါ-ပါပြီ) အေး ဒါကြောင့်တကာ တကာမတို့ နိဗ္ဗာန်သောင်ကမ်းဆိုတာ အဲဒီကလားတာ....(မှန်ပါဘုရား)။

နိဗ္ဗာန်တည်းဟူသော သောင်ကမ်းဆိုဘာ ပုံချိန်ကပျ့်မှ သောင်ကမ်းရတာ....(မှန်ပါ)ပျ့်ချိန်မဟုတ်မှပျ့်တော့ ပင်လယ်ထဲရောက်တယ်.... (မှန်ပါ) ငါးလိပ်မကန်း၏အစာ မဖြစ်ရဘူးလား....(ဖြစ်ရပါတယဲဘုရား)။

ဒါဖြင့် နိဗ္ဗာန်သောင်ကမ်းဆိုတာ မြင်တုံးကပျ့်ရတယ် .... (မှန်ပါ)သဘောကျပလား- (ကျပါပြီ)ခင်ဗျားတို့ဥာဏ်ကောင်းတုံး၊ ကံကောင်းတုံးက နိဗ္ဗာန်သောင်ကမ်းရှာရဘာ.... (မှန်ပါဘုရား)။

အိုကြီးအိုမှ မျက်လုံးမကောင်း ခါးမကောင်းနဲ့ နားကလဲမကောင်းဟုတ်လား ..(မှန်ပါ)နည်းပေးတာတောင်မှ မယူနိုင်တဲ့

အခြေအနေရောက်မှ ရှာလို့ရှိယင် တကာသိုက် တကာကြွယ် ဘယ့်နှယ်လုပ်ကြမလဲ... (မရပါဘုရား)။

ဒါဖြင့် ပင်လယ်ဝနီးတုံး မြန်မြန်ရှာရမှာ....(မှန်ပါ့) သောင်ကမ်းရှာရလိမ့်မယ်ဆိုတာ သဘောကျ ပလား .... (ကျပါပြီဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် မြုပ်လမ်း၊ မျောလမ်းဟာ ငါ့ပစ္စည်းသာ မှတ်ပေတာ့.... (မှန်ပါ့)မြုပ်စရာမျောစရာတွေဟာ ဘယ်သူ့ဟာတွေတုံး... (ကိုယ့်ပစ္စည်းတွေပါဘုရား)။

အဲဒါကနေ ရှင်းရှင်းလင်းလင်းနဲ့ တကာတကာမတွေ အခုဝတ္ထုထုတ်ပြီး ပြောလိုက်တာဘဲ... (မှန်ပါ့)မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ်ဘုရား ကိုယ့်အသွားက ဆိုးနေလို့ပြောတာ (မှန်ပါ့ဘုရား)။

ဘာ... ဘယ့်နှယ်ပြောပါလိမ့်.... (ကိုယ့်အသွားကဆိုးနေလို့ပြောပါတယ်ဘုရား)ဒါကြောင့် ခင်ဗျားတို့က ဘယ်လိုရှာ လှည့်လှည့် ခန္ဓာကတော့မရပ်ဘူး၊ မျောလျက်ဘဲ.... (မှန်ပါ့ဘုရား)။

ဖြေးဖြေးတော့ စိတ်ကူး လျက်ပါ ဘုရား၊ သာဓုမခေါ်နဲ့ မျောလျက်ဘဲ....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဖြေးဖြေးတော့ဖြင့် တနေ့ထက် တနေ့ ကြိုးစားရမှာဘဲလို့ စိတ်ကူးနေတာနဲ့ ဆိုလို့ရှိယင်ဖြင့် အမျောရပ်ရင်တော့ အဟုတ်သားပေါ့.... (မှန်ပါ့) ဆင်ခြေကြီးက အမျော ဘယ့်နှယ်တုံး.... (မရပ်ပါဘုရား)။

အမျောမရပ်လို့ရှိယင် သေမင်းတည်းဟူသော ဝဲသြဃတွေနဲ့

တွေ့မှာလား၊ မတွေ့ဘူးလား ... (တွေ့မှာပါဘုရား) တွေ့ယင် မြုပ်ရမျောရမယ်....(မှန်ပါ)မသေချာဘူးလား ... (သေချာပါတယ်ဘုရား)။

အေး ဒါကြောင့် တကာတကာမတို့ အခုအချိန်ပင်လယ်ဝေါက်နေတဲ့အချိန်မှာ ခင်ဗျားတို့...(၄၅-၅၀)တွေ့ ရောက်ကုန်ကြတဲ့ တကာတကာမတွေဖြစ်တော့ ရှေ့နေချိန်ကလဲ မရှိဘူး.... (မရှိပါဘုရား)။

မရှိတော့ အခုအချိန်ကနေပြီး သကာလ ငါးပါးအာရုံ ကာမဂုဏ်တွေကို သားရေးသမီးရေး၊ စီးပွားရေး၊ ပစ္စည်းဓနတွေကို ခင်ဗျားတို့ဥာဏ်နဲ့ဖြတ်ပြီး သကာလ ကိုယ့်အရေးကို ကိုယ် ခိုရာ၊ တည်းရာ၊ ပုန်းအောင်းရာ၊ လွတ်ရာကို ဖြင့် ရှာကြတော့ဆိုတာ ဒီအဓိပ္ပါယ်ပေါ့တာ(မှန်ပါ)သဘောကျပလား (ကျပါပြီ ဘုရား)။

အဲဒီတော့ ခုနင်က ဘုရားအလောင်းမှာတော့ ခေါင်းပေါ်မြေမှုန့်လဲကျရော သတိလဲရပြီး နှုန်းဘော်ကိုပြန်အပ်ပြီးတောထွက်တာ သေတော့ဖြဟ္မာပြည်ရောက်တာဘဲဗျ....(မှန်ပါဘုရား)။

သီလာတော့လဲ သူ့မှာမမြန်ဘူးလား....(မြန်ပါတယ်ဘုရား) ပေတုန်းကတော့ ပေခဲ့တာဘဲ သိတော့ ဘယ်နှယ် နေသတုံး.... (မြန်ပါတယ်ဘုရား)။

ဒီမှာတော့ ပေတုန်းကလဲ ပေခဲ့တယ် သိတော့လဲ ပေတုန်းဘဲ (မှန်ပါ)ကောင်းသေးရဲ့လား .. (မကောင်းပါဘုရား)။

ပေတုန်းကတော့ ဘယ်နှယ်တုန်း .... (ပေပါတယ်ဘုရား) သီလာပြန်တော့လဲ .. (ကောင်းပါတယ်ဘုရား)။

တကာကြွယ် ဘယ်နှယ်ဖြစ်တာတုံးဗျ၊ ဟင်... အတော်မဆိုးဘူးလား... (ဆိုးပါတယ်ဘုရား)။

အေး... ဒါကြောင့် တကာတကာမတွေ့ ကိုယ့်ဟာကိုယ် စဉ်းစားမှ ပေမှန်းသိတယ်....(မှန်ပါ့ဘုရား)။

ပေတာသည် တခြားမဟုတ်ပါဘူး၊ သူမျှားရိုက်တာ၊ သူမျှားနှက်တာ ဒါကိုမဆိုပါဘူး။

မခဲ့နိုင် မခံရက်ဖြစ်တာ ပေတာချည်းမှတ်....(မှန်ပါ့) ဘယ်လိုမှတ်ကြမယ်... (မခဲ့နိုင် မခံရက် ဖြစ်တာ ပေတာချည်းပါဘုရား) သားမခဲ့နိုင်၊ သမီးမခဲ့နိုင်၊ ပစ္စည်းမခဲ့နိုင်၊ ဒါတွေသည်ကား... လို့ဆိုလို့ရှိယင် ဘယ်နှယ်လုပ်မတုံး ကြင့်ကရဖြစ်ကုန် မခက်ပေဘူးလား၊ အင်း... တကျာဝင်ပူးပြီ... ((မှန်ပါဘုရား)။

တကျာပယောဂဝင်ပူးပြီ....(မှန်ပါ့) ပူးတဲ့အခါကျတော့ ခင်ဗျားတို့ကလဲ နဂိုရင်းတကျွန်းကျန်တွေဖြစ်နေတော့ သူပြောတာ ဟုတ်သားဘဲ၊ ကစင်ကရဖြစ်ကုန် ဘယ်နှယ်လုပ်မတုံး.... ယောင့်ရွောက်တန်သ၍ စောင့်ရှောက်ဦးမှပေါ့ ဆိုပြီးသကာလ ဒီဆင့်သေးပါ နားလိုက်တာဘဲ... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ရှင်းပလား(ရှင်းပါပြီဘုရား) အတော်မဆိုးဝါးဘူးလား (ဆိုးဝါးပါတယ်ဘုရား)။

ဒီရှေ့ ဘယ်နှယ်လုပ်ကြမတုံး.... တကာကြွယ်တို့ တကာသိုက်တို့ဘဲ ကဲ....ခေါင်းဆောင်တွေ့ လုပ်ကြစမ်းပါဦး... ၊ ပင်လယ်ဝမရောက်သေးဘူးလား....(ရောက်ပါပြီ)ရောက်ယင် ခိုကိုးရာအားထားရာ အခုပုံလိုက်ယင် ရသေးတယ်... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ) နောက်မှ ရှာယင်ဆိုလို့တော့....(မရပါဘုရား)။

အေး....ဒါကြောင့် တကာ တကာမတွေ့-ခင်ဗျားတို့ လေးကိုအလုပ်တွေ့ကတော့ဖြင့် ဖြစ်လိုက် ပျက်လိုက်နဲ့ ဘာမှ အသုံးမကျဘူးဆိုတာ သေသေချာချာ မှတ်ပေတော့... (မှန်ပါ ဘုရား)။

ဘယ်သူခြမ်းသာသတဲ့၊ ဟုတ်လား... ဘယ်သူခြမ်းသာသတဲ့ဆိုပေမဲ့ ဝမ်းထဲ ခြမ်းသာသလားလို့ သွားမေးကြည့်လိုက်တော့ သားပဲ့, သမီးပဲ့, ပစ္စည်းပဲ့နဲ့.ဘဲ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်သူမှ မြို့ထဲမှာ လူချမ်းသာမရှိဘူး. ကမ္ဘာတဝှန်းလုံး လူချမ်းသာရှိဘူး. (မှန်ပါ့) ခင်ဗျား စိတ်ချ လက်ချမှားနေရထိုင်ရဲသေးရဲ့လား၊ သားပဲ့, သမီးပဲ့, ဆွေမျိုးပဲ့, ပစ္စည်းပဲ့မျှားရှိသေးသလား... လို့ သွားမေးကြည့်လိုက်စမ်း... ဘယ်နှယ်တုံး.... (ရှိပါတယ်ဘုရား) လူတိုင်းရှိတယ်၊ ဒါလူချမ်းသာလား ဗျ.... (မဟုတ်ပါဘုရား)။

ပစ္စည်းရှိဘဲ့လူ ပစ္စည်းရှိတဲ့အပူနဲ့ပါ့ဗျာ....(မှန်ပါ့) မရှိတဲ့ပုဂ္ဂိုလ်ကျတော့ကော....(ပူရပါတယ်ဘုရား) မရှိတဲ့ပုဂ္ဂိုလ်ကျတော့ စားဘို့သောက်ဘို့ ပူရတယ်... (မှန်ပါဘုရား)။

ရှိဘဲ့ပုဂ္ဂိုလ်ကျတော့ ငွေတွေ့ ကုန်စရာတွေ့ အမျိုးမျိုးအဖုံဖုံ နဂိုရှိက ကြည့်ရှုထားရတာတွေ့ ကိုယ်က ပြန်ပြီး ငှဲ့ရမှာတွေ့ မလာဘူးလား (လားပါတယ်ဘုရား) အဲဒီတော့ သူကောဘာပါလိမ့်မတုံး....(ပူပါတယ်ဘုရား) မဟုတ်ဘူး ကိုယ့်အပူကနည်းလို့လား....(မနည်းပါဘုရား)ဟာ... သူ့အပူ ဖြည့်ချင်သေးတာပေါ့....(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကိုယ့်အပူက နည်းသလား....(မနည်းပါဘုရား) မရှိပူ-ပူနေရတာနည်းတော့ ရှိပူကလေး နောက်ထပ် ဖြည့်ချင်သေးလို့လား (မှန်ပါဘုရား)။

အင်း....တကာကြွယ်-ဘာဖြစ်ကြတာတုံး ဟင် ဆိုးဘယ်ဘဲ မဟုတ်လား....(မှန်ပါ) မီးတဖိုတည်းလောင်တာနဲ့ နှစ်ဖိုလောင်တာနဲ့ ဘယ်သူက သာပြီး ကျမ်းမျက်သန်သတုံး....(နှစ်ဖိုက သန်ပါတယ်ဘုရား)။

အဲ....မရှိတဲ့ပုဂ္ဂိုလ်ကလဲ မရှိလို့ပူရတယ်(မှန်ပါ) ရှိယင်တော့ အေးမှာဘဲလို့ ထင်လိုက်လို့ ဘယ်ဟုတ်မလဲ၊ ရှိပူပြန်လာတာဘဲ (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

မရှိတဲ့ပုဂ္ဂိုလ်ကလဲ ဘာအပူနဲ့ နေရသလဲ....(မရှိအပူနဲ့ နေရပါတယ်ဘုရား) ရှိတဲ့ပုဂ္ဂိုလ်ကဆက....(ရှိပူ-ပူရပါတယ်ဘုရား) ပူပုံခြင်းက ဘယ်သူက ပြင်းထန်သတုံး-လို့ မေးကြည့်....(ရှိပူက ပြင်းထန်ပါတယ်ဘုရား)။

ရှင်းကြစမ်းပါဦး တကာ တကာမတို့-မရှိပူနဲ့ ရှိပူ ဘယ်သူက ပြင်းထန်တယ်ထင်သတုံး... (ရှိပူက ပြင်းထန်ပါတယ်ဘုရား) ရိပ်မိသွားပြီ၊ တော်သေးတယ် ခင်ဗျားတို့ .. (မှန်ပါ)ရှိပူက ပြင်းထန်တာပေါ့ဗျ....(မှန်ပါဘုရား)။

ပစ္စည်းပျောက်တာချည်းတူတော့ မရှိတဲ့ပုဂ္ဂိုလ်က ငါးကျပ်ပျောက်တယ်၊ ရှိတဲ့ပုဂ္ဂိုလ်က ငါးထောင်လောက်ပျောက်တော့ ဘယ်သူက မျက်ရည်ကျမြန်ပါ့မလဲ (ရှိတဲ့ပုဂ္ဂိုလ်က မြန်ပါတယ်ဘုရား) ရှိပူကဆိုးဘယ်... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါ.... ခင်ဗျားတို့ ဘယ်အပူကြိုက်သတုံး.... (ဘယ်အပူမှ မကြိုက်ပါဘုရား)ဟာ....မဟုတ်သေးပါဘူး၊ ရှိပူကြိုက်ကြပါတယ် သဘောကျပလား .. (ကျပါပြီဘုရား)။

ဒါနဲကြောင့် တရှုရှုတလှုပ်လှုပ် ပြေးလွှားရှာကြတာပေါ့ဗျာ.... (မှန်ပါ့) ဘာပူကြိုက်လို့ ရှာကြတာတုံး....(ရှိပူကြိုက်လို့ ရှာကြတာပါဘုရား)။

နို့....ခင်ဗျားတို့ဟာက အအေးရှာကြတာလား၊ အပူရှာကြတာလား....(အပူရှာကြတာပါဘုရား)။

အခု သောင်းကိုးထောင့်သိန်းကိုးသောင်းရှိတယ်၊ နောက်က ဒါလောက်ရှိယင်တော့ ထိုင်နိုင်ကောင်းပါရဲ့....(မှန်ပါ့) ဘယ်တော့မှ အထိုင်မခိုင်းတာ ခင်ဗျားတို့က ထိုင်နိုင်ကောင်းပါရဲ့ ဆိုတော့ ကောင်းပါ့မလား....(မကောင်းပါဘုရား)။

တသိန်းရှိလာတယ်၊ဆယ်သန်းရှိလာချင်တယ်၊ဆယ်သိန်းတန် တိုက်လိုချင်တယ်၊ ဆယ်သိန်းတန် ဆင်တယ် .... (မှန်ပါ့) မဟုတ်ဘူးလား... (မှန်ပါ့ဘုရား)။

ဆယ်သိန်းတန် ဥစ္စာခံရမယ်ဆိုတဲ့ အလာတော့က လာမှာဘဲ... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) သူ့တန်းနဲ့သူ ကုန်တာချည်းဘဲဆိုတာကော ထူးသေးရဲ့လား.... (မထူးပါဘုရား)။

အဲဒီတော့ တကာ တကာမတော့ မရှိတဲ့ပုဂ္ဂိုလ်က မရှိတဲ့အပူနဲ့ ရှိချင်လို့ ကြိုးစားနေယင်ဖြင့် ရှိပူကလေး ခံချင်သေးလို့ (မှန်ပါ့ ဘုရား)။

ရှိတဲ့ပုဂ္ဂိုလ်ကလဲ အခုရှိတာ နည်းတယ်ထင်ပြန်တော့ အခု အပူက နည်းသေးတယ်၊ နောက် ဒီ့ထက်ရှိယင် ဒီ့ထက်ကောင်း သေးတယ်ဆိုပြီး သူလဲ အပူဖြည့်လို့ဘဲ . (မှန်ပါ့ဘုရား)။

ဒါဖြင့် လောကစီးပွားရှာနေကြတဲ့ပုဂ္ဂိုလ်တွေ အဆေးဖြည့်ချင် သလား၊ အပူဘဲ ထပ်ဖြည့်ချင်သလား....(အပူဘဲ ထပ်ဖြည့်ချင် ပါတယ်ဘုရာ) ဥာဏ်ကိုမပါဘူး၊ ပါသေးရဲ့လား...(မပါ-ပါဘုန်း) အပူဖြည့်ချင်လို့ဆိုတော့ဥာဏ် ပါသေးရဲ့လား(မပါ-ပါဘုရား)။

ဟာ....အဆေးဘဲစုက်ချင်သေးလို့ဆိုယင်တော့.... (ဥာဏ်ပါ-ပါတယ်ဘုရား) အပူဖြည့်ချင်လို့ဆိုယင်....(ဥာဏ်မပါ-ပါ) တကာ သိုက်က ဘာဘက်ကတုံး (အဆေးဖြည့်ချင်လို့ပါဘုန်း) အဆေး ဖြည့်ချင်လို့.....။

တကာ တကာမတို့ ဥာဏ်ရောက်ပလား....(မှန်ပါ့) အလကား ပြောနေကြတာ တဲ့၊ အခု တရားစမ္မကို နှလုံးသွင်းနေတဲ့ အဆေး စတ်ရပြီးသားပုဂ္ဂိုလ်တော့ဖြင့် ဘုန်းကြီးများက သြော်....ဒါက အကောင်းဆုံးဘဲ၊ နိဗ္ဗာန်ကြီးတော့ အဆေးစတ်ဟာ ချမ်းသာ ဆုံးဘဲ....(မှန်ပ!) အဲ...ဒီပုဂ္ဂိုလ်ကျတော့ ဘုန်းကြီးက စိတ်ချ တယ်....(မှန်ပါ့ဘုရား)။

ကျန်တဲ့ပုဂ္ဂိုလ်တွေဆိုလို့ ရှိယင်ဖြင့် အပူရှာတုံးဘဲလို့ ဆုံးဖြတ် ချက်ချ...(မှန်ပ!) ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(အပူရှာတုံးပါ ဘုရား)။

နည်းသေလို့ ရှာနေဘာ .. (မှန်ပါ့) သဘောကျပလား.... (ကျေပါပြီ) ဘာဖြစ်လို့ ရှာခဲ့ကြတာတုံး ... (နည်းသေးလို့ ရှာနေကြတာပါဘုရား)။

တကာ တကာမတွေ ဒါဖြင့် အပူဆိုတာ နည်းနေလို့ ရှိယင် နည်းသဆက်နည်းယင် ကောင်းတယ်လုပ်ရမယ် .. (မှန်ပါ့) အခု တော့ ဘယ့်နယ်ဖြစ်နေသတုံး.... (နည်းလို့ ထပ်ရှာနေပါတယ် ဘုရား) အပူရှာနေးမယ်....(မှန်ပါ့ သဘောကျပသား....(ကျေပါပြီ ဘုရား)။

အပူကခဲသားနဲ့ အပူကြီးသည်ကား ..လို့ ဆိုယင်ဖြင့် တကာ တကာမတို့ ဘယ်ဟာက မလောင်ချက်ပြင်းသတုံး... (အပူကြီးက ပြင်းပါတယ်ဘုရား)။

သို့သော် ခင်ဗျားတို့က ဘာလိုက်ရှာလေ ရှိသတုံး....(အပူကြီး လိုက်ရှာလေ.ရှိပါတဲ့ဘုရား) ရှုးပြီ ...ဒါဖြင့် ခင်ဗျားတို့ မရှုးသေးဘူးလား .. (ရှုးပါပြီဘုရား)။

အပူကြီးလိုက်ရှာတဲ့ပုဂ္ဂိုလ်ဟာ ဘာဖြစ်နေတာတုံး.... (ရှုးတာပါဘုရား)။

သို့သော် ရှုးစမ်းပါရစေလို့ မျှားတောင်းပန်ချင်သေးသလား၊ တောင်းပန်ချင်ကြသေးသလား၊ ဒီအထဲမှာ ပါသေးသလား-တောင်းပန်ချင်တဲ့လူ ...(မပါ-ပါဘုရား)။

တကာသိုက်ရ ...အတော်ဆိုးနေတာ .. (ဆိုးပါတယ်ဘုရား)

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ရှုးပုံပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ဘယ်တော့မှ လောဘဆိုတာမျိုးဟာက ပြည့်တယ်လို့ မရှိဘူး နော်....(မှန်ပါ့) တလိုတည်းလိုနေတာချည်းဘဲဆိုတော့ မြို့ထဲမှာ လူချမ်းသာမရှိဘူး၊ တကမ္ဘာလုံးမရှိဘူး....(မှန်ပါ့) ဘာဖြစ်လို့ လူချမ်းသာမရှိသတုံးဆိုတော့လို့နေတဲ့ပုဂ္ဂိုလ်ချည်းဘဲ....(မှန်ပါ့) လိုနေတဲ့ပုဂ္ဂိုလ်ဟာ ပူနေတာချည်းဘဲဆိုယင်ကော.... (မလွဲပါဘုရား)။

ဒါဖြင့် မရှိတဲ့ပုဂ္ဂိုလ်ကမရှိဘူး... တဲ့၊ရှိတဲ့ပုဂ္ဂိုလ်က(ရှိပါတယ်ဘုရား) သို့သော် မရှိတဲ့ပုဂ္ဂိုလ်သည်ကား... လို့ ဆိုယင် အခုထက် နှစ်ဆလောက် ပစ္စည်းတက်ချင်တယ်ဆိုယင် ရှိပုံကို သူ တောင်းတ,တာဘဲ... (မှန်ပါ့ဘုရား)။

ရှိတဲ့ပုဂ္ဂိုလ်က ဒီထက် ရှိချင်ပြန်လဲ ဘာ-တောင်းတ,တုံး.... (ရှိပူတောင်းတ,တာပါဘုရား)။

ဒါဖြင့်... အခု အပူနည်းလို့ နောက်အပူ လိုချင်တာပေါ့.... (မှန်ပါ့) အပူဆိုတာ ရှောင်ရမှာလား တကာ တကာမတို့-ဆောင်ရမှာလား... (ရှောင်ရမှာပါဘုရား)။

သို့သော် တကာတကာမတွေ နေပုံထိုင်ပုံက အပူကို ဘာလုပ်နေကြတာတုံး....(ဆောင်နေပါတယ်ဘုရား)။

ဂွကျလိုက်တာ ဆောင်ရမှာကိုမဆောင် ရှောင်ရမှာကိုမရှောင်ဘူးဆိုတော့ တကာတကာမတို့ သောက် သင့် တဲ့ ဆေး တော့ မသောက်ဘူး။ မသောက်သင့်တဲ့ ဆေးတော့ သောက်တယ်ဆိုက တည်းက ဒီပုဂ္ဂိုလ်ဟာ ဘာဖြစ်နေသတုံးသာ တွေးပေတော့ .... (မှန်ပါ့)ဘယ်လိုတွေးကြမယ်....(ရူး·နေပါတယ်ဘုရား)။

ဒါဖြင့် ပုထုဇွနော ဥမ္မတ္တကောလို့ ဘုရား က ဟော တာ ကောင်းကောင်းသဘောကျပလား....(ကျပါပြီ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီအပူဟာ ဘာအပူတုံးလို့ မေးကြပါစို့ ကိလေသာပူ....(မှန်ပါ)ဒီအပူဟာဘာအပူပါလိမ့်.... (ကိလေသာပူပါဘုရား)ရှင်းပလား... ရှင်းပါပြီဘုရား)။

ဩော် ကိလေသာအပူသည်ကားလို့ ဆိုယင် တကာတကာမတို့ ပကတိမီးပူဘာထက် ကိလေသာအပူကဆိုးပါတယ်...(မှန်ပါ့ဘုရား)။

သဘောကျပလား.... (ကျပါပြီ) မယုံယင် စဉ်းစားကြည့်တဲ့ တချို့သည်ကားလို့ ဆိုဟင် အိန္ဒိယမှာ ယောကျ်ား သေတယ်ဆိုယင် မိန်းမက မီးပုံထဲကို ခုန်ဆင်းတယ် (မှန်ပါ့ဘုရား)။

မီးပုံထဲခုန်ဆင်းတယ်၊ ဒီအယူဝါဒရှိတယ်၊ (မှန်ပါ့) အိန္ဒိယမှာရှိတယ်၊ မီးပုံထဲကို ခုန်ဆင်းတဲ့မိန်းမမှာ... (မှန်ပါ့) ဒါဟာ ဘာအပူထက် ဘာအပူကပြင်းတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

မီးပူထက် ကိလေသာအပူကပြင်းတယ်....(မှန်ပါ့)ကိလေသာအပူက ခုန်သာချက္ခတဲ့၊ ကိလေသအပူ ပူလွန်းလို့ ဟိုထဲဆင်းတာ (မှန်ပါ့ဘုရား)။

ရိပ်မိပလား....(ရိပ်မိပါပြီ)သဘောကျပြီနော်.... (ကျပါပြီ) ဒါဖြင့် မီးပူထက်လိုချင်ပူ ဘယ်ဟာက သာပူသတုံး.... (လိုချင်ပူက သာပြီး ပူပါတယ်ဘုရား)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ငရဲမီးဟာ တကာ တကာမတို့ တယူဇနာကနေကြည့်၊ ပကတိလူက တယူဇနာကနေကြည့်၊ ဒီကနေပြီး ကျောက်ဆည်လောက်ဆီမှာ ငရဲမီးကလေး ပိုးစိမ်းဖြူလောက်သား ဒီကနေကြည့်၊ ပကတိ မျက်လုံးနဲ့ မြင်သည်နဲ့တပြိုင်နက်တည်း ဒီကမျက်လုံးကန်းတာဘဲ....(မှန်ပါ့ဘုရား)။

ဒါလောက်ပြင်းတဲ့ ငရဲမီးဟာ.... (မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီငရဲပူကြီးထဲကို တကာတကာမတွေ ရောက်သွားတာဟာ ဘာ့ကြောင့် ရောက်သွားတာတုံးလို့မေးတော့ ကိလေသာ အပူကြောင့် ရောက်သွားတာပါ....(မှန်ပါ့ဘုရား)။

ကိလေသာအပူကြောင့် လိုချင်မှု ရချင်မှု တွေကြောင့် အကုသိုလ် ကိလေသာ အပူကြောင့် တကာ တကာမတွေငရဲ အပူထဲ ရောက်ရတယ်....(မှန်ပါ့ဘုရား)။

ရိပ်မိပလား....(ရိပ်မိပါပြီ) ဘယ်အပူကြောင့် ငရဲပူထဲရောက်ရသတုံး.... (ကိလေသာ အပူကြောင့်ပါဘုရား) ဒါဖြင့် တကာ တကာမတို့ အပူတော့ဖြင့် မဖြည့်ပါနဲ့.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဘာမဖြည့်ပါနဲ့တုံး.... (အပူတော့ဖြင့် မဖြည့်ပါနဲ့)မဖြည့်ပါနဲ့ ဆိုတာ ရသ၍နဲ့ရောင့်ရဲပါ၊ အဲဒါလူချမ်းသာ....(မှန်ပါ့ဘုရား)။

ရသ၍နဲ့ ရောင့်ရဲတာ ဘာခေါ်ကြမယ် .... (လူချမ်းသာပါ ဘုရား) ဒါကြောင့် သန္တုဋ္ဌီ ပရမံဓနံလို့ ဓမ္မပဒမှာဟောတယ် ... (မှန်ပါ့ဘုရား)။

သန္တုဋ္ဌီ၊ ရသ၍နဲ့ရောင့်ရဲနေနိုင်တဲ့ပုဂ္ဂိုလ်သည်၊ ပရမံ၊ သွန်ကဲသော၊ဓနံ၊ ဥစ္စာတည်း၊ရသ၍ရောင့်ရဲတဲ့ပုဂ္ဂိုလ်ဟာ သူ့မှာ ဘာမှ မပူဘူးတဲ့ .. (မှန်ပါ့ဘုရား)။

သူ့မှသူဌေးကွ၊ ဟိုအပူကြီး မီးလောင်နေတဲ့ ပုဂ္ဂိုလ်ဟာ ပြာကျနေတဲ့ပုဂ္ဂိုလ်၊ မီးလောင်ခံနေရတဲ့ပုဂ္ဂိုလ်- သူဌေးသွားလုပ်မနေနဲ့.... (မှန်ပါ့)သူကအေးတယ်တဲ့၊သူကသူဌေးတဲ့.... (မှန်ပါ့) သဘောကျပလား .. (ကျပါပြီဘုရား)။

ရောင့်ရဲနိုင်တဲ့ပုဂ္ဂိုလ်ဟာ ဘာခေါ်ကြမယ် ... (သူဌေးပါ ဘုရား)ခင်ဗျားတို့က ရောင့်ရဲနိုင်ကြရဲ့လား.... (မရောင့်ရဲနိုင်ပါ ဘုရား)လိုနေတာဘဲမဟုတ်လား .. (မှန်ပါ့ဘုရား)။

လိုနေလို့ရှိယင်ဖြင့် သူဌေးမဟုတ်ဘူး၊ အဲဒါ လူဆင်းရဲ မီး လောင်ခံနေရတာသာမှတ်ပေတော့....(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒီအပူငြိမ်းမှတော်မယ်၊ ဒီအပူမငြိမ်းသ၍ သောင်ကမ်းပေါ်ရောက်မယ်မဟုတ်ပါဘူး... (မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ တရားသာအားထုတ်ကြပေတော့ (မှန်ပါ့)မနေ့ကပြောခဲ့တယ်၊ တကာတကာမတို့ အစားမှားလို့ ဖြစ်တဲ့ ရုပ်နာမ်တွေမရှိဘူးလား....(ရှိပါတယ်ဘုရား)။

အစားမှားလို့ ဖြစ်တဲ့ရုပ်ဟာ ပူလာတယ်၊ ယောင်လာတယ်၊ ဖေါလာတယ်၊ ဒါအစားမှားလို့ ဖြစ်တာ....(မှန်ပါ့) အစားမှားလို့ ဖြစ်တဲ့ရုပ်ကို အစားမှန်နဲ့ ပြန်ပြီး ချရလို့ ရှိယင် ဆေးမှန် အစားမှန် ဆေးလဲအစာပေါ့ဗျာ ....(မှန်ပါ့ ဘုရား)။

ဆေးမှန်အစားမှန်နဲ့ ပြန်ပြီးသကာလ ကုလိုက်ယင်ပျောက် မပျောက် .(ပျောက်ပါတယ်ဘုရား)။

ဩော် ဒါဖြင့် တကာတကာမတို့ကိုလေသာအပူမီးကြောင့် မှားနေတာမချိဘူးလား... (ရှိပါတယ်ဘုရား)။

ကိုလေသာအပူမီးကြောင့် မှားနေတာတွေ ရှိပါတယ်၊ အဲဒီ ကိလေသာအပူကို ပြောင်းစမ်းပါဦး....(မှန်ပါ့ဘုရား)။

နိဗ္ဗာန် ဘက်လိုချင်တဲ့အပူနဲ့ ပြောင်းလိုက်.... (မှန်ပါ့)ဘယ် အပူနဲ့ ပြောင်းရမလဲ... (နိဗ္ဗာန် ဘက်လိုချင်တဲ့အပူနဲ့ ပြောင်းရပါ မယ်ဘုရား)။

နိဗ္ဗာန်လိုချင်တဲ့ ဆန္ဒနဲ့ဘဲ ပြောင်းလိုက်.... (မှန်ပါ့) အဲဒါနဲ့ ပြောင်းလိုက်ယင်ဖြင့် တကာဘကာမတို့ မင်းပါ လာလိမ့်မယ်၊ မင်းပါလာလို့ ရှိယင် ဒီအပူငြိမ်းလိမ့်မယ် ဆိုတာ သဘောကျ ပလား...(ကျပါပြီဘုရား)။

ဒါဖြင့်အစားမှားကြောင့် ဖြစ်ဘဲဝေဒနာ အစားနဲ့ ပျောက် တယ်၊ ကိလေသာအပူကြောင့် ဖြစ်တဲ့သဘောကို ကိလေသာအပူ လိုဘဲ ပျောက်အောင်လုပ်ပေးပါ့မယ်.... (မှန်ပါ့ဘုရား)။

ရှင်းပလား....(ရှင်းပါပြီ)ဒါဖြင့် နိဗ္ဗာန်ရချင်တဲ့ဆန္ဒနဲ့ နိဗ္ဗာန် ကို လုပ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

လုပ်လိုက်ဘဲ့အခါကျတော့ လုပ်နေတုံး ဒီကိလေသာပါသေး ရဲ့လား....(မပါ.ပါဘုရား) ဘာပါမတုံးဗျ၊ဖြစ်ပျက် မြင်တုန်းက ကိလေသာပါယင် မြင်ပါ့မလား....(မမြင်ပါဘုရား)။

ပဌမနိဗ္ဗာန် ရချင်တာဆန္ဒဘဲ၊ သူများဘောင် ရုသေးဘာ ငါဘယ်နှယ်ကြောင့် မရဘဲရှိမဘုံးဆိုတာ အဲဒီနှစ်ခုမူတည်ပြီးလုပ် စမ်းပါ....(မှန်ပါ့)သဒ္ဓာကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီဘက်က ခန္ဓာငါးပါးထားပါတော့၊ ခန္ဓာ ငါးပါးပေမဲ့ ဒီဘက်က ဝေဒနာလဲ စိတ်ဘဲထားပါ့တော့၊တကာ ကြွယ်ရော၊ ကိုယ်လုပ်နေတာ သိနေပါ့ဘဲ့.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝေဒနာကိုက်တဲ့သူ ဝေဒနာရှုပေါ့ဗျာ၊စိတ်ကိုက်တဲ့ ပုဂ္ဂိုလ်..(စိတ်ရှုရပါ့မယ်ဘုရား)ကိုက်တာရှု၊ အပျက်မြင်ကြလို့ ရှိယင် အတူတူချည်းဘဲ .. (မှန်ပါဘုရား)။

အပျက်မြင်ယင် အတူတူဘဲ ဆိုတာ သဒ္ဓာ ပါပလား .... (ပါ.ပါပြီ)ရုပ်ရှုဲ့ပုဂ္ဂိုလ်လဲ ရုပ်မြင်သလား၊ အပျက်မြင်သလား (အပျက်မြင်ပါဘယ်ဘုရား) နာမ်ရှုတဲ့ပုဂ္ဂိုလ်လဲ နာမ်မြင်သလား အပျက်မြင်သလား....(အပျက်မြင်ပါတယ်ဘုရား)။

ဒါဖြင့် အပျက်ဆိုတာအနိစ္စ၊အနိစ္စမြင်ဘို့ဘဲ အရေးကြီးတယ် (မှန်ပါ့)အနိစ္စမြင်ယင် ဒုက္ခမြင်၊ အနတ္တမြင်တာဘဲ .... (မှန်ပါ့ ဘုရား)။

တခုမြင်ယင် အကုန်မြင်တာဘဲ၊ ကိုင်းဒီဥစ္စာကိုမြင်၊ မြင် အောင်လုပ်မယ်၊ ဒါမှနိဗ္ဗာန်ရမှာဘဲဆိုပြီး ဒီဘက်ကနေ ဆန္ဒနဲ့ ဒါမြင်မှ နိဗ္ဗာန်ရမှာကိုး....(မှန်ပါ့ဘုရား)။

အဲ.... ငါလဲနိဗ္ဗာန်လိုချင်တယ်ဆိုပြီး ဆန္ဒနဲ့ လိုချင် လိုက် .... (မှန်ပါ့)သူများတောင် ရသေးတာဘဲ၊ ရှေးကကုဋ္ဌေရှစ်ဆယ်နဲ့ ဗိုလ်ခြေတသိန်းတွေ နိဗ္ဗာန်ရသွားတယ်၊ ဘုရားနောက်ကနေပြီး (မှန်ပါ့ဘုရား)။

မရဘူးလား (ရပါတယ်ဘုရား)ငါဘဲ- ဘယ့်နှယ်ကြောင့်မရ မရှိရမှာတုံးဆိုပြီး ဒီကနေတက်ပြီး ရုပ်နာမ်ပေါ် ခုနင်ကဝေဒနာ တို့၊ စိတ်တို့အပေါ်မှာ တကာတကာမတွေ ဖြစ်ပျက်ရှုပေးလိုက် (မှန်ပါ့)မဂ္ဂင်ငါးပါးနဲ့ ဖြစ်ပျက်ရှု.... (မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

ဝေဒနာကလေးတွေ ဘာလုပ်ရမတုံး ... (ဖြစ်ပျက်ရှုရပါ့မယ် ဘုရား)ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ထိုသူတို့က တိုက်တွန်း သာပေးတာ၊ရှုတဲ့အချိန်အခါမှာ မဂ္ဂင်ငါးပါးသာပါတယ်၊သူတို့ မပါဘူး၊ (မှန်ပါ့)သူတို့က တိုက်တွန်းပေးတာဘဲရှိတယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဆန္ဒကြောင့် ဒီမဂ်ဖြစ်လာတယ်၊ မဖြစ်ဘူးလား ... (ဖြစ်ပါတယ်ဘုရား)သဘောပါပလား ...(ပါ-ပါပြီဘုရား)။

မဂ်ထဲ တဏှာဆန္ဒပါသလားမေးယင် .... (မပါ ပါဘုရား) ဩော်...ဒါဖြင့် ဒီတဏှာဆန္ဒသည်ကားလို့ ဆိုယင်ဖြင့် တကာ တကာမတို့ သေသေချာချာမှတ်စမ်းပါ၊ အကူအညီပေးတဲ့တဏှာ ဆန္ဒ (မှန်ပါ့ဘုရား)။

ရှင်းပလား....(ရှင်းပါပြီ)ဒါဖြင့် တကာတကာမတို့ ဒီတဏှာ မာန ဆန္ဒမျိုးဟာဖြစ်ကောင်းတယ်လို့ မှတ်လိုက်စမ်းပါ(မှန်ပါ့) ဘယ်လိုဆိုကြမလဲ....(ဖြစ်ကောင်းပါတယ်ဘုရား)။

ပဌမ-မဂ်ပေါ်လာတာက အားထုတ်မှရမယ်ဆိုပြီး နိဗ္ဗာန်လို ချင်တယ်၊ နိဗ္ဗာန်မရမနေနိုင်ဘူးဆိုတဲ့ဆန္ဒ၊ ဒီဆန္ဒတွေက တိုက်တွန်းနှိုးဆော်လိုက်တာနဲ့ အားထုတ်ဖြစ်တယ်....(မှန်ပါ့ဘုရား)။

အားထုတ်ဖြစ်တော့ မဂ်မပေါ်သေးဘူးလား (ပေါ်ပါတယ်ဘုရား) အားထုတ်တယ်ဆိုတာ မဂ်ပေါ်လာတာဘဲ... (မှန်ပါ့) ဘယ်သူမှ ဖြစ်ပျက်မြင်တာမဟုတ်ဘူး၊ မဂ်ကမြင်တာ....(မှန်ပါ့ဘုရား)။

ဘယ်သူက အားပေးလို့များ မြင်တာပါလိမ့်.... (ဆန္ဒက အားပေးပါတယ်ဘုရား) ဆန္ဒကအားပေးလိုက်တယ်....(မှန်ပါ့) ဒါနဲ့ ဖြစ်ပျက်ကလေးတွေမြင်သွားရော၊ သဘောကျပလား... (ကျပါပြီဘုရား)။

ဖြစ်ပျက်ကလေးတွေမြင်တော့ ခုနင်က ညဏ်စဉ်အတိုင်းတက်လိုက်တော့ ဖြစ်ပျက်မုန်းတဲ့ဥာဏ်လဲ ကြိုးစားရှုတော့ မုန်းတာဘဲ (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဒီဖြစ်ပျက်ကလေးတွေ ကြိုစားပြီး ရှုဖန်များတော့ ဩော်.... ဖြစ်ပျက်ဆိုတာ ဒုက္ခသစ္စာဆိုပြီးသကာလ ဒီဥာဏ်လဲ မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

ပေါ်တော့ မဂ္ဂင်ရှစ်ပါးဖြစ်လာမှာပေါ့....(မှန်ပါ့) ဒုက္ခပိုင်းခြားနိုင်ယင် ရှစ်ပါးဖြစ်တယ်... (မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဖြစ်တော့ မဂ္ဂင်ရှစ်ပါးလဲ ပေါ်လာရော တကာ တကာမတို့ ဒီဝေဒနာတွေက တကာ တကာမတို့ ချုပ်မသွားပေဘူးလား...

(ချုပ်သွားပါတယ်ဘုရား) ချုပ်သွားတော့ ဝေဒနာ နိရောဓ ဖြစ်တယ်....(မှန်ပါ့ဘုရား)။

ဝေဒနာနိရောဓဆိုတော့ ဘာကြာနိရောဓလေ့မက်ပေါ်တယ်.... (မှန်ပါ့) ဒီမက်သည် ဘာလုပ်သတုံးဆိုတော့ တဏှာသတ်တယ် (မှန်ပါ့ဘုရား)။

ဒါဖြင့် ဆန္ဒကြောင့်ဖြစ်ခဲ့တဲ့မက်သည် ဘာကိုသတ်သတုံး.... (တဏှာဆန္ဒကို သတ်ပါတယ်ဘုရား)ဒါကြောင့်ဒီတဏှာဆန္ဒတို့ ဒီမာနတို့ ဖြစ်ကောင်းပါတယ်(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဒီနှစ်ခုကိုလဲ လုပ်ဖြစ်အောင်လုပ်ပါ။ မရမနေဘူးဟော့.... သူများတောင် ရသေးတယ်၊ ငါ့ဘယ့်နယ် ကြောင့် မရမရှိရမတုံး လုပ်သာလုပ်၊ ငါလဲ လိုချင်တဲ့စိတ်ရှိ တာဘဲ၊ လုပ်သာလုပ်၊ ရ ရမှာဘဲဆိုဘာ သဘောကျပလား.... (မှန်ပါ့ဘုရား)။

ဒါဖြင့်....တကာတကာမတို့ တဏှာဆန္ဒကို အားကြောင်းခံပြီး ဖြစ်တဲ့ မက်သည် တဏှာမာနကို မပယ်ဘူးလား....(ပယ်ပါတယ် ဘုရား)။

ဖြစ်ပျက်ဆုံးတော့ မဂ္ဂင်မပေါ်ဘူးလား.... (ပေါ်ပါတယ် ဘုရား) မဂ္ဂင်ပေါ်တော့ ဝေဒနာနိရောဓ၊....(တဏှာနိရောဓ) ဟော...တဏှာချုပ်သွားပြီ....(မှန်ပါ့) မချုပ်ဘူးလား....(ချုပ် ပါတယ်ဘုရား)။

မက်ပေါ်လို့ချုပ်တာ....(မှန်ပါ့) တဏှာနိရောဓ (ဥပါဒါန နိရောဓ) ဥပါဒါန်လဲချုပ်ပြီ....(မှန်ပါ့) ဥပါဒါနနိရောဓ၊

(ကမ္မဘဝနိဒ္ဒေသ၁ခု) ကမ္မဘဝတွေလဲ အကုန်ချုပ်တယ်ဆိုတော့ တဏှာဥပါဒါန်ကံတွေ ချုပ်တယ်ဆိုကတည်းက သူတို့နှစ်ခု မှ တည်လိုက်လို့ မဂ်ရတာ....(မှန်ပါ့) မဂ်ကတခါပြန်ချုပ်စေတယ် (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အစားမှားခဲ့ကြောင့်ဖြစ်တဲ့ ဝဒနာကို အစားနဲ့ ပြန် ဖျက်လိုက်တယ်-(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အစား မှားကြောင့် ဖြစ်တဲ့ ဝဒနာကို ... (အစားနဲ့ ပြန်ဖျက်ပါတယ် ဘုရား)။

အစားနဲ့ပြန်ဖျက်သတဲ့.... တဏှာ မာနဒိဋ္ဌိကြောင့် ဖြစ်တဲ့ သဘောကို တဏှာ မာနဒိဋ္ဌိကိုဘဲ ပြန်ဖျက်ချလိုက်တယ်၊ သဘော ကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒီတဏှာမာနဟာ တဲ့၊ ဒီမဂ်ထဲမှာ မပါတဲ့အတွက် ဖြစ်ကောင်းသေးတယ်....(မှန်ပါ့) အားပေးမှုဘဲ....(မှန်ပါ့) ရှင်း ပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့... ဒီဖြစ်ပျက်တွေက ဒုက္ခသစ္စာ မြင်တာက ...(မဂ္ဂသစ္စာပါဘုရား) ဒီတဏှာမာနသေတာက သမုဒယချုပ်တာ.... (မှန်ပါ့) ဒီက တဏှာမာနဘွေ့ချုပ်စေတော့ ဟိုဘက်က ဇာတိ ဇရာ မရဏတွေက နိုးရောဓသစ္စာဆိုတာ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့... တဏှာ မာန သေကတည်းက တဏှာဆိုတာ အပူခါတ် .. (မှန်ပါ့) သူမျှားဖြစ်ချင်သလိုဖြစ်တဲ့ မာနကလဲ့ အပူခါတ်ဘဲ....(မှန်ပါ့ဘုရား)။

သူမျှားဖြစ်သလို ဖြစ်ချင်လေလေ· အငြိမ်မနေနိုင်လေလေဘဲ (မှန်ပါ!) အဲဒီတော့ ဒီအပူခါတ်တွေ ဘာဖြစ်သွားသလဲ....(ငြိမ်းအေးသွားပါတယ်ဘုရား)။

ငြိမ်းအေးတာ ဘယ်သူ့ကြောင့် ငြိမ်းအေးတယ်ဆိုတာကော သဘောကျပလား၊ မင်းကြောင့်.... (မှန်ပါ!) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ-အပူခါတ်ငြိမ်းအေးတာ ဘယ်သူ့ကြောင့်လဲ·(မင်းကြောင့်ပါ ဘုရား) မင်းကြောင့်ငြိမ်းတယ်ဆိုတော့ ဒီမင်းသည် ဘာဖြစ်သတုံး ဖမ်းတဲ့အခါကျတော့ ဒုက္ခချုပ်တဲ့နိဗ္ဗာန်မြင်တယ်.... (မှန်ပါ!) မမြင်ဘူးလား.... (မြင်ပါတယ်ဘုရား)။

မြင်တော့... ဒီဥစ္စာသည် ဘယ်သူမြင်တာတုံးဆိုတော့ အသုံးထုတ်တဲ့ ယောဂီပုဂ္ဂိုလ်မြင်တာ....(မှန်ပါ!) သြော်_ငါ့မှာဖြင့် ကိုးစားရာ, အားထားရာ ရပေါ့လို့ မသိဘူးလား (သိပါတယ်ဘုရား ။

နိဗ္ဗာန်မြင်နေရတော့ ကိုးစားရာ, အားထားရာဖြင့် ငါ့မှာ ကိုယ်ပိုင်ရပေါ့လို့ မသိပေဘူးလား....(သိပါတယ်ဘုရား)ထိုကဲ့သို့ သိတဲ့အခါကျတော့ ငါ့သ-ဘယ်သွားမှာတုံးဆိုတာ ပူစရာရှိသေးသလား....(မရှိပါဘုရား)။

ကဲ... ဒီလူကမ်းပေါ်ရောက်မှာဘဲ....(မှန်ပါ!)မသေရာသောင်ကမ်းဖြင့် ငါတွေ့ပြီ....သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီလိုရှာလိုက်တော့ မသေရာသောင်ကမ်းဟာ နိဗ္ဗာန်ဘဲ.... (မှန်ပါ!) မြင်တာဟာ... (နိဗ္ဗာန်ပါဘုရား)အခုတော့ဖြင့် မြင်နေ

တာဘဲ၊ နောက်စုတေမနေတော့ မသေရာ သောင်ကမ်းပေါ် ကိုယ်တိုင်ရောက်ပေါ့ဘဲ....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

ဘာဖြစ်လို့ ရောက်ရပါလိမ့်မတုံး လို့ မေးတဲ့အခါ ဒုက္ခချုပ်လို့ရောက်တာ....(မှန်ပါ့) ဒီဘက်က တဏှာမနချုပ်လို့....(ရောက်ပါတယ်ဘုရား)။

ဒုက္ခချုပ်လို့လဲရောက်တယ်၊ တဏှာမာနချုပ်လို့လဲ(ရောက်ပါတယ်ဘုရား) ဒုက္ခချုပ်အောင်လုပ်တာလဲ မဂ္ဂင်ဘဲ၊ တဏှာမာနချုပ်အောင်လုပ်ဘာလဲ (မဂ္ဂင်ပါဘဲ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီမဂ္ဂင်သည် ဟကာတကာမတို့ ... တကာတကာမမတွေ့၏ ကိုးစားရာ, အားထားရာ အရှယ်သုံးပါးမှာ တပါး-ပါးရအောင် လုပ်ပါ....(မှန်ပါ့) အခု ကမ်းဝရောက်နေတုန်း ဒါကိုယ်ပိုင်ရအောင်လုပ်....(မှန်ပါ့) ရှင်းပလား ..(ရှင်းပါပြီဘုရား)။

ပင်လယ်ဝရောက်နေတုန်း ဘာမှ မရတော့ဘူး၊ သားရေး၊ သမီးရေး၊ စီးပွားရေးဘဲ စီးလိုက်နေမယ်၊ ဒီမဂ္ဂင်ကိုမရတော့ဘူး ဆိုယင်ဖြင့် မြုပ်ပေတော့.... မျောပေတော့....(မှန်ပါ့) ဆိုစရာမရှိဘူးလား....(ရှိပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ... အရှယ်သုံးပါးမှာလဲ တတိယအရှယ်ရောက်နေတဲ့ပုဂ္ဂိုလ်တွေ မြန်မြန်လုပ်ပါ....(မှန်ပါ့)အဇ္ဇဝသုဇဝ- ဆိုတဲ့အတိုင်းယနေ့လား-နက်ဖြန်လား မသိနိုင်တော့လဲ

မြန်မြန်လုပ်....(မှန်ပါ့) ခန္ဓာကိုယ် အမျောမရပ်ဘူးဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့က စိတ်ကူးနေပေမဲ့ သူက ဘယ်နှယ်တုံး....(မရပ်ပါဘုရား) ခင်ဗျားတို့က သားရေး၊ သမီးရေး၊ စီးပွားရေး လုပ်နေပေမဲ့လဲ....(မရပ်ပါဘုရား)။

ဟို-ပင်လယ်ထဲချည့်မျောနေတာ....(မှန်ပါ့)ဒီအထဲကိုယ်ကလဲ စီးလျက်ဘဲဆိုတော့ ကောင်းသေးရဲ့လား .... (မကောင်းပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ လိမ်မာချိန်ရောက်ပလား၊ မရောက်သေးဘူးလား (ရောက်ပါပြီဘုရား)လိမ်မာချိန်ရောက်လို့ ရှိယင် ဘာကို အမြင်ပေါက်အောင် လုပ်ထားရမလဲ (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်အမြင်ပေါက်အောင် လုပ်ထားပါ (မှန်ပါ့ဘုရား)။

ဒါဖြင့်....ဖြစ်ပျက် မြင်အောင်ရှု....(မှန်ပါ့) ဖြစ်ပျက်ကို.... (မုန်းအောင် ရှုရပါမယ်ဘုရား) ဖြစ်ပျက်ဆုံးအောင်ရှု (မှန်ပါ့) ဆုံးတဲ့နေရာ ဘာပါလိမ့် (နိဗ္ဗာန်ပါဘုရား)။

အဲဒီနိဗ္ဗာန် မြင်အောင်ရှုဆိုတာ သဘောကျပလား.... (ကျပါပြီ) ရှုတဲ့ပုဂ္ဂိုလ်ရမှာဘဲ၊ ဒါပင်လယ်ဝရောက်လို့ ခိုကိုးရာ မြင်ရပြီ..(မှန်ပါ့) မြင်ရတဲ့အပြင် ဒီခန္ဓာကိုယ်တိုင်လဲ ရတာဖြစ်သွားပြီ....(မှန်ပါ့) သဘောကျပလား..(ကျပါပြီဘုရား)။

သူ မြုပ်စရာ- မျောစရာ... (မရှိတော့ပါဘုရား) မသေချာဘူးလား... (သေချာပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ယခုနဟောတဲ့တရားမှာ တဏှာမာနပေမဲ့ ဖြစ်ကောင်းတာ ရှိသေးတယ်....(မှန်ပါ့) သို့သော်-

လုပ်တဲ့အထဲ သူပါသေးသလား.... (မပါ-ပါဘုရား) ဖြတ်တဲ့ အခါကော သူအလိုလိုသေရတယ်၊ မင်းပေါ်ယင် သူအလိုလို မသေဘူးလား....(သေပါတယ်ဘုရား)။

ဒါကြောင့် တဏှာကြောင့်ဖြစ်တဲ့အနာကို တကာ တကာမတို့ မင်နဲ့ဖြတ်ချပါ၊ မင်းကနေ ဖြတ်ချလိုက်တယ်....(မှန်ပါ) အစား ကြောင့်ဖြစ်တဲ့ဝေဒနာ- ဘာနဲ့ဖြတ်သတုံး.... (အစားနဲ့ ဖြတ်ပါ တယ်ဘုရား) အစားနဲ့ဘဲ ပြန်ပြီး ပျောက်စေတယ် ... (မှန်ပါ ဘုရား)။

ဆန္ဒကြောင့် ဖြစ်တဲ့ နိဗ္ဗာန်သည်ကား... လို့ ဆိုယင်ဖြင့် အဲဒီ နိဗ္ဗာန်အာရုံပြုတဲ့ မင်းကဘဲ တဏှာပယ်ချလိုက်တယ်.... (မှန်ပါ) သဘောကျပလား....(ကျပါပြီ) ဒီလိုတော့ ဖြစ်ကောင်းတယ် ဆိုတာ သဘောကျပလား....(မှန်ပါဘုရား)။

ကောင်းပြီ....တဏှာမာနဆန္ဒ အကြောင်းရင်းခံပြီး လုပ်ပြန် ယင်လဲ ရတယ်လို့မှတ်လိုက်....(မှန်ပါ) သဒ္ဓါသတိဝီရိယနဲ့ လုပ် ပြန်ယင်ကော....(ရပါတယ်ဘုရား) သတိပဋ္ဌာန်နဲ့ လုပ်ပြန်ယင် တော့ကော....(ရပါတယ်ဘုရား) သဒ္ဓါကို ဗိုလ်လုပ်ပြီး လုပ်ပြန် ယင်တော့ကော....(ရပါတယ်ဘုရား) သတိကို ဣန္ဒြေလုပ်ပြန်ယင် တော့ကော ...(ရပါတယ်ဘုရား)အဲဒီတော့ ဣန္ဒြေငါးပါး- ဗိုလ် ငါးပါးနဲ့လုပ်လဲ ရပါတယ်....(မှန်ပါဘုရား)။

ပုထုဇဉ်မှာလဲ ဒီနှစ်ခု မူတည်လုပ်ပြန်ယင်ကော.... (ရပါတယ်

ဘုရား) အလုပ်က မှန်ယင်ပြီးတာဘဲ....(မှန်ပါ့) ရှင်းပလား....
(ရှင်းပါပြီ) ဒါဖြင့် ဒီတရား ကောင်းကောင်းနားလည်ပြီလား
(နားလည်ပါပြီဘုရား)။

ကိုင်း... ယနေ့ ဒီတွင်တော်ကြဦးစို့...။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် · အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားဆုံးမတော်မူသော
"ဝိပဿနာဉာဏ်အမြင်မှန်"
အမြင်မှန်ရရုံနဲ့ ဖုဟန္တာမဟုတ်သေးပုံ
ရှင်ဆန္နဝတ္ထု (၁)
နွေအလှပင်းတန်းတော်

(၂၅ · ၉ · ၆၁)

ရာဇဂြိုလ်ပြည်မှာ ရှင်ဆန္နသီတင်းသုံးနေတော်မူတယ်၊ ဂိဇ္ဈကူဋ်တောင်ခြေမှာ သူက မမာနေဘယ်....(မှန်ပါ့) ဆန္နဆိုတဲ့ ကိုယ်တော်က မမာဘူးလို့ မှတ်ထားပါ....(မှန်ပါ့ဘုရား)။

ရှင်သာရိပုတ္တရာနဲ့ သူ့ညီတော် ရှင်စုန္ဒတို့က ဇနုလယ်- အဲဒီတောင်ပေါ်တက်ပြီးသကာလ သစ်ပင်ရင်း, ဝါးပင်ရင်းမှာဘဲ ဒီ ပြင်အာရုံပြုရဘာက ကြမ်းတာနဲ့ နိဗ္ဗာန်အာရုံပြုပြီးတော့ နေကြတယ်၊ ဒါဖလသမာပတ်လို့ ခေါ်တယ်....(မှန်ပါ့ဘုရား)။

ဖလသမာပတ်ဆိုတာက ပဌမ ဖြစ်ပျက်မြင်တယ်၊ ဖြစ်ပျက်မြင်ပြီး ဖျပ်ဆို ချုပ်သွားပြီး နိဗ္ဗာန်ပေါ်တာဘဲ .... (မှန်ပါ့) အဲဒါကို တာရှည် အာရုံပြုနေတာကို ဖလသမာပတ်လို့ ခေါ်တယ်... (မှန်ပါ့ဘုရား)။

ဒါဖြင့် လောကအာရုံတွေ့ထဲမှထွက်၍ လောကုတ္တရာအစစ်အာရုံကို အာရုံပြုပြီးတော့နေတာဟာ သူတို့မှာ ချမ်းသာခြင်းဘဲ (မှန်ပါဘုရား)။

ဆွမ်းဘုဉ်းပေးရတာလဲ ရဟန္တာတွေဖြစ်တဲ့ သူတို့ညီအစ်ကို နှစ်ပါးစိတ်ထဲမှာ ဆင်းရဲရတာဘဲ....(မှန်ပါ) ကဋ္ဌိသွားရတာလဲ ဆင်းရဲတာဘဲ၊ ကျွန်တဲ့အလုပ်ဟူ၍ ဆင်းရဲတယ်... (မှန်ပါ) ဒါကို အာရုံပြုနေရလို့ဌိယင် သူတို့မှာ ချမ်းသာတယ်... (မှန်ပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးများကျတော့ ဒီချမ်းသာ ဘယ်လောက်အလိုရှိသလဲလို့ မေးလို့ရှိယင်ဖြင့် ဒီလို တကာ တကာမတွေကို တရားဟောနေတယ်၊ဒီလို တကာ တကာမတွေကို တရားဟောနေတဲ့ အချိန်မှာ တကာ တကာမတွေက ရှုလိုက် ရှိုက်လိုက် ရှိသေးတာကိုး....(မှန်ပါ)အဲဒီ ရှုတဲ့ ရှိုက်တဲ့ ကြားထဲမှာတောင် ရှုနေတုံး တရားဟောလဲ မကြားဘူး၊ ရှိုက်နေတုံး တရားဟောလဲ မကြားဘူး၊ ရှုတဲ့ ရှိုက်တဲ့ကြားထဲမှာ ဖျပ်ဆို ဖြစ်ပျက်အာရုံပြုပြီး နိဗ္ဗာန်အာရုံ ပြုလိုက်သေးတယ်.... (မှန်ပါဘုရား)။

ပြီးတော့မှ တရားတလုံး ဟောလိုက်တယ်၊ ဒါလောက် မြန်တာ....(မှန်ပါ) ရှုတဲ့ ရှိုက်တဲ့ကြားထဲမှာတောင် နိဗ္ဗာန်အာရုံပြုနေတယ်၊ ဘုရားက သူ့စကားအလကားမဖြစ်ရဘူး... (မှန်ပါဘုရား)။

အားစိုက်ပြီး ရှုနေလို့ရှိယင် သူ့အလုပ်နဲ့သူ ဒီတရားကို မကြားဘူး နားက.... (မှန်ပါ) အားစိုက်ပြီး ရှုနေလို့ရှိယင်လဲ

သူ့အလုပ်နဲ့သူမို့ ဒီတရားမကြားဘူး....(မှန်ပါ့)စိတ်ဆိုတာ တခုအလုပ်-လုပ်နေယင် တခုမလုပ်နိုင်ဘူး....(မှန်ပါ့ဘုရား)။

အဲဒီအချိန်ကလေးဘောင်မှ ရှုတဲ့ရှုက်တဲ့ကြားထဲမှာ နိဗ္ဗာန်အာရုံမြုပြီး နေနိုင်သေးတယ်၊ ဒါလောက် သူ့စိတ်သူနိုင်တယ်....(မှန်ပါ့) ဒါ့ကြောင့် ဣသရိယ- ဓမ္မ- ယသ-သီရိ-ကာမပယတ္တ-ဘုန်းတော်ခြောက်လိုနဲ့ ပြည့်စုံတော်မူသောဆိုတာ သူ့စိတ်ကို သူအစိုးရတယ်....(မှန်ပါ့ဘုရား)။

အဲဒါနဲ့ဘဲကွာတဲ့ ဖလသမာဓိတ်ကလဲထကြပေါ့ဘဲ၊အောက်မှာဆန့်ဆိုတဲ့ရဟန်းရှိတယ်၊ မမာဘူးကြားတယ်ကွာဝဲ့၊ အဲဒါသွားမေးရအောင်တဲ့ ဟိုကပုတုဇဉ် ဆန္ဒကပုထုဇဉ် .... (မှန်ပါ့ဘုရား)။

ဒါနဲ့ညီအစ်ကိုနှစ်ပါး ဆင်းသွားကြပြီး မေးကြတာပေါ့လေ ဘယ်နှယ်နေသတုံးဟေ့၊ မင်းဝေဒနာက ဘယ်နှယ်နေသတုံး၊ ရှေ့တိုးသလား၊ နောက်ဆုတ်သလား၊ ဟာ....နောက်ဆုတ်တယ် မရှိပါဘူးဘုန်း၊ ရှေ့ချည်းဘဲတိုးနေပါတယ်။

ဘယ်နှယ်ဖြစ်နေသတုံး၊ အို.... ခေါင်းများ တပည့်တော် သံလျက်နဲ့ထိုးလိုက်သလို၊ ဝမ်းထဲမှာခါးကလေးနဲ့ လှည့်လိုက်သလို၊ မီးပူထဲလူနှစ်ယောက်က ကိုင်ပြီးချသလို၊ ဒါလောက်ဘဲ ပြင်းထန်တဲ့ဝေဒနာ ဖြစ်နေပါဘယ်။

ဒါနဲ့ တပည့်တော်က စိတ်ကူးတယ်တဲ့၊ လူမမာ ဆန္ဒက တပည့်တော်လည်ပင်းကို ခါးနဲ့လှဲးပြီး ကိုယ့်ကိုယ်ကိုယ် သေမယ်လို့စိတ်ကူးနေတယ်တဲ့... (မှန်လှပါ) ဝေဒနာမခံနိုင်လို့ပေါ့လေ....(မှန်ပါ့ဘုရား)။

ရှင်သာရိပုတ္တရာက ဟာ...မင်းဒီလိုတော့မလုပ်နဲ့လေကွာတဲ့၊ မင်းကိုပြုစုမဲ့သူမရှိလဲ ငါပြုစုမယ်၊ ဆေးဝါး ဓါတ်စာပေးမည့်လူ မရှိလဲ ငါပေးပါ့မယ်ကွ၊ ငါတာဝန် အကုန်ယူပါ့မယ်၊ ဒီလိုတော့ မသေပါနဲ့တဲ့... (မူန်ပါ့ဘုရား)။

အိုး....တပည့်တော်က ဒီလိုသေတာတခြားကြောင့် မဟုတ်ပါဘူး၊ တပည့်တော်လည်ပင်း ဓါးနဲ့လှီးပြီး ထွက်သက် ဝင်သက် ချုပ်ပြီးသေမှုယင် တပည့်တော်က နောက်ပဋိသန္ဓေ မနေမည့် ပဂိုလ်ပါဘုရား၊ သူ့ကိုယ်သူ ရဟန္တာထင်နေတယ် .... (မူန်ပါ့ဘုရား)။

သူ့ကိုယ်သူ ရဟန္တာထင်နေတယ်၊ ရှင်းပလား... (ရှင်းပါပြီ) နောက်ပဋိသန္ဓေ မနေဘူးဘဲ့၊ ဒါကြောင့်တပည့်တော်က ဓါးနဲ့လှီးပြီး သေမယ်လို့စိတ်ကူးဘာပါတဲ့....(မူန်ပါ့ဘုရား)။

ပုထုဇဉ်ဆိုတော့ ပုထုဇဉ်ဘဲ၊ ဝိပဿနာရှုဆိုတော့ အမြင်မှန်ဆိုက်နေတယ်၊ အဲဒီအမြင်မှန်ကို သိစေချင်လို့ ဒီဝတ္ထုထုတ်လာတာ (မူန်ပါ့ဘုရား)။

ဒါနဲ့....ဆိုတောင်းပန်ပြီး သကာလကွာ၊ အလကား စကားပြောနေလို့ မဒကာင်းပါဘူးတဲ့၊ မင်းကို ဒို့မေး ချင် တယ် တဲ့၊ တရားကလေး တခု မေးချင်တယ်တဲ့၊ မေးတာပေါ့ ဘုရားတဲ့၊ သူကလဲညှံတဲ့ပဂိုလ်မှမဟုတ်ဘဲ၊ အလုပ်က သိပ်လုပ်ထားတာ... (မူန်ပါ့ဘုရား)။

မေးပါရစေ၊ မေးပါဘုရား၊ တပည့်တော် ဖြေနိုင်လို့ ရှိယင် ဖြေဘို့ပါဘဲဆိုတော့ မင်းကွာဘဲ့အခု ဒါကအဆင်းပေါ့ဗျာ၊ ဒါက

မျက်လုံးရုပ်ကလေး၊ မျက်လုံးထဲက အကြည်ရုပ် .... (မှန်ပါ့ဘုရား)။

ဒါကမြင်စိတ်ကလေးက ဒီပေါ်မှာ ကပ်ပေါ်တယ်၊ အဆင်းနဲ့၊ မျက်လုံးနဲ့တည့်ယင် မြင်စိတ်ကနောက်ကျတယ်၊မြင်စိတ်ဟာ ဒီအပေါ်မှာ ကပ်ပေါ်တယ်... (မှန်ပါ့ဘုရား)။

မှတ်ကြနော်....နောက်က တကာတာကာမတွေ အဆင်းရယ်၊ မျက်လုံးရယ် တည့်လို့ရှိယင် မြင်စိတ်ဟာဒီပေါ်မှာ ကပ်ပေါ်တယ် သဒ္ဒာကျပလား.... (ကျပါပြီဘုရား)။

သူကပူရေဇာတပစ္စည်း၊ ပုရေဇာတဆိုတာ သူက ဆယ်ဖြစ်နှင့်တယ်....(မှန်ပါ့)ပုဓရက ရှေးဇာတ်က ဖြစ်ဘာ ရှေးကဖြစ်နှင့်တာ(မှန်ပါ့ဘုရား)။

သူကနောက်မှလာသောကြောင့် ပစ္ဆာဇာတာ၊ သူကနောက်မှ မှီရတယ်...(မှန်ပါ့) သို့သော် သူကအဆင်းရုပ်၊ သူကမျက်စိရုပ်၊ သူကမြင်စိတ်၊ မြင်စိတ်ကနောက်မှ မှီလာတာနော် .... (မှန်ပါ့ဘုရား)။

အဲဒီတော့ သုံးခုမရှိဘူးလား....(ရှိပါတယ်ဘုရား)အဆင်းရုပ်ပြီးတော့ မြင်ရုပ်၊ ပြီးတော့မှမြင်တယ်တဲ့၊ နာမ်ဓမ္မစိတ်....(မှန်ပါ့ဘုရား)။

အဲဒါ စာလိုသုံးတော့ စက္ခုံစ၊ ပဋိစ္စရူပစ၊ ဥပဇ္ဈတိ စက္ခု ဝိညာဏဆိုတာဒါဘဲ...(မှန်ပါ့)သဒ္ဒာကျပလား....(ကျပါပြီဘုရား)။

စက္ခုံစ၊ ပဋိစ္စ ရူပေစ၊ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏ စက္ခုဝိညဉ်ဖြစ်ခြင်း၏ အကြောင်းဟာ ဒီအကြောင်းကြောင့် ဟောဒီမြင်စိတ် ဖြစ်တာဘဲ...(မှန်ပါ့ဘုရား)။

ဒီတော့ကွာ ဒီလိုသုံးခု ရှိနေတယ်တဲ့၊ ရှင်သာရိပုတ္တရာက၊ အဲဒီဥစ္စာကို မင်းသည်ကားလို့ ဆိုလို့ရှိယင် တော်မမ၊ သောဟ မသို့သော ဖမအတ္တာဆိုပြီး ဒါကဖလေးကိုလဲ ငါ့ကိုယ်ငါဟာလို့ ထင်သေးသလဲးတဲ့....(မှန်ပါဘုရား)။

ဒါလဲ ငါ့ကိုယ်ငါဟာ ငါ့ဥစ္စာ ထင်သေး သလား၊ ဒါလဲ ငါ့ကိုယ် ငါဟာ ငါ့ဥစ္စာလို့ ထင်သေးသလားလို့ သုံးချက်ခမး လိုက်တယ်....(မှန်ပါဘုရား)။

လိုရင်းတော့ ဒါတွေကို မင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ငါ့ကိုယ်ငါဟာ ငါ့ဥစ္စာလို့ ထင်သေးသလားလို့ မေးလိုက်တယ်၊ တပည့်တော်ငါ့ကိုယ်ငါဟာ ငါ့ဥစ္စာလို့ မထင်ပါဘူး ဘုရားတဲ့ (မှန်ပါဘုရား)။

ဒါဖြင့် သူ့ရှာသားအတော်ဝနေတယ်.... (မှန်ပါ့) ဒါလဲဖြစ်ပျက်တဲ့၊ ဒါလဲဖြစ်ပျက်တဲ့လို့ သူအကုန်ယူပါတယ်.... (မှန်ပါဘုရား)။

တို့အတူဘဲဒွါရခြောက်ပေါက် မေးလိုက်တယ်၊ဒါလဲငါ့ကိုယ် ငါဟာ ငါ့ဥစ္စာမဟုတ်ဘူးဆိုတော့ ဒါလဲအနတ္တာ၊ ဒါလဲအနတ္တာ၊ ဒါလဲအနတ္တာလို့ သူအကုန် ဖြေဘာပေါ့လေ....(မှန်ပါဘုရား)။

အနတ္တာဆိုကြမှာဘဲတဲ့၊ အခုဘဆုံးနာနေကြတဲ့ တကာတကာ မတော့လဲသိပ်ပြီးတော့ဝေးကြမှာမဟုတ်တော့ဒါကလဲ ကံကြောင့် ဖြစ်ဘဲ့ရပ်၊ ဒါကလဲ ကံစိတ်၊ ဥတုအဟာရကြောင့် ဖြစ်တဲ့ရပ်.... (မှန်ပါဘုရား)။

ဒါက သူတို့နှစ်ခုပေါင်းမှု ဖြစ်ပေါ်တဲ့ နာမ်ဓမ္မ(မှန်ပါ့)အဲဒီတော့ ဘယ်မှာ မိမိသဘောအတိုင်း ဖြစ်ပေါ်လာတာ ဒီသုံးခုတခုမှမပါဘူး...(မှန်ပါ့ဘုရား)။

မပါလို့ရှိယင် ဒါမိမိနဲ့ မဆိုင်၊ မဆိုင်လို့ သူတပါးလားဆိုတော့ သူတပါးလဲ မဟုတ်ဘူးတဲ့၊ ဒါသက်သက် မိမိသူတပါးနှစ်ဦးသားမဟုတ်တဲ့၊ အနတ္တတရားခွဲညီးဘဲ....(မှန်ပါ့ဘုရား)။

သဘောကျပလား... (ကျပါပြီ) မြင်စိတ်သဲ့ အနတ္တာဲ့... (မှန်ပါ့)မြင်စိတ်လော.... (အနတ္တပါဘုရား) ဟိုးကပ်အဆင်းကရော... (အနတ္တပါဘုရား)။

ဒါဖြင့် သဗ္ဗေခမှာ အနတ္တပေါ့ဗျာ .... (မှန်ပါ) အဲဒီတော့ သူအနတ္တခွဲညီး ပြောလိုက်တယ်၊ ဒါကိုင်ကိုယ်၊ငါ့ဟာ၊ငါ့ဥစ္စာလို့ မစဲ့ပါဘူးဘုရားဲ့... (မှန်ပါ့ဘုရား)။

ဒါနဲ့ ရှင်သာရိပုတ္တရာက ဆက်မေးဘယ်၊ မင်းဟာ ဒီသုံးခုကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ မင်းမယူတဲ့ အဓိပ္ပါယ်ဟာဘယ်လိုမျိုး မြင်လို့တုန်းဗဲ့၊ မြင်ပုံမေးဘယ် .... (မှန်ပါ့) ဝိပဿနာဥာဏ်နဲ့ ဘယ်လိုမြင်လို့တုံးတဲ့။

အရှင်ဘုရား- ဟောဒီမြင်စိတ်ကလေးကြည့်လိုက်လဲ ချုပ်သွားတာမြင်တာဘဲ....(မှန်ပါ့)ဖြစ်ပြီးချုပ်သွားတာမြင်တာဘဲ(မှန်ပါ့ဘုရား)။

မြင်ရုပ်ကလေးကြည့်လိုက်တဲ့အခါလဲ ချုပ်သွားတာ မြင်တာဘဲ၊ မြင်ရာအာရုံကိုကြည့်လိုက်ပြန်လဲ ချုပ်ပျက်သွားတာဘဲ မြင်တာဘဲတဲ့....(မှန်ပါ့ဘုရား)။

ဒါကြောင့် တပည့်တော် ဒီသုံးခုကို ဘယ်ဟာမှ ငါ့ကိုယ်, ငါ့ဟာ, ငါဥစ္စာ,လို့ မစဲ့ပါဘူး-တဲ့.... (မှန်ပါ့) ဒါဖြင့် သူ အမြင်မှန် ရနေပြီပေါ့....(မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီ) တာရသတုံး.....(အမြင်မှန်ရပါတယ်ဘုရား)။

နို့....ဟုတ်နေတာဘဲ၊ ဟုတ်နေတယ်(မှန်ပါ့) အမြင်မှန်တော့ ရနေတာဘဲ၊ ဒါနဲ့ ရှင်သာရိပုတ္တရာကသိတယ်၊ သြော်...ဒီပုဂ္ဂိုလ် အမြင်မှန်တော့ရတာဘဲ၊ ရဟန္တာတော့ မဟုတ်သေးဘူး-တဲ့.... (မှန်ပါဘုရား)။

ဘယ့်နယ်တုန်း ကဲ....အမြင်မှန်တော့.... (ရနေပါတယ်ဘုရား) ဒီဒီတော့ တကာကြီးတွေက ဘုန်းကြီးအယင်ဟောထားတာကို နှလုံးသွင်းရမယ်....(မှန်ပါဘုရား)။

ဒါဝိပဿနာဉာဏ်ဘဲ၊ ဒါပုထုဇဉ်မှာရနိုင်ပါတယ်၊ ဗဟုတ် ဘူးလား...(မှန်ပါ့)ဝိပဿနာဉာဏ်ဆိုတာ ပုထုဇဉ်မှာရနိုင်တယ်၊ ခင်ဗျားတို့အားထုတ်နေတာ ဒါဘဲ...(မှန်ပါဘုရား)။

စိတ်ကလေးတွေ့ရှုဆိုယင် ဘာယ်စိတ်မဆို ခင်ဗျားတို့ မရှိဘူး၊ မရှိဘူးတော့သိတာဘဲ...(မှန်ပါ့) မသိဘူးလား.... (သိပါတယ် ဘုရား)။

ဒါအမြင်မှန်ဘဲ....တဲ့၊ အမြင်မှန်ရငြားသော်လဲ ရဟန္တာအမြင် မဟုတ်သေးဘူး....(မှန်ပါ့) ပုထုဇဉ်လဲ့ ဒါမြင်နိုင်တာဘဲ၊ ရဟန္တာ ဖြစ်ပြီးမှလဲ မြင်နိုင်တာဘဲတဲ့....(မှန်ပါ့) ရှင်းကြပလား.... (ရှင်း ပါပြီဘုရား)။

ဒါဖြင့် ဒါက လောကုတ္တရာမဂ်အမြင်လား၊ ဝိပဿနာမဂ် အမြင်လား...လို့ ဦးမာဒင်ကြီးတို့-ဆရာဝန်ကြီးတို့က မေးရမယ်

(မှန်ပါ့) ဒါ့ဝိပဿနာမဂ်ကမြင်တာ၁၊ လောကုတ္တရာမဂ် အမြင် မဟုတ်သေးဘူး၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာအမြင်တုံး....(ဝိပဿနာမဂ်အမြင်ပါဘုရား) ဝိပဿနာမဂ် အမြင်ဆိုတော့ အားလုံး တကာ တကာမတွေ မှတ်ထားရမယ်၊ ဝိပဿနာမဂ်အမြင်ဆိုတဲ့ဥစ္စာသည် သြော်....ပုထုဇဉ်လဲ မြင်နိုင် တာဘဲ၊ အရိယာပုဂ္ဂိုလ်တွေလဲ ဝိပဿနာမဂ်ကတော့ ရှေ့ထားရ တာကိုး... အရိယာပုဂ္ဂိုလ်လဲ မြင်နိုင်တာဘဲ၊ သို့သော် သူက ဒါ လောက်တွင် မြင်သေးတာ၊ နိဗ္ဗာန် မြင်သေးတာမဟုတ်ဘူး.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါတွေ့ ချုပ်သွားတဲ့နိဗ္ဗာန်ကို သူမမြင်သေးဘူး....(မှန်ပါ့) ဒါကိုတော့ သူအမြင်မှန်ရနေပြီ....(မှန်ပါ့) သဘောပါကြပလား (ပါ-ပါပြီဘုရား)။

အဲဒီတော့....ခင်ဗျားတို့ကို အခုဆရာဝန်ကြီးနဲ့တကွ အား လုံးကို အလုပ်ပေးထားတယ် ဆရာဘုန်းကြီးက၊ စိတ်ကြိုက်ယင် စိတ်ရှု၊ ဝေဒနာကြိုက်ယင် ဝေဒနာရှု၊ ခန္ဓာထဲမှာတော့ ဒါဘဲ ရှိတာဘဲ....(မှန်ပါ့ဘုရား)။

ကြိုက်ရာရှု၊ ရုပ်ကြိုက်လဲ ရုပ်ရှုကြ၊ သို့သော်....ဒီပျောက်သွား တာကလေး၊ ပျက်သွားတာကလေး မြင်တာတော့ဖြင့် ဒါပုထုဇဉ် အမြင်ဘဲလို့မှတ်....((မှန်ပါ့) ဝိပဿနာမဂ်အမြင်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့....ခုနင်က လူမမာဆန္ဒက သူက သူ့ဟာသူတော့ ဆရာသမားနဲ့ကလဲ ခပ်ဝေးဝေးဖြစ်နေတော့ သူက ရဟန္တာ အမြင်လို့ထင်နေတယ်....(မှန်ပါ့ဘုရား)။

တပည့်တော် ချုပ်ပျောက်သွားတာတွေဘုရား...တဲ့၊ အာကုန် မြင်နေတာဘဲတဲ့....(မှန်ပါ့) ရှင်သာရိပုတ္တရာက သာခု-သာခု-သာခု-ကွာ...တဲ့၊ မင်းမြင်ပုံတော့ ဖောင်းသဟေ့...တဲ့၊ ချုပ်ပျောက်သွားဘာမြင်ယင် ကောင်းပြီ....(မှန်ပါ့) မရှိဘူး၊ မရှိဘူး သိလို့ရှိယင် နောက်က တကာ တကာမတွေ့လဲ ဒါအမြင်မှန်သာမှတ်....(မှန်ပါ့ဘုရား)။

ကဲ ဒါနေလောက်တော့လဲ ခင်ဗျားတို့ မြင်နေတာဘဲ၊ မမြင်ဘူးလား....(မြင်ပါတယ်ဘုရား) ဆရာဝန်ကြီးတို့ မြင်စပြုပြီလား (မှန်ပါ့) မရှိဘူး-မရှိဘူးသိတယ်၊ မြင်ဘဲ့စိတ်ကလေးဟာ ဖျပ်ဆို မြင်ပြီး ချုပ်သွားတာဘဲ.... (မှန်ပါ့) ဥာဏ်နဲ့တွေးပါ၊ မြင်တဲ့ စိတ်ကလေး ရှိသေးရဲ့လား....(မရှိပါဘုရား)။

ကြားတယ်-ကြားတဲ့စိတ်ကလေးပေါ်နေတယ်၊ ကြားနေယင် ဝမ်းထဲကတွေးပါလား။ ဆရာဝန်ကြီးတို့က ရှိသေးသလား၊ မရှိတော့ဘူးလား...(မရှိပါဘုရား)။

တွေးတဲ့အချိန်မှာ မရှိတော့ဘူး....(မှန်ပါ့) သူဖြစ်တုန်းသာသူရှိဘာကိုး.... ဒီကတွေးတဲ့အချိန်မှာ ဘယ်ဖတော့မှ မရှိရဘူး.... (မှန်ပါ့ဘုရား)။

နံတဲ့စိတ်ကလေးကော- အနံ့ကလေး လာတယ်- နံတယ်၊ ဟုတ်တယ်၊ သူပေါ်တာရှိတာဘဲ၊ သဘောကျပလား (ကျေပါပြီဘုရား)။

တွေးကြည့်ပါ့....တဲ့၊ နောက်ကနေပြီး တွေးတဲ့အခါကျတော့ ရှိ-မရှိ တွေးကြည့်....(မရှိပါဘုရား) အဲ့ဒါမရှိတာမြင်တာဘဲ.... (မှန်လှပါဘုရား)။

ဝိပဿနာဉာဏ်ဆိုတာ ဘာပါလိမ့်မတုံးလို့ မေးလို့ ရှိယင်ဖြင့် ဘယ်နှယ်ပြောကြမယ်....(မရှိတာ မြင်တာပါဘုရား) သဒ္ဒဘာကျပလား....(ကျပါပြီဘုရား)။

နောက်က တရာ တကာမတွေ ဝိပဿနာဉာဏ်ဆိုတာ ဘာပါလိမ့်.... (မရှိတာ မြင်တာပါဘုရား) မရှိတာမြင်တာလို့ မှတ်ထား...(မှန်ပါဘုရား)။

သြော်....ဝိပဿနာဉာဏ်ဆိုဘာက ရှိရာက မရှိတာ မြင်တာပါကလား....(မှန်ပါ) ဆရာခန်းကြီး သေသေချာချာမှတ်(မှန်ပါဘုရား) နောက်က တရာ တကာမတွေ ဘာတဲ့တုံး.... ဝိပဿနာဉာဏ်ဆိုတာ... (ရှိရာက မရှိတာ မြင်တာပါဘုရား)။

အဲ... နဂိုရှိတုန်းကတော့ရှိတယ်၊ ရှိတုန်းကတော့ ကျုပ်တို့က နှစ်ခုပြိုင်မပေါ်နိုင်လို့ မမြင်နိုင်ဘူး...(မှန်လှပါဘုရား) နောက် သူ့ချုပ်သွားတဲ့အခါကျမှတော့မှ ဒီက ဆင်ခြင်တဲ့စိတ်က နောက်မှ လိုက်တာကိုး....(မှန်ပါဘုရား)။

ဆင်ခြင်တဲ့ဝိဿနာနောက်မှလိုက်တော့ဟာ· မရှိပါပေါ့လား၊ မရှိတာကိုမြင်တာ....(မှန်ပါ) ဒီတော့ သူပါဦးတော်ကလေးနဲ့ ရှင်ဆန္ဒက ပြောလိုက်ဘယ်....။

မင်း-ဘဲယ့်နှယ်ကြောင့် ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ,လို့ ဒီတရားသုံးခုကို မထင်တာတုံးဆိုတော့ "နိရောဓ ဒီသုဉ နိရောဓ အဘိညာယ နေတံ မမ နေ သောဟမသ္မိ နမေ သော အတ္တာ" သူက ဒါကိုဖြေလိုက်ဘယ်၊ တပည့်တော် ချုပ်တာကလေးတွေ မြင်သွားလို့ ဘုရား....တဲ့၊ ဒီသုံးခုကို ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ, လို့ မစဲပါဘူး...တဲ့(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် ဒို့အမြင်ဟာ ဒီအတိုင်းမြင်ရမှာဘဲလို့ ဆုံးဖြတ်ချက်ချပါ....(မှန်လှပါ) စိတ်ကလေးရှုတဲ့ပုဂ္ဂိုလ်လဲ စိတ်မရှိတာသိယင် ပြီးတာဘဲ.... (မှန်ပါ့) ပေါ်လာတဲ့စိတ်ကလေး၏ နောက်ထပ် ဆင်ခြင်လိုက်တဲ့အခါမှာမရှိတာသိယင် ဝိပဿနာ.... (မှန်ပါ့ဘုရား)။

မှတ်ထားကြနော်.... (မှန်ပါ့ဘုရား) ဘယ်စိတ်ပေါ်လာလာ နောက်က ဆင်ခြင်လိုက်တော့ ဘယ်နှယ်နေသတုံး ဆရာဝန်ကြီးတို့... (ပျက်သွားပါတယ်ဘုရား) ရှိသေးရဲ့လား.... (မရှိပါဘုရား) မဒိုမှန်း မသိဘူးလား.... (သိပါတယ်ဘုရား) အဲဒါဘာခေါ်မယ်....(ဝိပဿနာပါဘုရား)။

အဲ...မရှိတာသိတာ ဝိပဿနာဉာဏ် လုံးဝမရှိတာကို သိထာလဲ မဟုတ်ဘူး....(မှန်ပါ့) ရှိရုံက မရှိတာကိုသိမှ ဝိပဿနာဉာဏ်...(မှန်ပါ့) မှတ်မိပလား....(မှတ်မိပါပြီဘုရား)။

ရှိရုံက.... (မှန်ကာသိမှ ဝိပဿနာဉာဏ်ပါဘုရား) ရှိရုံက မရှိတာသိမှ ဝိပဿနာဉာဏ်*....(မှန်ပါ့)လုံးလုံးမရှိတာကျတော့ ပညတ်ပြစ်သွားတယ်(မှန်ပါ့)သဘောပါပြီနော်(ပါပါပြီဘုရား)

လုံးလုံးမရှိတာကျတော့... (ပညတ်ပါဘုရား) ပညတ်ဘဲ၊ ရှိရုံက မရှိတာ သိလိုက်တော့ကိုတဲ့ ဒါဟာ ပရမတ်နဲ့စပ်တဲ့ ပညတ်.... (မှန်ပါ့) ပရမတ်က ရှေ့ကသွားတယ်.... (မှန်ပါ့) ပရမတ်ချုပ်သွားတာသိလိုက်တယ်...(မှန်ပါ့) ပရမတ်၏မရှိမှုကို သိလိုက်တယ်.... (မှန်ပါ့) ပညတ်တော့ ပညတ်ဘဲ ပညတ်၏ မရှိမှုကို သိတယ်၊ အလုံးစုံမရှိတဲ့ ပညတ်မဟုတ်ဘူး.... (မှန်ပါ့)

---

* အဘာဝပညတ်

ထဘောကျပလား.... (ကျပါပြီဘုရား) သဒ္ဒါပါပလား.... (ပါ-ပါပြီဘုရား)။

ဥပမာ....ဦးမာဒင်လို့ဆိုတော့ ဘယ်နေရာစမ်းစမ်း မတွေ့ဘူး ဦးမာဒင် ဆိုတဲ့ဥစ္စာ၊ ဒါက လုံးလုံးမရှိတဲ့ပညတ်.... (မှန်ပါ) ဘယ်နေရာစမ်းစမ်း ဦးမာဒင် မတွေ့ဘူး၊ တွေ့ရင်လဲ ပထဝီအာပေါတွေ့မှာဘဲ...(မှန်ပါ) ဦးမာဒင်တော့.... (မတွေ့ပါဘုရား) အဲဒါ မရှိတဲ့ပညတ်။

အခုဟာက ဒီသိုမဟုတ်ဘူး၊ ရှိရာက မရှိတဲ့ပညတ်ကို တွေ့ရမယ်....(မှန်ပါ) မှတ်မိကြပလား..(မှတ်မိကြပါပြီဘုရား)။

ဘယ်ဟာ တွေ့ရမလဲ... (ရှိရာက မရှိတာကို တွေ့ရပါတယ် ဘုရား) ပညတ်ကို တွေ့ရမယ်၊ ပညတ်တော့ ပညတ်ဘဲ၊ ရှိရာက မရှိတာကို တွေ့ရမယ်တဲ့၊ အဲဒီတွေ့ဘဲ့ဥာဏ်ဟာ ဝိပဿနာဉာဏ် (မှန်ပါဘုရား)။

ဝိပဿနာဉာဏ်ကို ဒီနေ့တော့ အာရုံဘက်ကလဲ စစ်ပေးတာဘဲ...(မှန်ပါ) အာရုံဘက်က ဒါ....ဥပမာစိတ်ရှုနေတယ်၊ ဒါ... ပုဒ်ရေဘကပစ္စယုပ္ပန်ကို ရှုနေတယ်၊ ဒီစိတ်ကလေးက မြင်စိတ်ကလေး,ကြားစိတ်ကလေး,နံစိတ်ကလေး သူရှိနေတုန်းကို ဒီကဆရာဝန်ကြီးတို့၏ဉာဏ် မလာနိုင်ဘူး.... (မှန်ပါ) မသာနိုင်သေးဘူး၊ ဘာဖြစ်လို့တုံး၊ သတ္တဝါမှာ နှစ်စိတ်မပြိုင်ကောင်းဘူး... (မှန်ပါဘုရား)။

ဒါက မြင်စိတ်၊ ဒါက အဆင်းမြင်တဲ့စိတ်၊ ဒါက မရှိရာကို မြင်ရမည့်စိတ်၊ ပြိုင်ပေါနိုင်ပါ့မလား.... (မပေါနိုင်ပါဘုရား)

ပြိုင်မပေါ်နိုင်တော့ ဒီမှာ 'ဖျပ်'ဆို ချုပ်သွားတာဘဲ၊ သူ့စိတ်က ၁-၂-ဆို ချုပ်တာကိုး၊ ၁-မှာဖြစ်ပြီး ၂-မှာ ချုပ်တယ်၊ ဖြစ်ပျက်ကိုး...(မှန်ပါ့) သူ ချုပ်သွားတဲ့အခါကျတော့မှ၊ ဒီက နေတွေး၊ တွေးလိုက်တော့ ဦးမာဒင်က ဘာတွေသလဲ...(မရှိတာ တွေပါတယ်ဘုရား) ပျက်နေပြီး မရှိတာတွေတယ် မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား)။

မရှိတာတွေပေမဲ့ လုံးလုံးမရှိတာတွေတာလား၊ ဟုတ်လား-ရှိရာက မရှိတာ တွေတာလား.... (ရှိရာက မရှိတာ တွေပါတယ်ဘုရား) အဲဒါမှ ဝိပဿနာအမှန်...(မှန်ပါ့ဘုရား)။

မှတ်မိကြပလား.... (မှတ်မိပါပြီဘုရား) ဘာတွေမှတုံး.... (ရှိရာက မရှိတာတွေမှပါဘုရား) အဲဒါ ပြောဘို့မလွယ်ဘူး.... (မှန်ပါ့ဘုရား)ဆရာဝန်ကြီး ကဲ...သဘောကျပလား...(ကျပါပြီဘုရား)။

ဝိပဿနာဉာဏ်အစစ်ဆိုတာ ခင်ဗျားတို့ ကိုယ်ပိုင်ရွေးတတ်ပြီ၊ ဝိပဿနာဉာဏ်အမြင်ဟာ ဘာအမြင်တုံးဘုရား၊ အို...ရှိရာက မရှိတာသိမှ ဝိပဿနာဉာဏ်အမြင် မဟုတ်ဘူးလား.... (မှန်ပါ့) ဒါမှ ရှိရာက ဆိုတာ ဥဒယ၊ မရှိတာဆိုတာ ဝယ၊ ဒါကို မြင်တာ၊ ရှိရာက မရှိတာမြင်မှ ဝိပဿနာဉာဏ်.... (မှန်ပါ့ဘုရား)

ဒါနဲ့ ဆန္ဒကို မြင်ပုံပြောစမ်းပါလို့ ရှင်သာရိပုတ္တရာက မေးတယ်.... (မှန်ပါ့) တပည့်တော်က နိရောဓံ ဒိသ္ဒာ၊ နိရောဓံ အဘိညာယ၊ နိရောဓံ=ချုပ်တာကို၊ ဒိသ္ဒာ=မြင်၍၊ ချုပ်ပြီးတာကို သူမြင်တယ်တဲ့.... (မှန်ပါ့) နိရောဓံ= ချုပ်ပြီးတာကို၊

အဘိညယ=သိ၍ – (မှန်ပါ့ဘုရား) ချုပ်ပြီးတာကို သူမြင်တယ်၊ ချုပ်ပြီးဘာကို သူသိတော့ ဒီပျက်သွားတဲ့တရားကို "တေံမမ သောဟမသ္မိ၊ သောမေ အတ္တာ" ဆိုတဲ့ တဏှာ, မာန, ဒိဋ္ဌိနဲ့ သူမခွဲပါဘူး... တဲ့၊ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့ မဆိုတော့ ပါဘူး....တဲ့၊ ရှိရာက မရှိတာ မြင်လိုက်လို့....(မှန်ပါ့) သတော ကျပလား....(ကျပါပြီဘုရား)။

ဒါ့ကြောင့် အမြင်ဟာ ဒီတကာဘကာမတွေက တွေးရမှာက အမြင်မှန်ပြီလို့ မှတ်လိုက်ကြပါ....(မှန်ပါ့)။

ဘာတွေသလဲ....(အမြင်မှန်ပါတယ်ဘုရား) အမြင်မှန်ရတယ် (မှန်ပါ့) ဘယ့်နှယ်ကြောင့် သူ့ကို အမြင်မှန်လို့ဆိုရပါလိမ့် မတုံး...(ရှိရာက မရှိတာတွေပါတယ်ဘုရား)။

ရှိတာတွေယင်လဲ မှားသေးတယ်.... (မှန်ပါ့ဘုရား) ရှိတာ တွေနေယင် မှားတယ်...တဲ့၊ ဒီက ချုပ်သွားတာကလဲ နာမ်ကိုး ဗျ၊ ရှုရမှာကလဲ နာမ်ဘဲ၊ အဲဒီဘော့ နာမ်-နာမ်ချင်း ပြိုင်နေလိမ့် မယ်.... (မှန်ပါ့) ပြိုင်ကောင်းပါ့မလား.... (မပြိုင်ကောင်းပါ ဘုရား) တယောက်တည်း နှစ်စိတ် မမြင်နိုင်ဘူး.... (မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် ရှိရာက မရှိတာကိုမြင်မှ ဝိပဿနာဥာဏ်၊ သတော ပါပလား....(ပါ-ပါပြီဘုရား) ဒါက နာမ်ကို ဟောတာလို့ မှတ် နာမ် နာမ်ချင်း ဝိပဿနာရှုတာ၊ ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား) ရှိရာက မရှိတာမြင်မှ.... (ဝိပဿနာဥာဏ်ပါဘုရား) ဝိပဿနာဥာဏ်အစစ်....(မှန်ပါ့ဘုရား)။

တချို့က ပြောကြတယ်၊ ဒီလိုပါဋ္ဌိတော်တွေကို မတွေ့သေးတော့ တပည့်တော်ရှေ့တွင် ဖျပ်ဖျပ်-ဖျပ်-ဖျပ်နဲ့လဲ နေတာ မြင်တာဘဲတဲ့ ဒီလိုဘဲ သူပြောတယ်၊ ဒါက ရုပ်ပြောနေတာ၊ နာမ်ကျတော့ ဒီအမြင်-မမြင်ဘူး.... (မှန်ပါ့) စိတ္တာနုပဿနာတို့၊ ဝေဒနာနုပဿနာတို့၊ ဓမ္မာနုပဿနာ အစိတ်အပိုင်းတွေ၊ ဒါကျလို့ရှိယင် ရှိရာက မရှိတာမြင်ရမှာဘဲ၊ မရှိဘူးသာ သိရမယ်.... (မှန်ပါ့) သဘောပါပလား... (ပါ-ပါပြီဘုရား)။

လောကီဥပမာ ဘုန်းကြီးပြောလိုက်မယ်၊ ခင်ဗျားတို့ တခါတည်း မှတ်ဘို့ရာ ဦးမာဒင် တိုက်ရှေ့မှာ ဟယ်ာတမှာ သစ်တောဘက်က ဆင်ဟာ ညအချိန်လွတ်လာပြီး တိုက်ရှေ့ရဲ့လမ်းပေါ်မှာအိပ်နေတယ်၊ ဦးမာဒင်တို့ကလဲ အိပ်နေတယ်၊ သူက ၁၂-နာရီလောက်မှာ လာပြီး ဒီနေရာအိပ်တယ်၊ လူသံမကြားချိန်ပေါ့... (မှန်ပါ့ဘုရား)။

နောက်ကျတော့ လူတွေနိုးလိမ့်မယ်ထင်တာနဲ့ သူက ထပြေးတယ်... (မှန်ပါ့) ထပြီးသွားတော့ ဦးမာဒင်ကို ဘုန်းကြီးကမေးလိုက်ပါတယ်။

ဦးမာဒင်-ဆင်အိပ်တာမြင်သလားမေးတော့လဲ မမြင်ဘူးပြောမှာဘဲ.... (မှန်ပါ့) ဆင်ထသွားတာ မြင်လိုက်သလားလို့ မေးပြန်တော့လဲ... (မမြင်ဘူး ပြောမှာပါဘဲဘုရား)။

သို့သော်....အိပ်သွားတယ်လို့တော့ ခင်ဗျားပြောလိမ့်မယ်၊ မပြောပေဘူးလား... (ပြောပါတယ်ဘုရား) ဘာဖြစ်လို့တုန်း... (နေရာရှိနေလို့ပါဘုရား) နေရာမြင်တယ်....(မှန်ပါ့ဘုရား)။

နို့....အိပ်သွားတယ်လို့ ခင်ဗျားတို့ပြောတာဘဲ၊ လာတာကော သိသလား....လို့ မေးလို့ရှိယင်.... (မသိပါဘုရား) လာတာလဲ မသိဘူးနော်....ထသွားတာကော ...(မသိပါဘုရား)

သို့သော်လဲ ဘယ့်နှယ်ဆိုကြမလဲ၊ အိပ်သွားတယ်....(မှန်ပါ့အိပ်တဲ့နေရာကို မြင်လို့ပါဘုရား)။

အဲ...အိပ်ဘဲ့နေရာမြင်တော့ ခင်ဗျားတို့သည် သြော်...ဆင်ဟာ လားလဲ လာတယ်၊ သွားလဲသွားတယ်၊ နှစ်ချက်ရတယ်...(မှန်ပါ့ဘုရား)။

ဒီမှာလဲ လာလဲလာတယ်၊ သွားလဲသွားတယ်၊ ဒီနှစ်ချက်ကို မြင်တာ ဥဒယဗ္ဗယဆိုနေတာ...(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

နို့...ဒါဘယ့်နှယ်ကြောင့် ဘုန်းကြီး စိတ်စိတ်ပြောရသတုံးလို့ တကာကြီးဦးမာဒင်က မေးလို့ရှိယင် သူဖြစ်နေတုန်း သူဖြစ်လို့ရှိယင်လဲ ဖြစ်မှ မဖြစ်ကောင်းဘဲ၊ သူလာတုန်း မြင်ရတယ်ဆိုရအောင်လဲ အခက်ကြီးကိုးဗျ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

သူသွားတုန်း မြင်တယ်ဆိုရမှာလဲ အခက်ကြီး....(မှန်ပါ့)သူ့သတ္တိမှမဆုံးခင် ဒီကပေါ်ရမလိုဖြစ်နေတယ်....(မှန်ပါ့) မြင်တဲ့စိတ်က....(မှန်ပါ့) ဝိပဿနာဉာဏ်က ပေါ်ရမလို ဖြစ်မနေဘူးလား...(ဖြစ်နေပါတယ်ဘုရား)။

အဲဒါ နှစ်ခုလွှယ်အောင် ပြောတဲ့စကား....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဆင်ဥပမာသဘောကျပလား....(ကျပါပြီ) ဒါသေသေချာချာမှတ်ပါ...(မှန်ပါ့ဘုရား)။

ဩော်... ဝိပဿနာဉ်ာဏ်ဆိုတာက ရှိရာက မရှိတာအမြင်ကိုး ဆိုတော့ ရှိတုန်းလဲ မြင်တာမဟုတ်ဘူး၊ နာမ်-နာမ်ချင်း ရှုယင် မမြင်ဘူး၊ ပျက်ဆဲလဲမမြင်ဘူး....(မှန်ပါ့) သဘောကျပလား... (ကျပါပြီ) ဩော်....ရှိရာက နောက်မရှိဘူး-မရှိဘူး၊ သိတဲ့အမြင် ဟာ အမြင်မှန်ဘဲ... (မှန်ပါ့ဘုရား)။

ဒါဘယ်သူက ဟောသတုံး မေးတော့မှ နိရောဓံ ဒိသွာ နိရောဓံ အဘိညာယ နေတံ မမ နေ သောဟမသ္မိ နမေ သော အတ္တာလို့ ရှင်ဆန္ဒကဖြေတယ်....(မှန်ပါ့ဘုရား)။

ဒါကလေးဟာ ဘုရား... တဲ့၊ ချုပ်ပျောက်သွားတာကလေး တွေကို တပည့်တော်ကမြင်လိုက်သဖြင့်... တဲ့၊ ငါ့ကိုယ်လဲ မဟုတ် ဘူး၊ ငါ့ဟာလဲမဟုတ်ဘူး၊ ငါ့ဥစ္စာလဲ မဟုတ်လို့ သွားကြတာဘဲ ဆိုတာ တပည့်တော် ဝိပဿနာဉာဏ်နဲ့ မြင်ပါတယ်တဲ့(မှန်လှပါ ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် နာမ်-နာမ်ချင်းဟာ....ဖြင့် ဖြစ်တာလဲမမြင်ကောင်း၊ ပျက်တာလဲ....(မမြင်ကောင်းပါဘုရား) သို့သော် ဖြစ်ပျက်သွား တယ်ဆိုတဲ့သဘောတော့ နောက်ကမြင်ရမယ်....(မှန်လှပါ) ရှင်း ပလား... (ရှင်းပါပြီဘုရား)။

ဖြစ်ပျက်သွားတယ်ဆိုတဲ့သဘောတော့ (မြင်ရမှာပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား) ဖြစ်ပျက်သွားတယ်ဆိုတဲ့သဘော တော့ သိလိုက်တယ်၊ အဲဒီအမြင်ဟာ အမြင်မှန်ဘဲတဲ့... (မှန်ပါ့) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

ကဲ... ဒါဖြင့် ဒီအမြင်ကို မင်း-မြင်သလားလို့ မေးတော့ မြင် ပါတယ် ဘုရား... တဲ့၊ ချုပ်ပျောက်သွားတာကလေးတွေ တပည့် တော် မြင်လိုက်တဲ့အတွက် ငါ့ကိုယ်လို့လဲ မထင်တော့ပါဘူးတဲ့။

ငါ့ဟာလို့လဲ မထင်မှတ်တော့ပါဘူးတဲ့၊ငါ့ဥစ္စာလို့လဲမထင် တော့ပါဘူးဆိုပြီး လူမမာရှင်ဆန္ဒက ဖြေလိုက်တယ်.... (မှန်ပါ့ ဘုရား)။

ကောင်းတယ်ကွာတဲ့၊ ဒီမင်းအမြင်ကလေး သိပ်အဘိုးတန် တယ်တဲ့၊ ရှင်သာရိပုတ္တရာက ဝိပဿနာအမြင်ကိုးဗျ.... (မှန်ပါ့ ဘုရား)။

ဒါက သူများမြင်တာကို ဆရာဘုန်းကြီးတို့ ဦးမာဒင်တို့က အရေးမကြီးဘူး၊ ဆရာဘုန်းကြီးပြောတဲ့အတိုင်း ကိုယ်ရှုနေတဲ့ အချိန်ကျလို့ရှိယင် ဟိုးနေရာယားတယ်၊ ဒီနေရာနာတယ်၊ ဒီနေ ရာကကောင်းတယ်၊ ဖျတ်ဆို ကြည့်လိုက်ယင် မရှိဘူး၊ ဖျတ်ဆို ကြည့်လိုက်ယင် မရှိဘူး၊ ဒါကိုယ့်အထဲမှာ ဒီလိုတွေ့တို့ အရေး ကြီးတယ်...(မှန်ပါ့)သဘောကျပလား.... (ကျေပါပြီဘုရား)။

ရှုလိုက်တဲ့အခါ မးတွေ့တော့ဘူး၊ ခုနင်က ဒီနေရာရှိတယ်၊ ဥာဏ်နဲ့ကြည့်လိုက်ယင် မရှိတော့ဘူး၊ ဥာဏ်နဲ့ ကြည့်လိုက် ယင် မရှိတော့ဘူး၊ ဥာဏ်နဲ့ကြည့်လိုက်ယင် မရှိသော့ဘူး တွေ့လို့ရှိ ယင် မရှိတာကအနိစ္စ၊ သိတာကမဂ္ဂဖြစ်သွားတယ် .... (မှန်ပါ့) သဘောပါပလား...(ပါ-ပါပြီဘုရား)။

မရှိတာက....(အနိစ္စပါဘုရား)သိတာက(မဂ္ဂပါဘုရား) အဲဒါ မရှိတာသိမှ(မှန်ပါ့)လုံးလုံးမရှိတာလား၊ ရှိရာကမရှိတာလား.... (ရှိရာကမရှိတာပါဘုရား)။

ဒါသိပ်အရေးကြီးတဲ့စကား.... (မှန်လှပါ) သိပ်အရေးကြီးတဲ့ စကား....(မှန်ပါ့) အဲဒီတော့ ဝိပဿနာမှာ နံပါတ်က ဒီအတိုင်း ချည်းမှတ်....(မှန်ပါ့)သဘောကျပလား.... (ကျေပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီလိုသွားပါတော့ ဒီလို အမြင်မှန်ရတော့ သူကဲ့ရှင်ဆန္ဒက ဘဝင်မြင့်သွားတယ်၊ ငါရဟန္တာ ဘဲကွ...တဲ့၊ (မှန်ပါ့)သူ့စိတ်ထဲ ဘဝင်မျှားမြင့်သွားတယ်.... (မှန်ပါ့ဘုရား)။

ဒီအမြင်ရတဲ့အတွက် သူ့ဟာသူ လည်ပင်း ဓါးနဲ့ လှီးပြီး သေငြားသော်လဲ နောက်ပဋိသန္ဓေ မနေဘူးတဲ့(မှန်ပါ့) ရဟန္တာ ဖြစ်ပြီလို့ သူ့ကိုယ်သူ အဓိမာန ဖြစ်နေတယ် * (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အမြင်ကတော့ ဘယ့်နှယ်နေသလဲ...(မှန်ပါတယ်) အမြင်ကတော့ မှန်တယ်တဲ့၊ သို့သော် ဝိပဿနာ မဂ်အမြင်လား၊ လောကုတ္တရာမဂ်အမြင်လားဆိုဘာမကဲဘူး.... (မှန်ပါ့ဘုရား)။

အခုကြည့်စမ်း ဘာမဂ်အမြင်တုံး.... (ဝိပဿနာမဂ်အမြင်ပါဘုရား)လောကုတ္တရာ မဂ်အမြင်ဆိုလို့ရှိယင် နိဗ္ဗာန်မြင်မှာပေါ့ (မှန်လှပါဘုရား)။

အခုဟာက ဝိပဿနာမဂ်အမြင်မို့ ချုပ်ပျောက် သွားတာ မြင်တာကိုး... (မှန်ပါ့)ဟုတ်ပလား....(ဟုတ်ပါတယ်ဘုရား)ဒီလို ခဲ့ထားမှ....(မှန်ပါ့ဘုရား)။

သူကတဆင့် ကျန်သေးတာ၊ တဆင့်တက်ရဦးမှာ....(မှန်ပါ့) မတက်ခင် သူ့ဟာက ရဟန္တာဖြစ်နေပြီထင်နေတာ.... (မှန်ပါ့) ဆရာကင်းလို့... (မှန်ပါ့)ပေါ်ပြီနော်....(ပေါ်ပါပြီဘုရား)။

ဆဲဒီဘုရားကို ဘုန်းကြီး ဟော်တာသည် ဦးမာဒင်တို့ ရိပ်မိလောက်ပြီ... (ရိပ်မိပါပြီ)ခင်ဗျားတို့ အမြင်မှန်ရအောင်လို့... (မှန်လှပါ) အမြင်မှန်ရအောင်လို့ပြောရပါတယ် .... (မှန်ပါဘုရား)။

---

* အဓိမာန၊ အဆင်ကြီးခြင်း၊ ရသည်ထင်မှတ်ခြင်း။

ဒါဖြင့်ကွာ သာဓု-သာဓု မင်းအမြင်မှန်တော့ရပြီ၊ ဝိပဿနာအမြင်မှန်တော့ရပြီ၊ရှင်သာရိပုတ္တရာ လာကတည်းကသူ့ညီရှင်စုန္ဒကလဲ ပါသေးတာကိုး၊ နှစ်ပါး ဆင်းလာကြတာ နှစ်ပါးဆင်းလာတော့ ရှင်စုန္ဒက ရှင်ဆန္ဒဟာပုထုဇဉ်ဘဲ ရှိသေးတယ် ဆိုတာသူကရိပ်မိတယ်၊ သူကတော့ရဟန္တာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ငါ့ရှင်ဆန္ဒဘုရား၏ အဆုံးအမတခု ရှိသေးတယ်၊အဲဒါနားထောင်ဦးတဲ့.... (မှန်ပါ့) ရှင်သာရိပုတ္တရာက မေးမြန်းပြီးသည်၏ အခြားမဲ့၌ ရှင်စုန္ဒကဆက်ပြီး တရား ဟောလိုက်တယ်၊ ပြင်ပါစေတော့လို့.... (မှန်ပါ့) ပြင်ပါစေတော့လို့ ဟောလိုက်တယ်....(မှန်ပါ့ဘုရား)။

နိဿိတဿ စလိတံ၊ အနိဿိတဿ စလိတံ နတ္ထိ၊
စလိတ အသတိ ပဿဒ္ဓိ ဟောတို့၊ ပဿဒ္ဓိယာသတိ
နတိနဟောတို့၊နတိယာ အသတိအာဂတိဂတိနဟောတို့၊
အာဂတိ ဂတိယာ အသတိ စုတူပပါတော နဟောတို့၊
စုတူပပါတော အသတိ နေဝိနဟုရံ နဥဘယ မန္တရေန
နေသဝန္တော ဒုက္ခဿာတိ။

နိဗ္ဗာန်ကျအောင် ဟောလိုက်တယ်....(မှန်ပါ့) မှီနေယင် လှုပ်တယ်ဘုရားတဲ့၊ မြန်မာလိုပြန်လိုက်တော့.... (မှန်ပါ့ဘုရား)။
မှီနေယင်....(လှုပ်ပါတယ်ဘုရား)ဥပမာ ဦးမာဒင်က တုံးတခုကို မှီနေတယ်၊ တုံးတခုကို ကျောကလေးမှီနေတယ်၊ တုံးလှုပ်ယင် လူကမလှုပ်ချင်လို့ ရပါ့မလား.... (မရပါဘုရား)။

တုံးမှီနေတာကိုး....(မှန်ပါ့) တုံးမှီနေတော့ တုံးကလှုပ်လိုက်ယင် ဦးမာဒင်က ငါငြိမ်နေမယ်ဆိုလို့....(မရပါဘုရား) ဘာဖြစ်

လို့တုံး.... (တုံးပေါ်ရောက်နေလို့ပါဘုရား) တုံးမြဲနေလို့ ... (မှန်ပါ၊ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဆရာဝန်ကြီးကော ဘယ်နှယ်တုံး... (မှန်ပါ့) ဘာမြဲနေသတုံး (တုံးမြဲနေပါတယ်ဘုရား) တုံးမြဲနေလို့လျှပ်တယ်။

နိသိတသ၊မြဲနေသောပုဂ္ဂိုလ်အား၊စလိတံ၊လှုပ်သည်၊ဟောတိ၊ ဖြစ်၏တဲ့၊ မြဲနေယင်တော့ လှုပ်မှာဘဲတဲ့.... (မှန်ပါ့) မြဲနေယင် မြဲနေက လှုပ်ယင်လှုပ်ရမယ်....(မှန်ပါ့ဘုရား)။

အနိသိတသ စလိတံနှတ္ထိ၊ မမြဲနေယင်တော့ဖြင့် တုံးသော လှုပ်တယ်တဲ့၊ တုံးမြဲတဲ့ပုဂ္ဂိုလ်က တုံးကလို့မှသွား ငြားသော်လည်း လူကဘာမှကိစ္စမရှိဘူး....(မှန်လှပါ)မမြဲယင်... (မမြဲယင်မလှုပ်ပါဘုရား)ဒါမှတ်ထားရမယ်...(မှန်ပါ့ဘုရား)။

ကဲ....ဒါကိုရှင်စုန္ဒကကြားပေါက်ဟောလိုက်တယ်... (မှန်ပါ့) သူ့ခန္ဓာကိုယ် တက္ကသိုလ်မှာနေတယ်တဲ့၊ လူမမာဆန္ဒက....(မှန်ပါ့) တက္ကသိုလ်သူ့ခန္ဓာကိုယ် ခင်နေတယ် မြဲနေတယ်၊ တက္ကသိုလ်မာနဒိဋ္ဌိနဲ့ မြဲနေတယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် သူဝေဒနာ မခံစားချင်လို့ လည်ပင်းဓါးနဲ့လှီးမယ်လို့ပြောတာ. (မှန်ပါ့)ခန္ဓာနဲ့တက္ကသိုလ်မကင်းသေးလို့ သူလှုပ်တာ... (မှန်ပါ့၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခန္ဓာကို တက္ကသိုလ်မြဲနေတယ်၊ ခန္ဓာနဲ့တက္ကသိုလ်တွဲနေတယ်ဆိုတာ ပေါ့လေ...(မှန်ပါ့)ဒါကြောင့် သူလှုပ်တာတဲ့၊ ဒါလောက်ဟောတာဘဲ... (မှန်လှပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်နှယ်ကြောင့် ဓါးနဲ့လှီးပြီး သေလိုက် ပါလိမ့် မတုံးပြောတဲ့အခါကျတော့ ဘယ်နှယ်ပြောမတုံး.... (ခန္ဓာကိုတက္ကသို

က မှီနေပါတယ်ဘုရား)မှီနေတယ်၊ သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် နိသိတဿ စလိတံ၊ နိသိတဿ- ခန္ဓာကို တဏ္ဍာနဲ့ မှီနေသော ပုဂ္ဂိုလ်အား၊စလိတံ၊ ခန္ဓာလှုပ်သည်ရှိသော် တဏ္ဍာလှုပ်၏ (မှန်ပါ့ဘုရား)။

ခန္ဓာလှုပ်ယင် တဏ္ဍာလှုပ်ပါတယ် .... (တဏ္ဍာလှုပ်ပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဥပမာမယ်.... ဦးမာဒင်က ဘုန်းကြီးဆီမှာလာပြီး တရားဓမ္မကြိုးစားနေတယ်၊ ကိုယ့်အရေးဆိုပြီး ကြိုးစားနေတယ်၊ ယုံကြည်ပါတယ်...တဲ့၊ ကိုယ့်ကိုယ်ကို သနားလို့ အားထုတ်နေတယ်.... (မှန်ပါ့ဘုရား)။

သို့သော်လည်း ပုထုဇဉ်သတ္တိက မကင်းသေးတော့ ဟိုက သားတွေ, သမီးတွေကို မှီနေတယ်....(မှန်ပါ့)ဘယ်သူမမာဘူးတဲ့ ဆိုယင် ဟင်...ဆိုပြီး ဒီကဖြစ်တယ်....(မှန်ပါ့) ကိုယ့်ရဲ့တဏ္ဍာက မှီနေတယ်၊ ဟင်...ဆိုတာ လှုပ်တာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဝေးတော့ဝေးတယ်၊ တဏ္ဍာနဲ့က ဘယ့်နှယ်နေသလဲ (မှီနေပါတယ်ဘုရား) ဒါ့ကြောင့် သူတို့က ဘယ်သူနေမကောင်းဘူး-တဲ့ဆိုယင် ဆရာဝန်ကြီး ဘယ့်နှယ်ဖြစ်လာမတုံး....(လှုပ်လာပါတယ်ဘုရား) ဘာဖြစ်လို့လှုပ်သတုံး၊ မှီနေလို့....(မှန်ပါ့-မှီနေလို့ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခုနင်ကဟာလဲ ဒီအတိုင်းဘဲ....(မှန်ပါ့) အားလုံး တကာတကာမတွေလဲ ဒီအတိုင်းဘဲ မှီနေယင်....(လှုပ်ပါတယ်ဘုရား)။

ပြုန်းကနဲဆို မောင်ချစ်စိန်က သူ့အိမ်ကိုဖြစ်စေ၊ သူ့အိမ်နားမှာဖြစ်စေ သူကတော့ မသိဘူး၊ မီးလောင်သတဲ့ဆိုယင် ဒီ

ရကော်ဒါမဖမ်းနိုင်တော့ဘူး- ပြေးမှာဘဲ... (ပြေးမှာပါဘုရား) ဟာ...မင်းနှယ် လှုပ်လှုချည့်လားဆိုယင် ဟိုနဲ့လဲ ဝင့်ဆက်နေတယ်၊ (မှန်လှုပါဘုရား)။

အိမ်ကို တဏှာက သွားမို့နေတယ်....(မှန်ပါ့) ဒါ့ကြောင့် သူ လှုပ်ပြီးပြေးတာ... (မှန်လှုပါ) ရှင်းပလား....(ရှင်းပါပြီ) ဒါကို ရှင်စုန္ဒက ဟောတာ။

သူ့ကိုယ်သူ လည်ပင်းဒါးနဲ့လှီးပြီးသေတော့မယ်၊သူ့ကိုယ် သူ ဒီဝေဒနာတော့ မခံစားချင်ကူး၊ သေရမှာတော့ မကြောက် ပါဘူး....တဲ့၊ နောက်ပဋိသန္ဓေ မနေပါဘူးတဲ့....(မှန်ပါ့) သူက သူလဲ ရဟန္တာထင်သေးတယ်၊ လှုပ်လဲနေသေးတယ်....(မှန်ပါ့) သဘောပါပလား...(ပါ-ပါပြီဘုရား)။

ဘာဖြစ်နေသလဲ.... (ရဟန္တာလဲထင်သေးတယ်· လှုပ်လဲနေပါ တယ်ဘုရား)။

ဆရာဝန်ကြီး-ကဲ....ရှင်စုန္ဒကလဲ ရဟန္တာဘဲ၊ရှင်သာရိပုတ္တရာရဲ့ ညီငယ်တဲ့...(မှန်ပါ့)ဘယ့်နှယ်တုန်း....ကွ၊ မောင်ချစ်စိန် သဘော ကျပလား....(ကျပါပြီဘုရား)။

ဘယ်လောက်ဝေးနေနေ တဏှာကဆက်သွေးယင် လှုပ်တာဘဲ (မှန်ပါ့) မလှုပ်ဘူးလား....(လှုပ်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဝေးတာ နီးတာ လိုရင်းလား၊ မှီနေတာလိုရင်း လား....(မှီနေတာ လိုရင်းပါဘုရား) မှီနေယင် လှုပ်မှာဘဲ(မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးပြောတယ်၊ ဟော့...စာတွေ ဘာတွေ မလာပါစေနဲ့ ရှုပ်တယ်၊ လှုပ်တယ်....(မှန်လှုပါဘုရား) ရိပ်မိ

ပလား.....(ရိပ်မိပါပြီ) စာသာလာလို့ရှိယင် ကောင်းတာကြားလဲ လှုပ်လိုက်တာဘဲ...(မှန်ပါ့) မကောင်းတာကြားကော...(လှုပ်ပါတယ်ဘုရား) နဂိုရိုက လှုပ်ချင်လျက်ပါဗျ....နဂိုရိုက ခပ်ရိုင်းရိုင်း ခပ်နွဲ့နွဲ့နေတဲ့အထဲမှာ လှုပ်စရာရှိယင် သာဆိုးသွားတာပေါ့ (မှန်ပါ့ဘုရား)။

ဖဋ္ဌဿ လောကဓမ္မဟိ စိတ္တံ ယဿ နကမ္ပတိ....တဲ့၊ မင်္ဂလသုတ်မှာ၊ လောကဓမ္မဟိ=လောကဓံတရားတို့နှင့်၊ ဖဋ္ဌဿ=တွေ့ဆသောပုဂ္ဂိုလ်အား၊ စိတ္တံ=စိတ်သည်၊ နကမ္ပတိ=မလှုပ်ဘူးကွဲ့တဲ့....(မှန်ပါ့ဘုရား)။

ရဟန္တာကိုဆိုဘာ...(မှန်ပါ့) မလှုပ်ဘူးဆိုထားတယ်.... သူကတော့ အခုသူ့ခန္ဓာကြီး အနာရဓနတာ ဓါးနဲ့လှီးသေပါတော့မယ်ဆိုတော့ လှုပ်-မလှုပ်(လှုပ်ပါကယ်ဘုရား)အဲဒါကြောင့် ရှင်စုန္ဒကာ ဝင်ဟောတာ....(မှန်ပါ့ဘုရား)။

မြတ်စွာဘုရား အဆုံးအမ, ရှိသေးတယ်....ဗဲ့၊ အရှင်ဘုရားနားထောင်ပါဦးတဲ့...(မှန်ပါ့) ဒါဖြင့် ဒီတရားနာရတာ အမြင်မှန်ကိုလဲသိရတယ်၊ ရဟန္တာမဟုတ်ကြောင်းကိုလဲ....(သိရပါတယ်ဘုရား) သိရတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တော်ပြီ...ဒါဖြင့် ခင်ဗျားတို့ ယနေ့မှတ်သားစရာကဒါသည် အမြင်မှန်ရောက်လို့ရှိယင် ဝိပဿနာဉာဏ် တွေ့သွားပြီမှတ်ပါ.... (မှန်ပါ့ဘုရား)။

ရှိရာက မရှိတာကလေးသာ မြင် မြင်နေဘို့ အရေးကြီးတယ် (မှန်လှုပါ)။

စိတ်ရှုတဲ့ပုဂ္ဂိုလ်လဲ စိတ်၏ရှိရာက မရှိတာမြင်ဘို့ဘဲ....(မှန်ပါ့) ဝေဒနာရှုတဲ့ပုဂ္ဂိုလ်လဲ ဝေဒနာ ရှုတိုင်း-ရှုတိုင်း- ဝေဒနာ ရှိရာက မရှိတာကို....(မြင်ဘို့ပါဘုရား)အဲဒါဆိုလို့ ရှိယင် ဝိပဿနာဉာဏ် အမြင်မှန်ပါပြီ၊ မဂ်ဉာဏ်တော့ သွားမယူနဲ့....(မှန်ပါ့ဘုရား)။

သူဟာ.... ဒီအမြင်မှန်ကြောင့် လွှတ်နေတာ၊ အမြင်တော့မှန်တယ်....(မှန်ပါ့) ပုထုဇဉ်သတ္တိမို့....(လွှတ်နေပါတယ်ဘုရား)။

ဝိပဿနာဉာဏ်ကသာခဏ တက္ခဏ မာနဒိဋ္ဌိ သတ်ထားတာ အမြင်မပြတ်သေးဘူး....(မှန်ပါ့) အမြင်မပြတ်တော့ ခုနင်က ဝေဒနာခံစားတော့ မလွှတ်ဘူးလား....(လွှတ်ပါတယ်ဘုရား)။

ဘာဖြစ်လို့လဲ့ပ်သတုံး၊ မှိနေလို့....(မှန်ပါ့) ခန္ဓာပေါ်မှာ တက္ခဏနဲ့မှိနေတယ်၊ မာနလဲဆက်နေတယ်....(မှန်ပါ့) ဒိဋ္ဌိနဲ့ကော (ဆက်နေပါတယ်ဘုရား)။

ဆက်နေတော့ ခန္ဓာက ဝေဒနာတွေ့နိပ်စက်တော့ သူဘယ့်နှယ်နေသတုံး....(လွှတ်ပါတယ်ဘုရား) လွှတ်လာတယ်၊ ဝေဒနာ မခံစားချင်ဘူး၊ လည်ပင်းဓါးနဲ့လှီးပြီး သေလိုက်တော့မယ်ဆိုတဲ့ အကြောင်းကို ရှင်သာရိပုတ္တရာကို လျှောက်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီနေ့ ဘာသိရသတုံး....တဲ့၊ ကဲ....ပုဂ္ဂိုလ်ထုတ်ပါ၊ အမြင်မှန်တလုံးသိရတယ်....(မှန်ပါ့) အမြင်မှန်ရရုံနဲ့ ရဟန္တာမဟုတ်သေးဘူးဆိုတာ သိရတယ်(မှန်ပါ့) ဘယ်နှစ်ချက်ရတုံး....(နှစ်ချက်ရပါတယ်ဘုရား)။

ကဲ...တချက်က ဘာတုံး....(အမြင်မှန် သိရပါတယ်ဘုရား) တချက်က ဘာတုံး.... (အမြင်မှန်ရရုံနဲ့ ရဟန္တာမဟုတ်သေးဘူး ဆိုတာပါဘုရား) ဒုါလဲသိရတယ်....(မှန်ပါဘုရား)။

ကဲ ..ယခုနေ့ ဒီတွင်တော်ကြဦးစို့...။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မဂ်လာတိုက်၌ ဟောကြားတော်မူအပ်သော
"ဆန္ဒဝတ္ထု (၂)"
အပြုံးနဲ့အမဲ့ ဇာတ်သိမ်းသည့်တရား

နေ့အလုပ်ပေးတရားတော်

၂၆- ၉- ၆၁

ရှင်သာရိပုတ္တရာနဲ့ ရှင်စုန္ဒဉာဏ်ကိုနှစ်ပါးက ရာဇဂြိုလ်ပြည်မှာ ရှင်နက်တို့ကို အစာကျွေးရာဖြစ်တဲ့တောမှာနေပြီး ဂိဇ္ဈကူဋ်တောင်မှာ သီဘင်းသုံးကြတယ်၊ ဖလသမာပတ် ဝင်စားပြီး နေ့လယ် နေကြတယ်၊

ထိုကဲ့သို့နေတဲ့အချိန်မှာ ဖလသမာပတ်မှ တော်လောက်ပါပြီဆိုပြီး ထလာတဲ့အချိန်မှာ အောက်မှာ ဆန္ဒဆိုတဲ့ ရဟန်းတပါး မမာဘူးကြားတယ်ကွ...ဒို့ ညီအစ်ကို သွားပြီးမေးရအောင်ဆိုပြီး တော့ မေးကြတယ်။

မေးကြတဲ့အခါကျတော့ ဆန္ဒဆီရောက်ကြပါရော.... နောက်ကြတော့ တုံးစံအတိုင်းသဘင်းမေးကြတယ်၊ ခမနီယံ ယာပနီယံ ရောဂါရှိ့တိုးသလား၊ နောက်ဆုတ်သလား၊ ဘယ်လိုနေသလဲ မေးတော့ ဟာ...ရောဂါရှိ့တိုးပါတယ်ဘုရား... ထိပ်မှာ စူးကာ

လေးနဲ့ ထိုးသလိုဘဲဘုရား....ခေါင်းကိုက်တာလဲ အင်မတန်မှ ပြင်း ထန်တယ်၊ ဝမ်းထဲမှာလဲ သားလှီးခါးကလေးနဲ့ မွှေသလိုဘဲ ဘုရား.... လေနာက သိပ်ပြင်းထန်တယ်၊ တကိုယ်လုံးလဲ ပူပြီး သကာလ နေတာဘဲဘုရား.... အားကောင်းတဲ့ လူနှစ်ယောက် တပည့်တော်လက်မောင်းကိုင်ပြီး မီးဖိုထဲထည့်သလိုဘဲ၊ ရောဂါဟာ ရှေ့ချည်းဘဲတိုးတယ်၊ နောက်မဆုတ်ပါဘူး... တဲ့၊ ဒါ့ကြောင့် တပည့်တော်စိတ်ကူးကဖြင့် လည်ပင်း ခါးနဲ့ လှီးပြီးသကာလ သေမယ်လို့ စိတ်ကူးတယ်။

ဆန္ဒကဖြာတော့ ရှင်သာရိပုတ္တရာက ထုံးစံအတိုင်း မင့်မှာ ဒီလိုတော့ မသေပါနဲ့ကွာ....မကောင်းပါဘူး၊ မင့်မှာ ပြုစုမည့်သူ မရှိလဲ ငါဘဲ ပြုစုပါ့မယ်၊ ဆေးမရှိလဲ ငါရှာပါ့မယ်၊ ခါဝင်စာတွေ ဘာဘေးမရှိလဲ ငါရှာပါ့မယ်၊ ဒီလိုတော့ မသေပါနဲ့လို့ ပြော လိုက်တယ်။

ထိုကဲ့သို့ ပြောလိုက်တဲ့အခါ တပည့်တော်ခေါင်းကတော့ တခြားမဟုတ်ပါဘူး၊ တပည့်တော်မှာ ဒီဘဝစုတေသွားလို့ ရှိယင် ဟိုဘဝ ပဋိသန္ဓေနေစရာ စဲကပ်တဲ့တဏှာမရှိပါဘူး။

ဒါ့ကြောင့် တပည့်တော်က လည်ပင်းခါးနဲ့လှီးပြီးသေမယ် လို့ စိတ်ကူးပါတယ်လို့ ပြောတော့ ဦးမာဒင်တို့-ဆရာဝန်ကြီးတို့ မူတင်ရမှာက သူ့ကိုယ်သူ ရဟန္တာဖြစ်ပြီလို့ ထင်နေတယ်(မှန်ပါ့) သူ့ကိုယ်သူ ရဟန္တာဖြစ်ပြီလို့ ထင်နေတယ်လို့ မှတ်ကြပါ။

ဒါနဲ့ ရှင်သာရိပုတ္တရာက ရဟန္တာ ဖြစ်မဖြစ်ကို စုံစမ်းတယ်၊ ငါ့ရှင်-ဆန္ဒပုစ္ဆာကခလးဘခု မေးလို့ရှိယင် မကျန်းမာပင်မကျန်း

မာငြားသော်လဲ ဖြေမှုအလုပ်ကို လုပ်နိုင်ပါ့မလားဆိုတော့ ဟာ-တပည့်တော်ဖြေနိုင်ပါတယ် ပုစ္ဆာတော့....(မှန်ပါ့ဘုရား)။

ဒါဖြင့်ကွာ.... မင်းသည်ကား... လို့ ဆိုယင်ဖြင့် မြင်စိတ်.... ခင်ဗျားတို့အတွက်ကို ဟောပြီ...(မှန်ပါ့ဘုရား)။

မြင်စိတ်ရှိတယ်၊ ကြားစိတ်ရှိတယ်၊ စားစိတ်ရှိတယ်၊ နံစိတ်ရှိတယ်၊ အဲဒါတွေများက္ခာ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့စဲ့သေးသလားတဲ့၊ အနတ္တာများမြင်ရဲ့လားလို့မေးတာ.... (မှန်ပါ့) ငါ့ကိုယ် ဆိုတာသည် တဏှာ၊ ငါ့ဟာ ဆိုတာသည် မာန၊ ငါ့ဥစ္စာဆိုတာသည်ဒိဋ္ဌိ....(မှန်ပါ့ဘုရား)။

မင်းသည် အနုငါပြောခဲ့တဲ့ စိတ်တွေကို မြင်စိတ်-ကြာ့းစိတ်၊ နံစိတ်၊ စားစိတ်၊ တွေးစိတ်၊ စိတ်ဟူသ၍ကို မင်းသည်ကားလို့ ဆိုယင် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာရယ်လို့ စဲ့သေးသလားတဲ့၊ မေးလို့က်တယ်...(မှန်ပါ့ဘုရား)။

မစဲ့ဘူး ဘုရားတဲ့၊ ဒါတွေမစဲ့ပါဘူးတဲ့ .... (မှန်ပါ့) မစဲ့ဘူးဆိုကတည်းက တကာတကာ့မဇ္ဈတွေ သိမှတ်ဘို့ရာက သူဒါကို ဖြစ်ပျက်တွေမြင်နေလို့....(မှန်ပါ့ဘုရား)။

နေစမ်းပါဦးကွာ၊ မစဲ့တာဒတော့ မင်းပြောလို့ သိရပါပြီဘယ်လိုမြင်လို့ မစဲ့ဘာတုံးတဲ့၊ မေးပြန်တယ် .... (မှန်လှုပါဘုရား)။

ဘယ်လိုမြင်လို့ မစဲ့တာတုံးလို့ မေးလိုက်တဲ့အခါ တပည့်တော်က မြင်စိတ်ကလေးကြည့်လိုက်ပြန်လဲ ချုပ်ပျောက်သွားပြီလို့ သိလိုက်ပါတယ်၊ ချုပ်ပျောက်သွားတာ သိလိုက်တယ်တဲ့.... (မှန်လှုပါဘုရား)။

ကြားစိတ်ကလေး ကြည့်လိုက်ပြန်လဲ ချုပ်ပျောက်သွားတာ သိလိုက်တယ်တဲ့၊ နံစိတ်ကြည့်လိုက်ပြန်လဲ ချုပ်ပျောက်သွားတာ သိလိုက်တယ်၊ စားစိတ်ကြည့်လိုက်ပြန်လဲ ချုပ်ပျောက်သွားတာ သိလိုက်တယ်၊ ကြံစိတ်၊ စည်စိတ်၊ တွေးစိတ်တွေ့ ကြည့်လိုက်ပြန်လဲ ချုပ်ပျောက် သွားတာချည်း မြင်တယ်တဲ့၊ ဒါကြောင့် တပည့်တော်က ဒီဟာတွေကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာရယ်လို့ တော်မမာသေးဟမသို့၊ ဒေသာမေအတ္တာဆိုတဲ့ အစဲသုံးလုံး တကျာမာန ဒိဋ္ဌိနဲ့ မစဲပါဘူးဘုရားတဲ့။

ရှင်သာရိပုတ္တရာ မြင်ပုံတာ့၊ အမှန်သားဘဲတဲ့.... (မှန်ပါ့) ဆရာဝန်ကြီး မြင်ပုံကတော့ မှန်နေပြီ....(မှန်ပါ့)ပျောက်ပျောက် သွားတာ မြင်တာကိုး....(မှန်ပါ့)ဒါကြောင့် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာတော့ သူမစဲပါဘူးတဲ့။

အဲဒါနောက်က တကာတကာမတွေ့လဲ ဒီအမြင်မှန်ကိုရအောင် ကြိုးစားရမယ်၊ မရှိဘူး၊မရှိဘူး၊ သိအောင်....(မှန်ပါ့) ဘယ်စိတ် မဆို မရှိဘူး၊ မရှိဘူးသိအောင်_ (မှန်ပါ့ဘုရား)။

အဲဒါနောက်က တကာတကာမတွေ့လဲ ဒီအမြင်မှန်ကိုရအောင် ကြိုးစားရမယ်၊ မရှိဘူး၊မရှိဘူး၊ သိအောင်....(မှန်ပါ့) ဘယ်စိတ် မဆို မရှိဘူး၊ မရှိဘူးသိအောင်_ (မှန်ပါ့ဘုရား)။

ပေါ်လာတဲ့ စိတ်ကိုကြည့်လိုက်၊ စိတ်တိုင်းလဲ ပေါ်တာကို ကြည့်ရမယ်၊ ကြည့်တိုင်းလဲ မရှိဘူးဆိုတာမြင်ရမယ်.... (မှန်ပါ့ဘုရား)။

စိတ်တိုင်းလဲပေါ်တာကြည့်ရမယ်၊ မရှိဘူးဆိုတာလဲသိရမယ်၊ အဲဒါအမြင်မှန်ဘဲ(မှန်ပါ့) အဲဒါအမြင်မှန်ဘဲဆိုတော့ ဒါစိတ္တာနုပဿနာကို ဟောသည်လို့မှတ်ရမယ်...(မှန်ပါ့ဘုရား)။

ဒါနဲ့...ရှင်သာရိပုတ္တရာကတော့ ဩော်.... အမြင်တော့မှန်တယ်၊ မှန်ပင်မှန်ငြားသော်လည်း သူပဌမဖြထားတာက သူဟာခါးနဲ့လည်ပင်းလှဲပြီး သေရငြားသော်လည်း နောက်ပဋိသန္ဓေစွဲကပ်စရာမရှိဘူးလို့ သူဖြထားတယ်၊ ဖြေပေမဲ့လဲ သူဟာက ဒါလောကုတ္တရာမဂ်အမြင်မဟုတ်သေးဘူးတဲ့၊ဝိပဿနာမဂ်အမြင်ဘဲ ရှိသေးတယ်....(မှန်လှပါ့ဘုရား)ရှင်သာရိပုတ္တရာက သိဘော်မူတယ်.... (မှန်ပါ့ဘုရား)။

အဲဒါမှတ်ကြပါ၊ ဝိပဿနာ မဂ်အမြင်ဟာ ဒီအမြင်ပါဘဲ၊ လောကုတ္တရာ မဂ်အမြင်က ဒီအမြင်မဟုတ်သေးပါဘူး....(မှန်ပါ့ဘုရား)။

ဒါအလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်မှာ တရားဟော ပေးနေတယ်၊ နှည်းပေးနေတယ်၊ သင်ပေးနေတယ်ဆိုတာ မှတ်ပါ .... (မှန်ပါ့ဘုရား)။

ဝိပဿနာ မဂ်အမြင်ကဖြင့် ဘယ်စိတ်ကြည့်လိုက် ကြည့်လိုက် ချုပ်ပျောက်သွားတာမြင်ဘို့ဘဲ.... (မှန်ပါ့)ဝေဒနာအားထုတ်တဲ့ ပုဂ္ဂိုလ်ကလဲ ဘယ်ဝေဒနာ ကြည့်လိုက် ကြည့်လိုက် ချုပ်ပျောက်သွားတာမြင်ဘို့ဘဲ....(မှန်ပါ့ဘုရား)။

ရုပ်တွေ ကြည့်လိုက်ပြန်လို့ ရှိယင်လဲ ထို့အတူဘဲ၊ ဏာယာနုပဿနာဘက်ကကြည့်လိုက်ပြန်လဲ ချုပ်ပျောက်သွားတာမြင်ဘို့ဘဲ....(မှန်ပါ့ဘုရား)။

ကြိုက်တာရှု-သတိပဋ္ဌာန် လေးပါးထဲက ကာယာနုပဿနာရှုလဲ ချုပ်ပျောက်သွားတာမြင်ဘို့ဘဲ၊ အဓရေးကြီးတယ်.... (မှန်လှပါဘုရား)။

ဝေဒနာနုပဿနာကြည့်ပြန်ကော.... (ချုပ်ပျောက်သွားတာမြင်ဘို့ပါဘဲဘုရား)စိတ္တာနုပဿနာကြည့်ပြန်ကော (ချုပ်ပျောက်သွားတာ မြင်ဘို့ပါဘဲဘုရား) ဓမ္မာနုပဿနာ ကြည့်ပြန်ကော.... (ချုပ်ပျောက်သွားဘာ မြင်ဘို့ပါဘဲဘုရား)။

ဒါကြောင့် သတိပဋ္ဌာန်လေးပါး တပါးပါးအားထုတ် အတူတူဘဲ၊ ကျန်တာတွေ အကုန်ပါတယ်ဆိုဘာဟာတာ....(မှန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အဲဒါ ကြိုးစားကြစမ်းပါ။ချုပ်ခပျောက် သွားတာ ကလေးတွေ မြင်အောင်.... (မှန်ပါ့)ဘာဖြစ်လို့ ကြိုးစားခိုင်းရသတုံးလို့ ဆရာသမားက ဘာဖြစ်လို့ တိုက်ဘန်းချက် နောက်ထပ် ဒါလောက်တောင် ပေးရသတုံးလို့ ခင်ဗျားတို့စိတ်ထဲမှာ သံသယရှိလို့ ရှိယင် ဒါအမြင်မှန်ဘို့ တခြားဟာမြင်နေယင် မမှန်ခသးဘူး....(မှန်ပါ့) ဒါအမြင်မှန်ဘို့ ဒါဆုံးဖြတ်ချက် ချပေးနေတယ် .... (မှန်ပါ့ဘုရား)။

ဒါနဲ့ ရှင်သာရိပုတ္တရာကတော့ သူကတော့ ရဟန္တာ ဖြစ်ပြီးသား ဖြစ်နေတော့ သြော်...ဆန္ဒဟာ အမြင်တော့ မှန်ပါရဲ့၊ ဝိပဿနာ မဂ်အမြင်ဘဲ ရှိသေးတယ်၊ လောကုတ္တရာ မဂ်အမြင်တော့ မရောက်သေးဘူးဆိုပြီး သိဘယ်....(မှန်ပါ့ဘုရား)။

သို့သော် လူမမာဆန္ဒကတော့ ဒီအမြင်သည်ပင်သူက လောကုတ္တရာ မဂ်အမြင်ထင်နေတယ်.... (မှန်ပါ့)ဒါကြောင့် သူ့ကိုယ်သူ ရဟန္တာဆိုပြီး ဖေါ်မပြော ငြားသော်လည်း အဓိပ္ပါယ်က အဲဒီရောက်နေတယ်၊ သူဟာနောက်ထပ် စွဲကပ်မှီစရာ ပဋိသန္ဓေ မရှိပါဘူးလို့ သူဖြေလိုက်တာကိုး... (မှန်ပါ့ဘုရား)။

ပဋိသန္ဓေ နေစရာ မရှိဘူးဆိုယင် ရဟန္တာမှ သောတာပန်ဆိုယင်ရှိသေးတယ်၊ သူကရဟန္တာအဖြေဖြေထားတယ်... (မှန်ပါ့ဘုရား)။

ဒါနဲ့ ရှင်သာရိပုတ္တရာက မင်းရဟန္တာ မဖြစ်သေးဘူးလို့ဘဲ လူမမာကိုပြောရမှာ ခဲယဉ်းတယ်၊ သူ့ညီရှင်စုန္ဒကလဲ အတူတူပါလာတာဖြစ်နေတော့ ရှင်စုန္ဒကသိတယ်၊ဒါရဟန္တာအမြင် မဟုတ်သေးဘူးတဲ့.... (မှန်ပါ့ဘုရား)။

ရှင်စုန္ဒကလဲငယ်ငယ်ကတည်းက ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်(မှန်ပါ့) ညံ့တဲ့ပုဂ္ဂိုလ်မဟုတ်ဘူး.... (မှန်ပါ့ဘုရား)။

ဒါနဲ့သူက ရှင်သာရိပုတ္တရာ စကားအရ အရှင် ဘုရားတဲ့ မြတ်စွာဘုရားသခင်၏ တပည့်သား မှန်သ၍ နှလုံးသွင်းတာက လေးတခု တပည့်တော် လျှောက်ထားပါရစေတဲ့။

လျှောက်ထားပေါ့လို့ ဆန္ဒကပြောတော့....

နိဿိတဿ စလိတံ၊ စလိတေ အနိဿိ တဿစလိတံ နတ္ထိ၊ စလိတေ အသတိ ပဿဒ္ဓိ ဟောတိ၊ ပဿဒ္ဓိယာ သတိ နတိနဟောတိ၊ နတိယာ အသတိအာဂတိ ဂတိ နဟောတိ၊ အာဂတိဂတိယာ အသတိ စုတူပပါတော နဟောတိ၊ စုတူပပါတော အသတိနေ ဝိဓနတုရံ နဥဘယ မန္တရေန ဧသေဝန္တောဒုက္ခဿာတိ။

ဒါဟာသာဝကမျှား နှလုံးသွင်းတာပါဘုရား ဆိုပြီးဒီတရား ကလေးဟောပြီးတော့ သူတို့ညီအစ်ကို ပြန်သွားကြတယ်၊ ဘုရား ဆီ သွားကြတယ်....(မှန်ပါဘုရား)။

အဲဒီတော့ကို ဒီတကာတကာမတွေ့ မှတ်ဘို့ရာက နိသိတသမ စလိတံ၊ နိသိတသ၊ မိမိခန္ဓာဌ်ဌင်း၊ သူတပါးခန္ဓာဌ်ဌင်း၊ တဏှာ မာနဒိဋ္ဌိနဲ့မှီနေသေးသောပုဂ္ဂိုလ်အား (ဆက်သွယ် နေသေးသော ပုဂ္ဂိုလ်အား) စလိတံ၊အကြောင်းရှိသည်ရှိသော် လှုပ်သည်၊ဟော တိ၊ ဖြစ်၏။ တဏှာနဲ့ ခင်နေမယ်၊ ဒီခန္ဓာငါးပါးကို.... (မှန်ပါ ဘုရား)။

တဏှာနဲ့မှီနေမယ်၊ မာနနဲ့ခန္ဓာ အမှီပြုပြီး တက်ကြွနေမယ်၊ ခန္ဓာနဲ့ဆက်စပ်နေမယ်ပေါ့လေ....(မှန်ပါ)ဒီဌိကလဲ ဒီခန္ဓာကြီးကို ငါဟာလို့ ငါလို့ ထင်နေမယ် ဆိုလို့ရှိယင် ဖြင့်တဲ့ ဒီခန္ဓာကြီးမှာ ဝေဒနာရောက်တဲ့အခါမှာဟဲ့ လှုပ်လာတာဘဲ.... (မှန်ပါ) မှီနေ ယင် လှုပ်တယ်...(မှန်ပါဘုရား)။

မှီနေယင်.... (လှုပ်ပါတယ်ဘုရား)ရှင်းပြီနော်.... (ရှင်းပါပြီ ဘုရား)။

မနေ့ကပြောခဲ့ပါတယ်၊ဒီတရားအစကို.... (မှန်ပါ)ဒီကနေ့ပြီး ဟသ်္ဌတမှာရှိတဲ့ ဆွေတော်မျိုးတော်တို့ကို ဘုန်းကြီးတို့ တကာတကာ မတွေ့က ဒို့လွတ်ရာကျတ်ရာလာပြီး သကာလ သူတော်ကောင်း ဟရား ကြိုးစားနေပါတယ်၊ ဆိုငြားသော်လည်း သူတို့ကို ငါမှီ တယ် မှီမှီတယ် သိချင်လို့ရှိယင် ဟိုက သတင်းကို နားထောင် ကြည့်ပါ....(မှန်ပါဘုရား)။

ကျန်းမာတဲ့သတင်း ကြားလို့ရှိယင်လဲ ဝမ်းမြောက် သော လှုပ်ခြင်းလှုပ်ပါတယ်....(မှန်လှုပါ) မကျန်းမာဘူး သတဲ့ကြား ယင်လဲ စိုးရိမ်သော လှုပ်ခြင်း လှုပ်ပါတယ်၊ မလှုပ်ဘူးလား ... (လှုပ်ပါတယ်ဘုရား)။

ဒါဘယ့်နှယ်ကြောင့် လှုပ်ပါလိမ့်မတုံးလို့ ဦးမာဒင်မေးယင် ဘယ့်နှယ်ဖြေပါ့မတုံး ... (တဏှာနဲ့ မှီနေသော ကြောင့် ပါဘုရား)။

နို့....လူကတော့ တခြားစီပါလား .... (တခြားစီပါဘုရား) အားရုံအာရမ္မဏိက ဆက်နေတယ်....(မှန်ပါ့) ဟိုက အာရုံနဲ့ ဒီက အာရမ္မဏိက စိတ်နဲ့တဏှာမာန ဒိဋ္ဌိသွားဆက်နေတယ် (မှန်မှ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဩော်... ခင်ဗျားတို့ ဒီလာနေကြတာနော်၊ အကြောင်းရှိယင် လှုပ်သေးသကိုးလို့ ဆရာသမားက ပြောလို့ရှိယင် ခင်ဗျားတို့က ငြင်းဘို့မလိုဘူး....(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ငြင်းဘို့မလို သတုံးလို့ မေးတဲ့ အခါ ကျွန်တော့ ဝမ်းမြောက်စရာ စာကလေးတစောင်လာလဲ ဝမ်းမြောက်နေတာ ဘဲ.... (မှန်ပါ့) ဝမ်းနည်းစရာ စာကလေး တစောင်လာလဲ ... (ဝမ်းနည်းပါတယ်ဘုရား)။

ဟာ... ဦးမာဒင် ဘာဖြစ်တာတုံးဆိုယင် အို ...သူတို့နဲ့ တပည့် တော်မှီနေတာ.... (မှန်လှုပါဘုရား)ကိုယ့်တဏှာမာန ဒိဋ္ဌိသူတို့နဲ့ မှီနေတယ်ဘုရား၊ ဒါကြောင့် သူတို့က အလှုပ်ခိုင်းယင် လှုပ်တယ် (မှန်ပါ့)သူတို့က ငြိမ်ခိုင်းယင်.... (ငြိမ်ပါတယ်ဘုရား)။

ခင်ဗျားတို့ သူတပါးဩဇာခံ ဖြစ်နေပါပေါ့လား။ ဝေးနေပေမဲ့....(မှန်ပါ့)မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါ ဘယ်နှယ်ကြောင့် ခင်ဗျားတို့ သူတပါး ဩဇာခံ ဖြစ်နေရသတုံး၊ ကိုယ်ကသွားသွားမှီတယ်...(မှန်ပါ့) မှီတော့သူတို့က လှုပ်ချင်ယင်လှုပ်တယ်၊ သူတို့ကအပြုံးခိုင်းလိုက်ယင်.... (ပြုံးပါတယ်ဘုရား)။

သူတို့က အမဲ့ခိုင်းလိုက်ယင် .... (မဲ့ပါတယ်ဘုရား) ဟ.... ဘာဖြစ်နေတာတုံး၊ ဒီဦးမာဒင်ကြီးက မကြိုးမငယ်နဲ့ဆိုလို့ရှိယင် (မှီနေလို့ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် ဆန္ဒမှာလဲ သူခန္ဓာဥာဏ် မဆောက်လာတော့လုပ်ဘယ်....(မှန်ပါ့)သင်ခုန်းနဲ့သတ်ပြီး ငသပါတော့မယ်၊ ခန္ဓာကြီးကို ဝေဒနာနှိပ်စက်နေတာ မကြည့်နိုင်ဘူး၊ မကြည့်နိုင်တော့ဒီဦနဲ့ဘဲမှီနေတယ်၊ တဏှာနဲ့ကော.... (မှီပါတယ်ဘုရား)။

မာနနဲ့ကော....(မှီပါတယ်ဘုရား) အဲ....မှီနေလို့ ဆန္ဒမထေရ်လှုပ်တာ....(မှန်ပါ့) ဒါကြောင့် စုန္ဒကဝင်ပြီး ကြားဖြတ် တရားဟောရတယ်....(မှန်ပါ့)ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့မမှီဃင်....(မလှုပ်ပါဘုရား) မမှီယင်မလှုပ်ဘူး၊ ခင်ဗျားတို့ကိုယ်တိုင်က အတော်ဆိုးတဲ့လူတွေ့ အပြစ်တင်ရမယ်၊ ဟင်....(မှန်ပါ့ဘုရား)။

ဘယ်နှယ်မျှား နေကြသတုံး မေးချင်မေးလိမ့်မယ် _ (မှန်ပါ့) ဘယ်နှယ်မျှားနေကြသတုံးဟေ့၊ အဆောင်းအဝယ်ဘယ်နှယ်နေသတုံး၊ အစားအသောက် ဘယ်နှယ်နေသတုံး၊ ကျန်းမာရေး

ဘယ့်နှယ်နေသတုံး၊ ဒီကနေပြီး သကာလ လှမ်းမေးချင်တယ်.... (မှန်လှုပါဘုရား)။

ဘာဖြစ်လို့ မေးတာတုံးလို့ ဆရာဘုန်းကြီးကမေးယင် ဘယ့်နှယ်ဖြေပါ့မလဲ လှုပ်လို့....(မှန်ပါလှုပ်လို့ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဟိုကငြိမ်ငြိမ်နေတာတောင် ကိုယ်က လှုပ်ရှားရစေထဲက....(မှန်ပါ့)အခုတော်ဆိုးနေဘာ.... (မှန်ပါ့) ကိုက ငြိမ်ငြိမ်နေတာခုတောင် ကိုယ်ကလှုပ်ပါရစေဆဲက၊ သွားမျှားကြည့်လိုက်ချင်သေးတယ်း နေ့ခြင်းပြန်ရယင်....(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ တုန်းဆိုတော့ လှုပ်ချင်လို့....(မှန်ပါ့)ဒါကြောင့် ဟိုတကာမကြီးတွေ ပြန်ပြေးတာဟာ လှုပ်ပြန်တာ .... (မှန်ပါ့) ငြိမ်ချင်လို့ပြန်တာလား၊ လှုပ်ချင်လို့ပြန်တာလား... (လှုပ်ချင်လို့ပါဘုရား)။

သြော်.... လှုပ်တယ်ဆိုတဲ့ ဥစ္စာသည် ခင်ဗျားတို့သည် မငြိမ်မဆိမ်ဖြစ်နေတာဘဲ....(မှန်ပါ့) ဒီပုထုဇဉ်ကလဲ မငြိမ်မဆိမ်ကိုပင်လျှင် ပြောင်းပြန်ဖြတ်ပြီးတော့ သညာ ဝိပ္ပလ္လာသနဲ့ မကြားရယင် မကောင်းဘူးလား....(မှန်ပါ့ဘုရား)။

ကြားရမှ ကောင်းတယ်ဆိုဟော့ လှုပ်တာမှ သူတို့ ကြိုက်နေတယ်... (မှန်ပါ့)ဘယ့်နှယ်နေသတုံး....(လှုပ်ဘာမှကြိုက်နေပါတယ်ဘုန်း)ငြိမ်ငြိမ်နေယင်.... (မကြိုက်ပါဘုရား)။

ဒါးကြောင့် ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ခန္ဓာကိုယ်ကြီးကို စလိတောလို့ သူဟောတယ်....(မှန်ပါ့)တုန်လှုပ်တတ်တဲ့

သတ္တိသဘောရှိတယ်... (မှန်ပါ့) တောလေးဆယ် မလာဘူးလား (လာပါတယ်ဘုရား)။

ခန္ဓာကိုယ်ကြီးမှာ ဘယ်သဘောသတ္တိရှိသတုံး၊ တုန်လှုပ်ဘတ်တဲ့ သတ္တိသဘောရှိဘယ်.... (မှန်ပါ့)စလတောကိုး၊ စလဆိုတာ တုန်လှုပ်ခြင်း... (မှန်ပါ့ဘုရား)။

ဩဘဲ.... ခင်ဗျားတို့ ငိပ္ပလ္လာသသိပ်ခက်ပါကလား၊ ဣန္ဒြေရရကို မကြိုက်ဘူး....(မှန်ပါ့ဘုရား)။

ဆရာငန်ကြီး ဣန္ဒြေရရဆိုယင်.... (မကြိုက်ပါဘုရား) လှုပ်နေရယင် (လှုပ်နေရမှကြိုက်ပါတယ်ဘုရား) ခက်နေပြီ၊မောင်ချစ်စိန်ကဘယ်လိုမှ ကြိုက်သတုံး .. (လှုပ်နေယင် ကြိုက်ပါတယ်ဘုရား)။

လှုပ်နေရမှဆိုတော့ မျက်ရည်တလှည့်၊ အပြုံးတလှည့် ဒါကို ခင်ဗျားတို့ကကြိုက်တယ်... (မှန်ပါ့ဘုရား)။

တကာမကြီးတွေ ဘာများကြိုက်နေကြတုံး.... (မျက်ရည်တလှည့် အပြုံးတလှည့်မှ ကြိုက်ပါတယ်ဘုရား)ဖြစ်မှ ဖြစ်ရလေဗျာ မျက်ရည်ဟာလဲ ငိုခြင်းတမျိုးဘဲ... (မှန်ပါ့ဘုရား)။

ဒေါသနဲ့ငိုတာတမျိုး၊ပြုံးပြီးငိုတာတမျိုးဆိုပြီး၊ မိလိန္ဒပဥာက ရယ်ဘာလဲ ငိုတာဘဲတဲ့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က ပင်ကိုယ်ကြိုက်ပေါ့လေ တချို့ .... (မှန်ပါ့) ပင်ကိုယ်ကြိုက်ဖြစ်ပြီး သကာလ နေတဲ့ အဖြစ်ဟာ တော်တော် အဖြစ်ဆိုးဘဲလို့ ဘုန်းကြီးတို့ တကာတကာမတွေ မှတ်ရမယ် .... (မှန်ပါ့ဘုရား)။

ဒါကြောင့် မနေ့က ခင်ဗျားတို့ ရထားတဲ့ မင်္ဂလ သုတ်ကို ရွတ်လိုက်ဘယ်၊ ဖုံဌဿ လောကဓ ဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ၊

လောကဓံတရားတို့နှင့် ဖတ္ထကြုံသော ပုဂ္ဂိုလ်၏စိတ်သည် မလှုပ်ဘူးတဲ့၊ အာသဝေါ ကုန်တဲ့ပုဂ္ဂိုလ် မလှုပ်ဘူးတဲ့ .... (မှန်ပါ့) လောကကြီးမှာ ပြုံးစရာတွေလဲ မပြုံးဘူးတဲ့၊ မဲ့စရာတွေလဲ .... (မ,မဲ့ပါဘုရား)။

ခင်ဗျားတို့ကတော့ ဟေ့.... သေအတူ ရှင်အတူပေါ့ဆိုတာ ဘာဝတုံး၊ပြုံးစရာရှိလဲအတူတူ ပြုံးရအောင် (မှန်ပါ့)မဲ့စရာရှိရှိလဲ (အတူတူမဲ့ရအောင်ပါဘုရား)။

အတူတူမဲ့မယ်လို့ဆိုတော့ ခင်ဗျားတို့က ပြုံးချင်မဲ့ချင်နေတာ....(မှန်ပါ့)ဘယ့်နှယ်ဆိုကြမယ်.... (ပြုံးချင်မဲ့ချင်နေတာပါဘုရား)။

ဖြစ်မှဖြစ်ရလေဗျာ၊ ပြုံးဘာလဲ မိသိန္ဒပဥ္စာက ငိုဘာတဲ့ .... (မှုန်လှုပါဘုရား)မဲ့တာကော....(ငိုတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သောကပရိဒေဝါနံ သမ္မတိက္ကာ မာယတဲ့၊ သတိပဋ္ဌာန်က သောကပရိဒေဝ လွန်မြောက်အောင် သတိပဋ္ဌာန် လုပ်ပါကွ၊ ဒါတွေဟာ ခင်ဗျားတို့ ကြိုက်နေတဲ့ အလုပ်ဘဲ.... (မှန်ပါ့ဘုရား)။

ဒါကြောင့် သတိပဋ္ဌာန် ငါဟောတယ်တဲ့....(မှန်ပါ့)သောကပရိဒေဝ လွန်မြောက်အောင် လုပ်ကြ စမ်းပါ၊ နို့-မဟုတ်ယင် မင်းတို့ ဒါနဲ့လမ်းဆုံးနေမယ်တဲ့....(မှန်ပါ့)ပြုံးတယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်ဆက်တာ... (မှန်ပါ့ဘုရား)။

ပြုံးတာဟာ တဏှာ၊ သားကလေး သမီး ကလေး တွေက ပျော်ပျော်ရွှင်ရွှင်နဲ့ စားကြသောက်ကြတယ်၊ ကျန်းကျန်းမာမာ

နဲ့ နေကြတယ်၊ အိမ်သူအိမ်သားတွေက နေကြပြီဆိုမှဖြင့် ပြုံး တဲ့တဏှာ....(မှန်ပါ့ဘုရား)။

ဥပါဒါန် ကံ-ဇာတိဇရာမရဏ မလားဘူးလား .... (လားပါ တယ်ဘုရား)ဒါမှလဲခင်ဗျားတို့ကကြိုက်တယ်.... (မှန်ပါ့) ဆရာ ဝန်ကြီးတို့က ဆိုးဝါးပုံက....(မှန်ပါ့ဘုရား)။

ပြုံးတယ်... ပြုံးတယ်ဆိုတာ တဏှာဘဲ၊ သဘောကျပလား.... (ကျပါပြီ) တဏှာလာယင် .. (ဥပါဒါန်က လာပါတယ်ဘုရား) ဥပါဒါန်လာယင် ကံ....(လာပါတယ်ဘုရား) ကံလာယင် ဇာတိ ဇရာ မရဏက... (လာပါတယ်ဘုရား)။

အဲဒီလို ခင်ဗျားတို့- တပည့်တော်တို့- အိုရ, နာရ, သေရမှာ ကြောက်ပါတယ်ဆိုပြောသော်လဲ အပြုံးတော့ကြိုက်တယ်... (မှန် လှပါ) အပြုံးကြိုက်ယင် အိုသေက မလွတ်ဘူး(မှန်ပါ့) သဘော ကျပလား....(ကျပါပြီ) အပြုံးကြိုက်ယင်....(အိုခြင်းသေမလွတ်တာ ကြိုက်ပါတယ်ဘုရား)။

သို့သော်...ဦးမာဒင်- အပြုံးကြိုက်သလားလို့မေးယင် ဘယ် နှယ်ပြောမယ်....(ကြိုက်ပါတယ်ဘုရား-ပြောရမှာပါဘဲ) ဒါဖြင့် အိုသေကို ခင်ဗျားယူဦးမယ်....(မှန်လှပါဘုရား) အိုသေဘဲ ယူ ရုံဘဲ၊ အပြုံးကြိုက်သကိုး....(မှန်ပါ့ဘုရား)

တပည့်တော်တို့က စိတ်ချမ်းသာ လက်ချမ်းသာ နေချင်တယ် ဘုရား....တဲ့၊ ခင်ဗျားတို့ချမ်းသာက နိဗ္ဗာန်ချမ်းသာမဟုတ်ဘူးတဲ့၊ သောမနဿချမ်းသာကိုဆိုတာ....(မှန်ပါ့) တကယ် ငြိမ်သက်တဲ့ ချမ်းသာကို လိုချင်တာမဟုတ်ဘူး....(မှန်ပါ့ဘုရား)။

သန္တိလက္ခဏ နိရောဓသစ္စ=ငြိမ်သက်တဲ့ချမ်းသာကို ခင်ဗျား တို့က မကြိုက်ဘူး၊ အပြုံးချမ်းသာကိုကြိုက်တယ်...(မှန်လှပါ) အပြုံးချမ်းသာကြိုက်ချင်လို့ရှိယင် ဟောဒါကချမ်းသာ၊ ဟောဒါက အမဲ့ဘဲ....(မှန်ပါ့ဘုရား)။

ဇာတိ ဇရာ မရဏက....(အမဲ့ပါဘုရား) ပဋ္ဌမကတော့ ချမ်းသာတယ်၊ နောက်တော့ မဲ့တယ်၊ မမဲ့ရဘူးလား....(မဲ့ရပါတယ်ဘုရား)။

တဏှာပြီး ဥပါဒါန်- ဇာတိ ဇရာ မရဏ လာရမှာကိုး....(မှန်ပါ့) ဇာတိ ဇရာ မရဏကျတော့ ခင်ဗျားတို့မဲ့လုံးဟာ ရပ်ဆိုင်းလို့ရရဲ့လား....(မရပါဘုရား) ဘာဖြစ်လို့တုံး-ပြုံးမိလို့....(မှန်ပါ့ဘုရား)။

တဏှာနဲ့ပြုံးမိလို့ မဲ့ရတာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အပြုံးကို အရိယာပုဂ္ဂိုလ်များ မကြိုက်တာသည် ဒီအမဲ့လာမှာစိုးလို့ အပြုံးပါ ပယ်ချတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အပြုံးကို အရိယာပုဂ္ဂိုလ်များသည် မတုန်လှုပ်ဘူး၊ ပြုံးစရာရှိလဲ မပြုံးဘူး၊ လောကကြီးကိစ္စတွေနဲ့ တွေ့လို့ရှိယင် ပြုံးစရာရှိလဲ မပြုံးဘူးဆိုတာ ဒီအမဲ့ပါ သတ်ပြီးသားဖြစ်နေလို့....(မှန်လှပါဘုရား)။

အမဲ့ရော-အပြုံးရော သတ်ပစ်လိုက်တယ်....(မှန်လှပါဘုရား) ဒါမှ ငြိမ်းအေးတဲ့ချမ်းသာ....(မှန်ပါ့) နိဗ္ဗာန်က ငြိမ်းအေးတဲ့

ချမ်းသာ၊ ပုထုဇဉ်တို့ကတော့ ပြုံးပြီးတော့မှ ပြန်ပြီး မဲ့တာ ကြိုက်ကြတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သြော်... နိဗ္ဗာန်စစ်စစ် ချမ်းသာစစ်ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောသလောက် ပြောရ ဆိုရတော့မယ် ဆိုလို့ ရှိယင် တခါတလေ မဟော်ချင်ဘူး....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဒီအပြုံးကြိုက်ယင် ဒါရှာရတော့မယ်ဆိုတာလဲ ဘုရားက သိတော်မူတယ်....(မှန်ပါ့) ခင်ဗျားတို့ကလဲ ဒီအပြုံးကို လှတ်ပါဆိုတော့ မလှတ်ချင်ဘူး....(မှန်ပါ့ဘုရား)။

ဒီအမဲ့ကို မယူပါနဲ့ဆိုတော့လဲ မလှတ်ချင်တဲ့ ပုဂ္ဂိုလ်က ယူရုံဘဲရှိတယ်မဟုတ်ဘူးလား....(မှန်လှပါဘုရား) မလှတ်ချင်တဲ့ ပုဂ္ဂိုလ်က....(ယူရုံဘဲရှိပါတယ်ဘုရား)။

အဲဒီကျပြန်တော့လဲ ခင်ဗျားတို့က ဖြစ်မှ ဖြစ်ရလေခြင်း.... လာပြီ ခင်ဗျားတို့....(မှန်ပါ့) ဒီလို ဖြစ်လိမ့်မယ် မထင်ဘူး....တဲ့၊ ဟာ....ဒီက စလို့ ဒီလိုဖြစ်တာ၊ ရိပ်မိပလား....(ရိပ်မိပါပြီ)အပြုံးစမိတာနဲ့ အမဲ့ဇာတ်သိမ်းရတယ်...(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမယ်...(အပြုံးစမိတာနဲ့ အမဲ့ဇာတ်သိမ်းရပါတယ်ဘုရား)။

နို့....အပြုံးမစမိလို့ရှိယင် အမဲ့ဇာတ်သိမ်းဘို့ လိုသေးသလား....(မလိုပါဘုရား) ဒါကို ခင်ဗျားတို့က စာတတန့်, ပေတတန့်မျှား မေးရသေးတယ်...(မှန်ပါ့ဘုရား)။

ဆရာဝန်ကြီးတို့ ဘယ့်နှယ်တုံး၊ စာတတန့်, ပေတတန့်နဲ့ ပြုံးချင်လို့ မေးရတဲ့အခါမျှား မပါဘူးလား...(ပါ၊ပါတယ်ဘုရား) ဘာဖြစ်လို့တုံး....(မပြတ်ချင်လို့ပါဘုရား)။

အဲ့ဒီကျအောင်သိမှ ဒါကပဋိစ္စသမုပ္ပါဒ်ပေါ်တာ... (မှန်ပါ့) ဒီ့အပြင် တရားက မပေါ်ဘူး....(မှန်လှပါ) ဒီ့အပြင်တရားက ဒီကြားပြတ်နေတယ်... (မှန်ပါ့ဘုရား)။

ဒီကြားမှာပြတ်ပြီးတော့ သြော်... ခင်ဗျားဘဲ ကောင်းလို့ ပြုံးတယ်၊ ကံကောင်းလို့ ခင်ဗျား ဒီနားတွင် ပြုံးရတယ် ထင်နေတာ....(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကတော့ ဒီလိုမဟုတ်ဘူး၊ ဟောဒါ ပြုံးတာဘဲကွ... ပြုံးတာ စဲလမ်းတာဘဲကွ၊ ဟောဒါ အပြုံးကြီးတော့ အားထုတ်တဲ့ကံဘဲကွ၊ ဟောဒါ မဲ့ရတော့မယ်ကွ၊ သူက သုံးကျိုးဆက်မေးတယ်....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီအထဲမှာ ခင်ဗျားတို့အိမ်ထောင်လဲ တည်ထောင်ပြီးကြတဲ့ပုဂ္ဂိုလ်တွေ၊ ဆွေမျိုးညာတကာတွေနဲ့လဲ ခွဲဘူးကြတဲ့ပုဂ္ဂိုလ်တွေ အကုန်တတန်းတည်းဘဲ....(မှန်ပါ့ဘုရား)။

ပြုံးဘူးတဲ့ပုဂ္ဂိုလ်ချည့်ဘဲ....(မှန်ပါ့) မဲ့ဘူးတဲ့ပုဂ္ဂိုလ်တွေဘဲ၊ မမဲ့သေးတဲ့ပုဂ္ဂိုလ်များ ပါသေးသလားမေးယင် ဘယ်နှယ် ဖြေကြမလဲ... (မပါ-ပါဘုရား)။

မပါတော့ဘူး....(မှန်ပါ့) ဖြစ်မှ ဖြစ်ရပလေ၊ ကျတ်ထိုးနေရတာနဲ့၊ ရင်ထုနေရတာနဲ့၊ အိပ်မပျော်ရတာနဲ့၊ အစားမဝင်ရတာနဲ့ ဆရာဝန်ကြီး....(မှန်လှပါဘုရား) အပြုံးကို သူတို့ကကြိုးစားထားတာကိုး....(မှန်ပါ့) အပြုံးကို ကြိုးစားထားတယ်၊ တကယ်နဲ့ခင်ထားတယ်....(မှန်ပါ့) နောက်ကျတော့ ဇာတိ ဇရာမရဏကျတော့ ငိုရတယ်....(မှန်ပါ့) ရှင်းကြပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အပြုံးဇာတ်သိမ်းမှု အမဲ့ပါသွားမယ်.... (မှန်ပါ့) ကျေနပ်ပလား....(ကျေနပ်ပါပြီ) ကောင်းပြီ.... အခု ကျေနပ်တာ အပိုဘဲ၊ အခုကျေနပ်တာ အပိုဘဲ... (မှန်လှပါဘုရား)။

အပြုံး ဘယ်က လာသတုံးဆိုတဲ့ ဥစ္စာကို ခင်ဗျားတို့ ရှာရလိမ့်မယ်....(မှန်လှပါ) မရှာယင် တော်ပါ့မှလား... (မတော်ပါဘုရား)။

အဲဒါ ရှာပေးပါ့မယ်... တဲ့၊ ကဲ...ဒါဖြင့် ပြုံးချင်တဲ့ပုဂ္ဂိုလ်ဟာ မဲ့ချင်လို့ဘဲ၊ ခကောင်ကလေး အူရှင်တာ ငိုချင်လို့ဘဲလား ဆိုတာ ဒီကလောတာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားဟို့လူကြီးတွေဆုံးမတာ ကောင်ကလေး အူရှင်တယ်-(ငိုချင်လို့ပါဘုရား) အခုကော့ ကိုယ်တွေ့....(မှန်ပါ့) သဘော ပါပလား....(ပါ-ပါပြီဘုရား)။

ခင်ဗျားတို့ အိမ်ထောင် တည်ထောင်ကာစက အပြုံးနဲ့ လာခဲ့ပါတယ်....(မှန်ပါ့)အခုဘယ်အခြေအနေ ဆိုက်နေကြသတုံးလို့ မေးပါ....(မှန်ပါ့ဘုရား)။

အဖွားကြီးအတွက် အဖိုးကြီးက စိတ်မချနိုင်၊ အဖိုးကြီးက အဖွားကြီးအတွက်....(စိတ်မချနိုင်ပါဘုရား)။

ဟာ... လူကြီးချင်းစိတ်မချတာ ကိစ္စမရှိဘူး၊ မွေးဖွားထားတာ ကလေးတွေ့- ထော်လော်ကန့်လန့်တွေနဲ့ ဘယ်နှယ်တုံး.... (စိတ်မချပါဘုရား)။

စိတ်မချဘူး....အိပ်ယာထဲ အသက်ရှူတာတောင် ရိုးရိုး ရှူရဲ့လား.... (မရှူပါဘုရား) သက်ပြင်းချရှူတယ်.... (မှန်ပါ့ဘုရား)။

ဒါလောက်ထိအောင် ခင်ဗျားတို့ မဲ့ဇာတ်က ကြီးနေတယ် (ကြီးနေပါတယ်ဘုရား) မကြီးဘူးလား....(ကြီးပါတယ်ဘုရား) ဟယ်ကလာတာတုံးဗျ....(ပြုံးနူးကလာပါတယ်ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒီမှာကြည့်လေ သူ့ပဋိစ္စသမုပ္ပါဒ်ကို ခင်ဗျားတို့ဉာဏ်နဲ့ မဖြတ်သရှိကာလပတ်လုံး ဒီအပြုံးသည် ဒီအမဲ့သွားမှာဘဲ.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အပြုံးသည်....(အမဲ့သွားမှာပါဘုရား) အမဲ့သွားမယ်.... ခန္ဓာဆုတောင်းတုံးက ပြုံးတယ်၊ ခန္ဓာရဘော့ မဲ့ရတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာဆုတောင်းတုံးကတော့....(ပြုံးပါတယ်ဘုရား) နောက် ခန္ဓာရတဲ့အခါကျတော့၊ အိုရ, နာရ, သေရတဲ့အခါကျတော့ ဘယ်နှယ်တုံး....(မဲ့ရပါတယ်ဘုရား)။

ဒါပေမဲ့ ခင်ဗျားတို့ကလဲ ဒီလိုအခြောင်းကို မဆက်တတ်တော့ကို အပြုံးတွင် ဇာတ်သိမ်းတယ်ထင်နေတာ....(မှန်ပါ့) အပြုံးဟာ ဘယ်တော့မှ သူ့နေရာမှာ သိမ်းတယ်လို့ ထုံးစံမရှိဘူး....(မှန်ပါ့ဘုရား)။

အပြုံးက တဏှာအပြုံးကိုးဗျ....(မှန်ပါ့) တဏှာက ဥပါဒါန်ကံ ဇာတိ ဇရာ မရဏ....(မှန်ပါ့) ဒီမရောက်ဘဲနဲ့ ဆရာ

ဝန်ကြီး-ဇာတ်သိမ်းပါ့မလား .. (မသိမ်းပါဘုရား) ရှင်းကြမလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးကပြောတယ်၊ အမြတ်တော်ဝန်ထောက်၊ အမြတ်တော်မင်းကြီး, အမြတ်တော် အရေးပိုင်ဆီလားတဲ့ လူဟာ လူမဲ့ချည့်လားတယ်၊ ကျွန်တော် မရှိပါဘူးချည့် အဆိုသွင်းနေကြတာဘဲ၊ လူမဲ့ချည့်လားတယ်....(မှန်ပါ့) ရှိတဲ့လူကလဲ မဲ့အောင် လုပ်ပြီးလားတာဘဲ....(မှန်ပါ့ဘုရား)။

ဒါကြောင့်.... အမြတ်တော်ရုံး ရောက်တဲ့ လူပေါင်းဟူသ၍ အမြတ်တော်ရုံးက ဒို့ဆီလာယင် လူမဲ့ချည့်ဘဲတဲ့ .. (မှန်ပါ့) ဘာဖြစ်လို့တုံး၊ ရောအောင်လုပ်ကြမှာကိုး .. (မှန်ပါ့ဘုရား)။

ဒီမှာလဲ ဘုန်းကြီးတို့ဆီရောက်လာတဲ့ဥစ္စာ အမဲသမားကြီး ရောက်လာတယ်....(မှန်ပါ့) အပြုံးသမားဆိုယင် မရောက်သေးဘူး....(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

အပြုံးသမားဆိုယင်... (မရောက်သေးပါဘုရား) မရောက်သေးဘူး၊ ငယ်သေးတာဘဲဆိုပြီး နေသေးတာဘဲ....(မှန်ပါ့) တော်တော်မဲ့လို့ကို ရဲ့လာပြီဆိုမှဘဲ ရောက်တော့တာဘဲဆိုတာ ဆရာဝန်ကြီး-ရိပ်မိပလား...(ရိပ်မိပါပြီဘုရား) အမြတ်တော်ရုံးနဲ့ မဘူဘူးလားဗျာ .. (တူပါဘယ်ဘုရား)။

အမြတ်တော်ရုံးက ဒို့ရုံးလာယင် အမဲချည့်လာတာဘဲကွတဲ့၊ ဟိုအိုမ်ရှိတာမရှိတာတော့ သူတို့မခြောဘူးလေ....(မှန်ပါ့) ဒီရုံးလာလို့ရှိယင် လျှောဘို့နဲ့ ပေါ့ဘို့ဘဲ၊ ဒီနှစ် အရောင်းအဝယ် မဖြောင့်တာဘဲ....(မှန်ပါ့) ဒီလိုချည့်အစီရင်ခံကြတာဘဲ(မှန်ပါ့ဘုရား)။

ဒီမှာလဲ ဘုန်းကြီးတို့ဆီ ရောက်လာတယ်ဆိုယင် ဘယ်လို လူတွေတုံး မေးလို့ရှိယင် ရိပ်မိပလား ...(ရိပ်မိပါပြီ)ဟာ....အမဲ့ကို ကန်းကုန်ပြီဆိုခဲတာ့မှ ဒီအမဲ့ကလေး ဇာတ်သိမ်းပေးပါဦး.... (မှန်ပါ့) အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

အဲဒီတော့ ဒါက ပဋိစ္စသမုပ္ပါဒ် ဓမ္မနိယာမဘဲ ဆရာဝန်ကြီး-ဓမ္မနိယာမ....(မှန်ပါ့) ဓမ္မ=ဆိုတာ တရား၊ နိယာမ=ဆိုတာ အမြဲ၊ ဒီဟာ မြဲတယ်၊ ဒီအပြုံးရှိယင် ဒီအမဲ့ဟာ မြဲရမယ်.... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒီအပြုံးရှိယင်...(ဒီအမဲ့ဟာ မြဲပါတယ်ဘုရား) ဒီအမဲ့ဟာ မြဲရမယ်ဆိုဘာ သေချာပလား....(သေချာပါပြီဘုရား)။

မြို့ထဲမှာ ရှောက်ကြည့်ပါ ဆရာဝန်ကြီးတို့- ဦးမာဒင်တို့-ရှောက်ကြည့်၊ ဟိုအိမ်ကြည့်လိုက်ပြန်တော့လဲ ခလေးတွေကပြုံးလို့-လူကြီးတွေက မဲ့လို့ဘဲ....(မှန်ပါ့)ဘယ်အိမ်ကြည့်ကြည့် ဘယ်နှယ်တွေကြသလဲ.... (ခခလေးတွေကပြုံးလို့- လူကြီးတွေက မဲ့လို့ပါဘုရား)။

မဲ့တာ မမဲ့တာကို ခင်ဗျားတို့လူကြီးတွေက ထုတ်ဖော်ပြောဘယ်၊ ခခလေးတွေ ဘာမှမသိဘူး-ဘဲ့...(မှန်ပါ့) မပြောကြဘူးလား...(ပြောပါတယ်ဘုရား)။

ခလေးတွေက ပျော်လို့ဘဲ့...တဲ့၊ ပြုံးလို့ဘဲ့-တဲ့....(မှန်ပါ့) ဘာမှမသိဘူး...တဲ့၊ ရှိမှန်း မှရှိမှန်း ဘာမှ မသိဘူးတဲ့....(မှန်ပါ့) ဒီဖြင့် မဲ့နေရဘယ်၊ ပျော်တာပါနေတယ်....(မှန်ပါ့) မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ဩော်... ခင်ဗျားတို့ ဒါဖြင့် ဒီဥစ္စာ အမြစ် အရင်းနဲ့တကွ ဇာတ်ကို ရှင်းမပေးလို့ ရှိယင် ခင်ဗျားတို့ အပြုံးက လက်စသတ်မှ အမဲ့ဟာ စခမ်းသိမ်းမယ်...(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ဟောနေတဲ့ တရားကလဲ အပြုံးနိုင်အောင် ပင်ကိုယ်သဘောကို မြင်အောင်ပြနေတာ....(မှန်ပါ့) ပင်ကိုယ်သဘောကို မမြင်တဲ့လူက ပြုံးတာဘဲ....(မှန်ပါ့) တော်တော်ကြာ ပင်ကိုယ်သဘောပြလိုက်ယင် မဲ့တာဘဲ... (မှန်ပါ့ဘုရား)။

ပင်ကိုယ်သဘော မမြင်သေးတဲ့ပုဂ္ဂိုလ်က... (ပြုံးပါတယ်ဘုရား) ပင်ကိုယ်သဘော ပေါ်လာယင်....(မဲ့ပါတယ်ဘုရား)။

အဲဒီခန္ဓာကြီးက ခန္ဓာသဘောတွင် ပျိုပျိုရွပ်ရွယ် မြင်နေသေးလို့ ရှိယင် သူ့ပင်ကိုယ်သဘောမမြင်သေးဘဲကိုးဗျ (မှန်ပါ့) အပျက်ကို မမြင်သေးဘူး....(မှန်ပါ့) မမြင်သေးတော့ ပြုံးတယ် (မှန်ပါ့) နောက် ပင်ကိုယ်သဘောက ပေါက်ပြန်လာတဲ့အခါကျတော့....(မဲ့ပါတယ်ဘုရား) ရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

အဲဒီတော့.... သူ့ပင်ကိုယ်သဘောကို မသိသေးတဲ့ ပုဂ္ဂိုလ်က ပြုံးတာ....(မှန်ပါ့) ရှင်းပလား....ရှင်းပါပြီ) အဲဒီပြုံးတဲ့ပုဂ္ဂိုလ်ကလဲ သောကပရိဒေဝ ဇာဘိ ဇရာ မရဏ- လမ်းဆုံးရမယ်.... (မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့ ပင်ကိုယ်သဘောသိလို့ အပြုံး- အမဲ့ ဇာတ်သိမ်းတာဘဲ - (မှန်လှပါ)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ ဒါဖြင့်ပြုံးခဲ့တာလဲမှားခဲ့တာတဲ့ .. (မှန်ပါ့) အခု မဲ့ နေတာလဲ.... (မှားပါတယ်ဘုရား) ပင်ကိုယ်သဘောကိုမသိဘူး (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ပင်ကိုယ်သဘောမသိလို့ ပြုံးတာလဲ အလွဲဘဲ ဟုတ်လား.... (မှန်ပါ့) ပင်ကိုယ်သဘောမသိလို့ မဲ့ရဘာလဲ .... (အလွဲပါဘုရား)။

ဒီနေရာမှာ ဥပခက္ခာ သိပ်အရေးကြီးတယ်.... (မှန်ပါ့ဘုရား) ဥပေက္ခာဆိုတာ ဘာတုံးလို့ မေးတော့မှ ဝိပဿနုပေက္ခာဆိုတယ် (မှန်ပါ့)ဝိပဿနုပေက္ခာက ဖြစ်လို့ လဲမပြုံးနဲ့ ပျက်လိုလဲမမဲ့နဲ့ ဒါဝိပဿနုပေက္ခာဘဲ... (မှန်ပါ့ဘုရား)။

ဖြစ်လို့ လဲမပြုံးနဲ့... (မှန်ပါ့)ပျက်လို့ လဲ....(မမဲ့နဲ့ပါဘုရား) အဲဒါကိုပဿနာ.... (မှန်ပါ့)ဒါဖြင့် ဝိပဿနာသည် အမဲ့အပြုံးကို ဇာတ်သိမ်းတယ်....(မှန်ပါ့ဘုရား)။

ရှင်းပလား .. (ရှင်းပါပြီဘုရား) ဝိပဿနာသည် .... (အမဲ့အပြုံးကို ဇာတ်သိမ်းပါတယ်ဘုရား)။

အပြုံးလဲ ခင်ဗျားတို့ ကြောက်စရာပြောခဲ့ပါပြီ၊ ပြုံးမိလို့ မဲ့ရတယ်.... (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် အပြုံးရော အမဲ့ရော ဇာတ်သိမ်းတဲ့တရား ဘယ်တရားတုံးမေးယင် ဘယ်နှယ်ဖြေကြမလဲ (ဝိပဿနာပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ကို ဆရာဝန်ကြီးတို့ကော ဦးမာဒင်တို့ကော ခင်ဗျားတို့ လုပ်ထားတာ အလွဲချည်းဘဲနော်၊ ကြပ်ကြပ်

ပြုံးမိယင် ကြပ်ကြပ်မဲ့ရလိမ့်မယ်၊ မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

နည်းနည်းကလေးပြုံးယင် .... (နည်းနည်းကလေး မဲ့ရပါတယ်ဘုရား... (အလတ်စားပြုံးယင်) (အလတ်စား မဲ့ရပါတယ်ဘုရား)။

အကြီးအကျယ်ပြုံးယင်ဇတော့ဖြင့်.... (အကြီးအကျယ် မဲ့ရမှာပါဘုရား)အကြီးအကျယ် ဂျမ်းထိုးမှောက်ခုံ ဖြစ်သွားတာဘဲ.... (မှန်လှပါဘုရား)မသွားဘူးလား.... (သွားပါတယ်ဘုရား)။

အဲဒါတွေ ဥာဏ်ရောက်ဇတော့မှ သြော်.... ဒီဇာတ်ဘယ်သူသိမ်းပါ့မလဲဆိုတာ ခင်ဗျားတို့ ရောက်လာတာ အင်မတန်အဘိုးတန်ပါတယ်.... (မှန်ပါ့ဘုရား)။

အပြုံးရော အမဲ့ရော သိမ်းရမှာ... (မှန်ပါ့)အပြုံးကြောင့် ဒီအမဲ့ရတာ.... (မှန်ပါ့ဘုရား)။

ဒါကဘုန်းကြီးက စကားတတ်လို့ ပြောတာလား၊ ရေရေလည်လည် ပြောတာလားဆိုတော့ မဟုတ်ဘူး၊ ဓမ္မနိယာမကိုကလာတာ .... (မှန်ပါ့)ဒီမှာပြုံးယင် ဒီမှာမဲ့ရမယ် .... (မှန်ပါ့ဘုရား)။

ရှင်းပလား.... (ရှင်းပါပြီ) ဒါကရပ်လို့ကောရရဲ့လား .... (မရပါဘုရား)ပေါ်ပြီနော်....(ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ အပြုံးအဲ့ ဇာတ်သိမ်းတဲ့ တရားလို့ ယနေ့တရားကို မှတ်ရမယ်... (မှန်ပါ့ဘုရား)။

အခုအပြုံးအမဲ့ ဇာတ်သိမ်း ရေတာ့မယ် ဆိုလို့ ရှိယင်ဖြင့် ခန္ဓာကြီး၏ ဝေဒနာကွန္ဓာက ဖြစ်တုန်းလဲ ခင်ဗျားတို့မပြုံးနဲ့.... (မှန်ပါ!)ပျက်တော့လဲ မမဲ့နဲ့....(မှန်ပါ!ဘုရား)။

အဲဒီတော့ ဝိပဿနာဆိုတဲ့ ဥစ္စာ ဝိပဿနာ ရှုတဲ့မဂ်င်ငါးပါးဘဲဆိုပါတယ်.... (မှန်ပါ!)ဝိပဿနာရှုတဲ့ မဂ်င်ငါးပါးနဲ့ ခင်ဗျားတို့က ရှုပေးပါ.... (မှန်ပါ!) ရှုပေးတဲ့ အခါကျတော့ ဖြစ်တာမြင်လဲ ဖြစ်တာလို့ဘဲမှတ်ပါ.... (မှန်ပါ!)ပျက်တာမြင်ယင်ကော....(ပျက်တာလို့ဘဲမှတ်ထားရပါမယ်ဘုရား)။

ဩော်... ဒါတွေလားလို့ ဆိုယင်ဖြင့် ဓမ္မသဘောဘဲ၊ ခန္ဓာဓမ္မသဘော (မှန်ပါ!) သဘောကျပလား....(ကျပါပြီ)ခန္ဓာဓမ္မ၏ သဘောထားဖြစ်မှုနဲ့ပျက်မှုဘဲရှိတယ်.... (မှန်ပါ!ဘုရား)။

သူ့သဘော သိတဲ့အခါကျတော့ဒီကနောက်ကအပြုံးကော လိုက်သေးရဲ့လား.... (မလိုက်ပါဘုရား) ဒီကအမဲ့ကော(မလိုက်ပါဘုရား)။

ဘာဖြစ်လို့ မလိုက်သတုံးလို့ မေးတဲ့ အခါ ကျလို့ ရှိယင် အဖြစ်ဟာလဲ အဖြစ်လို့သာသူသိတယ်၊ ပြုံးစဆုံးမဟုတ်ဘူးလို့ သူသိတယ်၊ ဝိပဿနာဥာဏ်က....(မှန်ပါ!ဘုရား)။

အပျက်မှာလဲ ဩော်... သူ့ဓမ္မနိယာမ ပျက်တာလို့ဘဲ သူသိတယ်၊ မဲ့တဲ့အထဲမပါဘူး ... (မှန်လှပါ) ဒီတော့ ဝိပဿနာမဂ်ဥာဏ်သည် အပြုံးအမဲ့ ဇာတ်သိမ်းတာ... (မှန်ပါ!)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ပြုံးချင်တဲ့စိတ်လဲ ခင်ဗျားတို့ဘုန်းကြီးက ကန့်ကွက်တယ်.... (မှန်ပါ့) မပြုံးပါနဲ့ ပြုံးလို့ရှိယင် ခင်ဗျားတို့တတွေ မဲ့ရယ်မိမ်မယ်၊ သူ့ပဋိစ္စသမုဒ်ပဉ္စါဒ်က ဘယ်နှယ်နည်းနဲ့မျှ ပြောင်းလို့မရဘူး... (မှန်လှပါဘုရား)။

အဲဒီတော့ စောစောစီးစီးက အပြုံး အမဲ့ကို ခင်ဗျားတို့ ဇာတ်သိမ်းပါလို့ ဆိုတဲ့ဥစ္စာက ဖြစ်တဲ့အခါမပြုံးနဲ့တဲ့ (မှန်ပါ့ဘုရား)။

ပျက်တဲ့အခါလဲ မမဲ့နဲ့ ရှင်းပလား(ရှင်းပါပြီ) ဒါပင်ကိုယ်သဘောလို့ မှတ်သားပါ...(မှန်ပါ့)သူ့ခန္ဓာ၏ပင်ကိုယ်သဘော ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာ၏ပင်ကိုယ်သဘောက ဖြစ်မှုဘဲရှိတယ်....(မှန်ပါ့)ပျက်မှုကော... (ရှိပါဘယ်ဘုရား)ဒီပြင်ပိုပြီးရှိသေးသလား .... (မရှိပါဘုရား)။

အဲဒါကို ခင်ဗျားတို့က ဖေါက်ပြန်ပြီး ဖြစ်မှုကိုပြုံးလို့ ပျက်မှုကို မဲ့ရတယ်....(မှန်ပါ့)အဲဒီတော့ ဝိပဿနာပွဲတို့ ဒီမဂ္ဂင်ငါးပါးဆိုလို့ ရသေးရဲ့လား....(မရပါဘုရား)။

သူက ဝိပဿနာလဲဖြစ်ရမယ်၊ ဥပေက္ခာလဲဖြစ်ရမယ်....(မှန်လှပါ)အပြုံးအတွက်ကြောင့်သာ (မမဲ့ရပါဘုရား) အဲဒါကြောင့် ဝိပဿနာပွဲဖြစ်အောင် ခင်ဗျားတို့ ယခုနဲ့ လုပ်ရမယ် .... (မှန်ပါ့ဘုရား)။

စိတ်ကြိုက်ယင် စိတ်တွေ့ချည်းရှု၊ ဖြစ်မှုကိုမပြုံးပါနဲ့ ပျက်မှုကို (မမဲ့ပါနဲ့) မမဲ့ပါနဲ့ ဆိုလို့ရှိယင် ဝိပဿနာ ဉာဏ်သည် ဝိပဿနာပွဲဉာဏ် ဖြစ်ပါတယ်.... (မှန်ပါ့ဘုရား)။

ဝိပဿနာလဲဟုတ်တယ်၊ ဥပေက္ခာလဲဟုတ်တယ်၊ အပြုံးအမဲ့ လွတ်နေတယ်.... (မှန်ပါ့)မလွတ်ဘူးလား .... (လွတ်ပါတယ်ဘုရား) ဒါဖြင့် ဝိပဿနာဥာဏ်ကို ရိုးရိုးဆိုမလား၊ ဝိပဿနာဥပေက္ခာဥာဏ်လို့ တွဲဆိုမလား....(ဝိပဿနာ ဥပေက္ခာဥာဏ်လို့ တွဲဆိုရပါမယ်ဘုရား)။

ဝိပဿနာဆိုတာရှုလို့ ဝိပဿနာ(မှန်ပါ့)နှစ်ခုစလုံးကိုအပြုံးအမဲ့ကို ဇာတ်သိမ်းနိုင်တဲ့ဥာဏ် ဖြစ်လေသောကြောင့် ဥပေက္ခာလဲ ဆိုပါတယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဥပရိပက္ကွသ ကျတော့ ဝိပဿနာ နုပေက္ခာဆိုပြီးလာဆားတယ်.... (မှန်ပါ့) သဘောပါပလား .... (ပါ·ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု... သာဓု....

ကျေးဇူးတော်ရှင် · အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော
"ရှင်ဆန္နဝတ္ထု (၃)"
ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်အမြင်မှန်

နေ့အလုပ်ပေးတရားတော်

(၂၇ · ၉ · ၆၁)

ရှင်ဆန္န မမာတာဟာ မမာတော့ သူ့ကိုယ်သူ ဓါးနဲ့လှီးပြီး သေမယ်လို့ စိတ်ကူးတယ်လို့မှတ်ရမယ်....(မှန်ပါ့)။

စိတ်ကူးဘာက ဘယ်လိုခြောင့် စိတ်ကူးသလဲလို့ ဆိုလို့ ရှိယင် သူ့ခန္ဓာထဲမှာ ဝေဒနာနှိပ်စက်နေတာမခံနိုင်လို့ မှတ်ရမယ်....(မှန်ပါ့)။

ဝေဒနာနှိပ်စက်နေတာ သူက သီးမခံနိုင်ဘူး၊ သီးမခံနိုင်တော့ကို သူ့ကိုယ်သူ ဓါးနဲ့လှီးပြီးသကာလ သေမယ်လို့ စိတ်ကူးတယ်....(မှန်ပါ့ဘုရား)။

ထိုကဲ့သို့ စိတ်ကူးနေတော့ ရှင်သာရိပုတ္တရာတို့ ရှင်စုန္ဒတို့က ဟာ_ဒီလို စိတ်မကူးပါနဲ့၊ ဒီလိုမခံတော်ပါဘူး၊ ဒီဟာ အင်မတန် အရုပ်ဆိုး,အကျည်းတန်ပါတယ် အစရှိသည်နဲ့ ပြောကြတယ်။

သူဟာ ကိုစွမရှိပါဘူး....တဲ့၊ ဒီလို လည်ပင်း ခါးနဲ့ လှိုင်းသေလဲ နောက်ဘဝ သူမရှိပါဘူး....တဲ့၊ နောက်ဘဝ ပဋိသန္ဓေနေမှု မရှိပါဘူးဆိုတော့ ဒီက ဆရာဝန်ကြီးတို့ မှတ်ရမှာက သူ့ကိုယ်သူ ရဟန္တာဖြစ်ပြီလို့ ထင်တာဘဲ.... (မှန်ပါ့) နောက်ဘဝ ပဋိသန္ဓေနေမှုမရှိတော့ဘူး၊ ဒီလိုထင်ပါတယ်။

အဲဒီတော့ ရှင်သာရိပုတ္တရာက သူ့ပဋိသန္ဓေနေမှု ရှိ-မရှိကို အလုပ်နဲ့စမ်းကြည့်တယ်၊ အလုပ်နဲ့ စမ်းကြည့်တယ် ဆိုတော့ အကျင့်ဘဲမှတ်ပါ၊ မင်းသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ငါ-မေးပါရစေတဲ့၊ မေးပါဆိုတော့ မင်းဟာ မြင်စိတ်ကလေး- ကြားစိတ်ကလေး နံစိတ်ကလေး- စားစိတ်ကလေး- ကြံစိတ်,စည်စိတ်တွေးစိတ်ကလေးကို ငါ့ကို,ငါ့ဟာ,ငါ့စွာလို့ ထင်သေးသလား လို့ မေးလိုက်တယ်....(မှန်ပါ့ဘုရား)။

မထင်ပါဘူး....ဝဲ့ ဒီဥစ္စာတွေ့ သူ ငါ့ကိုယ်,ငါ့ဟာ,ငါ့စွာလို့ လုံးဝမထင်ပါဘူးဆိုတော့ သူ တဏှာ,မာန,ဒိဋ္ဌိနဲ့ မစဲဘူးလို့ ပြောတာဘဲ.... (မှန်ပါ့) ငါ့ကိုယ်လဲမထင်ဘူး တဏှာနဲ့၊ ငါ့ဟာလို့လဲ မာနနဲ့မထင်ဘူး၊ ငါ့စွာလို့လဲ ဒိဋ္ဌိနဲ့ မထင်ပါဘူး...တဲ့။

ဒီတော့ ရှင်သာရိပုတ္တရာ ဩော်.... မင်းဘယ်လို မြင်လို့ ဒါတွေကို မင့်ခန္ဓာကိုယ်ထဲမြင်လို့ ဒါတွေ့ မထင်ပါလိမ့်မလဲလို့ မေးလိုက်တယ်....(မှန်ပါ့ဘုရား)။

သူဟာ ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဒီစိတ်ကလေးတွေ့ ကြည့်လိုက်လဲ ချုပ်ပျောက်-ချုပ်ပျောက်သွားတာကလေး

ငတ္ဒ မြင်တော့ကို ဆရာဝန်ကြီးတို့အားလုံး တရားနာတဲ့ ပုဂ္ဂိုလ် တွေက မှတ်ရမှာက ဒီအမြင်ဟာ အမြင်မှန်ဘဲလို့ မှတ်ကြပါ.... (မှန်ပါ့ဘုရား)။

ချုပ်ပျောက် သွားတာသည် အမြင်မှန်လို့ မှတ်ကြပါ.... (မှန်ပါ့ဘုရား) ဘာဖြစ်ဖြစ် ခန္ဓာထဲမှာ စိတ်ကလေးပေါ်လာလဲ မရှိဘူး၊ ဝေဒနာပေါ်လာလဲမရှိဘူး၊ မရှိဘူး....မရှိဘူးလို့ ချုပ်ပျောက်သွားတာ မြင်လို့ရှိယင် အမြင်မှန်လို့ မှတ်ကြပါ.... (မှန်ပါ့ဘုရား)။

အဲဒါ ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်များ၏ အမြင်သည် ဒီဟာ အမြင်မှန်ဘဲလို့မှတ်ပါ....(မှန်ပါ့)။

ဒါ....ဆန္ဒကလဲ ဒီအတိုင်းမြင်တယ်လို့ပြောတယ်၊ ရှင်သာရိပုတ္တရာကလဲ ဒါကို သဘောကျပါတယ်၊ ဒီအမြင်မှန်ကို.... (မှန်ပါ့)။

အဲဒီတော့ကွာ....တဲ့၊ မင်းမြင်တဲ့ဥစ္စာကလေးတွေဟာ ဘာရှိလိုက်,ရှိလိုက် ချုပ်ပျောက်-ချုပ်ပျောက် သွားတာကလေးတွေ မြင်သေးကြောင့် ငါကိုယ်, ငါဟာ, ငါဥစ္စာ မဟုတ်ဘူးလို့ မင်းစိတ်ထဲမှာ မြင်တယ်ဆိုတော့ ဟုတ်တယ်ဆိုပြီး ရှင်သာရိပုတ္တရာက အမြင်မှန်တော့ဖြင့် ရတာဘဲ၊ သို့သော်.... အားလုံး မှတ်ထား ရမှာက ဝိပဿနာ မဂ်အမြင်သာ ဟုတ်သေးတယ်၊ လောကုတ္တရာမဂ်အမြင်မဟုတ်သေးဘူးလို့ မှတ်ထားပါ.(မှန်ပါ့ဘုရား)။

ဝိပဿနာအမြင်.... (ဟုတ်ပါတယ်ဘုရား) ချုပ်ပျောက်သွားတာကလေးတွေ မြင်လို့ရှိယင် ဝိပဿနာမဂ်အမြင်လို့ မှတ်ပါ.

(မှန်ပါ့) ချုပ်ပျောက်သွားလို့ အဆုံးနိဗ္ဗာန်· မြင်မှ လောကုတ္တရာ မဂ်အမြင်လို့ မှတ်ကြပါ....(မှန်ပါ့)။

ကောင်းပြီ... ဒါဖြင့် သြော်....အမြင်သည် နှစ်မျိုးပါလား၊ ဆရာဝန်ကြီး ဝိပဿနာမဂ်အမြင်ဆိုတာ ချုပ်ပျောက်သွားတာ မြင်ရမယ်.... (မှန်ပါ့) လောကုတ္တရာမဂ်အမြင်က ချုပ်ပျောက်သွားတဲ့အဆုံးကို မြင်ရမယ်.... (မှန်ပါ့) ဒီဒုက္ခတွေရဲ့ အဆုံးကို မြင်ရမယ်၊ ဒုက္ခအဆုံးဆိုတာ နိဗ္ဗာန်ပါဘဲ၊ အဲဒါ မြင်ရမယ်လို့ မှတ်ပါ။

သြော်....ဒါဖြင့် ဝိပဿနာအမြင်· မဂ်အမြင်သည် အခြားနားကြီးပါလားလို့ မှတ်ရမယ်.... (မှန်ပါ့ဘုရား) ပါဠိတော်အကိုးအကားကသခ္ခံရေ "အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" အဲဒါ ဝိပဿနာမဂ်အမြင်၊ သင်္ခါရတရားတွေ၏ ချုပ်မှုတွေကို မြင်လို့ ရှိယင်ဖြင့် ဒါ....ဝိပဿနာမဂ်အမြင်လို့ မှတ်လိုက်....(မှန်ပါ့) "နိဗ္ဗာနံမဂ္ဂဿ နဗ္ဗာနံဖလဿ အာရမ္မဏပစ္စယေန ပစ္စယော...." လို့ ဘုရားက မဂ်အမြင်ကို ဟောတဲ့နေရာကျတော့ ဤကဲ့သို့ ဟောပါတယ်....(မှန်ပါ့)။

အဲဒီတော့ လောကုတ္တရာမဂ်အမြင်ကတော့ နိဗ္ဗာန်ကို မြင်တယ်လို့ မှတ်ရမယ်....(မှန်ပါ့) မခြားနားဘူးလား.... (ခြားနားပါတယ်ဘုရား)။

ဝိပဿနာမဂ်အမြင်က ချုပ်ပျောက် သွားတာ မြင်တယ်၊ လောကုတ္တရာမဂ်အမြင်က ချုပ်တာတွေဘာတွေမဟုတ်ဘော့ဘူး နိဗ္ဗာန်ဆိုတဲ့သဘောကြီးဘဲ မြင်နေတယ်၊ ဒီလိုခြားနားတယ်လို့ ဆရာဝန်ကြီးက မှတ်သားရမယ်....(မှန်ပါ့)၊

ကောင်းပြီ.... ဒါဖြင့် အမြင်သည်ကားလို့ ဆိုယှင် ဤမျှ ထူးခြား နေတော့ ရှင်သာရိပုတ္တရာက ရှင်ဆန္ဒ အမြင် ဟာ ဝိပဿနာမဂ်အမြင်ဘဲ ရှိသေးတယ်ဆိုတာ သိတယ်.... (မှန်ပါ့ ဘုရား)။

ဂိဇ္ဈကုဋ္ဌ်တောင်ပေါ်က ဆင်းလာတုန်းက အတူတူလာကြတဲ့ သူ့ညီ စုန္ဒက ပါလာတယ်၊ အဲဒီ စုန္ဒက သူ့ဟာသူ လည်ပင်း ဓါးနဲ့လှီးသေမယ်၊ နောက်ပဋိသန္ဓေနေမည့်ပုဂ္ဂိုလ် မဟုတ်ဘူး လို့ ဆန္ဒဟာ သူ့ဟာသူအထင်ကြီးနေတာ၊ သူဟာ ရဟန္တာ မဟုတ်သေးဘူးဆိုတာ ရှင်စုန္ဒက သိပါတယ်နော်.... (မှန်ပါ့ ဘုရား)။

သိတဲ့အခါကျတော့ အရှင်ဘုရား....ကဲ့၊ တပည့်တော်တို့ သာဝကတို့ကို ဘုရားဆုံးမတာရှိပါတယ်....(မှန်ပါ့)သာဝကတို့ကို ဘုရားဆုံးမတာရှိပါသေးတယ်၊ တပည့်တော်တို့ကို အမြဲဆုံးမတာ ရှိသေးတယ်ဆိုပြီး နိဿိတဿ စလိတံ အနိဿိတဿ စလိတံ နတ္ထိ ဆိုတဲ့ စုဏ္ဏိယ*တရားကို အရှင်ဘုရား....ဒါကို နှလုံးသွင်း ပါလို့ ခုနင်က ဆန္ဒကို ရှင်စုန္ဒက အမိန့်ရှိပါတယ်လို့ မှတ်ရမယ် (မှန်ပါ့ဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဒီအဓိပ္ပါယ်ကို အားလုံး ရှင်းရမယ်ဆိုလို့ ရှိယင်ဖြင့် ဒီတကာ တကာမတွေ ကိုယ့်ခန္ဓာကို ဒါက ခန္ဓာငါး ပါးလို့မှတ်ပါ၊ ကိုယ့်ခန္ဓာကို တဏှာအားဖြင့် ခင်နေတယ်၊ တဏှာက ဒီမှာဘဲရှိတယ်....(မှန်ပါ့ဘုရား)။

---

*စုဏ္ဏိယ=ဂါထာအဖွဲ့မျိုးမဟုတ်၊ စကားပြေရိုးရိုးဟောသော တရားမျိုးကို စုဏ္ဏိယ ဟု ခေါ်သည်။

ဒါက ကိုယ့်ခန္ဓာ၊ ဝမ်းထဲက တဏှာက ကိုယ့်ခန္ဓာကို ခင်နေတယ်၊ မာနကလဲကိုယ့်ခန္ဓာကြည့်ပြီး မာနမြင့်နေတယ်၊ ဒိဋ္ဌိကလဲ ကိုယ့်ခန္ဓာကို ငါ့ဟာ, ငါ့ဥစ္စာ,လို့ ထင်နေတယ်၊ ဒီလို ထင်နေလို့ရှိယင် ခန္ဓာမှာ ဘာဖြစ်ဖြစ် ခင်နေတဲ့ပုဂ္ဂိုလ်ကျတော့ ခန္ဓာဖြစ်လို့ရှိယင် လှုပ်လာတာဘဲ...(မှန်ပါ့ဘုရား)။

နိဿိတာဿ=မှီခဲနေသောပုဂ္ဂိုလ်အား၊ တဏှာ မာန ဒိဋ္ဌိနဲ့ ဒီခန္ဓာကြီးကို မှီနေတဲ့ပုဂ္ဂိုလ်အား။ စလိတံ=ခန္ဓာက ဖေါက်ပြန်သည်ရှိသော် လှုပ်သည်။ ဟောတိ=ဖြစ်၏။

ခန္ဓာနဲ့ တဏှာနဲ့ ဆက်သွယ်နေယင် ခန္ဓာက အိုလာလဲ ဖေါက်ပြန်တာဘဲ၊ နာလာလဲ ဖေါက်ပြန်တာဘဲ၊ ခန္ဓာက ပျက်စီးကော ဖေါက်ပြန်တာဘဲ။

ဒါဖြင့် ခန္ဓာနဲ့ တဏှာနဲ့ မကွဲသေး၊ ခန္ဓာနဲ့ မာနနဲ့ ဆက်စပ်နေသေးကယ်၊ ခန္ဓာနဲ့ ဒိဋ္ဌိနဲ့ ဆက်သွယ်နေသေးလို့ရှိယင် ခန္ဓာဖေါက်ပြန်တိုင်း ခင်ဗျားတို့ လှုပ်မယ်ဆိုတာ ဆရာဝန်ကြီးတို့ မှတ်ထားရမယ်... (မှန်ပါ့ဘုရား)။

ခန္ဓာဖေါက်ပြန်တိုင်း ဘာဖြစ်ရမတုံး (လှုပ်နေမှာပါဘုရား) လှုပ်နေမှာဘဲ....(မှန်ပါ့) လှုပ်နေမယ်ဆိုတဲ့ဥစ္စာ မှတ်ထားပါ.... (မှန်ပါ့ဘုရား)။

သြော်....ဘယ်နှယ်ကြောင့် ဒို့သည်ကား....လို့ ဆိုလို့ရှိယင် ဒီမှာနေပေမဲ့လဲ အဝေးက အကြောင်းတွေ ကြားရဘဲ့အခါ ဟိုက်ကနဲ့ ဖိုကနဲ ဖြစ်မှ ဖြစ်ရလေဆိုတဲ့အသံတွေ ထွက်လာတာ ဘာကြောင့်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ ခင်ဗျားတို့

နဂိုရိုက ဆက်နေလို့....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)
နဂိုရိုက ဆက်နေလို့ ဘာဖြစ်တာတုံး....(လှုပ်တာပါဘုရား)။

ဒါဖြင့် ဝေးတာ, နီးတာ လိုရင်းလား၊ တဏှာနဲ့ ခန္ဓာနဲ့ ဟိုက သားသမီးခန္ဓာဖြစ်စေ၊ မိမိခန္ဓာဖြစ်စေ၊ ကိုယ့်တဏှာနဲ့ ခန္ဓာနဲ့ ဆက်နေသေးလို့ ရှိယင်ဖြင့် အားလုံးမှတ်ကြပါ၊ လှုပ်မှာဘဲ....(မှန်ပါ့ဘုရား)။

နိဿိတဿ=ခန္ဓာကို တဏှာနဲ့ခင်၊ မာနနဲ့ ထင်နေတယ်၊ ဒိဋ္ဌိနဲ့ စွဲနေတဲ့ ပုဂ္ဂိုလ်မျှားအား ခန္ဓာက အနာပေါက်ယင် လှုပ်တာဘဲ...(မှန်ပါ့) ခန္ဓာက ဖျားသာယင်ကော ... (လှုပ်ပါတယ်ဘုရား) လှုပ်တာဘဲ..တဲ့။

ဒီဟာကြောက အကုန်လှုပ်လာတာဘဲ.... အဲဒါ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ ခန္ဓာနဲ့ ဒီတဏှာတွေနဲ့ မှီနေကြလို့၊ ဒါရှင်စုန္ဒက ဟောသည်....(မှန်ပါ့ဘုရား)။

နိဿိတဿ=ခန္ဓာကို တဏှာ မာန ဒိဋ္ဌိနဲ့ မှီနေသောပုဂ္ဂိုလ်အား၊ စလိတံ=ခန္ဓာလှုပ်သည်ရှိသော် သူတို့လဲ လှုပ်ကြတာဘဲ၊ သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ခန္ဓာလှုပ်ယင် ခင်ဗျားတို့လဲ အကုန်လှုပ်ကုန်တာဘဲ၊ ဘာဖြစ်ဦးမှာပါလိမ့်မ်....ရှေ့တိုးမလှုပ်ဘူးလား....(လှုပ်ပါတယ်ဘုရား) ခန္ဓာက အခုခေါင်းကိုက်တယ်၊ ဗောင်ဗောင်ကြောကျလို့ ရှိယင် ဒီထက်မျှား ပြင်းထန်လာဦးမှာလားဆိုပြီး မလှုပ်ဘူးလား....(လှုပ်ပါတယ်ဘုရား)။

ဟာ....ဒီဒဝဒနာနဲ့ဘဲ သေတော့မှာလားဆိုတာကော (လှုပ်ပါတယ်ဘုရား) မလှုပ်ဘူးလား....(လှုပ်ပါတယ်ဘုရား) အဲ....

စိုးရိမ်ကြောင့်ကျ ဗျာပါဒဟူသ၍ဟာ အလှုပ်ချည့်ဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့်.... ဘယ်နှယ်ကြောင့် ဆရာဝန်ကြီးတို့ လှုပ်ရသလဲ.... မောင်ချစ်စိန်တို့ လှုပ်ရသလဲမေးယင် ဘယ်နှယ် ဖြေကြမလဲ.... (ခန္ဓာနဲ့ တဏှာနဲ့ ဆက်နေလို့ပါဘုရား)။

အေး... ခန္ဓာကို တဏှာကမှီနေတယ်....(မှန်ပါ့) ဒီဋ္ဌိက မှီနေတယ်၊ မာနက မှီနေတယ်၊ ရှင်းပလား....(ရှင်းပါပြီ) မမှီယင်.... (မလှုပ်ပါဘုရား) မှီယင်တော့ဖြင့်...(လှုပ်ပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် ခင်ဗျားတို့ အဝေး,အနီး လိုရင်းလား... အကြောင်း, အကျိုး ဆက်နေဟာ လိုရင်းလားလို့ မေးယင် ဘယ်နှယ်ဖြေကြမလဲ....(အကြောင်း, အကျိုး ဆက်နေတာ လို ရင်းပါဘုရား)။

အဲ....တဏှာ ဒီဋ္ဌိတို့က မှီနေလို့ရှိယင် ဒါအမြဲတမ်းလှုပ်မှာ ဘဲ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီမှာ အကဲခတ်ပါ....တဲ့၊ ဒီမှာအကဲခတ်ပါ၊ သူက သူ ခန္ဓာက ခေါင်းကိုက်တာလဲ...တဲ့၊ ထိပ်ကို စူးရှိုးကလေးနဲ့ ထိုးလိုက်သလို နာပါတယ်တဲ့.... ဆန္ဒက...(မှန်ပါဘုရား)။

ဝမ်းထဲမှာလဲ သားလှိုးဓါးကလေးနဲ့မွှေသလို လေနာထပါ တယ်....တဲ့၊ ပူလိုက်တာလဲ လူနှစ်ယောက်က လက်မောင်းနှစ်ခုကို ကိုင်ပြီး- မီးဖိုမှာကင်သလို သူ့ကိုယ်ကြီးကို မီးဖိုမှာကင်သလို ဒါ လောက်ဘဲ ပူပါတယ်...တဲ့။

ဒါကြောင့် သူ့ခန္ဓာကြီးကို ဒီအတိုင်းမထားချင်တော့ဘူး၊ လည်ပင်းဓါးနဲ့လှီးပြီး သေတော့မယ်လို့ စိတ်ကူးတယ်ဆိုတာ

ဒါဟာ သူလုပ်တဲ့စကားတွေဘဲ... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒီလုပ်တဲ့စကားတွေဟာ သူ့ခန္ဓာကို ဝေဒနာနှိပ်စက်လို့ လဲ့ပ်နေတာ....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) ဒါဖြင့် နိသိတသဆ စလိတံ· ဆိုတာ သဘောကျပလား .... (ကျပါပြီဘုရား)။

အနိသိတသ စလိတံ နတ္ထိ=တဲ့၊ ရှင်စုန္ဒကပြောလိုက်တယ်၊ ဒီခန္ဓာနဲ့ ဒီတရားနဲ့ဟာ ဘယ်နည်းနဲ့မှ မဆက်တော့ဘူး၊ ဒီတဏှာ မာန ဒိဋ္ဌိဟာ ချုပ်နေလို့ရှိယင်ဖြင့်....တဲ့၊ ဒီ့ပြင်စိတ်တွေ ရှိပါတယ်...တဲ့၊ ကျုပ်တို့ ခင်ဗျားတို့မှာနော်...(မှန်ပါ့) ဒီတဏှာ မာန ဒိဋ္ဌိကသာ ချုပ်သွားယင် ဒီခန္ဓာကြီးက ဘာဖြစ်နေနေ လှုပ်သေးသလား....(မလှုပ်ပါဘုရား)။

ဒါဖြင့်.... တဏှာ မာန ဒိဋ္ဌိနဲ့ ဒီခန္ဓာကြီးနဲ့ အဆက်အသွယ် ကင်းသွားလို့ရှိယင် မလှုပ်ဘူးလို့မှတ်ပါ....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် ဒီဥစ္စာက ဘာဟောတာတုံး....လို့ မေးတဲ့ အခါကျလို့ရှိယင် မလှုပ်တော့ဘူးဆိုဘဲဥစ္စာက တဏှာ နိဆော ဓေါ နိဗ္ဗာနံ· ခန္ဓာရှိပေမဲ့ သူနိဗ္ဗာန်ရောက်နေပြီမှတ်ပါ(မှန်ပါ့ဘုရား)။

ခန္ဓာရှိပေမဲ့....(နိဗ္ဗာန်ရောက်နေပါပြီဘုရား) နိဗ္ဗာန်ရောက်နေတာ၊ သဥပါဒိ သေသ နိဗ္ဗာန်ကို ဟောပါတယ်....(မှန်ပါ့)

သဉ္ဉပါဒိသေသနိဗ္ဗာန်-ခန္ဓာရှိပေမဲ့လဲ ခန္ဓာသာမချုပ်သေးတယ်၊ တဏှာချုပ်တယ်ဆိုတဲ့နိဗ္ဗာန် ဟောတယ်....(မှန်ပါ့ဘုရား)။

စလိလေ အသတိ၊ စလိတေ=လှုပ်ခြင်းသည်၊ အသတိ=မရှိခဲ့သည်ရှိသော်၊ ပဿဒ္ဓိ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ဆိုတဲ့ ဥစ္စာငြိမ်းသွားတယ်... (မှန်ပါ့) ကိုယ်လဲငြိမ်း၊စိတ်လဲငြိမ်းသွားတယ်.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ဝိပဿနာရှုပြီးနေတဲ့အခါကျဘော့ ပဋ္ဌမ ဖြစ်ပျက်တွေမြင်တာဘဲ၊ နောက် မှုန်းသွားတယ်ဆိုပါတော့၊ မှုန်းပြီးသည်၏အခြားမဲ့၌ ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာကြီးပါလား.... မလိုချင် မရချင်တော့ဘူးဆိုယင် ချုပ်တယ်၊ ခန္ဓာပါ ပျောက်ထွက်သွားတယ်... (မှန်ပါ့ဘုရား)။

ခန္ဓာပါ ပျောက်ထွက်သွားပြီး ဉာဏ်ကလေး ကျန်ရစ်နေတယ်လို့ ဆရာဝန်ကြီး မှတ်ရမယ်... (မှန်ပါ့) အဲဒီအခြေအနေထောက်အောင် အားထုတ်ရမယ်....(မှန်ပါ့ဘုရား)။

ဉာဏ်ကလေးကျန်သည့်တိုင်အောင် ခန္ဓာက ပျောက်ထွက်သွားရမယ်... (မှန်ပါ့) အဲဒီအချိန်ကျတော့ ခန္ဓာကိုယ်ကြီးလဲမရှိတဲ့အတွက် ငြိမ်းတယ်....(မှန်ပါ့ဘုရား)။

စိတ္တပဿဒ္ဓိတဲ့ = ကိလေသာတွေနဲ့ ပတ်သက်တာလဲ မရှိတဲ့အတွက် ငြိမ်းတယ်....(မှန်ပါ့) ကိုယ်ငြိမ်း-စိတ်ငြိမ်း ကိလေသာတွေမရှိတဲ့အတွက် ငြိမ်းလို့ရှိယင်ဖြင့် ဒါမိမိတို့ နိဗ္ဗာန်ရောက်ပြီလို့ အောက်မေ့ပါ....(မှန်ပါ့ဘုရား)။

ကိုယ်လဲငြိမ်းသွားပြီ.... စိတ်လဲငြိမ်းသွားပြီ.... ကိလေသာလဲ ဝမ်းထဲမှာ မရှိတော့ဘူး၊ ရုပ်နာမ်တွေကြည့်ယင်း မတ္တာနဲ့ ရှာမတွေ့လို့ ကာယပဿဒ္ဓိ·စိတ္တပဿဒ္ဓိ· ကိလေသာပဿဒ္ဓိ·လို့ ပဿဒ္ဓိသုံးမျိုးရှိတယ်လို့ အဋ္ဌကထာ ဆရာဖွင့်တယ်....(မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ရှုလိုက်လို့ ဒုက္ခတွေချုပ်ငြိမ်းသွားတဲ့အခါ ကိုယ်လဲရှာမတွေ့ဘူး....ငြိမ်းတယ်၊ စိတ်တွေလဲ တခါတည်း ငြိမ်းသွားတာဘဲ၊ ဘာမှမရှိဘူး၊ ရှုဉာဏ်ကလေးတခုဘဲ ကျန်ရစ်တယ်....(မှန်ပါ့ဘုရား)။

ကိလေသာလဲ ရှာလို့မတွေ့ဘူး.... ရှုနေတဲ့ ဉာဏ်ကလေးတခုတည်း ကျန်ရစ်အောင် ခင်ဗျားတို့ ဝိပဿနာလုပ်ကြပါ(မှန်ပါ့) ခန္ဓာတော့ ပျောက်ခမယ်လို့ မှတ်ဆား....(မှန်ပါ့ဘုရား)။

ပဿဒ္ဓိယာ သတိ- ပဿဒ္ဓိ ဆိုတဲ့ ကိုယ်လဲငြိမ်း၊ စိတ်လဲငြိမ်း၊ ကိလေသာလဲ ငြိမ်းမယ်ဆိုယင်.... နတိ နဟောတိ·တဲ့....(မှန်ပါ့) နတိ=တဏှာ၏ ညွှတ်ရာ ဘုံဘဝသည်၊ နဟောတိ=မဖြစ်တော့ဘူး... တဲ့၊ နောက်ဘုံဘဝ မဖြစ်တော့ပါဘူးတဲ့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့သည်·အားထုတ်ဘဲ့ တကာ့တကာမတွေသည် ပဌမ အဓရေးကြီးတာက ဆန္ဒကို ဒီလောက် မပြောချင်ပါဘူး။

ဆန္ဒဟာ အကိုးအကား လုံလောက်အောင်သာ သူ့ကို ဝတ္ထုထုတ်ပါတယ်၊ စင်စစ်ဘော့ ခင်ဗျားတို့ ကိုယ့်ခန္ဓာကိုယ်ကြည့်ပြီးတော့ ဟိုနေရာကပေါ်လာ· ဒီနေရာကပေါ်လာ၊ ပေါ်လာတာကလေးတွေကို ပဌမ ရှုဦးစွာ ဉာဏ်တွေဖြစ်ဘို့ အရေးကြီးပါတယ်....(မှန်ပါ့ဘုရား)။

ဥာဏ်တွေ့ဖြစ်ဘို့ အရေးကြီးပြီး သကာလ ဩော်....ဒီပေါ် လာတာကလေးဟာ အင်း... ဒါအနိစ္စကလေးတွေ့ဘဲ၊ အခုပေါ် ပြီး အခုပျောက်တာဘဲ၊ အခုပေါ် အခုပျောက်ကြ တာဘဲလို့ တခုစတွေ့လို့ရှိယင် အဲဒီနေရာကနေပြီး ရှောက် လိုက် သွား၊ ရှောက်လိုက်သွားလို့ရှိယင်ဖြင့် ပေါ်ပျောက်၊ ပေါ်ပျောက်နဲ့ ဒါကလေးတွေ့ဘဲတွေ့မှာဘဲ၊ ဒီ့အပြင် ဘာမှ တွေ့စရာမရှိဘူး... (မှန်ပါ့ဘုရား)။

အဲ....တွေ့လို့ရှိယင်ဖြင့် ဒီဥစ္စာကို သဲသဲမဲမဲ စူးစူး စိုက်စိုက် လိုက်ပေးကြပါဆိုတဲ့ဥစ္စာ ကိုယ့်ဝတ္တရား....(မှန်ပါ့ဘုရား)။

လိုက်ရာကနေပြီး သကာလ အချိန်ကြာ၍သော်ရင်း၊ ကိုယ့် ဥာဏ်ကထက်၍ မကြာဘဲနေ၍သော်ရင်း၊ ဒါသည်ကားလို့ ဆို ယင် မုန်းတဲ့ဥာဏ်တွေ့ဟာ ပေါ်လာတာဘဲ... (မှန်ပါ့ဘုရား)။

ဒါတွေ့ကြည့်နေရတဲ့ဥစ္စာ မုန်းစရာကြီးပါလား၊ ရွံစရာကြီး ပါလားဆိုတဲ့ဥစ္စာ ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

နောက်ကျတော့ ဒါတွေ့တွင်မကဘူး၊မုန်းစရာ၊ ရွံစရာတွေ့တွင် မကတော့ဘူး၊ ဒါမရှိယင် ကောင်းတယ်ဆိုတာ လာလိမ့်မယ် .... (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ လာခဲ့သည်ရှိသော် ဒီဖြစ်ပျက် တွေ့သည် ကားလို့ ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ မရှိယင် ကောင်းတယ်ဆိုတာ ကိုယ့် ဝမ်းထဲမှာ ခုနင်ကတဏ္ဍာမာန ဒိဋ္ဌိသေတာနဲ့ လေးပိုင်း တစ်ပိုင်း သေတာနဲ့တခါတည်း သူတို့ချုပ်သွားတယ်.... (မှန်ပါ့ဘုရား)။

ချုပ်သွားလို့ရှိယင်ဖြင့် ခင်ဗျားတို့မှာ ကြည့်ရင်းမတ္တန့် ချုပ်သွားလို့ရှယင် ကိုယ်လဲငြိမ်းတော့မယ်၊ စိတ်လဲ ငြိမ်းတော့မယ်၊ ခုနင်ကတဏ္ဍာမာန ဒိဋ္ဌိဆိုတဲ့ ကိလေသာတွေလဲ ငြိမ်းတော့မယ် လို့မှတ်ပါ... (မှန်ပါ့) ဒါအလုပ်စဉ်လို့မှတ်ပါ .... (မှန်ပ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကိုမြင်တာသည် ယထာဘူတ ဥာဏ်လို့မှတ်ပါ၊ မုန်းလာဘာ နိဗ္ဗိန္ဒ ဥာဏ်လို့မှတ်ပါ၊ ခုနင်က ကိုယ်ရော စိတ်ရောငြိမ်းပြီး ဖြစ်ပျက်တွေ ဆုံးသွားတာက မဂ်ဥာဏ်လို့မှတ်ပါ၊ (မှန်ပါ့)ဒီအတိုင်း ဘုန်းကြီးတို့ တကာတကာမတွေဒီဥာဏ်စဉ်အတိုင်း ကြိုးစားရမယ်....(မှန်ပါ့ဘုရား)။

ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ၊ ဩော်... ဖြစ်ပျက်ကလေးတွေချည်း၊ ချုပ်တာ ကလေးတွေချည်း မြင်နေလို့ ရှိယင်ဖြင့် ယထာဘူတဥာဏ်ရပြီ၊ "ယထာဘူတ ဥာဏန္တိ ယထာ သဘာဝ ဇာနနဥာဏ" ဆိုတဲ့အတိုင်း ဟုတ်တိုင်းမှန်စွာ သိတဲ့ဥာဏ်ရပြီ.... (မှန်ပါ့)မျက်စိနှစ်ကွင်း အလင်းရပြီလို့ ဆရာဝန်ကြီး မှတ်ရမယ် နော်.. (မှန်ပါ့ဘုရား)။

အပျက်ကလေးတွေချည်း မြင်နေလို့ ရှိယင်ဖြင့် ဩော်.... နေရာကျပြီ- ဒီဥစ္စာနိဗ္ဗာန်ရောက်ဘို့ ရာသည် ကားလို့ ဆိုလို့ရှိယင် နောက်တဆင့်တက်ပြီးယင် ရောက်မှာဘဲ၊ ဒီအတိုင်း အားလုံး တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ထုတ်ရမယ် .... (မှန်ပါ့) အပျက်ကိုမြင်အောင် ကြည့်ရမယ်နော်....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ဥာဏ်နဲ့ကြည့်ပြီးတဲ့ အခါ ကျလို့ ရှိယင်ဖြင့် မြင်ပါများယင် ဘာဖြစ်မယ် ထင်ကြသကုံး၊ မုန်းမယ် — (မှန်ပါ့)အပျက်တွေမြင်ပါများယင် ဘာဖြစ်မတုံး .... (မုန်းပါတယ်ဘုရား)။

ကဲ.. မုန်းပေမဲ့လဲ ဆရာဘုန်းကြီးက မှာထားတယ်၊ ဒါတွေ့လတ္တံ့တွေ့ဖြစ်နေလို့ မုန်းပေမဲ့လဲ ခင်ဗျားတို့သည် မုန်းမုန်းနဲ့ကြည့်နေပါ....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် အကြည့် ခိုင်းပါလိမ့် မတုံးလို့ အမေးပုစ္ဆာထုတ်ခဲ့သော် အမုန်းသန်ယင် မလိုချင်တဲ့ဥာဏ်လာလိမ့်မယ် (မှန်ပါ့ဘုရား)။

အမုန်းသန်ယင်....(မလိုချင်တဲ့ဥာဏ်လာမှာပါဘုရား)မလိုချင်တဲ့ဥာဏ် လာလိမ့်မယ်လို့ မှတ်စမ်းပါ....(မှန်လှပါဘုရား)။

အဲဒီတော့ ဒါကြောင့် မုန်းလျှက်နဲ့ပေပြီး သကာလ ရှုပေးပါ၊ မလိုချင်တဲ့ဥာဏ် မုချလာလိမ့်မယ်....(မှန်ပါ့)အဲဒီလိုမလိုချင်တဲ့ဥာဏ် လာလို့ရှိယင်လဲ သူမလိုချင်တဲ့ဥာဏ် ဟုတ်တယ်၊ မဟုတ်တယ် ဟာ...ဆရာဝန်ကြီးတို့ အကဲ ခတ်ရမှာက ရှေ့မှာဘာမှရှုစရာကို မရှိလောက်အောင် ဖြစ်ပျက်တွေ့ ဖြစ်ပျက်တွေ့အကုန်ချုပ်ပြီးသကာလ ဩော်....ဖြစ်ပျက် ချုပ်ငြိမ်းတဲ့သဘောပေါ်လာလို့ရှိယင်ဖြင့် ဩော်...ဒါဟာ မဂ်ဥာဏ်ပေါ်လာတာဘဲလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့) သဘောကျပြီနော် .... (ကျပါပြီဘုရား)။

ဒါဖြင့်ဉာဏ်သုံးဉာဏ်နဲ့တက်တယ်၊ကျန်တဲ့ဉာဏ်တွေကတော့ ဒီအထဲအာကုန်ဝင်သွားတာဘဲ၊ ကျန်တဲ့ဉာဏ်တွေ ဒီအထဲအကုန်ဝင်တယ်လို့မှတ်လိုက်.... (မှန်ပါ့ဘုရား)။

ကောင်းပြီ...ဒါဖြင့် ခုနင်က ဖြစ်ပျက်ခတ္တ ချုပ်ငြိမ်းသွားတဲ့ဆီကို ဉာဏ်က ရောက်နေတဲ့ပုဂ္ဂိုလ်ကျတော့ လေးခါလောက်သာဖြစ်လို့ရှိယင် ငါနောက်ပဋိသန္ဓေ မနေခဘူး၊ အဇာတိဆိုတဲ့ ပဋိသန္ဓေ မနေရာဖြင့် ငါရောက်ပြီလို့ မှတ်ပါ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တဏှာညွတ်စရာ နေရာမရှိဘူး၊ တဏှာသွားစရာ နေရာမရှိဘူး၊ တဏှာမချိလို့ တဏှာသွားစရာ နေရာမရှိဘူးလို့မှာထားပါ... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီတဏှာ ချုပ်လို့ ရှိယင် ဘယ်သွား ရဦးမယ်၊ ဘယ်လာရဦးမယ်ဆိုတဲ့ ဒီခန္ဓာ၏ လမ်းစဉ် မရှိတော့ပါဘူး .... (မှန်ပါ့ဘုရား)။

အပါယ်သွားရဦးမယ်၊ နတ်ပြည်လားရဦးမယ်၊ ဒါတွေမရှိတော့ဘူးတဲ့....(မှန်ပါ့) အာဂတိဂတိ နဟောတိ၊လားဆုသွားဆုမရှိတော့ပါဘူးတဲ့....(မှန်ပါ့ဘုရား)။

လာရာသွားရာ မရှိလို့ရှိယင်ဖြင့် စုတိပဋိသန္ဓေလဲ မရှိတော့ပါဘူး.... (မှန်ပါ့) ဖြစ်ပျက်အဆုံး မြင်ပြီးတဲ့ ပုဂ္ဂိုလ် သေးခါလောက်သာမြင်ယင် စုတိပဋိသန္ဓေလဲမရှိခဘူးတဲ့... (မှန်ပါ့ဘုရား)။

အာဂတိဂတိယာ အသတိ စုတူပပါဒတာ နဟောဘိ၊ စုတိပဋိသန္ဓေလဲ မရှိတော့ဘူးတဲ့၊ စုတိ ပဋိသန္ဓေ မရှိလို့ ရှိယင်လဲ

တကာတကာမတွေ့ မှတ်စရာက ဤဘုံမှာလဲ နောက်ထပ် မဖြစ်ဖော့ဘူး၊ ဟိုဘုံမှာလဲ နောက်မဖြစ်ဖော့ဘူး၊ ဘိုဘုံဒီဘုံအကြား မှာလဲမဖြစ်ဖော့ဘူး၊ ချမ်းသာ သက်သက်ခဲ့. နေရုံဘဲ ရှိဖော့တာ့ တယ်ဆိုတာကို ရှင်စုန္ဒက ရှင်ဆန္ဒကို ပြောတယ် .... (မှန်ပါ့ဘုရား)။

ဒဲဒီကဲ့သို့ ရှင်စုန္ဒက စကားမစပြောဘဲနဲ့ တထူးဟော သွားတယ်လို့ ဆရာဝန်ကြီးက မှတ်ရမယ်... (မှန်ပါ့ဘုရား)။

ဒါနဲ့ သူတို့ကြွသွားတယ်၊ ကြွသွားတော့ ဘုရားဆီရောက် ကြရော၊ ဘုရားဆီမရောက်ခင် သူတို့လဲ လမ်းဆောက်ခါ ရှိသေး တယ် ရှင်ဆန္ဒက ခုနင်္ကသူ့လည်ပင်းကို ဓါးနဲ့ လှီးတယ် .... (မှန်ပါ့ဘုရား)။

သူ လည်ပင်းသူ ဓါးနဲ့ လှီးတယ်... (မှန်ပါ့) လှီးဟာကို တနေ့က ကျောင်းထဲမှာဟောခဲ့တယ်၊ ဝိညာဏ်ချုပ်ကာနီး နိမိတ် ထင်သေးတယ်လို့ မပြောဘူးလား... (ပြောပါတယ်ဘုရား။

ဝိညာဏ်ချုပ်ကာနီး သေကာနီးမှာ ဒီအတိုင်း မသေပါဘူး၊ သွားဆုံးမခြင်းနိမိတ်တွေထင်သေးတယ်လို့ တနေ့က ဟောထား တယ်... (မှန်ပါ့ဘုရား)။

အဲဒီလိုဘဲ ဒီကနေ လည်ပင်း လှီးလိုက်တဲ့ အခါကျတော့ ဝိညာဏ်က မချုပ်သေးတော့ ရဟန္တာမျှားထင်တဲ့ နိမိတ်တွေ မထင်ဘဲနဲ့ ပုထုဇဉ်မျှား မြင်တဲ့နိမိတ်တွေ လာထင်နေတယ် .... (နှ်မှပါ့ဘုရား)။

ပုထုဇဉ်မျှား မြင်တဲ့နိမိတ်တွေ လာထင်တော့ ဒီပုဂ္ဂိုလ်က ဝိပဿနာ အရှိန်ကောင်းတဲ့ဆန္ဒဖြစ်နေတော့ ဩဿော်... ငါတော့

ရဟန္တာထင်တယ်၊ အခုထင်တဲ့ နိမိတ်ကတော့ ပုထုဇဉ်ထင်တဲ့ နိမိတ်ပါလားလို့ သူ့ဟာသူ ရိပ်မိတယ်....(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

သူ့ကိုယ်သူတော့ နဂိုရ်က ဘာထင်နေသတုံး...(ရဟန္တာထင်နေပါတယ်ဘုရား)အခု သေကာနီးနိမိတ်ကြည့်ရိုက်လို့ ဝိညာဏ်မချုပ်ခင် မြင်ရတဲ့ နတ်သမီးဗိမာန် ပဲသာထင်တွေ.... စသည်သွားမြင်တယ်၊ နိဗ္ဗာန်မမြင်လာဘူး....(မှန်ပါ့ဘုရား)။

အင်း...ငါ့အထင်နဲ့ဖြင့် အခုထင်တာနဲ့ တခြားစီ ဖြစ်ပါ့ပါ့လားလို့ သူသိတယ်၊ သူသိတော့ဒီဝေဒနာကို ဖြုန်းကနဲ...ဒီဝေဒနာနဲ့ မသေမီ ဆရာဝန်ကြီး-ခန္ဓာကိုယ် ဖြစ်ပျက်ပြန်ကောက်တယ်....(မှန်ပါ့) ပြန်ကောက်နိုင်သေးတယ်၊ တကာမကြီးတွေ....မှတ်သားကြ (မှန်ပါ့ဘုရား)။

ဓါးနဲ့ လည်ပင်းလှီးပြီးသေးတောင် ဖြုန်းကနဲ ဝိညာဏ်မချုပ်သေးတော့ နိမိတ်တွေထင်ပြီးမှတောင် အို ဒီလမ်းမဟုတ်ဘူး၊ ဒီလမ်းမဟုတ်ဘူး၊ ဖြစ်ပျက်တဲ့ဥစ္စာ ရဟန္တာရယ်လို့ သူ့ကိုယ်သူ ထင်နေတဲ့ဥစ္စာ မဟုတ်သေးဘူး၊ အခု နိမိတ်တွေက ပြနေပြီဆိုပြီး သူ့ခန္ဓာကိုယ်သူပြန်ကြည့်တယ်၊ ဖြစ်ပျက် ပြန်ကောက်ရတယ်....(မှန်ပါ့ဘုရား)။

အဲဒီကျတော့ဖြင့် သေကာနီးကိစ္စဖြစ်နေတဲ့အတွက် အဘင်းဘဲကြိုးစားတော့တာဘဲ၊ ဘယ်သူမှ တိုက်တွန်းနေတို့မလိုဘူး၊ ကြိုးစားတော့တာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီ ကြိုးစားတဲ့ လည်ပင်း ဓါးနဲ့လှီးပြီးလို့ ထုတ်လေ-ဝင်လေတွေ ဒီကမထုတ်ခင်ပေါ့ဗျာ.... အဲဒီတွင်မှ သူဖြစ်ပျက်တွေ့အေားထုတ်ပြီးတော့ နိဗ္ဗာန်မြင်ပါတယ်—(မှန်ပါဘုရား)။

ဖြစ်ပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်မြင်တယ်၊ မြင်တာမှ လေးခါလောက်မြင်တယ်....(မှန်ပါ) စိတ်ဟာ အင်မတန်မြန်ပါတယ်။

လေးခါလောက်မြင်ပြီးသကာလ သူနဂိုရိုက ပြောထားတဲ့အတိုင်း အခုမှ ကိုက်တယ်-(မှန်ပါ) သေကာနီးမှသွားကိုက်တယ် (မှန်ပါဘုရား)။

အဲဒါ လေးခါလောက်လဲ နိဗ္ဗာန်မြင်ပြီးပါရော သူဟာ စုတိစိတ်ကျတယ်၊ သမာသီသိရဟန္တာ·သေကာနီးမှ ရဟန္တာဖြစ်တာနဲ့ မရှေးမနှောင်းဖြစ်သွားတယ်....(မှန်ပါဘုရား)။

ဒါနဲ့ဘဲ ရှင်သာရိပုတ္တရာနဲ့ ရှင်စုန္ဒကိုက လမ်းမှာ သူတို့အဘို့ ညာဏ်နဲ့ကြည့်တော့ သိတယ်၊ ဆန္ဒ-ဒို့တောင်းပန်ပစ်ခဲ့ဘာ မရဘူး၊ လည်ပင်း ဓါးနဲ့လှီးပြီး သေတယ်ဆိုဘာကြည့်ပြီး သူတို့ဘုရားဆီသွားကြတယ်။

ဘုရားက....မင်းတို့ ဘယ်ကပြန်လာကြသတုံး....ကွ၊ ဆန္ဒဆိုက လူမမာဓမ်းသွားပါတယ်ဘုရား-တပည့်တော်တို့ လမ်းရောက်ကာရှိသေးတယ်၊ သူသည် လည်ပင်း ဓါးနဲ့လှီးပြီး သေပြီဘုရား.... အဲဒီ ဆန္ဒ လားရာဂတိ ဘယ်မှာရှိသတုံးလို့ ဘုရားကို လျှောက်တယ်....(မှန်ပါ) ဘယ်ဘဝ ဘယ်ဘုံရောက်သတုံးလို့ ဘုရားကို လျှောက်တယ်။

လျှောက်လိုက်တဲ့အခါကျမှတော့ မင်းတို့ကို ဓါးနဲ့ မလှီးခင်ကဘဲ မင်းတို့ကိုပြောသားဘဲ၊ ဆန္ဒဟာ ဓါးနဲ့လှီးပြီးသေငြားသော်လဲ နောက်· ပဋိသန္ဓေ မနေဘူးဆိုတဲ့ အတိုင်း သူ့အခု ပဋိသန္ဓေ မနေဘူးကွ....တဲ့၊ နိဗ္ဗာန်ရောက်ပြီပြောတာ... (မှန်ပါ့) ရိုင်မိပလား...(ရိုပ်မိပါပြီဘုရား)။

အဲဒါ ဘယ်နှယ်ကြောင့် ဘုရားက ဒီလိုဖြရသတုံးမေးတော့ သူ့အယင်တုန်းကဖြတာနဲ့ အခုသေကာနီးမှ အလုပ်·လုပ်သွားတာနဲ့ သွားပြီးကိုက်နေတယ်....(မှန်ပါ့) ရှင်းပါ့....(ရှင်းပါပြီဘုရား)။

အဲဒီတော့ကို သူဟာ ဘုရား... တဲ့၊ အမျိုးမျိုးအဖုံဖုံ ပုထုဇဉ်အဖြစ်နဲ့ဘဲမြင်တဲ့အမြင်တွေ ရှိနေသေးတဲ့ဥစ္စာဘဲ....တဲ့၊ ဘယ်နှယ်ကြောင့် လားဆိုတော့ မရှိပါသတုံး...။

သူဟာ တကာ တကာမတွေ့လဲခင်တုံယ်· အမျိုးမျိုးအဖုံဖုံလို့ လျှောက်တော့ သာရိပုတ္တရာ·ဒါတွေဟာ အရေးမဟုတ်ပါဘူးကွတဲ့...(မှန်ပါ့)ဒီခန္ဓာကိုယ်ပစ်ချပြီး ဟိုခန္ဓာကို မခင်တဲ့ဥစ္စာဟာ ဒါအပြစ်ကင်းသော သေခြင်း သေတယ်လို့ မင်း တထစ်ချ မှတ်ပါတဲ့....(မှန်ပါ့ဘုရား)။

ဒီခန္ဓာကိုယ် မခင်ဘဲနဲ့ သေယင် ဟိုခန္ဓာကိုယ် မရဘူး....တဲ့၊ သဘောကျပလား....(ကျပါပြီ) ဒီခန္ဓာခင်ပြီးသေလို့ ရှိယင်ဖြင့် တဏှာဥပါဒါန်မချုပ်သေးလို့ နော်....(မှန်ပါ့ဘုရား)ဒီခန္ဓာကိုယ် မခင်ဘဲနဲ့ သေလို့ ရှိယင် နောက်ခန္ဓာကိုယ်....(မရပါဘုရား) မရဘူးဆိုတာ ခင်ဗျားတို့မှတ်ထားပါ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒါဟာ အခုအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ သေကာနီးမှ ကပြာကရာလုပ်လဲ မဂ်ဥဏ်,ဖိုလ်ဥာဏ် ရနိုင်သေးတယ်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)နောက်ခန္ဓာမလာဘူးဆိုတဲ့ အကြောင်းဟာလဲ ရှင်းရှင်းလင်းလင်းကြီးဖြစ်တယ်။

ဒါ့ကြောင့် ဆရာဝန်ကြီးတို့သည် ဘယ်ရောက်ရောက် ဒီဖြစ်ပျက်ဆုံးအောင် ဒို့အားလုံး လိုက်ရလိမ့်မယ်ဆိုတာ တရားနာတဲ့ ပုဂ္ဂိုလ်တွေ ဒီအတိုင်းမှတ်ပါ...(မှန်ပါ့) ဖြစ်ပျက်မဆုံးသေးလို့ ရှိယင် ဝိပဿနာဉာဏ်ချည့်မှတ်...(မှန်ပါ့ဘုရား)။

အဖြစ်မြင်မြင်, အပျက်မြင်မြင်, ဒါတွေ မုန်းမုန်း, ဒါတွေ လျစ်လျူရှုရှု, ရှုက သခ်ါရတွေ တွေ့နေသေးသ၍ ကာလပတ်လုံး ဒါဝိပဿနာဉာဏ်ချည့်မှတ်ပါ...(မှန်ပါ့) ၎င်းသခ်ါရတွေ ဆုံးသွားလို့ ရှိယင်ဖြင့် မဂ်ဥာဏ်လို့မှတ်....(မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ကဲ.. ယနေ့ ဒီတွင်ဘော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
"သုညတဆိုက်မှ နိဗ္ဗာန်ရမည်"
ဖြစ်ပျက်မြင်လျှင် သုညတ ဆိုက်နိုင်သည်
အနာထပိဏ္ဍိ ကောဝါဒသုတ် (၁)

နေ့အလုပ်ပေးတရားတော်

(၂၈ - ၉ - ၆၁)

တကာ တကာမတွေ မှတ်စရာက မစွဲလမ်းမှုဆိုတဲ့ဥစ္စာ သိပ်အရေးကြီးပါတယ်၊ မစွဲလမ်းမှုဆိုတဲ့ဥစ္စာ-မစွဲလမ်းမှုဘယ်နှစ်မျိုးရှိသလဲလို့ ဆိုလို့ရှိယင် အမျိုးအမည် မရေတွက်နိုင်ဘူးလို့ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ဘယ်လို အမျိုးအမည် မရေတွက်နိုင်သလဲလို့ မေးလို့ရှိယင် ခင်ဗျားတို့က ဥပမာမယ်-နာရီကလေးမြင်တယ်၊ နာရီကလေးစွဲတာဘဲ၊ ကွမ်းအစ်ကလေးမြင်ပြန်လဲ ကွမ်းအစ်ကလေးစွဲတာဘဲ၊ ရှင်သာရိပုတ္တရာကစွဲယင် စွဲတဲ့နေရာမှာ သွားဖြစ်တာဘဲတဲ့...(မှန်ပါ့) စွဲယင် စွဲတဲ့နေရာမှာ သွားဖြစ်တယ်လို့ မှတ်ကြပါ....(မှန်ပါ့) စွဲယင်....(စွဲတဲ့နေရာမှာ သွားဖြစ်ပါတယ်ဘုရား)။

ဥပမာမယ်-သေကာနီးကိစ္စ ဖျာကလေးစွဲသွားတယ်၊ ဖျာမှာ သွားပြီး ကြမ်းပိုးဖြစ်နိုင်တယ်၊ မင်္ဂနဲ့ မငယ်သေးသ၍ကာလပတ်လုံး စွဲတဲ့နေရာမှာ သွားဖြစ်တယ်လို့မှတ်ကြပါ....(မှန်ပါ!) ဖျာစွဲသွားယင် ဖျာမှာ၊ သင်္ကန်းစွဲသွားယင်....ဦးတိဿကြီးတို့ကျတော့ သင်္ကန်းမှာသွားပြီး သန်းကြီးဖြစ်ရတယ်....(မှန်ပါ!ဘုရား)။

ဒါဖြင့် အစွဲဆိုတာသည် မှတ်ထားကြပါ၊ ဥပါဒါန်(မှန်ပါ!) အစွဲဆိုတာ ဘာပါလိမ့်... (ဥပါဒါန်ပါဘုရား)။

ဥပမာမယ်- ဒါကလေးက သူ့နှမကလွှတဲ့ သင်္ကန်းဆိုးတာ့ ကိုယ်တော်ကြီးက ဒါကလေးကို တဏှာဥပါဒါန်နဲ့ စွဲသွားတယ်၊ တဏှာဥပါဒါန်-ကံလုပ်လိုက်တော့ သန်းကြီး-ခန္ဓာငါးပါး ပေါ်လာတယ်....(မှန်ပါ!ဘုရား)။

ဒီခန္ဓာငါးပါးဟာ သန်းလို့မှတ်ထားလိုက်တာပေါ့(မှန်ပါ!) ဟာ... ဒီသန်း ဘယ်ကလာသတုံး....လို့ မေးတော့ ဒီအစွဲကြောင့်လာတယ်....(မှန်ပါ!) ဒါဖြင့် ဧယင် စွဲရာဖြစ်တယ်.... (မှန်ပါ! ဘုရား)။

စွဲယင် ဘယ့်နှယ်ဆိုကြမယ်-(စွဲရာဖြစ်ပါတယ်ဘုရား) အစွဲဟာ ကြောက်စရာကောင်းပါသားလို့ ဆရာဝန်ကြီးတို့ မှတ်ရမယ်....(မှန်ပါ!ဘုရား)။

သား,မယားစွဲပြီး သေသွားကြတယ်၊ ဒီသား,မယားအိမ်မှာဘဲ ခွေးတို့-ခြင်္သေ့တို့ ဖြစ်သွားတာတွေလဲ ရှိသားဘဲ....(မှန်ပါ!)

ဒါဘယ်သူက ဖြစ်စေတာတုံးဆိုတော့ အစဲကဖြစ်စေတယ်၊ အစဲဆိုတာ တဏှာဥပါဒါန်ဆိုတယ်....(မှန်ပါ့ဘုရား)။

တဏှာဥပါဒါန် မချုပ်လို့ရှိယင် ဒီသား,မယား,နွားမွာတဲ့ခွေးငယ်ကလေး သွားဖြစ်လိုဖြစ်၊ ခလေးသွားဖြစ်လိုဖြစ်၊ ဆရာဝန်ကြီးတို့ ဘယ်နှယ်ဖြစ်တာတုံးမေးယင် ဘယ်နှယ်ပြောကြမတုံး (အစဲကြောင့်ဖြစ်တာပါဘုရား)။

အစဲကြောင့် ဖြစ်တယ်ဆိုတော့ ဒါက ရှေးစကားနော်....(မှန်ပါ့) အခု ကိုယ့်ခန္ဓာဖြစ်စဉ်နဲ့ အစဉ်ရောက်ပြီး ဖြစ်တယ်ဆိုလို့ရှိယင် မလွဲဘူး...(မှန်ပါဘုရား)။

ဒါက သား,မယား၊ သူ့ကို တဏှာနဲ့ စဲတယ်၊ ဥပါဒါန်နဲ့ စဲတယ်၊ တဏှာ ဥပါဒါန်ကံ ဖျပ်ဆို သေပြီးသကာလ ဒီပဋိသန္ဓေနေတော့ ခွေးတို့ မြွေတို့ သူ့ဝမ်းထဲမှာဖြစ်တဲ့ခလေးတို့ ဆရာဝန်ကြီး ဖြစ်ရလိမ့်မယ်မှတ်ပါ....(မှန်ပါ့)ဘာဖြစ်ရပါလိမ့်....(စဲလို့ပါဘုရား) စဲလို့ဖြစ်တယ်ဆိုတာ မှတ်ထားကြနော်....(မှန်ပါဘုရား)။

ဩော်... စဲသွားရှာတယ်ဆိုတော့ ခင်ဗျားတို့ သုံးတဲ့အသုံးကတော့ အဘိုးမတန်ဘူး၊ ဟိုဖြစ်ပျက်ကဒတော့ သိပ်အဘိုးတန်တယ်၊ စဲတယ်ဆိုတာ တဏှာ ဥပါဒါန်ခွစ်ခုကို ဆိုပါတယ်.... (မှန်ပါ့ဘုရား)။

တဏှာစဲ့, ဥပါဒါန်စဲ့၊ တဏှာစဲ့က သိပ်မပြင်းဘူး၊ ဥပါဒါန်စဲ့က သိပ်ပြင်းထန်တယ်လို့မှတ်ပါ...(မှန်ပါဘုရား)။

တဏှာ ဥပါဒါန် လာလို့ရှိယင်ဖြင့် ဆရာငန်ကြီး- ကံက နေရစ်ပါ့မလား....(မနေရစ်ပါဘုရား) တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ၊ ခန္ဓာ ငါးပါး... (မှန်ပါ့) မလာဘူးလား(လာပါတယ်ဘုရား) ဩဝ်-ဒါဖြင့် စွဲယင် စွဲတဲ့နေရာဖြစ်တာဘဲ... (မှန်ပါ့ဘုရား)။

ဒါဖြင့် ကျုပ်တို့ ခင်ဗျားတို့ကလဲ တအိမ်လုံးမှာ ဝတ္ထုပစ္စည်းတွေဟာ လိုချင်လို့ ဝယ်ထားတာချည့်ဘဲ...(မှန်ပါ့ဘုရား)။

တအိမ်လုံးမှာ ဝတ္ထုပစ္စည်းတွေ ဘာလုပ်ဘို့ဝယ်ထားသတုံး... (လိုချင်လို့ ဝယ်ထားပါတယ်ဘုရား) လိုချင်လို့ ဝယ်ထားတယ်ဆိုတာ ကိုယ့်အစွဲရှိတယ်ဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား)။

ဒါတွေ သေကာနီးအခါကာလဉ် တခုခုစွဲသွားယင် အဲဒီ စွဲတဲ့ ပစ္စည်းနေရာမှာ သွားဖြစ်တယ်... (မှန်ပါ့) ပိုးဟပ်တို့-ကြမ်းပိုးတို့-သန်းတို့ သွားဖြစ်တယ်(မှန်ပါ့) ကြောက်စရာပါလား....(မှန်ပါ့ဘုရား)။

မစွဲယင် ဘယ့်နှယ်ဆိုမတုံး....လို့မေးယင် မစွဲယင်မဖြစ်ဘူးလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

မစွဲယင် မဖြစ်တာက ဘယ့်နှယ်ကြောင့်တုံးဆိုတော့ မိမိမှာ ရှိတဲ့ ဝတ္ထုပစ္စည်းတခုခုကို မစွဲတော့ တဏှာချုပ်တယ်၊ ဥပါဒါန် ချုပ်တယ်၊ ကံချုပ်တယ်ဆိုတော့ ဒီခန္ဓာ လာသေးရဲ့လား.... (မလာပါဘုရား)။

ဒီမလာတာဆရာကဘဲ့အခါကျတာဲ့ မစဉ်းစိုမ့ မဖြစ်တာကိုး (မှန်ပါ!) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့်.... စဉ်းနည်း မစဉ်းနည်းဟာ ဘာပါလိမ့်မလဲလို့ မေးတဲ့ အခါကျတော့ ဝိပဿနာဉာဏ်ဝင်မှတဲ့ ခင်ဗျားတို့ မစဉ်းမှာဘဲ... (မှန်ပါဘုရား)။

ကိုယ် အင်မဘန်နှစ်သက်တဲ့ပစ္စည်း ကိုယ့်ခန္ဓာဖြစ်ခဲ့စေ၊ ကိုယ့်သား,မယား ခန္ဓာဖြစ်ခဲ့စေ၊ ဝတ္ထုပစ္စည်းဟာခုခုဖြစ်ခဲ့စေ၊ ဘုံဘဝဖြစ်စေ- အကုန် ခင်ဗျားတို့ ကိုယ့်ခန္ဓာတခုကို ဝိပဿနာရှုလို့ ရှိယင် ဖြစ်ပျက်ခဲ့တွေမြင်ပြီးသကာလ နေကြမယ်ဆိုတော့ အနိစ္စလဲမြင်တယ်၊ ဖြစ်ပျက်ဆိုတာ ဒုက္ခလဲမြင်တာဘဲ၊ ဒုက္ခဆိုတာ ဖြစ်ပျက်-(မှန်ပါ!)အနတ္တဆိုတာလဲ ဖြစ်ပျက်၊ ဒုက္ခသစ္စာဆိုတာလဲ ဖြစ်ပျက် (မှန်ပါဘုရား)။

အဲဒီဖြစ်ပျက် မြင်တဲ့ပုဂ္ဂိုလ်များကျတော့ ဒီစဉ်လမ်းမှုတွေဘာ ဖြစ်ကြသတုံး၊ ချုပ်တယ်....(ချုပ်သွားပါတယ်ဘုရား) စဉ်လမ်းမှုတွေ ချုပ်တယ်ဆိုခဲ့တော့ တဏှာချုပ် ဥပဒါန်ချုပ်၊ ကံချုပ်ဆိုတော့ နောက်ဘဝဇာတိ အစဉ်ရှိသည် လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ နိဗ္ဗာန်လိုချင်လို့ ရှိယင်ဖြင့် စဉ်ဘတ်တဲ့ တရားကို ဝိပဿနာ ရှုပါလို့ ဆုံးမရမယ် .... (မှန်ပါဘုရား) ခင်ဗျားတို့ စဉ်ဘတ်ဘဲ့တရားတွေဟာ ဘာလုပ်ရမတုံး....(ဝိပဿနာရှုရပါမယ်ဘုရား)။

စွဲတတ်တဲ့တရားတွေ ဝိပဿနာ ရှုလို့ရှိယင်ဖြင့် ဩော်.... အနိစ္စမှန်းသိယင် ဆရာဝန်ကြီး စွဲဦးမလား ... (မစွဲပါဘုရား) ဒါကအနိစ္စ၊ ဒါကသိတယ်၊ အနိစ္စမှန်းသိလို့ အစွဲပြုတ်တယ်၊ မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ဒုက္ခမှန်းသိလို့....(အစွဲပြုတ်ပါတယ်ဘုရား)အနတ္တမှန်းသိလို့ (အစွဲပြုတ်ပါတယ်ဘုရား)ဒုက္ခသစ္စာမှန်းသိလို့.... (အစွဲပြုတ်ပါတယ်ဘုရား)။

ဒါဖြင့်ခင်ဗျားတို့ ဘုံဘဝကို ဒီဘဝနဲ့ဇာတ်သိမ်းချင်ကြတယ် နောက်ဘဝလဲ မသွားချင်ကြဘူး ဆိုလို့ရှိယင် ဝိပဿနာဥာဏ်သည် အစွဲပြုတ်တဲ့ဥာဏ်ဘဲ... (မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဝိပဿနာဥာဏ်ကို ဘာဆိုကြမယ်.... (အစွဲပြုတ်တဲ့ဥာဏ်ပါဘုရား)သဘောကျပလား..(ကျပါပြီ) ဒါဖြင့် ဝိပဿနာဥာဏ်သည် အစွဲပြုတ်တဲ့ ဥာဏ်ဘဲလို့ဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အစွဲဆုံးဟာကတော့ ခန္ဓာငါးပါးပါဘဲတဲ့ (မှန်ပါ့ဘုရား)။

ရှင်းပလား(ရှင်းပါပြီ)အစွဲဆုံးဟာဘာတုံး.... (ခန္ဓာငါးပါးပါဘုရား)အစွဲဆုံးကတော့ ခန္ဓာငါးပါးပါလို့မှတ်ထားလိုက်ပါ (မှန်ပါ့ဘုရား)

ကွာ .... လူမသေငွေမရှားကွ ပြောကြတယ်၊ ဩော် .... ငွေထက်လူခင်တယ်ဆိုတာ ပေါ်လာတယ်... (ပေါ်လာပါတယ်ဘုရား)မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ ဘယ်သူ့ အခင်ဆုံးတုံး၊ ဥပမာ သားမယားတွေ ခင်ပါတယ်ဆိုငြားသော်လဲ ကိုယ့်ကိုယ်လောက်မခင်ဘူး (မှန်ပါ့ဘုရား)။

အိမ်ထောင်ပရိဘောဂတွေ့ ခင်ပါတယ်ဆိုငြားသော်လဲကိုယ့်ကိုယ်လောက် မခင်ဘူး၊ ဒါကြောင့် ဘုရားက ကိုယ့်ကိုယ်ဖြစ်တဲ့ ခန္ဓာငါးပါးဟာ အခင်ဆုံးဖြစ်လို့ သူ့ကိုဝိပဿနာ ရှုခိုင်းတာ (မှန်ပါ့)သူ့ရှုလိုက်ယင် ကျန်တာပြုတ်တယ်....(မှန်ပါ့ဘုရား)။

သူ့ရှုလိုက်လို့ရှိယင် ခန္ဓာငါးပါးတွေလဲပြုတ်၊ ဒီပြင်အလုံးစုံလဲ အကုန်ပြုတ်တယ် ဆိုတဲ့ ဥစ္စာ မှတ်ထားရမယ် .... (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို ဘုန်းကြီးပြောထားတယ်၊ခန္ဓာငါးပါး တပါးပါးကို ဆရာဝန်ကြီးတို့ ဝိပဿနာ ရှုရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ရှုလိုက်လို့ရှိယင်လဲ ဒီအစဲ့ဟာပြုတ်တယ် ... (မှန်ပါ့)တအုဉပါဒါန်ပြုတ်မှာဘဲ ...(မှန်ပါ့)ဘာကြာဉပါဒါန်ပြုတ်ယင် ကံပြုဘ်တယ်.... (ပြုတ်ပါဘယ်ဘုရား) ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒါဘယ်သူ့ အနှောင်းအရင်းခံ ဟောသတုံးလို့ မေးတော့မှ အနာထပိဏ်သူဌေးကြီး သေခါနီးမှာ ရှင်သာရီပုတ္တရာ သွားဟောတယ် .... (မှန်ပါ့ဘုရား)။

အနာထပိဏ်သူဌေးကြီးက တနေ့လျှင် ဘုရားဓကျောင်းတော်ကို နှစ်ခေါက်-သုံးခေါက် နေတိုင်းဆောက်တယ်....(မှန်ပါ!) နံနက်တခေါက်ဆောက်တယ်၊ ယာဂုကလေး ဘာဒလေး ပို့ရင်း ပြုရင်း၊ နေ့လယ်တဓခေါက်ဆောက်တယ်။

နေ့လယ် ကျောင်းထဲမှာ ရှင်းဘို့ လင်းဘို့ တခေါက်ဆောက်တယ်၊ တခါတလေ ညနေလဲဆောက်တတ်တယ်၊ နှစ်ခေါက်- သုံးခေါက် နေ့တိုင်းဆောက်တယ်....(မှန်ပါ!ဘုရား)။

ကိုယ်တော်တွေကလဲ အနာထပိဏ်သူဌေးကြီးနဲ့တွဲပြီဆိုမှဖြင့် ဘုရားကစပြီး တကာကြီး.... တကာကြီးလုပ်နေတဲ့ ဒါနအလုပ်တွေဟာ သိပ်ဓကောင်းတယ်၊ သိပ်အကျိုးပေးမှာဘဲ၊ ဒါနကြောင့် ချမ်းသာနေကြတာဘဲ၊ ဒါတွေချည့်ဘဲဓဟာတယ် ... (မှန်ပါ! ဘုရား)။

သူကတော့ သောတာပန်တည်ပြီးသားပါဘဲ၊ ဘုရားနဲ့ တွေ့တွေ့ချင်း တည်တဲ့ပုဂ္ဂိုလ်ဘဲ...။

တနေ့သဒ္ဓါကတော့ ကျောင်းကိုမသွားနိုင်တော့ဘူး၊ ဆောဂါစဲကပ်တယ်....(မှန်ပါ!) ကျောင်းမသွားနိုင်ဘူး-ဆောဂါစဲကပ်တော့ သူ့စိတ်ထဲမှာ ဒီဝေဒနာကတော့ သေမည့်ဝေဒနာဘဲ။

ဘယ်နည်းနဲ့မှ ဇေတဝန်ကျောင်းတော့ သူဆောက်ထားတဲ့ ကျောင်းတော့ သွားနိုင်တော့မှာမဟုတ်ဘူး ဆိုပြီးသကာလ သူ့အခိုင်းအဓစကဓယာက်ကို လွှတ်လိုက်တယ်။

ဟေ့ လာဦးကွာ ...အနာထပိဏ်သူဌေးကြီး ဝေဒနာပြင်းထန်နေတယ်လို့ ဘုရားကို သွားလျှောက်၊ ဘုရားသွားလျှောက်ပြီး ဝတ်ချခဲ့ကွာ... ။

နောက် ရှင်သာရိပုတ္တရာဆီကိုလဲ သွားဦးကွ၊ ရှင်သာရိပုတ္တရာကိုလဲ အနာပိဏ်သူဌေးကြီး မမာဘူးဘုရာ့... အဲဒီတော့ အိမ်ကို ခေတ္တကြွပေးပါဆိုတဲ့ဥစ္စာ လျှောက်ပေးပါဆိုပြီးတော့ အခိုင်း အစေတယောက်ကို လွှတ်လိုက်တယ်... (မှန်ပါ့ဘုရား)။

အခိုင်း အစေ တယောက်ကလဲ ဘုရားဆီသွား ဝတ်ချခဲ့ပြီး မကျန်းမမာတဲ့အကြောင်းလဲ လျှောက်ခဲ့၊ ရှင်သာရိပုတ္တရာကိုလဲ မမာတဲ့အကြောင်း လျှောက်ပြီး ပင့်ခဲ့ဆိုတော့ ရှင်သာရိပုတ္တရာကလဲ ကဲကွာ.... အာနန္ဒာ- အနာထပိဏ်သူဌေးကြီး မမာဘူးဘဲကွ... မင်းနဲ့ငါ သွားပြီးသကာလ လူမမာမေးရအောင်ကွာဆိုပြီး သကာလ ထွက်လာကြတယ်... (မှန်ပါ့ဘုရား)။

ထွက်လာကြပြီး အနာထပိဏ်သူဌေးကြီးကလဲ မမာနေတာ့ ရှင်သာရိပုတ္တရာက ထုံးစံအတိုင်း ဘယ်နှယ်တုံး တကာကြီး-ကျန်းမာရဲ့လား၊ ယခုရောက်နေတဲ့ဝေဒနာ-နောက်ဆုတ်ရိပ်မြင်သလား၊ ရှေးတိုးရိပ်မြင်သလား-မေးတော့....

ဟာ... ရှေ့ကို တိုးပါတယ်ဘုရား....
ဘယ်နှယ်တိုးနေသတုံး ပြောစမ်းပါဦး...

ဟာ... ခေါင်းကို စူးနဲ့ထိုးသလိုဘဲ၊ ခေါင်းကို ကြိုးနဲ့ ပတ်ထားသလိုဘဲ၊ ငမ်းထဲ သားလှီးခါးနဲ့ မွှေသလိုဘဲ၊ အား

ကောင်းတဲ့လူနှစ်ယောက်က တပည့်တော်ကို ပွဲ့ပိုက်ပြီး မီးကင်သလိုဘဲဆိုတော့.... ရှင်သာရိပုတ္တရာက ရိပ်မိတယ်။

အင်း...ဒီဝေဒနာဟာ သေမည့်ဝေဒနာဘဲ....(မှန်ပါ့)တခြားစကားတွေပြောနေယင် အပိုဘဲ၊ ဒီအနာထပိဏ်သူဌေးကြီးကို တရားဟောတာဘဲကောင်းတယ်...(မှန်ပါ့) သေမှာသိတာကိုး...(မှန်ပါ့ဘုရား)။

သေမှာသိတော့ တရားဟောတာ ကောင်းတယ်....တဲ့၊ ဒါဥပရိပဏ္ဍာသ ပါဠိတော်မှာလာတယ်လို့ မှတ်ထားရမယ် (မှန်ပါ့ဘုရား)။

ဒါနဲ့.... နု ရူပံ ဥပါဒိယိဿာမိ နမေ ရူပနိဿိတံ ဝိညာဏံ ဘဝိဿတိ။ တကာကြီး...ကိုယ့်ရုပ်ကွန္ဒာကြီးကို မစွဲလို့ရှိယင် နောက်ရုပကွန္ဓာ မရှာဘူးလို့ ဒါဟောတယ်....(မှန်ပါ့ဘုရား)။

တကာကြီး... ဝေဒနကွန္ဓာကိုမစွဲလဲ နောက်ဝေဒနကွန္ဓာ မဖေါ်ဘူး...(မှန်ပါ့) သညာကွန္ဓာမစွဲသဲ သညာကွာဝမဖေါ်ဘူး....(မှန်ပါ့ဘုရား)။

သင်္ခါရကွန္ဓာ မစွဲလို့ရှိယင်လဲ နောက်သင်္ခါရကွန္ဓာ မဖြစ်ဘူးတဲ့.... (မှန်ပါ့) ဝိညာဏကွန္ဓာ မစွဲလို့ရှိယင်လဲ နောက်ဝိညာဏကွန္ဓာ မဖေါ်ဘူး.... (မှန်ပါ့) ဒါရှင်သာရိပုတ္တရာက ဟော၏....(မှန်ပါ့ဘုရား)။

အဲဒါ ကျုပ်တို့ တကာ တကာမတွေက မစွဲဆိုဘာ ဘာတုံးလို့ ဆရာဝန်ကြီးတို့က မေးဘို့လိုလာတယ်....(မှန်ပါ့) မစွဲဆိုတာသည် မစွဲအောင်လုပ်မှု မစွဲဘာ...(မှန်ပါ့ဘုရား)။

မစဉ်ဘာသည် ဒီတရားတွေ၏ ပင်ကိုယ်သဘောသိမှ မစဉ်မယ်.... (မှန်ပါ!) ခန္ဓာငါးပါးတို့၏ ပင်ကိုယ်သဘောသိမှ မစဉ့်ဘူးပါ.... (မှန်ပါ!) ပင်ကိုယ်သဘော မသိသေးယင်....(စဉ်မှာပါဘုရား)။

အဲ....သူ့ကို ခင်ဗျားတို့ ဖြစ်ပျက်မြင်အောင် ရှုပေးရုမယ်၊ သဘောကျပလား....(မှန်ပါ!) ခန္ဓာငါးပါးကို ကျုပ်ဘို့ ဘာမြင်အောင် ကြည့်ပေးရမလဲ....(ဖြစ်ပျက်မြင်အောင် ကြည့်ပေးရပါမယ်ဘုရား)။ ဒါမှ သူ့ပင်ကိုယ်သဘောသိမှာပေါ့။

ဩော်... အနိစ္စပါကလား၊ဒီတရားတွေဟာ ဒုက္ခတွေပါလား၊ ဒီတရားတွေသည်ကား အနတ္တတွေပါကလား၊ ဒီတရားတွေသည်ကား ဒုက္ခသစ္စာတွေပါကလား။ ဒီလိုပင်ကိုယ်သဘောသိတော့ ဒါကပင်ကိုယ်သဘော၊သူကသိရတယ်(မှန်ပါ!)သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ပင်ကိုယ်သဘောသိလို့ရှိယင်ဖြင့် ခန္ဓာ၏ ပင်ကိုယ်သဘောသိတာသည် မှတ်ထားကြပါ၊ ဝိပဿနာဉာဏ်(မှန်ပါ!) ခန္ဓာ၏ပင်ကိုယ်သဘောသိတာ ဘာခေါ်ကြမယ်... (ဝိပဿနာဉာဏ်ပါဘုရား)။

ခန္ဓာ၏ ပင်ကိုယ်သဘောဆိုတဲ့ ဥစ္စာက သူ့ရှိရင်းသဘောကတော့ အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာဘဲ၊ ဒါဘဲရှိတယ်(မှန်ပါဘုရား)။

အဲဒါကို ကျုပ်တို့က မိဘရိုးဆုနဲ့ မိဘရိုးဆုကလဲ သူ့ကို ခန္ဓာငါးပါးမှန်းသိလျက်သားနဲ့ အခမလုပ်ထားတယ်, အဖေ

လုပ်ထားတယ်၊ အမေရယ်လို့ အမှတ်ထင်ထား၊ အဖေရယ်လို့ အမှတ်ထင်ထားပြီ ဆိုမှဖြင့် မိဘရိုးရာ ဖုံးတာနဲ့လဲ ဆရာဝန်ကြီး-အနီစွဲ ဒုက္ခ အနတ္တ ကွယ်သွားတယ်.... (ကွယ်ပါတယ်ဘုရား) မကွယ်ဘူးလား....(ကွယ်ပါတယ်ဘုရား)။

မိဘရိုးရာသင်မှုက အစဲ့ကြီးစဲ့နေတာနဲ့လဲ ခန္ဓာငါးပါးပျောက် အမေမိဘအဖြစ်သို့ရောက်... (မှန်ပါ့) မိဘရိုးရာနဲ့ဘဲ မင်းမှာ သားမယား မရှိသေးဘူး၊ သားမယား ထိမ်းမြားပေးခဲ့ဦးမယ် ဆိုတာနဲ့လဲ သားမယားဖြစ်ဘယ်.. (မှန်ပါ့) ခန္ဓာငါးပါး ဘာ ဖြစ်သွားသတုံး....(ပျောက်သွားပါတယ်ဘုရား)။

အဲဒီပတ်ဝန်းကျင်အခြေအနေ နှိပ်စက်မှုကိုလဲ ခင်ဗျားတို့၏ ရန်သူကြီးတခုမှဘာ်ပါ....(မှန်ပါ့) ပင်ကိုယ်သဘော ပျောက်သွား တယ်... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ပတ်ဝန်းကျင် နှိပ်စက်မှုကလဲဘာတုံး .... (ပျောက်သွားပါ တယ်ဘုရား)ပင်ကိုယ်သဘော ပျောက်တယ်...(မှန်ပါ့ဘုရား)။

ဒီပတ်ဝန်းကျင် နှိပ်စက်မှုဟာ သူတို့က နှိပ်စက်တာတော့ မဟုတ်ပါဘူး၊ ရိုးရာဖြစ်နေတာနဲ့ ခင်ဗျားတို့က ရိုးရာတတ်နေ တာတဲ့၊ ပင်ကိုယ်သဘော ပျောက်သွားတယ်...(မှန်ပါ့ဘုရား)။

ဘာသဘော ပျောက်သွားပါလိမ့် .... (ပင်ကိုယ် သဘော ပျောက်သွားပါတယ်ဘုရား)ပင်ကိုယ်သဘော ပျောက်သွားတယ် လို့ မှတ်ရမယ်နော်...(မှန်ပါ့ဘုရား)။

အဲဒီတော့ ပင်ကိုယ်သဘော ပျောက်လို့ ရှိယင်ဖြင့် ခင်ဗျာ့ တို့မှာ ဝိပဿနာသဝင်ပြီလို့မှတ်ပါ.... (မှန်ပ ါ)ပင်ကိုယ်သဘော ပျောက်ယင်....(ဝိပဿနာသဝင်ပါပြီဘုရား)။

ဝိပဿနာသဆိုတဲ့ဥစ္စာသည်တခြားလားမှတ်နေတယ်၊ဝိပဿနာသ ဟာ တခြားမဟုတ်ပါဘူး၊ ဖေါက်ပြန်ပြီး မြင်တာဘဲမှတ်ပါ... (မှန်ပါဘုရား)။

ဒါယောကျ်ားဒါမိန်းမ၊ ဒါဓတ္တသား၊ ဒါဓတ္တမြားဒါဓတ္တ ကို တကယ်တန်းထင်ဖန်လို့ရှိယင် ဖေါက်ပြန်တာလို့ မှတ်ပါ... (မှန်ပါ)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သား၊သမီး၊မြေး၊မြစ်ကို အဟုတ် သား-သမီး-မြေး-မြစ်-ထင် နေကြယင် ဘာအမြင်တုံး (ဖေါက်ပြန်မှုပါဘုရား)အဲဒါဝိပဿနာ သ....(မှန်ပါဘုရား)။

ဆရာဝန်ကြီး-ဘာတဲ့တုံး... (ဝိပဿနာသပါဘုရား)ရှင်းပြီနော် (ရှင်းပါပြီ)ပင်ကိုယ်သဘော ဟုတ်သေးရဲ့လား .... (မဟုတ်ပါ ဘုရား)။

ပင်ကိုယ်သဘော မဟုတ်ဘူးတဲ့၊ အဲဒီပင်ကိုယ်သဘောမဟုတ် တာကို ခင်ဗျားတို့စဲ့သမ်းမှုလာပြီ.... (မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

ပင်ကိုယ်သဘော မဟုတ်ဘာမြင်လို့ရှိယင် ဘာအမြင်ပါလိမ့် (စဲ့သမ်းမှုသာပါတယ်ဘုရား) စဲ့သမ်းမှုလာယင် နောက်ဘဝဖြစ်ရ မယ် .. (မှန်ပါဘုရား)။

နောက်စွဲလမ်းမှုလာယင်.... (နောက်ဘဝဖြစ်ရပါ့မယ်ဘုရား) စွဲလမ်းမှုမလာလို့ရှိယင် နောက်ဘဝ မဖြစ်ရပါဘူး .... (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ ဝိပဿနာကို ကျကျနန မျက်လုံးမှိတ်ပြီး ဉာဏ်နဲ့ ခန္ဓာကိုယ်ကို စိုက်ပါမှ ပင်ကိုယ်သဘောပေါ်တယ် (မှန်ပါ့ဘုရား)။

သဘောကျပလား ... (ကျပါပြီဘုရား) ဒါဖြင့် ပင်ကိုယ်သဘော ပေါ်ချင်လို့ရှိယင် မျက်လုံးမှိတ်ပြီး ဉာဏ်နဲ့ခန္ဓာကို စိုက်ပါမှ ဘာမြင်ရမတုံး.... (ပင်ကိုယ်သဘော ပေါ်ပါတယ်ဘုရား)။

ပင်ကိုယ်သဘောပေါ်ယင် အဲဒါ ဝိပဿနာ ရှုလို့ရပြီ .... (မှန်ပါ့)ပင်ကိုယ်သဘောမပေါ်လို့ရှိယင် ဝိပဿနာ ရှုလို့မရသေးပါဘူး (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဝိပဿနာ ရှုတဲ့အခါမှာ ခင်ဗျားတို့၊ခင်ဗျားတို့ ခန္ဓာဉာဏ် လှည့်တဲ့အခါမှာ မျက်လုံးမှိတ်ပြီး ကြည့်ယင် ကောင်းတယ်....(မှန်ပါ့ဘုရား)။

မျက်လုံးမှိတ်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် ခန္ဓာဆုပြောတယ်...(မှန်ပါ့)ခန္ဓာဟာ ယားလာလဲ ခြော — သူဝေဒနာလို့ပြောတယ်— (မှန်ပါ့ဘုရား)။

ယောကျ်ားမိန်းမကို သူမပြောဘူး.... (မှန်ပါ့)ကောင်းတာလဲ ခန္ဓာက ဝေဒနာလို့ဘဲပြောတယ် .... (မှန်ပါ့) ယောကျ်ားမိန်းမလို့မပြောဘူး... (မပြောပါဘုရား)။

ဥပေက္ခာဆိုတဲ့ လျစ်လျူရှုမှုဟာလဲ ခန္ဓာထဲမှာ မျက်စိ၊နား၊ နှာခေါင်းလျှာတို့မှာ ပေါ်လာလို့ ရှိယင် ကျုပ်ဟာ ဥပေက္ခာလို့ဘဲ သူကပြောလေ့ရှိတယ်....(မှန်ပါ့)ယောကျ်ား၊ မိန်းမလို့ ပြောလေ့မရှိဘူး....(မှန်ပါ့ဘုရား)။

အဲဒါကို ခင်ဗျားတို့မိအောင် ရှုလို့ မျက်လုံးမှိတ်ပြီး ကြည့်လိုက်လို့ ဩော်...ဝေဒနာကွန္ဓာကြီးဟာ ဖြစ်ပျက်သဘောကြီး သန်ါရအနိစ္စသဘောဘဲ၊ အစရှိသည်နဲ့ ခင်ဗျားတို့ မြင်လာလို့ ရှိယင်ဖြင့် မျက်လုံးမှိတ်ကြည့်လို့ ဝိပဿနာ မျက်လုံးနဲ့ မြင်ပြီဆိုမှဖြင့် အားလုံးမှတ်ထားပါ အစဲ့ပြုတ်တယ်...(မှန်ပါ့ဘုရား)။

တဏှာဥပါဒါန် အစဲ့ပြုတ်တယ်.... (မှန်ပါ့ဘုရား)အစဲ့ပြုတ်လို့ရှိယင်ဖြင့် နောင်ခန္ဓာပြုတ်ပါတယ်.... (မှန်ပါ့) နောင်ခန္ဓာရဦးမှာလား....(မရပါဘုရား)အစဲ့မပြုတ်လို့ရှိယင်ဖြင့် နောင်ခန္ဓာရမှာဘဲ....(မှန်ပါ့ဘုရား)။

ဒါကြောင့် အနာထပိုဏ်သူဌေးကြီး မမာနေတော့ ခန္ဓာငါးပါးတပါးပါးမှ မစဲ့နဲ့နော်၊ စဲ့ယင်နောက်ခန္ဓာ ရလိမ့်မယ်၊ ဒီအတိုင်းဟောတာဘဲ၊ ရှင်သာရိပုတ္တရာက.... (မှန်ပါ့ဘုရား)။

ရူပကွန္ဓာလဲမစဲ့နဲ့ ဝေဒနကွန္ဓာလဲမစဲ့နဲ့၊ယုတ်စ္ဒ အဆုံးဗျာမြင်ဘူးတာကိုလဲမစဲ့နဲ့၊ ကြားဘူးတာကိုလဲမစဲ့နဲ့၊ ကြားတာကိုလဲမစဲ့နဲ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် မြင်ဘူး၊ ကြားဘူး၊ တွေ့ဘူး၊ သိဘူးတာ တွေ့လဲဘာတုံး....(မစဲ့ရပါဘုရား)မစဲ့နဲ့ ဒါတွေ့အကုန် ဖြစ်ပျက်ရှုရမယ် (မှန်ပါ့ဘုရား)။

မြင်တာတွေကိုလဲ မြင်တဲ့ဆီလှမ်းပြီး သကာလ သြော်.... သူလဲအနိစ္စတွေဘဲ၊ ကြားတာကောင်းတာ ထင်လို့ရှိယင်လဲ အဲဒီ ကြားတဲ့အာရုံတွေလဲ ဖြစ်ပျက်သာ ရှုပစ်လိုက်....(မှန်ပါ့) နို့.... မဟုတ်ယင် စဲ့လိမ့်မယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဒါဖြင့် မြင်တာကြားတာတွေလဲဘာလုပ်ရမလဲ....((ဖြစ်ပျက် ရှုရပါ့မယ်ဘုရား)မရှုရင် ဘာဖြစ်မယ်ထင်သတုံး.... (စဲ့ပါတယ် ဘုရား)စဲ့လိမ့်မယ်...(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ရှင်သာရိပုတ္တရာက တကာကြီးကြားတာ၊မြင် တာ၊တွေတာတွေဘာဘာမှမစဲ့နဲ့၊ဘကုဉပါဒါန်နဲ့မစဲ့နဲ့.ဆိုပြီး ဟောလိုက်တယ်....(မှန်ပါ့ဘုရား)။

ယုတ်စွအဆုံး အရှုပလေးတုံလဲမစဲ့နဲ့၊အဲဒီလိုစဲ့လို့ရှိယင် စဲ့ဘဲ့ နေရာဖြစ်မှာဘဲ.... (မှန်ပါ့) သဘောပါပလား .... (ပါ-ပါပြီ ဘုရား)။

ဒါဖြင့် စဲ့တဲ့အာရုံကိုဘာလုပ်ကြမတုံး....(ဖြစ်ပျက်ရှုရပါ့မယ် ဘုရား)အကုန်အနိစ္စမြင်အောင် လုပ်ရလိမ့်မယ်.... (မှန်ပါ့) စဲ့တဲ့ အာရုံတွေကို အကုန်အနိစ္စဖြစ်အောင် လုပ်ရပါလိမ့်မယ် (မှန်ပါ့ ဘုရား)။

အဲဒီလို ရှင်သာရိပုတ္တရာက အနုဒထပိဏ် သူဌေးကြီး မမာ တုန်း အိမ်လာပြီးဟောတော့ အနာထပိဏ် သူဌေးကြီးက မစဲ့ရ ဘူးတဲ့.... (မှန်ပါ့)သူသိတယ်....(မှန်ပါ့ဘုရား)။

ဘယ်အာရုံမှမစ္ဆဲရဘူး၊ လူ့ပြည်နယ်ပြည် ဗြဟ္မာပြည် ကြားဘူး၊ မြင်ဘူး၊တွေ့ဘူးတဲ့ ပုဆိုး,အိုးကအစ မစ္ဆဲရဘူးတဲ့၊စ္ဆဲယင်စ္ဆဲတဲ့ နေရာမှာ ဖြစ်လိမ့်မယ်တဲ့ဆိုတော့ ပဋိစ္စသမုပ္ပါဒ်နဲ့လဲ မကိုက်ဘူးလား... (ကိုက်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်နဲ့လဲ ကိုက်တယ်... (မှန်ပါ့ဘုရား)။

ဒီလိုကြားရတော့ သူကမျက်ရည်တွေ လည်လာတယ်၊လူမမာက...(မှန်ပါ့) ရှင်အာနန္ဒာကလဲ ပါလာတယ်၊ ရှင်အာနန္ဒာနဲ့ ရှင်သာရိပုတ္တရာ အတူတူလာကြတာကိုး၊ ရှင်အာနန္ဒာက မေးလိုက်တယ်၊ ပစ္စည်းတွေနဲ့ ခွဲရမှာစိုးလို့ ငိုတာလား၊ ကုသိုလ်ဆုတ်ယုတ်တယ်ထင်လို့ ငိုတာထား၊ မေးလိုက်တယ်၊ ရှင်အာနန္ဒာက....(မှန်ပါ့ဘုရား)။

ပစ္စည်းတွေနဲ့ ခွဲရမှာစိုးလို့ ငိုတာလားမေးတော့ မဟုတ်ပါဘူးတဲ့၊ ကုသိုလ်တွေဆုတ်ယုတ်လို့လဲ တပည့်တော် ငိုတာမဟုတ်ပါဘူး၊ တပည့်တော်ဟာ နှစ်ပေါင်းသုံးလေးဆယ် တပည့်တော်ဆောက်ထားတဲ့ ဇေတဝန်ကျောင်းကို တနေ့နှစ်ခေါက်သုံးခေါက်ရောက်တယ်။ ကိုယ်တော်တွေက ဒါနတရားတွေချည်း ဟောကြတယ်၊ဒီတရားမျိုးကို မဟောပါဘူးတဲ့....(မှန်ပါ့ဘုရား)။

ဒီတရားက ဆရာဝန်ကြီးမှတ်ထား သုညတ-တရား သုညတဆိုတာ ပုဂ္ဂိုလ်သတ္တဝါပါသေးသလား....(မပါ-ပါဘုရား) ခန္ဓာငါးပါး ဝေဒနာဖြင့် ဝေဒနာ၊စိတ်ဖြင့် စိတ်ဆိုတော့ ပုဂ္ဂိုလ်သတ္တဝါပါသေးရဲလား.... (မပါ-ပါဘုရား)။

ဒီတရားမျိုးကို တပည့်တော် နှစ်ပေါင်းသုံးလေးဆယ်ကျော်ကို နေ့စဉ်ရောက်နေတဲ့ဥစ္စာ တပည့်တော်မနာရဘူးတဲ့.... (မှန်ပါဘုရား)။

ဒါက အလုံးစုံမစွဲနဲ့ဆိုတဲ့ တရားက ဥပါဒါန်ပြုတ်ပြီး ဥပါဒါန်တို့၏ ချုပ်ငြိမ်းရာဖြစ်တဲ့ အာသဝေါတရားတွေ၏ ကုန်ရာနိဗ္ဗာန်ပေါက်တဲ့တရားတဲ့ .. (မှန်ပါဘုရား)။

အာသဒဝါတရားတို့၏ ကုန်ရာ နိဗ္ဗာန်ရောက်တဲ့တရား၊ အဲဒါကိုပင် နှစ်ပေါင်းသုံးလေးဆယ် ဆွမ်းတကာ၊ ကျောင်းတကာ၊ ဘုရားကကာလုပ်ပြီး ဘုရားနဲ့ တွဲပြန်လဲ ဒါနအကြောင်း ဒီပြင် ရဟန္တာတွေနဲ့ တွဲပြန်လဲ ဒါနအကြောင်း၊ သီလအကြောင်း၊ ဒါလောက်သာဟောတယ်၊ သည်တရား သူမနာရဘူးတဲ့.... (မှန်ပါ)သေခါနီးမှနာရတယ်... (မှန်ပါဘုရား)။

သေခါနီးမှ နာရသတဲ့ တပည့်တော်က ဒါဝမ်းနည်းတယ်တဲ့ သည်တ·တရားကို သေခါနီးမှနာရတယ်လို့.... (မှန်ပါဘုရား)။

ဒီဟာမှ နိဗ္ဗာန်ကိုတခါတည်း အစွဲမရှိလို့ ရောက်မယ်ဆိုတာ ကာမုပါဒါန်·ဒိဋ္ဌုပါဒါန်တွေချုပ်ပြီး သကာလ နိဗ္ဗာန်ရောက်တဲ့တရားကို တပည့်တော် မနာရဘူးတဲ့၊ သောတာပန်ဖြင့် တည်ခဲ့ပါပြီ၊ သည်တ·တရားကို မနာရဘူး... (မှန်ပါ)ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဖြစ်ပျက်ရှုပါဆိုတဲ့ တရားကို မနာရဘူးတဲ့ ဒါကြောင့်တပည့်တော်က ငိုတာပါတဲ့၊ ပစ္စည်းတွေစွန့်ရမှာကြောင့် ငိုရတာမဟုတ်

ပါဘူးတဲ့၊ ဒီခန္ဓာကြီးစွဲလို့လဲ ငိုတာမဟုတ်ပါဘူးတဲ့၊ သုညတ တရားကို နှစ်ပေါင်းများစွာနေပြီး မနာခဲ့ရတဲ့ အတွက် တပည့် တော်ဝမ်းနည်းလို့ ငိုတာ ဒီလိုပြောတော့ တကာကြီးတဲ့ ဒီသုညတ တရားဆိုတာ ရုပ်ဖြစ်ပျက်၊ နာမ်ဖြစ်ပျက်၊ ဝေဒနာဖြစ်ပျက်၊စိတ် ဖြစ်ပျက်၊ ဖြစ်ပျက်ရှုယင် ဥပါဒါန် ချုပ်တယ်ဆိုတဲ့ တရားဟာ တွေ့ဘူး ကြုံဘူး တယ်လို့တောင် မစွဲနဲ့၊ ရှု-ဆိုတဲ့တရား လူတွေ ဟောလို့ တော်ပါ့မလား။

လူတွေဟောလို့ မတော်ဘူးတဲ့၊ လူဟာ သားမယားများလဲ ခင်ရဲ့မင်ရဲ့တန်းလန်း ပစ္စည်းဥစ္စာတွေလဲ ခင်မင်မှု တန်းလန်း၊ စွဲလန်းမှုတန်းလန်းပေါ့ဗျာ(မှန်ပါ့ဘုရား)။

အဲဒီတော့ သူ့ကိုတဲ့ ဒီသုညတ-တရားဟောလို့ မတော်ဘူးတဲ့ ထောင်နိုင်တဲ့နားရှိမှာမဟုတ်ဘူးတဲ့(မှန်ပါ့)သဘောပါကြပလား (ပါ-ပါပြီဘုရား)။

ထောင်နိုင်တဲ့နား ရှိမှာမဟုတ်ဘူးတဲ့၊ အနာထပိုဏ် သူဌေး ကြီးက သေခါနီးမှပြောတယ်.... (မှန်ပါ့ဘုရား)။

အရှင်ဘုရား....တဲ့၊ အရှင်ဘုရား အခုပြောလိုက်တဲ့ စကားလဲ မှန်ပါ့တယ်...တဲ့၊ သို့သော် တပည့်တော် တောင်းပန်ပါရစေတဲ့ (မှန်ပါ့) တောင်းပန်ပါရစေဆိုတာနဲ့ ကဲ....ပြောတာပေါ့လို့ ဆိုတော့ လူတွေဟာ အမျိုးမျိုးရှိတယ်....(မှန်ပါ့)။

လူဟာ အမျိုးမျိုးရှိတယ်၊ လူတမျိုးတည်းရှိတယ်လို့ ယူလို့ မရဘူး....(မှန်ပါဘုရား) အချို့သော ပုဂ္ဂိုလ်မှာ ဉာဏ်ပေါ်မှာ ကိလေသာ အညစ်အကြေးဖုံးနေတာ အများကြီးဖုံးတဲ့ ပုဂ္ဂိုလ်

ရှိတယ်.... (မှန်ပါ!) အချို့.အချို့.သော ပုဂ္ဂိုလ်မှာ ဥာဏ်အမြင်ပေါ်မှာ ကိလေသာ နည်းနည်းဖုံးနေတာရှိတယ်.... (မှန်ပါ! ဘုရား)။

လူဟာ အမျိုးမျိုးရှိတယ်... တဲ့၊ဥာဏ်မျက်လုံးပေါ်မှာ ကိလေသာ အများကြီးဖုံးတဲ့ပုဂ္ဂိုလ် တမျိုး၊ ဥာဏ်မျက်လုံး ပေါ်မှာ ကိုးလေသာ နည်းနည်းသာ ဖုံးနေတာ ဖွင့်ပေးမည့်သူမရှိလို့သာ မဖွင့်ရတာ၊ အဲဒီလို ပုဂ္ဂိုလ်လဲ ရှိပါတယ်....တဲ့....(မှန်ပါ!ဘုရား) အဲဒီတော့ ဒီသူဉာတတရားဆိုတာ နက်နဲပါတယ်....တဲ့၊ ဒါတွေ ဖြစ်ပျက်ရှုရတယ်ဆိုတာ နက်နဲတဲ့တရားပါ...တဲ့။

အဲဒီတော့ကို ဥာဏ်ပေါ်မှာ ကိလေသာ အညစ် အကြေး လောဘ-ဒေါသ-ဓမောဟ-ဣဿာ မစ္ဆရိယဆိုတဲ့ ကိလေသာ အညစ် အကြေး အများကြီးဖုံးတဲ့ ပုဂ္ဂိုလ်အတွက်တော့ အရှင်ဘုရားတို့ သြော်....ဒီလူဟာ ကိလေသာများလို့ သူဉာတဘရား မဟော်ဘူးဆိုတာတော့ တပည့်တော်တို့ ကျေနပ်ပါတယ်...တဲ့... (မှန်ပါ! ဘုရား)။

ဥာဏ်ပေါ်မှာ ကိလေသာ နည်းနည်း ဖုံးနေတဲ့ ပုဂ္ဂိုလ်တွေ ဒီဘရားကို မနာခံလို့ရှိယင် ကျွတ်မည့်ပုဂ္ဂိုလ် မကျွတ်ရဘူးဘုန်း (မှန်ပါ!) နိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ်ဟာ.... (မရောက်တော့ပါဘုရား)။

မရောက်ဘော့ဘဲ ဖြစ်သွားပါမယ်...တဲ့၊ ဒါ့ကြောင့် အရှင်ဘုရားတို့ ဟောတဲ့ တရားသည် တကာကြီး လူတွေကို ဒီတရားဟောသို့ လူတွေဟာ သားရေး,သမီးရေး,စီးပွားရေးနဲ့ ကိလေ

သာ မြူများနေတဲ့ပုဂ္ဂိုလ်ကို ဒီတရားဟောလို့ တော်ပါ့မည်လား၊ ဒါ့ကြောင့် မဟာဘူးလို့ ပြောတဲ့ဥစ္စာ အရှင်ဘုရားပြောတာက ကိုလေသာများတဲ့ပုဂ္ဂိုလ်ပြောဘာပါ.... (မှန်ပါ့) လူတိုင်း ကိလေသာများနေတယ်လို့ ဆိုလို့ မရဘူး-တဲ့.... (မှန်ပါ့ဘုရား)။

ကိုးလသာနည်းနည်းကလေး ဖုံးနေတဲ့ပုဂ္ဂိုလ်မှာ ဒီ-သုညတတရား မနာရလို့ မပွင့်ဘဲနဲ့ ဖုံးလျက် သေသွားမယ် ဆိုယင် နစ်နာပါတယ်....တဲ့....(မှန်ပါ့)။

ဒါ့ကြောင့် အရှင်ဘုရား ဒီတရားကို မဟာဘဲ မရှိပါနဲ့တဲ့ (မှန်ပါ့) သဘောကျပလား....(ကျပါတယ်ဘုရား)။

ဒီတရားကို မဟောဘဲမရှိပါနဲ့....တဲ့၊ ဒါမဟောလို့ရှိယင် ဥပါဒါန်မချုပ်ဘူး၊ မချုပ်လို့ရှိယင် နိဗ္ဗာန်မရဘူး.... (မှန်ပါ့) ရပါ့မလား... (မရပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ အရေးအကြီးဆုံးတရား ဒီတရားပဲမှာ အခုမှတ်နေကြတာ သုညတဖြစ်ဘို့ အရေးကြီးပါတယ်... (မှန်ပါ့) သုညဘဆိုတာ ဟောဒီလဲဖြစ်ပျက်၊ ငါ့ကိုယ်,ငါ့ဟာ မဟုတ်ဘူး... (မှန်ပါ့) ဒီဟာလဲ ဖြစ်ပျက်၊ ငါ့ကိုယ်, ငါ့ဟာ မဟုတ်ဘူးဆိုပြီး ဒါတွေဟာ ဖြစ်ပျက်မြင်လို့ရှိယင် ဆရာဝန်ကြီးတို့, မောင်ဘတုတ်တို့ သုညတသာ မှတ်ပေတော့...(မှန်ပါ့) ငါဥစ္စာမဟုတ်လို့ ပျက်တာကိုးဗျ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဖြစ်ပျက်မြင်ယင် ဘယ့်နှယ်ဆိုကြမလဲ သုညတဆိုက်တယ်.... (မှန်ပါ့သုညတဆိုက်ပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဖြစ်ပျက်မြင်ယင်....(သုညတဆိုက်ပါတယ်ဘုရား)။

အဲ...အဲဒီ သုညတတရားဟာ ကိလေသာနည်းတဲ့ ပုဂ္ဂိုလ်မှာ ဟောလိုက်လို့ ရှုလိုက်လို့ရှိယင် တခါတည်း ဥပါဒါန်ပြုတ်ပြီး နိဗ္ဗာန်ရောက်တာဘဲ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ကိလေသာများတဲ့ပုဂ္ဂိုလ် မဟောချင်နေပါ....တဲ့၊ ကိလေသာ နည်းတဲ့ ပုဂ္ဂိုလ်မှာတော့ သုညတတရားကို ဟောရမယ်....တဲ့၊ ဒါမှ နိဗ္ဗာန်ဆိုက်မှာ....(မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီ ဘုရား) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

အဲဒီလို ပြောဆိုပြီးသကာလ ဒီနေ့တရားမှာ အခု နာရီက စေ့တော့မယ် ဘာ ဆုံးဖြတ်ချက်ချပေးမလဲ၊ အနာထပိဏ်သူဌေး ကြီး ဝတ္ထု မကုန်ပါဘူး၊ ဒီနေ့ ခင်ဗျားတို့ ဘာမှ မစ္ဆဲအောင် ဘယ့်နှယ် လုပ်မတုံး.... မေးလို့ရှိယင် ဘယ်အာရုံမဆို စ္ဆဲမည့် အာရုံတွေကို အနိစ္စ,ဒုက္ခ,အနတ္တ မြင်အောင်ကြည့်ပါ- (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့်.... ဖြစ်ပျက်ဆိုယင် မဂ်လာမယ် *၊ မဂ်လာယင် ဥပါဒါန်ချုပ်မယ်....(မှန်ပါ့) ဥပါဒါန်ချုပ်လို့ရှိယင် ဥပါဒါန နိရောဓော နိဗ္ဗာနံ...တဲ့.... (မှန်ပါ့) တဏှာ နိရောဓေါ နိဗ္ဗာနံ- ဥပါဒါနနိရောဓေါ နိဗ္ဗာနံဆိုဘာ မရပေဘူးလား....(ရပါတယ် ဘုရား) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

---

*ဝိပဿနာမဂ်မှ လောကုတ္တရာမဂ်အထိယူပါ။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အာမရပူရမြို့ မဂ်လာတိုက်၌ ဟောကြားတော်မူအပ်သော
သုညတ ဒေသနာတော်
"အနာထပိဏ္ဍ ကောဝါဒသုတ် (၂)"

နွေအလုပ်ပေးတရားတော်

၂၉- ၉- ၆၁

မြတ်စွာဘုရားက သာဝတ္ထိပြည် ဇေတဝန် ကျောင်းမှာ သီတင်း သုံးဘယ်....၊ ရှင် သာပုတ္တရာ- ရှင် အာနန္ဒာ တို့ကလဲ ဒီကျောင်းမှာဘဲ နေကြတယ်။ ကျောင်းတကာ အနုာထပိဏ် သူဌေးဟာ တခန့ ကျောင်းကို နှစ်ခေါက်သုံးခေါက် ရောက်တယ်....။

ကျောင်းမှာ ဘုရားနဲ့တကွ သူနဲ့အကျွမ်းဝင်တဲ့ရဟန်းသံဃာတွေ အမျိုးမျိုးရှိကြဘယ်၊ ဒါနအခြောင်းဘဲ အများဆုံး ဟောသေ့ရှိတယ်၊ တကာကြီးလုပ်နေတဲ့ အလုပ်တွေဟာ အင်မတန်ကောင်းတယ်၊ ဘုရားကလဲ ဘုရားမဖြစ်ခင် ဒါနတွေလုပ်ခဲ့တယ်၊ ဒါ့ကြောင့်မို့ ဘုရား၏ခြေရာကို လိုက်ပြီးသကာလ အလုပ်-လုပ်တယ်၊ အဲဒါကြောင့် တကာကြီး လုပ်တဲ့အလုပ်ကို အားလုံးကဘဲ ဝမ်းသာကြဘယ်-နှစ်သက်ကြဘယ်....စသည်နဲ့ ဒါနကိုဘဲ

ဦးစားပေး၍ ချီးမွမ်းဖောကြားတယ်လို့ မှတ်နေကြရမယ်.... (မှန်ပါ့)။

တနေ့သွားပြန်လဲ ဒီလိုဘဲ...၊ မနက် သွားပြန်လို့ ရှိယင်လဲ ယောဂီတွေဘာတွေ ယူသွားတာဘဲ၊ နေ့လယ်သွားပြန်လို့ ရှိယင်လဲ ပန်းစသည် ယူသွားတယ်....၊ ညနေ သွားပြန်လို့ ရှိယင်လဲ စတုမဓူ စသည် ယူသွားတာဘဲ၊ တနေ့ နှစ်ခေါက်, သုံးခေါက် မရောက်တဲ့နေ့ကရှားတယ်....(မှန်ပါ့)။

ကျောင်းတွေလဲ လှည့်ဝင်တာဘဲ၊ လှည့်ဖြတ်ဝင်လို့ရှိယင် ဒါနကထာ, သီလကထာ,ဓလောက်ဘဲ ဘုရားနဲ့တကွ ရဟန်းတွေက ဟောလေ့ ပြောလေ့ရှိတယ်၊ သောတာပန်ကတော့ဖြင့် သူဟာ ဘုရားနဲ့ တွေ့-တွေ့ချင်း တည်ခဲ့တဲ့ပုဂ္ဂိုလ်ပါဘဲ.... (မှန်ပါ့ဘုရား)။

တနေ့သဒ္ဓါကျတော့ ဒီအနာထပိဏ်သူဌေးကြီးဟာ ကျောင်းမသွားနိုင်အောင်ဘဲ မမာလာတယ်....(မှန်ပါ့) ကျောင်းမသွားနိုင်အောင် မမာပြီးသကာလ... လာတဲ့အတွက် သူ့အနားမှာရှိတဲ့ အခိုင်းအစေတယောက်ကို ခေါ်တယ်။

ဇေတဝန်ကျောင်းကို သွားစမ်းပါဦး... ငါတော့ မသွားနိုင်တော့ဘူး၊ ဘုရားကိုလဲ ငါက ရှိခိုးလိုက်တယ်လို့ လျှောက်ပါကွာ....အနာထပိဏ်သူဌေးကြီးမှာ ဝေဒနာအင်မတန် ပြင်းထန်နေတယ်လို့ လျှောက်ခဲ့.... ပြီးတော့မှ ရှင်သာရိပုတ္တရာဆီသွားကွ-သူ့အခိုင်းအစေကို မှာနေတယ်....(မှန်ပါ့ဘုရား)။

ရှင်သာရိပုတ္တရာဆီသွားပြီး ရှင်သာရိပုတ္တရာကိုလဲ မမာတဲ့အကြောင်းကို လျှောက်ကွ၊ လျှောက်ပြီး အိမ်သို့ခေတ္တကြွဘို့ကိုလဲ မင်း သေသေချာချာလျှောက်ပါဆိုပြီး သူ့အခိုင်းအစေကို လွှတ်လိုက်ပါတယ်။

ထိုကဲ့သို့လှတ်လိုက်တော့ သူ့အခိုင်းအစေကလဲတလုံးတပါဒ မကျွန်အောင် အစဉ်အတိုင်း လုပ်ပါတယ်....(မှန်ပါ့ဘုရား)။

ဒီတော့ ရှင်သာရိပုတ္တရာက တပါးတည်းသွားလဲ မကောင်း ပါဘူးကွာ၊ အာနန္ဒာလိုက်ခဲ့ပါဦးဆိုပြီး သကာလ ဆရာဝန်ကြီး ရှင်အာနန္ဒာနဲ့တကွ သူတို့သွားကြတယ်.... (မှန်ပါ့ဘုရား)။

သွားကြတဲ့အခါကျတော့ ထုံးစံအတိုင်းဘဲ မေးတယ်၊ တကာ ကြီး ဝေဒနာတွေ ရှိ့တက် သလား၊ နောက်ဆုတ် သလား၊ မေးလိုက်တယ်၊ အရှင်ဘုရား တပည့်တော် ဝေဒနာက ရှိ့သာ တက်ဘယ်ဘုရား၊နောက်မဆုတ်ပါဘူး၊ ဥပမာပြောရမယ် ဆိုလို့ ရှိယင် တပည့်တော်ခေါင်းကို စူးကလေးနဲ့ တိုးသလို အင်မတန် မှဘဲ ခေါင်းကိုက်တဲ့ ဝေဒနာကြီးကျယ်ခမ်းနားတာဘဲ၊ ရှိ့သို့ သာတိုးတယ်၊ နောက်မဆုတ်ပါဘူး၊ ဒီအတိုင်း ပြောတယ် .... (မှန်ပါ့ဘုရား)။

ဝမ်းထဲမှာလဲဘုရား သားလှီးခါးကလေးနဲ့ မွှေလိုက်သကို ဘဲ၊ လေနာတွေကလဲ သိပ်ပြင်းပြတာဘဲ၊ ဒါကြောင့် ဝေဒနာ ရှိ့သာတိုးတယ်၊ နောက်မဆုတ်ဘူးဆိုတဲ့ဥစ္စာ တပည့်တော်ဖြင့် အမြဲတွေ့နေရတာပါဘဲ။

ကိုယ်ကလဲပူလိုက်တာ အားကောင်းတဲ့ လူနှစ်ယောက်က တပည့်တော် လက်မောင်းနှစ်ခုကို ကိုင်ပြီး မီးဖိုမှာကင်သလိုဘဲ၊ တပည့်တော် ခန္ဓာကိုယ်မှာဖြင့် အပူတွေဟာ အကုန်ဘဲ မီးကင် ထားသလို ပူနေပါတယ်။

ဒါကြောင့် ရှေ့သာ တိုးတယ်၊ နောက် မဆုတ် ပါဘူးလို့ ဆိုတော့ ရှင်သာရိပုတ္တရာက အကဲခတ်တယ်၊ ဩော်....ဒီဝေဒနာသည် ပျောက်ဦးမည့် ဝေဒနာလား။

သို့မဟုတ် ဒါနဲ့ဘဲ စုတေ စိတ်ကျမှာ လားလို့ သူအကဲခတ်တယ်။ အကဲခတ်တဲ့အခါကျတော့ ပရစိတ္တ ဝိဇာနန အဘိညာဏ်နဲ့ အမျိုးမျိုး အဖုံဖုံ ကြည့်လိုက်တဲ့ အခါမှာ ဒီဝေဒနာနဲ့ဘဲ၊ သေမှာဘဲလို့ သိတယ်....(မှန်ပါဘုရား)။

ဒါဖြင့် ဒီဝေဒနာနဲ့ သေမည့်အတူတူဖြင့် တခြားစကားတော့ ပြောနေယင် အပိုဘဲ၊ တရားဟောရယင် ကောင်းမယ်လို့ စိတ်မှာ ပေါ်ပေါက်လာတယ်.... (မှန်ပါဘုရား)။

ဒါကြောင့် ဝေဒနာရှင်ကို ခင်ဗျားတို့ တွေ့ဘူး ကြုံဘူးတဲ့ အခါကလို့ ရှိယင် ကိုယ့်ဆွေမျိုး ဉာတကာ အလုံးစုံအကုန်ရှိကြလို့ ရှိယင် လူမမာနားသွားပြီး တခြားစကားတွေ ပြောဘို့မလိုဘူး၊ တရားနဲ့ ပတ်သက် တာသာ ဆိုဆုံးမဘို့ ဆရာ ဝန်ကြီးတို့ မောင်ဘတုတ်တို့လိုသပေါ့....(မှန်ပါဘုရား)။

မသိမသာဟောရတယ်၊ သေလိမ့်မယ်ထင်လို့ ဟောတဲ့ အဟောမျိုးကျတော့ လူမမာကြောက်တတ်တယ်....(မှန်ပါ့) မသိမသာ သူလဲမသိအောင် တရားလဲဖြစ်အောင် ဒါကိုပြောရမယ် (မှန်ပါဘုရား)။

ဒါနဲ့ ရှင်သာရိပုတ္တရာက တကာကြီး ခင်ဗျား တရား နားထောင်စမ်းပါဆိုပြီး ဟောလိုက်တယ်(မှန်ပါ့) ခင်ဗျားမှာခန္ဓာငါးပါးရှိတယ်။

ရူပက္ခန္ဓာ၊ဓဝဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ခန္ဓာငါးပါးရှိတယ်လို့ ပြောလိုက်တယ်၊ဒီခန္ဓာငါးပါးကို တဏှာနဲ့လဲမစဲနဲ့ ငါ့ခန္ဓာရယ်လို့ တဏှာနဲ့လဲမစဲဘူး။

ဒီခန္ဓာအကြောင်း အရင်းခံပြီး မာနလဲမတက်ဘူး၊ ဒီခန္ဓာကိုယ် ခင်မင်မှုရှိတဲ့ တဏှာလဲမလာဘူး၊ တဏှာမာန ဒိဋ္ဌိမလာဘူး၊ (မှန်ပါ့ဘုရား)။

ဤကဲ့သို့ မစဲသမ်းလို့ရှိယင်ဖြင့်တဲ့ တဏှာပြုလုပ်တဲ့ နောက်ခန္ဓာ၊ မာနပြုလုပ်တဲ့ နောက်ခန္ဓာ၊ ဒိဋ္ဌိပြုလုပ်တဲ့ နောက်ခန္ဓာမလာဘူးတဲ့....(မှန်ပါ့ဘုရား)။

ဒီခန္ဓာကိုယ် ယခုဘဝ၌ တဏှာနဲ့လဲမစဲမခင် မာနနဲ့ယဲ့မဘက်ကြ၊ ဒိဋ္ဌိနဲ့လဲ ငါ့ဥစ္စာလို့ မလုပ်သို့ရှိယင်ဖြင့် တဏှာလုပ်ဘဲ့ဟိုဘက်က လူ့ခန္ဓာ၊ နတ်ခန္ဓာမလာပါဘူး၊ အပါယ်ခန္ဓာလဲမလာပါဘူး၊ ဘာခန္ဓာမှမလာပါဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီခန္ဓာကို တဏှာမာနဒိဋ္ဌိနဲ့ မစဲလို့ရှိယင် နောက်ခန္ဓာမလာဘူး(မှန်ပါ့)အဲဒါ မှတ်ထားကြပါ...(မှန်ပါ့ဘုရား)။

ဒီခန္ဓာကို သေခါနီးဦးဂုဏ်း၊ ယခုအခါဦးဂုဏ်း၊ တဏှာနဲ့လဲမခင်ကြ၊ ဒိဋ္ဌိနဲ့လဲ ငါ့ကိုယ် ငါဟာ မလုပ်ကြဘူး ဆိုလို့ရှိယင်ဖြင့် တဏှာနဲ့ပတ်သက်တဲ့ ခန္ဓာလဲမလာဘူး၊ ဒိဋ္ဌိနဲ့ပတ်သက်တဲ့ခန္ဓာလဲမလာဘူး၊မာနနဲ့ပတ်သက်ပြီး သကာလ လုပ်တဲ့အပါယ်ခန္ဓာတွေကော ဆရာဝန်ကြီးတို့ မောင်ဘတုတ်တို့လာပါ့မလား(မလာပါဘုရား)။

ဘယ်နှယ်ကြောင့်မလာသတုံး၊ လက်ရှိခန္ဓာမစဲလို့ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)နောက်က တကာတကာမတွေ ဘာတဲ့တုံး... (လက်ရှိခန္ဓာမစဲလို့ပါဘုရား)။

ခင်ဗျားတို့ သေကြဦးမယ်၊ ဘုန်းကြီးတို့ အားလုံး သေကြမည့် ပုဂ္ဂိုလ်ဘေ့ စုနေကြဘာဘဲ၊သေကြမည့် ပုဂ္ဂိုလ်တွေစုနေကြတာကို လက်ရှိခန္ဓာကြီးကို မစဲတဲ့နည်းလုပ်ရမယ် .... (မှန်ပါဘုရား)။

မစဲတဲ့နည်းဆိုတာ အသုံးမကျမှန်းသိယင် မစဲပါဘူး ... (မှန်ပါ့)ဒီတကာတကာမတွေက ခန္ဓာကြီးက အသုံးကျတယ်လို့ ထင်နေလို့ရှိယင် စဲမယ်.... (မှန်ပါ့)စဲယင် နောက်ခန္ဓာရမယ်... (မှန်ပါဘုရား)။

ဒါဖြင့် အနာထပိဏ်သူဌေးကြီးကို ရှင်သာရိပုတ္တရာက ဟောနေတယဲ၊ "နုရူပ ဉပါဒိယိသာမိ၊နစမေ ရူပနိသိ တံ၊ဝိညာဏ ဘဝိသာမိ" ယခုခန္ဓာကြီးကို မစဲယင် နောက်ခန္ဓာမရဘူး၊ ယခုခန္ဓာစဲယင် နောက်ခန္ဓာ ...)ရမှာပါဘုရား) ဒါဖြင့် အစဲကြောင့် ခန္ဓာဖြစ်ဘာ .. (မှန်ပါဘုရား)။

တဏှာမာန ဒိဋ္ဌိအစဲကြောင့် ခန္ဓာဆက်ဆက်-ဆက်ဆက်ပြီး သကာလ ရကြတာ ဘယ်အကြောင်းပါလိမ့်မတုံးဆိုတာကိုအနာထပိဏ်သူဌေးကြီးကို ရှင်သာရိပုတ္တရာက ဟောနေတယ် (မှန်ပါ့ဘုရား)။

လက်ရှိခန္ဓာကို စဲပြန်ယင် နောက်ခန္ဓာရပြန်တယ်.... (မှန်ပါ့) နောက်ခန္ဓာကို နောက်တဏှာမာန ဒိဋ္ဌိက စဲပြန်ယင် နောက်ခန္ဓာရဦးမှာဘဲ....(မှန်ပါဘုရား)။

ဒါဖြင့် နောက်ခန္ဓာ ရတိုင်း ရတိုင်း သံခိတ္တေန ပဉ္ဇုပါ ဒါနက္ခန္ဓာ ဒုက္ခာ ဆိုတဲ့ အတိုင်း ဒုက္ခသစ္စာကြီး ရနေတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာ စက်ရဟတ် လည်နေ တာဟာ အကြောင်းတခု တွေ့ပါပြီတဲ့၊ ခင်ဗျား တို့နော်.... (မှန်ပါ့)လက်ရှိခန္ဓာကို စဲ့လို့ လည်တာ(မှန်ပါ့ဘုရား)။

ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား) ဘယ်ဟာပါလိမ့်.... (လက်ရှိခန္ဓာစဲ့လို့ လည်တာပါဘုရား)။

ဩော်.... လက်ရှိခန္ဓာစဲ့ယင် နောက်ခန္ဓာရတယ်၊ တခါရတဲ့ ခန္ဓာကို တဏှာမာန ဒိဋ္ဌိစဲ့ပြန်ယင် နောက် အနာဂတ် ခန္ဓာကို ရ-မရ....(ရပါတယ်ဘုရား) ဒါဖြင့် ခန္ဓာစက် လည်မယ်ဆိုတဲ့ဥစ္စာ သေချာကြပလား - (သေချာပါပြီဘုရား)။

ခန္ဓာစက် လည်တယ်ဆိုတာဘာတုံး၊ အိုနာသေလှည့်တာ.... (မှန်ပါ့)ဒီအိုနာသေပြီး၊ ဟို....အိုနာသေရတယ် .... (မှန်ပါ့) ဟို... အိုနာသေပြီး၊ ဟို....အိုနာသေရတယ် - (မှန်ပါ့ဘုရား)။

ဒါခင်ဗျားတို့ အခုအနာထပိဏ်သူဌေးကြီးကို ရှင်သာရိပုတ္တရာက ဟောနေတဲ့အတွက် ဩော်...ဒါလိုရင်းပါလား (မှန်ပါ့) လက်ရှိခန္ဓာမစဲ့မှုအလုပ်ဟာ အရေးအကြီးဆုံးသောအလုပ်ဘဲလို့ သေသေချာချာမှတ်ပါ - (မှန်ပါ့ဘုရား)။

လက်ရှိခန္ဓာ မစဲ့တဲ့အလုပ်ဟာ (အရေးအကြီးဆုံးပါဘုရား) ဒါကြောင့် လက်ရှိခန္ဓာမစဲ့အောင် ခင်ဗျားတို့ ဘယ့်နှယ်လုပ်မလဲ

လို့ အခုဘရားနာနေတဲ့ ပုဂ္ဂိုလ်တွေကို မေးလို့ရှိယင်ဖြင့် လက်ရှိခန္ဓာ၏ပင်ကိုယ်သဘောကိုသာကြည့် မစွဲချင်လို့ရှိယင် နော်... (မှန်ပါ့ဘုရား)။

လက်ရှိခန္ဓာ၏ ပင်ကိုယ်သဘောကို ကြည့်လိုက်လို့ ရှိယင်ဖြင့် ဥာဏ်မျက်လုံးနဲ့ သာကြည့် ဆရာန်ကြီး (မှန်ပါ့ဘုရား)အနိစ္စတွေမယ်၊ ဒုက္ခတွေမယ်၊ အနတ္တတွေမယ်၊ အသုဘ တွေမယ်၊ ဒုက္ခသစ္စာတွေမယ်....(မှန်ပါ့ဘုရား)။

အဲဒါတွေအောင် ရှာနိုင်လို့ရှိယင်တော့ဖြင့် တွေအောင်ရှာနိုင်တာက သမ္မာဒိဋ္ဌိ မျက်လုံးနဲ့ရှာရမှာ (မှန်ပါ့) သမ္မာဒိဋ္ဌိ မျက်လုံးနဲ့ ခင်ဗျားတို့ ရှာနိုင်လို့ရှိယင် ခုနင်က တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲရှိဦးမလား.... (မရှိတော့ပါဘုရား)မရှိလို့ရှိယင်ဖြင့် အစွဲမရှိသောကြောင့် နောက်ကခန္ဓာဖြစ်ပါဆိုလို့ ဖြစ်ဦးမလား (မဖြစ်ပါဘုရား)။

ဒါကြောင့် နရူပံ ဥပါဒိယိဿာမိ (ပ) ဘဝိဿာမိ၊ နောက်ဝိညာဏ် မဖြစ်ပါဘူးတဲ့... (မှန်ပါ့) ရူပံ၊ရုပ်ကို။နဥပါဒိယိဿာမိ၊ မစွဲလမ်းသည်ဖြစ်အံ့၊ ရူပနိဿိတံ၊ ရုပ်ကိုမှီသော၊ ဝိညာဏံ၊ နောက်ပဋိသန္ဓေ ဝိညာဏ်သည်၊ နဘဝိဿာမိ၊ မဖြစ်ပါလတ္တံ့တဲ့ (မှန်ပါ့)ဒါရှင်သာရိပုတ္တရာက ဟောတာ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့နေ့တိုင်း ဒီဘကာ တကာမ တွေကို ဆုံးမသွန်သင်နေတာဟာ ဩော်....ဥပါဒါန်ဖြတ်နေတာကိုး .... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဘာဖြတ်နေတာလဲ....(ဥပါဒါန် ဖြတ်နေတာပါဘုရား)ဥပါဒါန် ဖြတ်နေတယ်ဆိုတဲ့ ဥစ္စာ ခင်ဗျားတို့ ဝိပဿနာ ရှုနေတာဟာ ဥပါဒါန်ကို ပါးအောင်လုပ်တယ်၊ ဥပါဒါန်ကိုပြတ်အောင်လုပ်တယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ပါလိမ့်မတုံး၊ နောက်ခန္ဓာမလာအောင်လို့....(မှန်ပါ့) အခုစွဲနေတာက သမုဒယသစ္စာ၊ နောက်ခန္ဓာက ဒုက္ခသစ္စာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခုစွဲနေတာက....(သမုဒယသစ္စာပါဘုရား) နောက်ခန္ဓာက (ဒုက္ခသစ္စာပါဘုရား) အဲ အခုအခု သမုဒယ ချုပ်လို့ ရှိယင် ခင်ဗျားတို့ နောက်ဒုက္ခမရဘူး (မရပါဘုရား)။

အခုခန္ဓာကိုစွဲလမ်းနေလို့ ရှိယင်ဖြင့် နောက်ခန္ဓာ စက်ရဟတ်ကြီးဟာ သည်လာမှာတဲ (မှန်ပါ့) သတော်ကျပလား .... (ကျပါပြီဘုရား)။

အဲဒါ....နောက်ခန္ဓာ ကြောက်တဲ့ ပုဂ္ဂိုလ်သည် ယခု ခန္ဓာကို အနိစ္စမြင်အောင်ကြည့်ပါ၊ ဒုက္ခမြင်အောင်ကြည့်ပါ၊ အနတ္တ မြင်အောင် ကြည့်ပါ၊ အသုဘမြင်အောင်ကြည့်ပါ၊ တခုခုပေါ့ဗျာ.... (မှန်ပါ့)။

ဟာ....ဒါဖြင့် တပည့်တော် မြောနုပဿနာဖြစ်တဲ့ ဒုက္ခသစ္စာကို သူ နှိပ်စက် ယုံကြည်မယ် ဆိုလို့ ရှိယင်လဲ ဆရာဝန်ကြီးတို့-မောင်ဘတုတ်တို့ ကြည့်ပေတော့.... (မှန်ပါ့) ထိုကဲ့သို့ ကြည့်လို့ ရှိယင် တဏှာ,မာန,ဒိဋ္ဌိနဲ့စွဲသေးရဲ့လား.... (မစွဲပါဘုရား) မစွဲယင် နောက်ခန္ဓာ....(မရတော့ပါဘုရား)။

ဒါ့ကြောင့်နဝေဒနံ ဥပါဒိယိဿာမိ၊နစမေ ဝေဒနာနိဿိတံ၊ ဝိညာဏံ ဘဝိဿတိ၊ ဝေဒနာမစ္ဆဲယင် ဝေဒနာကွန္ဓာ မရဘူး၊ သညာမစ္ဆဲယင် သညာကွန္ဓာမရဘူး.... (မှန်ပါ့) သခ်ါရမစ္ဆဲလို့ ရှိယင် နောက်သခ်ါရကွန္ဓာ....(မရပါဘုရား)အခု ဝိညာဏကွန္ဓာ မစ္ဆဲယင် နောက်ဝိညာဏကွန္ဓာ....(မရပါဘုရား) ဒါ...ရှင်သာရိ ပုတ္တရာက ဟောနေတာ....(မှန်ပါ့) ဝိပဿနာဘဲ ဟောတယ်လို့ မှတ်ရမယ်....(မှန်ပါ့) ဘာဟောတယ်...(ဝိပဿနာဟောပါတယ် ဘုရား) ဝိပဿနာမှ ဒုက္ခပြတ်တယ်ဆိုတာ ပေါ်သွားတယ်.... (မှန်ပါ့ဘုရား)။

ဝိပဿနာမှ.... (ဒုက္ခပြတ်ပါတယ်ဘုရား) ဒုက္ခပြတ်တယ်ဆိုတာ သိတော့ကို ဩော်....သူသည်ကားလို့ ဆိုယင် သမုဒယ ချုပ်သိမ်းပါလား မှတ်ရမယ်...(မှန်ပါ့)။

ဒီ....ဝိပဿနာတွေနဲ့ ဒါတွေကို ဖြစ်ပျက်တရားတွေကို မြင်ကြလို့ရှိယင် မဂ်ဝင်လာတဲ့အတွက် တဏှာ,မာန,ဒိဋ္ဌိ ချုပ်တယ်.... (မှန်ပါ့) တဏှာ,မာန,ဒိဋ္ဌိ ချုပ်တဲ့အတွက် အနာဂတ် ခန္ဓာတွေ ဘယ်ခန္ဓာမှ မလာဘူးဆိုတာ မှတ်တားပါ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် အခုခန္ဓာကြီးဟာ ဘယ်သူလုပ်လိုက်တာတုံးလို့ မေးဘို့မလိုတော့ဘူး၊ နောက်ဘဝ ခန္ဓာခင်တဲ့တဏှာ ဥပါဒါန်က လုပ်လိုက်တာဘဲ.... (မှန်ပါ့) မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)။

တခါနောက်ဘဝကျပြန်တော့ ဆရာကောင်း,သမားကောင်းကလဲ မတွေ့ခင်ဗျားတို့ကလဲ ထင်ရာစိုင်းရတဲ့ ခန္ဓာကြီးကို တဏှာမာန ဒိဋ္ဌိနဲ့ ခင်နေဦးမယ်ဆိုယင်ဖြင့် နောက် တတိယ အနာဂတ် ခန္ဓာလာမှာဘဲ (လာမှာပါဘုရား) မသာပေဘူးလား (လာမှာပါဘုရား)။

ဒါ....ဘာဖြစ်လို့တုံး....လို့မေးတဲ့အခါကျတော့ ခင်ဗျားတို့ ဝိပဿနာ သာသနာဆိတ်နေသို့....လို့ မှတ်ရမယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာဆိတ်နေသတုံး.... (ဝိပဿနာ သာသနာဆိတ်နေပါတယ်ဘုရား)။

အဲ...အခု ခင်ဗျားတို့ ပေါ်လာလို့ ဒီဆရာသမားနဲ့ တွေ့ကြကြုံကြတယ်၊ သြော်....ငါတို့ဟာ ခန္ဓာဇာတ်သိမ်း ငြိမ်းရာဆိုတဲ့ နိဗ္ဗာန်ကြီး ရှာနေကြတဲ့ဥစ္စာ ဝိပဿနာမလုပ်မိလို့ ဝိပဿနာပေးတဲ့ဆရာ မကြုံကြိုက်ကြလို့ ဒီခန္ဓာကြီး ထမ်းပြီး သကာလ အိုဒေါး-နာဒေါး-သေဒေါးနဲ့ အပြည့်အစုံရှိတဲ့ ခန္ဓာကြီး ထမ်းပြီး ဟိုဘုံမှာမသာမြုပ်သွားရ၊ သည်ဘုံမှာ မသာမြုပ်သွားရ ဆရာဝန်ကြီး ဒီအလုပ်သာလုပ်နေရတယ်....(မှန်ပါ့) ဒီပြင် ဘာလုပ်ရသေးသလဲ....(မလုပ်ရပါဘုရား)။

ဟိုဘုံမှာ ဒီ-အသုဘကြီးထမ်းပြီး ဟိုဘုံမြုပ်ဘယ်.... (မှန်ပါ့) ဒီဘုံရောက်ပြန်လဲ ဒီအသုဘက ဒီဘုံက ဘယ်မှ မခွာဘူး၊ ဒီဘုံရှိတဲ့မြေပေါ်မြုပ်ရုံဘဲ(မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ သံသရာလည်တယ်ဆိုတာ ဘာတုံးဆိုတာ မသာမြှုပ်လည်တာဘဲ.... (မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

သံသရာလည်တယ်ဆိုတာ.... (မသာမြှုပ်လည်တာပါဘုရား) မသာထမ်းပြီးသကာလ ကိုယ့်မသာ ကိုယ်ထမ်းပြီး သကာလ ကိုယ့်အလောင်းကို နေရာ အနှံ့အပြား မြှုပ်ဘို့ လည်တာဘဲ.... (မှန်ပါ့)။

အံမာလေး... သေသေချာချာ စဉ်းစားတော့မှ ကိုယ့်မသာ ကိုယ်ထမ်းတယ်ဆိုလဲ ဟုတ်တာဘဲ.. (မှန်ပါ့) ကိုယ့်မသာ ကိုယ်ထမ်းတယ်ဆိုကတည်းက ကိုယ့်တဏှာဟာ ငမ်းထဲမှာ အရာရှိတဲ့တဏှာက မင်း... မန္တလေးသွားချေစမ်း၊ မန္တလေးသွားချေစမ်း ဆိုယင် ဒီ-အသုဘခန္ဓာကြီးကို ဒီတဏှာက အထမ်းခိုင်းတာဘဲ၊ မန္တလေး ထမ်းသွားတယ်.. (မှန်ပါ့) အကယ်၍ မန္တလေးပှာဘဲ အကြောင်းမညီညွတ်လို့ သေခဲ့လို့ ရှိယင် သူ့အလောင်း သူထမ်းပြီး မြှုပ်တယ်... (မှန်ပါ့)။

ထို့အတူဘဲ ဘုံဘဝတောင်းတတဲ့တဏှာကလဲ သူ့အလောင်း သူထမ်းပြီးသကာလ ရောက်တဲ့ဘုံမြှုပ်တယ်.... (မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့-ကျုပ်တို့သည် သံသရာလည်တယ်ဆိုတာ ကိုယ့်အလောင်းကိုယ်ထမ်းပြီး အမြှုပ်လည်တာ... (မှန်ပါ့ဘုရား) ရှင်းပလား.. (ရှင်းပါပြီဘုရား)။

သံသရာလည် တယ်ဆိုဘာ ခင်ဗျားတို့က မကြောက်ဘူး၊ အခုတော့ သိပြီ... တဲ့၊ တဏှာအထမ်းခိုင်းလို့ ဟုတ်လား-ပဋိုလ်က ထမ်း၊ ထမ်းတဲ့ဝန်ထုပ်ကြီးက ခန္ဓာငါးပါး.... (မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

တဏှာအထမ်းခိုင်းလို့ ဥပမာ....ဆရာဝန်ကြီးဆိုတဲ့ ပဋိုလ်က ခန္ဓာငါးပါး ဝန်ထုပ်ကြီးထမ်းပြီးသကာလ လူ့ပြည်မှာ ထမ်းလည်တယ်၊ နောက်ကျတော့ သူသည် မထမ်းနိုင်တဲ့နေရာမှာ မြုပ်ခဲ့တယ်.... (မှန်ပါ့) နတ်ပြည်ထမ်းပြန်တော့ မထမ်းနိုင်ကဲ့ အဆုံးကျတာပဲ... (မြုပ်ခဲ့ရပါတယ်ဘုရား)။

မြုပ်ခဲ့ရတာပဲ ဟာ...ဒီလူ့ဘဝ တဏှာအထမ်းခိုင်းတိုင်းထမ်းပြီးသကာလ ပဿဒ္ဓိထမ်ပြီးလည်းနေတာဘဲ၊ ရောဂါတဲ့ဒုက္ခနေရာနေရာမရွေ့၊ ခင်ဗျားတို့နေရာလဲ မရွေးနိုင်ဘူး- မထမ်းနိုင်တဲ့နေရာ မြုပ်ရတာဘဲ... (မှန်ပါ့) ဗထမ်းနိုင်တဲ့နေရာ ဝေဒနာရောက်ပကော (မှန်လှပါဘုရား) ဝေဒနာရောက်လို့ ရှိယင်ဖြင့် ဒီဝေဒနာနဲ့ သေပဲဝင်ရတော့ ဒီနေရာမှာ ထားခဲ့ရတာဘဲ.... (မှန်ပါ့ဘုရား) သံသရာ လည်တယ်ဆိုတာ ဒါဘဲ.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ဟိုဘဝ- ဒီဘဝ ဆုတောင်းတဲ့ ပဋိုလ်မျှားမှာ မသာထမ်း ဒွန်းစက္ကားဖြစ်ပြီးသကာလ မသာမြုပ်တဲ့ ဓမ္မတူးသမားအဖြစ်ကို ဆုတောင်းတာနဲ့အတူတူဘဲ.. (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မသိတဲ့ပုဂ္ဂိုလ်ကတော့ ဆရာဝန်ကြီးဒါကိုဟုတ်တယ်ထင်တာ ဘဲ....(မှန်ပါ့)တဲ့ကယ့်သစ္စာဇာဏ်နဲ့ ကြည့်လိုက်တော့ သစ္စာဇာဏ်နဲ့ သေသေချာချာ ဉာဏ်ရပြီးသား ပုဂ္ဂိုလ် အနုပေါမ ဉာဏ်နဲ့ဘဲ ကြည့်ကြည့်(မှန်ပါ့ဘုရား)။

အနုပေါဉာဏ်ဆိုတာသည် သူမျှားဟောထားတဲ့ တရားကို သိတဲ့ဉာဏ်နဲ့ကြည့်သည်(မှန်ပါ့)အဲဒီဉာဏ်နဲ့ ကြည့်လိုက်တောင်မှ ကိုယ့်အလောင်း ကိုယ်ထမ်းပြီး မြုပ်နေကြတယ်၊ မောင်ချစ်စိန် သဘောကျရဲ့လား(ကျပါတယ်ဘုရား)။

ဆရာဝန်ကြီးလဲ ဒီအနားနေတဲ့အခါကျတော့ တခါတလေ မြင်ပါလိမ့်မယ်၊ တခါတလေ ကိုယ်ကိုဆေးတွေ့ သုတ်ပြီးတော့ သင်္ဘောဒီဂရီကျပြီးသားတွေ့ပေါ့လေ.... (မှန်ပါ့ဘုရား)။

ဒါတွေ့ နွားမောင်းသွားတာတွေ့၊ ဒီကောင်ကလေးတွေ့ဟာ ဘာလုပ်သွားပါလိမ့်မတုံး၊ မန္တလေးကို ဒီလမ်းက မန္တလေးသွား ရတာကိုး(မှန်ပါ့ဘုရား)။

သူတို့အလောင်းကလေး သူတို့ထမ်းသွားရတယ်၊ ဟိုကျတော့ သေပွဲဝင်ရမယ်.... (မှန်ပါ့)မဟုတ်ဘူးလား .... (ဟုတ်ပါတယ် ဘုရား)။

သူတို့အလောင်း သူတို့ထမ်းသွားကြတာ....(မှန်ပါ့) ဟိုကျ တော့ ဘာလုပ်မလို့တုံး....(သေပွဲဝင်ရမှာပါဘုရား)။

ကျုပ်တို့လဲ ဘာလုပ်နေကြသတုံးလို့ မေးလို့ရှိယင် ကိုယ့်အ လောင်းကိုယ်ထမ်းပြီး သကာလ ဒီဘဝတော့ သေပွဲဝင်ရမှာက နောက်သေပွဲမဝင်တဲ့နည်း ရှာနေဘာ....(မှန်ပါ့ဘုရား)။

ဘာလုပ်တဲ့နည်း ရှာနေကြတာတုံး .... (နောက်သေပဲ့မဝင်တဲ့နည်း ရှာနေတာပါဘုရား)။

ဒါရှာနေကြတာ အဲဒါ အပြင်းအထန် ရအောင် ရှာနိုင်တဲ့ပုဂ္ဂိုလ်ဖြင့် ကိုယ့်အလောင်း ကိုယ်ထမ်းပြီး မြုပ်ရမည့် ကိုယ့်အလုပ်ဝတ္တရားကြီးဟာဖြင့် ဇာတ်သိမ်း သွားမှာဘဲ (မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ ရှိယင် ကိုယ့်အလောင်း ကိုယ်ထမ်းပြီး နေရာမရွေးမြုပ်ခနရမယ်....(မှန်ပါ့) တခါတလေ မမြုပ်ဘူး၊ဒီအတိုင်းထိုးလဲပြီးသေရမယ်(မှန်ပါ့ဘုရား)။

မြုပ်မည့်လူ ရှာမတွေ့ပါဘူး.... (မှန်ပါ့) အဲဒီ ကိစ္စတော့လဲအဆင်သင့် ဖြစ်ရမှာတွေ့ဘဲ... (မှန်ပါ့)ဆိုနိုင်ကြမလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဘဲဒီတော့မှ ခင်ဗျားတို့က ဩော်....စဲလမ်းတဲ့ တဏှာ မာန ဒိဋ္ဌိသက်ချက်ဟာ အလောင်းထမ်းသမားအဖြစ်ကို သူအမေ့မပေးတာဘဲ....(မှန်ပါ့ဘုရား)။

တဏှာမာနဒိဋ္ဌိက အလောင်းထမ်းသမားကို....(အမေ့ပေးပါတယ်ဘုရား) အလောင်း ထမ်းသမားအဖြစ်ကို အမေ့ပေးတယ်၊ အမေ့ပေးပြီး ရောက်ရာကို သူသည် ကားလို့ ဆိုယင်ဖြင့် မြုပ်တဲ့ဘဝမြုပ်ရတယ်၊ မမြုပ်တဲ့ဘဝ သူမျှားစားဖတ် ဝါးဖတ် ဖြစ်ရတယ်... (မှန်ပါ့)ဒီလိုမနေကြဘူးလား.... (နေပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ သံသရာကျင်လည်တယ်ဆိုတာ ဒါပါဘဲ....

(မှန်၂)သံသရာကျွင်လည်တယ်ဆိုတာသည် ကိုယ့်အလောင်းကို ကိုယ်ထမ်းပြီး သကာလ သူမျှား ပါးစပ် ထဲလဲ အလောင်းလုပ် လိုက်ရတဲ့ အခါလဲရှိတယ်....(မှန်ပါ့ဘုရား)။

တခါတလေကျခတော့ မြေပြင်မှာ ဒီအတိုင်း ပုတ်ရိပြီး ဆွေးမြေ့သွားတဲ့ ဘဝလဲရှိတယ်...(ရှိပါတယ်ဘုရား)။

တခါတလေကျခဘော့ လူ့ပြည်ကျပြန်တော့ အမြုပ်ခံရတဲ့ ဘာလဲ ရှိဘယ်..(မှန်ပါ့) သို့သော်ဒီပုဂ္ဂိုလ်ဟာ ဘယ်ပုဂ္ဂိုလ် တုံးဆိုတော့ ဒီ- တဏှာ, မာန, ဒိဋ္ဌိနဲ့ ပစ္စုပ္ပန်ခန္ဓာ စဲလာလို့ အနာဂတ်ခန္ဓာတွေ ဖြစ်ချင်သလိုဖြစ်နေတာ.... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ပစ္စုပ္ပန်ခန္ဓာ စဲဘာနဲ့ ဘာဖြစ်သတုံး .... (အနာဂတ်ခန္ဓာဖြစ်ပါတယ်ဘုရား) အနာဂတ်ခန္ဓာ ဖြစ်ချင်သလို ဖြစ်နေတယ် .... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ လှတယ်ထင်၊ ဝတယ်ထင်၊ ဘယ်သူက သူဋ္ဌေး၊ ဘယ်သူက ဝတယ်၊ ဘယ်သူက အရုပ်ဆိုးလို့ ဘယ်သူက ဘုန်းကံပါရမီကြီးတယ်၊ ဘယ်သူက ဝန်ကြီး၊ ဘယ်သူက အတွင်းဝန်တဲ့၊ ခင်ဗျားတို့ ဘာဘဲပြောနေနေ ဆရာဝန်ကြီး အလောင်းထမ်းသမားသက်သက်ဘဲ....(မှန်ပါ့) ဘယ်သူက ကုဏ်သိမ်ရှိခဲသတုံး.... (မရှိပါဘုရား) မရှိပါဘူး၊ အလောင်းထမ်းသမားသက်သက်၊ ကိုယ့်အလောင်း ကိုယ်ထမ်းပြီး ရန်ကုန်- မန္တလေး

ကူးနေကြတာဘဲရှိတယ်.... (မှန်ပါ့) ရောက်ရာ သင်းချိုင်းကော ရွေးနိုင်သေးရဲ့လား....လို့မေးတော့ မထမ်းနိုင်တဲ့နေရာ ချခဲ့ရုံဘဲ ရှိတယ်....(မှန်ပါ့)။

ဝေဒနာ ထပ်ရောက်လာတော့ ထမ်းနိုင် သေးရဲ့ လား.... (မထမ်းနိုင်ပါဘုရား) မထမ်းနိုင်တဲ့နေရာမှာ ပစ်ထားခဲ့ဘိုဘဲ.... (မှန်ပါ့ဘုရား) သို့လော်လဲ ပစ်တဲ့ပုဂ္ဂိုလ်က ဒီခန္ဓာစွဲသွားပြန် နောက်ခန္ဓာ ဆက်ထမ်းမှာဘဲ.... (မှန်ပါ့) မထမ်းပေဘူးလား.... (ထမ်းပါဘယ်ဘုရား)။

အဲဒါကြောင့် ခန္ဓဝဂ္ဂသံယုတ်ကျတော့....

ဘာရာဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရာဟာရောစ ပုဂ္ဂလော။
ဘာရာဒါနံ ဒုက္ခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ...

ဆိုပြီး ဘုရားက ခန္ဓာကိုယ်ဝန်ထုပ်ကြီး အမည် နာမပညတ်ရှိတဲ့ လူက အထမ်းသမား တဏှာက တင်ပေးသမားနဲ့များ ဟောထား တာတွေရှိတယ်....(မှန်ပါ့) သဘောပါကြပလား... (ပါပါပြီ ဘုရား)။

ဒါ.. ဘယ်သူက ဘယ်သူ့ကို ဟောနေတာတုံး ဆိုတာကော ဒီဝတ္တုသိပလား....(သိပါပြီဘုရား)။

အနာထပိဏ်လူငွေးကြီး စုတိစိတ်ကျခါနီး တဏာကြီး အခု ခန္ဓာမစွဲနဲ့ပြောနေတာ....(မှန်ပါ့ဘုရား) နောက်ခန္ဓာရမှာစိုးလို့ (မှန်ပါ့ဘုရား)။

အခု ခန္ဓာမစ္ဆဲနဲ့လို့ ဟောဘာ ဘယ့်နှယ်ကြောင့်ပါလိမ့်.... (နောက်ခန္ဓာရမှာစိုးလို့ပါဘုရား)။

နဝေဒနံ ဥပါဒိယိဿာမိ၊ နစမေ ဝေဒနာနိဿိတံ ဝိညာဏံ ဘဝိဿသတိ၊ ဝေဒနံ=ယခု ပခုစ္စုပ္ပန်ဝေဒနာကို၊ နဥပါဒိယိဿာမိ = မစ္ဆဲလမ်းသည် ဖြစ်အံ့၊ ဝေဒနာနိဿိတံ= ဝေဒနာကို မှီသော၊ ဝိညာဏံ=နောက်ဝိညာဏ်သည်၊ နဘဝိဿတိ= မဖြစ်လတ္တံ့....(မှန်ပါ့ဘုရား)။

ယုတ်စွအဆုံး မြင်ဘူးတာကလေးတောင်မှ သူများကပြောသံကြားလို့- သူများက နတ်ရုပ်ရေးပြောတယ်၊ နတ်ဟာ ကောင်းတယ်လို့ မြင်ဘူးတာကလေးတောင် မစ္ဆဲနဲ့၊ စ္ဆဲယင် နောက်ခန္ဓာဖြစ်လိမ့်မယ်....(မှန်လှပါဘုရား)။

သူများ ဟောသံ, ပြောသံက နတ်ပြည် ကောင်းတယ်လို့ ကြားဘူးလိမ့်မယ်....တဲ့၊ အဲဒီ ကြားဘူးတာကလေးတောင်မစ္ဆဲနဲ့၊ စ္ဆဲယင် ခန္ဓာရလိမ့်မယ်...(မှန်ပါ့ဘုရား)။

ကဲ... ခင်ဗျားတို့လဲ ကြားဘူးတာကလေးကို အလကားနေရင်း အတွေးနဲ့လွန်းနေတဲ့လူကရှိသေးတယ်....(မှန်ပါ့) အဲဒါတွေတောင် မစ္ဆဲနဲ့....တဲ့၊ ဒိဌသုတမုတတွေတောင် မစ္ဆဲနဲ့....တဲ့.... (မှန်လှပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကြားဘူးတာလဲ.... (မစ္ဆဲရပါဘုရား) မြင်ဘူးတာလဲ.... (မစ္ဆဲရပါဘုရား) မစ္ဆဲနဲ့၊ စ္ဆဲယင် သူတို့လာမယ်.... (မှန်ပါ့) တဏှာ,

မာန,ဒိဋ္ဌိ လာရမယ်.... (မှန်လှပါဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် ကြားဘူးတာမစွဲနဲ့၊ မြင်ဘူးတာမစွဲနဲ့၊ စားဘူးတာကော....(မစွဲရပါဘုရား) ဝတ်ဘူးတာကော....(မစွဲရပါဘုရား)။

စားဘူးတာကို စွဲလို့ရှိယင် ဒီအစာကို စားတတ်တဲ့တိရစ္ဆာန်ဖြစ်ရဘတ်တယ်.... (မှန်ပါ့) ဝတ်ဘူးတာစွဲလို့ရှိယင် ဒီအဝတ်ပေါ်မှာ သွားပြီး ပြိတ္တာဖြစ်ရတတ်တယ်.... (မှန်ပါ့) ဝတ်ဘူးတာ စွဲယင် မနေ့ကပြောခဲ့တဲ့ ဦးတိဿကြီး မနက်မှ ဝတ်မယ်ဆိုတာနဲ့ ညကောက် အဲဒီပေါ် သန်းသွားဖြစ်တာဘဲ၊ ဝတ်ဘူးတာစွဲသွားတာ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒီကော့ ကြားဘူးတာလဲ ဘာတုံး.... (မစွဲနဲ့) ဝတ်ဘူးတာကော.... (မစွဲရပါဘုရား) စားဘူးတာကော.... (မစွဲရပါဘုရား)။

မစွဲရဘူး....တဲ့၊ စွဲလို့ရှိယင် ခင်ဗျားတို့ စွဲဆုကို ခုနင်ကပြောခဲ့တဲ့အကြောင်းတွေ စွဲခဲ့တဲ့အတွက် သူနဲ့အလားတူ ဖြစ်ရပြန်တယ်....(မှန်ပါ့) မရပေဘူးလား....(ရပါတယ်ဘုရား)။

အဲဒါ....ဘယ့်နှယ်ကြောင့် ဆရာဝန်ကြီးတို့- မောင်ဘတုတ်တို့ ရပါလိမ့်မတုံးဆိုတော့ လက်ရှိခန္ဓာ စွဲလို့ရတာ....(မှန်ပါ့ဘုရား) လက်ရှိစားဘူးတာကို စွဲလို့.... (ရပါတယ်ဘုရား) မဟုတ်ဘူးလား...(မှန်ပါ့ဘုရား)။

အဲဒါတွေ ဥာဏ်နဲ့ ကြည့်တော့မှ ဩော်.... ကျုပ်က သေတောင် ခက်ပါသေးတယ်၊ ဒီသားကလေး စဲ့နေတာနဲ့....တဲ့၊ ဘာမှမခက်ဘူး- ပြီတ္ထာဖြစ်မှာ သေချာပြီ.... (မှန်ပါ့) ပစ္စည်းကလေးဖြင့် ကျုပ်ဖြင့် လှူလဲမလှူချင်ဘူး၊ ပေးလဲမပေးချင်ဘူး၊ ကမ်းလဲမကမ်းချင်ဘူး- အမေမိဘ ထားခဲ့တဲ့ ပစ္စည်းတွေ ဖြစ်နေတယ်၊ ဒါကလေးတော့ဖြင့် ကျုပ်မစွန့်နိုင်ဘူး၊ အဲဒီ ပစ္စည်းနေရာမှာ ကြွက်သော်ငင်း၊ မြွေသော်ငင်း ဖြစ်ရမယ်.... (မှန်ပါ့) စဲ့သကိုး... (မှန်ပါ့ဘုရား) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

အဲဒီတော့ကို အရှင်သာပုတ္တရာကဟောတာ အစွမ်းကုန်ဟောတာ၊ မြင်ဘူးတာလဲ တကာကြီး မစဲ့နဲ့.... (မှန်ပါ့) ကြားဘူးတာလဲ.... (မစဲ့ရပါဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

စားဘူးတာကော....(မစဲ့ရပါဘုရား) နံဘူးတာလဲ... (မစဲ့ရပါဘုရား) မစဲ့နဲ့....တဲ့၊ စဲ့လို့ရှိယင် အဲဒါနဲ့ပတ်သက်တဲ့နောက်ခန္ဓာတွေ ပေါ်လာလိမ့်မယ်.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီတဏှာမာနဒိဋ္ဌိမစဲ့မှ နောက်ခန္ဓာ အဆက် ပြတ်မယ်ဆိုတာ ခင်ဗျားတို့သေချာပြီ... (မှန်ပါ့) မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒါဖြင် မစဲ့ဘဲ့နည်း ပြောပါဘုရား၊ စဲ့ယင်တော့ဖြင့် တပည့်တော်တို့ ဒီဟာရောက်မှာဘဲလို့ ခင်ဗျားတို့ မေးရပါတယ်နော်

(မှန်ပါ့)စွဲတဲ့နည်းကဖြင့် အချပ်ဆိုး အကျည်းတန်၊ ကန်းကုန်နေပါပြီ ...(မှန်ပါ့ဘုရား)။

စွဲတဲ့နည်းကဖြင့် ဇာကာတကာမတို့ ဘာမဖြစ်ဘူးလို့ ဆိုလို့ရရဲ့လား....(မရပါဘုရား)ခွေးလဲဖြစ်မှာဘဲ နောက်ခြေးပိုးထိုးလဲဖြစ်မှာဘဲ၊ တိကောင်ဖြစ်မယ်၊ မျောဖြစ်မယ်၊ အိမ်မြောင်ဖြစ်မယ်၊ ပိုးဟပ်ဖြစ်မယ်... (မှန်ပါ့ဘုရား)။

ကိုယ့်အထည် ကလေးသာ စွဲသွား အဲဒီ အထည် ထည့်ဘဲ့သေတ္တာထဲ ပိုးဟပ်သွားဖြစ်မယ်.... (မှန်ပါ့) ကြွမ်းပိုးသွားဖြစ်မယ်... (မှန်ပါ့) ကြောက်စရာကြီး.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

စဲ့ယင်စဲ့ရာဖြစ်တာဘဲ.... (မှန်ပါ့) ဘာဖြစ်လို့တုံး၊ တဏှာဥပါဒါန်ကံ ဇာတိကိုး (မှန်ပါ့)မာနဥပါဒါန်ကံဇာတိ (မှန်ပါ့) ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်-ကံဇာတိ၊မလာဘူးလား (လာပါဘယ်ဘုရား)။

အဲဒီဓာတ့် ပဋိစ္စသမုပ္ပါဒ်က ဒါကခင်ဗျားတို့ ဝိပဿနာမင်္ဂလာနဲ့ မဖြတ်သ၍ ဓလောကုတ္တရာမင်္ဂလာနဲ့ မဖြတ်သ၍ မပြတ်ပါဘူး .... (မှန်ပါ့)ပြတ်ပါ့မလား....(မပြတ်ပါဘူးဘုရား)။

မပြတ်တော့ ခင်ဗျားတို့ ဒီဥစ္စာကို တကာ တကာမ ဘွဲ့ကစားဘူးတဲ့ပစ္စည်း နေဘူးတဲ့ခန္ဓာ.... (မှန်ပါ့)ဒါတွေကိုခင်ဗျားတို့ ဖြစ်ပျက်ရှုရမယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဓာတ်ဘာလုပ်ရမလဲ... (ဖြစ်ပျက်ရှုရပါ့မယ်ဘုရား)ဖြစ်ပျက်ရှုရမယ်၊ ဖြစ်ပျက်ဆိုဘာ အနိစ္စရှုရမယ်၊ ဒုက္ခရှုရမယ်၊ အနတ္တရှုရမယ်၊အသုဘရှုရမယ်....(မှန်ပါ့)သဓာဘာကျပလား.... (ကျပါပြီဘုရား)။

မရှုယင် ဒီတက္ခာ မာနဒိဋ္ဌိက အစဉ်အတိုင်းလုပ်မယ်၊မဟုတ်ဘူးလား....(မှန်ပါ့)ဓမ္မဋ္ဌိတတာ မမှန်ယမတာ၊ ဒါ....ဓမ္မနိယာမကွတဲ့....(မှန်ပါ့ဘုရား)။

တက္ခာ့ ဥပါဒါန်ကံ-ဒိဋ္ဌိဥပါဒါန်ကံဆိုတာ ဓမ္မနိယာမတွေ....(မှန်ပါ့) ဓမ္မဋ္ဌိတတာ တရားသဘောအဘိုင်း တည်နေတာတဲ့ သံယုတ်က ..(မှန်လှပါဘုရား)။

ဒါဘုရားရှိရှိ မရှိရှိ ဒါလိုရင်းမဟုတ်ဘူး၊ ဘုရားရှိလဲခင်ဗျားတို့ ဖြတ်တဲ့ အလုပ်လုပ်..ဒီအတိုင်းသွားတာဘဲ...(မှန်ပါ့ဘုရား) မရှိလဲဒီအတိုင်းဘဲ...(မှန်ပါ့ ဒီအတိုင်းပါဘုရား)။

ခင်ဗျားတို့က ဘုရားရှိလာလို့ ရှိယင်ဖြင့် တပည့်တော်တို့သက်သာခွင့် ရပါလိမ့်မယ်လို့ ထင်နေတာ....(မှန်ပါ့)ဘုရားရှိပေမဲ့လဲ ခင်ဗျားတို့က ဘုရားနားကပ်ပြီး သကာလ ဘုရား ပြောတာလိုက်နာမှ တော်တာ .... (မှန်ပါ့ဘုရား) ဘုရား သူ့ဟာသူရှိနေလို့ ခင်ဗျားတို့နဲ့ဘာမှမဆိုင်ဘူး(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

ဘုရားရှိနေတယ်၊ ဘုရားနဲ့ တွေ့နေတယ်၊ ဘာမှမဆိုင်ဘူး၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ဘုရားပေးတဲ့နည်းနဲ့ ဖြတ်ရုံဘဲရှိတယ်..(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား) သဘောပါပလား (ပါ.ပါပြီဘုရား)။

ဒါဖြင့် ဒါမစဲအောင် ဘာလုပ်ကြမတုံးဆိုတော့ ဘာမှ လုပ်စရာမရှိဘူး... တဲ့၊ ဝိပဿနာရှုတဲ့အလုပ်ဟာ မစဲအောင်လုပ်တဲ့အလုပ်ဘဲ....(မှန်ပါ့) အဲဒါမှတ်ထား။

အဲဒီလို မစဲအောင်လုပ်ပါဆိုတော့အနာထပိဏ်သူဌေးကြီးကငိုတယ်... (မှန်ပါ့) အနာထပိဏ်သူဌေးကြီးကငိုတယ်၊ ဒါတွေအကုန်ဟောလိုက်တဲ့အခါကျတော့... (မှန်ပါ့ဘုရား)။

ဒါနဲ့....ရှင်အာနန္ဒာက နောက်ကပါလာတော့ မေးတယ်၊ တကာကြီး....ပစ္စည်းတွေ စွန့်ပစ်ရမှာကြောင့်, ပစ္စည်းမတွေ့ခဲ့ရမှာကြောင့် ငိုတာလား....သို့မဟုတ် ကုသိုလ်တွေ ဆုတ်ယုတ်ကုန်ပြီလို့ ငိုတာလား.... ရှင်အာနန္ဒာက နှစ်ချက်မေးလိုက်တယ်.... (မှန်ပါ့ဘုရား)။

ပစ္စည်းတွေနဲ့ ခဲ့ရမှာကြောင့် ငိုတာလား, ကိုယ့်ကုသိုလ်တရားတွေ ဆုတ်ယုတ်ကုန်လို့ ငိုတာလားမေးလိုက်တော့ တပည့်ဘော် ဒါတွေကြောင့်မဟုတ်ပါဘူး ဘုရား... တဲ့၊ သောတာပန်မှာတော့ ဒေါသရှိသေးလို့ ငိုတာကိုး....(မှန်ပါ့ဘုရား)။

တပည့်တော်ဟာ.... နှစ်ပေါင်း နှစ်ဆယ်ကျော်ကာသပတ်လုံးနေ့စဉ် ကျောင်းကို တနေ့ နှစ်ခေါက် သုံးခေါက် ရောက်ငြားသော်လဲ မစဲနဲ့ဆိုတဲ့တရား မနာခဲ့ရဘူးတဲ့....(မှန်ပါ့) မစဲနဲ့ဆိုတဲ့တရားကို သူမနာခဲ့ရဘူး .. တဲ့။

ဘုရားနဲ့တွေ့ပြန်လဲ ဒါနအကြောင်းဘဲဟောတာဘဲ၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန်တို့နဲ့လဲ သူ ရင်းရင်းနှီးနှီးသွားတွေ့ဘာဘဲ၊ တွေ့ပြန်တော့လဲ တကာကြီး လုပ်နေတဲ့အလုပ် ကောင်းတဲ့အလုပ်ဘဲ....ဒါလောက်ဘဲ ဒါနတရားတွေ အများဆုံးဟောနေကြတာဘဲ....(မှန်ပါ့ဘုရား)။

အခုပြောခဲ့တဲ့ ပုဂ္ဂိုလ်သတ္တဝါ ဆိုဘ်....တဲ့၊ ဖြစ်ပျက်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါဆိုတ်တာ၊ ပုဂ္ဂိုလ်သတ္တဝါ ဆိုတ်သုဉ်းတယ်နော်.... (မှန်ပါ့ဘုရား)။

အဲဒီတရားမျိုး သူက မနာရဘူး၊ ဝိပဿနာတရား သိပ်မှ မဟောဘဲကိုး....(မှန်ပါ့) အဲဒါကို တပည့်တော်က ဝမ်းနည်းလို့ ငိုပါတယ်ဆိုတော့ ရှင်သာရိပုတ္တရာက အဖြေပေးလိုက်ပါတယ်။

တကာကြီး....တဲ့၊ ဒီတရားဟာ လွယ်တာမဟုတ်ဘူး၊ ဟောဘို့ မလွယ်ဘူး....တဲ့၊ လူတွေဟာ သားရေး, သမီးရေး, စီးပွားရေးနဲ့ လောဘ, ဒေါသ မိုးမှုန်နေတာ၊ အဲဒီထဲမှာ ဘာမှ မစဲနဲ့ ဆိုတဲ့ တရားကိုဟောဘို့ အတော်ခဲယဉ်းတယ်....(မှန်ပါ့ဘုရား)။

ဒီတွင်မှ.... အနာထပိဏ်သူဌေးကြီးက လျှောက်တယ်၊ အရှင်ဘုရား... လူတွေမှာလဲ အဘတ်ဖြူတတ်ပြီး ကိုလေသာ ခေါင်းပါးတဲ့ပုဂ္ဂိုလ်တွေ လူထဲမှာလဲ အများကြီးရှိပါတယ်။

ပညာမျက်လုံးပေါ်မှာ ကိုလေသာမြူ အနည်းငယ်ကလေး ဖုံးနေတဲ့ပုဂ္ဂိုလ် လူထဲမှာလဲ အများကြီးရှိပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေသည်ကား အခုအရှင်ဘုရားတို့ဟောတဲ့ ဖြစ်ပျက် အနိစ္စကို မနာရဘူးဆိုလို့ ရှိယင် သူ့ခမြာများမှာ တရားမနာရလို့ ဒီဘဝကျတ်တမ်းဝင်ထိုက်ပါလျက်သားနဲ့ ဆုံးရှုံးခြင်းဖြစ်မှာပေါ့... တဲ့ (မှန်ပါ့) သဧဘောကျပလား....(ကျပါပြီဘုရား)။

ကိုလေသာပါးတဲ့ပုဂ္ဂိုလ်များမှာ ဒီတရား ဟောထိုက်တယ်တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘာယ်လိုပုဂ္ဂိုလ်ဟောရမယ်....(ကိုလေသာပါးတဲ့ပုဂ္ဂိုလ်ဟောရပါမယ်ဘုရား) ကိလေသာပါးတဲ့ပုဂ္ဂိုလ်အတွက်မှာ ခင်ဗျားတို့ဒီတရားကိုနာရမယ်....(မှန်ပါ့) ဘာဖြစ်လို့ နာရမလဲဆိုတော့ ဒီပုဂ္ဂိုလ်ကလဲ သူက ကိလေသာခပ်ပါးပါးရယ်...ဒီတရားနာယင် ချက်ချင်း သောတာပန်, သကဒါဂါန်, အနာဂါမ် ရဟန္တာဖြစ်တယ်....(မှန်ပါ့ဘုရား)။

ကိလေသာထူတဲ့ပုဂ္ဂိုလ်သာ ဒီတရားမျိုးကို ဖြေးဖြေးမှဟောရမှာ....(မှန်ပါ့) ပါးလာတဲ့ပုဂ္ဂိုလ်ကျတော့ ဒီတရား သွက်သွက်ဟောပေးပါ၊ မြန်မြန်ဟောပေးပါ၊ ဒါကို အနာထပိဏ်သူဌေးကလျှောက်တယ်...(မှန်ပါ့) သဘောကျပလား(ကျပါပြီဘုရား)။

ဒါဖြင့် ဒီတရားဟာ သူညတ, တရားလို့ မှတ်ပါ...(မှန်ပါ့) ဘာတရားလို့ ဆိုကြမလဲ...(သူညတ, တရားပါဘုရား)။

ရုပ်-စိတ်ဆိုတော့ ပုဂ္ဂိုလ်သတ္တဝါ ပါသေးရဲ့လား.... (မပါ-ပါဘုရား) ရုပ်ဖြစ်ပျက်ရှု၊ စိတ်ကို ဖြစ်ပျက်ရှုဆိုတော့ ပုဂ္ဂိုလ်သတ္တဝါ ဖြစ်ပျက်ရှုတာမဟုတ်ဘူး...(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် သူညတ, ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းတဲ့တရားကို ရှုပါတယ်...(မှန်ပါ့) ဒီဘက်က သညာ ရှုပါတယ်ဆိုတော့လဲ ပုဂ္ဂိုလ်သတ္တဝါ ပါသေးရဲ့လား....(မပါ-ပါဘုရား) သင်္ခါရဆိုယင်ကော...(ပုဂ္ဂိုလ်သတ္တဝါ မပါ-ပါဘုရား) ဝိညာဏ်ရှုတယ်ဆိုယင်ကော...(မပါ-ပါ ဘုရား) ရုပ်ရှုတယ်ဆိုယင်ကော....(မပါ-ပါဘုရား)။

မပါတော့ ဒီသုညတ, တရားမျိုးဟာ ကိလေသာပါးတဲ့ ပုဂ္ဂိုလ် ဟောလိုက်လို့ ရှိယင် ကျတ်တမ်းဝင်တယ်.... (မှန်ပါ!) သဘောပါပလား....(ပါပါပြီဘုရား)။

အဲဒီတော့....ခင်ဗျားတို့ ကိုယ်ကျတ်တမ်း ဝင်မှာ မဝင်မှာကို ဘာမှ ခင်ဗျားတို့ သံသယ ရှိမနေနဲ့၊ ဒီဟာကို ဟောနိုင်တဲ့ ပုဂ္ဂိုလ်နဲ့ ထောင်နိုင်တဲ့ နားရှိယင် ကျတ်တမ်းဝင်တာဘဲ (မှန်ပါ! ဘုရား)။

ဟောနိုင်တဲ့ပုဂ္ဂိုလ်ရှိလို့ ရှိယင် ခင်ဗျားတို့ တဝက်ပြီးတယ်.... နာနိုင်တဲ့နားရှိလို့ ရှိယင်လဲ....(တဝက်ပြီးပါတယ်ဘုရား) တဝက်ပြီးတော့ နှစ်ခုပေါင်းလိုက်တဲ့အခါ အပြည့်ဖြစ်သွားတာဘဲ.... (မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား)။

တယောက်တည်းနဲ့တော့ မဖြစ်ဘူး... (မှန်ပါ!) ဒီ ဟောနိုင်တဲ့ပုဂ္ဂိုလ်က သုညတကိုဟော၊ ဟိုက ထောင်နိုင်တဲ့နားမရှိယင်တော့ မရဘူး....(မှန်ပါ!) ထောင်နိုင်တဲ့နားရှိယင် ဟောမည့် ပုဂ္ဂိုလ်မရှိပြန်လဲ ခုနင်က ကိလေသာမစင်ဘူး.... (မှန်ပါ!)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့်အခုခင်ဗျားတို့ဟောတဲ့ပုဂ္ဂိုလ်လဲကြုံပြီ၊နာနိုင်တဲ့နားလဲ ခင်ဗျားတို့မှာ ရှိပြီ....(မှန်ပါ!) ထိုကဲ့သို့ရှိတဲ့အတွက် ခင်ဗျားတို့သည် ဓမ္မာနုဓမ္မ ပဋိပတ္တိ ဆိုတဲ့အတိုင်း ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်လုပ်....(မှန်ပါ!) ဘယ်လိုလုပ်ရမလဲ....(ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်လုပ်ရပါမယ်ဘုရား)။

အဲဒါသာ ခင်ဗျားတို့ မီးပုတ်သေယောကျ်ားကဲ့သို့ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင်သာ လုပ်နေမယ်ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ဒီတက္ကာမာန စွဲသမ်းတဲ့ဥစ္စာ လာဦးမလား....(မလာပါဘုရား) စွဲမှသာလျှင် နောက်ခန္ဓာရမှာ၊ မစွဲယင်.... (မရပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု...သာဓု...သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာဝပဏ္ဏိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အာမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော
"သုညတ ဒေသနာ့တော်"
အနာထပိဏ္ဍသူဌေးကြီးဟာ
အကြီးဆုံး လက်ဆောင်တခု

နွေအလှပင်ပေး တရားတော်

(၃၀ - ၉ - ၆၁)



အနာထပိဏ်သူဌေးကြီးဟာ တနေ့ကျောင်းကို နှစ်ခေါက်သုံးခေါက်ရောက်တယ်၊ သူဆောက်ထားတဲ့ ဇေတဝန်ကျောင်းကို တနေ့ နှစ်ခေါက် သုံးခေါက်ရောက်တယ်....(မှန်ပါ့ဘုရား)။

မနက်သွားယင် ယာဂုကလေး ဘာလေး ယူသွားလေ့ရှိတယ်၊ နေ့လယ်သွားလို့ရှိယင် ဧတု မဓု အစရှိသည် ယူသွားတယ်၊ ညနေသွားလို့ရှိယင် ပန်း, ဆီမီး စသည်တို့ ယူသွားလေ့ရှိတယ်။

ကျောင်းရောက်ခဲတဲ့ ဘုရားထံနှင့်တကွ ရှင်သာရိပုတ္တရာ၊ ရှင်မောင်ဂွလွာန်တို့ထံဝင်တာဘဲ၊ ဝင်ပေမဲ့လဲ ဒါနကထာ, သီလ

ကထာတွေကိုသာ အများအားဖြင့် ဟောလိုက်တယ်၊ သူညတာ ဖြစ်တဲ့ ဝိပဿနာကို မဟောကြဘူး....(မှန်ပါ့ဘုရား)။

တနေ့သဋ္ဌ ကျလာတဲ့အခါ ကျောင်းမသွားနိုင်တော့ဘူး.... ဝေဒနာက သေမည့်ဝေဒနာဖြစ်တယ်၊ ဒါနဲ့ အခိုင်းအစေကို လွှတ်လိုက်တယ်။

ဘုရားဆီကို ရှိခိုးခဲ့ကွာ.... တကာကြီးတော့ ကျောင်းမလာနိုင်ဘူး၊ ရှင်သာရိပုတ္တရာဆီးတော့ မင်းဝင်ခဲ့၊ အနာထပိဏ်သူဌေးကြီးက ရှိခိုးလိုက်ပါတယ်၊ အိမ်ကိုလဲ ခေတ္တကြွဘို့လျှောက်လိုက်ပါတယ်ဆိုပြီးတော့ ခိုင်းလိုက်တဲ့အခါမှာ အခိုင်းအစေကလဲ အားလုံးလျှောက်တော့ ရှင်သာရိပုတ္တရာကလဲ....

ကဲကွာ....အနန္ဒာ· အနာထပိဏ်သူဌေးကြီး မမာဘူး... တဲ့၊ ဒို့လူမမာဆီ သွားကြည့်ရအောင်ဆိုပြီး သဘောတူသွားကြတယ်လို့ မှတ်ရဖယ်...(မှန်လှပါဘုရား)။

သဘောတူသွားကြပြီး သကာလ တကာကြီး.... ဝေဒနာဘယ်နှယ်နေသတုံးမေးတော့...

တကာကြီးက ဝေဒနာကတော့ဘုရား· ရှေ့သာတိုးတယ်၊ နောက်မဆုတ်ပါဘူး၊ အမျိုးမျိုးဝေဒနာဖြစ်ပုံ·ထိပ်ခေါင်းကိုက်တာကိုလဲ ထိပ်မှာစူးကလေးနဲ့ ထိုးသလို၊ ဝမ်းထဲက လေနာတာကလဲ ခေါင်းကလေးနဲ့ မွှေလိုက်သလို ဝမ်းထဲမှာ၊ ပူဘာကလဲ အားကောင်းတဲ့ လူနှစ်ယောက်ကိုင်ပြီး မီးဖိုမှာ တပည့်တော်ကိုကင်သလိုဘဲဘုရား၊ ဝေဒနာ ရှေ့သာတိုးတယ် နောက်မဆုတ်ဘူးတဲ့... (မှန်ပါ့ဘုရား)။

ဒီတော့ ရှင်သာရိပုတ္တရာက စဉ်းစားမိပါတယ်၊ ဘယ်လို စဉ်းစားမိသတုံးဆိုတော့ ဝေဒနာကြည့်ရတာတော့ ဒီဝေဒနာဟာ အထမြောက်မည့် ဝေဒနာမဟုတ်ဘူး၊ အလကားစကားတွေ ပြောနေယင်အပ်ဘဲ၊ တရားစကားဘဲ ပြောတာကောင်းတယ်၊ တရားဘဲဟောတာ ကောင်းတယ်လို့ သူ့စိတ်ထဲမှာ ပေါ်လာတယ်....(မှန်ပါဘုရား)။

ဒါနဲ့ ဟောလိုက်တယ်တရားကို တကာကြီးဘယ်ဟာမှမစဲနဲ့၊ ခန္ဓာငါးပါး ဘယ်ဟာမှမစဲနဲ့.... (မှန်ပါဘုရား)။

ဒါက ခန္ဓာငါးပါး ဘယ်ဟာမှ မစဲပါနဲ့တဲ့၊ တဏှာမာန ဒိဋ္ဌိနဲ့မစဲပါနဲ့၊ စဲလို့ရှိယင် စဲထုံဖြစ်တဲ့ ခန္ဓာရလိမ့်မယ်၊ နောက် ခန္ဓာ အနာဂတ်ခန္ဓာ....(မှန်လှပါဘုရား)။

ပစ္စုပ္ပန်ခန္ဓာကို တခုခုနဲ့ တဏှာမာနဒိဋ္ဌိ တခုခုနဲ့ စဲယင်အနာဂတ်ခန္ဓာ ရလိမ့်မယ်.... (မှန်ပါ)ဆိုတော့ ဒါအနာထပိဏ်သူဌေးသေခါနီး ဟောတဲ့တရားလို့ တကာကြီးရော ဆရာဝန်ကြီးရော မှတ်ရမယ်နော်.... (မှန်လှပါ) သေခါနီးမှာ သိပ်အရေးကြီးလို့ ပြောနေတယ်လို့ မှတ်ရမယ်....(မှန်ပါဘုရား)။

ဘာမှမစဲနဲ့၊ ဒီခန္ဓာလဲမစဲနဲ့ ၊ ရှင်သာရိ ပုတ္တရာက ယုတ်စဉ်အဆုံး တကာကြီး နတ်ပြည်၊ ဗြဟ္မာပြည်လဲ မစဲနဲ့ ၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်လဲမစဲနဲ့ ၊ စဲယင် အဲဒါတွေ ပြန်ဖြစ်ဦးမယ် ဆိုတော့ သိပ်ကြောက်စရာကောင်းပါလား.... (ကောင်းပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ တဏှာဥပါဒါန်ကံ၊ လူ့ခန္ဓာ၊ နတ်ခန္ဓာ လာမှာဘဲတဲ့၊ ဒီဌိဥပါဒါန်ကံ၊မာနဥပါဒါန်ကံတို့ အတူတူဘဲဘဲ့၊ အပါယ်လေးပါး ခန္ဓာတွေ လာချင်လာလိမ့်မယ် .... (မှန်ပါ့) မစဲ့ယင်မပေါ်ဘူး၊ ပစ္စုပ္ပန်ခန္ဓာကို တဏှာမာန ဒိဌိ တခုခုနဲ့စဲ့ယင် နောက်ခန္ဓာပေါ်မယ်၊ ဒါကိုဟောလိုက်တယ် .... (မှန်ပါ့ဘုရား)။

ဒါဖြင့် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်သဲ့ မစဲ့နဲ့လို့ဟောတာ.... (မှန်ပါ့) ရှင်းကြပြီနော်.... (ရှင်းပါပြီဘုရား) လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ကော.... (မစဲ့နဲ့) မစဲ့ရဘူး၊ စဲ့ယင် အဲဒီသွားဖြစ်မယ် .... (မှန်ပါ့ဘုရား)။

ဥပါဒါန်ရှိယင် ဥပါဒါနကွန်ခန္ဓာလာမှာဘဲ.... (မှန်ပါ့) ဒီမှာ ဥပါဒါန်ရှိယင် ဥပါ ဒါနကွန်ခန္ဓာ လာမယ်၊ ဒါကြောင့် ဥပါဒါနကွန်ခန္ဓာလို့ ခေါ်ပါတယ်....(မှန်ပါ့ဘုရား)။

ဒါက ဥပါဒါန် ဒါက ဥပါဒါနကွန်ခန္ဓာ (မှန်ပါ့) ဒါသေသေချာချာမှတ်ပါ၊ဥပါဒါန်ရှိယင် ဘာလာမယ်၊.... (ဥပါဒါနကွန်ခန္ဓာလာပါ့မယ်ဘုရား) အဲ့မာဇလေး ကြောက်စရာကြီးပါလား .... (မှန်လှပါဘုရား)။

ဒါဖြင့် ဥပါဒါန်က သမုဒယသစ္စာ၊ ဥပါဒါနကွန်ခန္ဓာက ဒုက္ခသစ္စာ....(မှန်ပါ့)အစဲ့ရှိယင် ဒုက္ခဖြစ်မှာဘဲ....(မှန်ပါ့ဘုရား)။

အစဲ့ရှိယင်....(ဒုက္ခဖြစ်မှာပါဘုရား) ဒုက္ခဖြစ်မယ်ဆိုတော့ကို

ဒါအခုတရားနာတဲ့ ပုဂ္ဂိုလ်တွေက ရှင်းသွားတယ် .... (မှန်ပါ့) ဩော်....အစ္ဆဲရှိယင် ဖြစ်မှာဘဲ။

တခါဆက်ဟောပြန်တယ်၊ တကာကြီး သူများက ပြောဘူး တာကလေး ဘာကောင်းတယ်၊ညာကောင်းတယ် ဆိုတာကလေး လဲမစ္ဆဲနဲ့တဲ့၊ ဒီကျအောင်ဆုံးမတယ်....(မှန်ပါ့ဘုရား)။

သူများ ဘာကောင်းတယ်၊ ညာကောင်းတယ်ဆိုတာကလေး ပြောသံကြားလဲမစ္ဆဲနဲ့ ကိုယ်.... စားသောက်ဘူးတာ ကလေးလဲ မစ္ဆဲနဲ့တဲ့၊ ယုတ်စွအဆုံးဗျာ ခင်ဗျားရှိတဲ့ အဝတ် အစားတွေက စပြီး မစ္ဆဲနဲ့....(မှန်ပါ့)စ္ဆဲယင်စ္ဆဲတဲ့ခန္ဓာရမယ်....(မှန်ပါ့ဘုရား)။

ဒါ... တကာ တကာမတွေ မှတ်ဘို့ရာ သိပ်အရေးကြီးပါတယ် တဲ့၊ အနာထပိဏ်သူဌေးကြီး သေခါနီးမှာ ရှင်သာရိပုတ္တရာ လာ ဟောနေတာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ကြားဘူး၊ မြင်ဘူး၊ တွေ့ဘူး တာတောင်ဘာတုံး.... (မစ္ဆဲရပါဘုရား) စ္ဆဲယင် တဏှာမာနဒိဋ္ဌိ ဥပါဒါန်လာလိမ့်မယ်၊ ဥပါဒါန်လာယင် ဥပါဒါနက္ခန္ဓာလာမှာဘဲ (လာမှာပါဘုရား) ဥပါဒါနက္ခန္ဓာလာမယ်၊ ဒါကြောင် သံခိုတ္တေန ပဉ္ဇုပါဒါနက္ခန္ဓာ ပိဒုက္ခသစ္စံ ဥပါဒါနက္ခာဟာ ဒုက္ခသစ္စာကွတဲ့ (မှန်ပါ့ဘုရား)။

ဒါကြောင့် သေခါနီး ဘယ်လောက် အရေးကြီးတယ်ဆိုတာ ဆရာဝန်ကြီး မှတ်ထားပါ....(မှန်ပါ့) ဘာမှမစ္ဆဲကြပါနဲ့၊ သေ တော့ သေကြမှာချည်းဘဲ ကျုပ်တို့တတွေ.... (မှန်ပါဘုရား)။

အဲဒီလိုပြောလိုက်ဘဲ့ အခါ ကျတော့ ခန္ဓာငါးပါးလဲ မစဲနဲ့ ဟိုဘုံဒီဘုံလဲမစဲနဲ့၊ မြင်ဘူး၊ ကြားဘူး တာတွေလဲ မစဲနဲ့ဆိုတော့ ဘာမှမစဲနဲ့ လို့ပြောဘာ.... (မှန်ပါ့) ဒီတော့ အနာထပိဏ်သူဌေး ကြီးကဝိုတယ်....(မှန်ပါ့ဘုရား)။

အနာထပိဏ် သူဌေးကြီးကဝိုဘော့ ရှင်အာနန္ဒာက မေးတယ် တကာကြီး အခုရှိတဲ့ ပစ္စည်းတွေစွန့်ပြီး သေရမှာမို့ တကာကြီး ဝိုတာလား၊ ကုသိုလ် တွေများ ဆုတ်ယုတ် ကုန် တယ် ထင် ပြီး သကာလ ဝိုတာလား ဆိုတော့ အရှင်ဘုရား ဒီလိုမထင်ပါနဲ့၊ တပည့်တော်က ဒါတွေကိုကို့စ်မရှိပါဘူး။

တပည့်တော်ဟာ နှစ်ပေါင်းများစွာ ဘုရား၊ကျောင်းတကာ လဲဖြစ်တယ်၊ နေ့ဘိုင်းလဲ သံဃာငါးဆူ ယာဂုဆွမ်း ကပ်တယ်၊ တနေ့လဲ ကျောင်းကို နှစ်ခေါက်သုံးခေါက်ရောက်တယ်၊ ဒီမစဲနဲ့ ဆိုဘဲ့တရားကို တခါမှမနာရဘူးဘဲ့.... (မှန်ပါ့ဘုရား)။

ဘုရားကလဲမဟောဘူး၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန် တို့လဲ့ မဟောဘူး၊ တပည့်တော် အကျမ်းဝင်တဲ့ သံဃာဆိုတော့ ဇောတဝန်ကျောင်း တတိုက် လုံးဘဲ၊ တခါမှ မဟော ဘူးတော့ ဒါဟာသည်တတရားဘယ်ဟာမှမစဲဘဲနဲ့ ပုဂ္ဂိုလ် သတ္တဝါအဖြစ်ကို ဘာမှမယူနဲ့ ဆိုတာသည်တတရား၊အရဟတ္တဖိုလ်ဆောက်မည့်တရား (မှန်ပါ့ဘုရား)။

ဒီတရားမနာရလို့ တပည့်တော် ဝမ်းနည်းပြီးငိုတာဆိုတော့ ရှင်သာရိပုတ္တရာက အဖြေထုတ်ပါတယ်၊ တကာကြီးတဲ့ လူတွေမှာ သားရေးသမီးရေး-စီးပွားရေးနဲ့ ရှုပ်ပွေလိမ်ပြီး သကာလနေတဲ့ပုဂ္ဂိုလ်မှာ ဒီသူတတရား ဘယ်ဟာမှ မစွဲနဲ့ဆိုတာ ဟာလိုက်လို့ ရှိယင် လက်ခံနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ကျုပ်တို့မဟာဘဲ နေတာတဲ့...(မှန်ပါ့ဘုရား)။

ဒီတော့ အနာထပိဏ်သူဌေးကြီးက ပြန်လျှောက်တယ်၊အရှင်ဘုရား တပည့်တော် ဒီဝေဒနာနဲ့ သေရမှာပါဘဲ၊ သို့သော် နောင်လာနောင်သားတွေအတွက် တော်တော် အရေးကြီးတယ် (မှန်ပါ့ဘုရား)။

အရှင်ဘုရားတို့က ဒီလိုဖြစ်ပျက် ဒုက္ခသစ္စာဘဲ၊ ဘာမှမစွဲနဲ့၊ ဒါဖြစ်ပျက်ဒုက္ခသစ္စာချည်းဘဲ၊ ဘာမှမစွဲနဲ့၊ ဒီလိုဟောဘို့အခွင့်အရေးရှိတယ်တဲ့၊ လူပေမဲ့လဲ ဉာဏ်မျက်စိပေါ်မှာ ကိုလေသာမြူ အနည်းအငယ် အုပ်တဲ့ ပုဂ္ဂိုလ်လဲရှိတယ်၊ များများအုပ်နေတဲ့ ပုဂ္ဂိုလ်လဲရှိတယ်....(မှန်ပါ့ဘုရား)။

များများကြီးအုပ်နေတဲ့ ပုဂ္ဂိုလ် မဟောချင်နေပါ၊ အနည်းငယ်အုပ်တဲ့ပုဂ္ဂိုလ်မှာတော့ ဒီသူတတရား ဖြစ်ပျက်တရားကို မနာလိုက်ရလို့ ရှိယင် ကိုယ်ကျိုး နည်းတော့မယ် ... (မှန်ပါ့ဘုရား)။

ဒီလိုပုဂ္ဂိုလ်တွေ့ အမျှားကြီးရှိပါတယ်....တဲ့.... (မှန်ပါ့ဘုရား) ဒီတော့ ရှင်သာရိပုတ္တရာက သူပြောတာ ဟုတ်တယ်ဆိုတော့ အနာထပိဏ်သူဌေးကြီးငိုတာ ဦးမာဒင်တို့-ဦးဘရှင်းတို့က အကဲခတ်ရမယ်၊ သည်တတရားကို မနာရလို့....(မှန်ပါ့)။

ဘုရားနဲ့တက္ဟ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်တို့နဲ့ နှစ်ပေါင်း သုံးဆယ့်ငါး-လေးဆယ်၊ မနည်းဘူး ဆည်းကပ်နေခဲ့ရတာတော့၊သည်တတရားမနာရဘူး....(မှန်ပါ့) သည်တတရားမှမက် ဥာဏ် ဖိုလ်ဥာဏ်ဆိုက်တယ်... (မှန်ပါ့)။

အဲဒီလို သူမှာပစ်ခဲ့လို့ ခင်ဗျားတို့ နာရတယ် အောက်မေ့ပါ (မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဒီ့ပြင် သည်တ မဆိုက်တဲ့တရားဟူသ၍ မနာက်ကတကာတကာမတွေ့မှတ်ကြ၊ နိဗ္ဗာန်မရောက်ဘူး.... (မှန်လှပါဘုရား) သည်တ မဆိုက်ယင် နိဗ္ဗာန် မရောက်ဘူး.... (မှန်ပါ့ဘုရား)။

သည်တဆိုက်မှ နိဗ္ဗာန်ရောက်မယ်၊ သည်တဆိုတာ ဘာပါလိမ့်မတုံး....လို့မေးတော့ လူယ်ပါတယ်၊ ဘုန်းကြီးတို့ တကာတကာမတွေ့မှာ ဒီခန္ဓာငါးပါးရှိတယ်၊ ဒါတွေ့ကို ဖြစ်မှုပျက်မှုမြင်နေလို့ရှိယင် ဒါ...ငါ-ငါ့ဥစ္စာမဟုတ်လို့ ပျက်တာဘဲဆိုတာ သည်တဟာ ငင်သွားတာဘဲ.... (မှန်ပါ့) ဒီမင်္ဂလာဟာ သည်တမင်္ဂလာဖြစ်သွားတယ်.... (မှန်ပါ့ ဒါတွေ့က သည်တသွားဖြစ်တယ်၊ ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြစ်တဲ့အခါ ဘာတုံး....သူညတ၊ ငါ-ငါ့ဥစ္စာမဟုတ်ဘဲကိုး (မှန်ပါ့) ဒီဟာက သူညတမဂ်၊ အာရုံက သူညတ၊ အာရမ္မဏိကက သူညတမဂ်သွားဖြစ်တယ်....(မှန်ပါ့) ဒါမှ ဒီဥပါဒါန်ပြုတ်တယ်၊ ဒါမှ နောက်ခန္ဓာမလာတယ်.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မှတ်ပါ၊ သြော်.... အနာထပိဏ်သူဌေးကြီးတောင်မှ ကျောင်းတကာလဲ ကျောင်းတကာ၊ ကုဋေများစွာလဲ လှူပါတယ်၊ သာသနာတော်မှာ ငါးဆယ့် လေးကုဋေ လှူတယ်... (မှန်ပါ့)။

ဒါလောက် ကြီးကျယ်အောင်ဘဲ လုပ်ပါတယ်....တဲ့၊ လုပ်ပင် လုပ်ငြားသော်လဲ သူညတ တရားကို သေခါနီးမှ နာရတယ်.... (မှန်ပါ့ဘုရား)။

စောစောကတည်းက ဘုရားနဲ့ တွေ့တွေ့ခြင်း သောတာပန်တည်တာတော့ တည်ပါတယ်၊ သူညဘဒ္ဒသနာတော်ကို မနာခဲ့ရဟူး....တဲ့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား) သဒ္ဓါနဲ့ သာဂရိ=သဒ္ဓါနဲ့ တည်သွားတယ်....(မှန်ပါ့)။

ဒီဒါကြောင့် ခင်ဗျားတို့ ဒီ-သူညဘာဘာရား ကွယ်သွားယင် ဒုက္ခနဲ့ နေရစ်ပေတော့ဆိုဘာနဲ့ အတူတူဘဲ.... (မှန်ပါ့) သူညတ မကွယ်သေးလို့ ရှိယင် ခင်ဗျားတို့ တက်သမ်း ရှိနေသေးတယ်.... (မှန်ပါ့ဘုရား)။

သူညတ-တရားဟောတတ်တဲ့ပုဂ္ဂိုလ်ကွယ်ပြီ၊ ခင်ဗျားတို့ ဆထောင်တတ်တဲ့ နားမရှိတော့ဘူးဆိုယင်ဖြင့် သြော်.... လောက ခုဖြစ်လာတာ အချည်းနှီးသာမှတ်ပေကော့....(မှန်ပါ့) အချည်းနှီးဘဲ၊ သဘောပါကြပလား ...(ပါပါပြီဘုရား)။

ဒီ-သူညတကလေးပေါ်လာတာလဲ ခင်ဗျားတို့ တော်ကြာပြီလို့ အောက်မေ့မနေနဲ့၊ ငုတ်နေတာ ကြာသွပြီ၊ ဒါ.... ဘယ်သူမှ လက်မခံနိုင်ဘူး....(မှန်လှပါဘုရား) ဒါနဲ့ဘုရား-သီလတရားနဲ့ အနာထပိဏ်ပြောသလိုဘဲ...(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဒီနေ့ သူညတတရား သဘောကျပလား.... (မှန်ပါ့) ဖြစ်ပျက်မြင်ယင် သူညတ... (မှန်ပါ့ဘုရား) ဦးဘရှင်း ဘယ်နှယ်ဆိုမလဲ....(ဖြစ်ပျက်မြင်ယင် သူညတပါဘုရား)။

ဖြစ်ပျက်မြင်ယင် သူညတ၊ ဖြစ်ပြီးပျက်တဲ့ ဓမ္မက တကာ တကာမတွေက ငါ-လို့လဲ ဆိုလို့မရပါဘူး၊ ငါ့ဥစ္စာလို့ ကာ (ဆိုလို့မရပါဘုရား) မရယင် သူညဘပေါ့....(မှန်ပါ့) ငါ... ငါ့ဥစ္စာမှ ဆိတ်သုဉ်းတာကိုး....(မှန်ပါ့ဘုရား) ဖြစ်ပျက်ဓမ္မသည် ငါ-ငါ့ဥစ္စာမှ ဆိတ်သုဉ်းသော သူညဘလို့ မှတ်ထားလိုက်ပါ.... (မှန်ပါ့)။

ဒါ့ကြောင့် တကာကြီးတွေကို နေ့တိုင်း အလုပ်လုပ်နေတာ ဘာလုပ်နေတာပါလိမ့်၊ သူညတကြည့်ပြီး သူညတ မင်းပေါ်နေတာ.... (မှန်ပါ့ဘုရား) သူညတမင်းပေါ်လို့ ဥပါဒါန်ချုပ်တယ်

ဥပဒါန်ချုပ်လို့ နောက်ခန္ဓာသိမ်းတယ်... (မှန်ပါ့) နောက်ဒုက္ခသိမ်းနေတာ မှတ်ကြပါ.... (မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါနဲ့ ကဲ-ဒါဖြင့် တကာကြီးလဲ သုညဘတရားတွေ နာရပြီဆိုပြီးသကာလ သူလဲ ဒို့ကို တရားတောင်းပန်သွားပြီ၊ အရှင်ဘုရားတို့ ကိုလေသာနည်းတဲ့ပုဂ္ဂိုလ်မျိုး သုညတတရား မနာရလို့ ရှိယင်ဖြင့် ကိုယ်ကျိုးနည်းကုန်လိမ့်မယ်ဘုရာ့၊ ဟောဘော် မူရစ်ကြပါဆိုပြီးသကာလ ရှင်သာရိပုတ္တရာနဲ့ ရှင်အာနန္ဒာ ကြွသွားရာ- ဇေတဝန်ပြန်မရောက်သေးဘူး စုတိစိတ် ကျတယ်၊ စုတိစိတ်ကျပြီး တုသိတာနတ်ပြည်မှာ သွားဖြစ်တယ်.... (မှန်ပါ့ဘုရား)။

တုသိတာပြည်ရောက်တော့ ရှေ့တုံး, ရှေ့ခဲနဲ့ နတ်ပြည်မှာ ဥယျာဉ်ဝိမာန်ပဒေသာပင် အလုံးစုံအကုန် ပြည့်စုံနေတာတွေ့အကုန် ကြည့်လိုက်တော့ သူ့စိတ်ထဲမှာ သူက သောတာပန်တည်ခြင်းသားဖြစ်နေတော့ သြော်... ငါးပါးအာရုံ ကာမဂုဏ်လိုက်စားတဲ့ပုဂ္ဂိုလ်တွေအတွက်မှာ ဒီဥစ္စာဖြင့် အလွန်ကောင်းတဲ့နေရာလို့ ဆိုရမှာဘဲ၊ အခုတော့ဖြင့် သောတာပန်ဖြစ်ပြီးသကာလ နေတဲ့အတွက် ဒီဘာတွေနဲ့ တာရှည်နေလို့ ရှိယင် လူ့ပြည်ကပါလာတဲ့ တရားကလေးဟာ မေ့လိမ့်မယ်၊ သုညဘ-တရားကခလေးမေ့သွားမှာစိုးတယ်(မှန်ပါ့)ဒါနဲ့လူ့ပြည် ပြန်ဆင်းလာတယ်၊ ညဘဲ ပြန်ဆင်းလာတယ်... (မှန်ပါ့)။

ညဘက်ဆင်းတော့ ဘုရားဆီ အခရောင်, အဆင်း, အလင်းတွေနဲ့ လာတယ်၊ လာပြီးသကာလ ဘုရားလာ လျှောက်တယ်။

ကမ္မ ဝိဇ္ဇာစ ဓမ္မာစ၊
သီလံ ဇီဝိတမုတ္တမံ။
ဧတေန မစ္စာ သုဗ္ဗန္တိ၊
နဂေါတ္တေန ဓနေန ဝါ။

ဒါ....နတ်သားရွတ်တဲ့ဂါထာ... (မှန်ပါ့) လောကကြီးထဲမှာ ဘုရား... တဲ့၊ သူညတကို အာရုံပြုတဲ့ သမ္မာဒိဋ္ဌိ-သမ္မာသင်္ကပ္ပမဂ္ဂင် ဆိုတဲ့ မဂ္ဂင်နှစ်ပါး ဘုရား....တဲ့၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်သုံးပါးဘုရား... တဲ့၊ သမ္မာဝါယာမ သမ္မာသတိ, သမ္မာသမာဓိ...ဆိုတဲ့ သမာဓိမဂ္ဂင်က သုံးပါး....တဲ့၊ မဂ္ဂင်ရှစ်ပါးရှိတယ်... တဲ့၊ အဲဒီ မဂ္ဂင်ရှစ်ပါးဟာ ဖြစ်ပျက်မြင်တဲ့ မဂ္ဂင်ရှစ်ပါး၊ ဖြစ်ပျက်အဆုံးမြင်တဲ့ မဂ္ဂင်ရှစ်ပါး၊ သူမှာဘဲ ကိလေသာကို စင်ကြယ်စေပြီး သကာလ ဒုက္ခသိမ်းတဲ့နိဗ္ဗာန်ကို ပို့နိုင်တယ်ဘုရားလို့ သွားလျောက်တယ် (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

မဂ္ဂင်ရှစ်ပါးသာလျှင် ကိလေသာ အညစ်အကြေး ကင်းဝေးပြီး သကာလ ချမ်းသာစစ်ကိုပို့နိုင်တဲ့တရားရှိပါတယ်လို့ ဘုရားလျောက်တယ်....(မှန်ပါ့ဘုရား)။

ကမ္မ ဝိဇ္ဇာစ(ပ) သုဗ္ဗန္တိ သတ္တဝါတွေမှာတဲ့ ယခု မဂ္ဂင်ရှစ်ပါးဘဲ စင်ကြယ်အောင် လုပ်ပေးတာရှိတာဘဲတဲ့၊ နဂေါတ္တေန ဓနေန ဝါ၊ အနွယ်တော့ဖြစ်သဖြင့် ဇာတ်အကြီးစားတွေမို့ ကိလေသာ စင်ကြယ်အောင် နိဗ္ဗာန်ရောက်အောင် မဆိုင်းဘူးတဲ့၊ ဒီမဂ္ဂင်ရှစ်ပါးကို အလုပ်လုပ်မှဘဲ....(မှန်ပါ့ဘုရား)။

ပေါ်ကျပလား....ပေါ်ပါပြီ ဘာလုပ်မှုတုံးတဲ့....မဂ္ဂင်ရှစ်ပါး လုပ်ရပါ့မယ်ဘုရား)။

ရှစ်ပါးက ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ ရှစ်ပါးကရှုမှုပေါ်တယ်....(မှန်ပါ့)မရှုယင်....(မပေါ်ပါဘုရား)မပေါ်ဘူးဆိုတော့ ရှစ်ပါးအလုပ်လုပ်၊ ရှစ်ပါးအလုပ် လုပ်ဆိုတဲ့ဥစ္စာက ခင်ဗျားတို့က အိပ်နေလို့ပေါ်တဲ့ အလုပ်မျိုးမဟုတ်ဘူး၊ စဉ်းစားနေလို့လဲ ပေါ်တဲ့အလုပ်မျိုးမဟုတ်ဘူး၊ စာဖတ်နေလို့လဲ ပေါ်တဲ့အလုပ်မျိုးမဟုတ်ဘူး၊ ဥိးဘရှင်း သေခြာချာမှတ်ပါ .... (မှန်ပါဘုရား)။

စာဖတ်နေလို့လဲ သူ့ဝမ်းထဲမှာ ဒီမဂ္ဂင်ရှစ်ပါး မပေါ်လာဘူး၊ ဆုတောင်းနေလို့လဲ မပေါ်လာဘူး.... (မှန်ပါ့) သူ့ပေါ်စေတတ်တဲ့ အာရုံကို သူဉာဏ်လှည့်မှပေါ်တယ် .... (မှန်လှပါဘုရား)။

ဒါဖြင့် ခန္ဓာ၏ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တွေကို တချက်ချက်မြင်ပါမှ,သူပေါ်တယ်_ (မှန်ပါ့) မမြင်ယင် (မပေါ်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန် ပေါ်ဘို့ ရာသည် အနှယ် ကောင်း သဖြင့်လဲ မပေါ်နိုင်၊ ပစ္စည်းပေါသဖြင့်လဲ....(မပေါ်နိုင်ပါဘုရား)။

စာဖတ်နေသဖြင့်လဲ (မပေါ်နိုင်ပါဘုရား)ကိုယ့်ဟာကိုယ်ကြံတွေးနေသဖြင့်လဲ_ (မပေါ်နိုင်ပါဘုရား)မပေါ်နိုင်ဘူးတဲ့။

ဒါဖြင့် ဘယ်နှယ်လုပ်ရမတုံးဆိုတော့ ခန္ဓာပင်ကိုယ် သဘော ကို ဉာဏ်နဲ့ကြည့်နေမှပေါ်မယ်.... (မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ခန္ဓာ၏ ပင်ကိုယ်သဘောကို.... (ဉာဏ်နဲ့ ကြည့်နေမှပေါ်ပါ တယ်ဘုရား)ဉာဏ်နဲ့ ကြည့်နေလို့ ရှိယင်တော့ဖြင့် ခန္ဓာပင်ကိုယ် သဘောက သူ့မှာ ဥဒယဝယဆိုတဲ့ ဖြစ်မှုပျက်မှုဘဲ သူပြောနေ တာ....(မှန်ပါ့ဘုရား)။

အဲဒါဉာဏ်နဲ့ ကြည့်နေလို့ ရှိယင်ဖြင့် ဒီ့ပြင် ဟာနဲ့ ကြည့် လို့ ဇတော့ မြင်မှမမြင်ဘဲ၊ သူတို့နဲ့ကြည့်မှမြင်တယ်.... (မှန်ပါ့) သီလကလေးဆောက်တည်၊ သမာဓိကလေးတည်ပြီး၊ ပညာနဲ့ ကြည့်ရတယ်....(မှန်ပါ့ဘုရား)။

သီလ သမာဓိပညာနဲ့ကြည့်ရတယ်၊ သီလချည်းသက်သက်လဲ ဟိုဟာကိုမမြင်ဘူး(မှန်ပါ့)သမာဓိချည်းသက်သက်လဲ.... (မမြင် ပါဘုရား)ပညာကမှ....(မြင်ပါတယ်ဘုရား)။

ပညာကမှ မြင်နိုင်ပါတယ်၊ဒါကြောင့်သီလချည်းသက်သက်နဲ့ လဲ နိဗ္ဗာန်မရောက်နိုင်ဘူး၊(မှန်ပါ့) သမာဓိချည်း သက်သက်နဲ့လဲ (နိဗ္ဗာန်မရောက်နိုင်ပါဘုရား)။

ဘာကြောင့်တုံး၊ အကူအညီ သက်သက်ကိုး၊ ပညာကိုကူညီတဲ့ တရား....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သီလသမာဓိက....(ပညာကို ကူညီတဲ့တရားပါဘုရား အဲ .... မပါလဲမပြီးဘူးပေါ့ဗျာ.... (မှန်ပါ့)သူတို့ချည်းလဲ မရောက်ဘူး ဗပါ့... (မှန်ပါ့)ဒီလိုမှတ်ထားကြပါ.... (မှန်ပါ့ဘုရား)။

မပါလဲမပြီးဘူး၊ သူတို့ချည်းလဲ ရောက်သလားလို့ မေးယင် မရောက်ဘူးလို့မှတ်ပါနော်—(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့လဲ မေးတဲ့အခါ ကျွတော့ကို သိလကလဲ ရှောင် ကြဉ်ရုံမတ္တာဘဲ....(မှန်ပါ့) ဃမာဓိက တည်ကြည်ရုံမတ္တာဘဲ(မှန်ပါ့) ပညာကမှ ထိုးတွင်းသိတယ် .... (မှန်ပါ့) မကွာဘူးလား .... (ကွာပါဘယ်ဘုရား)။

ကောင်းပြီဒါဖြင့် သိလသမာဓိ ပညာလို့ ဆိုငြား သော်လဲ ဒါကြောင့်ဘုရားက၊ပညာဟိသေဋ္ဌာ လောကသ္မိံ၊ ယာယံနိဗ္ဗေဓ ဂါမိနီ၊ ယာယသမ္မာပဇာနာတိ၊ ဇာတိဘဝပရိက္ခယံ။

ဒီအထဲမှာ ပညာမှပို့နိုင်တယ်ကွတဲ့.... (မှန်ပါ့) လောကေ လောကဋ္ဌ၊ ပညာဟိ·ပညာဝေ၊ ပညာသည် သာလျှင်။သေဋ္ဌာ၊ အမြတ်ဆုံးဘဲတဲ့— (မှန်ပါ့ဘုရား)။

သာစ၊ထိုပညာသည်လည်း။ယသ္မာ၊ အကြင့်ကြောင့်။ ပဇာ နာတိ၊ဖြစ်ပျက်ကိုသိ၏တဲ့....(မှန်ပါ့)သိလကမသိဘူး— (မှန်ပါ့) ဃမာဓိကလဲ.... (မသိပါဘုရား)ပညာကဘဲသိတယ် .... (မှန်ပါ့ ဘုရား)။

ယာယံပညာ၊ အကြင် ပညာသည်။ နိဗ္ဗေဓဂါမိနီ· ကြားထဲ ကိလေသာတွေက ဖုံးနေကြသော်လည်း သူက ထိုးဖောက်ပြီး ဖြစ် ပျက်သွားမြင်တယ်....(မှန်လှပါဘုရား)။

ကိလေသာ ဖုံးနေငြားသော်လဲ.... (ထိုးဖောက်ပြီး ဖြစ်ပျက် မြင်ပါတယ်ဘုရား)အဲ....ကိလေသာက ဥာဏ်ပေါ်မှာဖုံးနေငြား

သော်လဲ၊ ဥာဏ်ပညာက ထိုးဖေါက်ပြီး ဖြစ်ပျက် သွားမြင်တယ် (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါကြောင့် ယာယံပညာ၊အကြင်ပညာသည်။ နိဗ္ဗေဓဂါမိနိ၊ ဖြစ်ပျက်ဆီးရောက်အောင် ထိုးဖေါက်တတ်၏ ... (မှန်ပါ့)သီလက မထိုးဖေါက်နိုင်ဘူး၊ သမာဓိကကော .... (မထိုးဖေါက် နိုင်ပါ ဘုရား)။

ဖြစ်ပျက်သိအောင်တော့ မထိုးဖေါက်နိုင်ဘူး၊ ဖြစ်ပျက်နား ရောက်အောင်တော့ သူပို့နိုင်တယ်၊ ဖြစ်ပျက်ကိုမင်းမြင်သလား လို့မေးတော့ သူ့မှာမြင်တတ်တဲ့ သတ္တိမရှိဘူး...(မှန်ပါ့ဘုရား)။

သူက သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိကိုး၊ ဒါသမာ ဓိဘဲ၊ သမာဓိတရားဟာ သူတို့သုံးခု ဟောဘာဘဲ .... (မှန်ပါ့ ဘုရား)။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝက၊ သီလမဂ္ဂင်၊ သမ္မာဝါစာဆိုတာ မိစ္ဆာဝါစာ ကြဉ်ရှောင်တာ ရှိတာဘဲ၊ သမ္မ ကမ္မန္တဆိုတာ မိစ္ဆာကမ္မန္တအမှုကို မပြုဘဲနေတာရှိတာဘဲ (မှန်ပါ့ ဘုရား)။

သမ္မာအာဇီဝ ဆိုယင် ကောင်းသဖြင့် အသက်မွေးတာဘဲ ရှိတာဘဲ၊ ဖြစ်ပျက်ကိုထိုးဖေါက်နိုင်တဲ့ သတ္တိမရှိဘူး.... (မရှိပါ ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်သူကမှ ထိုးဖေါက်နိုင်သတုံး....(ပညာကမှ ထိုး ဖေါက်နိုင်ပါတယ်ဘုရား)ဒါကြောင့် ပညာဟိသေဌာ လောက သွိုံလို့ သုတ္တနိပါတ်မှာ ဟောလိုက်တယ် ဘုရားက.... (မှန်ပါ့ ဘုရား)။

ယာယံ၊အကြင်ပညာသည်။နိဗ္ဗေဓဂါမိနီ၊အဝိဇ္ဇာသိတဏှာသမ်
ကို ထိုးဖေါက်တတ်၏၊ ယသ္မာ၊ အကြင်ကြောင့်။ပဇာနာတိ၊ ဖြစ်
ပျက်ကိုသိ၏။ ပညာမူသိတယ်ကွတဲ့... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့်....ဇာတိဘဝ ပရိက္ခယံ=ဇာတိဟူသ၍ ဘဝတွေ့
ဟူသ၍ အကုန်-ကုန်အောင် သူဘဲ တတ်နိုင်တယ်တဲ့....(မှန်ပါ့)
ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဩဿော်....ဒီနေ့ ဟရားထူး သိရှိခွင့်ရပြီ...သီလ,သမာဓိ,
ပညာ, ဆိုငြားသော်လဲ ပညာခေါင်းဆောင်ပါလား.... ဒါကို
မှတ်ထားရမယ်...(မှန်ပါ့ဘုရား)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)
ပေါင်းလိုက်တော့ ဓဂ္ဂင်ရှစ်ပါး၊ သီလမဂ္ဂင်(၃)၊သမာဓိမဂ္ဂင်
(၃)၊ ပညာမဂ္ဂင်(၂)...(မှန်ပါ့) အားလုံးရှစ်ပါး....

ကဲဒါ အနာထပိဏ်သူဌေးကြီးဖြစ်ခဲ့ဘူးတဲ့ နတ်သားကလဲ ဒီ
ရှစ်ပါးမှာဘဲ ကိလေသာစင်၍ နိဗ္ဗာန် မြင်တယ်လို့ သူဃာ
လျောက်တယ်....(မှန်ပါ့ဘုရား)။

အခု သုတ္တာနိပါတ်မှာ ဘုရားကိုယ်တော်တိုင်ကလဲ သူဘဲကွ-
ထိုးဖေါက်နိုင်တာ၊ မင်းတို့ သူ့ဘဲအားကိုးကြ၊ ဟောပြန်ပါ
တယ်ဆိုတော့ နှစ်ကျိမ်းကြည့်လိုက်ယင် ဒါလုံလောက်သွားတယ်
(မှန်ပါ့ဘုရား)။

ကဲ.... ဒါဖြင့် အနာထပိဏ်သူဌေးနတ်သားက ဒီလို ဘုရား
လျောက်လိုက်တော့ အရှင်ဘုရား.... မဂ္ဂင်မှ ကိလေသာစင်ပြီး

နိဗ္ဗာန်မြင်ပါတယ်ဘုရား၊ ကျန်တဲ့ အရွယ်ကောင်း,အမျိုးကောင်း သဖြင့် ဘာမှ မတတ်နိုင်ဘူးလို့ သူလျှောက်တယ်၊ ဘုရားက ငြိမ်နေတယ်....(မှန်ပါ့ဘုရား)။

ဘုရားက မဟုတ်ဘူးလို့ မပြောဘူး...(မှန်လှပါ) နတ်သားလျှောက်တဲ့ဥစ္စာ မဟုတ်ဘူးလို့ မပြောဘူး....(မှန်ပါ့) ငြိမ်သက်စွာနေတော်မူတော့ ဩော်.. ဒါ ဘုရားနှစ်သက်တယ်ဆိုပြီး သူတုသိတာ နတ်ပြည်ပြန်သွားတယ်....(မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘုရားနှစ်သက်တယ်ဆိုတာ ဒါဘဲ၊ သူမနှစ်သက်လို့ ရှိယင် ဘုရားက ပယ်လိုက်မှာပေါ့... (မှန်ပါ့) ဟ....မင်းလျှောက်တာ မဟုတ်သေးဘူးဆိုပြီး ပြောမှာပေါ့...(မှန်ပါ့ဘုရား)။

အခုတော့ လျှောက်တာကို ငြိမ်ခံနေသဖြင့် သူ့စိတ်ထဲကလဲ နတ်ပြည်ပြန်ကာနီးကျတော့ ငါလျှောက်တာ ဘုရားနှစ်သက်ပြီ-ဘုရားသဘောကျပြီဆိုပြီး ပြန်သွားတယ်...(မှန်ပါ့ဘုရား)။

ဒါ ဥပရိပဏ္ဏာသ,ပါဠိတော်မှာ လာတာလို့ မှတ်ရမယ်နော်-(မှန်ပါ့ဘုရား)။

ဒါနဲ့ ပြန်သွားတော့ မနက်ကျတော့ ရှင်အာနန္ဒာကို ဘုရားက ဟောပြတော့ ဒါဖြင့်.... ညက အရောင်အဆင်း အသင်းတွေနဲ့ လာတာ အနာထပိဏ်သူဌေးကြီးနဲ့ တူပါတယ်လို့ လျှောက်တော့ ဘုရားက အေးကွာ.... သူကျောင်းကိုလဲ လာပြီးကြည်ညိုတယ်....

ဝမ်းမြောက်တယ်လို့ ပြောသွားတယ်ကွာ... ငါလဲနေတယ်, မင်းတို့လဲ နေတာနဲ့ ဝမ်းမြောက်တယ်နော်.... မဂ္ဂင်ရှစ်ပါးမှတပါး ကိလေသာစင်ကြယ်ပြီး နိဗ္ဗာန်မြင်တဲ့တရား မရှိဘူးလို့ လျှောက်သွားသကွာ....။

ရှင်သာရိပုတ္တရာကိုလဲ သူ အင်မတန်ကြည်ညိုတယ်လို့ လျှောက်သွားတယ်၊ မင်းအကဲခတ်တဲ့အတိုင်း အနာထပိဏ်သူဌေးကြီးက်ဖြစ်လာတဲ့နတ်သားဘဲကွလို့ ဘုရားက ပြောလိုက်တယ်....(မှန်ပါ ဘုရား)။

ဒါတွေလဲ လျှောက်သွားသကွာဆိုတော့ ဒီတရားဟာ ဘာအာရေးကြီးပါသတုံးဆိုတော့ သုညတဆိုက်မှ ဥပါဒါန်ချုပ်မယ်.(မှန်ပါ) ဥပါဒါန်ချုပ်မှ နောက်ခန္ဓာသိမ်းမယ်....(မှန်ပါ) ရှင်းပလား....(ရှင်းသွားပါပြီဘုရား)

သုညတဆိုက်မှ....(ဥပါဒါန်ချုပ်ပါတယ်ဘုရား) ဥပါဒါန်ချုပ်မှ....(နောက်ခန္ဓာသိမ်းပါတယ်ဘုရား)။

ဒါဖြင့် သုညတဆိုက်အောင် ခင်ဗျားတို့ ဘာလုပ်ကြမတုံးလို့ မေးတဲ့အခါကျတော့ မြင်-မြင်သ၍ ဖြစ်တာနဲ့ ပျက်တာချည့်ရှိအောင်ကြည့်ယင် သုညတဆိုက်တာဘဲ....(မှန်ပါဘုရား)။

မြင်-မြင်သ၍ ဖြစ်တာချည့် ပျက်တာချည့် ကြည့်နိုင်ယင်....(သုညတဆိုက်ပါတယ်ဘုရား) သုညတဆိုက်တယ်လို့ မှတ်ထားလိုက်စမ်းပါ....(မှန်လှပါဘုရား)။

ကောင်းပြီ....ဒီနေ့တော့ ဦးဘရှင်းတို့ကလဲ ပြန်မှာဖြစ်နေတော့ ကူးပုံကလေး ပြပေးလိုက်မယ်နော်....(မှန်ပါဘုရား)။

ဒါကလေးက သက်သက် အကြီးဆုံးလက်ဆောင်လို့ ဦးဘရှင်းတို့က မှတ်တာပေါ့....(မှန်ပါ့) အကြီးဆုံးလက်ဆောင် ဘာဖြစ်လို့တုံး... နက်ဖြန် ပြန်ရမှာကိုး....(မှန်ပါ့ဘုရား)။

ရှင်နာဂသိန်က ရဟန္တာဆိုတာ ခင်ဗျားတို့သိပြီ....(မှန်ပါ့) မိလိန္ဒမင်းကြီးကလဲ ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်ဘဲ၊ ဒီဘဝဘဲဖြစ်မယ် (မှန်ပါ့ဘုရား)။

မိလိန္ဒ မင်းကြီးက မေးတယ်... အရှင်ဘုရားများကတော့ကို ရဟန္တာလဲဖြစ်နေတယ်၊ ရဟန္တာဆိုတော့ သောဘာပန်အဖြစ်ကနေ နိဗ္ဗာန်ကို တခါမြင်ခဲ့....(မှန်ပါ့) သဂါဒါန်အဖြစ်က တခါမြင်၊ အနာဂါမ်အဖြစ်က တခါမြင်၊ ရဟန္တာအဖြစ်က တခါမြင်ဆိုတော့ နိဗ္ဗာန်ကို အဖျင်းဆုံး လေးခါမြင်ပြီးသား ဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

သောကကြီးမှာ ရှိနေကြတာကလဲ ဥဒယဗ္ဗယလို့ ဘုရားကလဲ ပဓာနိယင်္ဂ် တရားငါးပါးမှာ ဥဒယဗ္ဗယ ရှိဟော့- ရှိဟော့- ဖြစ်ပျက်ကို ရှုဆိုတယ်။

အဲဒီတော့... ဒီအဖြစ်အပျက်တွေ ရှုပြီး အရှင်ဘုရားကလဲ နိဗ္ဗာန်မြင်တယ်၊ အဲဒီတော့ ဖြစ်ပျက်ကနေပြီးသကာလ နိဗ္ဗာန်ကူးပုံ ပြောစမ်းပါ....တဲ့၊ အရှင်ဘုရားတို့ကလဲ ရောက်တဲ့သမ်းဖြစ်ပါတယ်၊ နိဗ္ဗာန်ကို ဘယ်လိုကူးသွားတယ်- ကိုယ့်ဉာဏ်ကပေါ့လေ....(မှန်ပါ့) ရှင်းပလား.. (ရှင်းပါပြီဘုရား)။

ကိုယ့်ဥာဏ်က ဘုန်းကြီးက ခိုင်းတာ၊ ဆရာဝန်ကြီးတို့ရော၊ ဦးဘရှင်းတို့ရော ဖြစ်ပျက်မြင်အောင်ကြည့်၊ ဒါဘဲခိုင်းတာဘဲ.... (မှန်ပါ့ဘုရား)

အဲဒီတော့ မိလိန္ဒမင်းကြီးကလဲ မေးတာဘဲ၊ အရှင်ဘုရားတို့ကတော့ နိဗ္ဗာန်မြင်ပြီးသား ပုဂ္ဂိုလ်တွေဖြစ်ပါတယ်၊ ရှုရမှာကလဲ ဖြစ်ပျက်ဘဲရှုရမယ်၊ အဲဒီဖြစ်ပျက်ကနေ နိဗ္ဗာန်ကူးပုံ ပြောစမ်းပါတဲ့....(မှန်ပါ့) မေးသင့်တယ်....(မေးသင့်ပါတယ်ဘုရား) မေးသင့်တယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ကို လေးလေးစားစားလဲ မှတ်ကြပါ၊ လေးလေးစားစားက ဘယ်လိုမှတ်ကြမတုံးဆိုတော့ သြော်... ဖြေတဲ့ပုဂ္ဂိုလ်က ကိုယ်ဆောက်တဲ့နေရာ, ကိုယ်ဆောက်ဘူးတဲ့နေရာ ကိုယ်ဖြေမှာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပြောသံကြားနဲ့ ဖြေမှာမဟုတ်ဘူး....(မှန်ပါ့) မှတ်မိပလား.... (မှတ်မိပါပြီဘုရား)။

ပြောသံကြားနဲ့ ဖြေမှာလား....(မဟုတ်ပါဘုရား)ကိုယ်သွားတဲ့လမ်းကိုယ် ဖြေမှာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မေးတဲ့ပုဂ္ဂိုလ်ကလဲ သာမညပုဂ္ဂိုလ်လား၊ ဒီဘဝ ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်လားဆိုတာ အကဲခတ်၊ ဒီဘဝ ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်....(မှန်လှပါဘုရား)။

ဒါဖြင့် အမေးသမားကလဲ အညွှန်အဖျင်းမဟုတ်၊ အမေးခံမည့် ပုဂ္ဂိုလ်ကလဲ မသွားဘူး၊ မလာဘူး၊ မကြုံဘူးသေး၊ တွေး

ဆပြောတဲ့ အသွားမျိုးမဟုတ်ဘူး....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် သူရောက်ဘူးတဲ့လမ်း၊ သူအတိအကျပြတာ(မှန်ပါ့) ကျုပ်တို့က မျက်စိမှိတ်လိုက်ရုံဘဲ၊ (မှန်ပါ့) သူရောက်ဘူးတဲ့လမ်း သူအတိအကျပြတော့ သူကဒီလမ်းဘဲ ဟသသေချာချာ ရောက်နေတဲ့ပုဂ္ဂိုလ်၊ ကျုပ်တို့က ဟုတ်မှဟုတ်ပါ့ဗလားလို့ ဆိုစဆုံမလိုဘူး (မလိုပါဘုရား)။

သူရောက်ဘူးတဲ့ လမ်းကလဲ သေသေချာချာ သူ ကိုယ် တိုင် ဒီလမ်းကို လေးခါဗလောက်ရောက်တယ်....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်ကနေ နိဗ္ဗာန်ဘက် ကူးသွားတာ လေး ခါ ရောက်တယ်... (မှန်ပါ့)လေးခါဘောင်ကူးဘူးတဲ့ ပုဂ္ဂိုလ်ဆိုတော့အဖျင်းဆုံး လေးခါပေါ့ တကာမကြီးတို့....(မှန်ပါ့ဘုရား)။

အဲ .... လေးခါကူးဘူးတဲ့ ပုဂ္ဂိုလ်ဆိုတော့ဖြင့် ဦးဘရှင်းက စဉ်းစား၊လမ်းကုန်နေပေါ့။ လမ်းဆုံးနေပြီ...(မှန်ပါ့)အဲဒီပုဂ္ဂိုလ်က ဖြောမှာဘဲဆိုတာကို မှတ်ထားရမယ်.... (မှန်ပါ့ဘုရား)။

ကိုင်း...တကာကြီး သေသေချာချာ နားဆင်ဆိုပြီး မိလိန္ဒမင်းကြီးကို ရှင်နာဂသိန်ကဖြောဘယ်၊ ခင်ဗျား သေသေချာချာ နားထောင် ကျုပ်ကူးပြမယ်....(မှန်ပါ့)ကူးပုံခဘ်ပုံကို ရှင်းပြမယ် ဆိုပြီး သကာလ ပြတယ်။

ပါဠိတော်က...

တဿတံစိတ္တံ အပရာပရံ မနသိကရောတော ဥပ္ပါဒံ အတိက္ကမိတ္ဌာ အနုပ္ပါဒံ သြက္ကမတိ၊ ဧတ္တာ ဝတာ ခေါ မဟာရာဇ သမ္မာ ပဋိ ပန္ဒော နိဗ္ဗာနံ သစ္ဆိ ကရောတီတိ ဝုစ္စတိ။

ဒါ... မိလိန္ဒ ပဥာပါဋိတော်၊ တကာကြီး ပဌမ ဖြစ်ပျက်တာ ဖြစ်တာပျက်ကာ ဟောဒီ ဥာဏ်ကလေးဟာ လှည့်နေတယ်... တဲ့၊ ဖြစ်ပျက်ဘက်ချည့် လှည့်နေတယ်... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဘက်လှည့်ပြီး သကာလ တခါတလေ ပျက်ဘက်ကို လှည့်လိုက်၊ တခါတလေ ဘေးဟုထင်လိုက်ဆိုတော့ ဥာဏ်တွေ့တော့ တက်သွားတာပေါ့လေ .... (မှန်ပါ့ဘုရား)။

အမျိုးမျိုးတက်တက်-တက်တက်သွားတာဘဲ....တဲ့၊သို့သော်လဲ ဥပ္ပါဒံ အတိက္ကမိတ္ဌာ အနုပ္ပါဒံ သြက္ကမတိဆိုတဲ့ အတိုင်း ဖြစ်ပျက်ဘက်လှည့်နေရင်း မတ္တန့် ဒီဖြစ်ပျက် ခန္ဓာငါးပါးက ရှုရင်း မတ္တန့် သူ့စိတ်ထဲမှာ ဥာဏ်သာကျန်ရစ်နေပြီးရှေ့ပိုင်းကပျောက်ထွက်သွားတယ်၊ တကာကြီးရတဲ့.... (မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ရှေ့ပိုင်းက ဘာဖြစ်နေသတုံး.... (ပျောက်ထွက်သွားပါတယ်ဘုရား)ဒီဥာဏ်ကလေးကတော့ (ကျန်နေပါတယ်ဘုရား)ဒီဥာဏ်ကလေးက ကျန်နေရစ်တယ်.... (မှန်ပါ့ဘုရား)။

ဥာဏ်ကလေးကကျန်ပြီးတော့ဒီဥာဏ် ကဘယ်ကူးသွားသတုံး လို့မေးတော့ ဖြစ်ပျက်မရှိတဲ့ဘက် ကူးသွားတယ်လို့ တကာကြီး မှတ်ပါ....(မှန်ပါ့ဘုရား) သဘောကျပလား(ကျပါပြီ)ဖြစ်ပျက်ရှိတဲ့ဘက်မှ(ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားပါတယ်ဘုရား)။

ဖြစ်ပျက်က ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) ဖြစ်ပျက်မရှိတာက....(နိရောဓသစ္စာပါဘုရား) အဲဒီဘက် ကူးသွားတယ်၊ ရှုရင်းကူးသွားတာဘဲ....(မှန်ပါ့) သဘောကျပလား... (ကျေပါပြီဘုရား)။

ဖြစ်ပျက်ရှိတဲ့ဘက်မှ ဖြစ်ပျက် မရှိတဲ့ဘက် ကူးသွားတော့ ဒါက ကျုပ်တို့နားလည်မှုအတွက် ပြောတာ ကျုပ်တို့ သစ္စာနဲ့ ပြောကြစို့ဆိုတဲ့အခါကျတော့ ဒုက္ခသစ္စာဘက်မှ နိရောဓသစ္စာဘက် ကူးတယ်... (မှန်ပါ့) ဒုက္ခသစ္စာဘက်မှ.... (နိရောဓသစ္စာဘက် ကူးပါတယ်ဘုရား) ရှုရင်းကူးသွားတယ်.... (မှန်ပါ့ဘုရား) ရှုရင်းပလား... (ရှုင်းပါပြီဘုရား)။

ဒီလို ကူးတယ်ဆိုတော့ ဒီဉာဏ်ဟာ အစဉ်ပြတ်သေးရဲ့လား (မပြတ်ပါဘုရား) ဒီရှု့ကသာ နှစ်ခုခဲ့သွားတာ.... (မှန်ပါ့) ဖြစ်ပျက်နဲ့ဖြစ်ပျက်မရှိဟာ နှစ်ခုကဲ့သွားတယ်.... (ကဲ့သွားပါတယ်ဘုရား)။

ဒါ့ကြောင့် နိဗ္ဗာန် မျက်မှောက်ပြုတယ် ဆိုတဲ့ဥစ္စာ ဒီဘက်က ဖြစ်ပျက်ဘက်ကို မလှည့်ဘူးဆိုတော့ ခန္ဓာကြီးတော့ရှိတာဘဲ (မှန်ပါ့ဘုရား) ရှိပေမဲ့ သူ့ဘက်မလှည့်ဘူး....(မလှည့်ပါဘုရား) ဖြစ်ပျက်မှုံတဲ့ဘက်ကို သူ့ဟာသူ လှည့်တယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျေပါပြီဘုရား)။

ရှုနေတဲ့ခန္ဓာကြီးကလဲ ခင်ဗျားတို့ ဉာဏ်နဲ့ကြည့် ရှိနေတာဘဲ၊ ဖြစ်ပျက်တွေ တွေ့နေတာဘဲ.... (မှန်ပါ့) တွေ့ရုံက ဒီခန္ဓာရှိလျက်နဲ့ ခန္ဓာဘက် မလှည့်ဘဲနဲ့ ရှာမတွေ့ဘဲနဲ့ ခန္ဓာချုပ်တဲ့ဘက် လှည့်သွားတယ်၊ သူ့ဟာသူ လှည့်တယ်... (မှန်ပါ့) ဟိုဘက်က ဉာဏ်ရင့်လာလို့ လှည့်လာတာ....(မှန်ပါ့)။

တဿ= ထိုယောဂီပုဂ္ဂိုလ်အား၊ တံစိတ္တံ= ထိုရှုနေတဲ့ စိတ်သည်၊ အပရာအပရံ=အထပ်ထပ်၊ မနသိကရောတော=ဖြစ်ပျက်ကို နှလုံးသွင်းသော ပုဂ္ဂိုလ်အား၊ ဥပ္ပါဒံ=ဖြစ်ပျက်ကို၊ အတိက္ကမိတ္ဘာ=လွန်၍၊ အနုပ္ပါဒံ=မဖြစ်တဲ့ဘက်ကို၊ ဩက္ကမတိ=ဥာဏ်ကသက်ဝင်သွား၏....(မှန်ပါ့) ဖြစ်ပျက်ဘက်မှ မဖြစ်တဲ့ဘက်ကို ဖြစ်ပျက်မရှိတဲ့ဘက်ကို တခါတည်း ပြေးသွားတယ်.... (မှန်ပါ့ ဘုရား)။

မဟာရာဇ= မင်းကြီး၊ တ္တောဝတာ= ဤမျှ ဖြစ်ခြင်းသည်၊ သမ္မာပဋိပန္နော= ကောင်းစွာကျင့်သော ပုဂ္ဂိုလ်သည်၊ နိဗ္ဗာနံ= နိဗ္ဗာန်ကို၊ သစ္ဆိကရောတိ= မျက်မှောက် ပြုသည်ဟူ၍၊ ဝုစ္စတိ= ဆိုအပ်၏၊ ဒီလိုကူးယင် နိဗ္ဗာန်ကို မျက်မှောက်ပြုတာ တကာကြီးရဲ့... (မှန်ပါ့) ဆိုတော့ ရှင်းပြီပေါ့ (ရှင်းပါပြီ ဘုရား)။

ကဲ... ဒါဖြင့် အကြီးဆုံး လက်ဆောင် ပေးလိုက်တာဘဲ...၊ ဒီအတိုင်း ကူးအောင်လုပ်ကြ၊ ခင်ဗျားတို့ ဟယ်ဘတ ပြန်သွားတဲ့ ပုဂ္ဂိုလ်တွေက....(မှန်လှပါဘုရား)။

ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု... သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
ပဋ္ဌာန်သုတ်
နွေအလုပ်ပေးတရားတော်

(၁ · ၁၀ · ၆၁)



ဒီနေ့ အဘိဏှသုတ် ပြောရလိမ့်ဦးမယ် အလုပ်စခန်းမှာ၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတယ်၊ သုနာပရန္တတိုင်းက ကုန်သည်ကြီးနှစ်ယောက်၊ တခါတလေ ညီက လှည်းငါးနဲ့ လာတယ်၊ တခါတလေ အစ်ကိုက သာဝတ္ထိပြည်ကို လှည်းငါးစုံနဲ့ လာပြီး အရောင်းအဝယ်လုပ်ကြတယ်၊ အစ်ကိုလာတဲ့အချိန်မှာ ဇေတဝန်ကျောင်းဘေးနဲ့ မနီးမဝေးမှာ လှည်းတပ်ကြီး ချပြီးသာလေ့ရှိတယ်။

ထိုကဲ့သို့ နေတဲ့အချိန်မှာ ဝတ်ဖြူစင်ကြယ်တွေနဲ့ ပန်းနံ့သာတွေကိုင်ပြီး ဇေတဝန်ကျောင်း သွားဘာတွေ့ မြင်လိုက်တယ် လှည်းခင်းဆောင်က၊ ဒါတွေ့ ဘယ်သွားကြတာတုံး....လို့ တဦးတယောက်သော ပဂ္ဂိုလ်ကို မေးလိုက်တယ်။

အို.... အသင် ဘယ်ကတုံး၊ လောကသုံးပါးမှာ ထင်ရှားတဲ့ ဘုရားပွင့်နေတာ ဘယ်သွားကြမတုံး မေးတဲ့ဥစ္စာ အသင်- ဘယ် အရပ်ကတုံး....တဲ့။

ကျုပ်.... သုနာပရန္တတိုင်းက ဖြစ်ပါတယ်၊ အို....ပစ္စန္တရာဇ် ဇနပုဒ်ကမို့ မေးဘာဘဲ၊ ဒီလောက် ကျော်ကြားနေတာတောင် သူ ....ဒါကို ဘယ်သွားမလို့တုံး မေးနေတယ်၊ ဘုရားပွင့်နေ တာ သင်မသိဘူးလား....တဲ့၊ မသိဘူးလို့ ပြန်ပြောတယ်၊ ဘုရား ပွင့်တယ်လို့ ကြားရင်ဘဲ ရိုးတွင်းချဉ်ဆီကျအောင်ဘဲ ပီတိ သော မနသာတွေ ဖေါက်ထွင်းပြီးသကာလ စိမ့်သွားတယ်၊ တော်တော် ကြည်ညိုပစ်လိုက်တယ်....(မှန်ပါ့)။

ဒါနဲ့ သူ့စိတ်ထဲ အရောင်းအဝယ်တွေ အသာချိတ်ထား ပြီးတော့ တရားနာလိုက်မှဘဲဆိုပြီးတော့ လိုက်သွားတယ်၊ လိုက် သွားတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သတ္တဝါများနဲ့ ဆိုင်တဲ့တရားတွေ ဟောတယ်။

ထိုကဲ့သို့ ဟောနေတဲ့အချိန်မှာ ဩော်... အရောင်းနဲ့ အဝယ်နဲ့ စာရေးစာချီတွေနဲ့ အုပ်ချုပ်ပြီးသကာလ အလုပ်-လုပ်နေရတာ တခြားမဟုတ်ဘူး၊ ခန္ဓာ့ကျွန်ခံနေရတာ၊ တဏှာ့ကျွန်ခံနေရတာ၊ အခု ပြောတော်မူတဲ့အလုပ်ကြီးက ခန္ဓာ့ဒုက္ခမှလွတ်ရေး၊ တဏှာ ခိုင်းစေမှုမှလဲ ကျွတ်ရေးဆိုတော့ ဒီအရောင်းအဝယ်နဲ့ လှည်းအစီး ငါးရာနဲ့ ဟိုမြို့လည်လိုက်, ဒီမြို့လည်လိုက်၊ ဟိုကဟာ သည်ကို သယ်ပြီးပြန်၊ ဒီကဟာ ဟိုကို သယ်ပြီးပြန်၊ ဘာမှလဲ မဟုတ်ဘူး၊

ဒီတရားမျိုးတော့ သက်နံးဝတ်ပြီး အားထုတ်မှဘဲ တော်မယ် ဆိုပြီးသကာလ တရားနာပြီး သူပြန်လာတယ်၊ သူ့လှည်းဝိုင်းသို့ ရောက်တယ်... (မှန်ပါ့)။

လှည်းဝိုင်းရောက်တဲ့အခါ အုပ်ချုပ်တဲ့စာရေးကြီးကိုသူပြော လိုက်တယ်၊ ဟော့....သည်ပစ္စည်းတွေဟာ ဘာက ဘယ်လောက်နဲ့ နည်းတဲ့ပစ္စည်းတွေ မဟုတ်ပါဘူးကွာ၊ အဲဒါမင်းတို့ဘဲ ရောင်း ချပြီးတော့ကို စာရေးဘဲ အုပ်ချုပ်ပြီး ပြန်သွားတော့ ငါတော့ ဖြင့် ဒီပစ္စည်းကို ညီကို ဆကုန်လွှဲလိုက်ပြီ၊ အလိုမရှိတော့ဘူးလို့ ပြော ပြီး လွှဲတယ်....(မှန်ပါ့ဘုရား)။

တယ်လဲထက်ပါလားလို့ ဆိုစရာအကြောင်းရှိတယ်နော် .... (မှန်ပါ့) အင်မတန်လဲ ထက်ပါလားလို့ ဆိုစရာအကြောင်းရှိ တယ်၊ ဒီဟာ ဘဝက ပါရမီပါလို့ ချည်း ဒီလိုဖြစ်တာ မဟုတ်ဘူး၊ တရားထူးတရားမြတ် နာရလို ဖြစ်လာတာ (မှန်ပါ့ဘုရား)။

တရားထူး တရားမြတ် နာရတဲ့ အခါ ကျွတော့ ဒီအာရုံနဲ့ တရားထူးအာရုံနဲ့ဟာက တခြားစီဘဲ၊ တရားအာရုံက သိမ်မွေ့ ဒီအာရုံက ကြမ်းတမ်းတယ်၊ ကြမ်းတမ်းတဲ့အပြင် အပါယ်လေး ပါးရောက်ကြောင်း ပြောရဆိုရရောင်းရဝယ်ရ၊ ဒါနဲ့ဘဲ ဥာဏ်က ရင့်ပြီး သကာလ လာပြီးလွှဲလိုက်တယ်။

လွှဲလိုက်ပြီး ဘုရားသခင် ကိုယ်တော် မြတ် ကြီး ထံ သက်နံး ဝတ်ဘို့ လျှောက်ပြီး ဘုရားက ကိုင်း....လွှဲပြီးလို့ ရှိယင်လဲသက်နံး

ဝတ်တာပေါ့ကွာ၊ သက်နှ်းဝတ်ပြီး သူ့တရား အား ထုတ် ကြည့်တယ်၊ ဇေတဝန်ကျောင်းတွင်းမှာဘဲ...(မှန်ပါ့ဘုရား)။

ဒီအရပ်ဟာ သူ့စိတ်ထဲမှာ တရားသာအားထုတ် နေရတယ်၊ မပျော်မွေ့ဘူး(မှန်ပါ့)မပျော်မွေ့တာနဲ့ ဘုရားထံသွားလျှောက်တယ်၊ တပည့်တော်ဟာ တပည့်တော်အရပ်ဖြစ်တဲ့ သုနာပရန္တဆိုတဲ့တိုင်းကို...(အခုမန်းစက်တော်ရာ နေရာလို့ ဆိုကြသည်)။

တပည့်တော် သွားပြီး အားထုတ် ချင်တယ်၊ တပည့်တော်ကို တရားအကျဉ်းချုပ်ကလေးနဲ့ လိုရင်း ဆိုက်ဆိုက်ကို တပည့်တော်အား သနားတော် မူပါဆိုတော့မှ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက- ကဲကွာ....အကျဉ်းချုပ်လေးဘဲ ပေးပါမယ်။

မင်းဒီအတိုင်းသာ အားထုတ်ပါဆိုပြီး သကာလ တရား အကျဉ်းချုပ်ပေးဘယ်လို့ အောက်မေ့ရမယ်...(မှန်ပါ့ဘုရား)။

ဟောဒီဘက်က အဆင်း ရူပါရုံကွာတဲ့၊ အဲ...ရူပါရုံဆိုသဖြင့် ရွှေလဲရူပါရုံဘဲ၊ ငွေလဲရူပါရုံဘဲ .... (မှန်ပါ့) ရူပါရုံဆိုသဖြင့် ခင်ဗျားတို့ ရွှေကြည့်လိုက်လဲ ဝင်းနေတယ်။

အဲဒါ ရူပါရုံဘဲ၊ လူကြည့်လိုက်လဲ ချောတယ် လှတယ် ထင်တာ ရူပါရုံဘဲ.... (မှန်ပါ့)ကိုယ့်မျက်စိထဲကဟာ မြင်တာဟူသ၍ ရူပါရုံချည်း မှတ်လိုက်စမ်းပါ .... (မှန်ပါ့ဘုရား)။

အဲဒီရူပါရုံတွေကို သန္တိခေါ ပုဏ္ဏ၊ သူ့ဘွဲ့တော် နာမည်က ပုဏ္ဏတဲ့၊ ရဟန်းဖြစ်တော့ မဟာပုဏ္ဏလို့ ခေါ်တာ ပေါ့ဗျာ၊

သူ့ညီ စူဋ္ဌပုဏ္ဏကလဲ ရှိပါတယ်၊ သူ့အရပ်မှာ ကျန်နေ ရစ် ပါ တယ်... (မှန်ပါ့ဘုရား)။

သန္တိခေါ ပုဏ္ဏစက္ခုဝိညေယျာ၊ ဒါတွေဟာ မင်းမျက်စိနဲ့ မြင်တဲ့ပစ္စည်း အာရုံငါးပါး အာရုံတွေပါဘဲတဲ့၊ ဣဋ္ဌာ၊ မင်းလဲ အင်မတန်အလိုရှိတယ် ဖြစ်ပါတယ်... တဲ့၊ ကန္တာ၊ နှစ်သက်ပါ တယ်....တဲ့၊ အလိုရှိအပ်တဲ့ တရား နှစ်သက် အပ် တဲ့တရားလို့ မင်းတို့စိတ်ထဲမှာလဲ ထင်ပါတယ် .... တဲ့(မှန်ပါ့ဘုရား)။

ကာမူပ သညိတာတဲ့၊ ဩော်....ဒါဘယ်နေရာ ထားလို့ရှိယင် ဖြင့် သူနဲ့နေရယင်၊ ဘယ်လို ပေါင်းသင်းရယင် ကောင်းတယ် ဆိုတဲ့ဥစ္စာ မင်းတို့စိတ်ထဲလဲ ဖြစ်တာဘဲတဲ့....(မှန်ပါ့ဘုရား)။

ရဇ္ဇနီယာ၊ မင်းတို့တပ်နှစ်သက်တဲ့အာရုံပါဘဲတဲ့၊ တံစေဘိက္ခူ၊ မြင်ပြီး သကာလ ဒီဘက်ကနေပြီး နှစ်သက်တယ် တဏှာဖြစ်တယ် ကွာတဲ့၊အဘိုဝဒတိ ဩော်....တယ်နေရာကျပါလားဆိုတဲ့ မာနလဲ ဖြစ်တယ်ကွာ... တဲ့၊ တဏှာလဲ ဖြစ်တယ်၊ မာနလဲ ဖြစ်တယ် .... (မှန်ပါ့ဘုရား)။

အလွန်စွဲလမ်းတဲ့ ဒိဋ္ဌိလဲဖြစ်တယ်ကွာတဲ့.... (မှန်ပါ့) ဒီအာရုံ တွေအကြောင်း အရင်းခံပြီး သကာလ ကိုယ့်ပစ္စည်းနဲ့ သား သမီးအကြောင်း အရင်းခံပြီး သကာလ တဏှာမာန ဒိဋ္ဌိဆိုတဲ့ တရားသုံးခု ဖြစ်ပါတယ် .. တဲ့။

တဿတံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယ တိဋ္ဌတော၊ အလွန်လွှမ်းမိုး၍ တည်သောပုဂ္ဂိုလ်အား၊ နန္ဒီသမု

ဒယာ၊ဒီသုံးခုနဲ့နှစ်သက်ခြင်းကြောင့်၊ဒုက္ခသမုဒယော၊ဒုက္ခခန္ဓာ၏ ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏ (မှန်ပါ့ဘုရား)။

နှစ်သက်လို့ရှိယင်တော့ ဒီဘက်ကဒုက္ခခန္ဓာ၊ဒီဘက်ကနောက် ထပ်လာမယ်တဲ့၊ ဒီသုံးခုနဲ့ နှစ်သက်လို့ရှိယင် ဒီဘက်က နောက် ထပ်လာမယ်တဲ့....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

မြင်တယ် ဒီအဆင်းအာရုံကို မြင်တဲ့အတွက် နှစ်သက်တယ်၊ တဏှာဖြစ်တယ်၊ မာနဖြစ်တယ်၊ ဒိဋ္ဌိဖြစ်တယ်၊ တိုတိုပြောတော့ ဒါပါဘဲ... (မှန်ပါ့ဘုရား)။

အဲဒီတဏှာမာန ဒိဋ္ဌိဖြစ်နေလို့ရှိယင်ဖြင့် တံစေဘိက္ခု အဘိ နန္ဒတိ၊ အဘိဝဒတိ၊ အဇ္ဈောသာယ၊ တိဋ္ဌတော၊ ဥပ္ပဇ္ဇတိ နန္ဒီ၊ ဒီသုံးခုဖြစ်တယ်ကွာ ....တဲ့၊ နန္ဒီသမုဒယာတဲ့၊ ဒီသုံးခု ဖြစ် လာ သောကြောင့် ဒုက္ခသမုဒယော၊ နောက်ဒုက္ခ၏ ဖြစ်ခြင်း သည်။ ဟောတိ၊ဖြစ်၏။

ဒါပဋိစ္စ သမုပ္ပါဒ်ပြတာဘဲ၊ ဘုရားက.... (မှန်ပါ့) ဒီတဏှာ မာန ဒိဋ္ဌိနောက်က ဥပါဒါန်ကံ ဇာတိဇရာ မရဏလိုက်မှာဘဲတဲ့၊ မလိုက်ပါ့နဲ့ဆိုလို့ ရပါ့မလား....(မရပါဘုရား)။

ဒါဖြင့် ဒီအာရုံကို အလွန် နှစ်သက်တယ်၊ အလွန် ကောင်း တယ်လို့လဲပြောတယ်၊ အလွန်အလွန် အားကိုးတယ်လို့လဲ ဖြစ် မယ်ဆိုရင်ကွာ...တဲ့၊ ဒီထက်ဒုက္ခ ဖြစ်မှာ ပါဘဲတဲ့ .... (မှန်ပါ့ ဘုရား)။

ဒါဖြင့် တကာတကာမတွေ ခင်ဗျားတို့ သားသမီးနဲ့ ပစ္စည်း အာရုံ ကာမဂုဏ် ဟူသ၍ကို မြင်လိုက်ပြီဆိုမှဖြင့် တဏှာမာနဒိဋ္ဌိ

သုံးခုဖြစ်ပါလိမ့်မယ်တဲ့၊ ဒီကဏ္ဍာမာန ဒီဌိဌသုံးခုဖြစ်လို့ရှိယင်ဖြင့် ဥပဒါန် ကံတွေလဲနေတာမှာ မဟုတ်ဘူးတဲ့(မှန်ပါဘုရား)။

ဥပဒါန် ကံသာဖြစ်ခဲ့လို့ရှိယင်လဲ ကမ္မဘဝပစ္စယာ ဇာတိ ဇရာ မရဏဆိုတဲ့ ဥစ္စာလဲသာရမှာဘဲတဲ့၊ နိဗ္ဗာန်မလာဘူး၊ ဒုက္ခလာတယ်ဘဲ့...(မှန်လှပါ)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါသူ့ကိုအကျဉ်းပဋိစ္စသမုပ္ပါဒ်ကို ဟောလိုက်ပါဘယ်၊ နှစ်သက်ယင် ဒုက္ခဆောက်မယ်ကွဲတဲ့....(မှန်လှပါဘုရား)။

နှစ်သက်ယင်(ဒုက္ခဆုက်ပါမယ်ဘုရား)ဒုက္ခဆောက်မယ်၊ဒါဖြင့် ဦးမာဒင်တို့ကပြောင်းပြန်လှည့်သိုက်လို့ရှိယင် မနှစ်သက်ယင်ဒုက္ခ မဆောက်ဘူး...(မှန်ပါဘုရား)။

ဒီအာရုံကို နှစ်သက်ယင် .... (ဒုက္ခဆောက်ပါတယ်)ဒီအာရုံကို မနှစ်သက်ယင်.... (ဒုက္ခမဆောက်ပါဘုရား) မဆောက်ဘူးတဲ့။

ငါဘုရားဟောတော်မူဘဲ့ တရားဟာ ပုဏ္ဏ ဒါအကျဉ်းဘဲကွတဲ့ (မှန်ပါ)အာရုံကို တဏှာမာနဒိဋ္ဌိနဲ့ နှစ်သက်မယ်၊ မာန်တက်မယ်၊ အားကိုးမယ်ဆိုလို့ရှိယင်ဖြင့် မင်းဒုက္ခရမှာဘဲတဲ့ .... (မှန်လှပါဘုရား)။

ဒီဟာကို တဏှာမာနဒိဋ္ဌိနဲ့၊ သားသမီးနဲ့၊ ပစ္စည်းအာရုံကာမ ဂုဏ်ခေတ္တကို မနှစ်သက်ဘူး၊ အားမကိုးဘူး၊ မစဲ့လမ်းဘူး ဆိုယင် ဒုက္ခချုပ်ပါဘယ်ကွ_တဲ့၊ ဒါဟောလိုက်တယ်....(မှန်ပါ)မကျဉ်းဘူးလား....(ကျဉ်းပါတယ်ဘုရား)။

အင်မတန်မှလဲကျဉ်း အင်မတန်မှလဲ ရှင်း တယ် ဆိုတဲ့ ဥစ္စာ အားလုံး အခုဘရားနာနေတဲ့ ပဂ္ဂိုလ်ဘဝသိပါပြီတဲ့၊ သြော်....

ဒီအာရုံကို နှစ်သက်လို့ရှိယင် ဒုက္ခရမယ်၊ ဒီအာရုံကို မနှစ်သက်လို့ရှိယင် ဒုက္ခမရဘူး၊ သူကဒါအကျဉ်းဘဲဆိုတာ အင်မတန်မှန်နေပါပြီ...(မှန်ပါဘုရား)။

ဘုရားကတော့ ဒါဘဲ ဟောလိုက်ဘယ်၊ ဘုရားက ဒါဟောလိုက်တော့ သြော်....နှစ်သက်ယင် ဒုက္ခဆောက်မယ်၊ မနှစ်သက်ယင် (ဒုက္ခမဆောက်ပါဘုရား) ဒုက္ခမရောက်ဘူးဆိုတော့ သည်နေရာဟာ ဗဟိုဌာနဘဲ၊ ဒုက္ခဆောက်ချင်ယင်လဲ ဒီအတိုင်းထား၊ ဒီဒုက္ခတွေမှာဘဲ .. (မှန်ပါ) ဒုက္ခမဆောက်ချင်ယင် ဒါပြင်ပေး....(မှန်ပါ) ဒီဒုက္ခပြတ်မယ်....(မှန်လှပါ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)

ဒါဖြင့် ဒုက္ခဆောက်ချင်ယင်လဲ ဒီနေရာက၊ ဒုက္ခသိမ်းချင်ယင်လဲ ဒီနေရာကဘဲ....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခဆောက်ချင်ယင်လဲ.... (ဒီဓနရာကပါဘုရား) ဒီနေရာကဆောက်ရမှာဘဲ၊ ဒုက္ခသိမ်းချင်ယင်လဲ...(ဒီနေရာက သိမ်းရမှာပါဘုရား)။

အဲဒီတော့ ဒီတကာတကာမတွေ ဘုန်းကြီးက ဆုံးမ သွန်သင် ပြောဆိုချင်တာက ဒီနေရာက ဒုက္ခဆောက်တာတွေသိပြီ....(မှန်ပါဘုရား)။

ဒီနေရာက ဒုက္ခဆောက်တာတော့သိပြီ၊ သြော်....ဒီသားသမီးနဲ့ပစ္စည်းခင်မင်မိလို့ ငါ့မှာ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း၊ အိုဘေး, နာဘေး, သေဘေးဖြင့် သင့်နေပြီ....(မှန်ပါဘုရား)။

သူတို့နဲ့ ပတ်သက်ပြီး ရောင်းရ, ဝယ်ရ, ပြောရ,ဆိုရ, အပါယ် ရောက်ကြောင်းတရားတွေလဲ ငါ့မှာ မနည်းကြီးစုမိနေပြီ(မှန်ပါ ဘုရား)။

အခုလဲ သွားလို့မဆုံး၊ ပြောလို့မဆုံး၊ လာလို့မဆုံး၊ ကျွေး လို့မဆုံး၊ ကြံလို့ စည်လို့ မဆုံးဆိုတဲ့ ဒုက္ခတွေဟာလဲ သြော်- ဒီနေရာဆိုတဲ့ ဒီတဏှာမာနဒိဋ္ဌနဲ့ အလုပ်ကြီး လုပ်နေလို့ ဒုက္ခ ရောက်နေတာတော့ ဦးမာဒင်တို့ ငြင်းဘို့မလိုပါဘူး (မလိုပါ ဘုရား)။

သြော်....ဒီနေရာကနေပြီးသကာလ ခင်မိ, မင်မိ, ကြင်နာမိတဲ့ အတွက် ဒီဘက်မှာ ဒုက္ခမျိုးစုံ ရတော့ပြီပြီ (မှန်လှပါဘုရား) အခုလဲ ရတွေနေတာပေါ့ ဒုက္ခအမျိုးစုံကဲ့... (မှန်ပါဘုရား)။

ဒီနေရာကခေါ်း မြင်ပါလို့ဆိုတဲ့အခါကျလို့ရှိယင် ခင်ဗျား တို့ အမြင်နှေးတယ်....(နှေးပါတယ်ဘုရား)။

ဒီနေရာက အဖြစ်တော့လွယ်ကယ် ခင်ဗျားတို့....(မှန်ပါ) အ မြင်ကျဉ်တာ....(နှေးပါတယ်ဘုရား) အဖြစ်လွယ်တယ်၊ အမြင် နှေးတယ်၊ ဒါဉာဏ်စခန်းပါဘဲ....(မှန်ပါ) အဖြစ်ကျဉ်တာ့.... (လွယ်ပါတယ်ဘုရား) အမြင်ကျဉ်တာ့....(နှေးပါတယ်ဘုရား)။

အနာဓပါဂ်အောင် လုပ်ဘတ်တယ်နော်....(မှန်ပါ) ပျောက် အောင်ကုဘို့ကျတော့ ဖြေးဖြေးမှ ပျောက်ပါရစေ....(မှန်ပါ) ဆိုဉာတာ့ လူနာမိုက်ကျမှာဘဲ....(မှန်ပါ၊လူနာမိုက်ပါဘုရား) လူ နာမိုက်သက်သက်ဘဲဆိုတာ အားလုံးသောပုဂ္ဂိုလ်တို့ဝန်ခံရမှာဘဲ (မှန်ပါဘုရား)။

ဒီနေရာမှာ ဂဏ္ဍတော- ရောဂတောဆိုတဲ့ဥစ္စာ ဒီခန္ဓာကြောင့် ဖြစ်တဲ့ တဏှာ လောဘဆိုတဲ့ တဏှာနာ မာနနာဒိဋ္ဌိနာတွေဟာ ဖြစ်နေပါတယ်၊ ဒီဟာ ဝင်မိလို့ ဒီအနာရတယ်(မှန်ပါ့ဘုရား)။

ဒီအနာ ပေါက်တော့ ပေါက်တယ်၊ ဒီအနာပေါက်နေလို့ ဒုက္ခတော့ ရှေ့ကိုရောက်တော့မယ်၊ အခုလဲ ရောက်ဆဲ၊ နောင်လဲ ရောက်လတ္တံ့ဆိုတာ ငြင်းဘို့မရှိပါဘူး....(မရှိပါ ဘုရား)။

ဒီအနာဟာ ဒီနေရာမှာပေါက်တယ်၊ဒီနေရာမှာဘဲ ဖယောင်း ချက်နဲ့ ဒီနေရာမှာဘဲ ပတ်တီးစီးပြီး ဒီနေရာမှာဘဲ ကပ်ရမှာဘဲ- (မှန်လှပါ)ဒီနေရာကပေါက်တာကိုး၊ ဒီ့ပြင်နေရာသွားကုလို့လဲ အလကားနေမှာဘဲ... (မှန်ပါ့ဘုရား)။

ဒီနေရာမှာပေါက်တဲ့အနာ ဦးမာဒင် - ဒီနေရာမှာ အမြန် ပျောက်အောင်ကုနိုင်တဲ့ လူလိမ်မာဖြစ်ယင် ကောင်းတယ်.... (မှန်ပါ့) လူမမာလဲဖြစ်မယ်၊ မိုက်လဲ မိုက်မယ်ဆိုလို့ရှိယင်ဖြင့် ခက်နေမယ်....(မှန်လှပါဘုရား)။

အဲဒီတော့.... ခင်ဗျားတို့ အခုတရားနာတဲ့ လူသိုက်တွေဟာ ဘာနဲ့တူသကုံးဆိုတော့ လူမမာမိုက်တွေနဲ့ တူနေတယ်... (မှန်လှပါ) သဘောပါကြပလား....(ပါ ပါတယ်ဘုရား)။

ဘာနဲ့တူသလဲ... (လူမမာမိုက်တွေနဲ့ တူပါတယ်ဘုရား) မမာပြီးတော့ မိုက်တယ်... (မှန်ပါ့ဘုရား)။

မမာပြီးတော့ မိုက်တယ်၊ မမာတာကလဲ သူ့ပယောဂနဲ့သူ မမာဘာ... (မှန်ပါ့) ဒီ လောဘ, ဒေါသ, မောဟ,ဆိုတဲ့၊ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ အနာတွေရတာလဲ အနာပေါက်ချင်လို့ ပေါက်

ရတာလား...တဲ့၊ ကိုယ်မသင့်တဲ့ အစာစားမိလို့ ပေါက်ရတာလား ဆိုတာလဲ အကဲခတ်ကြည့်ကောင်းပါတယ် (မသင့်တဲ့အစာစားမိလို့ ပေါက်ရပါတယ်ဘုရား)။

မသင့်တဲ့အစာကို ဒီက မနောဒွါရနဲ့ စားမိ သောက်မိလို့ မနောအနာတွေ ပေါက်တယ်....(မှန်ပါ့ဘုရား)။

မနောဒွါရနဲ့ စားမိသောက်မိလို့ (မနောအနာတွေ ပေါက်ပါတယ်ဘုရား) အေး.... ဒါနှစ်သက်တယ်ဆိုတာ မနောနာပေါက်တာသိတယ်....(မှန်ပါဘုရား)။

မြင်တာသာ ပဥ္စဒွါရပါတဲ့၊ နှစ်သက်တယ်၊ ကောင်းတယ်၊ အားကိုးရတယ်ဆိုတဲ့ အနာတွေဟာ...တဲ့ မနောနာလို့ မှတ်ရမယ်... (မှန်ပါ့) သဘောပါလား... (ပါ-ပါပြီဘုရား)။

ကောင်းပြီ... မနောနာ ဟုတ်တယ်-မဟုတ်တယ် ခင်ဗျားတို့ စဉ်းစားကြည့်ပါ... တဲ့၊ မနောနာမှ ဘယ်လို စသတ်ုံးလို့ မေးလို့ ရှိယင် ဒီဥစ္စာ ကိုယ်က အလုပ် လုပ်နေရတယ်၊ လောကီအလုပ်တွေ ရှောက်လုပ်နေတယ်၊ ဘာလုပ်ဘို့တုံး မေးတဲ့အခါကျတော့ အို- အိမ်မှာရှိဘဲ့ သားတွေ, သမီးတွေ စားဘို့သောက်ဘို့ပေါ့ဗျ၊ မနောက တွေးပြောတာ... (မှန်လှုပါ) အလုပ်က ရှိတာက တခြားမှာ.... (မှန်ပါ-တခြားမှာပါဘုရား)။

ဘယ်လောက်ဘောင် ခင်ဗျားတို့ အလုပ်ကို ကဲကဲလှန်လှန် လုပ်နေရသတုံး မေးတော့ ကိုယ့်မနောထဲ တွေ့ရတဲ့ အာရုံတွေ သက်သေထူလိုက်တာပေါ့- (မှန်ပါဘုရား)။

ဒါတွေဟာ ဘယ့်နှယ်လုပ်မတုံး- ကိုယ်တည်ထောင်ထားတာတွေ့ ကိုယ်မကျေးလို့ ကိုယ်မမွေးလို့ ရှိယင်ဖြင့် ဒါဘယ့်နှယ်လုပ်

မလဲ ဆိုကတည်းက ဒါဟာ မနောနာနဲ့ ပြောတာ....(မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အမြင်ပြောတာလား....တဲ့ ဟိုမှာ ရှိတာတွေ့ မနောနဲ့ လှမ်းပြီး တွေးပြောတာလား....(မနောနဲ့ လှမ်းပြောတာပါဘုရား) ဒါဖြင့် မနောနာပေါက်နေတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီအနာဟာ အပြင်နာလား-အတွင်းနာလားမေးယင် ဘယ်နှယ်ပြောကြမလဲ....(အတွင်းနာပါဘုရား) အတွင်းနာဖြင့် အကုခက်ပြီ ခင်ဗျားတို့....(မှန်လှပါ) သဘောပါပလား(ပါပါပြီဘုရား)။

အတွင်းနာဆိုယင်တော့....(အကုခက်ပါပြီဘုရား)။

အတွင်းနာ အကုခက်တာလဲ....တဲ့၊ အစားမှားလို့ ဖြစ်ရတဲ့ အတွင်းနာ....(မှန်ပါ့) အမြင်မှားလို့....(ဖြစ်ရတဲ့ အတွင်းနာပါဘုရား)။

အမြင်မှားလို့ သားမဟုတ်တာ သားလုပ်မိတဲ့အနာ(မှန်ပါ့) သမီးမဟုတ်တာကို သမီးလုပ်မိတဲ့အနာ....(မှန်ပါ့)ခင်ပွန်းမဟုတ်တာကို....(ခင်ပွန်းလုပ်မိတဲ့အနာပါဘုရား)။

အနာကလဲ ရိုးရိုးအနာလား-ပယောဂအနာလား(ပယောဂအနာပါဘုရား) ဟာ.... အတော်ခက်နေတာပေါ့.... (မှန်ပါ့ ဘုရား)။

အနာက ရိုးရိုးအနာ မဟုတ်ဘူး....တဲ့၊ ပယောဂ အနာ၊ ပယောဂဆိုတဲ့ဥစ္စာသည် အခြားမဟုတ်ပါဘူး....တဲ့၊ ဖေါက်ပြန်

ပြီး ဖြစ်တဲ့အနာ....(မှန်ပါ့ဘုရား) ဖေါက်ပြန်ပြီးဖြစ်တယ်ဆိုတာ မြေပုံမှားငိုတဲ့အနာနဲ့ အတူတူဘဲ... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဖေါက်ပြန်ပြီးဖြစ်တဲ့ အနာဆိုတာ ဘာတုံး... (မြေပုံမှားငိုတဲ့ အနာပါဘုရား)

တချို့ကလဲ သူ့ခင်ပွန်း၊ သူ့သား၊ သူ့သမီးဆိုပြီးတော့ သူများ မသာ ပို့ငြားသော်လည်း သူများမြုပ်ထားတဲ့ မြေပုံကို ကိုယ်အမှတ်မှားပြီးတော့ ငိုသေးတယ်....((မှန်ပါ့ဘုရား)သဘော ကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့ကလဲ သားမဟုတ်တာ သားလုပ်ပြီးတော့ ပူကြ, ဆွေးကြတယ်၊ မဟုတ်ဘူးလား... (မှန်ပါ့) သမီးမဟုတ်တာ သမီးလုပ်ပြီးတော့....(ပူကြ, ဆွေးကြပါတယ်ဘုရား)။

အဲ...ခင်ပွန်းမဟုတ်တာ ခင်ပွန်းလုပ်ပြီးတော့ ပူကြ,ဆွေးကြတယ်၊ မရှိဘူးလား.. (ရှိပါတယ်ဘုရား) မြေပုံမှားနေဘာ၊ သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဘေးက လူကြည့်လိုက်ဘော့ သူ့သားမယား မြေပုံမဟုတ်ဘဲနဲ့ မြေပုံမှားပြီး ငိုနေတယ်ဆိုတဲ့ အဓိပ္ပါယ်တော့ ရောက်ပါတယ်....(ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ကျုပ်တို့မှာ အနာကလဲ ပယောဂအနာ၊ မြေပုံမှားငိုတဲ့အနာ...(မှန်ပါ့ဘုရား)။

ဘာနာတုံး....(မြေပုံမှားငိုတဲ့ အနာ ပယောဂနာပါဘုရား)။

ဒါပေါက်သင့်လို့ ပေါက်တာလား၊ ကိုယ့်အလိမ်နဲ့ ကိုယ် ပေါက်တာလားလို့ မေးတော့ ကိုယ့်အလိမ်နဲ့ ကိုယ်....(မှန်ပါ့)

ကိုယ့်စိတ်က လိမ်ထားပြီးတော့ ငိုခြင်းချတယ်(မှန်ပါ့) သဘော ပါပလား.. (ပါ့ပါပြီဘုရား)။

ကိုယ့်စိတ်က ဒါသားမဟုတ်တာ သား၊ သမီးမဟုတ်တာ သမီးရယ်လို့ မနောဒွါရက လိမ်ထားတာနဲ့ နောက်မနောဒွါရက ငိုခြင်းချတယ် (မှန်ပါ့ဘုရား)။

အယင် မနောဒွါရက... (လိမ်ထားပါတယ်) နောက်မနောဒွါရက....(ငိုခြင်းခံပါတယ်ဘုရား) ရိုင်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မလုပ်မိတဲ့ပုဂ္ဂိုလ်၊ ကိုယ့်ပေါင်ကိုယ်ဆိတ်လို့ အနာရမလိုဖြစ်နေတယ်... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

သြော်....ကံမကောင်း အကြောင်းမသင့်လို့ ဖြစ်ရတဲ့ အနာလား- ဝိပါကအနာလား-ဖေါက်ပြန်တာလားလို့ မေးယင် ဘယ့်နှယ်ပြောကြမလဲ.... (ဖေါက်ပြန်တာပါဘုရား)။

အင်း.... ဆေးကုကောင်းတယ်၊ ဆေးကုမခက်ဘူးလား... (ကောင်းပါတယ်ဘုရား)။

ကုမယ်လို့ အခုစိတ်ထဲမှာ ဒီတရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေက ဆေးကုလာကြတာတွေဘဲ... (မှန်ပါ့) ငါဒီအနာဖြင့် လိမ်ချက်မိထားတဲ့ အနာကြီးကဖြင့် ငါ့မှာ ကြီးကျယ်နေပြီ၊ ဒါကြီးနဲ့ အပါယ်သွားရမယ်ဆို မသက်သာဘူး၊ ဟုတ်ပလား.... (မှန်ပါ့ဘုရား)။

သားကိစ္စ, သမီးကိစ္စ, ဆွေကိစ္စ, မျိုးကိစ္စဆိုတော့ မောင်ချစ်စိန် လိမ်ချက်မိထားတယ်...(မှန်ပါ့ဘုရား)။

သားလဲမဟုတ်ဘူး၊ သမီးလဲမဟုတ်ဘူး....(မဟုတ်ပါဘုရား) သခ်ၤါရတရား၊ အနိစ္စတရား.... (မှန်ပါ့) ဒါတွေကို မင်းတို့က သားမယားလုပ်ပြီးတော့ လိမ်ချက်မိထားတယ် (မှန်ပါဘုရား)။

အဲဒီလိမ်ချက်မိထားပြီး ဝမ်းထဲည်းကသူတို့အတွက် ခက်တယ် များ ညည်းနေလိုက်သေးတယ်...(မှန်ပါ့) နဂိုရိုးကလဲ လိမ်ချက်မိ ထားတယဲ... (မှန်ပါ့ဘုရား)။

အဟုတ်လဲမဟုတ်ဘူး.. (မဟုတ်ပါဘုရား) က.... ဒီအဟုတ် မဟုတ်တဲ့အတွက် ခက်တယ်.... (မှန်ပါ့)သဘောပါပလား .... (ပါ-ပါပြီဘုရား)။

နဂိုရိုးကလဲ အလိမ်မိထားတယ်နော်.... (မှန်ပါ့) အဲဒီအလိမ် မိထားတာမျိုးဖြစ်နိုင်တော့ လိမ်ချက်က တခါပြန်ပြီးသကာလပြင်း ထန်တယ် (မှန်ပါ့) မပြင်းထန်ဘူးလား ... (ပြင်းထန်ပါတယ် ဘုရား)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ ဒီအားရုံကို တက္ကာ မာန ဒိဋ္ဌိနဲ့ ပေါက်ပြန်တဲ့ တက္ကာမာန ဒိဋ္ဌိနဲ့ လူတွေမှာ ကိုယ့် အတွက် က အရေးမကြီးပါဘူး၊ ကိုယ်တည်ထောင်ထားတာတွေ အတွက်က မလွယ်ဘူး... (မှန်ပါ့)လူတိုင်း ပါးစပ်မှာ ပြောတယ်.... (မှန်ပါ့ ဘုရား)။

ကိုယ့်အတွက်က အရေးမကြီးဘူး၊ ခေါင်းတန် ကိုယ်ဆန့်ဘဲ (မှန်ပါ့) ကိုယ်တည်ထောင်ထားတာတွေကမလွယ်ဘူး၊ မပြောကြဘူးလား...(ပြောပါတယ်ဘုရား)။

ဒါဘာသံတုံးလို့ ဖမးတဲ့အခါ ကျတော့ အသိမ်မိတဲ့ အသံထွက်လာတာ(မှန်ပါ့)သဘောကျပလား...(ကျပါပြီဘုရား)။

ဘာသံထွက်လာသတုံး....(အလိမ်မိတဲ့အသံ ထွက်လာပါတယ်ဘုရား) အလိမ်ခံပြတဲ့ အသံလား၊ မခံပြတဲ့အသံလား (မခံပြတဲ့အသံပါဘုရား)။

ခက်ပြီကော ဒါဖြင့်ယင် အလိမ်လဲမိထားတယ်၊ ပြေတဲ့အသံများလားလို့ မေးပြန်တော့မပြေတဲ့အသံ...(မှန်ပါ့)မခံပြဘဲ့အသံတဲ့၊ ကိုယ့်အတွက်က ကိစ္စမရှိဘူး၊ ကိုယ်တည် ဆောင်ထားတာတွေ့အတွက်က တာမ်းတခါးဆိုတော့ အလွယ် သားပေါ့၊ အခုတော့ ကိုယ်က တဝမ်းတခါးမဟုတ်ဘဲ၊ ဒါတွေဟာ ကိုယ်တည် ဆောင်ထားဘာတွေ့၊ ကိုယ့်သားသမီးတွေ့ဆိုပြီး သူအလိမ်ပြန်ပေါ်တယ်၊ မခံပါဘူးလား...(ပေါ်ပါတယ်ဘုရား)။

မင်းက ဘာခက်နေတာတုံးဆိုတော့ ဒါတွေဟာဘုရားဘယ့်နှယ်လုပ်မတုံး၊ ဒီလိုလက်ညှိုးထိုးလာတယ်...(မှန်ပါ့) မထိုးဘူးလား...(ထိုးပါတယ်ဘုရား)။

နဂိုရိုကလဲ အလိမ်မိထားတယ်၊အလိမ် မိထားတော့ ပြေတဲ့အသံလား၊ မပြေတဲ့အသံလား...(မပြေတဲ့အသံပါဘုရား)။

ဆော....ဒါဖြင့် ခင်ဗျားတို့ အလိမ်ပြီပြီး သေသွားတဲ့ ပုဂ္ဂိုလ်နဲ့ အလိမ်မမခံဘဲနဲ့ သေသွားတဲ့ ပုဂ္ဂိုလ်နဲ့ ဘယ်ဟာများသတုံး.... (အလိမ်မခံဘဲနဲ့ သေတာများပါတယ်ဘုရား)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အာလိမ်မပြောဘဲ သေသွားတဲ့ ပုဂ္ဂိုလ်တွေမျှားဖြင့် လိမ်တာ လိမ်မှန်းမသိ၊ ရှူးနေတယ်၊ အ့နေတယ်မဟုတ်ဘူးလား ... (ဟုတ်ပါတယ်ဘုရား)။

အရှူး အ့အ မသာတော့ဖြစ်ကြတယ်... (မှန်ပါ့ဘုရား) ဆိုနိုင်ကြမလား....(ဆိုနိုင်ပါတယ်ဘုရား)။

သေကျေပျက်စီးသွားတဲ့ပုဂ္ဂိုလ်မျှားမှာ အာလိမ်ကမပြောတာ့ အရှူးအ့အ မသာတော့ဘဲလို့ အားလုံးဘဲ စုံချက် ောင်ရမယ်.... (မှန်လှပါ)မတင်နိုင်ဘူးလား.... (တင်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီမသာတော့ဟာ ဝိညာဉ်ချုပ်ပြီး သကာလ ဘယ်မှာမျှား ကမ္မသတ္တိနဲ့ နေရာကြ ဖြစ်ရာကြ ပါလိမ့်မတုံးလို့ မေးဘော့ ဟာ...အနောင်းသေဖြင့် လမ်းမှန်သွားမှာပါ့၊ မဟုတ်ဘူးလား....(မှန်လှပါဘုရား)။

အရှူးသေဖြင့် လမ်းဆိုးလမ်းကြမ်းဘဲ သွားမှာပေါ့၊ ရောက်ရာဌာန ဘယ်လှမတုံး၊ ဆိုထိုက်၊ မဆိုထိုက် ... (ဆိုထိုက်ပါတယ်ဘုရား)ပေါ်ကြပလား....(ခပါပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မြန်မြန်ကလေး ဓသခါနိုးကုန်ပြီ၊ အာလိမ်ကလေးတော့ပြောဘို့သင့်တယ်....(မှန်ပါ့ဘုရား)။

ဘယ် နှယ်တုံး....(အာလိမ်ခပြောဘို့ သင့်ပါတယ်ဘုရား) ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဒီလိုဘဲခင်ဗျားတို့ အာလိမ်မိပြီး သကာလ အာလိမ် မိတယ်ဆိုတာ သူမျှားလိမ်ဘာ မဟုတ်ဘူး၊ ကိုယ့် စိတ်က ကိုယ့် လိမ်တာ.... (မှန်ပါ့ဘုရား)။

ဒါကြောင့် ဂိစိတ္တ ကရဏ်စိတ္ထံ၊ စိတ္တံ၊ စိတ်သည်၊ ဝိစိတ္တ ကရဏံ၊ ဆန်းကြယ်အောင် လုပ်တတ်၏၊ သားမဟုတ်တာကို သားလုပ်ကွာ၊ သမီးမဟုတ်တာကို သမီးလုပ်ကွာ ဒါဘယ်သူ့ လုပ်သတုံးဆိုဘော့ သူတို့သုံးခုလုပ်တာ.... (မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီဘော့ ခင်ဗျားတို့ဟာ ပဲ့ကြည့်လဲ မရိပ်မိဘူး၊ ကိုယ်တိုင်ဖြစ်လဲ မရိပ်မိဘူး၊ ဖြစ်ပုံက....(မှန်ပါ!)ရုပ်သေးတွေဟာတရုပ်က ဟရုပ်ကို ဖဲ့နဲ့ပြီးသကာလ အသားကနလေးကလဲ လက်ပန်သား လုပ်ထားတယ်၊ မဟုတ်ဘူးလား.... (မှန်ပါဘုရား)။

အမေလုပ်တဲ့ ပဋိပုဂ္ဂိုလ်က လက်ပန်သားရုပ်၊ လက်ပန်သားရုပ်က လက်ပန်ရုပ် သားသမီးလေးကို ချော့မော့ပြီး သကာလ နောက်ကလူက ဆိုးပေးနေတယ်(မှန်ပါ!ဘုရား)။

ဒါခင်ဗျားတို့က ဘေးကနေပြီးငိုလိုငို၊ပြုံးလိုပြုံး(မှန်လှပါ) ဟိုက သစ်သား-သစ်သားချင်းပါလို့လဲ ပြောသားဘဲ.... (မှန်ပါဘုရား)။

ခင်ဗျားတို့က ငိုလိုငို၊ ပြုံးလိုပြုံးနဲ့ ဘာဖြစ်တာတုံး .... (ရူးဘာပါဘုရား) ရူးတဲ့အဓိပ္ပါယ်ဆုံးက်တာဘဲ၊မဟုတ်ဘူးလား (မှန်ပါ!ဘုရား)။

ရူးတဲ့ဥစ္စာကို အောက်ကဆိုင်းဝိုင်းကလဲ ဗုံတီးမြောက်ပေးတယ်... (မှန်လှပါ)သူကငိုခြင်းဆိုင်း ချပေးတယ်.... (မှန်လှပါဘုရား)။

အဲဒါ ခင်ဗျားတို့ အရူးဗုံတီးမြောက်တာဘဲ .... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)ခင်ဗျားတို့က ဒါကိုမရိပ်မိဘူး။

ဒိမှာလဲ ခင်ဗျားတို့သည် ဘေးကရပ်သူ ရွာသား ဆွေမျိုး ညာတကာတွေက ဗုံတီးမြောက်ပေးတယ်.... (မှန်ပါ့ဘုရား)။

ခလေးတွေ ပစ်မထားနဲ့နော်(မှန်ပါ့) အံမာ ဗုံတီးမြောက်တယ်....(မှန်ပါ့)သားသမီးတွေ ပစ်မထားနဲ့၊ ကိုယ့်မျက်မှောက်မှာတော့ မကောင်းဘူး၊ သေတော့လဲ ရောက်ရားပေါ့....(မှန်ပါ့ဘုရား)။

သေတော့လဲ ရောက်ရားတဲ့၊ နိဗ္ဗာန်ကိုမပါဘူး ....(မှန်ပါ့) ပါသေးရဲ့လား.... (မပါ-ပါဘုရား) မပါဘူး ရောက်ရားဆိုတာ သွားချင်ရာ သွားထဲကဘဲ၊ အပါယ်လေးပါးဘဲ .... (မှန်ပါ့ဘုရား)။

သေမှရောက်ရားပေါ့(မှန်ပါ့)ဘယ့်နှယ်တုံး မင်းတို့ဗျာဒိတ်နဲ့ မင်းတို့တော့ သွားပေါ့..(မှန်ပါ့ဘုရား)။

မျက်လုံးအောက်မှာတော့ဖြင့်တဲ့၊ သားသမီး မပျောက်နဲ့တဲ့၊ အလိမ်ကပြေသွားမှာစိုးလို့....(မှန်ပါ့)မျက်လုံးအောက်မှာတော့ သားသမီးများကို သားသမီးအဖြစ်နဲ့ဘဲ ထားမယ်၊ သေတော့ ခင်ဗျား ရောက်ရားပေါ့... (မှန်ပါ့ဘုရား)။

ကောင်းသေးရဲ့လား (မကောင်းပါဘုရား) မကောင်းပေမဲ့လဲ သူပြောတာ မင်းတို့က ဟုတ်တယ်ထင်သေးတယ် (မှန်လှပါဘုရား)။

ကိုယ်လဲရောက်ရုံးဆိုပြီး သကာလ အပါယ်လေးပါးကျလိမ့်မယ်ဆိုတာလဲ ရောက်ချင်သလို ရောက်လိမ့်မယ်ဆိုတဲ့ ဥစ္စာလဲပါသွားပြီ....(မှန်ပါ့ဘုရား)။

ဒီသားသမီးတွေကိုလဲစိတ်က လိမ်းသား တာကိုလဲမပြေစေနဲ့၊ အဲဒီအလိမ်မပြေဘဲ သေမှခင်ဗျား ရောက်ရုံးဆိုတဲ့ အပါယ်လေးပါးသွားမယ်....(မှန်ပါ့ဘုရား)။

အဲဒါကို သြော်... သတိပေးရှာတယ်.... (မှန်ပါ့) ဒီလိုမျှးထင်ကြသေးတယ်.... (မှန်ပါ့)ဒီလူဘဲ လဘက်ရည် ခေါ်တိုက်ရဦးမည့်ပုံ၊ ခင်ဗျားတို့ဖြစ်စဉ်ပြောပါတယ်... (မှန်ပါ့ဘုရား)။

ဟိုကခင်ဗျားသမှ ရောက်ရုံးပြောတာ....(မှန်ပါ့) ခင်ဗျားရှိတုံးတော့ ကစင့်ကရဲ မဖြစ်စေနဲ့...(မှန်ပါ့ဘုရား

သား....သား နေရာ၊ သမီး၊သမီးနေရာ၊ဒီအလိမ် မပြေစေနဲ့၊ ငွေပြန်မှာ အလိမ်မမပြေစေနဲ့၊ အလိမ်ပြေရင် နိဗ္ဗာန် ရောက်မှုစကိုးဗျ....(မှန်ပါ့ဘုရား)။

အလိမ်ပြေရင်ဘာတုံး.... (နိဗ္ဗာန်ရောက်မှာပါဘုရား) အဲဒါမပြေစေနဲ့တဲ့၊ သား....သားနေရာ၊ သမီး....သမီးနေရာ၊နေရာချထားပေါ့ကွာ....(မှန်ပါ့ဘုရား)။

ခင်ဗျားသေတော့ ရောက်ရုံးပေါ့တဲ့.... (မှန်ပါ့)သွားပြီ... (သွားပါပြီ)ဒီလိုကော မပြောကြဘူးလား ခင်ဗျားတို့(ပြောပါတယ်ဘုရား)ဒါခင်ဗျားတို့အဆိုး ပြောလား အကောင်းပြောလား....(အဆိုးပြောပါဘုရား)။

သို့သော် ခင်ဗျားတို့က ကျေးဇူးတင်တယ်၊ တယ်သတိပေး ပေါ်ရတဲ့ မိတ်ဆွေကြီးကိုး....(မှန်ပါ!) ကဲ...လောကကြီး မျက်စိ လည်နေတာဗျ....(မှန်ပါဘုရား)။

နည်းနည်းလည်တာလား များများလည်တာလား(များများ လည်တာပါဘုရား) အတော့်ကို လည်နေတာ၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါတာခြားဟောချင်လို့ မဟုတ်ဘူးတဲ့၊ ပုဏ္ဏမှာ ဟောဒီ အ လိမ်ပြေရင် မင်းနိဗ္ဗာန်ဆုက်မယ်ကွ ...(မှန်ပါ!) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီအလိမ်ပြေရင် ...(နိဗ္ဗာန်ရပါဘယ်ဘုရား) ဒီအလိမ်မပြီရင် (မရပါဘုရား)။

အခုဘုန်းကြီးပြောတာနဲ့ တန်းနေတာဘဲ .... (တန်းနေပါ တယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဟာတွေကိုတဲ့ မင်းနှစ်သက်စရာ၊ မာန်တက်စရာ၊ အားကိုး စရာလို့ မင်းထင်လို့ရှိယင် မင်းဒုက္ခ ရောက် မယ် .... (မှန်ပါ! ဘုရား)။

ဒါတွေဟုတ်လား၊ နှစ်သက်စရာ၊ မာန်တက်စရာ၊ အားကိုး စရာမဟုတ်လို့ မင်းမြင်လို့ရှိယင် နိဗ္ဗာန်ရပြီ .... (မှန်လှပါ) နို့မဟုတ်လို့ရှိယင် နိဗ္ဗာန်မရဘူး....(မှန်ပါ!ဘုရား)။

အလိမ်ပြီရင် (နိဗ္ဗာန်ရပါတယ်ဘုရား)အလိမ်မပြီရင် (မရပါ ဘုရား)မရဘူးဆိုတော့ ခင်ဗျားတို့ စဉ်းစားကြည့် သားကလေး စဲသွားတယ်၊ အပါယ်ရောက်တယ်၊ အိမ်မြောင်၊ ပြိတ္တာဖြစ်နေ တယ်ဆိုတာ အလိမ်မပြီဘဲနဲ့ သေသွားတယ်....(မှန်ပါ!ဘုရား)။

သမီးကလေး စဲသွားလို့၊ ပစ္စည်းကလေး စဲသွားလို့၊ ဥစ္စာစောင့် ဖြစ်နေသတဲ့၊ ဆိုတာ အလိမ်မိပြီး သေသွားတာ (မှန်ပါ့) သေတော့ ရောက်ရှုးသွားကြပြီ မဟုတ်လား (မှန်ပါ့ဘုရား)။

နောက် မြို့ထဲ ရွာထဲကလူတွေနဲ့ ညည့်ခံစကားပြောဘို့ကို ခက်တယ်ဗျ....(ခက်ပါတယ်ဘုရား) မနေပြာစမ်းပါနဲ့ဗျာ.... အယင်တုန်းကတော့ ခင်ဗျားကို အဒကောင်းထင်နေတယ်၊ အခုတော့ ဆေးသုံးမှားမှန်းသိပြီ (မှန်ပါ့) သေသေချာချာသိပြီ....(သိပါပြီ) မသိရဘူးလား တဲ့....(သိရပါပြီဘုရား)။

အဲဒါ ဘုန်းကြီးနား နေလို့မှ မပါးလို့ရှိယင်တော့ မောင်ချစ်စိန်- မင်း ဘယ်တော့မှ မပါးဘူး... (မှန်ပါ့) ပါးစထု ရှိသေးရဲ့လား... (မရှိပါဘုရား) မရှိဘူး....တဲ့။

အခု ဒီသုံးခု လှည့်လိမ်နေတာ... (မှန်ပါ့) တဏှာကလဲ လိမ်တာဘဲ၊ မာနကကော... (လိမ်ပါတယ်ဘုရား) ဒိဋ္ဌိကကော.... (လိမ်ပါတယ်ဘုရား)။

လိမ်တယ်,မလိမ်တယ် မင်းတို့ စဉ်းစားကြည့်၊ ခွေးတကောင် မစင်ပုံကို ရလာတယ်....(မှန်ပါ့) ဒီ့ပြင်ခွေးတကောင် လက်မခံနိုင်,ခံနိုင်....(မခံနိုင်ပါဘုရား)။

မခံနိုင်ဘူး- တခါတည်း ဟော့ဂင်မယ်, ကိုက်မယ်၊ သူဟာ မစင်ပုံနဲ့ ဂုဏ်တက်နေတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ဒါအလိမ်မိထားတာလား၊ မမိဘူးလား....(မိပါတယ်ဘုရား)။

မစင်ပုံကို သူ နတ်သုဒ္ဓါဘုတ် အောက်မေ့နေတယ်၊ ဒါ အလိမ်မိလို့ မာန်တက်တာ....(မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ကဲ...ဒါဖြင့် တဏှာကလဲ ထို့နည်းအတူဘဲ...တဲ့၊ ခင်စရာ, မင်စရာ အစစ်မို့ ခင်တာလား....တဲ့၊ အသုဘသဘော, အနိစ္စသဘော ခင်တာလား.... (အသုဘသဘော, အနိစ္စသဘော ခင်တာပါဘုရား) ဒါဖြင့် တဏှာကလဲ အလိမ်မိတဲ့တဏှာဘဲ.... (မှန်ပါ့ဘုရား)

ဒီဥစ္စာတွေဟာ အနတ္တ၊ ဘယ်သူမှ မပိုင်ဘူး..(မှန်ပါ့) ဒါပေမဲ့ ဒိဋ္ဌိကလဲ အို ငါရှိတုံးတော့ ငါ့မျက်လုံးအောက်က အပျောက်မခံနိုင်ဘူး....(မှန်ပါ့ဘုရား)။

ဒိဋ္ဌိကလဲ ဘာဖြစ်နေသတုံး (အလိမ်မိနေပါတယ်ဘုရား) ကဲ...ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဟာ ဘုန်းကြီးက ပြောနေတယ်လို့ မအောက်မေ့ပါနဲ့ သာဝတ္ထိပြည်မှာ ပုဏ္ဏကိုဟောနေတာ....(မှန်ပါ့ဘုရား)

ဒီဟာတွေကိုကွာ....တဲ့၊ သားသမီးနဲ့ပစ္စည်းအာရုံကို မင်းသည် အလိမ်ပြီသွားပြီလို့ အနိစ္စကို အနိစ္စမှန်းသိ၊ ဒုက္ခကို ဒုက္ခမှန်း သိသွားလို့ရှိယင် နောက် ဒုက္ခမရောက်တော့ဘူး....(မှန်ပါ့) အလိမ်မပြီဘဲနဲ့ သေသွားမယ်ဆိုယင်ဖြင့် တဏှာ ဥပါဒါန်ကံ ဇာတိဇရာ မရဏဆိုတဲ့ နောက်ခန္ဓာရမယ် (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အခုအချိန်ဟာ သိပ်မများခတဝ့်ဘူး၊ ဒီအလိမ်ဟာ မြန်မြန်ပြီမှ ရမယ်....(မှန်ပါ့ဘုရား)။

ဒီအလိမ်ကိုဘယ့်နှယ်ဆိုကြမလဲ (မြန်မြန်ပြေမှရမှာပါဘုရား) မြန်မြန်ပြေမှ....(မှန်ပါ့) လိမ်မှန်းလဲသိပြီ....(သိပါပြီ) လိမ်မှန်းသိပြီးသကားလ လိမ်ပါဦးလို့ နောက်ထပ် ဆိုဘို့မလိုဘူး ....(မလိုပါဘုရား)လိမ်မှန်းသိလို့ရှိယင်ဖြင့် မပေါင်းဘို့ဘဲ ဦးလှနဲ့....(မှန်ပါ့ဘုရား)။

လိမ်မှန်းသိယင်... (နောက်ထပ် မပေါင်းဘို့ပါဘုရား)။

အဲဒီတော့ကို.... ဒီလူဟာ လိမ်တတ်တယ်၊ ဒီမွေတ့ဟာ လိမ်တတ်တဲ့တရား....(မှန်ပါ့) ဒါဖြင့် သူ့ကိုဖြုတ်ပြီး မလိမ်တတ်တဲ့တရား ကျုပ်တို့ သွင်းရလိမ့်မယ်... (မှန်ပါ့ဘုရား)။

မလိမ်တတ်တဲ့တရားက တကာတကာမတွေ့ မှတ်လိုက်ပါ.... တဲ့၊ မဂ္ဂင်ဟာ အားပြောင့်တဲ့...(မှန်ပါ့ဘုရား)။

ဆဲဒီတော့... လိမ်တတ်တဲ့တရားမြင်ယင် မလိမ်တတ်တဲ့တရား သွင်းလိုက်....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

လိမ်တတ်တဲ့တရားမြင်ယင်....(မလိမ်တတ်တဲ့တရား သွင်းလိုက်ရမယ်)။

မလိမ်တတ်တဲ့တရား သွင်းလိုက်တဲ့အခါကျတော့ သူ့အပေါ် အပေါင်းအသင်းတွေဟာ သူရှိမှ ဒီအပေါ် အသင်းအပင်းက ဥပါဒါန်ကံလာတယ်....(မှန်ပါ့) သူမရှိယင်....(မလာပါဘုရား) မလာလို့ရှိယင်ဖြင့် ဥပါဒါန်ကံလုပ်တဲ့ ဒုက္ခသစ္စာမလာပါဘူး.... (မလာပါဘုရား)။

ဒါဖြင့် လိမ်တဲ့တရားကို အဖြောင့်နဲ့ ခင်ဗျားတို့ လဲလိုက်ပါလား....(မှန်ပါ့ဘုရား)။

လိမ်ဘတ်တဲ့တရားကို .... (အဖြောင့်နဲ့ လဲရပါမယ်ဘုရား) ဖြောင့်တဲ့တရားနဲ့ လဲလိုက်လို့ရှိယင်ဖြင့် ဒုက္ခသိမ်းတယ် (မှန်ပါ့ဘုရား) ဖြောင့်တတ်တဲ့တရားနဲ့ မလဲယင်တော့....(ဒုက္ခမသိမ်းပါဘုရား)။

ဒါဖြင့် ဒီတရား မတိုဘူးလား .... (တိုပါတယ်ဘုရား) အင်မတန်လဲ တိုတဲ့တရားဆိုတာ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) လိမ်တတဲ့တဲ့တရားဖြုတ်ပြီး လိမ်တတ်တဲ့နေရာ ဖြောင့်တဲ့တရား ထည့်လိုက်ရုံဘဲ(မှန်ပါ့ဘုရား)။

လိမ်တတ်တဲ့တရားရှိယင် နောက်ဒုက္ခရမယ်... (မှန်ပါ့ဘုရား) လိမ်တတ်တဲ့တရားနေရာ ဖြောင့်တတ်တဲ့တရား သွင်းလိုက်ယင်.... (နောက်ဒုက္ခမရပါဘုရား)နောက်ဒုက္ခချုပ်တယ်....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အဲဒါ ပုဏ္ဏားဟာလိုက်တာ... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

လိမ်တတ်တဲ့တရား ရှိတယ်....ကဲ၊ အဲဒီ လိမ်တတ်တဲ့တရား လက်ခံလို့ရှိယင် မင်းသည် ဒုက္ခဆုံးက်မယ်ကဲ့..(မှန်ပါ့) လိမ်တတ်တဲ့တရားနေရာမှာ အဖြောင့်တရား သွင်းတတ်ယင် (နောက်ဒုက္ခချုပ်ပါတယ်) နောက်ဒုက္ခ ချုပ်ငြိမ်း ရုပ်သိမ်းတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် သားပေါ်လာလို့ရှိယင်လဲ အလိမ်မိပြီ....(မှန်ပါ့) သမီးပေါ်လာယင်ကော....(အလိမ်မိပါပြီ) ငါပေါ်လာယင်ကော....(အလိမ်မိပါပြီဘုရား)။

အဲဒီအလိမ်တွေအကုန်ပြေပြီးသကာလ နေလို့ရှိယင်ဖြင့်မဂ္ဂင်ရောက်ပါတယ်၊ အဖြောင့်တရားလာတယ်....(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ကဲ-ဒါဖြင့် မဂ္ဂင်တရားသည် တဏှာမာန ဒိဋ္ဌိဟာ အကောက်တရား...(မှန်ပါ့) မဂ္ဂင်က....(အဖြောင့်တရားပါ ဘုရား)။

အဲဒီတော့ ဦးမာဒင်-အကောက်နဲ့ အဖြောင့်ဟာ အောက်ချကြည့်မှ သိတယ်....(မှန်ပါ့) သဘောပါပလား...(ပါ-ပါပြီဘုရား)။

အောက်ချကြည့်တဲ့အခါကျတော့ အကောက်ကတော့ ကောက်နေတာဘဲ...(မှန်ပါ့) အဖြောင့်ကကော...(ဖြောင့်ပါတယ်ဘုရား)။

အဲဒီလိုဘဲ...တဲ့၊ ခင်ဗျားတို့ အကောက်နဲ့ အဖြောင့်ဆိုတဲ့ ဥစ္စာသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် ကိုယ့်ဝမ်းထဲမှာ ချကြည့်ပါ....(မှန်ပါ့ဘုရား)။

အဖြောင့်တရား ရောက်လာတဲ့အခါ ချမ်းသာနေတာဘဲ....(မှန်ပါ့) အကောက်တရားရောက်လာတဲ့အခါ...(မချမ်းသာပါဘုရား)။

အဲဒီတော့ ကိုယ့်ဝမ်းထဲတည်းဟူသော မနောဒ္ဓါရအပေါ်၌ တကာ တကာမတွေ အကောက်တရား ရောက်လာတဲ့အချိန်မှာ မိမိ ဘယ်လို နေရ,ထိုင်ရတယ်...(မှန်ပါ့ဘုရား)။

အဖြောင့်တရား ရောက်လာတဲ့အချိန်မှာ ဘယ်လို နေရ,ထိုင်ရ တယ်ဆိုတာ ဝမ်းထဲ မနောဒ္ဒါရမှာ ချပြီး ချိန်ကြည့်...(မှန်ပါ့) ချိန်ကြည့်လိုက်လို့ ရှိယင် အကောက်ဟာ အကောက်အကြောင်း ပေါ်လာတာဘဲ၊ အဖြောင့်က....(အဖြောင့်အကြောင်း ပေါ် လာပါတယ်ဘုရား)။

အဲဒါကြောင့် နေရာတိုင်းမှာဖြင့် မြင်တိုင်း-မြင်တိုင်း နှစ်သက် စရာဆိုယင် အကောက်လာပြီ....(မှန်ပါ့) ဟာ....ဒါဟာ ပျက်စီး တာဘဲဆိုယင် ဖြောင့်ပြီ...(မှန်ပါ့) မဟုတ်ဘူးလား....(မှန်လှပါ ဘုရား)။

အဲဒီတော့ မြင်ရာ,ကြားရာမှာ ဒါဖြောင့်တာ၊ ဒါကောက် တာလို့ ခင်ဗျားတို့ အမြဲဝေဘန်ကြည့်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

မြင်ရာ, ကြားရာမှာ.... (အမြဲဝေဘန်ကြည့်ရပါတယ်ဘုရား) ဒါအကောက်လား၊ ဒါအဖြောင့်လား၊ ဒါကိုဝေဘန်ရမယ်.... (မှန်ပါ့) မိန်းမရယ်လို့ မြင်နေယင်၊ သားရယ်လို့ မြင်နေယင်၊ သမီးရယ်လို့ မြင်နေယင် ဒါကောက်တာဘဲ....(မှန်ပါ့ဘုရား)။

ဒါတွေဟာ သင်္ခါရတရားတွေဘဲ၊ သင်္ခါရမို့ အနိစ္စလမ်းဆုံး တာတွေဘဲဆိုယင် ဖြောင့်တာဘဲ...(မှန်ပါ့) ဖြောင့်တဲ့အချိန်မှာ ဘဝင်အေးသွားတယ်၊ ကောက်တဲ့အချိန်မှာ ရှေ့ဘယ်လိုစခန်း သွားမတုံးဆိုတာ ပူလာတယ်...(မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီနေ့တရားမှာ ဟဒယဝတ္ထုတည်းဟူသော မြေပြင်၌ အကောက်တရားနဲ့ အဖြောင့်တရားကို ချကြည့်...

(မှန်ပါ့) ချကြည့်တဲ့အခါကျတော့ အကောက်တရားသည် နှလုံးကိုပူစေဘယ်၊ အဖြောင့်တရားသည် နှလုံးကို....(အေးစေပါတယ်ဘုရား)။

ဒါကြောင့် ပဋိသမ္ဓိဒါမင်္ဂလာမှာ သူတို့ဟာ အကောက်တရားကပူစေတယ်တဲ့...(မှန်ပါ့) မင်္ဂလာတရားက အေးစေတယ်တဲ့ (မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဒါရမ်းပြောတဲ့စကား မဟုတ်ပါဘူး....ဗုဒ္ဓ၊ ပဋိသမ္ဓိဒါမင်္ဂလာမှာ ဒီအတိုင်းလာတယ်....(မှန်ပါ့) သူတို့က ကဏ္ဍာ မာနဒိဋ္ဌိက ပူစေတယ် မင်္ဂကအေးစေတယ်....(မှန်ပါ့ဘုရား)။

အဲဒါဘဝင်မှာ ချကြည့်ပါ...တဲ့၊ ချကြည့်လိုက်လို့ ရှိယင်ဖြင့် အေးတဲ့တရားကိုဖြင့် ခင်ဗျားတို့ လက်ခံဘို့ဘဲ၊ ပူတဲ့ဘရားကိုဖြင့် (ပယ်ဘို့ပါဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့်.... မြင်တိုင်း, မြဲတိုင်း ကောက်ဘာ ဖြောင့်တာကို အမြဲဝေဘန်ရမယ်....(မှန်ပါ့) သဘောပါပလား...(ပါ-ပါပြီဘုရား)။

ကဲ.. ဒီနေ့ ဒီတွင်ဘော်ကြဦးစို့....

သာဓု... သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပုရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော

"ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်ရေး"

နေ့အလုပ်ပေးတရားတော်

၃- ၁၀- ၆၁

တကာကြီးဦးမာဒင်ရဲ့မိတ်ဆွေတွေဝိပဿနာမလုပ်မီဘာလုပ်ရမလဲလို့မေးလျှင် ဝိပဿနာမလုပ်မီ ဒိဋ္ဌိသုံးမျိုး ဖြုတ်ရမယ်... ဒါမှတ်ထားကြပါ....(မှန်ပါ့ဘုရား)။

ဝိပဿနာမလုပ်ခင် ဘာမှမလုပ်နဲ့ဦး.... ဝိပဿနာမလုပ်ခင် ဒိဋ္ဌိသုံးမျိုးကိုဖြုတ်ရမယ်....(မှန်ပါ့) ဒိဋ္ဌိသုံးမျိုးကိုမဖြုတ်ဘဲနဲ့ ဘုန်းကြီးတို့ တကာ တကာမတွေ ဝိပဿနာလုပ်လို့ရှိယင် အလကားဘဲ၊ ကုသိုလ်သာဖြစ်တယ်၊ မင်ဖိုလ်တော့ မရနိုင်ဘူး...(မှန်လှပါဘုရား)။

ဒါဖြင့် ဝိပဿနာမလုပ်မီ ဦးမာဒင်ကြီးတို့- ဒီက တကာကြီးများတို့ ဘာလုပ်ရမတုံးလို့ မေးလို့ရှိယင် ဒိဋ္ဌိဖြုတ်ရမယ်လို့ မှတ်ရမယ် ..(မှန်လှပါဘုရား)။

နည်းနည်းနားပါဦး ...သည်းခံ နားထောင်ကြပါ....။

နေးကက်လူတွေအတွက်နည်းနည်းပြောမယ်(မှန်ပါ့)နောက်ကာ တကာ တကာမကြီးတွေလဲ သေသေချာချာနားထောင်ကြ၊ ခဲခဲယဉ်းယဉ်းလေးကြရတယ်နော်-(မှန်လှပါဘုရား) မြင်ကြရသော်လဲ မင်းတို့က နည်းနည်း ကုန်း,ပြုပေး... (မှန်ပါ့ဘုရား)။

တကာ တကာမတွေက ဒါကတရားဟောတာ မဟုတ်ပါဘူးတဲ့... နည်းပေးနေတာလို့ မှတ်ရမယ်နော်.... (မှန်လှပါဘုရား)။

ဝိပဿနာမလုပ်မီ ဘာလုပ်ရမတုံး.. လို့ မေးလို့ရှိယင် ဒိဋ္ဌိသုံးမျိုးဖြုတ်ရမယ်.. (မှန်ပါ့) ဦးမာဒင်-ဘာလုပ်ရမတုံး....(ဒိဋ္ဌိသုံးမျိုး ဖြုတ်ရပါ့မယ်ဘုရား)။

ဝိပဿနာ ဘာမှမလုပ်နဲ့ဦး... ခင်ဗျားတို့အားလုံးဘဲ မှတ်ကြပါနော်... (မှန်ပါ့) ဝိပဿနာကို ဘာမှမလုပ်နဲ့၊ အသိဉာဏ်ကိုအယင်ပေးရမယ်... (မှန်လှပါဘုရား)။

အသိဉာဏ်အယင်ပေးတော့ကို ခင်ဗျားတို့ဝမ်းထဲမှာက ဒိဋ္ဌိသုံးမျိုးတွင် နှစ်မျိုးကတော့ သေသေချာချာကပ်တယ်၊ သုံးမျိုးစလုံးတော့လဲ မကပ်တဲ့ဘူး၊ သို့သော်... ဘယ်ဟာ, ဘယ်ဟာကပ်မယ်လို့လဲ အမှန်မသိဘူးတော့ ဒီကမေးကြည့်မှဘဲသိမယ်... (မှန်ပါ့ဘုရား)။

ဒီတကာ တကာမတွေမှာ ဘုရားအဆူဆူနဲ့လဲ၊ အပါယ်ငရဲနဲ့ ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးနဲ့ ဒီလို နေရစ်ရတာထောင်လို့ရှိယင် ဒိဋ္ဌိသုံးမျိုးက ကန့်ကွက်လို့ဘဲမှတ်ပါ... (မှန်ပါ့ဘုရား)။

ကိုယ့်ကိုယ်မှာ အခု ဘုရားအဆူဆူနဲ့လဲ, ခန္ဓာဝန်ကြီး ထမ်းပြီး သုံသရာထဲ ရှောက်လည်၊ ဒါဘာဖြစ်နေလို့တုံးလို့ မေးလို့ရှိယင်ဖြင့် ဒိဋ္ဌိသုံးမျိုးရှိရာတွင် နှစ်မျိုးကပ်နေလို့ဘဲ... (မှန်ပါ့) ဒါမှတ်ထားပါ တကာမကြီးတွေနော်... (မှန်ပါ့ဘုရား)။

ဒါဝိပဿနာ အားမထုတ်မီ ဒိဋ္ဌိသုံးမျိုး ရှိရာတွင် နှစ်မျိုးတော့ဖြင့် ကပ်နေတယ်၊ အဲဒီနှစ်မျိုးကို ခွါပြီးမှ သာလျှင် ဒိဋ္ဌိက စင်မယ်(မှန်ပါ့)ဒိဋ္ဌိစင်ပြီးမှ ဝိစိကိစ္ဆာစင်အောင် တခါလုပ်ပေးရဦးမယ်....(မှန်ပါ့ဘုရား)။

ဒိဋ္ဌိဆိုတဲ့အမှား စင်ပြီးသည့်နောက် ဒိဋ္ဌိသုံးမျိုးဖြင့် ရှင်းပြီဘုရား၊ တပည့်တော်တို့ဉာဏ်ထဲမှာ ရှင်းသွားပြီ၊ ဒီဒိဋ္ဌိသုံးမျိုးတော့ တပည့် တော်တို့ သန္တာန်မှာ မရှိတော့ဘူး ဆို တော့မှ ဝိစိကိစ္ဆာကို ရှင်းပေးမယ် (မှန်ပါ့ဘုရား)။

ဝိစိကိစ္ဆာကို ရှင်းပေးလို့ ဒိဋ္ဌိရော ဝိစိကိစ္ဆာရော ရှင်းပြီးတဲ့အခါကျမတော့မှခန္ဓာကိုယ်ထဲမှာ အနိစ္စတရားရှိဘာကိုဘုန်းကြီးကလက်ညှိုးညွှန်ပြတော့မှ ဘုန်းကြီးတို့ တကာ တကာမတွေ့ အားထုတ်ရမှာဘဲ့....(မှန်ပါ့ဘုရား)။

နို့ မဟုတ်ဘဲ့ အဲဒီကျမှ ရုပ်ထဲနာမ်ထဲ ဝေဒနာထဲစိတ်ထဲမှာ ဟိုကဒီအတိုင်းသာ ဟောလို့ ရှိယင် ဒီအထဲမှာကို ဒိဋ္ဌိဝင်နေတယ်....(မှန်ပါဘုရား)။

ဒိဋ္ဌိဝင်နေလို့ရှိယင် ဘယ်လိုဘဲ့အာဖေါက်အောင်အားထုတ်နိဗ္ဗာန်မရဘူးလို့မှတ် ဘုရားက တထစ်ချ ဆုံးဖြတ်ချက် ချပေးတယ်... (မှန်ပါ့ဘုရား)။

အကြင်ပုဂ္ဂိုလ်သည် ဒိဋ္ဌိသုံးမျိုးရှိ၏။ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ရလိမ့်မယ်လို့ ငါမဟောဘူးတဲ့၊ ဒိဋ္ဌိသုံးမျိုး ရှိရာတွင် နှစ်မျိုးတော့ဖြင့် ကိန်းနေလိမ့်မယ်၊ အဲဒါရှင်းမပေးဘဲနဲ့ မင်းတို့နိဗ္ဗာန်ရလိမ့်မယ်လို့ ငါဘုရား ဘယ်တော့မှ မဟောဘူးတဲ့....(မှန်ပါ့ဘုရား)။

ရှေးရှေးသော ဘုရားတို့လဲ ဒီဌိမကင်းဘဲနဲ့ ဝိပဿနာအား ထုတ်လို့ မဂ်ဖိုလ်ရလိမ့်မယ်လို့ ရှေးဘုရားတို့လဲ မဟောဘူးတဲ့ (မှန်ပါ့ဘုရား)။

အဲဒီတော့ အခုအားကြိုးမာန်တက် လာကြတဲ့တကာတကာမ တို့လဲ ဝိပဿနာက နောက်ပါလား၊ သံသယရှင်းမှုက အယင် ပါလား၊ ဒါကို (၁)နံပါတ်ထား....(မှန်ပါ့)နားလည်ကြပြီနော် (မှန်ပါ့ဘုရား)။

ဒိဌိရှင်းမှုကို (၁)ထားကြပါ.... (မှန်ပါ့) အဲဒါရှင်းပြီးသည့် နောက်မှ ဝိပဿနာကို (၂) ထားပါ .... (မှန်ပါ့)ဒိဌိပြုတ်ရင် ဝိစိကိစ္ဆာ အလိုလိုပြုတ်သွားတာပါဘဲ။

ဒါအခြေနဲ့ တကွလုပ်ကြတော့မယ်လို့ ပါရမီဖြစ်ရုံမဟုတ်ဘဲနဲ့ ဟာ တပည့်တော်တို့ ယခုရဲ့ နိဗ္ဗာန်ကို ယခုယူမှာဘဲ ဆိုလို့ရှိ ယင်ဖြင့် ဒါသုံးမျိုးကို ဒီဌိ ကို (၁)နံပါတ် ရှင်းရှိ ဝိစိကိစ္ဆာ (၂)နံပါတ် ရှင်းပြီးတော့ ဝိပဿနာ (၃)နံပါတ်ကမှ အလုပ် လုပ်လို့ ရှိယင်တော့ဖြင့် ဒါလမ်းအမှန်ဆုံးဘဲလို့ မှတ်ကြပါ.... (မှန်ပါ့ဘုရား)။

ဘုရားလက်ထက်က အနုရာဓဆိုတဲ့ ရဟန်းကလေး တရား အားထုတ်နေတယ်၊ သတ္တဝါရှိတယ်၊ သတ္တဝါသေယင် နိဗ္ဗာန် သွားဘယ်၊ သူ့စိတ်ထဲမှာ ...(မှန်ပါ့ဘုရား)။

သတ္တဝါရှိသလားဆိုတဲ့ ဒိဌိကပ်နေတယ်...(မှန်ပါ့) သတ္တဝါ သေယင် နိဗ္ဗာန်သွားသလားဆိုတဲ့ ဝိစိကိစ္ဆာလဲရှိတယ်....(မှန်ပါ့ ဘုရား)။

ဒိန္နစ်ခုရှိနေလို့ ဘုရားကျောင်းတော် အနီးကလေးမှာ အား ထုတ်နေတယ်၊ ရကိုမရဘူး....(မှန်ပါ့) နောက်ဘုရားက ရှင်းပေး ရဘယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီအသိရှင်းပေးပြီး အားထုတ်မှ ရတာကိုဘုရားကိုယ် တော်တိုင် ရှင်းပေးလို့ အနုရူပ ရဟန်းကဒလေး ရသွားတာကို ထောက်သဖြင့်ရင်း၊ ရှင်ယမကကို ဥစ္စာဒဒိဋ္ဌိကပ်နေလို့ ရှင်သာရိ ပုတ္တရာ ဖြေရှင်းပေးမှ ရဟန္တာဖြစ်တာကို ထောက်သဖြင့်ရင်း၊ဒိဋ္ဌိ မကွာ၊ ဝိစိကိစ္ဆာ မပယ်ရှားနိုင်လို့ ရှိယင် ဘယ်လိုဘဲ အားထုတ် အားထုတ် ကုသိုလ်သာဖြစ်မယ်၊ နိဗ္ဗာန်မရဘူး .... (မှန်လှပါ) ဒါသေသေချာချာ မှတ်ကြပါ....(မှန်လှပါဘုရား)။

ဒိဋ္ဌိဝိစိကိစ္ဆာ မကွာဘဲနဲ့ ဝိပဿနာ အားထုတ် နေကြလို့ ရှိယင် ကုသိုလ်သာရမယ်၊ နိဗ္ဗာန်မဂ်ဖိုလ်မရ .... (မှန်လှပါ) ဒါသေသေချာချာမှတ်ကြပါ၊ ဆရာရင်းဘကာရင်းမို့ ပြောနေ တာ...(မှန်ပါ့ဘုရား)။

အင်မတန် အရေးကြီးပါတယ်၊ ခင်ဗျားတို့ အဆောက်ကြီး ရောက်လာလို့ အင်မဘန်ဘဲ ဘုန်းရှိကံရှိတဲ့ ပုဂ္ဂိုလ်ဧတ္တမို့ ဧတ္တ ကြတာပါဘဲ....(မှန်ပါ့)နို့ မဟုတ်ယင် ဧတ္တဘို့မလွယ်ပါဘူး .... (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ဝိပဿနာ မလုပ်မီ ဒိဋ္ဌိသုံးမျိုးခွါရမယ်(မှန်လှ ပါ)ဘာမှ ဝိပဿနာ မလုပ်ပါနဲ့ဦး၊ ခင်ဗျားတို့ ဒီရောက်လာ တယ်၊ သမာဓိသာဖမ်းနေပါ....(မှန်ပါ့ဘုရား)။

သမာဓိသာဖမ်းနေပါ၊ ဝိပဿနာကို ဘုန်းကြီး ပေးကိုမပေး သေးဘူး.... (မှန်ပါ့) စိတ်ကိုနှာခေါင်းထဲထားပြီး သကာလ ရှူတာသိ ရှိုက်တာသိ သာလုပ်နေ၊ပင်ပင်ပန်းပန်းမလုပ်နဲ့၊ စိတ်မပြေးရုံဘဲထိမ်းထားကြပါ... (မှန်လှပါဘုရား)။

ဒိပြင်ဘာမှဖြစ်ပျက်တွေ ဝိပဿနာတွေမလုပ်ပါနဲ့ (မှန်ပါ့) မလုပ်ပါနဲ့တဲ့၊ လုပ်လို့ရှိယင် ခင်ဗျားတို့ ဒိဋ္ဌိမကွာ ဝိစိကိစ္ဆာ မဖယ်ရှားဘဲနဲ့ လုပ်နေလို့ရှိယင် ဦးမာဒင်တို့ အပိုပါဘဲ .... (မှန်ပါ့) ကုသိုလ်သာဖြစ်၍ မဂ်ဥာဏ်ဖိုလ်ဥာဏ်မရဘူး (မှန်ပါ့ ဘုရား)။

ကုသိုလ်ကတော့ ရေအိုးစင်တည်လဲ ကုသိုလ် ဖြစ်တာဘဲ .... (မှန်ပါ့)ကုသိုလ်ကတော့ အလွယ်ကလေးပါ (မှန်ပါ့) မဂ်ဥာဏ် ဖိုလ်ဥာဏ် ရဘို့သာခဲယဉ်းတာ....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ကုသိုလ်ရယင် မဂ်ဥာဏ်ဖိုလ်ဥာဏ် ရလိမ့်မယ်လို့ အောက်မေ့တယ်၊ တခြားစီ(မှန်လှပါ) ကုသိုလ်ဖြစ်တာတခြား မဂ်ဥာဏ်ဖိုလ်ဥာဏ်ရတာ တခြားလို့မှတ်ပါ... (မှန်ပါ့) ဒါကြပ် ကြပ်စဉ် စားပြီး နားထောင်ပါ....(မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် ပြောတော့မယ်၊ ဒိဋ္ဌိအယင် ခွါလိုက်မယ်၊ ဒိဋ္ဌိခွါတဲ့ အခါ ဘာနဲ့ခွါရ မတုံးလို့ မေးတဲ့ အခါ ကျတော့ ခင်ဗျားတို့ ခန္ဓာဖြစ်စဉ်နဲ့ ခွါရမယ်လို့ မှတ်ပါ .... (မှန်ပါ့ ဘုရား)။

ခန္ဓာဖြစ်စဉ်က ဘာတုံးလို့ မေးတဲ့အခါကျတော့ ရှေးဦးစွာ နာရီကိုကြည့်လိုက်၊ကြည့်လိုက်တော့ ရှေးကနာရီမကြည့်ခင်တုန်း

က နာရီမြင်တဲ့စိတ်ကလေးက မျက်လုံးထဲမှာမပေါ်ဘူး (မှန်ပါ့) အခုနာရီနဲ့ တည့်လိုက်တဲ့အခါကျမှတော့မှ နာရီမြင်တဲ့စိတ်ကလေးက ပေါ်မလာဘူးသား(ပေါ်လာပါတယ်ဘုရား)။

တကာမကြီးတွေ့ နဂိုရိကနာရီမြင်တဲ့စိတ်ဟာ မျက်လုံးထဲမှာရှိနှင့်သလား၊ နာရီဘက်ကိုလှည့်လိုက်မှ ပေါ်လာသလား အကဲခတ်စမ်း(နာရီဘက်လှည့်လိုက်မှ ပေါ်လာပါတယ်ဘုရား) နာရီဘက်လှည့်လိုက်မှ ပေါ်လာတယ် (မှန်ပါ့)နဂိုရိကမျက်လုံးထဲမှာရှိကိုမရှိဘူး၊နာရီမြင်တဲ့စိတ်ကတော့ မရှိဘူး(မှန်ပါဘုရား)။

နာရီဘက် မလှည့်လိုက်လို့ရှိယင် နာရီမြင်တဲ့စိတ်.... (မရှိပါဘုရား)။

သြော်... ဒါဖြင့် ဒီစိတ်ကလေးဟာ က အသစ်ကိုးလို့ မဆိုထိုက်ဘူးလား·ဆိုထိုက်သလား....(ဆိုထိုက်ပါတယ်ဘုရား)အသစ်စိတ်ကလေးလို့ မှတ်လိုက်စမ်းပါ... (မှန်ပါ့ဘုရား)။

သြော်....အခုမှ နာရီနဲ့အသား, မျက်လုံးနဲ့ အသားဆိုတာရုပ်အသားတွေပေါ့ဗျာ နော်-(မှန်ပါ့)နာရီဆိုတဲ့ဒြပ်နဲ့ ဒီအသားမျက်လုံးနဲ့ နှစ်ခုတည့်တဲ့အခါကျတော့မှ နာရီကိုမြင်တဲ့ နာမ်စိတ်ကလေးပေါ်လာတယ်....(မှန်ပါ့ဘုရား)

နာရီကိုမြင်တော့ ဘာပေါ်သလဲ....(နာမ်စိတ်ကလေး ပေါ်ပါတယ်ဘုရား)နာမ်စိတ်ကလေးပေါ်တယ်၊ ဒါစိတ်ကိုနာမ်လို့ မှတ်ထားလိုက်တာပေါ့....(မှန်ပါ့) နာမ်စိတ်ကလေးပေါ်တယ်လို့ မှတ်ထားလိုက်ပါ....(မှန်ပါ့ဘုရား)

ဒါကလေးဟာ ဘုန်းကြီးတို့ တကာ တကာမတွေက စိတ်ကလေးပါလားဆိုတာတော့ အထူး ပြောဘို့မလိုဘဲပါဘူး.... (မှန်ပါ့) အသစ်ဘဲ....(မှန်ပါ့ဘုရား)။

တကာမကြီးတွေ.... အသစ်လား, အဟောင်းလားမေးယင် ဘယ့်နှယ်ဖြေကြမလဲ....(အသစ်ပါဘုရား)

အသစ်ဘဲ... ဒါကို မေးလဲကြည့်ကြနော်၊ နားမလည်လဲမေး.... (မှန်ပါ့) နားမလည်သဲ့ မေးပါ၊ မေးယင်လဲ ဖြေကြ၊ အသစ်ဘဲလို့ သေသေချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

အသစ်ဆိုတာက နဂိုရှိက ရှိနှင့်တာလဲမဟုတ်၊ ဖြစ်မယ်လို့ စောင့်နေတဲ့သဘောလဲ မဟုတ်ဘူး....(မှန်ပါ့) နဂိုရှိကလဲ မျက်လုံးထဲ ရှိနှင့်တဲ့သဘောမဟုတ်ဘူး၊ ဖြစ်မယ်လို့ မျက်လုံးအနားကပ်နေတယ်လို့ ဒီသဘောနဲ့လဲ မယူလိုက်ပါနဲ့၊ မှန်နဲ့လူတွေနဲ့ တည့်မှ အရိပ်ပေါ်သလို မှတ်တာပေါ့(မှန်ပါ့ဘုရား)။

မှန်နဲ့ လူနဲ့ တည့်မှ.... (အရိပ်ပေါ်ပါတယ်ဘုရား) ဒီမှာလဲ မြင်စိတ်ကလေးဟာ ဒီက အသားမျက်လုံးနဲ့ ဟိုကနာရီအဆင်းနဲ့ သွားတည့်မှ ဖျပ်ကနဲဆို မြင်စိတ်ကလေး ပေါ်လာတယ်(မှန်ပါ့ဘုရား)။

ဩော်... ဒါဟာ ဘာကလေးတုံးလို့ မေးလို့ရှိယင် မြင်တဲ့စိတ်ဘုရာ့....(မှန်ပါ့) မဆိုနိုင်ကြဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါက ဘာစိတ်ပါလိမ့်....(မြင်စိတ်ပါဘုရား)မြင်တဲ့စိတ်... တဲ့ဩော်....မြင်တဲ့စိတ်ပေါ်တယ်....(မှန်ပါ့ဘုရား)။

မြင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ မြင်တဲ့စိတ်ဟာ မြင်တဲ့စိတ်ဘဲ၊ယောကျ်ားလဲမဟုတ်ဘူး၊မိန်းမလဲမဟုတ်ဘူး၊ ယောကျ်ားလဲမဟုတ်ဘူး၊ မိန်းမလဲမဟုတ်ဘူး၊ မြင်တဲ့စိတ်ဟာ မြင်တဲ့စိတ်ဘဲလို့ မှတ်ထားလိုက်စမ်းပါ....(မှန်ပါဘုရား)။

သူ့ကို နာရီနဲ့ မျက်လုံးနဲ့ တည့်လို့ရှိယင် ပေါ်လာတဲ့ နာမ်မှမြင်တဲ့စိတ်ကို ယောကျ်ားလို့ လဲမဆိုနိုင်ဘူး၊ မိန်းမလို့ လဲမဆိုနိုင်ဘူး၊ မြင်တဲ့စိတ် ဆိုရမှာဘဲ....(မှန်လှပါဘုရား)။

ဒီ့ပြင် ဘာဆိုစရာရှိသေးသလဲ... (မဆိုနိုင်ပါဘုရား) ဘာမှမဆိုနိုင်တော့ မြင်စိတ်ဘဲ.. (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အိမ်ကပါလာတာလား, ရန်ကုန်က ပါတာလားလို့ မေးပြန်တော့ မဟုတ်ပါ ဘုရား၊ ဒီနာရီနဲ့ သူ့မျက်လုံးနဲ့ တည့်မှပေါ်လာတာ....(မှန်ပါ့)အသစ်လား,အဖောင်းလားမေးယင်လဲ ဘယ်နှယ်ဖြေကြမလဲ....(အသစ်ပါဘုရား)။

အသစ်လဲ အသစ်ဘဲ၊ မြင်တတ်တဲ့စိတ်လဲ မြင်တတ်တဲ့စိတ်ဘဲလို့ဆိုတာ ခင်ဗျားတို့ ရှင်းနေပါပြီ... (မှန်ပါ့ဘုရား)

အဲဒီတော့.... ဒါကလေးပေါ်တဲ့အချိန်မှာ ဒီအခုတရားနာနေတဲ့ တကာ့တကာမတွေ့က တွေးတာပေါ့၊ ဩော်_အခုမှပေါ်လာတဲ့ အသစ်စိတ်ကလေးဘဲ၊ ယောကျ်ားလဲမဟုတ်ဘူး၊ မိန်းမလဲမဟုတ်ဘူး၊ ငါလဲမဟုတ်ဘူး၊ သူလဲမဟုတ်ဘူး၊ မြင်တဲ့စိတ်သက်သက်ကလေးဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ငါကော့ သူကော့ ယောကျ်ားကော့ မိန်းမကော ဟုတ်သေး ရဲ့လား... (မဟုတ်ပါဘုရား) မဟုတ်ဘူး... တဲ့၊ မြင်တဲ့စိတ်-မြင်တဲ့ စိတ်ဘဲမှတ်လိုက်ဘာပေါ့... (မှန်ပါဘုရား)။

ကောင်းပြီ.... ဒါဖြင့် မြင်တဲ့စိတ်ကလေးတော့ဖြင့် တပည့် တော်တို့ သိပြီဘုရား၊ ငါလဲမဟုတ်ဘူး၊ သူလဲမဟုတ်ဘူး၊မိန်းမလဲ မဟုတ်ဘူး၊ ယောကျ်ားလဲမဟုတ်ဘူး၊ ပုဂ္ဂိုလ်လဲမဟုတ်ဘူး၊သတ္တ ဝါလဲမဟုတ်ဘူး၊ မြင်စိတ်ဟာ မြင်စိတ်ဘဲ၊ မြင်တတ်တဲ့သဘော ကလေးဘဲ....(မှန်ပါ) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

မြင်တတ်တဲ့သဘောကလေးလို့ မှတ်ထားပါ၊ မြင်ပြီးတော့ ဒီတကာ တကာမတွေက မြင်ပြီးသကာလ တချို့တဲကာ တကာမတွေကျတော့ နာရီဆိုင်သွား- နားရီမြင်တယ်၊ မြင်ပြီး မြင်တတ်တဲ့ဓမ္မကလေးလဲ ပျက်စီးသွားပြီး လိုချင်တဲ့ဓမ္မကလေး ပေါ်လာတယ်....(မှန်ပါဘုရား)။

လိုချင်တဲ့ ဓမ္မကလေးပေါ်လာတယ်၊ ခုနင်ကတော့ မြင်စိတ် (မှန်ပါ) အခုတော့ လိုချင်တဲ့စိတ် (မှန်ပါဘုရား)။

ဩော်.... တကာ တကာမတို့ ခုနင်ကစိတ်နဲ့ ဒီစိတ်နဲ့ တူရဲ့ လားလို့ မေးတော့ ဘယ်နှယ်ဖြေကြမလဲ(မတူပါဘုရား) ခုနင်က မြင်စိတ်၊ အခု လိုချင်တဲ့စိတ်... (မှန်ပါ) မြင်တဲ့စိတ်က မြင်ပြီး ချုပ်သွားတယ်၊ လိုချင်တဲ့စိတ် အစားထိုးထားခဲ့တယ်-(မှန်ပါ) သဘောကျပြီနော်....(မှန်ပါဘုရား)။

လိုချင်တဲ့စိတ် အစားထိုးထားတော့ ဩော်....သူကလဲတမျိုး ဘဲ၊ သူက ခုနင်ကလို မြင်တာမဟုတ်ဘူး၊ လိုချင်တာ....(မှန်ပါ) သူက မမြင်ဘူး၊ လိုချင်တာဘဲ....(မှန်ပါဘုရား)။

ခုနင်က တဆူးကတော့လဲ မြင်တယ်၊ မလိုချင်ဘူး....(မှန်ပါ့) အခုတရားကတော့ လိုချင်တယ်၊ မမြင်ဘူး။ သူက မြင်တတ်တဲ့ သတ္တိမရှိဘူး၊ လိုချင်တာဘဲ....(မှန်ပါ့) ဒီကတည်းကိုက သူတို့ နှစ်ခုက ခြားခြားနားနားဘဲ..(မှန်ပါ့) သတ္တိချင်းမတူဘူး.... (မတူပါဘုရား) တူသေးရဲ့လား....(မတူပါဘုရား)။

မတူဘူးလို့မှတ်ပါ၊ သြော်. မြင်တဲ့စိတ်ကတော့ မြင်ဘာဘဲ၊ သူချုပ်သွားပြန်တော့လဲ ဝမ်းထဲမှာ တစိတ်ကို သူအစားထိုးထားခဲ့တယ်....(မှန်ပါ့ဘုရား)။

မြင်တဲ့စိတ်က မျက်လုံးထဲမှာမြင်ပြီး မျက်လုံးထဲမှာဘဲ သူ့သက်တမ်းစေ့ကာနဲ့ သေသွားတယ်၊ လိုချင်တဲ့စိတ် အစားထိုးပစ်ခဲ့တယ်....(မှန်လှပါ) လိုချင်တဲ့စိတ် ဝမ်းထဲမှာပေါ်အောင် အစားထိုးပစ်ခဲ့တယ်....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

မြင်တဲ့စိတ်က ဘာကို အစားထိုးထားခဲ့သလဲ.... (လိုချင်တဲ့စိတ်ကို အစားထိုးထားခဲ့ပါတယ်ဘုရား) အစားထိုးတော့ သူ့မျက်လုံးထဲ ချုပ်ပျောက်ပြီးသကာလ ဝမ်းထဲမှာသွားပြီး အစားထိုးတယ်....(မှန်ပါ့)ဝမ်းထဲမှာ လိုချင်တဲ့စိတ်ပေါ်အောင် အစားထိုးပစ်ခဲ့တယ်...(မှန်လှပါ) ဒါက အကြောင်းအကျိုးဆက်ပုံကို ပြတယ်....(မှန်ပါ့ဘုရား)။

သြော်_ဒါဖြင့် မြင်တဲ့စိတ်ကလဲ မြင်တတ်တာဘဲ-လိုချင်တတ်တာမဟုတ်ဘူး၊ လိုချင်တဲ့စိတ်ကလဲ လိုချင်တာဘဲ ရှိတာဘဲ၊ မြင်တတ်တာမဟုတ်ဘူး....(မှန်ပါ့)။

သူက ဝမ်းထဲရောက်သွားပြီ....(မှန်ပါ့) သူက လိုချင်တဲ့ဘဲ ရှိတယ်၊ နာရီမြင်သလား·မမြင်ပါဘူး၊ သူမျှားလက်ညှိုးထိုးသွားပြီး ကျုပ်လိုချင်တာဆိုတာဘဲ....(မှန်ပါ့)။

သူမျှား လက်ညှိုးထိုးသွားတာကို... (ကျုပ် လိုချင်တာပါဘုရား) ကျုပ် လိုချင်တာလို့ ဆိုတော့ သူ လက်ညှိုးထိုးတာ မဟုတ်ဘူး .. (မှန်ပါ့) သူက လိုချင်တဲ့ဘက်ကနေတယ်....(မှန်ပါ့ ဘုရား)။

အဲဒီတော့ လောကီဥပမာ ပြောကြစမ်းပါလို့ ပြောတဲ့အခါတော့ ဘယ်မှာ ဆေးပုံသဏ္ဌာန် ဘယ်လိုတဲ့၊ ခင်ဗျားတို့ဆေးနဲ့ ပတ်သက်နေတော့... (မှန်ပါ့ဘုရား)။

ဟာ.... မြင်းခြံမှာ ဆေးပုံသဏ္ဌာန် ဘယ်လိုတဲ့· ပြောသံကြားတယ်၊ အခြိန်ကလဲ ဘယ်လောက်တဲ့၊ ဈေးကလဲ ဘယ်လောက်တဲ့၊ ဘယ်ကျွန်းက ထွက်လာဘယ်၊ ကျုပ်ဘို့ ယူခဲ့စမ်းပါ မှာချင်မှာတာ....(မှန်ပါ) မြင်လို့မှာတာလား၊ မမြင်ဘဲနဲ့မှာတာလား (မမြင်ဘဲနဲ့ မှာတာပါဘုရား)။

ဒါဖြင့် မှာတဲ့လူကတခြား၊ မြင်တဲ့လူကတခြား.... (မှန်ပါ့) မြင်တဲ့လူကဟိုမှာ သူ မြင်းခြံရောက်ခဲ့ပြီ၊ ကျွန်းထဲရောက်ခဲ့ပြီ... (မှန်ပါ့) အဲဒီကတခြား၊ ရိပ်မိပလား ... (မှန်ပါ့) ခင်ဗျားတို့ ဆေးအကြောင်း နားလည်ပါတယ်၊ ဆေးလိပ် တကာတကာမတွေက ပြည့်နေတာကိုး....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် မြင်တဲ့လူကတခြား၊ မှာတဲ့လူကတခြား ဆိုသလို ပေါ့ဗျာ....(မှန်ပါ့)။

ဒါဖြင့် မြင်တဲ့ လူကလဲ မြင်သာမြင်တယ် သူ မဝယ်ခဲ့ဘူး.... (မှန်ပါ့) မှာတဲ့လူကလဲ ဝယ်ခဲ့ပါတော့ သူမှာတယ်ဆိုတော့ မြင်တဲ့လူကလဲ လာပြောကတည်းကိုက ခင်ဗျားတို့ကို မြင်ခဲ့တာ သာ ပြောတာပါ၊ ဝယ်ခဲ့တာ ပြောတာမဟုတ်ဘူး.... (မှန်ပါ့) ခင်ဗျားတို့ကလဲ ဝယ်ခဲ့ပါသာပြောတာ၊ မြင်တာ မဟုတ်ပါဘူး၊ တခြားစီပေါ့....(တခြားစီပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် မြင်စိတ်က မျက်လုံးထဲမှာ ပေါ်ပြီး ချုပ်သွားပြီး ဝယ်ချင်တဲ့စိတ်က ဝမ်းထဲမှာ လာပေါ်တယ်.... (မှန်ပါ့ဘုရား) သဘောကျပလား ... (မှန်ပါ့) ဒါဖြင့် တခြားစီ၊ မြင်တဲ့စိတ်က တခြား၊ လိုချင်တဲ့စိတ်က တခြား....(မှန်ပါ့)။

တခြားစီဘဲဆိုတော့ ဩော်.... မြင်တာဟာ မြင်တဲ့စိတ်က တခြား၊ လိုချင်တဲ့စိတ်က တခြား၊ စိတ်တော့ စိတ်ချည်းဘဲ.... (မှန်ပါ့) စိတ်ချင်းတူရဲ့လား....(မဘူပါဘုရား)။

မြင်တဲ့စိတ်က မျက်လုံးမှာပေါ်တယ်၊ လိုချင်တဲ့စိတ်က ဝမ်း ထဲက နေတယ်....(မှန်ပါ့) ပေါ်ရာဌာနလဲ တခြားစီ၊ သူတို့လဲ.... (တခြားစီပါဘုရား)။

ဘုန်းကြီး ဘာဟောနေတုံးလို့ တကာကြီး, တကာမကြီးတို့ မေးလို့ရှိယင်ဖြင့် တခြားစီမှန်းသိအောင် ပြောနေတာ....(မှန်ပါ့ ဘုရား)။

ဒါဘဲမှတ်ပါ၊ အခြေနဲ့တကွ ဟောနေရလို့ မလွယ်ဘူး.... (မှန်ပါ့ဘုရား) မလွယ်ဘူး၊ ခင်ဗျားတို့ ဘဝများစွာ သံသရာက ခုနင်္ကပြောခဲ့တယ်၊ ဒါမပြတ်လို့ ခန္ဓာဝန်ထမ်းသမား ဖြစ်နေတယ်....(မှန်ပါ့)။

ဒါဖြင့် မြင်တဲ့စိတ်က ဝ.ခြား၊ လိုချင်စိတ်ကတခြား၊သဘောကျပလား... (ကျပါပြီဘုရား)။

မြင်တဲ့စိတ်က....(ဝ.ခြားပါဘုရား) လိုချင်စိတ်က....(တခြားပါဘုရား)။

ဒါပေါ်လားပြီ၊ လိုချင်တာကလဲ သားမယားလို့ချင်တာရှိတယ်၊ ဒါမရယင် မဖြစ်ဘူး....ဆိုတဲ့ လိုချင်တာမျိုးလဲရှိတယ်၊ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ပဌမလိုချင်မှုအသေးစားကလေးဖြစ်တော့ မရယင် မနေနိုင်ဘူးဆိုတဲ့ ကိစ္စက ဒုတိယလာတယ်.... (မှန်ပါ့) လိုချင်တာမှာ ဒုတိယဘဲ....(မှန်ပါ့)။

သူပေါ့ တကာတကာမတို့ ခုနင်္ကလို လိုချင်မှုအသေးစားလား- လိုချင်မှု အကြီးစားလား အခုပေါ်နေတာ.... (လိုချင်မှုအကြီးစားပါဘုရား)။

ဒါဖြင့် လိုချင်မှုအသေးမရှိဘူး....(မှန်လှပါဘုရား)အသေးကအကြီးကို အစားထိုးပစ်ခဲ့တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အသေးက....(အကြီး အစားထိုးပစ်ခဲ့ပါတယ်ဘုရား) ဒါဖြင့် သူလဲ တမျိုးဘဲ... (မှန်လှပါဘုရား) တဏှာ,ပစ္စယာ,ဥပါဒါနံ၊

လိုချင်မှုကလေးဟာ တဏှာ.... (မှန်ပါ့) သူကနေပြီး ဥပါဒါန် ကျေးဇူးပြုလိုက်တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မြင်မှုက လိုချင်မှုကို ကျေးဇူးပြုတယ်....(မှန်ပါ့) လိုချင်မှုကလေးက လိုချင်မှုကြီးကို အစားထိုးထားတယ် (ဝါ) ကျေးဇူးပြုခဲ့ဘယ်....(မှန်ပါ့) ဒါ-မှတ်ပါ....(မှန်ပါ့)။

လိုချင်တော့ ခင်ဗျားတို့ အလှန်လိုချင်နေတဲ့ပုဂ္ဂိုလ်ဟာ....တဲ့ ငြိမ်ငြိမ်နေမလား....တဲ့ ကာယကံနဲ့ ငွေထုတ်ပေးမယ်၊ ဝစီကံနဲ့ ဘယ်သူ့ဆီကို ငွေလွှဲလိုက်တယ်၊ အဲဒီ သွားယူပါ၊ ခင်ဗျား အဲဒီကငွေထုတ်ပြီးဝယ်ခဲ့ပါ....ဆိုတဲ့ ကာယကံ လာမလား-မလာဘူးလား....(လာမှာပါဘုရား)။

ဒါဖြင့် လိုချင်ကြီး ချုပ်သွားပြီးသကာလ ခုနင်က ကာယကံ ဝစီကံ ဖြစ်တဲ့ ကမ္မဘဝလာတယ်၊ ကမ္မဘဝပေါ် သွားပြီ၊ ရှင်းပလား.... (ရှင်းပါပြီဘုရား) ကာကကံ,ဝစီကံ ပေါ်လာတယ်၊ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့်.... ကာယကံ,ဝစီကံ ပေါ်လာတော့ကို လိုချင်မှုက ကျေးဇူးပြုထားတယ်၊ အစားထိုးထားတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အခု ဒီနေ့ ပြောလိုက်ဘာ ဦးမာဒင် စိတ် ဘယ်နှစ် မျိုးရှိသွားပလဲ.... (သုံးမျိုးရှိသွားပါပြီဘုရား) ဘယ်ကမတုံးဗျာ-(လေးမျိုးရှိသွားပါပြီဘုရား)။

စောစောစီးစီးက မှားနေတယ်၊ တော်.... တော်သေးရဲ့ အိမ်ကျယင် အကုန်များပျောက်ချီရဲ့။

ဒါမြင်တာနော်....(မှန်ပါ့ဘုရား) မြင်စိတ်ကလေးပြီးတော့မှ လိုချင်တာ၊ စွဲလမ်းတာ၊ ဒါက အားထုတ်တာ... (မှန်ပါ့ဘုရား)။

မြင်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်ဘယ်၊ (မှန်လှပါ) ဒါဃူပေါ်နေတုန်းလဲ နောက်သုံးခုမရှိဘူး၊တခုချုပ်သွားမှ နောက်တခုလာတယ်၊ ဒီတခု ချုပ်သွား တော့မှ ဒီတခုလာတယ်၊ ဒီတခုချုပ်သွားတော့မှ ဒီဘခုလာတယ် .... (မှန်ပါ့ဘုရား)။

ဒါဖြင့် ပြတော့မယ်တဲ့၊ ဒါခင်ဗျားတို့ကို သက္ကာယဒိဋ္ဌိခွါနေတာ၊ သဿတဒိဋ္ဌိခွါနေတာ၊ ဥစ္ဆေဒဒိဋ္ဌိ ခွါနေတာ နောက်ရှင်းပေးမယ်.... (မှန်ပါ့ဘုရား)။

ဒါကိုနားလည်မှ သဿတ ဥစ္ဆေဒရှင်းလို့ရမှာ (မှန်လှပါ့) နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ ဒိဋ္ဌိမကွာဘဲနဲ့ ဆိုလို့ရှိယင်ဖြင့် ဒါကလေးတော့ဟာ ငါမြင်တယ်၊ ငါလိုချင်တယ်၊ ငါကိုယ်မရတာ ပြောလိုက်တယ်၊ ငါကိုယ်တိုင်ကို ကာယက် ဝစီကံနဲ့ကိုတခါတည်း ကပ်ကပ်ကြပ်ကြပ် ကျုပ်တော့မယိုက်နိုင်ဘူး၊ အရယူခဲ့ပါဆိုတဲ့၊ အဓိပ္ပါယ်မျိုး၊ ကာယက် ဝစီကံနဲ့ကို ပြောတယ် .... (မှန်ပါ့ဘုရား)။

ဒါဖြင့်တကာတကာမတွေ့ခဲ့ဆေးသွေ့.... မြင်စိတ်ချုပ်ပြီးတော့မှလိုချင်တာ ဝမ်းထဲမှာပေါ်တယ် _ (မှန်ပါ့)လိုချင်တာချုပ်ခဲ့ပျောက်

ပြီးတော့မှ ဘာလာသတုံး(စွဲလမ်းတာလာပါတယ်ဘုရား)စွဲလမ်းတာ ချုပ်ပျောက်ပြီးတော့မှ အားထုတ်တာ .... (မှန်ပါ့)အားထုတ်တာဆိုတာ ကမ္မဘဝ.... (မှန်လှပါဘုရား)။

ကဲ....စာထည်းသွင်းကြစို့. ဒါကဖြစ်စဉ်၊ ကြားဘူးနားဝလဲသွင်းကြစို့.နော်... (မှန်ပါ့)မြင်မှု၊ မြင်မှုရှိသောကြောင့် မြင်တဲ့သဘောရှိသောကြောင့် မြင်တာသည် လိုချင်မှုအား ကျေးဇူးပြုတယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

မြင်တာသည် .... (လိုချင်မှုအား ကျေးဇူးပြုပါတယ်ဘုရား) ဒါဖြင့် မြင်တာချုပ်သွားပြီး ခင်ဗျားတို့ အခုလိုချင်မှုနဲ့ နေတယ် (မှန်ပါ့ဘုရား)။

လိုချင်မှုသည် အသက်တမ်း စေ့လို့ ၁-၂ ဆိုယင် သူ့အသက်တမ်းကုန်လို့ ချုပ်သွားပြီး စွဲလမ်းမှု အစားထိုးခဲ့တယ် .... (မှန်ပါ့ဘုရား)။

စွဲလမ်းမှုအစားထိုးပြီး စွဲလမ်းမှု ချုပ်သွားတဲ့ အခါကျတော့ အားထုတ်မှုကို သူအစားထိုးသားခဲ့တယ်....(မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလုပ်တခုဟာ ဘယ်စိတ်ပေါ်ပြီးမှ အလုပ်တခု အထမြောက်သတုံးလို့ မေးဘို့လိုလာတယ်.... (လိုလာပါတယ်ဘုရား) ၁-၂-၃-၄ လေးနံပါတ် စိတ်ကျမှ အလုပ် တခု အထမြောက်လာတယ်....(မှန်ပါ့)မှတ်ထားကြပါ။

လေးစိတ်ကျမှ .... (အလုပ်တခု အထမြောက် လာပါတယ် ဘုရား)အလုပ်တခု အထမြောက်တယ်ဆိုသလိုပေါ့ဗျာ၊ ဒီကနေ

စစ်ကိုင်းသွားတယ် တံတားက လေးဂုံးကျော်ပြီးမှရောက်မယ်ဆို သလိုပေါ့၊ ရောက်တာတွက်လိုက်ယင် လေးဂုံးကျော်ရမှာဘဲ.... (မှန်ပါ့ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် မြင်တာကလဲမြင်စိတ်၊ မလိုချင်တတ်ပါဘူး.... (မှန်ပါ့) မြင်ပြီးတော့ သူ့အသက်တမ်း စေ့တော့ ချုပ်သွားတာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် မြင်တာသည်၊ ပဋိုလ်သတ္တဝါလား၊ ယောကျ်ားလား၊ မိန်းမလား လို့ တကာကြီးတွေ့ မေးယင် ဘယ်နှယ်ဖြေကြမလဲ....(မဟုတ်ပါဘုရား)။

မြင်တာမြင်တဲ့စိတ်ဘဲဘုရား၊ မြင်စိတ်သက်သက်ဘဲ (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

သြော်.... မြင်စိတ် သက်သက်ဘဲ ဆိုတော့ ပဋိုလ်သတ္တဝါ၊ ယောကျ်ားမိန်းမ ဘာသူတပါးဟုတ်သေးရဲ့လား ... (မဟုတ်ပါဘုရား)။

ဒါက သက္ကာယဒိဋ္ဌိဖြုတ်တာ... (မှန်ပါ့)သြော်....ဒါမြင်စိတ်ကလေး ပေါ်လာလို့ ရှိယင် မြင်စိတ်ကလေးဟာ သူမြင်တဲ့ အလုပ်-လုပ်တာဘဲ၊ ဘာနဲ့မရောစေနဲ့....(မှန်ပါ့) ဘာနဲ့မရောစေနဲ့ (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့်မြင်စိတ်ကလေးဟာတော့ဖြင့် သူ့အသက်တမ်းဝ-မှာဖြစ်ပြီး ၂-မှာပျောက်သွားတယ်(မှန်ပါ့)သူဘာအစားထိုးထားသတုံးလို့ မေးတဲ့အခါကျတော့ မြင်စိတ်ကလေးကသူလဲချုပ်သွားရော၊ လိုချင်တဲ့တရားကလေး အစားထိုး ထားခဲ့တယ် (မှန်ပါ့)သဘောကျပလား... (ကျပါပြီဘုရား)။

ခင်ဗျားတို့ ပစ္စည်းတခုကို မြင်ပြီးမှလိုချင်တာ .... (မှန်ပါ့) မြင်တဲ့စိတ် ချုပ်သွားတော့မှ လိုချင်တဲ့ စိတ်ကလေးက နောက်ကပေါ်လာတာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် မြင်တဲ့စိတ်သည် ဘာကို အစားထိုးထားခဲ့သတုံး .... (လိုချင်တဲ့စိတ်ကို အစားထိုးထားခဲ့ ပါတယ်ဘုရား) ကောင်းပြီ ဒါလိုချင်တဲ့စိတ်ကလေးမှတ်ထား (၂) နံပါတ် .... (မှန်ပါ့ဘုရား)။

ဒီလိုချင်တဲ့စိတ်ကလေးဟာလဲ အခုမှပေါ်လာတာ (မှန်ပါ့ဘုရား) အခုမှ ပေါ်လာတာ၊ ခင်ဗျားတို့အိမ်က ပါလာတာ မဟုတ်ဘူး... (မပါပါဘုရား)၊

အခုမှပေါ်လာတော့ သူလဲအသစ်ကလေးဘဲ၊ သတ္တဝါကြီးပြီနော်....(မှန်ပါ့)ဒီအသစ်ကလေးဘဲ၊ သူလဲပုဂ္ဂိုလ် သတ္တဝါဟုတ်ရဲ့လားလို့ မေးလိုက်တယ်....(မဟုတ်ပါဘုရား)။

မဟုတ်ယင်ဘာတုံး မေးတော့မှ.... (လိုချင်တဲ့စိတ်ပါဘုရား) လိုချင်တဲ့စိတ်ကလေး ပေါ်တာရှိတာဘဲ၊ ရှင်းပလား(ရှင်းပါပြီ) လိုချင်တဲ့စိတ်ကလေး သီးသန့်ပေါ်တာဘဲလို့ အားလုံး မှတ်ကြပါ... (မှန်ပါ့ဘုရား)။

သို့သော် အလိုလိုပေါ်သလားလို့ စကားတလုံးတိုးလာတယ် (မှန်ပါ့)အလိုလိုမပေါ်ပါဘူး၊ မြင်တဲ့စိတ်က အစားထိုးထားခဲ့တာ....(မှန်လှပါ)သဘောကျပလား....(ကျေပါပြီဘုရား)။

မြင်တဲ့စိတ်က... (အစားထိုးထားခဲ့တာပါဘုရား) အစားထို့ထားခဲ့တာ၊ ငါတော့ဖြင့် သေရတော့မယ်၊ မင်းဒီနေကုန်နေရစ်ပါ

ဆိုပြီး မဆိုသော်လဲ ဆိုဘိသကဲ့သို့ နတ္ထိပစ္စယောသူမရှိသောအား ဖြင့် ကျေးဇူးပြုသွားတာ....(မှန်ပါ!ဘုရား)။

နတ္ထိပစ္စယော ဆိုတာဒါဘဲ၊ နတ္ထိကအယင်ဟာ၊ ပစ္စယော နောက်ပေါ်တာ (မှန်ပါ!) အယင်စိတ်မရှိဘဲနဲ့ ဒါကလေးပေါ် အောင် ကျေးဇူးပြုတာ....(မှန်ပါ!)သဘောကျပလား.... (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ဒီစိတ်ဟာအလိုလိုပေါ် တာလား အကြောင်း ကင်းသလားမေးယင် ဘယ်နှယ်ဖြေကြမလဲ... (အကြောင်းမကင်းပါဘုရား)။

ဒါဖြင့် မြင်စိတ် တည်းဟူသော အကြောင်းကြောင့် လိုချင် စိတ်တည်းဟူသော အကျိုးပေါ်တယ်.... (မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား)။

မြင်စိတ်တည်းဟူသော အကြောင်းကြောင့် .... (လိုချင်စိတ် တည်းဟူသော အကျိုးပေါ်ပါတယ်ဘုရား)လိုချင်တဲ့စိတ်အကျိုး ပေါ်တယ် (မှန်ပါ!ဘုရား)။

ဒါဖြင့် အကြောင်းအကျိုး ဆက်-မဆက် (ဆက်ပါတယ် ဘုရား)ချုပ်သွားတဲ့တရားနဲ့ ဒီတရားနဲ့ .... (အကြောင်းအကျိုး ဆက်ပါတယ်ဘုရား)။

ဆက်သွားတယ် ဆိုလို့ရှိယင်ဖြင့် အကြောင်း အကျိုး တော့ ဆက်တယ်....(မှန်ပါ!) သဘောကျပလား (ကျပါပြီ)အကြောင်း အကျိုးဆက်တယ်လို့ မသိဘူးလား.... (သိပါတယ်ဘုရား)။

မြင်တဲ့တရားက ချုပ်သွားပြီးပြီ(မှန်ပါ့)သို့သော်အကြောင်း အကျိုးဆက်ပြီးတော့ လိုချင်တဲ့တရားကို သူအစား ထိုးသားခဲ့ တယ်....(မှန်ပါ့ဘုရား)။

မထိုးဘူးလား.... (ထိုးပါတယ်ဘုရား) အကယ်၍ မထိုးယင် ခင်ဗျားတို့ မြင်ပြီးသေတယ်.... (မှန်ပါ့)မြင်ပြီးယင်သေတို့ဘဲ.... (မှန်ပါ့ဘုရား)။

စိတ်မရှိယင် မဖြစ်ဘော့ယင် သေမှာဘဲ... (မှန်ပါ့) အစားထိုး သေးလို့ ခင်ဗျားတို့မသေတာကိုး....(မှန်ပါ့)စိတ်မရှိယင်သေတာ ဘဲ၊ လူတိုင်းလူတိုင်းအလုပ်က မဟုတ်ဘူးလား(မှန်ပါ့ဘုရား)။

ဒီရုပ်ကြီးကတော့ စိတ်မရှိယင် သေတာဘဲ၊ ရုပ်ကြီး သူ့ဟာ သူနေ၊ သူ့ကိုမသာထမ်းပို့လိုက်၊ စိတ်မရှိလို့သေတာ (မှန်ပါ့) ရှင်းပလား ..(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့မသေအောင် ဘယ်သူ့ အစားထိုး ပစ်ခဲ့ သတုံးလို့မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(မြင်စိတ်ကအစားထိုး ပစ်ခဲ့ပါတယ်ဘုရား)။

အဓိပ္ပါယ်ဆိုတာ နည်း- နည်း- နည်းနည်းမှ ပိုရှင်းမယ်နော် (မှန်ပါ့)နည်းနည်းမှ ပိုရှင်းမယ်၊ ခင်ဗျားတို့က ဘာမှမပါဘူး၊ ဗလာချည်းလာတာ၊ ဒီကျမှအကုန်လုပ်ရမှာ.... (မှန်ပါ့ဘုရား)။

ခလေးကလေးမွေးလာတာ အဝတ်ကဘည် ရွှေတွဲလဲ၊ ငွေတွဲလဲ မပါဘူးဗျ၊ နောက်မှဆင်ရမှာချည်းဘဲ .. (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ)ဘာမှမပါခဲ့ဘူး၊ ဒီကျမှအကုန်ဆင်ရမှာချည်းဘဲ .... (မှန်ပါ့ဘုရား)။

ဦးမာဒင်ကြီးတို့များ ဘာမှမပါဘူးလား ဟင်.... (မှန်ပါ့ဘုရား)တုံးလုံးလာခဲ့တာနဲ့ အတူတူဘဲ.... (မှန်ပါ့)လောကုတ္တရာမျက်လုံးနဲ့ ကြည့်ခဲ့တာ့ ခင်ဗျားတို့မှာ တုံးလုံး လာခဲ့တယ် .... (မှန်ပါ့ဘုရား)။

ဘာမှမပါဘူး.... (မှန်ပါ့)ဘာမှမပါခဲ့ဘူး၊ ပါလာပြန်ခဲ့တာ့လဲ အမှားတွေ ပါလာခဲ့တယ်၊ ဒီဌိဌိအမှားတွေ .... (မှန်လှပါဘုရား)။

ဒါဖြင့်လို့ချင်တဲ့ စိတ်ကလေးဟာ တကာတကာမတို့ အလိုလို ပေါ်လာတာလား၊ အစားထိုးထားခဲ့တာလား .... (အစားထိုးထားခဲ့တာပါဘုရား)။

ဒါဖြင့်ချုပ်သွားတဲ့ မြင်စိတ်တည်းဟူသောအကြောင်းမကင်းဘူးပေါ့.... (မှန်လှပါဘုရား) ကင်းဖယ်ရဲ့လား .... (မကင်းပါလို့ချင်တဲ့အကြောင်း မကင်းဘူးနော်....(မှန်လှပါဘုရား)။

ဒါဖြင့် သြော်.... အယင်ချုပ်သွားတဲ့ အကြောင်းကြောင့် အခုလို့ချင်တဲ့ စိတ်အကျိုးတရား ပေါ်လာ ပေတယ်လို့ ဆိုတာ ခင်ဗျားတို့ ငြင်းဘို့မလိုတော့ဘူး.... (မလိုပါဘုရား) လို့သေးသလား .. (မလိုပါဘုရား)။

မလို့လို့ ရှိယင်ဖြင့်တဲ့ ဥစ္စာဒဒီဌိဆိုတာ ဒီအကြောင်း ချုပ်သွားယင် မြင်စိတ်ကလေး ချုပ်သွားယင် ဘာမှအစားမထိုးဘူး လို့ယူတာ ဥစ္စာဒဒီဌိ (မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာမှအစားမထိုးယင်.... (ဥစ္စာဒဒီဌိပါဘုရား) အခုတော့ အစားထိုးသွားတာ မြင်လို့က်သဖြင့် အကြောင်း အကျိုးဟာ

ပြတ်သေးရဲ့လား.... (မပြတ်ပါဘုရား)မပြတ်သေးလို့ရှိယင်ဖြင့်တဲ့၊ ဥစ္ဆေဒဒိဋ္ဌိ လွတ်သွားတယ်....(လွတ်သွားပါတယ်ဘုရား)။

ဒါသေသေချာချာမုတ်ပါ၊ ဒိဋ္ဌိခွါတုန်းရှိသေးတယ်၊ဖြစ်ပျက်မရှုနဲ့ဦး... (မှန်ပါ့) ဒိဋ္ဌိရှိလျက်နဲ့ ဝိပဿနာရှုယင် နိဗ္ဗာန်မရဘူး(မှန်ပါ့ဘုရား)။

ဒါကြောင့် ဝိပဿနာကို အခြေကနေပြီး တည်ရတဲ့ အတွက် ဦးမာဒင် ဝုန်းကနဲခရော့ကွာ ဒါလုပ်တော့ဆိုယင် အဲဒါသိပ်နည်းကျလှတဲ့ဆရာ မဟုတ်ဒေးဘူး.... (မှန်ပါ့ဘုရား)။

နည်းမကျသေးဘူး၊ လိုရင်းအကျိုးမရနိုင်ဘူး .... (မှန်ပါ့) အခြေမပါဘူး၊ ပိဋ္ဌကာဘ်သုံးပုံမမှဒေနှာက်နိုင်လို့ မှတ်စုနဲ့ပြောနေတာ....(မှန်လှပါ)ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီအကြောင်းနဲ့ ဒီအကျိုးဟာ ဆက်သလား(ဆက်ပါတယ်ဘုရား)ဆက်တော့ကို ဒီအကြောင်းဟာ သူ့ဟာ သူချုပ်သွားပြီ ဘာမှမရှိဘူးဆိုယင် ဥစ္ဆေဒဒိဋ္ဌိ....(မှန်လှပါဘုရား)။

အခုတော့ ဒီဟာဆက်ပေးခဲ့တယ်ဆိုတော့ ဥစ္ဆေဒဒိဋ္ဌိယူသေးရဲ့လား.... (မယူပါဘုရား)မယူတော့ဘူး၊ သဘောကျပလား.... (ကျပါပြီ)ဒါဖြင့် ဥစ္ဆေဒဒိဋ္ဌိစင်သွားပြီ.... (မှန်ပါ့ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိဆိုတာက ဒီအကြောင်းတရားက ချုပ်သွားပြီ၊ သူ့ဟာသူချုပ်သွားတာကဲ့၊ သူဘာမှ အစားမထိုးခဲ့ကူး ဆိုယင် ဥစ္ဆေဒဒိဋ္ဌိစင်ပြီ....(မှန်ပါ့ဘုရား)။

အခုတော့ အစားထိုးမထိုး.... (ထိုးပါတယ်ဘုရား) မြင်တဲ့စိတ်က ဘာကိုအစားဆိုးခဲ့သလဲ....(လိုချင်တဲ့စိတ်ကို အစားထိုးခဲ့ပါတယ်ဘုရား)။

လိုချင်တဲ့စိတ်ကို အစားထိုးခဲ့တာ့ ဒီစိတ်မလာယင် ခင်ဗျား တို့ ပိုင်းပိုင်းလဲသေဘာယ်.... (မှန်ပါ့) မြင်ပြီးသေမှာဘဲ၊ စိတ်နဲ့ အသက် ရှင်ရတာကိုးဗျ.... (မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

ဘာနဲ့အသက်ရှင်ရတာတုံး.... (စိတ်နဲ့ အသက်ရှင်ရတာပါ ဘုရား)အစားထိုးလို့ ရှင်နေတာ .... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ရန်ကုန်ကလာ စိတ်တစိတ်မှမရှိဘူး၊ ဒီစိတ်နဲ့ အ စားထိုးတဲ့ စိတ်နဲ့ အသက်ရှင်နေတာ.... (မှန်ပါ့) ကဲ... ဒါဖြင့် ဥစ္စာဒဒိဋ္ဌိ စင်ပုံကို သဘောကျပလား .... (ကျပါပြီဘုရား)။

အရမ်းယူလို့လဲ မရဘူး၊ ဒီဥစ္စာ အတော် အရေးကြီးတယ်၊ အတော်အရေးကြီးပါတယ်၊ (မှန်ပါ့)တကယ်တမ်းလိုချင်လို့လာ တာ၊ ခင်ဗျားတို့ ကုသိုလ်ဖြစ်လာတာ မဟုတ်ဘဲကိုး .... (မှန်ပါ့ ဘုရား)။

ကုသိုလ်ဖြစ်လာတယ်ဆိုယင်တော့ ဘုန်းကြီးက ကုသိုလ်ဖြစ် တရားဟောပေးမှာပေါ့.... (မှန်ပါ့) အခုဟာတော့ မဟုတ်ဘူး၊ နိဗ္ဗာန်လိုချင်လို့လာတာ....(မှန်ပါ့ဘုရား)။

ကုသိုလ်ဖြစ်တရား ဟောတာမဟုတ်ဘူး....(မှန်လှပါ)ကုသိုလ် ဖြစ်တရားနဲ့ နိဗ္ဗာန်လိုချင်တဲ့တရား တခြားစီ (မှန်ပါ့ဘုရား)။

ရှေးကဘော့ ဦးမာဒင်တို့က ရှေးတုံးက ကြားဘူး တာနဲ့ ကုသိုလ်ရယင် နိဗ္ဗာန်ရတယ် အောက်မေ့တယ် .... (မှန်လှပါ ဘုရား)။

ဟာ....ဘာဟုတ်လိမ့်မတုံး၊ ကုသိုလ်ရတာတခြား၊ နိဗ္ဗာန်ရတာတခြားဘဲ.... (မှန်ပါ့) ကာမာဝစရ ကုသိုလ်ဆိုတာ နိဗ္ဗာန်မှ တိုက်ရိုက်မရနိုင်ဘဲ၊ ဟင်.... (မှန်ပါ့) လောကုတ္ထရာ ကုသိုလ်မှ နိဗ္ဗာန်ရနိုင်တာ....(မှန်ပါ့ဘုရား)။

ကဲ... ဒါဖြင့် ဒါကလေးဟာ အသစ်ပေါ်တော့ ပေါ်တာဘဲတဲ့၊ သို့သော် သူသည်သူတပါးက အစားထိုးလို့ ပေါ်တာဆိုတာ ရိပ်မိပလား... (ရိပ်မိပါပြီ)အလိုလိုပေါ်တာလား၊ အစားထိုးလို့ ပေါ်တာလား....(အစားထိုးလို့ ပေါ်တာပါဘုရား)။

ဒါဖြင့် အစားထိုးတဲ့တရား၏ စွမ်းရည်သတ္တိကို သူခံယူရတယ် (မှန်ပါ့)မယူရဘူးလား .... (ယူရပါတယ်ဘုရား) ခံယူလို့ ပေါ့ ဒါကြောင့် သူပေါ်နိုင်တာ၊ နို့မဟုတ်ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

အခုတော့ ပေါ်တာကိုသိလိုက်သဖြင့် ချုပ်သွားတဲ့တရားနဲ့ သူနဲ့ အကြောင်းအကျိုး ပြတ်သလား၊ မပြတ်ဘူးလား(မပြတ်ပါဘုရား)။

အဲ... ပြတ်တယ်ယူယင် ဥစ္ဆေဒဒိဋ္ဌိ (မှန်ပါ့) အခုတော့ မပြတ်မှန်းသိတော့ ဥစ္ဆေဒဒိဋ္ဌိစင်သွားပြီ (မှန်လှပါဘုရား)ရှင်းပလား (ရှင်းပါပြီဘုရား) မပြတ်မှန်းသိလို့ .... (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိကတော့ အစောကြီးက စင်ခဲ့ပါပြီ.... (မှန်ပါ့) အခုဥစ္ဆေဒဒိဋ္ဌိပြောနေတယ် .... (မှန်လှပါဘုရား)ရှင်းပြီနော် — (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဓမ္မကလေးဟာ လိုချင်တဲ့ စိတ်ကလေး ပေါ်တယ်၊ ဖြတ်ဆိုသူလဲသက်တမ်းစေ့တော့ ၁-၂ ဆိုချုပ်သွားပြီး၊ အလွန်လိုချင်တဲ့ ဥပါဒါန်အစားထိုးပြီ (မှန်ပါ့ဘုရား)။

ဒါပဋိဂ္ဂါလ်လား၊ သတ္တဝါလား၊ မေးလိုက်တယ်....(မဟုတ်ပါဘုရား)အလွန်လိုချင်တဲ့စိတ်ဘဲ....(မှန်ပါ့ဘုရား)။

ဒါသက္ကာယ ဒိဋ္ဌိပြုတ်တာ (မှန်ပါ့) အလွန်လိုချင်တဲ့စိတ်လို့ ယူလိုက်တော့ သက္ကာယဒိဋ္ဌိဖြုတ်လိုက်တာ....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာစိတ်ဖြစ်သတုံး (အလွန်လိုချင်တဲ့စိတ်ဖြစ်ပါတယ်ဘုရား) ပုဂ္ဂိုလ်လား သတ္တဝါလား၊ ယောကျ်ားလား၊ မိန်းမလား၊မေးလိုက်တယ်....မဟုတ်ပါဘုရား)။

အဲ....မဟုတ်ဘူးဆိုကတည်းက ခင်ဗျားအာ့ကို သက္ကာယဒိဋ္ဌိပြုတ်ပြီ....(မှန်ပါ့) (၁)နံပါတ် သက္ကာယဒိဋ္ဌိ ပြုတ်သွားပြီနော်....(မှန်ပါ့)ပုဂ္ဂိုလ် သတ္တဝါမှမဟုတ်ဘဲကိုး၊ အလွန်ကိုခင်တဲ့စိတ်ဘဲ (မှန်လှပါ)ရှင်းပြီနော်....(မှန်ပါ့ဘုရား)။

ဪ....တခါသွားပါဦးတဲ့၊ဒီစိတ်ကလေးဟာ သူ့အလိုလိုပေါ်လာတာလား၊ လိုချင်တဲ့စိတ်က အစားထိုးခဲ့တာလား....(လိုချင်တဲ့စိတ်က အစားထိုးခဲ့တာပါဘုရား)။

အစားထိုးခဲ့တယ်ဆိုတော့ သူ့မှာအကြောင်း ကင်းရဲ့လား (မကင်းပါဘုရား)မကင်းတော့ဘူး၊ အကြောင်းအကျိုးဆက်နေသောကြောင့် အကြောင်းအကျိုး မဆက်ဘူးလို့ယူယင် ဥစ္စာဒ

ဒီဌိ....(မှန်ပါ့) အခုတော့ ဆက်နေတယ် ယူသဖြင့် ဥစ္စာဒဒိဌိ လွှတ်သွားဘယ်၊ (လွှတ်ပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်ခင်ဗျားတို့မှာ သက္ကာယဒိဌိကောဋ္ဌိသေးရဲ့လား....(မရှိပါဘုရား)ဥစ္စာဒဒိဌိကော.... (မရှိပါဘုရား)။

ကောင်းပြီ တခါ သဿတ ဆက်ပြမယ်၊ သဿတဒိဌိချုပ်ပုံကို—(မှန်ပါ့) အခု နှစ်ခုပြုတ်သွားပြီ... (မှန်ပါ့)နားမလည်သေးဘူး နက်ဖြန်ထပ်ခပြောမယ်....(မှန်ပါဘုရား)။

ကဲ....ဒါဖြင့် အခုအစားထိုးသားခဲ့တယ်တဲ့၊ လိုချင်တဲ့စိတ်က အလွန်လိုချင်တဲ့စိတ်ကို အစားထိုးထားခဲ့တယ်၊ သူကလဲ သူ့အသက်တမ်းကို တခါတည်း မှတ်ထားကြပါဦး၊သူ့အသက်တမ်းက (၁)နဲ့ (၂)ဘဲရှိတယ်....(မှန်ပါ့)(၁)မှာဖြစ်တယ်၊ (၂)မှာပျက်တယ်၊ ဒါဘာရားတခုတခုမှာ....(မှန်ပါဘုရား)။

စိတ်တခုဘခု၏ အသက်သည် (၁)မှာဖြစ်၍ (၂) မှာပျက်တယ်....(မှန်ပါ့)ဥပါဒ်နဲ့ဘင်ဘဲ.... (မှန်ပါဘုရား)။

စိတ္တယမိုက်မှာလာဘဲ့အတိုင်းပေါ့ဗျာ.... (မှန်ပါ့) ဌိဆိုဘာအပိုပါဘဲ၊ ဟိုဘက်ပျက်မလို့ ညွှတ်တာရှိတာဘဲ၊ ဘာမှမထူးပါဘူး....(မှန်ပါဘုရား)။

ဒါဖြင့်ဒီဓမ္မကလေးဟာ ခိုင်မှာလား၊ မြဲမှာလား၊ မေးကြယောင် ခင်ဗျားတို့ဘယ့်နယ်ဖြေကြမယ်.... (မမြဲပါဘုရား) ဒါဖြင့် မမြဲတာသိသဖြင့် သဿတဒိဌိပြုတ်တယ်— (မှန်ပါဘုရား)။

အစားထိုးတာ သိသဖြင့်.... (ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါတယ်ဘုရား) ဒါဖြင့် ဒိဋ္ဌိကယ်နှစ်ခုပြုတ်သတုံး .... (သုံးခုပြုတ်ပါတယ်ဘုရား) မှတ်မိပြီနော်....(မှန်ပါ့)ရှင်းရဲ့လား.... (ရှင်းပါတယ်ဘုရား)။

ဒါကိုဖြုတ်ပေးတာ ဒီနေ့နာရီစေ့နေပြီ... (မှန်ပါ့) ဒီဟာတွင်ဘဲ ဖြုတ်ကြပါဦးတဲ့၊ ဒီနေ့လုပ်စရာက လူသစ်တွေက နှာခေါင်းနားမှာ စိတ်ကလေးထား:ပြီးဘော့ လေထွက်တာသိ ဝင်တာသိ၊ ထွက်တာသိ၊ ဝင်တာသိ၊ ဘယ်လောက်ရတယ်၊ နက်ဖြန် ဒီတရားဆွေးနွေးလောတဲ့ အခါကျတော့ ဘယ်လောက် ရနိုင်တာ ဘုရားလို့ လျှောက်နိုင်ယင် တော်ပါပြီ၊ ဘာမှဖြစ်ပျက်တွေဘာတွေ အနိစ္စတွေ မရှုပါနဲ့ဦး... (မှန်ပါ့ဘုရား)။

ရှုနေယင် ခင်ဗျားတို့ မောမှာစိုးလို့ ဒီဋ္ဌိသုံးမျိုး ခင်ဗျားတို့ကို ပြန်ရှင်းပေးဦးမယ်.... (မှန်ပါ့)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု..သာဓု၊ သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အာမရပူရမြို့ မဂ်လာတိုက်၌ ဟောကြား ဆုံးမတော်မူသော
"ဝေဒနာက္ခန္ဓာနဲ့ တရားနာနေပုံ"
သင်္ကာယဒိဋ္ဌိကင်းဝင်ခရေး
နွေအလုပ်ပေး တရားတော်
(၄ - ၁၀- ၆၁)

အားလုံးတရားနာလာကြတဲ့ တကာ တကာမတွေ့-မိမိတို့ခန္ဓာကိုယ်ကြီးကို မနေ့က ပြောခဲ့တဲ့အတိုင်း ဉာဏ်ကလှည့်လိုက်တဲ့အခါမှာ ဝေဒနာက္ခန္ဓာနဲ့ တရားနာနေတယ်လို့ မှတ်ကြစမ်းပါ (မှန်ပါဘုရား)။

ဉာဏ်က ခန္ဓာကိုယ်လှည့်ထားတော့ ကျန်းမာလို့ တရားနာနိုင်တယ် ဆိုလို့ရှိယင် သုခဝေဒနာနဲ့ တရားနာတယ်.... (မှန်ပါဘုရား)။

ချောင်းတွေ, ဘာတွေဆိုးပြီး တရားနာခန်းကြတော့ ဩ်း.... ဒုက္ခဝေဒနာနဲ့ တရားနာနေတာပါကလား.... (မှန်ပါ) နားကလဲကြားပြီး တရားနားနေပြန်ဘော့လဲ ဩ်း.... ဉာဏ်ကျော်ဝေဒနာနဲ့ နာနေတာပါကလား.... (မှန်ပါဘုရား)။

ဒါဖြင့်.... တရားနာနေတာ ဘယ်သူတွေတုံးလို့ မေးတဲ့အခါကျတော့ သူ့အခိုက်အတန့်၊ သူ့အခိုက်အတန့်နဲ့ ဝေဘန်လိုက်တဲ့

အခါကျတော့ ဝေဒနာကွန္ဓာနဲ့ တရားနာနေရတယ်.... (မှန်ပါ့) ဘယ်လိုမှတ်ကြမယ်.... (ဝေဒနာကွန္ဓာနဲ့ တရားနာနေပါတယ် ဘုရား)။

ဝေဒနာကွန္ဓာနဲ့ တရားနာနေတာ၊ မနာ မကျင်, မကိုက် မခဲ ဘဲနဲ့ နာရတော့ သုခဝေဒနာနဲ့ တရားနာနေရတယ်.... (မှန်ပါ့ ဘုရား)။

ချောင်းဆိုးရင်း, ရင်ကြပ်ရင်းနဲ့ နာနေရပြန်တော့....(ဒုက္ခ ဝေဒနာနဲ့နာရပါတယ်ဘုရား)ဆရာသမားကြည့်, ဆရာသမားဖူး, ဆရာသမားပြောတဲ့အသံတွေကြားရပြီး နာရပြန်တော့(ဥပေက္ခာ ဝေဒနာနဲ့ နာရပါတယ်ဘုရား)။

ဩော်-ဒီဥစ္စာအားလုံး တရားနာလာကြတဲ့ဥစ္စာဝေဒနာကွန္ဓာ ပြောင်းလဲပြီး နာနေကြတယ်....(မှန်ပါ့) သုခဝေဒနာဖြစ်ခိုက်နဲ့ တရားနာလိုက်....(မှန်ပါ့) ဥပေက္ခာဝေဒနာဖြစ်ခိုက်နဲ့....(တရား နာပါတယ်ဘုရား)။

ဩော်....တရားနာနေကြတာ ယောက်ျားတွေလား, မိန်းမ တွေလား, မည်သူမည်ဝါတွေလားလို့ မေးလို့ရှိယင်ဖြင့် ဝေ ဒနာကွန္ဓာတွေပါဘုရား... လို့ ဆိုယင်ဖြင့် ဦးလှဘူး-အမှန်ဘဲ... (မှန်ပါဘုရား) ဦးမာဒင်-အမှန်ဘဲနော်... (မှန်ပါတယ်ဘုရား)။

ဒီဥစ္စာ ဆရာသမား ဘယ့်နှယ်ကြောင့် ဒီအကြောင်းပြောပါ လိမ့်မတုံးလို့ တကာသစ်က မေးလို့ရှိယင် ငါတရားနာနေတယ် ဆိုတဲ့ သက္ကာယဒိဋ္ဌိ ပြုတ်ပါစေလို့ဆိုပြီး ဒါကိုပြောနေတာ.... (မှန်ပါ့ဘုရား)။

ကျမတို့ တရားနာနေတယ်ဆိုတဲ့ဥစ္စာ မဖြစ်ပါစေနဲ့.... ကျနော်တို့ တရားနာနေတယ်ဆိုတဲ့ဥစ္စာ မဖြစ်ပါစေနဲ့.... ဝေဒနာတွေနဲ့ ခပြောင်းပြီး ဝေဒနာကွန်ရှာတွေနဲ့ နာနေတာ ထင်ရှားပါစေတော့ဆိုပြီး တကာ တကာမတို့ ဒါခန္ဓာဉာဏ်ရောက် ပြောနေတဲ့တရားလို့ မှတ်ပါ...(မှန်ပါ့ဘုရား)။

တကာကြီး ဦးမာဒင်· ဘာတဲ့တုံးဗျာ.... (ခန္ဓာဉာဏ်ရောက် ပြောနေတဲ့ တရားပါဘုရား)။

သေသေချာချာ ဘုန်းကြီးတို့· တကာ တကာမတွေ့ မှတ်ပါ၊ ထိုင်လို့ကောင်းကောင်းနဲ့ တရားနာယင် ဘာတဲ့·(သုခဝေဒနာနဲ့ နာတာပါဘုရား)။

ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါဘူး၊ ကျန်းမာလို့ နာနိုင်တယ် ဆိုကတည်းက သုခဝေဒနာနဲ့ နာတာ...(မှန်ပါ့ဘုရား)။

ချောင်းဆိုး, ရင်ကြပ်ဝေဒနာနဲ့ တရားနာဒုနရပြန်တော့လဲ အင်း....ဒုက္ခဝေဒနာနဲ့နာတယ်....(မှန်ပါ့)မျက်လုံးက ဆရာသမား ဆီမှာစိုက်ပြီးသကာလ, နားက ဆရာသမားပြောတဲ့ အသံတွေ ကြားပြီးသကာလ နာနေရပြန်တော့....(ဥပေက္ခာဝေဒနာနဲ့ နာပါတယ်ဘုရား)။

လူတွေကများတော့ တယောက်အနံ့နဲ့ တယောက်အနံ့နဲ့ ရှုရင်း ရှိုက်ရင်းနဲ့ နာနေရပြန်တော့ ဘာပါလိမ့်... (ဥပေက္ခာဝေဒနာနဲ့ နာပါတယ် ဘုရား) သဘောကျပြီ .... (ကျပါပြီဘုရား)။

တခါတလေ တံတွေးကလေးမျိုရင်းနဲ့ နာနေကြတယ်၊ တခါတလေကျတော့ ရှုရင်းရှိုက်ရင်းနဲ့လဲ နာနေကြဘယ်၊ အင်း... ဒါဘယ်သူတွေ့ပါလိမ့်.. (ဥပေက္ခာဝေဒနာတွေ့ပါဘုရား)။

အဲဒီလို ဉာဏ်ထဲမှာ ရောက်သွားတော့ ဩော်... ယောကျ်ားတွေ တရားနာနေတာမဟုတ်ဘူး၊ မိန်းမတွေ တရားနာနေတာမဟုတ်ဘူး၊ဝေဒနာကွန္ဓာကြီး အလှည့်အပတ်နဲ့ တရားနာနေတာ (မှန်ပါ့) ဘယ်သူတွေ့ တရားနာနေပါလိမ့်.... (ဝေဒနာကွန္ဓာအလှည့်အပတ်နဲ့ တရားနာနေပါတယ်ဘုရား)။

ဝေဒနာကွန္ဓာအလှည့်အပတ်နဲ့ တရားနာနေတော့ ဒါကြောင့် ဘယ်အချိန် လက်ညှိုးထိုးထိုး, ဉာဏ်နဲ့ လက်ညှိုးထိုးယင်ဖြင့် ဝေဒနာထိုးမိရမယ်....(မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီးကို ဉာဏ်နဲ့ လက်ညှိုးထိုးယင် ဘာထိုးမိရမလဲ (ဝေဒနာထိုးမိပါတယ်ဘုရား)။

အဲဒါကြောင့် ဦးလှဘူးရေ.... မည်သူမည်ဝါ တရားနာနေသလဲမေးယင်.... ဝေဒနာကွန္ဓာ တရားနာနေပါတယ်ဘုရား.... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဩော်... တကာ တကာမတွေ- ဒီအထဲမှာ အန္ဓဇုယ်ကင်းဘေးရှင်းတဲ့ပုဂ္ဂိုလ်မျိုး ပါသေးသလား....(မပါ-ပါဘုရား) ဝေဒနာနဲ့ တရားနာနေကြတာချည်ဘဲ....(မှန်ပါ့) အန္ဓဇုယ်ကင်းဘေးရှင်း တယောက်မှ မပါဘူး.... (မပါ-ပါဘုရား)။

သို့သော် တကာ တကာမတွေအထင်ကတော့ အန္ဓဇုယ်ကင်းဘေးရှင်းတုန်း တရားကြိုးစားကြတာဘဲသို့ ဒီလိုထင်ကြတယ်.... (မှန်ပါ့) ထင်သာထင်တယ် ခင်ဗျားတို့ ဝေဒနာကွန္ဓာနဲ့ တရားနာနေကြတာ....(မှန်ပါ့ဘုရား)။

တခါတလေ ချောင်းဆိုးရှင်းမျိုး တရားနာနေတယ်ဆိုတော့ ဘာဝေဒနာနဲ့ တရားနာနေသလဲ.... (ဒုက္ခဝေဒနာနဲ့ တရားနာနေပါတယ်ဘုရား)။

ဘယ်မှာ ချမ်းသာရမတုံး...(မချမ်းသာပါဘုရား) သဘော ကျပလား... (ကျပါပြီဘုရား)။

အောင့်လျက်နာလျက်နဲ့ ကျင်လျက်နဲ့ဘဲတရားအာရုံတွေ့ ပျက် သွားမှာစိုးလို့ဘုရား၊ နာနေရတယ်ဆိုပြန်တော့လဲ ဘယ်ဝေဒနာနဲ့ တရားနာနေသလဲ.... (ဒုက္ခဝေဒနာနဲ့ တရားနာနေပါတယ် ဘုရား)။

ဒီဟာကလေးကို ဉာဏ်က ဒီဘက်ကိုလှည့်ပေးပါ....(မှန်ပါ့) လှည့်လှည့်ပေးလိုက်တဲ့အခါကျတော့ ဝေဒနာပေါ်မှန်းသိတော့ ဦးမာဒင်-ဝေဒနာပျက်မှန်းသိတယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဝေဒနာပေါ်မှန်းသိတော့.... (ဝေဒနာပျက်မှန်း သိပါတယ် ဘုရား)။

ဒီလိုသိလိုက်တဲ့အခါကျတော့ ပေါ်တာကော ပျက်တာသည် ကား....လို့ ဆိုယင်ဖြင့် ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊ ဝေဒနာကွန်ဒွာအစစ်ဘဲဆိုဘဲ့ ဉာဏ်က မရောက်ပေဘူးလား....(ရောက်ပါတယ် ဘုရား) ရောက်တော့ သက္ကာယဒိဋ္ဌိပြုတ်တယ်....(မှန်ပါ့ဘုရား)။

ပေါ်တာလဲသို့ ပျက်ကာလဲသို့ ပြုတ်သွားမယ်ဆိုယင်ဖြင့် ဒီတရားပွဲမှာပင် သေးတာပန်တည်နိုင်တယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် တကာသစ်ဘို့ တရားနာတိုင်း နာဘိုင်း ဘယ်သူ့ တရားနာသာတုံးလို့ မေးတိုင်း မေးတိုင်း ဉာဏ်က ခန္ဓာလှည့်ပြီးသြော်....ဝေဒနာတွေ့လှည့်ပြီး တရားနာနေတာ(မှန်ပါ့) ဘယ်လို မှတ်ကြမယ်(ဝေဒနာတွေ့လှည့်ပြီး တရားနာနေပါတယ် ဘုရား)။

ဝေဒနက္ခန္ဓာတွေ လှည့်ပြီး တရားနာနေတယ် ဆိုယင်ဖြင့် အမှန်ပါဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့... ဝေဒနက္ခန္ဓာနဲ့ တရားနာနေတော့ကို ဒီဥစ္စာ သက္ကာယဒိဋ္ဌိပြုတ်တယ်....(မှန်ပါ့) ဝေဒနာက္ခန္ဓာနဲ့ တရားနာနေမှန်းသိတော့ ဘာပြုတ်သတုံး.... (သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

ဝေဒနာက္ခန္ဓာဟာ နာရင်းမတ္တနဲ့ဘဲ ဒုက္ခပြောင်းသွားလိုက်၊ သုခပြောင်းသွားလိုက်....(မှန်ပါ့) ဒုက္ခပျက်သွားလိုက်၊ သုခပေါ်လိုက်၊ သုခပျက်သွားလိုက်၊ ဥပေက္ခာပေါ်လိုက်....(မှန်ပါ့ဘုရား)။

အင်း....ဝေဒနာပေမဲ့လဲ နာမည်သာတူ၍ ပျက်လိုက်, ဖြစ်လိုက်, ပြောင်းလိုက်, လွဲလိုက်တွေကတော့ ရှိနေတာကော....ကေန်ဘဲ....(မှန်ပါ့) ဦးလှဘူး- ကေန်ပေါ့ဗျာ.... (မှန်ပါ-ကေန်ပါဘုရား)။

အဲဒီ.. ကေန်ကြီးကြည့်လိုက်ပြန်တော့ ဒုက္ခပျက်လိုက်, သုခအစားထိုးလိုက်၊ သုခပျက်သွားပြန်ပြီ၊ ဥပေက္ခာအစားထိုးလိုက်၊ ဩော်....ပျက်လျက်နဲ့ တရားနာနေတယ်....(မှန်ပါ့ဘုရား)။

ပျောက်လျက်နဲ့ တရားနာနေတော့ ဩော်.... တရားနာနေတာ မခိုင်မြဲပါလား၊ ပျောက်ပျက်မှုနဲ့ တရားနာနေပါကလား ဆိုတာ ပေါ်လာပါတယ်....(ပေါ်လာပါတယ်ဘုရား)။

ထိုကဲ့သို့ ပေါ်လာတာ ထောက်လိုက်တော့ သက္ကာယဒိဋ္ဌိက ဦးမာဒင်- ပြုတ်သွားတယ်.... (ပြုတ်ထွက်သွားပါတယ် ဘုရား)

ပျက်ပြီး တရားနာနေတယ်၊ သုခဝေဒနာ ပျောက်သွားပြီး ဒုက္ခ ဝေဒနာက တရားနာနေတယ်... (မှန်ပါ့) ပျောက်ပျက်ပြီး တရား နာရတဲ့သဘောတွေသိလိုက်တော့ သဿတဒိဋ္ဌလဲပြုတ်တယ်.... (မှန်ပါ့ဘုရား)။

တခါ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်အောင် ဉာဏ်နဲ့ကြည့်မယ် ဆိုတော့ ဒုက္ခဝေဒနာပျောက်ပြီး သုခဝေဒနာတွေက အစားထိုးလာပြန် တော့ နေရာကလေးပြောင်းလာပြန်တော့ သုခဝေဒနာကလေး ဖြစ်ပြီးလာရပြန်တယ်... (မှန်ပါ့) ဒုက္ခပျောက်ပြီး သုခနဲ့ နာနေ ပြန်တယ်.... (မှန်ပါ့ဘုရား)။

ဒုက္ခပျောက်ပြီး သုခနဲ့နာနေတာ ထောက်လိုက်ပြန်တော့လဲ တကာ တကာမတို့ ဒုက္ခက သုခအစားထိုးသကိုးဆိုတော့ ဥစ္ဆေဒ ဒိဋ္ဌိ ပြုတ်တယ်ဆိုတဲ့ အယူဟာ ယူလို့ရသေးရဲ့လား.... (မရပါ ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဝေဒနာနဲ့ တရားနာနေတယ်လို့ သိယင် သက္ကာယဒိဋ္ဌိ ပြုတ်တယ်... (မှန်ပါ့) တခုသော ဝေဒနာ တလေး ပျက်သွားတာမြင်လိုက်လို့ ရှိယင် သဿတဒိဋ္ဌိပြုတ်တယ်- (မှန်ပါ့ဘုရား)။

တခုသောဝေဒနာကလေး အစားထိုးတာ မြင်လိုက်လို့ ရှိယင် ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်—(မှန်ပါ့ဘုရား)

ဦးလှဘူး-သဘောကျပလား....(ကျပါပြီ) မကျမရှိနဲ့၊ ဒီဟာ သဘောမကျလို့ရှိယင် ခင်ဗျားတို့ အပါယ်လေးပါး ငရဲမျိုးစေ့ မပြုတ်မှာစိုးလို့ ရှေ့ပိုင်းမှာ ဦးမာဒင်-ဒါထည့်ပေးနေတာယ်.... (မှန်ပါ့ဘုရား)။

တကာသစ်- အရေးကြီးတယ်နော်... (ကြီးပါတယ်ဘုရား)။

ဘာကုသိုလ်ကြီးပြုလို့ ဘာကြီးလုပ်နေနေ- တကာ တကာ မတို့ ဒီအပါယ်မျိုးစေ့- သက္ကာယရယ်,သဿတရယ်,ဥစ္ဆေဒရယ်, ဒီသုံးခုမပြုတ်လို့ရှိယင် မက်ဖိုလ်လဲတားမယ်၊ အပါယ်လဲသွားရ မယ်....(မှန်ပါ့ဘုရား)။

သက္ကာယ, သဿတ, ဥစ္ဆေဒ,ဆိုတဲ့ ဒီသုံးခု တခုခု ရှိခဲ့သည် ရှိသော်....တယ်လိုပင်အားထုတ်ငြားသော်လဲ မက်ဖိုလ်ကိုတား၏... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) မက်ဖိုလ်လဲတား အပါယ်လဲသွားရတယ်....(မှန်ပါ့ဘုရား)။

ဦးမာဒင်- ဘာတဲ့တုံး ...(မက်ဖိုလ်လဲတား အပါယ်လဲ သွားရ ပါတယ်ဘုရား) ဒိဋ္ဌိတယ်နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား)။

ဒီသုံးမျိုး တမျိုးမျိုးရှိခဲ့သော်.... ခန္ဓာထဲမှာ ဒီဟာကို ဥာဏ်ထဲမှာ မရှင်းဘဲနေခဲ့သော် ဒိဋ္ဌိတမျိုးမျိုးရှိပြီ ...(မှန်ပါ့) ထိုကဲ့သို့ ရှိလျက် လူကြ, ပေးကြ, ကမ်းကြလို့ရှိယင် နတ်ရွာသုဂတိတော့ ရောက်၏၊ နိဗ္ဗာန်တော့ မရောက်နိုင်....(မှန်ပါ့ဘုရား)။

နတ်ရွာသုဂတိတော့... (ရောက်ပါတယ်ဘုရား) နိဗ္ဗာန်တော့- (မရောက်နိုင်ပါဘုရား)တကာသစ်-တယ့်နှယ်ကြောင့်ပါလိမ့်မတုံး (ဒိဋ္ဌိခံနေလို့ပါဘုရား) ဒိဋ္ဌိမပြုတ်လို့....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒိဋ္ဌိမပြုတ်လို့ဆိုတော့ ဒိဋ္ဌိပြုတ်မှ ကျုပ်တို့ အပါယ် လွတ်မှာ....(မှန်ပါ့) ဒိဋ္ဌိပြုတ်မှလဲ သောတာပန်တည်မယ်.... (မှန်ပါ့)ဒိဋ္ဌိပြုတ်မှလဲ အပါယ်တံခါးပိတ်မယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့်.... ရှေ့ပိုင်းမှာ တကာ တကာမတို့ နေကောင်းလျက်နဲ့ တရားနာယင်ဖကာ ဘာနဲ့နာသတုံး.... (သုခဝေဒနာနဲ့ နာပါတယ်ဘုရား)။

အင်း... ပုဂ္ဂိုလ်သတ္တဝါပေျာက်ပြီ... (ပျောက်ပါတယ်ဘုရား) ချောင်းဆိုးမောင်း, ရင်ကျပ်ရောင်းနဲ့ဘဲ တရားနာနေရတယ်.... (ဒုက္ခဝေဒနာနဲ့ နာပါတယ်ဘုရား)။

ဩော်... ဒုက္ခဝေဒနာနဲ့ တရားနာနေတယ်ဆိုဘာ သိပြီနော်-(မှန်ပါ) မျက်လုံးက ဆရာသမားဆီကြည့်, နားကကြားလျက်နဲ့ နာနေရပြန်တော့... (ဥပေက္ခာဝေဒနာနဲ့ နာပါတယ်ဘုရား) ဒီလို သိပြန်ဘော့ သက္ကာယဒိဋ္ဌိပြုတ်ဘယ်... (မှန်လှပါ)။

ကကာ တကာမတို့ ဘာပြုတ်သွားပါလိမ့်... (သက္ကာယဒိဋ္ဌိပြုတ်သွားပါတယ်ဘုရား) ပြုပ်ကြပဲ မပျင်းမရိဘဲနဲ့နာ၊ ဒီဥစ္စာဩော်-ဒို့ ဒီဟာကလေးတွေ ရှိနေလို့ ရှိယင်ဒို့ပြုတဲ့ ကုသိုလ်ဟာသုဂတိကဘဲမဘက်ဖတော့ဘူး၊ နိဗ္ဗာန်မရောက်ဘူး(မှန်ပါ)သူကဘဲဆဲခဲ့နေတာ....(မှန်ပါဘုရား)

ဒါ့ကြောင့် ဒို့ဆရာဘုန်းကြီး ရှေ့ပိုင်းမှာ သက္ကာယဒိဋ္ဌိဖျက်နေတာကိုး၊ ဒါ့ကြောင့် ဒို့ အရေးဘကြီးမှတ်ပြီးဘော့ ဒို့ အိမ်ရောက်တဲ့အခါလဲ ဩော်... သုခဝေဒနာနဲ့ ထိုင်လိုက်ဘယ်၊ ဩော်....ဒုက္ခဝေဒနာနဲ့ ထိုင်လိုက်ပြန်ပြီ၊ ဩော်... ဥပေက္ခာဝေဒနာနဲ့ ထိုင်ပြန်ပြီဆိုတာလဲ နှလုံးသွင်းပါ....(မှန်ပါ) ရှင်းပြီနော်-(ရှင်းပါပြီဘုရား)။

ထိုကဲ့သို့ နှလုံးသွင်းလိုက်လို့ရှိယင် ဦးမာဒင်- သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်....(မှန်ပါ့ဘုရား)

သုခဝေဒနာကလေး ချုပ်သွားတာ မြင်လိုက်လို့ရှိယင်လဲတဲ့ သဿတပြုတ်ပါဘယ်....(မှန်ပါ့) ဒုက္ခဝေဒနာကလေး အစားထိုးတာ မြင်လိုက်လို့ရှိယင်လဲ ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါတယ်....(မှန်ပါ့ဘုရား)။

သုခပျောက်သွားတာ မြင်လိုက်ဘော့ ....(သဿတဒိဋ္ဌိ ပြုတ်ပါဘယ်ဘုရား) သုခနဲ့ဆို ဒုက္ခကဘယေးအစားထိုးပြီး တရားနာနေရပြန်တော့...(ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

ဒိဋ္ဌိဘယ်နှစ်မျိုးပြုတ်သလဲ.... (သုံးမျိုးပြုတ်ပါဘယ်ဘုရား) ဘယ်ဟာနဲ့ တရားနာနေတယ်လို့သိယင် သက္ကာယဒိဋ္ဌိပြုတ်တယ် (မှန်ပါ့ဘုရား)။

ဩော်... အခုတရားနာနေကဲ့ ဝေဒနာကလေးဟာလဲ ပျောက်သွားပြန်ပြီလို့သိယင်.... (သဿတဒိဋ္ဌိပြုတ်ပါတယ်ဘုရား) ဒီပျောက်သွားတဲ့ တရားကလေးကို ရှေ့ပိုင်းကနဲလဲ မသေဘဲနဲ့ နောက်ဝေဒနာနဲ့ တရားနာနေတာသိရင်တော့....(ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

ခင်ဗျားတို့ သေပျော်တဲ့တရားဘဲ....(မှန်ပါ့)အင်မတန် အဘိုးတန်သွားပြီ.. (အဘိုးတန်ပါပြီဘုရား) ဦးမာဒင်-ဘယ့်နှယ်တုံး... (အဘိုးတန်သွားပါပြီဘုရား)။

၉ အင်မတန်အဘိုးတန်သွားတယ်၊ ဘုန်းကြီးက ချီးမြှောက် ၍ တာလားလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ တသံသရာ

လုံးက သူအပါယ်ချနေတာ.... (မှန်ပါ့) ဒိဋ္ဌိမပြုတ်လို့ သူက အပါယ်ချတာ... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

အခုတော့ဖြင့် ဩဝ် ဒိဋ္ဌိအလုပ်မဟုတ်ဘူး၊ ဝေဒနာအလုပ် တွေ....(မှန်ပါ့) မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) တရား နာတာ တယ်သူ့အလုပ်ဘုန်း (ဝေဒနာ-အလုပ်ပါဘုရား)။

တရားနာတဲ့အတွင်းမှာလဲ တခါတလေ ကျန်းကျန်းမာမာနဲ့ နာရတယ်၊ ကျန်းမာတာ ချုပ်ပြီး မကျန်းမာတာနဲ့ နာရတာ ရှိသေးတယ်...(ရှိပါတယ်ဘုရား)။

ကျန်းမာတာ ချုပ်တာ မြင်လိုက်ပြန်တော့လဲ သဿတဒိဋ္ဌိ ကုန်တယ်...(မှန်ပါ့) မကျန်းမာလျက်နဲ့ နာနေရတာ မြင်လိုက် ပြန်တော့လဲ ဥစ္ဆေဒဒိဋ္ဌိကုန်တယ်...(မှန်ပါ့) အင်မတန် သဘော ပါတယ်လို့မှတ်...(မှန်ပါ့ဘုရား)။

တရားကလဲ စစ်လိုက်တာ ခန္ဓာအဖြစ်နဲ့လဲ ကိုက်တယ်.... (ကိုက်ပါတယ်ဘုရား) တရားကလဲအစစ် ခန္ဓာ့အဖြစ်နဲ့ ကိုက် တယ်လို့ ဦးလှဘူး သေသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား) ဦးမာဒင်- ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီဝေဒနာတွေကို ဒီကဲ့သို့ မသိကြဘူး ....တဲ့၊ သုခနဲ့ တရားနာနေတယ်၊ ဒုက္ခနဲ့တရားနာနေတယ်၊ ဥပေက္ခာနဲ့ တရားနာနေတယ်လို့၊ ဝေဒနာက္ခန္ဓာကြီးနဲ့ တရားနာနေတယ်လို့ မသိကြတော့ တယ့်နှယ်ဖြစ်နေသတုံးလို့ မေးတဲ့အခါကျတော့

တကာ တကာမတွေ ဝေဒနာပစ္စယာ တဏှာဆိုတာ လာပါတယ်....(လာပါဘယ်ဘုရား)။

ဩော်.... ဘယ့်နှယ်ခြောင့် ဒီတဏှာဟာ ဥပမာ· ဒါဝေဝ ဒနာကွန္ဓာကြီးယို့ ထားပါတော့ ...(မှန်ပါ့) ဘယ့်နှယ်ကြောင့် ဒီဝေဒနာသည် နောက်လာပြီး ဝေဒနာ, ပစ္စယာ, တဏှာ, ဝေဒနာ, ပစ္စယာ, တဏှာနဲ့ ခန္ဓာဖြစ်စဉ်ကြီးက သွားနေပါလိမ့်မလဲဆိုတဲ့ မေးခွန်း မယုတ်ထိုက်ဘူးလား .... (ထုတ်ထိုက်ပါတယ် ဘုရား)။

ဝေဒနာ ပစ္စယာ....(တဏှာပါဘုရား) အင်း.... ဝေဒနာ ပစ္စယာ တဏှာလို့ ဟောတော်မူတယ်၊ ကိုယ့်သန္တာန်ကြည့်ပြန်တော့လဲ ဟုတ်-မဟုတ် အကဲခတ်ကြည့်ပြန်းတော့ တကာ တကာမတို့ ကိုယ့်ခန္ဓာခင်တာ အာပါလိမ့်မလဲ....(တဏှာပါဘုရား)။

ခန္ဓာက-ဝေဒနာကွန္ဓာ၊ ခင်တာက တဏှာ.... (မှန်ပါ့) ဝေဒနာ ပစ္စယာ....(တဏှာပါဘုရား) ဩော်... ဒါကြောင့်လဲ ဟောပေတာကိုး....(မှန်ပါ့ဘုရား)။

ဩော်... ကိုယ့်ခန္ဓာကိုယ်ကြီးက ဘာခန္ဓာ....(ဝေဒနာကွန္ဓာပါဘုရား) ဒီခန္ဓာကိုယ်ကြီးကို ခလုတ်မထိ ဆူးမငြိပါစေနဲ့ဆိုပြီးတော့ ခင်ဗျာလွန်းလို့ အန္တရာယ်ကင်း ဘေးရှင်းပါရစေဆိုပြီး သကာလ မေတ္တာတွေ့မျှားပို့ပြီး အဟံ အဝေရော ဟောမိ။ အဟံ=အကျွန်ုပ်သည်၊ အဝေရော=ရန်မရှိသည်၊ ဟောမိ=ဖြစ်ရပါလို့၏ ဆိုတော့ မေတ္တာလိုလို့နဲ့ ခင်လွန်းလို့ ကိုးဗျ .. (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မေတ္တာလိုလို့နဲ့ ဘာဖြစ်သတုံး-(တရားဖြစ်ပါတယ်ဘုရား)။
ဒါကြောင့် ရာဂေါ မေတ္တာယ ဝဒဉ္ဉတိ။ ရာဂေါ=ခင်တတ်သော ရာဂသည်၊ မေတ္တာယ=မေတ္တာလိုလို့နဲ့၊ ဝဉ္ဉတိ=သတ္တဝါကိုလှည့်စား၏....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ကိုယ့်ဘာကိုယ်မျှား မေတ္တာပို့ပြီးသကာလ နေကြတဲ့ တကာ တရားမတွေ့သည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် တခါတလေကျတော့ ကိုယ့်ကိုခင်လို့ ပို့တာလဲရှိတယ်၊ ကိုယ့်ကိုသနားလို့ ပို့တာလဲရှိတယ်... (မှန်ပါ့) သို့သော် ရိုးရိုး, ဦးမာဒင်တို့-ဦးလှဘူးတို့ တကာသစ်တို့က ပြောရလို့ရှိယင် ဘာပို့ဖြစ်လိမ့်မယ်ထင်ကြသတုံး....(တရားပို့ဖြစ်မှာပါဘုရား)။

သူးပြီပေါ့ဗျာ....မေတ္တာဘယ်ဟုတ်ခဲတော့မလဲ...(မှန်ပါ့) ခင်လို့ပို့တာ....(မှန်ပါ့) ဦလှဘူး ဘယ်လိုပို့တာပါလိမ့်...(ခင်လို့ ပို့တာပါဘုရား)။

နောက်က တကာ တကားမတွေ့ မုသားလဲမဖြစ်ခဲစနဲ့ ဘယ်လိုကြောင့် ပို့ကြကာပါလိမ့်...(ခင်လို့ ပို့တာပါဘုရား) သူးပြီ မေတ္တာကိုမဟုတ်ဘူး....(မဟုတ်ပါဘုရား)။

မေတ္တာဆိုတာက ခင်ဘဲ့အထဲ မထည့်ပါနဲ့.... (မှန်ပါ့) သနားတယ်၊ ချစ်ခင်တယ်၊ မုဒိတာဝမ်းမြောက်ခအောင် ဒီလို လုပ်ရမှာကိုး...(မှန်ပါ့ဘုရား)။

အန္တရာယ်ကင်း ရိုးရိုးသာ ကင်းခစချင်လို့ ပို့ရမှာ (မှန်ပါ့) တရားနဲ့ ခင်လို့တော့....(မပို့ရပါဘုရား)။

နို့....ခင်ဗျားတို့ပို့နေတာက ဩသြော်....ဒီခန္ဓာကြီးခလုတ်မထိဆူးမငြိအောင်ဆိုပြီးသကာလ သူ့ဘဲအားကိုးပြီးသကာလ သူကျန်းမာမှု စီးပွားရေးက နေရာကျတာဆိုတော့ ဦးမာဒင်-ဘာရောနေသတုံး....(တဏှာရောနေပါတယ်ဘုရား)။

ဒါကြောင့် ရုဂက မေတ္တာလိုလိုနဲ့ မေတ္တာအပို့ခိုင်း၏...(မှန်ပါ့) အံမာလေး....တဏှာက အပို့ခိုင်းနေတာ....(မှန်ပါ့) သို့သော်-တကာ တကာမတွေက ဒါလောက်မသိပါဘူး (မသိပါဘုရား)။

အဟံအဝေရောဟောမိ၊အဟံ၊ ကျွန်ုပ်သည်၊အဝေရော၊ရန်မရှိသည်၊ ဟောမိ၊ ဖြစ်ရပါလို၏။ ခင်ဗျားတို့စ,ကြတယ်.... (မှန်ပါ့ဘုရား)။

ဦးလှဘူး ဘယ်အကျိုးငှါလို့ ဘာတုံးလို့ မေးတဲ့အခါကျတော့မှ ဟာ.... ကိုယ့်ကိုယ် အခင်ဆုံးဘဲဘုရား၊ ခင်လို့ပို့ရတာ(မှန်ပါ့)ဒါဟာမေတ္တာကို မဟုတ်ပါဘူး၊ တဏှာဖြစ်နေတယ်....(မှန်ပါ့)ရိပ်မိကြပလား... (ရိပ်မိပါပြီဘုရား)။

ဒါတသက်လုံးလိုဘဲ ခင်ဗျားတို့အခုဆရာဘုန်းကြီးက ဖေါ်မပြောယင်ဖြင့် ဦးမာဒင်သွားပြီ.... (မှန်ပါ့)ဘာနဲ့ပို့နေဘာတုံး....(တဏှာနဲ့ပို့နေပါတယ်ဘုရား)ရော .. ခင်ဗျားတို့က မေတ္တာတဲ့ဆို(မသိခဲ့ပါဘုရား)မသိဘူးတဲ့.... (မှန်ပါ့ဘုရား)။

ဘယ်သူကလုပ်နေတာတုံးဆိုတော့ လူတဦးတယောက်မှာစုန်းပယောဂပူးနေသလို သူပြောနေတာက သဘောရိုးပြောနေတာလား၊ ပယောဂဖြောနေတာလား၊ (ပယောဂကဖြောတာပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ မေတ္တာပို့နေတာဟာ တဏှာပယောဂ ဝင်ပို့နေတာ မေတ္တာက နောက်ဆုတ်နေတယ်....(မှန်ပါ့) ရိပ်မိ ဟလား....(ရိပ်မိပါပြီဘုရား)။

မေတ္တာ ဘယ်ရောက်နေသတုံး.... (နောက်ဆုတ်နေပါတယ် ဘုရား)ဘယ်သူကဝင်ပို့နေသတုံး (တဏှာပယောဂကဝင်ပို့နေ ပါတယ်ဘုရား)။

ဟာ..ဒါဖြင့် ခင်ဗျားတို့ဟာ ပယောဂပူးနေတာကိုး(မှန်ပါ့) ဦးမာဒင် ဘာဖြစ်နေတာတုံး .... (ပယောဂ ဝင်ပူး နေတာပါ ဘုရား)။

သို့သော်လဲ ခင်ဗျားတို့က မသိပါဘူး၊ မသိလို့က်တဲ့ဖြစ်ခြင်း မှ ကြာကြပါသား၊ မေတ္တာပို့တာ ဒီနည်းနဲ့ ပို့နေတာကြာကြ ပါလား၊ မေးယင် တကာသစ်ဘယ်နှယ်ဖြေပါ့မလဲ (ကြာပါပြီ ဘုရား)။

ဟာ....ဒါဖြင့် နာတာရှည်ခံတွေပါလား .. (မှန်ပါ့) ကြောက် စရာကြီးပါလား....(ကြောက်စရာကြီးပါဘုရား)။

အေး....ဒါကြောင့် ပြင်ကြစမ်းပါဦးဆိုရတယ်နော်....(မှန်ပါ့ ဘုရား)။

အခုတော့ဖြင့် ဝေဒနာပစ္စယာတဏှာဆိုတာ ဝေဒနာကွန်ကြီး ကို တဏှာနဲ့မေတ္တာပို့နေတယ်.... (မှန်ပါ့) အင်း.... တဏှာနဲ့ မေတ္တာပို့တယ်လို့ ပြောရတာ သိပ်နာဘယ် ...(မှန်ပါ့ ဘုရား)။

မေတ္တာပို့တာဟာ မေတ္တာစေတသိက်နဲ့ပို့ရမယ်....(မှန်ပါ့) တဏှာနဲ့ပို့လို့ မရဘူး... (မရပါဘုရား)ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ သိစရာတွေကလဲ များလိုက်တာ....(များပါဘယ်ဘုရား)ရှုဂေါ မေတ္တာယ ဝဠွေတိ၊ ရှုဂေါ-ရှုဂဆိုတဲ့တဏှာက။မေတ္တာယ၊ခမေတ္တာလိုလို၌ ။ဝဠွေတိ၊ ကိုယ့်ကိုယ် အပို့ခိုင်း၏၊ အဲ့မာလေး တဏှာက အပို့ခိုင်းနေတာဘဲ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်သူက အပို့ခိုင်းသတုံး.... (တဏှာက အပို့ခိုင်းပါတယ်ဘုရား)။

တဏှာက နှင့်ကိုယ်နှင့် ချမ်းသာဖအောင် ပို့ဆိုပြီး သကာလ တဏှာဝင်ပြီး ဦးမာဒင် ပယောဂဖြစ်ပြီးသကာလ ဝင်ပြီးများ ပို့နေလိုက်တာ ကျုပ်အန္တရာယ်မကင်းတာ ဘယ့်နှယ်ကြောင့် ပါလိမ့်မတုံးလို့ မသိချာဘူး....(မှန်ပါ့ဘုရား)။

မေတ္တာမှမဟုတ်ဘဲ....(မှန်ပါ့)တဏှာကဝင်ပြီး ပယောဂ အဖြစ်နဲ့ ပို့နေတဲ့ဥစ္စာ ဦးလှဘူး သိပါပြီ....(သိပါပြီဘုရား)ပြင်ကြနော်....(မှန်ပါ့ဘုရား)။

ကဲ ဒါဖြင့် သွားကြပါစို့ တကာတကာမတို့ ဓဝဒနာပစ္စယာ တဏှာကတော့ပေါ်ပြီ၊ (မှန်ပါ့) ဒီခန္ဓာကြီးက ဝေဒနာကွန္ဓာ (မှန်ပါ့ဘုရား)။

ဒီခန္ဓာကြီး ကျန်းမာလို့ ဝမ်းဘဲသာရဖေးတယ်.... (မှန်ပါ့) ကျန်းမာဘို့ ဘယ့်နှယ်နေသတုံး.... (ဝမ်းဘဲသာရပါဖေးတယ် ဘုရား)။

ဒီကျန်းမာတဲ့ သုခဝေဒနာ၊ ဝမ်းသာတာကလေး ခင်လွန်းလို့ ဝမ်းသာတာ(မှန်ပါ့)ဝမ်းသာတာ တဏှာဖြစ်တယ်(မှန်ပါ့)

ဒါကြောင့်ဝေဒနာပစ္စယာ (တဏ္ဍာပါဘုရား)ရှင်းပလား(ရှင်းပါပြီဘုရား)။

ကျန်းမာလို့ ဝမ်းသာရသေးတယ်၊ ဟုတ်ကြရဲ့လား(မှန်ပါ့) ဒီလိုကော အယူကောရှိသေးရဲ့လား.... (ဝမ်းသာပါတယ်ဘုရား) ဝမ်းသာတယ်၊ အံမာလေး ဖြစ်မှဖြစ်ရပလေ။

တကာတကာမတို့ ကျန်းမာတာ သုခဝေဒနာဟုတ်လား .... (မှန်ပါ့) ဝမ်းသာတာက...(တဏ္ဍာပါဘုရား) ဒါဖြင့် ဝေဒနာပစ္စယာ....(တဏ္ဍာပါဘုရား)။

သြော်...ဒါကြောင့် ဘုရားဟောတော်မူတာဘဲ... (မှန်ပါ့) ခင်ဗျားတို့ ကျန်းမာမှာများ ဘုန်းကြီးကြောက်လိုက်တာမပြောနဲ့တော့... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ကျန်းမာယင် တဏ္ဍာဖြစ်ပြီ .... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကျန်းမာယင် ဘာဖြစ်သတုံး .... (တဏ္ဍာဖြစ်ပါတယ်ဘုရား) ဒါဖြင့် ကျိုးကန်းနေတာက တော်သေးသလို ကျနေတယ် .... အတော်ဆိုးနေတယ်၊ တကာတကာမတို့ (ဆိုးပါတယ်ဘုရား)။*

ကြည့်စမ်းပါလား တကာသစ်တို့၊ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ သေသေချာချာ စဉ်းစားကြည့်ပါ၊ ကျန်းမာတုန်း ရှာမှဘဲ (မှန်ပါ့ဘုရား)။

---

* တဏ္ဍာအကြောင်းခံသည်၊ ပဋိစ္စသမုပ္ပါဒ်တွေ ဆက်တိုက်ဖြစ်နေပုံနားလည်ရန် ဟောခြင်းဖြစ်သည်။

ကျန်းမာတာက ဝေဒနက္ခန္ဓာ ရှာမှဘဲဆိုတာ၊တဏှာ(မှန်ပါ့) ဟာ ဒီလူကျန်းမာယင် အပါယ်သွားဘို့ လုပ်ပြီ .... (မှန်ပါ့) ဘယ့်နှယ်ဆိုမတုံး .... (ကျန်းမာယင် အပါယ်သွားဘို့ လုပ်ပါတယ်ဘုရား)။

ဦးလှဘူး ဘယ့်နှယ် ဖြစ်ကုန်သတုံး၊ ဒါက ငြင်း စရာကော ရှိသေးသလား....(မရှိပါဘုရား)။

ကျန်းမာတာက ဦးလှဘူး၊ တကာသစ်တို့၏ ခန္ဓာ၊ ဘာခန္ဓာတုံး....(ဝေဒနက္ခန္ဓာပါဘုရား)ဝေဒနာပေမဲ့လဲ သုခဝေဒနာ .... (မှန်ပါ့ဘုရား)။

ကျန်းမာတာတော့ သုခဝေဒနာ....(မှန်ပါ့) ကျန်းမာတော့ ငွေရှာတယ်၊ မရှာကြဘူးလား.... (ရှာပါတယ်ဘုရား)။

ကျန်းမာယင် ငွေရှာတယ်၊ ငွေရှာတာက ဘာတဲ့.... (တဏှာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ ကျန်းမာယင် အပါယ်သွားဘို့ လုပ်ကြပြီ (မှန်လှပါဘုရား) သေသေချာချာ ဝိပဿနာမျက်စိနဲ့ စဉ်းစားမှနော်....(မှန်ပါ့)။

မသိတဲ့လူ ကျန်းမာမှာကို ဦးမာဒင် ကြောက်စရာ ဖြစ်နေတယ်....(မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ကြောက်ပါလိမ့်မတုံး၊ ဆရာ ဘုန်းကြီးကလဲ ဒို့-ကျန်းမာမှကိုး၊ ဒို့ တကာရင်း ရောင်းရင်းတွေဘဲ ကျန်းကျန်း မာမာရှိယင် သူကြိုက်ဘို့ဘဲ....(မှန်ပါ့) အို... ခင်ဗျားတို့က မူမမှန်ဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က ဘာတုံး... (မူမမှန်ပါဘုရား) ဘုန်းကြီးကတော့ ကျန်းမာယင် ကြိုက်ပါတယ် တကာသစ်ရ၊ ခင်ဗျား တို့က ကျန်းမာယင် မူကိုက မမှန်တော့ဘူး.... (မမှန်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ်လို မူမမှန်ပါလိမ့်.... (တဏှာတွေဖြစ်နေပါတယ်ဘုရား) ကျန်းမာယင် ငွေရှာမယ်လေ.... (မှန်ပါ့) ကျန်းမာယင် တရားအားထုတ်မယ်ဆိုတာတော်တော် နည်းပါတယ်.... (မှန်ပါ့ဘုရား) ကျန်းမာယင် ငွေရှာမယ်ဆိုတော့ ကျန်းမာတာက ဝေဒနာ.... (သုခဝေဒနာပါဘုရား) ငွေရှာတာက.... (တဏှာပါဘုရား) ဒါဖြင့် ဝေဒနာ,ပစ္စယာ.... (တဏှာပါဘုရား)။

အဲဒါ တကာ တကာမတေက မသိဘး....၊ တယောက်ကာ တယောက်များ တွန်းပေးကြသေးတယ်....(မှန်ပါ့) ဦးလှဘူးတို့ တွန်းပေးတယ်... (မှန်လှပါဘုရား)။

မင်း-ကျန်းမာတုန်း ဘာလုပ်နေသတုံး ကွ၊ မကျန်းမာတော့ မခက်ဘူးလား၊ ကျန်းမာတုန်း ရှာရ,ဖွေရတယ် ဒီစကားလေးဗျာ.... (မှန်ပါ့-ပြောမိပါတယ်ဘုရား) ဦးမာဒင်တို့ ဘာစကားပါလိမ့်.... (လူကြီးစကားပါဘုရား) အံမာလေး....ကြောက်စရာလူကြီးပါလား.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က ဒီအထဲမှာ လူကြီးချည့်ပါဘဲ.... (မှန်လှပါ) ကိုယ့်သားနဲ့ ကိုယ့်သမီးနဲ့ မေ့ဖျားထားကြတာတွေ့ ဒီအတိုင်းပြောကြတာဘဲ....(မှန်ပါ့)။

ကဲ....ကျန်းမာယင် ဘာလုပ်ကြသတုံး... (ငွေရှာပါတယ်ဘုရား) ကဲ....ပါဋ္ဌိတော်ထဲ သွင်းလိုက်....(ဝေဒနာ,ပစ္စယာ,တဏှာပါဘုရား) သုခဝေဒနာ ပစ္စယာ....(တဏှာပါဘုရား)။

ကဲ...ဒါဖြင့် တဏှာ,ပစ္စယာ....(ဥပါဒါနံပါဘုရား)ဥပါဒါန ပစ္စယာ...(ကမ္မဘဝေါပါဘုရား) ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) ဇာတိရိုးရိုးမဆိုနဲ့ ကမ္မဘဝပစ္စယာ အပါယ်ဇာတိ * (မှန်ပါ့) ကျန်းမာတာကိုးဗျ.... (မှန်ပါဘုရား) ကြောက်စရာကြီးပါလား။

တကာတကာမတို့ ကျန်းမာတာ ဘယ့်နှယ် ဖြစ်သတုံး.... (တဏှာဖြစ်နေပါတယ်ဘုရား) ဦးလှဘူး ဒါဖြင့် ဘယ်လိုနေချင်သတုံး ခင်ဗျားတို့ ပြောဘဲပြောစမ်းပါဦး အတော်ခက်နေပြီ... (မှန်ပါ့)။

အတော်ခက်နေပြီ....တကာသစ်၊ မကျန်းမာဘဲ နေပြန်လဲ ပဋိစ္စသမုပ္ပါဒ်ပြလိမ့်ဦးမယ်... (မှန်ပါ့ဘုရား) မကျန်းမာယင်လဲ ဒေါသ,သောကနဲ့ သူသွားဦးမယ် ဇာတိကျအောင်... (မှန်ပါ့) အလတ်စား တနေ့ရွှေ, တနေ့ငွေနေပြန်လဲ ဥပေက္ခာ လာဦးမှာကိုး....(မှန်ပါ့)။

အဲဒါကြောင့် ခင်ဗျားတို့ ဝိပဿနာ မညှပ်လို့ ရှိယင်ဖြင့် အပါယ်အလုပ်ကိုသာ သွားတို့များနေတယ်... (မှန်ပါ့ဘုရား) သိပ်ကြောက်စရာကောင်းပါလား... (ကောင်းပါတယ်ဘုရား)။

---

* တဏှာ, ဥပါဒါန် အကြောင်းပုညာဘိ သခ်ါရတွေ ဖြစ်ပြီး သုဂတိရောက်နိုင်ကြသော်လဲ ထိုသုဂတိမှ အပါယ် ဒုဂ္ဂတိ ပြန်ဆင်းရဦးမည်ကို သတိပြုပါ။

တကာတကာမတွေ ကျုပ်တို့ အိမ်ပေါ်မှာ နေတာဘဲ၊ ငါးပါးသီလလဲ လုံပါတယ်....၊ တခါတလေ ရှစ်ပါးတောင် ကျုပ်ဘို့က ဖြည့်လိုက်သေးတယ် ဥပုသ်နေ့ ဘာနေ့ ဆိုယင်.... (မှန်လှပါဘုရား)။

ကျုပ်တို့အဘွက် ကျုပ်တို့ စိတ်ချတယ်၊ ကြည့်ပါလား.... ရှာပေမဲ့လဲ ကျုပ်ဘို့ ရိုးရိုးရှာတာတဲ့.... (မှန်ပါ) ရိုးရိုးရှာလဲ တအုံးဘဲ....(မှန်ပါ့) ရိပ်မိပါလား....(ရိပ်မိပါပြီဘုရား)ဆန်းဆန်း၊ ရှာလဲ တအုံးဘဲ....(မှန်ပါဘုရား)။

တဏှာပစ္စယာ... (ဥပါဒါနံ) ဥပါဒါန ပစ္စယာ.... (ကမ္မဘဝေါပါဘုရား) ကမ္မဘဝ ပစ္စယာ.... (အပါယ် ဇာတိပါဘုရား)။

အဲဒါကြောင့် ဘုန်းသခင်ကိုယ်တော်မြတ်ကြီးက ဦးမာဒင်တို့ ဦးသန်းမောင်တို့ ပေးတယ်....၊ လူဘသိန်း သေလို့ သုဂတိတယောက် ရောင်တို့ ခဲယဉ်းတယ်လို့ ဟောတော် မူတယ်.... (မှန်လှပါဘုရား) ဟောသင့်သလား- မဟာသင့်ဘူးလား .... (ဟောသင့်ပါဘယ်ဘုရား)။

တကယ်တကာမတွေ တယ်နှယ်တုံး.... သဒ္ဓါတူကြရဲ့လား- (တူပါတယ်ဘုရား) အကုန်သာ သွားကြတော့ ဒါဖြင့် ခင်ဗျား တို့ အပါယ်ကို...(မှန်ပါ့)။

ဒီအတိုင်းဘဲဖြစ်နေဘာ....(ဖြစ်ပါတယ်ဘုရား) သိပ်ကြောက်စရာကောင်းပါလား...(ကောင်းပါဘယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ဖြစ်စဉ်ကို ဒါ.... ဘယ်နှစ်ခါ ဖြစ်ပြီး ပလဲ ကျန်းမာတုန်း ငဋ္ဌရာတာ.... (မရေမတွက်နိုင်ပါဘုရား) သဘောကျရဲ့လား.... (ကျပါတယ်ဘုရား)။

ကျန်မာယင် ဘာလုပ်ကြတယ်... (ငဋ္ဌရာပါတယ်ဘုရား) ငဋ္ဌရာတော့ ကျန်းမာတာဟာ ဝေဒနာကွန္ဓာ၊ ငဋ္ဌရာတာက (တဏှာပါဘုရား) ဒါဖြင့် ဝေဒနာပစ္စယာ တဏှာ....(မှန်ပါ့) တကာသစ် ရိပ်မိပလား.. (ရိပ်မိပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့က ဒီလောက်ထိအောင် နှစ်နှစ်ခါခါ မသိတော့ ခုနင်က ပြောခဲ့တဲ့ ငါးပါးသီလကလေး လုံယင် အပါယ်တော့ မရောက်တော့ဘူး၊ ရှစ်ပါးသီလတောင် ဖြည့်ထားတော့ ကျုပ်တို့တော့ စိတ်ချရတယ်၊ ဘယ် စိတ်ချရမတုံး တကာတကာမတို့ ကျန်းမာလို့ ငဋ္ဌရာတာက နေ့တိုင်းဘဲ ပဋ္ဌိစ္စသမုပ္ပါဒ်တွေ ဆက်နေတာ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒီနေ့တိုင်းဟာ ငဋ္ဌရာတာသည် တကာ တကာမတို့ နေ့တိုင်းလား၊ နားရိတိုင်းလား.... (နာရီတိုင်းပါဘုရား) ဟာ... တက်လမ်းမရှိဘူး.... (မရှိပါဘုရား)တက်လမ်းရှိသေးရဲ့လား .... (မရှိပါဘုရား)။

ဒါဟာ တကာတကာမတွေ ဘုန်းကြီးက ဒီရင်းရင်းချာချာတွေကို အားလုံးဘဲပြောတယ်၊ ဝိပဿနာ လုပ်ကြပါလို့ (မှန်ပါ့ဘုရား)။

အရှင်ဘုရားပြောတော့ အလွယ်ကလေး၊ အလုပ်က မအား ဘူး... (မှန်ပါ!) သြော်... သူကအပါယ်သွားမည့် အလုပ်က မအား ဘူးပြောတာ... (မှန်ပါ!) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘယ်သွားမည့် အလုပ်မအားဘူး ပြောတာတုံး... (အပါယ် သွားမည့် အလုပ်မအားဘူး ပြောတာပါဘုရား) ဒါဖြင့် ကျုပ် မတတ်နိုင်ဘူး၊ ခင်ဗျားတို့ကလဲ တယ်ခြေသုတ်သကိုးဗျ၊ ဒါဘဲ ပြောရုံရှိတယ်... (မှန်ပါဘုရား)။

ဒီ့ပြင်များ ဘာပြောစရာ ရှိသေးသတုံး .... (မရှိပါဘုရား) တကာသစ် ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဟာ ဆရာရဲ့ သမားရင်းမို့ သြော် .... ဒို့အဖြစ်ဟာ ဒို့ကသာပြုံးနေတာ၊ ဓမ္မကဟာ့ အပါယ်ရောက်အောင် ပို့ လျက်ဘဲ....(မှန်ပါဘုရား)။

အဲဒီဘော့ကို ခင်ဗျားတို့ ပြုံးဘာက အမှန်လား၊ ဓမ္မစိမံ တာကအမှန်လား (ဓမ္မစိမံဟာက အမှန်ပါဘုရား)။

ဒါဖြင့် ငါသေယင် သပိတ်မသွတ်နဲ့ဟော့လို့ပြော (မှန်ပါ!) ဘာဖြစ်လို့တုံး၊ အပါယ်ငရဲတောက်လျှောက်ရောက်တာသပိတ် သွတ်လဲ အပိုဘဲ၊ ရရဲ့လား.... (မရပါဘုဆုံး)။

ဒါဖြင့် တကာတကာမတို့ ဒီကရှေ့၌ နည်းနည်းကလေးပြင် ကြ၊ ကျန်းမာတာကို၊ ကျန်းမာတိုင်း၊ ကျန်းမာတိုင်း ဒီကနေ ပြီး သိအောင်လုပ်....(မှန်ပါဘုရား)။

ကျန်းမာတာကို သိအောင်လုပ်၊ ငွေရှာရပ်သွားမယ်(မှန်ပါ!) မရပ်ဘူးလား၊ ရပ်မလား.... (ရပ်ပါတယ်ဘုရား)။

ကျန်းမာတာသည် သုခဝေဒနာ....(မှန်ပါ့)ပေါ်တိုင်း ပေါ်တိုင်း၊ သိအောင်လုပ်ပါ (မှန်ပါ့) ပေါ်တိုင်းပေါ်တိုင်းသိတော့ ပျက်တိုင်းပျက်တိုင်းသိတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ကျန်းမာတာက ဖြစ်ပျက်၊ သိတာက မဂ်ဆိုတော့ ဒါဖြတ်ချလိုက်တယ်၊ အပါယ် မသွားတော့ဘူး .... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကျန်းမာတာက... (ဖြစ်ပျက်ပါဘုရား) ကျန်းမာမှန်း သိတာက....(မဂ်ပါဘုရား)ဒါဖြင့် ငွေချာပြတ်သွားတယ်.... (ပြတ်သွားပါတယ်ဘုရား)။

ဒါဖြင့် တကာသစ်တို့က ဆင်ခြေလဲမယ်၊ ဦးမာဒင်တို့ကလဲ စကားတတ်တယ်၊ ဦးသန်းမောင်တို့ကလဲ စကားတတ်တယ်၊ ဆင်ခြေလဲတော့မယ်၊ တပည့်တော်တို့ ဘာနဲ့စားမတုံး ဘုရားလို့ (မှန်ပါ့) သူတကျွာနဲ့ လှည့်လာတယ်....(မှန်ပါ့ဘုရား)။

ဘယ်ဘက်လှည့်သွားသတုံး .... (တကျွာဘက် လှည့်သွားပါတယ်ဘုရား)။

တကျွာဘက်လှည့်သွားတော့ ဩော်....ခင်ဗျားတို့ကလဲ ဒီစားချင်တဲ့ တကျွာဆေမှ နိဗ္ဗာန်ရောက်မှာကိုး....(မှန်ပါ့) စားချင်တဲ့ တကျွာမသေလို့ ရှိယင် ဦးမာဒင် ဘယ်တော့မဆိုတော်နေမှာဘဲ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲ....ခင်ဗျားတို့က ဘာနဲ့စားမတုံး ဆိုတော့ ဝမလားလို့ မေးတာ... (မှန်ပါ့)သူလာယင်ငတ်မယ် (မှန်ပါ့) တကျွာလာယင် (ငတ်မှာပါဘုရား)။

တဏှာက တသိန်းရှိလဲ တော်ပြီလို့ ပြောရဲ့လား (မပြော ပါဘုရား)ဆယ်သိန်းရှိကော (မပြောပါဘုရား) သူဘယ်တော့မှ အားတ်ပြေသတုံး .... (ဘယ်တော့မှမပြေပါဘုရား ။

ဒါဖြင့် ခေါင်းထဲဝင်တော့တောင်မှ တခါတည်း သားတွေ သမီးတွေ ခင်လျက်တန်းလန်း.... (မှန်ပါ့)ခကာင်းကာင်းနေရစ် ကြပေတော့၊ ငါတော့မတတ်သာလို့ သွားရ တော့မယ် ဆိုပြီး ငတ်လျက်နဲ့ သေသွားတယ်.... (မှန်ပါ့ဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကျန်းမာတာကဖြစ်ပျက် (မှန်ပါ့) ခန္ဓာထဲ ဝေဒနာကြည့်ိုက်ယင် သိတာဘဲ... (မှန်ပါ့) ကျန်းမာ တာက(ဖြစ်ပျက်ပါ)သိလိုက်တာကမင်ပါ(မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ကျန်းမာမှန်း သိတာက တဏှာနဲ့ သိနေတာ (မှန်ပါ့)အခု ဆရာဘုန်းကြီးသင်နေတာက ဉာဏ်နဲ့ သိတာ...(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခုတယောက်နဲ့ တယောက် ညှိခဲ့ကြတော့ ဦးမာဒင်မာရဲ့ လား၊ ဦးသန်းမောင်ကမေးတယ်....(မှန်ပါ့)ဟာ.... မာလို့ ဒီမှာ နေနိုင်တာပေါ့ဗျာ၊ သူဟာဘဏှာနဲ့သိနေတာ....(မှန်ပါ့)ဉာဏ်နဲ့ သိတာလား....(မသိပါဘုရား)။

ဉာဏ်နဲ့ သိလို့ရှိယင်ဖြင့် တကာတကာမတို့ အင်း.... ကျန်း ကော့ ကျန်းမာပါတယ်၊ခန္ဓာဉာဏ်စိုက်ပြီး ကျန်းမာတာကလေး

ကလဲဖြစ်ပြီး ပျက်သွားလေရဲ့ဆိုပြီး ဒီလိုသိမှ အမှန်ကိုးဗျ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....တကာတကာမတို့ ကျန်းမာယင် ငွေရှာတယ်ဆိုလို့ ရှိယင်ဖြင့်သွားပြီ(သွားပါပြီဘုရား)ဒါကို သီလနဲ့ ဆင်ခြေမလဲနဲ့ တဲ့....(မှန်ပါ့ဘုရား)။

သီလကတော့ဖြင့် သူများဟာမခိုးလို့ ရှိယင်၊ မဝှက်လို့ ရှိယင်၊ မလိမ်မကာက်လို့ ရှိယင်၊ သီလက မပျက်ပါဘူး .... (မှန်ပါ့ ဘုရား)။

မပျက်ပေမဲ့ ဒီပဋိစ္စသမုပ္ပါဒ်ကို သီလက ဖြတ်နိုင်သလားလို့ မေးတော့ မဂ်ကမှ ဖြတ်နိုင်တယ်....(မှန်ပါ့)ဝိပဿနာကမှ ဖြတ်နိုင်တယ်...(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ ခင်ဗျားတို့အတွက်ဟာ အမျိုးမျိုးသော ဆင်ခြေတွေက ခင်ဗျားတို့မှာ ရှိနေတော့ အချို့ငယ်မှတ်တွေလဲ မှားနေတော့ ဦးမာဒင် အတော်ပြင်ရတယ်....(ပြင်ရပါတယ်ဘုရား)။

ငယ်မှတ်တွေက မင့်မှာငါးပါး ရှစ်ပါးနဲ့ကွာ မင်းသေယင် ဘာစိုးရိမ်စရာရှိသတုံး.... (မှန်ပါ့) သူကဒီလောက်နားလည်တာ၊ ခန္ဓာထဲတန်းနေတာက ကျန်းမာယင် ငွေရှာဆိုတာ သေခြာနေတယ်....(မှန်ပါ့ဘုရား)။

ဒီဟာက ဘယ်သူပြင်လို့ရသလဲ .... (မရပါဘုရား) တဏှာ ဥပါဒါန်ကံ အပါယ်ဇာတိ ကဲ....ပြင်လို့ ဘယ်သူရသလဲ.... (မရ

ပါဘုရား)ပြင်တတ်တာက ဒီမင်ဘဲပြင်နိုင်တယ်...(မှန်ပါ့) ဒိပြင်ဟာက (မပြင်နိုင်ပါဘုရား)။

ဒါဖြင့် အရပ်က ပြောတာတွေမယုံနဲ့၊ ဒီမင်ပြောတာကိုယုံ၊ သူကဖြတ်ပေးတယ်...(မှန်ပါ့ဘုရား)။

သူကခန္ဓာနဲ့ တဏှာ အယ့်နှယ်တုံး .... (ဖြတ်ပေးပါဘယ်ဘုရား)။

ဒါဖြင့်ခင်ဗျားတို့ အရပ်က ပြောတာယုံမလား၊ ဒီမင်ကပြောတာယုံမလား (မင်ကပြောဘာ ယုံပါ့မယ်ဘုရား)။

ဒီကရှေ့၌ အရပ်ပြောတာတွေဖြုတ်.... (မှန်ပါ့) ဟုတ်ကို မဟုတ်ဘူး သူ့ဟာ...(မှန်ပါ့)ရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

မင့်ငါးပါး ရှစ်ပါးနဲ့ကွာ မင့်အတွက်များတော့ စိတ်ချရပါတယ် တဲ့၊ သဘောကျပလား.... (ကျပါပြီ) ဘယ်မှာအနှစ်နှစ်သောင်း သီလပြည့်စုံစွာ ကျင့်နေတဲ့ ရဟန်းဘပါးဟာမြစ်ထဲမှာ တိရစ္ဆာန်ဘုံသွားပြီး နဂါးကြီး သွားဖြစ်တယ်*၊ အနှစ်နှစ်သောင်း သီလဆောက်တည်ခဲ့တာတောင်၊(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒါ ဒေါမနဿပဋိစ္စသမုပ္ပါဒ်တွေ ဆက်သွားလို့ သံသယက အပါယ်ချလိုက်တာ....(မှန်ပါ့ဘုရား)။

အဲဒီတော့ တကာတကာမတို့ မင်မှဘဲစိတ်ချရတော့တယ် ... (မှန်ပါ့)ဒါဖြင့် တကာတကာမတွေ၏ အားကိုးရာ အစစ်သည် မဂ္ဂင်အစစ်ဘဲ ... (မှန်ပါ့)။

---

* ရေက ပတ္တဝတ္ထု၊ ဓမ္မပဒ။

ဒါမရသေးလို့ ရှိယင်ဖြင့် ဘယ်အခါ ကာလမှ တင်းတိမ်တဲ့ စိတ်မထားကြနဲ့ဆိုတာကို လေးလေးစားစားနဲ့ ကန့်ကွက်ပြီးသတိပေးလိုက်ပါတယ်....(မှန်ပါ့)သူများပြောလို့ မယုံနဲ့၊မင်္ဂလာပြောတာကိုယုံပါ....(မှန်ပါ့ဘုရား)။

ဦးမာဒင် သူများပြောကိုယုံမလား၊ ဒီပဋိစ္စ သမုပ္ပါဒ် ပြတ်မပြတ်ကိုယုံမလား .... (ပဋိစ္စသမုပ္ပါဒ် ပြတ်မပြတ်ကို ယုံပါတယ်ဘုရား)ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

နိဗ္ဗာန်ရောက်တဲ့ပုဂ္ဂိုလ်ဟာ တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် ဆက်လို့ ရောက်တာလား၊ ပြတ်လို့ရောက်တာလား (ပြတ်လို့ ရောက်တာပါဘုရား)။

ဒါဖြင့် ပြတ်အောင် ဘယ်သူလုပ်သတုံး... (မင်္ဂလာပါဘုရား)ဒါဖြင့် သေချာနေပြီ....(မှန်ပါ့ဘုရား)။

ခိုင်လုံနေတော့ ဦးမာဒင်တို့က ငယ်မှတ်တွေနဲ့ ဆင်ခြေလဲချင်သေးသလား....(မလဲချင်ပါဘုရား)မလဲနဲ့၊ မလဲနဲ့၊လဲလေလဲလေဘဲ....(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ တုံးဆိုတော့ ထိုက်တန်တဲ့ ဒါနလဲ မင်းပြုထားပြီကွာ၊ ထိုက်တန်တဲ့ သီလတွေဆိုတာလဲ မင်းအသက်နဲ့ တွက်ယင် မနည်းလှပါဘူး။

မင်္ဂအတွက်တော့ ဒို့အားလုံးထဲမှာ စိတ်အချ ဆုံးဘဲဟေ့ အစရှိသည်နဲ့ ပြောလိုက်တယ်၊ကျန်းမာလို့ငွေရှာတာစ,တဲ့ ပဋိစ္စသမုပ္ပါဒ်တွေ့ဆက်နေတာတော့ သူမသည်ဘူး(မှန်ပါ့)ထည်ဘေးရဲ့လား....(မထည်ပါဘုရား)။

အဲဒါကျတော့ ဘယ်လိုပြောတတ် ဆိုတတ်သဘုံး မေးတော့ ကျွန်းမာလို့ငွေရှာတာတော့ကွာ၊ သမ္မာအာဇီဝဘဲ၊ ကိစ္စမရှိပါဘူး၊ကိုယ့်ငွေအရင်းကကိုယ့်ငွေအညွှန့်ထွက်လာတာဘဲ၊ ဒီလိုပြောလိုက်တယ်....(ပြောပါတယ်ဘုရား)။

ဒီလိုပြောတော့ သီလတော့ မပျက်ဘူး၊ တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ်မပြတ်ဘူး.... (မှန်ပါ့)ရှင်းပလား .... (ရှင်းပါပြီဘုရား)။

သီလကတော့ မပျက်ပါဘူးတဲ့၊ ပဋိစ္စသမုပ္ပါဒ် ပြတ်ကဲ့လားလို့မေးတော့ .... (မပြတ်ပါဘုရား)ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တချက်ပြန်မေးမယ်၊ ခင်ဗျားတို့ ခုနင်က စကားကို နိဗ္ဗာန်ရောက်တာသည် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ပြတ်မှ ရောက်တာလား၊ မပြတ်ဘဲနဲ့ရောက်တာလား.... (ပြတ်မှရောက်တာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် ပြတ်မှုဟာ အရေးအကြီးဆုံးအချက်(မှန်လှပါ)သူပြတ်မှနိဗ္ဗာန်ရောက်မယ် (မှန်ပါ့ဘုရား)။

ဒါတွေ အကိုး အကား တွေ ထုတ် နေ မယ် ဆို လို့ ရှိယင် ဒုက္ခ-ကွန္ဓဿ နိရောဓေါဟာတိ၊ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခချုပ်သည်- (မှန်ပါ့ဘုရား)။

ဒုက္ခနိရောဓေါ နိဗ္ဗာနံ၊ ဒုက္ခချုပ်ယင် နိဗ္ဗာန်ဘဲ...(မှန်ပါ့) မသေချာသေးဘူးလား....(သေချာပါတယ်ဘုရား)။

ကဲ.... ဒါဖြင့် တကာ တကာမတို့ သူပြော လူပြော မယုံနဲ့၊ ဟောဒီခန္ဓာပြတ်·မပြတ်ကို အဓရးကြီးပါ.... (မှန်ပါ့) ဟောဒီ ဝေဒနကခန္ဓာနဲ့၊ ဟော့ဒီတဏှာ ခန္ဓာနဲ့ မဆက်ယင် ခင်ဗျားတို့ နိုဗ္ဗာန်ရောက်တယ် .... (မှန်ပါ့)ဆက်နေသ၍ ကာလပတ်လုံး .... (မရောက်နိုင်ပါဘုရား)။

ကဲ....ဒါဖြင့် သူ့ကို ခုံတင်ကြစို့ ....(မှန်ပါ့) သူ့ပြောလူပြော ကို ခုံမတင်ပါနဲ့ (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ကို.... (ခုံတင်ရမှာပါဘုရား) ခုံတင်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘုရားဟောခဲ့လို့ ဖြစ်နေတယ်လို့ ဒီလို မယူပါနဲ့....(မှန်ပါ့) ဘုရားမရှိလဲ သူက ရှိနေတာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုရားပဋိစ္စတော်မူတဲ့အချိန်ကျတော့မှ ဒီအစဉ် မင်းတို့သန္တာန်မှာ ရှိတယ်လို့ ဟောတော်မူမှ ကျုပ်တို့က သိတယ်၊ နဂိုရိုက ရှိပြီးသား.... (မှန်ပါ့ဘုရား) သဘဝကျပလား.... (ကျပါပြီဘုရား)။

နဂိုရိုက.... (ရှိပြီးသားပါဘုရား) နဂိုရိုကရှိပြီးသားဆိုတော့ ဘုရားက နာမည်တပ်ပြီး ဟောကြားတော်မူဘို့ ပဋိစ္စလာတော်မူတာ....(မှန်ပါ့) ငင်ကိုယ်က သူရှိပြီးသား....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘုရားမပဋိစ္စခင်က အပါယ်သွားကြတာဇတ္တ ပဋိစ္စသမုပ္ပါဒ် ကောင်းသွားသလား၊ ခုနှစ်ချသလား ဒီအစဉ်အဘိုင်းသွား

သလား... (ဒီအစဉ်အတိုင်း သွားပါတယ်ဘုရား) ဒါဖြင့် ဘုရား မပွင့်ခင်က ရှိတယ်... (ရှိပါတယ်ဘုရား)။

တခါ ရှင်းပြပါ့မယ်၊ ဘုရား မပွင့်ချိန်၌ ပစ္စေကဗုဒ္ဓါတွေ ပွင့်ကြတယ်၊ ဘယ်သူနဲ့ ပစ္စေကဗုဒ္ဓါတွေဟာ နိဗ္ဗာန်များ ကြွ တော်မူကြပါလိမ့်၊ ဟောဒီမင်နဲ့ ဖြတ်လိုက်တာ....(မှန်ပါ့ဘုရား) ဒီပဋ္ဌိစ္စသမုပ္ပါဒ်က ဘယ့်နှယ်နေသတုံး... (ပြတ်ပါတယ် ဘုရား) ဒါ့ကြောင့် ပစ္စေကဗုဒ္ဓါဖြစ်တော်မူတယ်ဆိုတော့ ဘုရားမပွင့် ခင်လဲ ရှိတာ သေချာတယ် .... (မှန်ပါ့) သဘောပါကြပလား (ပါ-ပါပြီဘုရား)။

ဩော် ... ခင်ဗျားတို့ ရှင်းအောင်ပြောရတာတမျိုး၊ နားလည် အောင် ပြောရတာတမျိုးနဲ့ ခဏ်နေပါပြီ... (မှန်ပါ့) သဘော ပါကြပလား....(ပါ-ပါပြီဘုရား)။

ကဲ....ဒါဖြင့် တရားဘက် ဆက်ကြပါစို့၊ တကာသစ်ရ-နော် (မှန်ပါ့ဘုရား) ကျန်းမာဘာက ဘာဝေဒနာတုံး....(သုခဝေဒပါ ဘုရား) ကျန်းမာတော့ တကာသစ်တို့ ဘာများ လုပ်ချင် ကိုင် ချင် ရှိပါလိမ့်... (ငွေရှာပါဘယ်ဘုရား) ငွေရှာတော့ ဝေဒနာ ပစ္စယာ.... (တဏှာပါဘုရား) တဏှာပစ္စယာ.... (ဥပါဒါနံပါ ဘုရား) ဥပါဒါနပစ္စယာ....(ကမ္မဘဝပါဘုရား) ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား)။

အဲ....ကျန်းမာလို့ ငွေရှာတဲ့ဥစ္စာကို ဒီမနောဘံ ပဋ္ဌိစ္စသမုပ္ပါဒ် ကြီးကတော့ဖြင့် ခင်ဗျားတို့ ဒီအတိုင်းဘဲ နေမှာဘဲ...တဲ့၊

ဘုန်းကြီးက လျှော့ဟောလဲ ဘုန်းကြီး အပြစ်မကင်းဘူး...တဲ့ (မှန်ပါ့) အမှန်ပြောမှာဘဲ သစ္စာဖြစ်မှာဘဲ....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဝေဒနာပစ္စယာ တဏှာလို့ ဘုရားဟောတာ ကျန်းမာလို့ ငွေရှာတာမျိုးဟောတာ....(မှန်ပါ့)။

ဘယ်သူဟောသကုံး.... (ကျန်းမာလို့ ငွေရှာတာမျိုးဟောတာပါဘုရား)။

ကျန်းမာလို့ ငွေမရှာတာကတော့ ခင်ဗျားတို့ ရှင်းတယ်၊ ဝေဒနာပစ္စယာ မဂ္ဂေါ=ဒါ-ကျန်းမာလို့ ငွေမရှာတာ....(မှန်ပါ့ ဘုရား)။

ဝေဒနာဖြစ်ပျက်ကို မဂ်နဲ့ အားထုတ် နေတာကတော့.... (ကျန်းမာလို့ ငွေမရှာတာပါဘုရား) ကျန်းမာတာနဲ့ ငွေမရှာဘူး သူက နိဗ္ဗာန်ရှာတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျန်းမာတဲ့အခါမှာ မသိတဲ့ပုဂ္ဂိုလ်၏ ကျန်းမာမှာများ ဦးမာဒင် ဘုန်းကြီး စိုးရိမ်တယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ဩော်.... သူတော့ ကျန်းမာပြီ သွားရှာတော့မှာဘဲ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သူ ကျန်းမာယင် သွားရှာတော့မှာဘဲ... (မှန်ပါ့) ဒါမသိတဲ့ ပုဂ္ဂိုလ်အတွက် ဟောတာ.... (မှန်ပါ့ဘုရား) သိတဲ့ပုဂ္ဂိုလ်အတွက်

ကတော့ တကာတကာမတို့ ကျန်းမာလို့ မင်္ဂလာတယ်၊ သူ့ကို ဖြစ်ပျက်ရှုလိုက်....(မှန်ပါ့)။

ကျန်းမာတဲ့ဝေဒနာ ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ် ဘုရား) ဖြစ်ပျက်ရှုလိုက်တော့ ရှုတဲ့မင်္ဂလာလေးဟာ နောက်ကလိုက်တယ်... (မှန်ပါ့) သူက ကျန်းမာလို့ မင်္ဂလာတယ်.... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ကျန်းမာတဲ့နည်းကိုလဲ ခင်ဗျားတို့ အမျိုးမျိုး သုံးကြပြီ၊ ငွေရှာတဲ့နည်းသုံးမလား၊ မင်္ဂလာတဲ့နည်းသုံးမလား.... (မင်္ဂလာရတဲ့နည်း သုံးမှာပါဘုရား) ဒါက လူထဲမို့ ခင်ဗျားတို့ ရှက်လို့ ပြောဘာကိုး၊ ရိပ်မိပါတယ်း....(ရိပ်မိပါပြီဘုရား)။

အခုတော့ ရိပ်မိပြီ... တဲ့၊ အားလုံး တကာ တကာမတွေ ဒါ....အမိတွေ့ အဖတွေ့ ဆွေမျိုးညာတကာတွေ့ မတော်ဘူးသည် မည်သည် မရှိခဲ့လို့ တရားစစ်ကို ပြောတော့ ဒါ....ဘယ်နည်းနဲ့မှ ဖျက်မလာနိုင်ဘူး....(မှန်ပါ့)။

ဦးမာဒင် ဘုန်းကြီးက ဖျက်ဟောလဲ ဘုန်းကြီး မှားမှာဘဲ.... (မှန်ပါ့) ခင်ဗျားတို့အတွက်လဲ ငဲ့ပြီး လျှော့မဟောနိုင်ဘူး.... (မှန်ပါ့) တရားဟာ တရားဘဲ....(မှန်ပါ့) သဘောပါပလား (ပါ-ပါပြီဘုရား) ကျန်းမာလို့ ငွေရှာယင် ဘယ်သွားနိုင်သလဲ (အပါယ်သွားနိုင်ပါတယ်ဘုရား) ကျန်းမာလို့ ဝိပဿနာ အားထုတ်ယင် မင်္ဂလာနိုင်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ကျန်းမာ၍.... (ဝိပဿနာ အားထုတ်ယင် မင်္ဂလာပါတယ်ဘုရား) အဲဒါ တခြားမှာ တရားရှာမနေပါနဲ့၊ ကျန်းမာတဲ့ဝေဒနာကိုသာ ဖြစ်ပျက်ရှုပါ....(မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာကို ဖြစ်ပျက်ရှုရမလဲ....(ကျန်းမာတဲ့ဝေဒနာကို ဖြစ်ပျက်ရှုရမှာပါဘုရား)။

ကဲ.... တကာတကာမတို့ ခင်ဗျားတို့က ကျန်းမာယင် ခြေလှုမ်းပြင်တယ်....(မှန်လှပါဘုရား)။

ကျန်းမာယင် ဘာလုပ်ကြသလဲ.... (ခြေလှုမ်းပြင်ပါတယ်ဘုရား) အို....အပါယ်လှုမ်းဘယ်သာဆိုလိုက်ပါ၊ ရှုပ်မနေပါနဲ့တော့....(မှန်ပါ့)။

တကာသစ်-ဇရေ.... မသေချာဘူးလား.... (သေချာပါတယ်ဘုရား) ကျန်းမာယင် ခြေလှုမ်း ဘယ်မှာပြင်ကြသတုံး(အပါယ်လှုမ်းဘို့ ပြင်ကြပါတယ်ဘုရား)။

ကဲ... ဦးမာဒင်တို့ ဦးသန်းဓမောင်တို့ ရိပ်မိပြီ .... (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ တရားထူးကိုမနာကြသေးသ၍ကာလပတ်လုံးဖြင့် ကိုယ့်ဟာကလေးနဲ့ ကိုယ်ပြုံးနေလိမ့်မယ် (မှန်ပါ့) ဦးလှဘူး....(ပြုံးနေမှာပါဘုရား)။

မပြုံးပါနဲ့ ဦး....(မှန်ပါ့)မပြုံးပါနဲ့၊ တနေ့ ဒီပဋ္ဌိစ္စသမုပ္ပါဒ်ဘယ်နှစ်ကြိမ်တုံး.... (မရေတွက်နိုင်ပါဘုရား) ကျန်းမာလို့ငွေရ

ချင်တဲ့တဏှာနဲ့ သွားနေတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ ဘယ်နှစ်ကြိမ်တုံး (မရေတွက်နိုင်ပါဘုရား)။

ကဲ မရေတွက်နိုင်တာအသာထား၊ဒီကရတဲ့ငွေကလေးနဲ့ခင်ဗျား တို့က ဆွမ်းကလေးကျွေး၊ ကျောင်းဆောက်၊ဘုရားတည် တာက ဒီကအရှိန်နဲ့ ဆွမ်းကျွေး၊ ဘုရားတည်၊ကျောင်းဆောက်နဲ့ ဘယ် ဟာကများသတုံး.... (အရှိန်ကများပါတယ်ဘုရား) သဘောကျ ပလား....(ကျေပါပြီ)အဲဒီတော့ ကယ်နိုင်ယူနိုင်စရာရှိသေးရဲ့လား (မရှိပါဘုရား)။

ဒီအထဲကတခါ ပိုမိုပြီးရှင်းချင်လို့ရှိယင် ခင်ဗျားတို့ကကျန်း မာလို့ လှူပြန်လဲ ငါလုပ်ငါရတယ်ဆိုတဲ့ ဒိဋ္ဌိကလဲ မပြုတ်ပြန်.... (မှန်ပါဘုရား)။

ပြုတ်သေးရဲ့လား....(မပြုတ်ပါဘုရား) ဒိဋ္ဌိကလဲ ခင်ဗျားတို့ ကုသိုလ်ကို သုဂတိဘောပို့တယ် ပို့ပြီးဆဲချပြန်တာဘဲ (မှန်ပါ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ လုပ်တာ အလဲနဲ့အချော်ချည်းဘဲ .... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပြင်ကြပါဦး ပြင်ချိန်ကလေး ရသေးတယ်ဆိုတာ ဦးမာဒင် ဘုန်းကြီးသည် ချောက်ပြီးပြောတာလား၊ အမှန်ပြောတာလား (အမှန်းပြောတာပါဘုရား) အမှန်ပြောတာ၊ ချောက်ပြောတာ မဟုတ်ဘူး....(မှန်ပါဘုရား)။

ခင်ဗျားတို့ မိဘ၊ညီအစ်ကို မောင်နှမ ဆွေမျိုး ဥာတကာ မတော်ဘူးသူ၊ မည်သည် မရှိလို့ သနားလို့ ပြောနေတာ ... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကတော့ ဆင်ခြေကတော့ အင်မတန်များတယ်.... (မှန်ပါ့)ဒီဆင်ခြေဟူသမျှကိုလဲ ဘုန်းကြီးများကလဲ သတိထား မိတယ် သြော် . သူ့ဆင်ခြေဟာ သူမအားဘူးဆိုတာ အပါယ် သွားမှာ ဒါခြေပြာတာကိုး ... (မှန်ပါ့)အဲဒါ ဒီပြင်ဆင်ခြေလဲစရာ ကို့ မပါဘူး....(မပါ-ပါဘုရား)။

တကာဘကာမတွေ တရားအားထုတ်ဖြစ်ကြရဲ့လား၊ မနေ့က ဘုရား ဒီရတုန်းရခါကလေး ရှာပေ့နေရတယ်...(မှန်ပါ့) အင်း ရတုန်းရခါတဲ့၊ ခက်လိုက်တဲ့ဖြစ်ခြင်းမှ မခြောနဲ့တော့ တပည့်တော်တို့ ဒီနှစ်လသုံးလမှ မမိုလိုက်ယင် တနှစ်လုံးချောတာဘုရား (မှန်ပါ့ဘုရား)။

အံ့မာလေး ကြောက်စရာကြီးပါလား သူ့ဟာ... (မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဝေဒနာ ပစ္စယာဘာတုံး ... (တဏှာပါဘုရား)တဏှာ ပစ္စယာ....(ဥပါဒါနံပါဘုရား) ဥပဒါနပစ္စယာ (ကမ္မဘဝေါပါဘုရား)။

ကမ္မဘဝ ပစ္စယာ.... (ဇာတိပါဘုရား)အပါယ်ဇာတိ ထည့်ဖြစ်ခဲ့အောင်ထည့်ပါ(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒီတဏှာ ဥပါဒါန်ကံက လုပ်တဲ့ ဇာတိကတော့ တကာသစ်ပြောင်းလို့ကိုမရဘူး....(မရပါဘုရား) အပါယ်လေးပါးဘဲရမယ် (မှန်ပါ့)ဦးမာဒင် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ချင်းတွေလဲ သတိပေးပါ၊ ကျွန်းမာလို့ ဒို့ငွေရှာတဲ့ဥစ္စာ ငွေရှာတာမဟုတ်ဘူးဟေ့၊ ဒယ်အိုးရှာတာ(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘာရှာတာဘာလိမ့် ... (ဒယ်အိုးရှာတာပါဘုရား)ငရဲဒယ်အိုး ရှာတာ။

အဲဒီကျလာတော့ ဆွမ်းသွတ်လို့ ရ·မရ ဆေးခတ်စမ်း (မရနိုင်ပါဘုရား)ခင်ဗျားတို့ တင်လိုက်တဲ့ ဆွမ်းကလေးကိုလဲ အမေမိဘရယ်လို့ သားသမီးတွေက ရှာဖွေ ထားခဲ့တာကလဲ တပုံကြီးကျေးဇူးဖြင့်ရှိတယ်၊ ဆွမ်းကလေးဖြင့်သွတ်မှာဲ (မှန်ပါ့ဘုရား)။

ဒီသွတ်လိုက်တဲ့ ဆွမ်းကလေးလဲ ကဲ....သူက ဘာကြိုက်တတ်တယ်ဆိုပြီး ကန်တော့ပွဲထဲ ဘာကလေးထည့်၊ အဲဒါစားကိုမစားနိုင်ဘူး၊ ဟိုက....(မှန်ပါ့)ငရဲနောက်တော့ ငရဲအစာနဲ့ပြီးရတယ် (မှန်ပါ့ဘုရား)။

ရေငတ်တယ်ဆို သံရည်ပူသောက်ရုံဘဲ....(မှန်ပါ့) ထမင်းဆာတယ်ဆို သံခဲတွေမျိုရုံဘဲ....(မှန်ပါ့ မရဘူးလို့ ဘုရားက သေသေချာချာဟောတယ်... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ငွေမရှာတာကို မရှာချင်လို့ လားလို့ မေးတဲ့အခါကျတော့ အပါယ်ဆောက်မှာစိုးလို့.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ကဲ....ဒါဖြင့် မှားတုန်းက မှားခဲ့တာကို ပြင်ကြစို့ ဆိုတော့ ကျွန်းမာတာ ဖြစ်ပျက်ဗျ....(မှန်ပါ့ဘုရား)။

ကျွန်းမာတာဟာ ဝေဒနာ.... (သုခဝေဒနာပါဘုရား) ဒါကို ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ အခုပြတဲ့ ပဋိစ္စသမုပ္ပါဒ် ကြည့်ပါတဲ့ ဝေဒနာနိရောဓါ တဏှာနိရောဓါ သွားဖြစ်တယ် ... (မှန်ပါ ဘုရား)။

တဏှာနိရောဓါ... (ဥပါဒါနနိရောဓါ) ဥပါဒါနနိရောဓါ (ကမ္မဘဝနိရောဓါ)ဘဝနိရောဓါ....(ဇာတိနိရောဓါ) ဟော အပါယ်ဇာတိတွေ အကုန်ချုပ်ဘယ်၊ ဝိပဿနာ ကုလိုက်တော့ (မှန်ပါ)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဝိပဿနာ ကုလိုက်တော့လဲ အပါယ်ဇာတိတွေ ဘယ့်နှယ်ဖြစ် သွားသတုံး....(ချုပ်သွားပါတယ်ဘုရား) ဩော်.... ဆေးလဲအရှိ သားဘဲ၊ ခင်ဗျားတို့က အနာချည်း ပေါက်ချင်နေလို့ ခက်နေ တာ... (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဦးလှဘူးတို့က ဘယ်အစားထဲကတုံး.... (အနာချည်းပေါက် ချင်တဲ့ အစားထဲကပါဘုရား)အင်း.... ခက်ပါသေးရဲ့။

ကျန်းမာလို့ရှိယင် တကာတကာမတို့ ဝိပဿနာကြိုးစားပါ (မှန်ပါ)မကျန်းမာတော့ကော်လို့ မေးတဲ့အခါကျတော့ ခန္ဓာ ကိုယ်ထဲမှာ ဒုက္ခဝေဒနာပေါ်တယ်.... (မှန်ပါဘုရား)။

ဒုက္ခဝေဒနာ ပေါ်ပြန်တော့လဲ တကာတကာမတို့ မကျန်း မာတော့ ခင်ဗျားတို့က ဩော်.... တပည့်တော်တို့ မကျန်းမာ တာ (သိပ်ခက်တာဘဲဘုရား) မကျန်းမာတော့ ဘာတွေ ပေါ် လာသတုံး၊ သိပ်ခက်တာဘဲ ပေါ်လာတယ်.... (မှန်ပါဘုရား)။

ဒါဖြင့် ဒုက္ခကြောင့် ဒေါမနဿလိုက်ပြီ (မှန်ပါ) မလိုက်ဘူး လား....(လိုက်ပါတယ်ဘုရား)ဒေါမနဿ နောက်သောက(လိုက် ပါတယ်ဘုရား)။

သောကနောက်က ပရိဒေဝ.... (လိုက်ပါတယ်ဘုရား)ပရိဒေဝ နောက်ညပါယာသ(လိုက်ပါတယ်ဘုရား) ဥပါယာသ နောက်က အဝိဇ္ဇာ....(လိုက်ပါတယ်ဘုရား)အဝိဇ္ဇာပစ္စယာ .... (သခ်ၤါရပါဘုရား)။

ဩော်... ခင်ဗျားတို့ မကျန်းမာတာလဲ စိုးရိမ်တာဘဲ(မှန်ပါ့) ခင်ဗျားတို့ မကျန်းမာမှာဘဲ....(စိုးရိမ်ပါတယ်ဘုရား) ဩမှာကို စိုးရိမ်တာမဟုတ်ပါဘူး.... (မှန်ပါ့)ရိပ်မိပသေး.... (ရိပ်မိပါပြီဘုရား)။

မကျန်းမာတာကို ဘာစိုးရိမ်ပါလိမ့်၊ အပါယ်သွားမှာစိုးရိမ်တာပါ တကာတကာ့တို့ မနေပျက်မှာ စိုးရိမ်တာမဟုတ်ပါဘူး (မှန်ပါ့)ဝိပဿနာ မပါယင် မကျန်းမာမှာလဲ စိုးရိမ်ရတယ် .... (စိုးရိမ်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒီလိုလုပ်ကြပါစို့၊ တကာတကာမတို့ မကျန်းမာတဲ့ ဝေဒနာကို ဖြစ်ပျက်ရှု၊ ဖြစ်ပျက်ရှုတော့ မကျန်းမာတာက ဖြစ်ပျက်၊ ရှုတာက... (မင်ပါဘုရား)ဟောဒီဒုက္ခ ဒေါမနဿ သောကပရိဒေဝ ဥပါယာသ၊ အပါယ်ဇာတိ ဘယ်နှယ်တုံး(ချုပ်ပါတယ်ဘုရား) မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)။

မကျန်းမာလဲ နိဗ္ဗာန်သွားနိုင်တယ်၊ သဘောကျပလား .... (ကျပါပြီ)ကျန်းမာလဲ... (နိဗ္ဗာန်သွားနိုင်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ မကျန်းမာလို့ ရဟန္တာဖြစ်တာတွေ့လဲ တပုံကြီးဘဲ.... (မှန်ပါ့)တခုက ဦးမာဒင်တို့ကို

ပြောခဲ့တဲ့ဆန္ဒ မဿရိကျွတော့ မကျန်းမာတာနဲ့ ရဟန္တာဖြစ်တယ်....(မှန်လှပါ)မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ကို သနားလို့ ရှိယင်ဖြင့် ဘုန်းကြီးများက ခင်ဗျားတို့ဆတ်ဆော့တဲ့ လူတွေမို့ ကျွန်းမာယင် ငွေရှာချင်တော့ မကျန်းမာ တာဘဲ ကြိုက်တယ်၊ သဘောတူကြပလား.... (တူပါတယ်ဘုရား) ဟာ....အသံနည်းသွားတယ်၊ခင်ဗျားတို့ အသံအများကြီး နည်းသွားတယ်။

မကျန်းမာလို့ ရှိယင် ခင်ဗျားတို့ မကျန်းမာတဲ့ ဝေဒနာကို ဖြစ်ပျက်ရှုပေးပါ....(မှန်ပါ)ဖြစ်ပျက်ရှုလိုက်ရော ဒီဘက်ကဒုက္ခ ဒေါမနဿ သောက အဝိဇ္ဇာ သင်္ခါရ ဘယ်နှယ် ဖနသတုံး .... (ချုပ်ပါတယ်ဘုရား)ဩော်....ဒါဟာ မကျန်းမာ လို့လဲ နိဗ္ဗာန်သွားနိုင်တယ်.... (မှန်ပါ)ကျန်းမာလို့လဲ.... (နိဗ္ဗာန်သွားနိုင်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့သည် တပည့်တော်တို့ကျွန်းမာတာလဲမဟုတ်ဘူး၊ မကျန်းမာ ဘူးလဲ မဟုတ်ဘူး ဆိုတဲ့ ဥပက္ခာ ဝေဒနာကော ခန္ဓာထဲမှာ မရှိဘူးလား... (ရှိပါတယ်ဘုရား)။

မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာဆိုတဲ့ ဥစပက္ခာ ဝေဒနာ မရှိဘူးလား...(ရှိပါတယ်ဘုရား) သားတွေ၊ သမီးခင်ဗျာ၊ ပစ္စည်းတွေ၊ အလုံးစုံ ဥစပက္ခာ ထားနိုင်တဲ့ ဥစပက္ခာ ဝေဒနာကော မရှိဘူးလား...(ရှိပါတယ်ဘုရား) အဲဒီဝေဒနားပါလဲ ဖြစ်ပျက်ရှုပါ (မှန်ပါဘုရား)။

ဖြစ်ပျက် ရှုလိုက်လို့ ရှိယင်ဖြင့် ဒီဘက်က အဝိဇ္ဇာ သင်္ခါရ ဝိညာဏ်နာမ်ရုပ် အကုန်ချုပ်တယ် (မှန်လှ၊)မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာသုံးပါးသည် နိဗ္ဗာန် သွား တဲ့တရား....(မှန်လှပါ)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဝေဒနာသုံးပါး တပါးပါးဖေါ် အပါယ် ချည်း သွားပါလိမ့်မဘုံးဆိုတော့ မဂ်မာဇင်လို့ မှတ်သိုက် (မှန်ပါ့ ဘုရား)။

ကြာထဲက မဂ်မဝင်ဘူး .... (မှန်ပါ့) ဦးမာဒင် ရိပ်မိပြီ ... (ရိပ်မိပါပြီ)ဦးသန်းမောင်တို့ ရိပ်မိပြီ...(ရိပ်မိပါပြီဘုရား)။

ဝေဒနာ နောက်ကရှုဘဲ့ မဂ်မသိုက်လို့ တကာ တကာမတွေ့ ကိုယ်ကျိုးနည်းရတယ်.... (မှန်ပါ့)ဒါဖြင့် တကာတကာမတို့ဆေး ရှိလျှက်နဲ့ မသောက်မိလို့ အပါယ် ဆောက်ရတယ် .... (မှန်ပါ့ ဘုရား)။

ဆေးရှိတာ သောက်မိလို့ ရှိယင် အပါယ်နာ ပျောက်မယ်... (မှန်ပါ့)မပျောက်ပေဘူးလား... (ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ဆင်ခြေကတော့ လဲတတ်ဘယ်နော်.... (မှန်ပါ့)ခင်ဗျားတို့လဲလိုက်တဲ့ဆင်ခြေကလဲ ဦးမာဒင်တို့ ဦးသန်း မောင်တို့ သိပ်ကြောက်တာဘဲ ဘုန်းကြီးက....(မှန်ပါ့) ဘာဖြစ် လို့ ကြောက်သတုံးလို့ မေးတဲ့အခါကျတော့အပါယ်မျက်စောင်း ထိုးထိုးပြီးဆင်ခြေလဲတယ် ..(မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့်....(အပါယ်မျက်စောင်းထိုးထိုးပြီးလဲပါတယ်ဘုရား)ဦးလှဘူး၊ ရိပ်မိရဲ့လား.... (ရိပ်မိပါပြီဘုရား)။

တပည့်တော်တို့က ငယ်လဲငယ်သေးတယ်၊ကိုယ်ကမွေးထားတဲ့ဘုစုခရုကလေးတွေလဲ ရှိနေတော့ အရှင်ဘုရားများလို မလွယ်ဘူး (မှန်ပါ့ဘုရား)။

အင်း....သူသွားတော့မယ်၊သွားတော့မယ်၊ရိပ်မိပလား (ရိပ်မိပါပြီ)ဘယ်သွားမှာတုံး.... (အပါယ်သွားမှာပါဘုရား) အံမာလေး ကြောက်စရာကြီးပါလား....(မှန်ပါ့ဘုရား)။

ဩော်....ဒါကြောင့် တကာတကာမတို့ ခင်ဗျားတို့ မအားဘဲနဲ့ အပါယ်သွားရတယ်....(မှန်ပါ့)အလုပ်နဲ့လက်နဲ့ကော ပြတ်ကဲ့လား... (မပြတ်ပါဘုရား)။

အပါယ်တော့... (သွားရပါတယ်ဘုရား) ဩော်.... ဒါဖြင့် မအားရက အပါယ်နာပေါက်တယ်....(မှန်ပါ့)ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

မအားရအနာပေါက်ဆိုတာ ရိပ်မိပလား .... (ရိပ်မိပါပြီ) အခုလဲအလုပ်နဲ့လက်နဲ့ ပြတ်ကဲ့လား.... (မပြတ်ပါဘုရား) သေတော့အပါယ်နာကြီး ပေါက်လာတယ်.... (မှန်ပါ့ဘုရား)။

ကဲ... ဒါဖြင့် ခင်ဗျားတို့အတွက်ကဖြင့် မျှော်လင့်ချက်ကို မရှိဘူး.... (မရှိပါဘုရား)ပစ္စုပ္ပန်မှာမအား၊ သံသရာမှာ အပါယ်အနာပေါက်... (မှန်ပါ့)ဦးမာဒင် ဘယ်ဟာကြိုက်သတုံး... (မကြိုက်ပါဘုရား) ဟာ... မကြိုက်ပေမဲ့ ခင်ဗျားယူရမယ် .... (မှန်ပါ့ဘုရား)။

မကြိုက်ပေမဲ့ ယူရမှာဘဲ .... (ယူရမှာပါဘုရား)နည်းနည်းကလေးမှ် ကျန်းမာလာလို့ရှိယင်ဘဲ ကိုယ့်ဆိုင်ရာ ဆိုင်ရာ မေးချင်တာဘဲ၊ ဘယ့်နှယ်နေသတုံး၊ ဘယ့်နှယ်နေသတုံး၊ ဘယ့်နှယ်နေသတုံးဆိုယင် တဏှာကစ့တာ .... (မှန်ပါ)ရိပ်မိကြပသား.... (ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်နေသတုံးဆိုတာ ဘယ့်နှယ်ဖြစ်ကြပါလိမ့်... (တဏှာကစ့ပါတယ်) အသင့်အတင့် ရှိပါတယ်၊ ဒီအားကြိုးစားလုပ်ဘို့ဆိုတာ့ ဥပါဒါန်ကလာပြီ(မှန်ပါ့)မလာသေးဘူးလား...(လာပါတယ်ဘုရား)။

ဥပါဒါန်လာတယ်ဆို ကာယကံ၊ ဝစီကံနဲ့ ငါလုံးကူညီနိုင်တဲ့ဘက်က ကူညီမယ်ဆိုတော့ ကာယကံ၊ ဝစီကံ၊ မလာသေးဘူးလား(လာပါတယ်ဘုရား)သွားပေတော့ အပါယ်ဇာတိ(မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတရား အားထုတ်ရတာဟာ တပည့်တော်တို့သေသေချာချာသိလာတော့ ရှာဖွေချိန်မရှိဘူးလို့.... (မှန်ပါ့) ဒါကိုခင်ဗျားတို့ တပ်လုံးကထောက်ခံမယ်.... (မှန်ပါ့ဘုရား)။

သေသေချာချာထောက်ခံမယ်၊ ဘယ့်နှယ်တုံး တကာတကာမတို့ ရှာဖွေချိန်ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ရှာဖွေချိန်မရှိတော့ ဘုန်းကြီးတရားသာ နာရလို့ရှိယင် ရှာဖွေချိန်မရှိတော့ဘူး၊ ဘာ့ကြောင့်တုံး သုခဝေဒနာပေါ်လဲ ရှုရမှာကိုး၊ ဒုက္ခဝေဒနာပေါ်လဲ... (ရှုရမှာပါဘုရား) ဝေဒနာကလဲ

မပြတ်ဘူးဘုရား၊ ရှုလဲနေရမယ်ဆို ရှာဖွေခြိန် မရှိတော့ဘူး ... (မှန်ပါ့ဘုရား)။

ဩဩ....ခင်ဗျားတို့ကလဲ ခက်လိုက်တာ ရှာဖွေချင်တဲ့၊သခ်ါရနယ်အတွင်းက တဏှာမျက်စိနဲ့. ပြောတာကိုး.... (မှန်ပါ့)မရှာဘဲနဲ့ ချမ်းသာလို့ရှိယင် ရှုသာနေ ချမ်းသာဗာယ်....(မှန်ပါ့) ရှာဖွေချင်လို့ရှိယင် အပါယ်ထိအောင် သွားရမယ် .... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ရှာဖွေချင်တဲ့ ပုဂ္ဂိုလ်သည် တကာ တကာမတို့ တဏှာဥပါဒါန်သွားတဲ့ပုဂ္ဂိုလ် ... (မှန်ပါ့)မဂ်အားထုတ် နေရတဲ့ ပုဂ္ဂိုလ်သည် အငတ်ပျောက်တဲ့ပုဂ္ဂိုလ်(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

မဂ်အားထုတ်တဲ့ပုဂ္ဂိုလ်က .... (အငတ်ပျောက်တဲ့ ပုဂ္ဂိုလ်ပါဘုရား)။

အဲဒီတော့ အငတ်ပျောက်တဲ့ အလုပ်မှ မလုပ်ဘဲနဲ့၊အငတ်သဘောချည်းပြောနေယင် ဒါတွေလာမှာဘဲ.... (မှန်ပါ့) ရှင်းပပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဆင်ခြေကော လဲချင်သေးသလား .... (မလဲချင်ပါဘုရား)လဲယင်လဲ ခင်ဗျားတို့သွားပြီ ... (မှန်ပါ့) မသွားသေးဘူးလား.... (သွားပါတယ်ဘုရား)။

အရှင်ဘုရား တရားသာအားတုတ်နေမယ်ဆိုယင်၊ဘုရားဟောတော်မူတာချည်းသာ လိုက်နေရယင်တပည့်ဟော်တို့ ရှာဖွေခြိန် မရှိဘူး (မှန်ပါ့ဘုရား)။

ဘုန်းကြီးက ရှာဖွေမှာ အင်မတန်ကြောက်တယ်.... (မှန်ပါ့) ချမ်းချမ်းသာသာနဲ့ နိဗ္ဗာန် ရောက်စေ ချင်တယ် .... (မှန်ပါ့ ဘုရား)။

ခင်ဗျားတို့ကလဲ ကြက်လိုယက်ပြီး စားရမှ၊ ဝတ်ရမှ၊ ကြိုက်လေတော့မတတ်နိုင်ဘူး(မှန်ပါ့)ရိပ်မိပလား(ရိပ်မိပါပြီ)အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ကဲ... ဒါဖြင့်ရှာဖွေရတာကြိုက်မလား၊ ကဲ...မရှာဘဲနဲ့ဝတာကြိုက်မလား(မရှာဘဲနဲ့ဝတာ ကြိုက်ပါတယ်ဘုရား)။

ဟာ... ဒီဥစ္စာ ခင်ဗျားတို့ အပြောသာညီညွတ်မှာနော်၊အလုပ်ကျတော့ လုပ်မှာမဟုတ်ဘူး၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ကဲ ဒါဖြင့် လုပ်ဖြစ်အောင်လုပ်ပါ....(မှန်ပါ့) သုခဝေဒနာပေါ်လဲ...(ဖြစ်ပျက်ရှုရပါတယ်ဘုရား) ဒုက္ခဝေဒနာပေါ်လဲ .... (ဖြစ်ပျက်ရှုရပါတယ်ဘုရား)။

ဥပေက္ခာ ဝေဒနာပေါ်ယင်လဲ (ဖြစ်ပျက်ရှုရပါတယ်ဘုရား) ဟော....ဝတ်တတ်တဲ့တဏှာပျောက်ပြီ .... (မှန်ပါ့) လိုချင်တဲ့တဏှာ ... (ပျောက်ပါပြီဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော် မြတ်ကြီးသည် တပည့်သာဝကတွေကို သက်သေခံ လုံလောက်အောင် တကာသစ်ပြပြီနော်....(မှန်ပါ့ဘုရား)။

ရဟန္တာဖြစ်တဲ့ နေ့ကစပြီး ဆွမ်းခံ ကျွေးနေတာကို မကျွေးချင်ဘူး....(မှန်ပါ့)ခန္ဓာကျွန်ခံရတာ နာလိုက်တာလို့ စိတ်ထဲမှာ ဒီအတိုင်းပေါ်တယ်....(မှန်ပါ့ဘုရား)။

ခန္ဓာကျန်ခံရတာက တသံသရာလုံးကလဲ ကုန်းခံရသေးတယ်၊ အခုထက်ထိ တဏှာကုန်တာခတောင်မှ ဒီခန္ဓာကြီးဟာနံနက်ကျွေးပါဦးဆိုတော့ ခိုင်းနေခသေးတယ်ဆိုပြီး သဘာလ ရဟန္တာဖြစ်တဲ့နေ့ကစပြီး ခန္ဓာကြီး၏ ပရိနိဗ္ဗာန် စံချင်စိတ် ချက်ချင်းပေါ်တာဘဲ... (မှန်ပါ!) ခန္ဓာကျန်ခံရမှာ ဘယ်လောက် ကြောက်သလဲ .... (ကြောက်ပါတယ်ဘုရား)။

ခင်ဗျားတို့ကဖြင့် မေးလိုက်တာ တရား အားထုတ် နေယင် ဘယ်နှယ်တုံး၊ ဘာလုပ်စားမလဲ(မှန်ပါ!) တယောက် တယောက်လဲ ခင်ဗျားတို့က ဒါဘဲတွန်းနေတာ... (မှန်ပါဘုရား)။

မင်းတို့ သိပ်မလိုက်နဲ့နော်၊ ငတ်ကုန်မယ်....(မှန်ပါ!) အံမာလေးဒုက္ခဘဲ၊ နဂိုရင်တော်နေတာတော့ မသိဘူး(မှန်ပါ!)အခုတော့ သိကြပလား... (သိပါပြီဘုရား)။

ဒါဖြင့် တရား အားတုတ် တာသည် တကာ တကာမတို့ အငတ်ပျောက်တယ် အောက်မေ့ (မှန်ပါ!)ရှင်းပြီနော်... (ရှင်းပါပြီ)တရားအားမထုတ်ယင် အငတ်ကြီးပွားတယဲ....(မှန်ပါ!) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တရားအားထုတ်ယင် (အငတ်ပျောက်ပါတယ်ဘုရား)တရားအားမထုတ်ယင်....(အငတ်ကြီးပွားပါတယ်ဘုရား)ဒါဖြင့် ဘယ်ဟာ ကြိုက်သတုံး.... (အငတ်ပျောက်တာကြိုက်ပါတယ်ဘုရား) အငတ်ပျောက်တာကြိုက်ယင် အားသာထုတ်ပါ၊ ရိပ်မိပလား.... (ရိပ်ပါပြီဘုရား)။

ကဲ... ဒီနေ့ ဒီတွင်တော်ကြဦးစို့....

သာဓု... သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရဘူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
"အမဲ-အဖြူစသော တရားလေးမျိုး"
"တဏ္ဍာမူလက တရားကိုးချက်"

နေ့အလုပ်ပေးတရားတော်

၅- ၁၀- ၆၁

တကာတကာမတွေ တရားအားထုတ်ရဘယ်ဆိုတဲ့ ဥစ္စာဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက ဒါလောက်တိုက်ဘွန်းပါလိမ့်မလဲလို့ မေးဘော့ တကာ တကာတွေ သန္တာန်မှာ တရားတွေရှိနေလို့ တရားအားထုတ်ခိုင်းတယ်လို့ ဆောက်မေ့ရမယ်.... (မှန်ပါ့ဘုရား)။

တရားတွေက ခန္ဓာကိုယ်ထဲမှာရှိပြီး နေတော့ ငါဒီတရားတွေကို အားထုတ်ရမယ် ဆိုတဲ့ ဥစ္စာ ဟောထားတယ် .... (မှန်ပါ့ဘုရား)။

တရားက လေးမျိုးရှိတယ်၊ မည်းနက်တဲ့တရားတမျိုး၊ဖြူစင်တဲ့တရားတမျိုး၊ အမည်းအဖြူရောတဲ့ တရားတမျိုး၊ မမည်းမဖြူတဲ့တရားတမျိုး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အားလုံး တကာတကာမတွေ့ ယခုနေ့ သေသေချာချာမှတ်ပါ တဲ့၊ တကာတကာမတို့၏ ခန္ဓာကိုယ်ထဲမှာ တရားသည်ကားလို့ ဆိုယင် မည်းနက်တဲ့တရားလဲရှိတယ်နော်... (မှန်ပါဘုရား)။

ဖြူတဲ့တရားလဲရှိတယ်နော် .... (မှန်ပါ) အမဲအဖြူရောတဲ့ တရားလဲ... (ရှိပါတယ်)မမည်းမဖြူတဲ့တရားလဲ .... (ရှိပါတယ် ဘုရား)။

သြော်.... တကာ တကာတို့ သန္တာန်မှာ တရားကလေးမျိုး တောင် ရှိနေတာယ်လို့ မှတ်ရမယ်... (မှန်ပါဘုရား)။

ခန္ဓာထဲ တရားဘယ်နှစ်မျိုးရှိပါလိမ့် .... (လေးမျိုးရှိပါတယ် ဘုရား)လေးမျိုး၊ လေးမျိုး သေသေချာချာ မှတ်ကြပါ၊ သြော် ဒါဖြင့် တရားနာကြတယ်ဆိုတဲ့ ဥစ္စာ ဒီတရားလေးမျိုးကို သိဘို့ အရေးကြီးတယ်.... (မှန်ပါဘုရား)။

တရားနာကြတဲ့ တကာတကာမ းတွေ့၏ ခန္ဓာကိုယ်ထဲမှာတရား လေးမျိုးရှိတယ်နော်... (မှန်ပါ) တရားလေးမျိုးရှိပြီး သကာလ နေတော့ ဒီတရားလေးမျိုးကို ဂရုစိုက်ပြီး သကာလ သြော်... ဒီတရားက ရှိထိုက်တဲ့တရား၊ဒီတရားက မရှိထိုက်တဲ့တရား၊ဒီတရား ဟာဖြင့် ရှိပြန်လဲ အရောအနှောဖြစ်နေလို့ မကောင်းတဲ့တရား၊ ဒီတရားသည် မမည်းမဖြူတဲ့တရားကို ကိုယ်ပိုင်တရား လုပ်ရမှာ ဘဲဆိုတဲ့ဥစ္စာ တကာသစ် အရေးကြီးတယ် (မှန်ပါဘုရား)။

ဒါကြောင့် တကာတကာမတို့၏ခန္ဓာကိုယ်ထဲမှာ တရားလေး မျိုးရှိတယ်လို့ စောစောက မှတ်ထားပါ.... (မှန်ပါဘုရား)။

တရားဘယ်နှစ်မျိုးရှိပါလိမ့်.... (လေးမျိုး ရှိပါတယ်ဘုရား) လေးမျိုးရှိတယ်ဆိုတဲ့ဥစ္စာ သေသေ ချာချာ မှတ်ထား တော့မှ သြော်... ဒို့ သည်ကားလို့ ဆိုယင် တရား နှစ်မျိုးတည်း အောက်မေ့နေတယ်၊ ကောင်းတာနဲ့ မကောင်းတာဘဲ... (မှန်ပါ) ဒီနှစ်မျိုးတည်း မှတ်ထားတော့ တကာ တကာမတွေ လွဲနေပြီ .... (လွဲပါတယ်ဘုရား)။

တကာတကာမတွေက တရားနှစ်မျိုးတည်းရှိတယ်လို့ ထင်ကြတယ်၊ ကောင်းတာနဲ့ မကောင်းတာဘဲ တရားဟာ ဒီနှစ်မျိုးရှိတာဘဲလို့ ဒီလိုအောက်မေ့ နေကြတော့ဘုရားသခင်ကိုယ်တော် မြတ်ကြီး ဉာဏ်နဲ့ ဝေဘန်လိုက်တဲ့ အခါကျတော့မှ မင်းတို့ ဒီလိုအောက်မေ့မနဲ့ တရားလေးမျိုး ရှိတယ်ဆိုတဲ့ ဥစ္စာ သေသေ ချာချာမှတ်ရမယ်....(မှန်ပါဘုရား)။

ဘုန်ကြီးက တကာတကာမတွေကို ထိုးထိုး ထွင်းထွင်း မှန်မှန် ကန်ကန် စစ်စစ် မြစ်မြစ် ကြီးကို သိစေချင်တယ် .... (မှန်ပါဘုရား)။

အဲဒီတော့ တကာ တကာမတွေ သိထားတာကလဲ အသိကနည်းတော့ အကောင်းနဲ့အဆိုး ရှိတာဘဲကွာ အကောင်း အဆိုး ရွောင် ပြီးတာပါဘဲ ...(မှန်ပါဘုရား)။

သြော်.... ကိုယ့်ဉာဏ်ကလေး မှိသေသောက်နဲ့ ကိုယ်ထောက် ပြီး သကားလ နေပြန်တော့ တကယ့် လိုရင်းတွေ ဟာနေပါကော

လားဆိုတာ တကာသစ်ရေ ရှင်းကြည့်မှ သိတယ် .... (မှန်ပါ ဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ တရားရှင်းကြ ပါစို့လို့ ဆိုတော့ တကာတကာမတို့ ပစ္စည်း ရှာကြတယ်ဆိုတော့ ဒီခန္ဓာကိုယ်ကြီးအတွက်နဲ့ ပစ္စည်းရှာကြတယ်နော်.... (မှန်ပါဘုရား)။

ဒါက ခန္ဓာငါးပါး တကာ တကာမတွေ့၏ ခန္ဓာကိုယ်ကြီး ထားပါတော့ဗျာ တကာကြွယ် (မှန်ပါ) ဒီခန္ဓာကြီးအကြောင်း အရှင်းခံပြီး သကာလ ခန္ဓာကဘာခန္ဓာတုံးဆိုတော့ ဝေဒနက္ခန္ဓာ (မှန်ပါဘုရား)။

ခန္ဓာက ဘာခန္ဓာပါလိမ့်... (ဝေဒနက္ခန္ဓာပါဘုရား)ရုပက္ခန္ဓာ စားချင်လို့ ဒါလောက်ကိုစွမ်ရှိဘူး.... (မှန်ပါ)ဝေဒနာခံစားချင် လို့ ရှာကြတာ.... (မှန်ပါဘုရား)။

တကာတကာမတို့ချမ်းသာချင်ကြ သလားလို့ ဒုက္ခလို့ရှိယင် ဖြင့်ဘယ်နှယ်ဖြေကြမလဲ.... (ချမ်းသာချင်ကြပါတယ်ဘုရား)ချမ်း သာချင်ကြတယ်ဆိုတဲ့ဥစ္စာ လာကြတယ်.... (မှန်ပါဘုရား)။

ခန္ဓာကိုယ်ထဲမှာ ချမ်းသာတဲ့ ဝေဒနာကြီး ပါပြီးသား .... (မှန်ပါ)ချမ်းသာတဲ့ ဝေဒနာကြီးက ပါပြီးသား ဖြစ်နေတော့ ဒီဝေဒနာအတွက်ဟာ တကာသစ်တို့က ဒီခန္ဓာကိုယ်ကြီးနဲ့ ပတ် သက်ပြီး သကာလ သူ့ကိုခင်ကြမင်ကြတယ်(မှန်ပါ)ဒီခန္ဓာကိုယ် ကြီးက ဝေဒနာကိုခင်ကြတယ်....(မှန်ပါဘုရား)။

ခန္ဓာက ဝေဒနာခန္ဓာနော်.... (မှန်ပါ့)ဝေဒနာခန္ဓာကို မခင်ကြဘူးလား....(ခင်ကြပါတယ်) ဩော်.... ဒီခန္ဓာကြီးကလဲ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာနဲ့ ၊ ဝေဒနာကခန္ဓာကြီးပေါ့ဗျာ (မှန်ပါ့ဘုရား)။

ဒီဝေဒနာကြီးကို တကာ တကာမ တွေ့က မသိတော့ ခင်ကြတယ်(မှန်ပါ့)ဒါကြောင့် ဝေဒနံ ပဋိစ္စတကဲ့ာ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)ခန္ဓာခင်တာဟာ တဏှာဘဲ (မှန်ပါ့ဘုရား)။

ခန္ဓာခင်တာ တဏှာဆိုခဲတော့ ဒီတဏှာကရှိနေတော့ ဩော် ဒီခန္ဓာကြီး ခင်တယ်၊ ဒီခန္ဓာကြီး ခင်သို့ ရှိယင်ဖြင့် ဒီခန္ဓာကြီးကို ကျွေးဘို့မွေးဘို့ရှာမှာဘဲ....(မှန်ပါ့) ကဲ.... ရှာတဲ့တဏှာက နောက်ထပ်ပွားလာတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဝေဒနံ ပဋိစ္စတဏှာ ရှင်းပြီနော် .... (ရှင်းပါပြီ) တဏှာပဋိစ္စ ပရိယေသနာ....(မှန်ပါ့)တဏှာအကြောင်းရင်းခံပြီး ဘာဖြစ်လာသတုံး.... (ပရိယေသန ဖြစ်ပါတယ်ဘုရား) ပရိယေသနဆိုတာရှာမှီးတာ....(မှန်ပါ့ဘုရား)။

ဩော် — တကာ တကာမတွေ ဘာမျှားလုပ်နေကြသတုံး၊ မေးတဲ့အခါကျတော့ တပည့်တော်တို့ ခန္ဓာကိုယ်ကြီးကို တပည့်တော်တို့ ခင်တဲ့အတွက် တပည့်တော်တို့ စီးပွားရှာကြတယ် .... (မှန်ပါ့ဘုရား)သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာလုပ်ကြသတုံး....(စီးပွားရှာကြပါတယ်ဘုရား) အင်း....

တကာသစ် လက်သယ်ရှာလိုက်တော့ ဦးမာဒင်လဲ လက်သည်ရှာပါ၊ ဦးသန်းမောင်တို့ လက်သည်ရှာပါ၊ သြော်... ဒီခန္ဓာကို ခင်ခြင်းအကြောင်း ရှာတာဘဲ.... (မှန်ပါ ဘုရား)။

ဒီခန္ဓာခင်တာက တဏှာ သဘောကျပလား .... (ကျပါပြီ) ဒီတဏှာရှိလာတော့၊ ဒီတဏှာသည် အညှန့်ထွက်လာတယ် .... (မှန်ပါ ဘုရား)။

ဘယ်လို အညှန့် ထွက်လာသတုံး မေးတော့ ဒီတဏှာပင်က နေပြီး ရှာတဲ့ တဏှာဆိုတဲ့ အညှန့်ပေါက်လာတယ်.... (မှန်ပါ) မပေါက်ဘူးလား (ပေါက်ပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတို့ ဝဝနံပဋိစ္စတဏှာ၊ တဏှာ ပဋိစ္စ (ပရိယေသနပါဘုရား) ပရိယေသနလို့ မှာထားလိုက်ဇမ်းပါ (မှန်ပါ) တဏှာအကြောင်းရင်းခံပြီး ပရိယေသန တဏှာပေါ်ပြန်တယ် (မှန်ပါဘုရား)။

သြော် .... တကာ တကာမတွေ စီးပွားရှာနေကြတာလား၊ တဏှာပွားနေ ကြတာလား မေးကြပါစို့.... (တဏှာပွားနေကြတာပါဘုရား)။

ဒါဘာမှ သံသယမရှိနဲ့ မဟာနိဒါနသုတ် ပါဠိတော်မှာ ဘုရားသခင် ကိုယ်တော် မြတ်ကြီးသည် ရှင်အာနန္ဒာက ပဋိစ္စသမုပ္ပါဒ် လွယ်သယောင်ယောင် ထင်မိပါတယ်လို့ လျှောက်လို့ မလွယ်ဘူးကွ မင်းဖြစ်နေတာကို မင်းမသိပါဘူးလို့ ဟောတာ (မှန်ပါဘုရား)။

ဒါဖြင့် တကာဘကာမတို့ ဒါကခန္ဓာကြီးပေါ့ဗျာ (မှန်ပါ) အခုတရားနာနေကြဘဲ့ တကာဘကာမတွေ၏ ခန္ဓာကြီး(မှန်ပါ့) ဝေဒနံပဋိစ္စတဏှာ (မှန်ပါ့)ဒါက ခန္ဓာခင်တဲ့တဏှာခန္ဓာခင်တဲ့ တဏှာရှိနေကြတဲ့ တကာ တကာမတွေ ကျနော် ကိုယ့်ခန္ဓာ အတွက်လဲ ရှာရမှာဘဲ၊ သားသမီးခန္ဓာတွေ ခင်ပြန်တော့ကော (ရှာရမှာပါဘုရား) ဩော်.... ရှာတာထဲကတဏှာ ပွားသာတယ် (မှန်ပါဘုရား)။

ရှာတဲ့ဘဏှာ ပွားလာတော့ကို တကာသစ်၊ ကကာကြွယ်တို့ ဦးမာဒင်တို့ ဦးသန်းမောင်တို့က စဉ်းစားတာပေါ့၊ ဩော်.... ဒီခန္ဓာခင်ဘဲ့ တဏှာက ရှာမှီးဘို့ဘဏှာကိုး.... (မှန်ပါ့)ရှာမှီးဘို့ တဏှာ ပေါက်ပွားလာအောင် သူလုပ်ဘာဘဲ....(မှန်ပါဘုရား)။

ဒါဖြင့် တဏှာသည်ကားလို့ ဆိုယင်ဖြင့် တကာ တကာမတို့ ဒီအတိုင်း နေသလားဘဲ့- တဏှာကို ပေါက်ပွား စေသလား .... (ရှာမီးတဲ့တဏှာကို ပေါက်ပွားစေပါတယ်ဘုရား)။

ဩော်....တကာသစ်တို့ နေ့မအားညမအား လူယားမြောက်တဲ့ နေ့ကစပြီး တကာတကာမတွေ ဒီခန္ဓာခင်လို့ ဒီရှာမှီးတဲ့ အလုပ်ဟာ မအားရဘူး.. (မှန်ပါဘုရား)။

တခန့မှ မအားတော့ကို ဩော်.... ဒါခတ္တဟာ မည်းနက်တဲ့ တရားပါလားလို့ လဲ ကိုယ်ကမသိဘူး.... (မှန်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ စဉ်းစားကြည့်ပါတဲ့၊ ညအမှောင်ကြီးသွားတယ်၊ ညအမှောင်ကြီး သွားတဲ့အခါကျတော့မြင်ပေမဲ့ ကမ်းကကိုက်တယ် ဘာနဲ့ကိုက်မှန်းမသိဘူး (မှန်ပါ့) သေတော့သေတာဘဲ့....(မှန်ပါဘုရား)။

သြော်... ဒါဖြင့် ခင်ဗျားတို့လဲ ဘာကောင်ကိုက်မှန်းမသိဘူးနော်... (မှန်ပါ့) အပါယ်လေးပါးတော့ ရောက်ရတော့မယ်... (မှန်ပါ့) ရှာမှီးတဲ့တဏှာကြောင့် အပါယ်လေးပါးတော့... (ရောက်ရပါတော့မယ်ဘုရား)။

ဘာကောင်ကိုက်မှန်းတော့ ခင်ဗျားတို့ မသိဘူး ခက်နေပြီ... (မှန်ပါ့) ဒါထုံးစံဘဲ၊ ဘုရားတပည့်တော်တို့ လူရယ်လို့ဖြစ်ယင် ရှာရတာဘဲ ဆိုတော့ ဘုန်းကြီးက မကန့်ကွက်ပါဘူး၊ သို့သော်... မြေပေါ်ကလေးကိုတော့ ခင်ဗျားတို့က မသေဘူးတော့ မထင်နဲ့... (မှန်ပါ့) သဘောကျပလား...(ကျေပါပြီဘုရား)။

ခင်ဗျားတို့ ထုံးစံကတော့ဖြင့် တကာကြွယ်တို့ လူစုတွေက ကိုယ့်ခန္ဓာခင်ယင်တော့ ရှာရမှာဘဲဘုရာ့...(မှန်ပါ့) ကိုယ့်သားမယားခန္ဓာခင်ယင်ကော...(ရှာရမှာပါဘုရား)။

ဒီရှာတဲ့တဏှာသည် တကာတကာမတို့ မဲနက်တဲ့တရားလား၊ ဖြူပေါ့ဝင်းတဲ့တရားလား... (မဲနက်တဲ့တရားပါဘုရား)။

ဒါဖြင့် ဒါကလေးက တကာတကာမတို့ ဒီခန္ဓာထဲပေါ်တာ (မှန်ပါ့) တကာ တကာမတွေခန္ဓာထဲ ပေါ်တာဘဲ...(မှန်ပါ့ ဘုရား)။

ဒီခန္ဓာထဲပေါ်တော့ ဒီတဏှာသည် တကာ တကာမတို့ကို ဘာလုပ်မှာတုံးမေးတော့ အို... ဘုရားကဟောသားဘဲ၊ ဝါးပင်မှာ သူရှိတဲ့ဝါးပင်ထဲက ထွက်လာတဲ့အသီးက ဝါးပင်ကို သေအောင် သတ်တယ်တဲ့... (မှန်ပါ့ဘုရား)။

ဌက်ပျော်ပင်မှာ ဌက်ပျော်ပင်ထဲမှာရှိတဲ့ အသီးမျိုးစေ့က ဌက်ပျော်ပင်ကို သေစေတယ်... (မှန်ပါ့) လဲပါ့မလား....(မလဲပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ထဲမှာ ဖြစ်တဲ့ တဏှာက ခင်ဗျားတို့ကိုဘဲ အရှာခိုင်းတယ်....(မှန်ပါ့) ရှာခိုင်းတဲ့တဏှာက ခင်ဗျားတို့ကိုဘဲ အပါယ်လေးပါးပို့တယ်....(မှန်ပါ့) ကြောက်စရာ သိပ်ကောင်းပါကလား... (ကောင်းပါတယ်ဘုရား)။

သို့ပေမဲ့လို့ ခင်ဗျားတို့က အရှာသေးသေးကြိုက်သလား၊ ကြီးကြီးကြိုက်သလားမေးယင် ဘယ်နှယ်ဖြေပါ့မလဲ.... (အရှာကြီးကြီး ကြိုက်ပါတယ်ဘုရား)။

ဟာ... မြေပေးငယ်ကိုက်ပြီး မသေချင်ဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်လိုများ မှတ်ကြပါလိမ့် တကာကြွယ်.... (မြေပေးငယ်ကိုက်လို့ မသေချင်ပါဘုရား) ပေါ်ကြပလား တကာ တကာမတို့....(ပေါ်ပါပြီဘုရား)။

မြေပေးကလေး ကိုက်သေရတာ ကံနည်းတယ် ထင်တယ်.... (မှန်ပါ့) မြေပေးကြီးကိုက်သေရယင် ကံကောင်းတယ်(မှန်ပါ့) မျက်စိလည်ပုံလေ....(မှန်ပါ့ဘုရား)။

တကာ တကာမတို့ ဘယ်လိုပါလိမ့်-(မျက်စိလည်ပုံပါဘုရား) မျက်စိလည်လေ ခင်ဗျားတို့က ဆန်ရလေမဟုတ်ဘူး၊ အပါယ်ရလေဖြစ်နေတယ်... (မှန်ပါ့ဘုရား)။

သီလရှင်တွေ ဆွမ်းဆန်ခံတော့ မျက်စိလည်လေ ဆန်ရလေဖြစ်တယ် (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့) ခင်ဗျားတို့ကျတော့ မျက်စိလည်လေ အပါယ်ရလေဘဲ....(မှန်ပါ့ဘုရား)။

သို့သော်.... ဒါတွေကို တကာ တကာမတွေက အပြစ်တော့ မယူပါဘူး....(မှန်ပါ့) ဟိုအိမ်ကလဲ ဒီအတိုင်းဘဲရှာနေတာဘဲ.... (မှန်ပါ့) အရှေ့ဘက်အိမ်ကလဲ ဒီအတိုင်းပါဘဲ၊ အနောက်ဘက်အိမ်ကလဲ.... (ဒီအတိုင်းပါဘုရား)။

မြေပဲတော့ ကိုက်နေတာဘဲ... (မှန်ပါ့) ကိုက်ပင်ကိုက်ငြားသော်လဲ ကိုက်တဲ့လူချင်း ကြည့်ပြီးသကာလ သူတို့လဲ ကိုက်နေတာဘဲ၊ ဒို့လဲကိုက်နေတာဘဲ၊ ဘာကိစ္စရှိမလဲ၊ ဘာမှကိစ္စမရှိဘူး၊ အပါယ်သေးပါးသွားရုံဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားက မဟာနိဒါနသုတ်မှာဟောတယ်၊ ဇဝဒနံ ပဋိစ္စ တဏှာ၊ တဏှာပဋိစ္စ ပရိယေသနာ။ပရိယေသနဆိုတာ ရှာမှီးတဲ့တဏှာ....(မှန်ပါ့) ဒီဟာက ခန္ဓာခင်တဲ့တဏှာ(မှန်ပါ့) ဒီဟာက ဘာတုံး... (ရှာမှီးတဲ့တဏှာပါဘုရား)။

ဦးမာဒင်တို့- ဦးသန်းမောင်တို့ မှတ်လိုက်စမ်းပါ၊ တဏှာနှစ်မျိုးရှိပါကလား... (မှန်ပါ့) ခန္ဓာခင်တဲ့ တဏှာတမျိုး ၊ခန္ဓာခင်လို့ ရှာမှီးတဲ့တဏှာက....(တမျိုးပါဘုရား)။

သြော် တကာသစ် ဘယ်နှစ်မျိုး ရှိသွားပလဲ.... (နှစ်မျိုးပါဘုရား)။

တဏှာ ပဋိစ္စ ပရိယေသနာ...တဲ့၊ ခင်ဗျားတို့ ဟိုသွားလိုက်၊ ဒီသွားလိုက်၊ တကာသစ်တို့ ချည်ရမည့်ဆီသွားလိုက်၊ ချည်ထည် အရောင်းအဝယ်စ့်မည့်ဆီသွားရ၊ ဒါတွေဟာ ပရိယေသနတွေ ပေါ့ဗျာ....(မှန်ပါဘုရား)

ဒါဘယ်သူ့ကြောင့် ဒီပရိယေသန ဖြစ်လာပါလိမ့်မတုံးမေး ယင် ဘယ်နှယ်ဖြေကြပါမလဲ....(တဏှာကြောင့်ပါ) ဒီတဏှာ ဘယ်နှယ်ကြောင့် ပေါ်လာပါလိမ့်မတုံး- မိုးပေါ်ကျလားလို့ မေးတဲ့အခါကျတော့ ဒီခန္ဓာခင်လို့ ပေါ်တာ(မှန်ပါဘုရား)။

ဒါဖြင့် ဝေဒနံပဋိစ္စ-(တဏှာပါဘုရား)တဏှာ ပဋိစ္စ-(ပရိယေသနာပါဘုရား) ဘာကာ တကာမတို့ ပရိယေသန တဏှာဆိုတာ ထင်ရှားပါပြီ... (မှန်ပါဘုရား)။

"ပရိယေသနံ ပဋိစ္စလာဘော"....တဲ့၊ သြော်....ခင်ဗျားဘို့ဟာ အရှာခကောင်းတော့ ရကြတယ်...(မှန်ပါ့) အရှာခကောင်းဘော့ လောဘဖြစ်ပြီ....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

တကာကြွယ်-ရတဲ့သဘောကလေး....(ပေါ်လာပါပြီဘုရား)။
ဒီရတဲ့သဘောကလေးဟာ တကာသစ်ရေ.... ဦးမာဒင်တို့-ဦးသန်းမောင်တို့ အလိုလိုရတာလား, ရှာမှီးတဲ့တဏှာကြောင့် ရတာလား....(ရှာမှီးတဲ့တဏှာကြောင့် ရတာပါဘုရား)။

ဒီရှာမှီးတဲ့တဏှာကလဲ ဘယ်နှယ်ကြောင့် သူပေါ်လာပါလိမ့်၊ ခန္ဓာခင်တဲ့တဏှာကြောင့်....(မှန်ပါ့) ဒီတဏှာ အလိုလို

ပေါ်လာတာလား လို့ မေးယင် ဘယ့်နှယ်ဖြေကြပါ့မလဲ....(ခန္ဓာကြောင့်ပါဘုရား)။

ခန္ဓာကြောင့် တဏှာ ပေါ်လာတယ်၊ တဏှာပေါ်သောကြောင့် ရှာမှီးတယ်၊ ရှာမှီးလို့ ရတယ်....(မှန်ပါ့ဘုရား)။

ကဲ... ရပါစေတော့....၊ ရတဲ့အခါကျတော့ ခင်ဗျားတို့က ပြုံးပြုံး-ပြုံးပြုံးနဲ့ ပေါ့ဗျာ တကာသစ်-မပြုံးမိဘူးလား (ပြုံးမိပါတယ်ဘုရား) နည်းနည်းရယင်းတော့ မပြုံးပါဘူးပေါ့ဗျာ.... များများရယင်တော့....(ပြုံးပါတယ်ဘုရား)။

ဒီအပြုံးသည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် တကာ တကာ မတို့ မေးဘို့မလိုဘူးလား. (လိုပါတယ်ဘုရား) ဟောဒီရှာမှီးတဲ့ တဏှာက အပြုံးခိုင်းတာ....(မှန်ပါ့ဘုရား)။

ဘယ်သူက အပြုံးခိုင်တာတုံး.... (ရှာမှီးတဲ့တဏှာက အပြုံးခိုင်းတာပါဘုရား)။

ဒါဖြင့် ဒါသည် ဦးမာဒင်· ဥာဏ်ပြုံးလား, တဏှာပြုံးလား (တဏှာပြုံးပါဘုရား)။

ငါသွားရမည့်လမ်း၊ အပါယ်လေးပါးရောက်တဲ့အလုပ် လုပ်မိတာ....တဲ့၊ ပြုံးများနေလိုက်သေးတယ်.... (မှန်ပါ့) ဖြစ်မှ ဖြစ်ရသေ....(မှန်ပါ့ဘုရား)။

တကာကြွယ်.... ဘယ်သွားရမှာကြောင့် ပြုံးတာပါလိမ့်.... (အပါယ်သွားရမှာကြောင့် ပြုံးတာပါဘုရား)အပါယ်လေးပါးသွားရမှာကြောင့် ပြုံးတယ်....(မှန်ပါ့ဘုရား)။

သြော်.... ဒါဖြင့် တကာ တကာမတို့ မြေပြေးကလေးကိုက် တာတောင် ပြုံးတုန်းရှိသေးတယ်.... (ပြုံးတုန်း ရှိပါသေးတယ် ဘုရား)သေမှာကတော့ ခဏဘဲ... (မှန်ပါ့) သို့ဆသော် သူမသေခင် ဘာလုပ်နေသဘုံး.... (ပြုံးနေပါတယ်ဘုရား)။

ဒါဖြင့် သေကာနီးပြုံး... (မှန်ပါ့) သေကာနီးပြုံး-မကျ ဘူးလား...(ကျပါတယ်ဘုရား)။

ဦးမာဒင်တို့- ဦးသန်းမောင်တို့ သိပ်ဆိုးတယ်....(ဆိုးပါတယ် ဘုရား) ကဲ....ဒါကြောင့် ခန္ဓာကြောင့် တဏှာဖြစ်တယ်၊ တဏှာ ရှိလို့ ရှာတဲ့တဏှာပေါ်တယ်၊ ရှာတဲ့တဏှာကြောင့် ထိုက်တန် သလောက်ရတယ်..(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် သြော်.... ဒို့ပဋိစ္စသမုပ္ပါဒ်ဟာ ဒါက ဟိုတသံသရာလုံးလည်တဲ့ ပဋိစ္စသမုပ္ပါဒ်လို့ မဆိုသေးဘူး၊ ဒီအိမ် အတွင်းမှာလည်နေတဲ့ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ပါ(မှန်ပါ့ဘုရား)။

တသံသရာလုံးလည်ဘာကို ဟောလိုရင်း မဟုတ်သေးဘူး၊ အိမ်တွင်းလည်တာကို ဟောနေတာ....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနံ ပဋိစ္စ တဏှာ၊ တဏှာ ပဋိစ္စ .... (ပရိယေသနာ) ပရိယေသနံ ပဋိစ္စ လာဘော... တဲ့ (မှန်ပါ့) သေသေချာချာမှတ် ပါ....(မှန်ပါဘုရား)။

လာဘောဆိုတာ လာဘ်ရတယ်....(မှန်ပါ့) တကာကြွယ်.... ရတော့ ဘယ့်နှယ်ဖြစ်သွားသတုံး.... (ဝမ်းသာပါတယ် ဘုရား) ပြုံးလာတယ်... (မှန်ပါ့ဘုရား)။

နောက်က တကာ တကာမတွေ ရတဲ့အခါ ဘယ့်နှယ်နေကြသတုံး.... (ပြုံးလာပါတယ်ဘုရား) ပြုံးကြ-ပြုံးကြ.... ခင်ဗျားတို့ အပြုံးဟာ မသက်သာဘူးနော်....(မှန်ပါ့) မသက်သာဘူး တကာသစ်ရ....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်.... ရှာတဲ့တဏှာက အပြုံးခိုင်းလို့ ပြုံးတာဘဲ.... (မှန်ပါ့) ရှာတဲ့တဏှာဟာ မဲနက်တဲ့တရားလား....ဖြူစင်တဲ့တရား လား....(မဲနက်တဲ့တရားပါဘုရား)။

မဲနက်တဲ့တရားက အပြုံးခိုင်းတော့ကို မဲနက်တဲ့တရားသည် တကာ တကာမတို့ မဲနက်ရာဘဲပို့ရမယ်...(မှန်ပါ့) သဘောပါ ပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် လာဘ် ပဋိစ္စ-လာဘ်ရလဲ ရပါရောတဲ့၊ ပစ္စည်းလဲ သိန်းကိုးသောင်းရပါရော- လာဘ်ပဋိစ္စ ဝိနိစ္ဆယော တဲ့၊ ဆုံးဖြတ်ချက်ချတယ်....(မှန်ပါ့ဘုရား)။

ဒါက သားဘို့, ဒါက သမီးဘို့, ဒါက အိမ်ယာ တိုက်တာ တည်ဘို့, ဒါက အခုရင်းနှီးဘို့, အုံမာလေး.... အတော်ကျယ်လာ တယ်....(ကျယ်ပါတယ်ဘုရား) လာဘ် ပဋိစ္စ ဝိနိစ္ဆယော.. တဲ့၊ ဆုံးဖြတ်ချက်ချတယ်...(မှန်ပါ့ဘုရား)။

တကာကြွယ်-ဘာလုပ်သလဲ- (ဆုံးဖြတ်ချက်ချပါတယ်ဘုရား) ချကော-ချဘူးရဲ့လား-(ချဘူးပါတယ်ဘုရား) အင်း... ဒို့အရင်း အနှီးကလေးဟာ အယင်နဲ့မတူဘူး... ကွ၊ နည်းနည်းကလေးခဲ့ကြ ဦးစို့ကွ.... တိုးတိုးတိတ်တိတ်ပေါ့လေဗျာ... (မှန်ပါ့) ဘာဖြစ် လို့တုန်း အပါယ်သွားမလို့စည်းဝေးတာကိုး....(မှန်ပါ့) မတော် လူသိကုန်ယင် ခက်တယ်....(မှန်ပါ့ဘုရား)။

အဲဒီလိုဖြစ်ပြီးသကာလနေတော့ လာဘ် ပဋိစ္စ ဝိနိဆ္ဆယော- (မှန်ပါ့ ဒါကလေးတွေကို ရဆားရမယ်နော်....(မှန်ပါ့) တကာ သစ်- ရစေချင်တာက တခြားကြောင့်မဟုတ်ဘူး၊ ဆူးမှန်းသိတဲ့ အခါကျလို့ရှိယင် မနင်းတော့ဘူး.... (မှန်ပါ့) နို့မဟုတ်လို့ရှိ ယင်ဖြင့် သေခြင်းဆိုးလမ်းကို အတင်းပြေးမှာစိုးတယ်....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဘယ်လမ်း အတင်းပြေးမှာစိုးပါလိမ့်.... (သေခြင်းဆိုးလမ်း အတင်းပြေးမှာစိုးပါတယ်ဘုရား)

အဲဒါ ရှင်အာနန္ဒာက ဦးမာဒင်တို့- ဦးသန်းမောင်တို့ ပဋိစ္စ သမုပ္ပါဒ် လွယ်သယောင်ယောင်ရှိတယ်၊ လွယ်သကဲ့သို့ ထင်ရပါ တယ်လို့ ဘုရားဆိုသွားလျှောက်တယ်(မှန်ပါ့ဘုရား)။

တပည့်တော် ဉာဏ်နဲ့ တွေးလိုက်တော့ ပဋိစ္စသမုပ္ပါဒ်မှာ တော်တော် ထင်ထင်မြင်မြင် ရှိတယ်တဲ့....(မှန်ပါ့ဘုရား)။

အို....ဒါက မင်းအထင်နဲ့ မင်းပြောနေတာ၊ ကဲကွာ... ဒါဖြင့်

ပဋိစ္စသမုပ္ပါဒ် လွယ်တယ်ဆိုတော့ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကို ဟောတယ်....(မှန်ပါ့ဘုရား)။

အခု တကာ တကာမတွေ ကြည့်စမ်း.... အို....ပဋိစ္စသမုပ္ပါဒ် ကြီးတော့ စာအုပ်ထဲ ကျက်ထားလို့ တကာသစ်တို့ ရှုနေတဲ့ဘဲ (ရပါတယ်ဘုရား) ကိုယ့် အိမ်တွင်းဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ် ကျတော့ သိတောင် မသိလိုက်ဘူး....(မှန်ပါ့ဘုရား)။

စာအုပ်ထဲကဟာကျတော့ ခင်ဗျားတို့ သိကြတယ်, ကျက်ကြတယ်၊ ဦးမာဒင်ကြီးတို့များ ညဆိုယင် ဖေါင်လို့ ပေါ့ဗျာ- ရွတ်ကြတယ်....(မှန်ပါ့) ကိုယ်တိုင်ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကျတော့ (မသိကြပါဘုရား)။

ဒါကြောင့်.... ရှင်အာနန္ဒာက လွယ်သယောင်ယောင်ရှိတယ် ဆိုတော့ အို....မင်းသိတာ မလွယ်ပါဘူးဆိုပြီး ဒါကို ဟောတော် မူတယ် ...(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အားလုံး တကာ တကာမတို့ ဒါအိမ်တွင်းပဋိစ္စသမုပ္ပါဒ်ကို ဟောတာ... (မှန်ပါ့) ကိုင်း.... ဒါဖြင့် ဝေဒနံပဋိစ္စ....(တဏှာ) တဏှာ ပဋိစ္စ ....(ပရိယေသနာပါဘုရား) ပရိယေသနံ ပဋိစ္စ.... (လာဘောပါဘုရား) လာဘော- လာဘ်ရပြီနော် (မှန်ပါ့) လာဘံ ပဋိစ္စ ဝိနိစ္ဆယော....တဲ့၊ ဆုံးဖြတ်ချက်ချပြီ....(မှန်ပါ့ဘုရား)။

ပစ္စည်းကို တခါတည်း ကြွေးပေးစရာရှိတာက ဒါကို ပေး

လိုက်ကွ၊ ဒါကို အိုစာ,မင်းစာ သိမ်းခလကွ၊ ဒါက အမြတ်တော် ကြေးအတွက် ခွဲဆားလိုက်ကွ၊ အဲမာလေး.... တခါဘည်း တကာကြွယ်- ဆုံးဖြတ်ချက်ချနေလိုက်တာ.... (မှန်ပါ့) မချကြဘူးလား....(ချပါတယ်ဘုရား)။

ဒီဆုံးဖြတ်ချက်ကလဲ....တဲ့၊ ဘာနဲ့ ဆုံးဖြတ်ချက် ချသတုံးဆိုဘော့ တကျာဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက်ချတာ....(မှန်ပါ့) ဒါက ကိုယ်သိမ်းရမယ်ဆိုတော့ တကျာ....(မှန်ပါ့) ဒီဟာက ငါ့ဟာ အာပိုင်လုပ်ရမှာကွ... ဦးစွာကတော့ ထားလို့ သိုလို့ကိုရတယ်၊ ဒီဟာ မထိခစန့်၊ မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ဒိဋ္ဌိဝိနိစ္ဆယက ဒါက ငါ့သားဘို့, ဒါက ငါ့သမီးဘို့ (မှန်ပါ့) ဒိဋ္ဌိဝိနိစ္ဆယကလဲပါတယ်...(ပါ-ပါတယ်ဘုရား) တကျာဝိနိစ္ဆယ တကော....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တကျာနဲ့လဲ ဆုံးဖြတ်ချက်ချတယ်၊ ဒိဋ္ဌိနဲ့ကော.... (ဆုံးဖြတ်ချက်ချပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိနိစ္ဆယဆိုဘာသည် ဆုံးဖြတ်ချက်ချတာ...(မှန်ပါ့) ရလာတဲ့ပစ္စည်းကို ဝေပုံ-ပုံပေါ့ဗျာ....(မှန်ပါ့) ဒါက ငါ့ဘို့.... သဘောကျပလား....(ကျပါပြီဘုရား)။

ဟိုဟာက ငါ့သား, ငါ့သမီးဘို့, ဒါက မင်းဘို့, စိုးဘို့.... မလာကြဘူးလား...(လာပါတယ်ဘုရား) ဒါဝိနိစ္ဆယချတာ.... (မှန်ပါ့) ဘယ်လိုချချ ဒီဥစ္စာ တကျာနဲ့ ဒိဋ္ဌိဖြစ်နေတာ(မှန်ပါ့ဘုရား)။

တကာ တကာမတို့ ဘယ်လိုပါလိမ့်.... (တဏှာနဲ့ ဒိဋ္ဌိ ဖြစ်နေတာပါဘုရား) တဏှာနဲ့ဒိဋ္ဌိဖြစ်နေတာ၊ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့လူစုတွေက တကာသစ်တို့လူစုတွေက လူသိမ်္ဘာစိုးတယ်.... (မှန်ပါဘုရား) ဘာဖြစ်လို့တုံး... တဏှာဖြစ်တာကိုလဲ လူသိမ်္ဘာစိုးတယ်၊ ဒိဋ္ဌိဖြစ်မှာကိုလဲ.. (လူသိမ်္ဘာစိုးပါတယ်ဘုရား)။

ဖြစ်တာက ဘာဖြစ်နေသတုံး.... (တဏှာနဲ့ဒိဋ္ဌိဖြစ်နေပါတယ်ဘုရား) တဏှာဒိဋ္ဌိဖြစ်နေတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါက ငါ့သမီးဘို့, ဒါက ငါရင်းနှီးဘို့ဆိုတော့ ဒိဋ္ဌိက မပါဘူးလား....(ပါ-ပါတယ်)ဒါက သိမ်းထားဘို့ဆိုတော့ တဏှာက မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဆုံးဖြတ်မှုက်ချနေတဲ့အခါမှာ ဘယ်သူလက်သည်ပါလိမ့်မတုံး.... လက်သည် အရင်းကျကျရှာတော့ ဘာတွေ့သတုံး.... (တဏှာနဲ့ ဒိဋ္ဌိ တွေ့ပါတယ်ဘုရား)။

ဒါ့ကြောင့် တကာ တကာမတို့ လာဘ ပဋိစ္စ ဝိနိစ္ဆယော... (မှန်ပါ့) တဏှာ ဒိဋ္ဌိ ပေါ်လာတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီအလုပ်သည် တကာသစ်ရေ... ကိုယ်ကတော့ အမြဲလုပ်နေတာဘဲ၊ လုပ်ပေမဲ့ ဒီဥစ္စာ အကုသိုလ် မဲနက်တဲ့တရားလို့ ထင်ရဲ့လား... (မထင်ပါဘုရား) ဦးမာဒင်ကြီးတို့ ထင်ဘူးရဲ့လား....

(မထင်ဘူးပါဘုရား) အဲ့မာလေး.... မထင်ဘူးပေမဲ့ မဲ့နေတာ ဘဲ့....(မှန်ပါဘုရား)။

တကာကြွယ်တို့လဲ့ ထင်ဘူးရဲ့လား.... (မထင်ဘူးပါဘုရား) အခု သေသေချာချာကြည့်ခဲ့တာ့ ဘယ့်နှယ်တုံး.... တဏှာဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက်ချတာ....(မှန်ပါ့) တဏှာကလဲ့ အမဲဘဲ၊ ဒိဋ္ဌိကလဲ့ အမဲဘဲ့....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဩော်.... ဒါဖြင့် ဘုန်းကြီးတို့· တဲ့ကာ တကာမတွေ့.... အခု မကောင်းတာကိုဒကာ့ဖြင့် ဘုရားဟောတော်မူကဲ့့အကိုင်း ရှင်းပြပြီးမှာဘဲ့....(မှန်ပါ့ဘုရား)။

သို့သော်.....ဒီလမ်း ဒီစခန်းကို ဆရာကောင်း-သမားကောင်းနဲ့ တွေ့ပြန်ဘော့လဲ့ တကာသစ်ရေ....ဒါတွေ့မဖြစ်ပါဘူး....(မှန်ပါ) ဒါတွေ့မဖြစ်ပါဘူး တဲ့၊ သူ့နည်းနဲ့ သူ အနာမျိုး ဆေးရှိဟယ် ဆိုသလိုဘဲ့ တကာကြွယ်ရေ....(မှန်ပါ့) ဦးလှဘူး· အမှားရှိယင် အမှန်ရှိရမယ်....(မှန်ပါ့ဘုရား)။

သို့သော်.....ခင်ဗျားတို့မှာ ဒီလို ဆရာသမား့တွေနဲ့ မတွေ့ပြီ ဆိုတော့ ဒီအသိဟာ ဝင်လိုက်သွားတော့မယ်....(မှန်ပါ့)အပါယ် ကျအောင်သွားမယ်....(မှန်ပါ့) မသွားပေဘူးလား....(သွားမှာ ပါဘုရား)။

ကဲ....ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ဟာ တကာသစ်ဘဲ့ဆုံးဖြတ်ချက် ချပါ၊ သူများပဋိစ္စသမုပ္ပါဒ်လား၊ ကိုယ့်ဝမ်းထဲတွင်ဖြစ်တဲ့ ပဋိစ္စ

သမုပ္ပါဒ်လား....(ကိုယ့်ဝမ်းထဲတွင်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ပါဘုရား) ကိုယ့်ဝမ်းထဲနဲ့ ကိုယ့်အိမ်သားတွေမှာ ဖြစ်နေတယ်.... (မှန်ပါ့ဘုရား)။

ပစ္စည်းဝေပုံကြများ၊ သိုလှောင်ရမည့် ပစ္စည်းများ၊ ဒါက အခုထုတ်ပြရမည့်ပစ္စည်း အစရှိသည်နဲ့ ဒါက အရေးကြုံမှတော်မှာ၊ ဒါက ဘယ်လမှာ တက်စျေးရှိတယ်၊ ဒါက ဒီလထိအောင်ကြာလို့ အလကားဖြစ်လိမ့်မယ်၊အရှုံးခံ တွန်းထုတ် အစရှိသည်နဲ့ ဝေပုံကျတွေကော မရှိဘူးလား....(ရှိပါတယ်ဘုရား) ဒါတွေဟာ ဝိနိစ္ဆယဘဲ...(မှန်ပါ့ဘုရား)။

ဝိနိစ္ဆယဆိုတာက တကာသစ်- ဘာတုံး.... (ဆုံးဖြတ်တာပါဘုရား)ဝေဘန်ပိုင်းခြားပြီး ဆုံးဖြတ်ချက်ချတာ(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါက များသောအားဖြင့် တကာကြွယ်ရေ.... အိမ်ခေါင်းဆောင်ကလုပ်သလား၊ အိမ်နောက်လိုက်က လုပ်သလား.... (အိမ်ခေါင်းဆောင်က လုပ်ပါတယ်) ခေါင်းဆောင် ဖြစ်ရမှာများကြောက်စရာကြီးပါလား....(မှန်ပါ့) သူက ရှေ့က အပါယ်သွားမယ်ပြောတာ...(မှန်ပါ့ဘုရား)။

အဲဒါခင်ဗျားတို့က သူများဝင်ရှုပ်လို့ ဒီဝိနိစ္ဆယ ချနေတုန်း ဒါက ဘာဘို့ဆိုပြီး တယောက်ကများဝင်ပြီး စကားထောက်လိုက်တဲ့ အခါကျတော့ တကာသစ်က ကျေနပ်ကဲ့လား (မကျေနပ်ပါဘုရား)။

မသိဘဲနဲ့ မပြောစမ်းပါနဲ့ .... (မှန်ပါ့) အံမာ အော်များထုတ်လိုက်သေးတယ်....(ထုတ်ပါတယ်ဘုရား) ငါ့ဟာငါအပါယ်သွားစမ်းပါရစေပေါ့ .... (မှန်ပါ့)ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ငါဟာငါ ဘာတဲ့တုံး.... (အပါယ်သွားစမ်းပါရစေ) မရှုပ်စမ်းပါနဲ့ မင်းတို့ ကန့်လန့်ကန့်လန့် မလုပ်ပါနဲ့ (မှန်ပါ့)အံမယ် တယောက်ဘည်း သွားမည့်အဓိပ္ပါယ်.... (မှန်ပါ့)ဒီအဓိပ္ပါယ် ကျအောင် ဦးမာဒင် သိခဲတယ်နော် .... (မှန်ပါ့)အခု ဆုံးဖြတ်ချက်ချတာက တဏှာနဲ့၊ ဒိဋ္ဌိနဲ့၊ သဘောကြပလား (ကျပါပြီဘုရား)။

တဏှာနဲ့၊ ဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက်ချနေတာ ဟိုအိမ်မှာ တိုးတိုးဒီအိမ်မှာတိုးတိုးနဲ့၊ လူခြေတိတ်မှ ပြောတဲ့၊ အသွား တော့ဟာတကာသစ် ဘာထင်သတုံးဗျ၊ ဆုံးဖြတ်ချက်ချနေကြတာ (မှန်ပါ့ဘုရား)ရှင်းပြီနော်....(မှန်ပါ့ဘုရား)။

တကာကြွယ်တို့ တိုး-တိုး-တိုး-တိုး ဟာသဘောပါပလား .... (ပါ-ပါပြီဘုရား)ဘာတွေလုပ်နေကြတာတုံး .... (ဆုံးဖြတ်ချက်ချနေကြတာပါ)ဘယ်သွားမလို့တုံး .... (အပါယ်သွားမလို့ပါဘုရား)။

အံမာလေး ကျယ်ကျယ်ပြောလိုက်ရဘာ တော်သေးဗျာ.... (မှန်ပါ့)အခုဟာက တိုးတိုးတိတ်တိတ် သွားမည့် အဓိပ္ပါယ်မျိုးပါတယ်....(ပါ-ပါတယ်ဘုရား)။

ရှင်အာနန္ဒာ ကဘာ့ လုယ်စာယ်ဆိုလို့ ကိုင်း... အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ဆိုပြီးဟောဘယ် (မှန်ပါ့)အခုဘုန်းကြီးတို့ တကာ တကာမတော့လဲ သြော် .... ဒီအလုပ်ဟာ ဒို့လဲလုပ်နေတာဘဲ၊ ဒီအစဉ်အတိုင်းလဲ ဟုတ်မဟုတ် တကာသစ်ကြည့် .... (ဟုတ်ပါတယ်ဘုရား)။

ဓေဒနံပဋိစ္စ.... (တဏှာ)တဏှာပဋိစ္စ(ပရိယေသနာပါဘုရား) ခန္ဓာခင်တဲ့ တဏှာ ကြောင့် ဟော ပရိယေသန ရှာပါတယ် .... (မှန်ပါဘုရား)။

ရှာလို့ဘဲ ထိုက်ဘန်သလောက်ဘဲရ၊ပါတယ်....(မှန်ပါ့) ရတဲ့ ပစ္စည်းကို ဆုံးဖြတ်ချက်ချပါတဲ့၊ဒါကညစာ၊ ဒါကနေ့စာ၊ဒါက အိုစာမင်းစာ၊ ဒါက သားကလေးတွေ့၊သမီးကလေးတွေ့အတွက် ဆိုပြီး သကာလ ဝိနိစ္ဆယ ဆုံးဖြတ်ချက်ချနေရတာ တကာကြွယ် သုံးပုံ ပုံကွာ၊ တကာကြွယ်တို့ အိမ်က သုံးယောက်ရှိတာကိုး .... (မှန်ပါ့)မလာဘူးလား (လာပါတယ်ဘုရား)ဒါက ဘာလုပ်တာ တုံး၊ တကာကြွယ်....(ဆုံးဖြတ်ချက် ချတာပါဘုရား)။

ကဲ... ဆုံးဖြတ်ချက်ကို တကာသစ်က လက်သည်ရှာ၊ ဆုံးဖြတ် ချက်ချတာ ဘယ်သူများ ခွနေပါလိမ့် .... (တဏှာဒိဋ္ဌိကချနေ တာပါဘုရား)ရှင်းပလား (ရှင်းပါပြီဘုရား)။

သြော်....တဏှာဒိဋ္ဌိက ချနေတာဆိုတော့ တကာ တကာမတို့ ဒါ-သားတွေသမီးတွေက ဝေဘန်တာလား၊ လူကြီးသူမကဝေ

ဘန်တာလား၊ ဆုံးဖြတ်ချက် ချတာလား၊ မေးယင် ဘယ့်နှယ် ပြောမလဲ....(လူကြီးသူမက ဆုံးဖြတ်ချက်ချတာပါဘုရား) ဘာနဲ့ ဆုံးဖြတ်ချသလဲ .... (တဏှာဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက် ချပါတယ်ဘုရား)။

ဒါကြောင့် လူကြီးတွေအတွက်ဟာ တကာဘကာမတို့ ရှေ့မှ နောက်မှဆိုပြီး ကြားလုံးထုတ်ငြားသော်လဲ သူဟာ ဒိဋ္ဌိတဏှာ ဖြစ်နေတယ်လို့ မသိတော့ကို တကာ တကာမတို့ အင်မတန် သနားစရာကောင်းတယ်၊ (မှန်ပါ့)ဦးမာဒင် သနားစရာကောင်း တယ်.... (ကောင်းပါတယ်ဘုရား) ဦးသန်းမောင် ဘယ့်နှယ်နေ သတုံး... (သနားစရာကောင်းပါဘယ်ဘုရား)။

ပြီးတော့ကို ခုနင်က ခလေးသူငယ် လူမမယ်တွေနဲ့ လာပြီး အိပ်ရာကနှိုးလို့ ပြောပြန်တော့လဲ နင်တို့နေရာ မဟုတ်ဘူးတဲ့ .... (မှန်ပါ့)ဒါဖြင့် အပါယ်ဟာ ဘယ်သူ့နေရာလို့ ဆိုရာကျနေသလဲ.... (လူကြီးတွေနေရာလို့ ဆိုရာကျနေပါတယ်ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံ့မာခလေး ကြောက်စံရာကြီး ပါလား၊ တကာကွယ် .... (မှန်ပါ့)တကာသစ်တို့လဲ ကန်ထုတ်တာဘဲ....(မှန်ပါ့) ခလေးပီပီ နေတာမဟုတ်ဘူး၊ နင်တို့နေရာမှ မဟုတ်ဘဲနဲ့တဲ့.... (မှန်ပါ့) ဘယ်သူ့နေရာလို့ ဆိုရာကျနေသလဲ.... (လူကြီးတွေနေရာလို့ ဆိုရာ ကျနေပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့လဲ ကိုယ့်ဟာကိုယ် ဗျာဒိတ်ပေး နေတာ နင်တို့နေရာမဟုတ်ဘူးတဲ့(မှန်ပါ့)ကြောက်စရာကြီး ပါလား (မှန်ပါ့ဘုရား)။

တကာကြွယ်ဒီလိုများ ပြောဘူးသလား....(ပြောဘူးပါတယ်ဘုရား) မှတ်ထားနော်၊ မပျောက်စေနဲ့၊ အတော်ဆိုး နေပြီ၊ တကာတကာမတို့....(မှန်ပါ့ဘုရား)။

သိမှလဲရှောင်နိုင်တယ်နော်....(မှန်ပါ့)ဒီဥစ္စာ တပည့်တော်တို့ ဘာမှမရှိဘူးလို့ အားလုံးဘဲ၊ တရားတပ်လုံးဘဲ တာဝန်ခံကြတယ်...(ခံပါတယ်ဘုရား)အပြစ်ရှိတယ်လို့ ယူကိုမယူဘူး(မှန်ပါ့ဘုရား ။

မယူဘူးတဲ့၊ ဒီဥစ္စာ တပည့်တော်တို့ ရောင်းဝယ် တုန်းကသာ ဒီဥစ္စာကလေးနည်းနည်းပါလို့ အမြတ်အစွန်းကလေးနည်းနည်းထွက်တယ်၊ အဲဒါတော့ သိလိုက်တာဘဲ....(မှန်ပါ့)အိမ်ထဲရောက်လာမှ ဒိုလိုအလုပ်တွေ ရှောက်ပြီးလုပ်တော့ တကာသစ် သိသေးရဲ့လား....(မသိပါဘုရား)။

မသိသေးတဲ့အပြင် ခုနင်ကပြောတဲ့ စကားလုံးတွေနဲ့လူလာသူလာလို့ရှိယင် ဒီစကား ရပ်ပစ်လိုက်တယ်.... (မှန်ပါ့)ဘာဖြစ်လို့တုံး၊ သူတို့နေရာမဟုတ်ဘူးတဲ့... (မှန်ပါ့) ဘယ်သူ့နေရာတုံး (လူကြီးတွေနေရာပါဘုရား)ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

အံမာလေး တကာတကာမတွေ လူကြီး ဖြစ်ရမှာများ သိပ်ကြောက်ကြနော်....(မှန်ပါ့) ဒါ-အိုလို့ကြောက်တယ်လို့ မဆိုနဲ့တဲ့၊ မသိတဲ့လူကြီး ဖြစ်ရမှာ သိပ်ကြောက်စရာကောင်းတယ် .... (မှန်ပါ့)ကြောက်စရာမကောင်းဘူးလား .... (ကောင်းပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တဏှံပဋိစ္စ ပရိယေသနာ၊ပရိယေသနံ ပဋိစ္စလာဘော၊ လာဘ်ရပြီနော်....(မှန်ပါ့)လာဘုံ-လာဘ်ရခြင်းကို၊ ပဋိစ္စစွဲ၍၊ ဝိနိစ္ဆယော၊ ဆုံးဖြတ်ချက်ချတယ်....(မှန်ပါ့ဘုရား)။

ဒါက အိုစာ၊ ဒါကမင်းစာ၊ ဒါကသားစာ၊ ဒါကသမီးစာ ဆိုပြီး သကာလ ဒါတွေဝေဘန်ပြီးတော့ ဆုံးဖြတ်ချက်ချကယ် တကာကြွယ်ရ... (မှန်ပါ့) ဒါဘုရား ဟာတော် မူတာနော်၊ ဘုန်းကြီးက အပိုထည့်ပြီး ပြောနေတာမဟုတ်ဘူး .... (မှန်ပါ့ ဘုရား)။

တလုံးမှအပိုမပါဘူး၊ ခင်ဗျားတို့ ကြော် .. အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် မသိလို့ရှိယင် တကာတကားမတွေ့ စီးပွားရေးအ ကြောင်း ညီညွတ်တိုင်း၊ ညီညွတ်တိုင်း ဒီဥစ္စာလုပ်နေတော့မှာဘဲ (မှန်ပါ့ဘုရား)။

မလုပ်ပေဘူးလား .. (လုပ်ပါတယ်ဘုရား) ရောက်လာတဲ့ ငွေအိတ်ကမလားထိုးငေါ်ထားတယ်လို့ ဒီလိုမရှိသေးဘူး....(မရှိပါ ဘုရား)။

မရှိဘူး၊ ဒီဥစ္စာကလေး ဒို့ဒီလိုဒီလိုအကြောင်း ညီညွတ်လာ တယ်ဆိုပြီးခင်တွဲလူနဲ့ ရှေးဦးစွာ ခပ်တိုးတိုးပြောတယ်(မှန်ပါ့) တိုးတိုးပြောပြီး သကာလ ဒီဥစ္စာက္ခာ ဒီလိုထားလို့တော့ မဖြစ် သေးဘူး၊ သိုတန်တာသို့၊ မိုးတန်တာမို့၊ စောင့်ရှောက်တန် တာစောင့်ရှောက်ပေါ့ကွယ်ဆိုပြီး သကာလ လူကြီးလုပ်တဲ့ပုဂ္ဂိုလ် က အသံကောင်းလွှင့်တယ်လို့ ထင်ရတယ်....(မှန်ပါ့)ဘယ်ဟုတ် မလဲ ငရဲအော်သံကြီး သူ့ဟာ.... (မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိ ပါပြီဘုရား)။

ငရဲမှာအော်တဲ့ အော်သံနဲ့ မတူဘူးလား(တူပါတယ်ဘုရား) အဲဒါကြောင့် တကာတတာမတွေ့ ဆရာရင်း သမားရင်းမို့ပြော

နေရတယ်၊ ဩော်....ဒို့ဘာမှအပြစ်မရှိဘူး ထင်နေတယ်၊ ဒီဥစ္စာ ဟော့ ဖင်နေယင် သီလလဲမကပ်နိုင်တော့ဘူး၊ သမာဓိလဲ (မကပ်နိုင်ပါဘုရား)။

ဝိပဿနာလဲ .... (မကပ်နိုင်ပါဘုရား) ဘယ်ကပ်နိုင်ပါလိမ့် မဘုံး၊ မည်းနက်တဲ့တရားချည်းဆိုတော့ အဖြူကို ဒီအထဲတိုးလို့ မရနိုင်အောင်ရှိဘယ်.... (မှန်ပါ့) ဘယ်လောက်ဆိုးဝါးသတုံး.... (ဆိုးဝါးပါတယ်ဘုရား)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အဲဒီဘော့ ခင်ဗျားတို့ ဘယ်ကနေပြီး သကာလ အပါယ်သွားကြတာတုံးမေးတော့ အိမ်တွင်းကနေသွားတာ .... (မှန်ပါ့ဘုရား)။

ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)ဘယ်ကနေသွားပါလိမ့်.... (အိမ်တွင်းကနေ သွားပါဘယ်ဘုရား)။

တကာကြွယ် မရိပ်မိဘူးနော်၊ ဒါကြောင့် ဘုရားဖေါ်ပြီး ဟောနေတာ .... (မှန်ပါ့) မရိပ်မိဘူး၊ တကာသစ်ရ၊ ဒီဥစ္စာက ကဲကဲ့ဘ... ဒါကလေးတွေလဲ ဘောန်ပြီးပေါ့ ဘုရားရှိခိုးပြီး အိပ်ချဲ့ဘဲရှိတော့တယ်....တဲ့....(မှန်ပါ့)အင်း....သူဘုရားရှိခိုးတာကခလေး အဆစ်ထည့်လိုက်သေးတယ်....(မှန်ပါ့ဘုရား)။

သူလုပ်ထားတဲ့အမည်းတွေက ဘုရားရှိခိုးတာနဲ့ ကျေနိုင်စရာလား .... (ကျေနိုင်စရာမရှိပါ့ဘုရား) မဒကျေနိုင်ပါဘူး၊ ဒီပဋိစ္စသမုပ္ပါဒ်က အပါယ်ရောက်သွားပြီ.... (မှန်ပါ့ဘုရား)။

ပြီးမှသူကဆပြီး ဘုရားရှိခိုးဘာ .... (မှန်ပါ့)ဒီနေ့တော့ မောသေးတယ်လေ မခိုးတော့ပါဘူး ဆိုဘော့ ပါဒတောင်မပါဒတော့ဘူး .... (မှန်ပါ့)ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

ကဲ....ဒါဖြင့် တကာဘာကာမတို့ ဝိနိစ္ဆယ ဆုံးဖြတ်ချက်ချပါ ပြီတဲ့၊ ကိုင်း....ဒါဖြင့် တကာတကာမတို့ ခန္ဓာစ,တယ်ဆိုတာ သေ ချာပြီ....(သေချာပါပြီဘုရား)။

ဒါဖြင့်ခန္ဓာသည် နိုပ်စက်လိုက်တာ အပါယ် ရောက်အောင် နိုပ်စက်တယ်....(မှန်ပါ့)ဒါဖြင့် ခန္ဓာကာဘာသာစ္စာဆိုမလဲ....(ဒုက္ခ သစ္စာပါဘုရား)။

ဒုက္ခသစ္စာဆိုဘော့ မှတ်လိုက်စမ်းပါ ကိန်းရာပုဂ္ဂိုလ်ကို နိုပ် စက်ပါတယ် .... (မှန်ပါ့) အပါယ်ရောက်အောင် နိုပ်စက်တယ်၊ ဒါကြောင့် ခန္ဓာဒုက္ခသစ္စာဆိုတာ ပေါ်လာတယ် .... (မှန်ပါ့) သူနိုပ်စက်လိုက်တာ ဒီဘက်အပါယ်ရောက်တော့မယ် ...(မှန်ပါ့) ရှင်းပြီးနော်....(ရှင်းပါပြီဘုရား)။

ဝိနိစ္ဆယံ ပဋိစ္စဆန္ဒရာဂေါ တဲ့....(မှန်ပါ့)ဆန္ဒရာဂေါဆိုကော့ သော်....ဒီကုန်ဟာ ကိုယ့်အကျိုးပေးတဲ့ကုန်၊လေးပြီတဂါကြယ် (မှန်လှပါ) နည်းနည်းကလေး ကြိုးကြိုးစားစား လုပ်ဦးမှာဲ .... (မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့် .... (ကြိုးကြိုးစားစားကလေး လုပ်ဦးမှပါ ဘုရား)ကြိုးကြိုးစားစားကလေး လုပ်ဦးမှာဲဆိုတော့ ဆန္ဒဆုဂ ပိုလာမလာ.... (လာပါဘယ်ဘုရား) အကျိုးပေးကုန်ကိုးဗျ .... (မှန်ပါ့)လသာတုန်း ပိုင်းငင့်ဟ....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

အကျိုးပေးတုန်းကို အရယူရတယ်၊ ဒီလိုကော မဆုံးမကြ ဘူးလား....(ဆုံးမပါတယ်ဘုရား) ကိုယ့်ကိုယ်ကိုယ်သဲ ဒီအတိုင်း

ဘဲ ဒီအချိန်မှာ မကျန်းမာမှာတောင် စိုးရိမ်ရသေးတယ်-(မှန်ပါ့ဘုရား)။

ဒီအချိန်ကလေးများ မကျန်းမာလို့ရှိယင် အန္တရာယ်ဖြစ်ရချည်ရဲ့... တဲ့ ... (မှန်ပါ့) ဘယ်သွားမည့်အန္တရာယ်ပါလိမ့်... (အပါယ်သွားမည့်အန္တရာယ်ပါဘုရား)။

အပါယ်သွားရမည်ဆိုယင်ကြားတောင်မှမခြားချင်ဘူး၊တောက်လျှောက်သွားချင်တယ်.... (မှန်ပါ့) တကာကြွယ် ဘယ်လောက်ဆိုးတယ်ဆိုတာ ပေါ်ရောပေါ့....(မှန်ပါ့) စိတ်အထင်က တမျိုးနေ....(မှန်ပါ့) ဘရားဖြစ်စဉ်က .. (တမျိုးပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေကို သတိပေးရတယ်၊ တကာတကာမတွေ ခင်ဗျားတို့ တရားသဘောအတိုင်းဖြစ်ရတာနော်....(မှန်ပါ့ဘုရား)။

အိုလာတော့လဲ ခင်ဗျားတို့က အိုချင်လို့လား-တရားသဘောအတိုင်းလား.... (တရားသဘောအတိုင်းပါဘုရား) နာရပြန်လဲ တကာတကာမတို့ ကိုယ်နာချင်လို့နာတာလား- တရားသဘောအတိုင်းဖြစ်ရတာလား.... (တရားသဘောအတိုင်း ဖြစ်ရတာပါဘုရား)။

လူ့ပြည် ရောက်လာတာလဲ တကာတကာမတွေ ခြေလျင်လျှောက်တာလား- တရုးပို့လိုက်တာလား.... (တရား ပို့လိုက်တာပါဘုရား)။

အဲဒီနေတော့ ခင်ဗျားတို့ တရားစီမံရာ ခံရမှာစိုးလို့ ဒီတရားပယ်ထိုက်တဲ့တရားဆိုယင် ပယ်ရတော့မယ် .. (မှန်ပါ့)။

ဒါ့ကြောင့် အရေးဘကြီး ဒီဥစ္စာပြောနေတယ်ဆိုတဲ့ဥစ္စာ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်က ဦးမာဒင်, ဦးသန်းဓမာင် သိပ်သိခဲ့တယ်.... (မှန်ပါ့) အင်မတန်မှ တကာကြွယ် ဖြစ်လိုက်တာက စီးပွားတက်ယင် တက်သလိုဖြစ်တယ်.... (မှန်ပါ့) စီးပွားဆုတ်ယင်လဲ (ဆုတ်သလိုဖြစ်ပါဘယ်ဘုရား)။

ဆုတ်သလိုဖြစ်လို့ရှိယင် ဘယ်ဘက်ကတော့ လျှော့ကြဦးစို့ဟေ့.... (မှန်ပါ့) ဒီဘက်ကတော့ ရှိပေစေတော့၊ ဒီဘက်က လျှော့ကြဦးစို့... ဆိုတော့ ဒီနား ဝိုနိစ္ဆယ လုပ်နေကြတာဘဲ.... (မှန်ပါ့) မလာဘူးလား (လာပါတယ်ဘုရား)။

အဲဒီတော့ စီးပွားရေးဘက်ကလဲ ခင်ဗျားတို့ဟာ ဒယ်အိုးမျက်ခေစာင်းထိုးတာဘဲ.... (မှန်ပါ့) စီးပွားရေး ပျက်ပြန်တော့ကော... (ဒယ်အိုး မျက်စောင်းထိုးပါတယ်ဘုရား) အဲဒီ မျက်စောင်း ထိုးနေကယ်လို့ တကာကြွယ် လူတိုင်း မသိဘူးနော်.... (မသိပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ရှင်အာနန္ဒာက ပဋိစ္စသမုပ္ပါဒ် လွယ်သေးယောင်ယောင်ရှိပါတယ်၊ တပည့်တော် သေကွဉာဏ်နဲ့ တွေးတာတောင် သေကွဉာဏ်ဆိုတာ သူအထက် မရောက်သေးဘူးပေါ့ဗျာ....(မှန်ပါ့)သေတာပန်ဉာဏ်ကလေးနဲ့ သူတွေးတာတောင် ပေါသလိုလိုရှိတယ်ဘုရာ့ ပဋိစ္စသမုပ္ပါဒ်.... (မှန်ပါ့ဘုရား)။

အာနန္ဒာ.. ဒီလိုမဆိုနဲ့၊ သူ့ကို နားမလည်သို့ အပါယ်ရောက်နေကြတာပေါ့....ဆိုပြီး ဒီပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူတယ်....(မှန်ပါ့)။

အိမ်တွင်းပဋိစ္စသမုပ္ပါဒ်ကို နားမလည်တော့ တကာတကာမ တွေ အိမ်တွင်းနေပြီးသကာလ ဘုရားရှေ့မှောက်မှာဘဲ သေပွဲ ဝင်ပြီး ဘုရားရှေ့မှောက်ကဘဲ အပါယ်သွားကြတာတွေရှိတယ် (မှန်ပါ့)။

ဗုဒ္ဓဘာသာဆိုတာ အိမ်မှာ ဘုရားရှိကြတယ်၊ အဲဒီအောက် မှာဘဲ သူတို့ ဘယ်သွားကြသလဲ.... (အပါယ် သွားကြပါတယ် ဘုရား) ကဲ.... ဘယ်လောက် ကြောက်စရာ ကောင်းသတုံး.... (ကောင်းပါတယ်ဘုရား)။

ဒါကြောင့် အိမ်တွင်းပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူတယ်.... (မှန်ပါ့) ကဲ....ဒါဖြင့် ဇာကာဇကာမတွေကလဲ ဒီပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကိုက်ရဲ့လား၊ ကိုယ်ပိုင်ဉာဏ်နဲ့ တွေးကြစမ်း.... (ကိုက်ပါ တယ်ဘုရား)သေသေချာချာကိုက်တယ်... (မှန်ပါ့) ရှင်းပြနော်.... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့်တခုခါက်ပြန်ပြောကြဦးစို့၊ ဝေဒနံပဋိစ္စ-(တဏှာ ပါဘုရား) တဏှာပဋိစ္စ....(ပရိယေသနာ) တဏှာကြောင့် ရှာမှီးတယ်....(မှန်ပါ့) ရှာမှီးတဲ့တဏှာဖြစ်ပြီ... (မှန်ပါ့) ပရိယေသနံ ပဋိစ္စ....(လာဘော) လာဘံပဋိစ္စ....(ဝိနိစ္ဆယော)ဝိနိစ္ဆယောဘဲ့ တခါတည်း ဆုံးဖြတ်ချက်ချတယ်....(မှန်ပါ့)။

ဒါ.... ဥာဘိုထား, နေဘိုထား, သားဘိုထား, သမီးဘိုထား အစရှိသည်နဲ့ ဆုံးဖြတ်ချက်ချလိုက်တာ၊ တကာ တကာမတို့ ဒါ ကလေးကောင့်ဖြင့် ရွှေစေ့း ဇတ်ကလဲ ကျတယ်၊ ကိုယ်ကလဲ

အကြောင်းညီညွတ်တဲ့အခါ ဒါကလေးကတော့ သမီးဘို့ ရွှေကလေးဝယ်လိုက်ဦးမှ တော်မယ်.. စသည်ဖြင့် မလေဘူးလား... (လာပါတယ်ဘုရား)၊

ဒီထက်များ လာလို့ရှိယင်လဲ စိန်စျေးကလေးလဲကျတယ်၊ ပြီးတော့ ရောင်းမည့်သူတွေကလဲ အဆင်သင့်ရှိတယ်၊ ပြီးတော့ အရွယ်ကလေးနဲ့လဲ အတော်ဘဲတဲ့.... (မှန်ပါ့ဘုရား) လုပ်ကိုင်ပြီ ခင်ဗျားတို့ဟာ....(မှန်ပါ့ဘုရား) မလာဘူးလား...(လာပါတယ် ဘုရား)။

ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါ... တဲ့၊ သဘောကျပလား.... (ကျပါပြီဘုရား) ဝိနိစ္ဆယချပြီး ဘာလာပြန်သတုံး.... (ဆန္ဒရာဂလာပါတယ်ဘုရား) ဆန္ဒရာဂလာတယ်၊ သမီးကလေးဝတ်နေလဲ အကြောင်းညီညွတ်တော့ အင်း...ပြုံးနေတာဘဲ... (မှန်ပါ့) နောက်ကနေကြည့်ပြီးသကာလ သူက ဝတ်စားပြီး သွားတော့ ပြုံးတယ်.... (မှန်ပါ့) သားကလေးက ကောင်းကောင်းမှန်မှန် ဝတ်သွားပြန်တော့ အမေမိဘက.... (ပြုံးပါတယ်ဘုရား) ဘာဖြစ်လို့ တကာကြွယ် ပြုံးတာတုံးလို့ ဆိုယင် ဆန္ဒရာဂဖြစ်တာ... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ...ဒါဖြင့် တကာသာကာမတို့ ဆန္ဒရာဂ ဖြစ်ပြီးသကာလ ဒီဥစ္စာ ရွှေ့ကို ဆက်ရမှာဘဲ.... (မှန်ပါ့) ဆန္ဒရာဂပဋိစ္စ၊ ဆန္ဒရာဂ အကြောင်းရင်းခံပြီးသကာလ တကာ့တကာမတို့ တမျိုးလာဦးမှာဘဲ.. (မှန်ပါ့)။

ဒါ့ကြောင့် ဘုရားက တဏှာပဋိစ္စ ပရိယေသနံ၊ ပရိယေသနံ ပဋိစ္စလာဘလော၊ လာဘာပဋိစ္စဝိနိစ္ဆယော၊ ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒ ရာဂေါ လို့ မလာပေဘူးလား (လာပါတယ်ဘုရား)။

အဲဒီဆန္ဒရာဂတွေဖြစ်ပြီး သကာလ လာတဲ့အခါကျလို့ ရှိယင် တကာတကာမတို့ ဒီဘက်က ဘာလာတော့ မတုံးလို့ ဆိုလို့ရှိ ယင်ကွာ၊ ငတ်လဲငတ်၊ စားလဲစား၊ သို့သော်လဲ သူများမသိ စာရင်းဖျောက်ရမယ် စသည်ဖြင့် မစ္ဆရိယ ဝင်လာတယ် (မှန်ပါ ဘုရား)။

ဘာဝင်လာသတုံး (မစ္ဆရိယဝင်လာပါတယ်ဘုရား) မစ္ဆရိယ ဝင်လာတယ်၊ တကာတကာမတို့ မစ္ဆရိယဝင်လာတော့ ဒီဟာ တွေ စာရင်းထဲထည့်ပြီး သကာလ ကျွန်တော်တို့ ဝင်ငွေ ဒီနှစ် ဒါလောက် ပါလို့ ရေးသလား၊ ဒီအတွက် နှုတ်ထား သလား (ဒီအတွက်တွေနှုတ်ထားပါတယ်) ကဲ.... ရှိပါစေတော့ ဒါဟာ မစ္ဆရိယပါဘဲ....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒီအတွက်တွေကတော့ တကာကြွယ်ရေ ထည့်ပြကြသလား.... (မပြပါဘုရား)ဘယ်နှယ်ကြောင့်တုံး .... (မစ္ဆရိယ ကြောင့်ပါ ဘုရား)။

ဒါသူများ မစ္ဆရိယ ဖြစ်နေတာလား၊ တကာ တကာမတို့ ကိုယ့်ဟာကိုယ် ဖြစ်နေတာလား....(ကိုယ့်ဟာကိုယ် ဖြစ်နေတာ ပါဘုရား)။

မစ္ဆရိယ ရှိလာတော့ တကာတကာမတွေက ဘယ်လိုဆုံးဖြတ် ချက် ချလိုက်သတုံးဆိုတော့ ဟော.... မတော်ဘူး ပြန်သိမ်းကွ၊ ဒီအာချိန်မှကောင်းဘူး ဝတ်လို့ စားလို့....(မှန်ပါဘုရား)။

ဘာလုပ်ကြတာတုံး (ပြန်သိမ်းတာပါဘုရား) အံမာလေး တကာဘကာမတို့ မစ္ဆရိယသဲပါရော၊ ပြန်သိမ်းတယ်.... (မှန်ပါဘုရား)။

ပြန်သိမ်းတဲ့ဥစ္စာက ငါ့ဟာ ပျောက်ချိရဲ့ဆိုတဲ့ ဒိဋ္ဌနဲ့ သိမ်းလိုက်ဘာ... (မှန်ပါ)ဘာနဲ့သိမ်းသလဲ (ဒိဋ္ဌနဲ့ သိမ်းပါတယ် ဘုရား)။

တကာသစ် ဒေသတ္တာထဲ ပြန်သိမ်း တာမျှား ခင်ဗျား တို့က အပြစ်မရှိဘူး ထင်မနေနဲ့.... (မှန်ပါ)သေတ္တာထဲ ပြန်သိမ်း တာဟာ ကိုယ့်လုံခြုံ ချင်လို့ ဒီမ်းဘာဘဲလို့ ဆိုမလား၊ တကာတကာမတို့ မစ္ဆရိယနဲ့ သိမ်းတာလား၊.... (မစ္ဆရိယနဲ့သိမ်းတာပါဘုရား)သဘောပါကြပလား .... (ပါကြပါပြီဘုရား)။

ဒါဟာ အမြင်ါမှာဖြစ်သလား၊ အိမ်တွင်းမှာဖြစ်တာလား၊ (အိမ်တွင်းမှာဖြစ်တာပါဘုရား) သြော်... ဒီပဋိစ္စသမုပ္ပါဒ်ကဲ့ အားလုံး တကာတကာမတွေ သိတဲ့အတိုင်း၊ အိမ်တွင်းချည်းဘဲ သူက....(မှန်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့က ကိုယ့်အိမ်နဲ့ကိုယ်နေတာ ကျုပ်တို့ ဖြင့် ဘယ်မှ မသွားလို့ အကုသိုလ်တော့ နည်းပါ တယ်လို့ ခင်ဗျားတို့က သုံးသေးတယ်.... (သုံးပါတယ်ဘုရား) ကျုပ်တို့က ခရီးသွားကလဲနည်းတော့ အကုသိုလ်အဖြစ်နဲ့ပါတယ်တဲ့၊ အပြီး သတ်တော့ သူဟာမစ္ဆရိယနဲ့မသွားတာ.... (မှန်ပါ)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘာနဲ့မသွားတာတုံး .... (မစ္ဆရိယနဲ့ မသွားတာပါဘုရား) ငါသွားယင် ဘာကုန်ချေရဲ့....(မှန်ပါ့)အဲဒီတော့ မပုံ့တန်တာတော့ပုံ့၊ လုံခြုံအောင်လုပ်ရမည့် ဥစ္စာတော့ ပုံ့နေလို့ ရှိယင်ဖြင့် လူကြီးမို့ အမျှော်အမြင်ရှိဘာဘဲ....(မှန်ပါ့ဘုရား)။

အင်း... တကာကြွယ် လူကြီးဘာတဲ့တုံး .... (အမျှော်အမြင်ရှိပါတယ်ဘုရား) ဘယ်မျှော်တာတုံး (အပါယ်မျှော်တာပါဘုရား) အံမာခလေး ကြောက်စရာကြီးပါလား။

တကာတကာမတွေ ခင်ဗျားတို့ဖြစ်စဉ်ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရှင်အာနန္ဒာကို ဟောနေတာ၊ ပဋိစ္စသမုပ္ပါဒ် လှယ်တယ်လျှောက်လို့ (မှန်ပါ့) ဒါဟာအိမ်တွင်း ပဋိစ္စသမုပ္ပါဒ် လူတိုင်းဖြစ်တယ်...(မှန်ပါ့ဘုရား)။

ဒါတွေကို ဘုန်းကြီးက ဝိပဿနာ ဉာဏ်နဲ့ တကာဘာကာမတွေကို ဖြတ်မပေးလို့ ရှိယင် ကျုပ်တို့အကုသိုလ်မရှိဘူး ပြောမှာဘဲ....(ပြောမှာပါဘုရား)မပြောဘူးလား ပြောမလား၊ (ပြောမှာပါဘုရား)။

တကာကြွယ် ပြောမယ်နော်(မှန်ပါ့) ဖြစ်လိုက်တဲ့ အကုသိုလ်ဟာ တကာသစ် အခုကြည့်စမ်း တဏှာ ပဋိစ္စ... (ပရိယေသနာပါဘုရား)။

ပရိယေသနံပဋိစ္စ ....(လာဘော)လာဘံပဋိစ္စ....(ဝိနိစ္ဆယော) ဝိနိစ္ဆယံပဋိစ္စ.... (ဆန္ဒရာဂေါ) ဝိနိစ္ဆယံ ပဋိစ္စဆိုပြီး ဒီကြားထဲ တခုတည့်လိုက်ပါဦးနော်....(မှန်ပါ့ဘုရား)။

ဝိနိစ္ဆယ့် ပဋိစ္စ အဇ္ဈော သာနံတဲ့၊ အဇ္ဈောသာနံ ဆိုတာက တခြားမဟုတ်ပါဘူး တကာတကာမတို့ အလွှန်ကို ဒီအလုပ်ကို အားကြိုးမာန်တက် သွန်ပြီးလုပ်တော့မယ် ကွာတဲ့၊ ဒီကျအောင် တခါတည်းလုပ်ပစ်လိုက်တယ်.... (မှန်ပါ့ဘုရား)။

ဆုံးဖြတ်ချက်ချပြီး ဒီအလုပ်တော့ဖြင့် အားကုန်ရှေ့ကိုသွန်မှ ဘဲတဲ့.... (မှန်ပါ့) ဘာပြုလို့တုံး၊ လသာတုံးဗိုင်းငင့်ရတယ် .... (မှန်ပါ့)အချိန်ရှိခိုက် လုံ့လစိုက် ရတယ်ဆိုပြီး သကာလ အလွှန် ကြီးကျယ်တဲ့ တဏှာဒိဋ္ဌိပေါ်လာတယ် ... (ပေါ်လာပါတယ် ဘုရား)မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အဇ္ဈောသာနံ ပဋိစ္စပရိဂ္ဂ ဟောတဲ့၊ တခါတည်း အကုန်သိမ်းဆည်း တော့တာဘဲ၊ ခုနင် ကဟာ ဆေတ္တာဆဲတာထဲ အကုန်သိမ်းဆည်းတော့တာဘဲ၊ ဒါက လေး နှစ်ခုအကြား ကျန်နေခဲ့တယ်နော် ...(မှန်ပါ့) ကဲ ... ဒါဖြင့် ဒါရှင်းပလား ...(ရှင်းပါပြီဘုရား)။

အဇ္ဈောသာသနံ ပဋိစ္စပရိဂ္ဂဟော၊ပရိဂ္ဂဟံ ပဋိစ္စမစ္ဆရိယံ၊သိမ်း ဆည်းတဲ့ အချိန်ကျလို့ ရှိယင် သိမ်းဆည်း၊ တကာတကာမတို့ ဘာဖြစ်လို့ သိမ်း ဆည်း ကြတာ တုံးလို့ မေးလို့ ရှိယင်ဖြင့် တကာသစ် ဖြေဘတ်ပါပြီ၊ သူများမြင်မှာစိုးလို့ .... (မှန်ပါ့) သူများသိမှာ ...(စိုးပါတယ်ဘုရား)။

သူတို့ ရှေတွဲလဲ၊ငွေတွဲလဲ၊စိန်တွေတပြောင်ပြောင်နဲ့ ငွေချေး မှာလဲစိုးတယ် ...(မှန်ပါ့ဘုရား)။

တကာကြွယ် ဘာစိုးရိမ်တာတုံး....(ငွေချေးမှာစိုးရိမ်ပါတယ် ဘုရား)ငွေချေးမည့်လူ လာလို့ရှိယင် ခင်ဗျားတို့ ပရိယာယ်က

အရှုပ်ကြီးဘဲ၊ဒီအနားမှာရှိတဲ့ လူတယောက်ကိုလှမ်းပြီးသကာလ ဒို့မှာ ငေ့နည်းနေသကွာ၊ မင်းငေ့ရှာတဲ့ နေရာကလေး အယင် နေရာသွားနိုင်သေးသလားတောင် လှမ်းပြီး မေးချင် မေးသေး တာ....(မှန်ပါ့)ဖုံးလိုက်တာကိုး.... (ဖုံးတာပါဘုရား)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

တကာကြွယ် ဒီအသုံးတွေကလဲ မသုံးဘူး မဆိုနဲ့နော် .... (မှန်ပါ့) သူ့ချေးလိုက်ယင်လဲ ရမှာမဟုတ်တော့ ကပြာကရာ ကာကွယ်လိုက်ရတယ်... (မှန်ပါ့ဘုရား)။

အိမ်ပေါ် ဒီလူခြလှမ်း တက်လာကတည်းက ဥိးမာဒင်သိပြီ (သိပါပြီဘုရား)ဒီလူ အယင်တုန်းကလဲ တယ်မဟုတ်ဘူး၊ အခုလဲ ဒို့အကြောင်း ညှိညှိတ်တယ်ဆိုလို့ လာပြန်ပြီ၊ အဲဒီတော့ အသံ တော့ လှုံ့လိုက်ဥိးမှာဘဲဆိုပြီး တကာကြွယ် မလှုံ့တတ်ကြဘူး လား.... (လှုံ့တတ်ကြပါတယ်ဘုရား)။

ကွာ...ဒို့လဲအကြောင်းမညှိညှိတ်လို့ အခုဆက်ထိ ဒီလိုဘဲ နေရသေးတာ၊ ဒါကြောင့် ကိုယ့်အတွက်ဘောင်မှ အတော်ရှာရ မည့်အရေးကို ဖတ်းနေရသေးတယ်ဆိုတဲ့ အသွားမျိုး၊ တကာ သစ်၊ ဖုံးလိုက်ဖိလိုက်တာပါဘဲ .... (မှန်ပါ့)မလာဘူးလား .... (လာပါတယ်ဘုရား)။

ကဲ-ဒါဖြင့်မစ္ဆရိယံ ပဋိစ္ဆပရိဂ္ဂဟောတဲ့၊တကာတကာမတို့ဝန်တို ပြီးသကာလသူသိမ်းလိုက်၊ဆည်းလိုက်နဲ့ ဟိုလူလာလို့ သူအမည် မခံချင်တော့ဘူး (မှန်ပါ့)ခံချင်ကြသေးသလား.... (မခံချင်ပါ ဘုဆုး)။

ကဲ....ဒါဖြင့် ဘယ်လိုလုပ်ကြမတုံးမေးတော့ မစ္ဆရိယံ ပဋိစ္ဆ အာရုံကျောတဲ့၊ စောင့်ရှောက်ပြီဘဲ့... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဒီနေရာကလေးကို နေ့တိုင်းလိုလိုဘဲ အခြေပျက်၊ မပျက်သွားကြည့်တယ်... (မှန်ပါ!) မကြည့်ရဖေပဘူးလား ကြည့်ရပါတယ်ဘုရား)။

လက်ရာခြေရာမျှားရှိသလား၊ တက်ရာ ဆင်းရာမျှားရှိသလား (မှန်ပါ!)ဘာလုပ်ကြတာတုံး (အခြေအနေ သွား-သွားကြည့်တာပါဘုရား) သွားကြည့်လို့ တချို့သူခိုးက ရိပ်မိသွားလို့ တူးသွားတာတွေလဲ တပုံကြီးဘဲ....(မှန်ပါ!ဘုရား)။

ဒါဖြင့် တကာ တကာမတို့ စောင့်ရှောက်ပြီနော်....(မှန်ပါ!) တဏှာဒိဋ္ဌိနဲ့ စောင့်ရှောက်ပြီ.... ဒါကြောင့် မစ္ဆရိယံ ပဋိစ္စ အာရက္ခောစောင့်ရှောက်ပါပြီ.... တဲ့၊ မစ္ဆရိယကြောင့် အာရက္ခဆိုတဲ့ စောင့်ရှောက်မှုလာတယ်....(မှန်ပါ!) သဘောကျပလား.... (ကျပါပြီဘုရား)။

အာရက္ခဆိုတဲ့ စောင့်ရှောက်မှုကြောင့် ကဲကွာ....ဒို့အယင်လို နေလို့ မတော်ကြဘူး၊ သေနတ်ကလေး ဘာလေးတော့ လိုင်စင်ယူအုံးမှဘဲ၊ ဒီရောက်တယ်....(မှန်ပါ!) မရောက်ဘူးလား- ရောက်သလား....(ရောက်ပါတယ်ဘုရား) ရောက်ပြီ....ဒီရောက်ပြီ။

ဒါကြောင့် ဘုရားက အာရက္ခ ဝိကရဏံ ဒဏ္ဍာဒါန သတ္ထာဒါန- အစရှိသည်နဲ့ လက်နက်ရှာတယ်ကဲ့တဲ့ (မှန်ပါ!) ဒီလက်နက်ထားတာ ဘာဖြစ်လို့တုံး....(မစ္ဆရိယကြောင့်ပါဘုရား)

ကဲ... အခုလက်နက်ထားတာ တကာကြွယ်· ရိပ်မိပလား.... (ရိပ်မိပါပြီ) လက်နက်မရမှာစိုးလို့၊ ကိုယ့်အမြတ်တော်ကြွေးမကျေသေးလို့ ရှိယင် အမြတ်တော်ကြွေးကလေးတောင် နည်းနည်း

သွားဆောင်လိုက်တာရှိသးတယ်....(မှန်ပါ့) ဘာဖြစ်လို့တုံး... လက်နှက်မရမှာစိုးလို့... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တကာကြွယ်... ဒီဥစ္စာကလဲ အတော်ဆိုးနေတယ်နော်....(ဆိုးပါတယ်ဘုရား) ဘယ့်နယ်ကြောင့်တုံး....လို့ မေးတဲ့အခါကျတော့မှ တကာ တကာမတို့ မစ္ဆရိယကြောင့် အာရက္ခဆိုတဲ့ အနစောင့်အရှောက် လိုလာတယ်.. (မှန်ပါ့ဘုရား)

အဲဒါကြောင့် လက်နက်တို့, ဘာတို့, တံခါးတို့, အမျိုးမျိုး အဖုံဖုံ မလုပ်ဘူးလား.. (လုပ်သာပါတယ်ဘုရား)။

ဒါဖြင့်.... ဓါး, ဒုတ်, လက်နက်, သေနတ်, အာစရိသည်တို့ တကာတကာမတွေ့မှာ အဆင်သင့်ဖြစ်ပြီး တံခါးတွေ အမျိုးမျိုး အဖုံဖုံ အထပ်ထပ်နဲ့ လုပ်ကြတာဟာ ဘယ့်နယ်ကြောင့် လုပ်ဖြစ်ပါလိမ့်မလဲလို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား)

ဒီဘက် သူ့အကြောင်း နောက်ပြန်တွေး မတွေးသင့်ဘူးလား (တွေးသင့်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ စောင့်ရှောက်လိုတဲ့စိတ်ကြောင့် ဓါး, ဒုတ်တွေ ဆောင်ရတယ်.. (မှန်ပါ့) ဓါး, ဒုတ်တွေ ဘယ့်နယ်ကြောင့် ထားပါလိမ့်... (စောင့်ရှောက်လိုတဲ့စိတ်ကြောင့်ပါဘုရား)။

စောင့်ရှောက်ချင်တဲ့စိတ်က ဘယ်ကလာတာတုံး၊ ပျောက်မှာ ပျက်မှာစိုးတဲ့စိတ်က ဘယ်ကလာတာတုံး၊ မစ္ဆရိယကလာတယ်.... မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မစ္ဆရိယက ဘယ်ကလာပါလိမ့်မတုံး... လို့ မေးလို့ရှိယင် ဒီပြောင်းပြန်လှည့်တာ အကုန်သွားရမယ် (မှန်ပါ့) ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ဒါဖြင့်.... နောက်ဆုံးပိတ် ဘယ်ပြန်ရောက်မယ်ထင်သတုံး.... (ခန္ဓာပြန်ရောက်ပါမယ်ဘုရား)ခန္ဓာပြန်ရောက်မယ်၊ ခန္ဓာအတွက် ချည့်ဘဲ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ ကကာမတို့ အသုံးစုံအကုန် ခင်ဗျားတို့သည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် လက်နက်ဆောင်တာသည် အိမ်မှာတံခါးတွေ လုံခြုံအောင် ပြန်ပြီးသကာလ အယင်မူနဲ့ ဖတောင်ဘူး၊ နောက်မှနဲ့ ပြန်လုပ်မှဘဲ ဆိုတဲ့ အသွားတွေ ဟူသ၍ဟာလည်း ဘယ်အကျိုးဥာ လုပ်ပါလိမ့်မလဲလို့ တ...ာသစ်-မေးဘို့မလိုဘူးလား... (လိုပါတယ်ဘုရား)။ စောင့်ရှောက်မှု အလိုရှိလို့-(မှန်ပါ့ဘုရား)။

စောင့်ရှောက်မှုဟာ ဘယ်ကလာသတုံး မေးလို့ရှိယင် ဘယ်နှယ်ခဖြပါ့မလဲ....(မစ္ဆရိယကပါဘုရား) မစ္ဆရိယက ဘယ်နှယ်ကြောင့် လာပါလိမ့်မလဲလို့ မေးလို့ရှိယင် ကိုယ့်ပစ္စည်း အလွန်နှစ်သက်လို့... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်နှယ်ခကြောင့် အလွန်နှစ်သက်ဘဲ့သဘော ဖြစ်ရပါလိမ့်မလဲဆိုတော့ အို ...ဝေပုံကျသားတာ-(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဘယ်နှယ်ကြောင့် ဝေပုံကျ ထားတာတုံးဆိုတော့ ရလို့... မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ရတာ ဘယ်ဂရသတုံးမေးတော့ ရှာလို့ရတာ....(မှန်ပါ့) ရှာတာ ဘာနဲ့ရှာသတုံးမေးတော့ (တဏှာနဲ့ရှာပါတယ်ဘုရား) တဏှာ ဘယ်သူ့အတွက် ရှာသတုံး မေးတော့.... (ခန္ဓာအတွက် ရှာပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတွေက ဖုံးလိုက်ဖိလိုက်သေးတယ်၊ အိမ်လဲလုံလို့ လက်နက်တွေနဲ့လဲ စောင့်ရှောက်လို့ ဟုတ်လား.... (မှန်ပါ့) အမျိုးမျိုးအဖုံဖုံတွေ လုပ်ပြီးထားပါတယ်။

ကျုပ်တို့ရှာနေတာက တခြားတော့ မဟုတ်ပါဘူး၊ ကိုယ့်အတွက်တော့ စားချိန်လဲမရှိပါဘူး၊ နေချိန်လဲ မရှိပါဘူး၊ လူဘို့တန်းဘို့ဘဲ... (မှန်ပါ့) ဒါကြီး အကုန်ဖုံးပစ်လိုက်တယ်... (မှန်ပါ့ဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ် ဘာလုပ်ပစ်လိုက်သလဲ....(ဖုံးပစ်လိုက်ပါတယ်ဘုရား)ရော....ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် ဖုံးလို့ရတာလား၊ တကာတကာမတို့ အကြောင်းအကျိုးဆက်နေတာလား....(အကြောင်းအကျိုး ဆက်နေတာပါဘုရား) ဖုံးလို့ရရဲ့လား(မရပါဘုရား)။

အဲဒါ....တကာကြွယ်တို့က မသိတော့ သူ့ကို ရှာနေတာက သူတို့စားချိန်တော့ မရှိဘူး... တဲ့၊ အခု အလူတွေက တန်းလန်း၊ ကျောင်းဆောက်နေတာက တန်းလန်း၊ ဘုရားတည်နေတာက တန်းလန်း၊ ရေကန်တူးနေတာက တန်းလန်း၊ ဒါကြောင့် ရှာနေကြတယ်၊ သာဓု... သာဓု....သာဓု... (မှန်ပါ့ဘုရား)။

အံမာ....သာဓုများခေါ်လိုက်သေးတယ်.... (မှန်ပါ့) သူ့အိမ်သွားကြည့်တော့လဲ လက်နက်တွေနဲ့... (မှန်ပါ့ဘုရား)။

သူ့အိမ်သွားကြည့်တော့ ဘယ့်နှယ်ဆိုပါ့မလဲ.... (လက်နက်တွေနဲ့ပါဘုရား) ဘယ့်နှယ်ကြောင့် လက်နက်တွေထားပါလိမ့်မလဲ....(ပျောက်မှာစိုးလို့ပါဘုရား) သဘောကျပါလား.... (ကျေပါပြီဘုရား)။

ဘာဖြစ်လို့ ပျောက်မှာစိုးသတုံးဆိုတော့ မစ္ဆရိယရှိလို့.... (မှန်ပါ့) ဒါမျိုးသာခုခေါ်ကြသေးတယ်....(မှန်ပါ့ဘုရား)။

တကာကြွယ်ခင်ဗျားခေါ်ဘူးသလား.... (ခေါ်ဘူးပါတယ်ဘုရား) ဟာ....သွားပြီးပါ့။ သာခုခေါ်တာ ဟိုလူကို တွန်းချလိုက်ဘာဘဲ့....(မှန်ပါ့) အင်မတန်ဆိုးနေတယ်ဆိုတာ ပေါ်ကြပလား.. (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီဥစ္စာ တဏှာ၊ မူလကကိုးချက်ဆိုတာ ၁-၂-၃-၄-၅-၆-၇-၈-၉.... တဏှာအကြောင်းရင်းခံပြီး ကိုးချက်ဖြစ်တယ်....(မှန်ပါ့ဘုရား)။

ဒီဥစ္စာ တခြားပဋိစ္စသမုပ္ပါဒ် မှတ်မနေနဲ့၊ အိမ်တွင်းကနေပြီး အပါယ်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်...(မှန်ပါ့) က ဲ...ဟောထိုက်-မဟောထိုက်....(ဟောထိုက်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီပဋိစ္စသမုပ္ပါဒ် နားလည်ပလား (နားလည်ပါပြီဘုရား) မခပြောပါနဲ့ ကိုယ်တိုင်လုပ်နေတာဘုရာ့- နားလည်ရုံတွင်မကဘူး... (မှန်ပါ့) ရိပ်မိပလား.. (ရိပ်မိပါပြီဘုရား)။

ဦးသန်းမောင်- ဘယ့်နှယ်လုပ်နေသတုံး....(ကိုယ်တိုင်လုပ်နေတာပါဘုရား) ကိုယ်တိုင်လုပ်နေတာ နားလည်ရုံမကပါဘူး.... ဒါလက်တွေ့ပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) အခုတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

သို့သော်ဘယ်တော့မှ ဒီကြားမှာ ဝိပဿနာဝင်မယ်လို့ လာကိုမလာဘူး... (မှန်ပါ့)လာကြရဲ့လား.... (မလာပါဘုရား) ဒီလိုမလာဘာကလဲ တကာကြွယ် ဘယ်လောက်ကြာပြီတုံး.... (မရေတွက်နိုင်ပါဘုရား)အစကတည်းက မလာဘူးပါဘူးဗျာ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်တုံးက မလာဘူးတာတုံး.... (အစကတည်းကပါဘုရား) အစကတည်းက မလာဘူးဆိုတော့ ပဋိစ္စသမုပ္ပါဒ်ပေါင်း တကာကြွယ်မှာ ဘယ်လောက်ရှိပြီတုံး....(မရေတွက်နိုင်ပါဘုရား)။

ကဲ...တက်လမ်းကိုမပါဘူး... (တက်လမ်းကိုမပါ-ပါဘုရား) တကာသစ် ဘယ့်နှယ်တုံး...(တက်လမ်းကိုမပါ-ပါဘုရား) အဲဒါခင်ဗျားတို့မှာ အားလုံးတရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေ ဒီကျွေးတွေ လူတိုင်းရှိတယ်.... (ရှိပါတယ်ဘုရား) နည်းနည်းရှိတဲ့လူလဲ ပဋိစ္စသမုပ္ပါဒ်ပါ တာဘဲ.... (မှန်ပါ့) ပစ္စည်းများများရှိတဲ့လူလဲ (ပါ-ပါတယ်ဘုရား) အလတ်စားရှိတဲ့ ပုဂ္ဂိုလ်လဲ.... (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဒီအိမ်တွင်းကနေပြီး အပါယ်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ တကာသစ်နည်းသလား....(မနည်းပါဘုရား)ဒါဖြင့် ဘုရားက ဟောတာ လူတသိန်းသေလို့ နတ်ပြည်သုဂတိ တယောက်မရောက်ပါဘူးလို့ ဟောတယ်၊ ခင်ဗျားတို့ ဘုရားကို အပြောကြီးတယ်ဆိုမလား၊ တပည့်တော်တို့ ဖြစ်တာနဲ့စာယင် အဟောနည်းဘယ်လို့ ဆိုကြမလား.... (အဟောနည်းပါတယ်ဘုရား)။

ရိပ်မိပြီ၊ ဖြစ်တာနဲ့စာယင် အဟောနည်းသေးတယ်(မှန်ပါ့) ကိုင်း....ဒါဖြင့် တကာတကာမတွေ ဒီဟာတွေခင်ဗျားတို့ ဒီဆရာ ဘုန်းကြီးကမှ ဒီဖြတ်လမ်းကို မပြတော့ ပါဘူး ဆိုလို့ ရှိယင် ဒီကြွေးပေါင်းဟာ ခင်ဗျားတို့မှာ မနည်းတော့ဘူး .... (မနည်း တော့ပါဘုရား)။

ပေါ်ကြပလား.. (ပေါ်ပါပြီဘုရား)ဒီကြွေးလွတ်ဘဲ့ တကာ တကာမ ဒီအထဲမှာတယောက်မှ မပါ-ပါဘူး ... (မပါပါဘုရား) ပေါ်ကြရဲ့လား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ ဒီကြွေးကို ခင်ဗျားတို့ ဩော် တပည့်တော်ဖြင့် ပန်းကလေးလှူပါ၏၊ အပါယ် လေး ပါး ဖြင့် မဆောက်ရပါစေနဲ့တဲ့၊ ပဋိစ္စသမုပ္ပါဒ်ကဖြင့် အောင်မြင်ပြီးပြီ .... (မှန်ပါ့ဘုရား)။

ချမ်းသာတယ်၊ ချမ်းသာတဲ့ အခါကျလို့ရှိယင်ဖြင့် ကဲ ကွာ တသတကြိမ်၊ တသသုံးကြိမ်လောက် ဆယ်ပါးစီ ဆယ့်ငါးပါးစီ၊ နှစ်ဆယ်စီလောက် ဆွမ်းကလေးကျွေးရအောင်၊ ဒါဒို့ကိုကယ် မည့်သူ ယူမည့်သူပေါ့ကွ....(မှန်လှပါဘုရား)။

ဆွမ်းကသုံးကြိမ်ရယ်၊ သူ့ပဋိစ္စသမုပ္ပါဒ်က တနေ့ ဘယ်နှစ် ကြိမ်တုံး.... (မရေတွက်နိုင်ပါဘုရား)မိုးကြိုးပစ်တာ ထန်းလက်နဲ့ ကာသလိုဖြစ်နေဦးမယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)မိုးကြိုး ပစ်တာကို.... (ထန်းလက်နဲ့ကာသလိုဖြစ်နေမယ်၊မရဘူး)မရဘူး ဝိပဿနာမှ ရမယ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝိပဿနာကတော့ တကာ တကာမတို့ မှတ်လိုက် စမ်းပါ-ကုသိုလ်ဆော၊အကုသိုလ်ဆော၊ မကောင်းတဲ့ ကုသိုလ်လဲ ဘုံဘဝ အကျိုးပေးမည့် ကုသိုလ်လဲ သူကစွန့်ဘယ်...(မှန်ပါ) အပါယ် သွားရမည့် ကုသိုလ်လဲ(စွန့်ပါတယ်ဘုရား) အဲဒီတော့ဝိပဿနာနဲ့ ကာကွယ်ရမယ်....(မှန်ပါ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ..ယခုနေ့ ဒီတွင်တော်ကြည်းစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
"ကိုယ်ကိုယ်သနားယင် မဂ္ဂင်လုပ်ပါ"
"ဝေဒနာသတ်ယင် တဏှာသေပုံ(၁)"

နေ့အလုပ်ပေးတရားတော်

(၇ - ၁၁ - ၆၁)

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးနေစဉ် တာဝတိံသာ နတ်ပြည်က သိကြားကြီးက ဥယျာဉ်မှာ နတ်သား၊ နတ်သမီးတွေနဲ့၊ ပျော်မယ်ပါးမယ်လို့ ထွက်လာတုန်း၊ စိတ်ကူးတခုပေါ်လာတယ်လို့ တကာကြွယ် မှတ်ထားရမယ်....(မှန်လှပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပုဗ္ဗာရုံကျောင်းမှာသီတင်းသုံးနေတယ်၊ တာဝတိံသာမှာ ရှိတဲ့သိကြားကလဲ အပျော်ဆိုပြီး သကာလ နတ်သား၊ နတ်သမီးတွေ အစုံနဲ့၊ ဧရာဝဏ် ဆင်ကြီးစီးပြီး သကာလ ဥယျာဉ်ထဲ ထွက်ပြီး လာတော့ ဥယျာဉ်ပေါက်ဝရောက်ယင်ဘဲ၊ စိတ်ကူးကလေးတမျိုးပေါ်လာတယ်....(မှန်ပါ့ဘုရား)။

ကာမဂုဏ်ကြားထဲကမှ အလင်းဆောင်ကခေလးဖြစ်တဲ့ စိတ်က လေးဘခု ပေါ်လာတယ်....(မှန်ပါ့) ကာမဂုဏ်ခေတ္တ အင်မတန် ထူပြောနေတုန်း၊ ပျော်ဖယ် ပါးမယ် လုပ်တုန်း၊ နိဗ္ဗာန်ဆောက် ချင်တဲ့ စိတ်ကူးကလေးက ဖြတ်ထိုးပေါ်လာတယ်လို့ မှတ်ရမယ် နော်....(မှန်လှပါဘုရား)။

အဲဒီနိဗ္ဗာန်ဆောက်ချင်တဲ့ ဖြတ်ထိုး ကလေးဟာ ဘာပါလိမ့် မတုံးလို့ ဖေးတဲ့အခါကျတော့ ဆင်ပေါ်မှာ သူစီးပြီး ဥယျာဉ် ထွက်လာရင်ဘဲ တဏှာအမြန်ကုန်တဲ့နည်းဟာ ဘယ်နည်းပါလိမ့် မတုံးဆိုတဲ့ စိတ်ကူးကလေး ပေါ်လာတယ်.... (မှန်ပါဘုရား)။

ဒါသူသိတာတော့မဟုတ်ဘူး၊ တကာကြွယ်ရတဏှာကိုအမြန် ကုန်စေတဲ့နည်းဟာ ဘယ်နည်းများ ရှိပါလိမ့်မတုံး ဆိုတဲ့ တွေး လုံးကလေးပေါ်လာတယ်.... (မှန်ပါဘုရား)။

သို့သော် ဘုန်းကြီးတို့ တကာတကာမတွေ မှတ်စရာကတော့ ဖြင့် သြော်....တဏှာကုန်ယင် နိဗ္ဗာန် ရောက်တာဘဲ .... (မှန်ပါ့ ဘုရား)။

တဏှာကုန်ယင် (နိဗ္ဗာန်ရောက်ပါတယ်ဘုရား) နိဗ္ဗာန်ဆောက် တယ်လို့ ဘုန်းကြီးတို့ တကာတကာမတွေ မှတ်ထားပါ(မှန်ပါ့ ဘုရား)။

အဲဒီတော့ နိဗ္ဗာန်ကိုလဲ ဘုန်းကြီး ဒီခနဆုံမှာ ရှင်းချင်ပါ တယ်၊ နိဗ္ဗာန်ဆိုတဲ့ဥစ္စာသည် ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ မှတ်စရာက သြော်....ခန္ဓာဝန်ထမ်းရတဲ့ ဒုက္ခလဲမရှိဘူး၊ခကျွးမွေး သုတ်သင်နေရတဲ့ ဒုက္ခကော....(မရှိပါဘုရား)။

သူများဝမ်းခခါင်းထဲ အောင်းရတဲ့ဒုက္ခကော .... (မရှိပါဘူး)ခါးကိုင်း၊ နားထိုင်း၊ သွားကျိုး၊ ဆံဖြူရောဂါထူတဲ့ဒုက္ခကော....(မရှိပါဘူး)။

ပြီးတော့ လူမမာကြီးဖြစ်ပြီး သူ့ အားကိုးရတော့ မလိုလို ဂါအားကိုးရခတော့မလိုလို၊ ဒီဝဝနာမှ ထမြောက်ဘို့ ဆိုတဲ့ စိတ်၏ပင်ပန်းခြင်း၊ ကိုယ်၏ပင်ပန်းခြင်း၊မထနိုင် မကြွနိုင်ပင်ပန်းတဲ့ ဗျာဓိဒုက္ခကော...(မရှိပါဘူး) သေခါနီးမှာ ဝိညာဏ်ကကမချုပ်နိုင်လို့ ဟိုနိမိတ်ခတွေ၊ ဒီနိမိတ်ခတွေ ထင်လာပြီး မျက်ရည်ကြီးငယ်ကျရတဲ့ဒုက္ခကော (မရှိပါဘူး)။

သေခါနီးမှ တကာ တကာမတို့ ကြပ်ကြပ်စဉ်းစားပါနော်... သေခါနီးမှာ ပြုန်းကနဲ ဝိညာဏ်ချုပ်သွားတယ်လို့ မခအာဂ်မေ့ဘဲနဲ့ ကိုယ်လုပ်ထားတဲ့ကုသိုလ်၊ ကိုယ်ပြုထားတဲ့ကုသိုလ်၏ သွားရတဲ့လမ်းခရီးကိုမြင်တဲ့ ကိုယ်တယောက်ထဲ မြင်ရတဲ့ အမှတ်အသားတွေ ဦးမာဒင်-ခွိုဒသေးဘယ်...(မှန်လှပါဘူး)။

မသေခင်ကမြင်ရတဲ့ အမှတ်အသားတွေ ရှိပြီးသကာလ သေတယ်ဆိုကာညည်းကိုက သားရေး, သမီးရေး, စီးပွားရေးနဲ့ အချိန်ကုန်နေတဲ့ပုဂ္ဂိုလ်ခတွေ၊ ဝိပဿနာအလုပ် မလုပ်ဘဲနဲ့ သစ္စာမမြင်ဘဲနဲ့နေတဲ့ပုဂ္ဂိုလ်တွေကျတော့ ခွေးနက်ကြီးတွေထင် ငရဲမီးတွေမြင် ဝိညာဏ်ကမချုပ်သေး အသက် မသေသေးဘူးပေါ့ဗျာ... (မှန်လှပါဘူး)။

အဲဒီမှာ တခါတည်း ဦးမာဒင်တို့- ဦးသန်းမောင်တို့ ခေါင်းအုံးပေါ်မှာ မျက်ရည် ကြီး,ငယ် ကျတယ်....(မှန်ပါဘူး)။

ဦးဘထွေးတို့ ခေါင်းအုံးပေါ်မှာ မျက်ရည်ကြီးငယ် ကျတယ်နော်....(မှန်ပါ့)ဘာဖြစ်လို့ ကျပါလိမ့်မတုံးလို့ တကာကြွယ်တို့-ဦးလှဘူးတို့ မေးလို့ရှိယင် သူသွားရမည့်လမ်း, သူတယောက်ထဲမြင်ပြီးသကာလ ငါအနေမှားခဲ့လို့ အရောက်တော့ဖြင့် မှားရတော့မှာဘဲ၊ ကိုယ်ကျိုးနည်းပေါ့ ဆိုပြီး မျက်ရည်ကျတယ်....(မှန်ပါ့) ဒီအချိန်မှာ ဝိညာဏ်မချုပ်သေးဘူးဗျ.... (မချုပ်ပါဘုရား)။

တကာ တကာမတို့ ဒီအချိန်မှာ ဘာတုံး....(ဝိညာဏ် မချုပ်သေးပါဘုရား)။

တကာကြွယ်- ဖုံးလေသမျှ ကုန်းမှပေါ်ဆိုတဲ့ လောကီဥပမာလိုဘဲ တသက်လုံးတော့ဖြင့် လျှာအရိုးမရှိတာနဲ့ ကျုပ်တို့လဲစိတ်ကောင်း စိတ်မြတ်တော့ ရှိပါတယ်၊ မအားမလပ်သေးလို့ သူတော်ကောင်းအလုပ် မလုပ်ရသေးတာပါ၊ ဖုံးနေတာပေါ့ဗျာ-(မှန်လှပါ) ဖုံးရင်းမတ္တန့် သေပေါက် သေဝသို့ရောက်လာတော့ ဒီအမြင်တွေ မသေခင်ကမြင်ရတယ် - (မှန်လှပါဘုရား)။

မသေခင်ကမြင်ရတော့ မျက်ရည်ကြီးငယ်တွေကျပြီးသကာလ ဩော်... ငါ့မှာလဲ သားကျွန်, မယားကျွန်, ဆွေကျွန်, မျိုးကျွန်တွေ ခံရတာနဲ့ ကိုယ့်အရေး ဘာမှမပါလို့ အခုမြင်ရတဲ့ ငါသွားရမည့်လမ်းကဖြင့် လမ်းဆိုး, လမ်းကြမ်း အပါယ်လေးပါးပါကလား... (မှန်လှပါဘုရား)။

ငရဲသွားရမည့်ပုဂ္ဂိုလ်က ငရဲမီးတွေမြင်လာတယ်.... (မြင်လာပါတယ်ဘုရား) ခွေးနက်ကြီးတွေ လာဆွဲမည့်ပုံ မြင်လာတယ်.... (မှန်ပါ့ဘုရား)။

ဒီတောင်ကြီးတွေ, ဒီချောက်ကြီးတွေ, ကြားကြီးတွေ မြင်လာ စာယ်....(မှန်ပါ့) ဦးမာဒင်တို့- ဦးသန်းမောင်တို့- ဦးဘဆွေးတို့- ဒီအချိန်ကျမှ ပြင်ဆင်ချိန်ရဲသေးရဲ့လား (မရဲပါဘုရား) အခု ရသေးတယ်လို့ အောက်မေ့ပါ....(မှန်ပါ့ဘုရား)

အခုငါတို့သည် ခဲခဲယဉ်းယဉ်းနဲ့ ဆရာသမားဆီမှာလာပြီး ဆည်းကပ်တာ၊ သြော်.... ဟိုချိန်မှာ ကိုယ်ကျိုးနည်းဒေါ့ဆိုတဲ့ ခေါင်းအုံးပေါ်မှာ မျက်ရည်တွေကျပြီး သားသမီးတစ်နိုင်၊သမီးလဲ မတစ်နိုင်ဘဲနဲ့ ကိုယ်သွားရမည့်လမ်းကြီး ကိုယ်မြင်ပြီးဒော့ ဝမ်းနည်းတဲ့ကိစ္စကြီး မပြစ်ရအောင်လို့ပါလား... (မှန်ပါ့) သိပ် ကြောက်စရာကောင်းပါလား... (ကောင်းပါတယ်ဘုရား)။

အဲဒါ.... ခင်ဗျားတို့ ပျော်သလောက် ဒုက္ခတွေ ရမယ်ဆိုတဲ့ အဓိပ္ပါယ်ကော တကာကြွယ် ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီကိစ္စကလဲ တကာ တကာမတို့ စပ်မိသို့ ပြောပါတယ် နော်.... သိကြားမင်းကြီးအခကြောင်းလဲ ဟောမှာတဲ့.... (မှန်ပါ့ ဘုရား)။

ဒါဘာလုပ်တာတုံး-ဆရာဘုန်းကြီးက ညှပ်ပြီး ဒီစကား ဘာ ပြောတာတုံး ဆိုလို့ရှိယင်ဖြင့် သြော်.. ဆရာကောင်း သမား ကောင်းဆိုတာ တကာ တကာမတို့ အနာဂတ် လှမ်းပြီး မြင်တဲ့ အတွက် တပည့်-တကာ တကာမတွေကို ဟော့....ဒီလိုမနေနဲ့ဟော့၊ ဝိပဿနာ မြန်မြန်အားထုတ်၊ ဝိပဿနာ အားမထုတ်လို့ရှိယင် ဒီကိစ္စကို မင်း-တွေ့ရလိမ့်မယ်....(မှန်ပါ့ဘုရား)။

မျက်ရည်ကြီးငယ်ကျတဲ့ကိစ္စ ဒေသခါနီး ဘယ်သူမှ မပြောနိုင် ဘဲနဲ့ ကိုယ်တဖယောက်တည်း မျက်ရည်ကျ ဝမ်းနည်းပြီးသကာလ

ဦးမာဒင်-ဝိညာဏ်ချုပ်သွားတယ်... (မှန်ပါ့) မနစ်နာဘူးလား... (နစ်နာပါတယ်ဘုရား)။

ရှိတဲ့ပစ္စည်းတွေက ဘာကယ်ဖေါ်ရသလဲ.... (မရပါဘုရား) အင်မတန် ကိုယ်ကျိုးနည်းပြီဆိုတဲ့အဓိပ္ပါယ် မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဒါက လူတိုင်းတွေ့ရမည့် အလုပ်- လုပ်မထားတဲ့ပုဂ္ဂိုလ်မှာ.... (မှန်ပါ့) ရဟန်းသော, လူသော, နတ်သော, အကုန်တွေ့ရမည့် ကိစ္စ... (မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ဟာ အခု ဆရာဘုန်းကြီး ဒီအလုပ် လုပ်ယင် ဒီကိစ္စ မတွေ့ရပါဘူး၊ မျက်ရည်ကြီးငယ် ကျရတဲ့ကိစ္စ မတွေ့ရပါဘူး၊ ပြုံးပြီးသကာလ တကာ တကာမတွေ သေရ ပါလိမ့်မယ်.... (မှန်ပါ့) ဒီ အခု ဘုန်းကြီးပြောတဲ့အတိုင်းသာ လုပ်ပါ... (မှန်ပါ့) ပြုံးပြီးသကာလ သေရမယ် (မှန်ပါ့ဘုရား)။

ပြုံးပြီးသကာလ သေရတာက တခြားကြောင့် မဟုတ်ဘူးတဲ့ တကာ တကာမတို့ ဒီအလုပ်သဘောတွေက မဂ်ဉာဏ်တွေက ဝမ်းထဲရောက်ပြီးသကာလနေတော့ နိဗ္ဗာန်ကြီးကိုမြင်၍သော်၎င်း၊ ထိုသို့မဟုတ်ယင်လဲ ဟို သုဂတိသွားရမည့် လမ်းခရီးတွေက အဲဒီ ကမှတဆင့် ကူးပြီး နိဗ္ဗာန်သွားရမည့် သုဂတိခရီးက နတ်ရထား တွေသာဆိုက်ပြီး ကြိုနေတာမြင်၍သော်၎င်း၊ သြော်... ငါတော့ ဖြင့် သုဂတိကနေ နိဗ္ဗာန်ကူးရမှာဘဲဆိုပြီး သူသွားရမည့်ခရီးက လူ့ပြည်နေရတဲ့ခရီးထက် ရှင်းလင်းပြီး ချမ်းသာလာတာတွေ့မြင် နေရတော့ တကာကြွယ်- ပြုံးပြီးနေတယ်....(မှန်ပါ့) ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ နေ့တိုင်း ဆရာ ဘုန်းကြီးကတာကြောင့် ဒါလောက်တောင်ကြိုးစားပြီးပြောနေ ပါလိမ့်မတုံး... တနေ့တကြိမ်နှစ်ကြိမ် အမြဲပြော-တွေ့တိုင်းလဲဆုံးမ နေပါလိမ့်မတုံးဆိုတော့ ဩော်.... ပြုံးပြီးသေစေချင်လို့ဟေ့.... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘယ်လို သေစေချင်လို့ပါလိမ့်... (ပြုံးပြီး သေစေချင်လို့ပါ ဘုရား) ဘာဖြစ်လို့တုံး မေးတဲ့အခါကျတော့မှ မသေရမည့် လမ်းကလဲ မဟုတ်တော့ တကာကြွယ်- သေကြရမှာ... (မှန်ပါ့ ဘုရား)။

အဲဒီသေခါနီးမှာ ဒီတကာ တကာမတွေ ဘုန်းကြီးတို့ကလဲ အချိန်မမှီလို့ ကိုယ်ခိုင်းတုန်းက သူတို့က ဘာမှမလုပ်ခဲ့လို့ မဂ္ဂင် လမ်းမှတော်ကြီးကလဲ မတွေ့ရှာကြလို့ သေခါနီးမှ မဲ့ရွဲ့ပြီး သကာလ ကိုယ်ကျိုးနည်းပေါ့... အကြောတွေကဆွဲ၊ မြင်ရတဲ့ နိမိတ်တွေကလာတော့ ကိုယ်တယောက်တည်း မြင်နေတာ ဘယ် သူမှပြောလို့မဖြစ်....(မှန်ပါ့ဘုရား)

ကြောက်စရာလန့်စရာတွေ, ဓါးတွေ, လှံတွေမြင်ရ ခွေးနက် ကြီးတွေ လာဆွဲဘာမြင်ရ၊ ငရဲမီးတွေ ဟုန်းဟုန်းတောက်နေတာ မြင်ရ (မှန်ပါ့ဘုရား)။

ဒီလိုမြင်ရတော့မှ ဩော်... ဒို့နေခဲ့သ၍ဟာဖြင့် ယခုအချိန် ဖြင့် လုံးလုံးအဆိုးတွေပေါ်ပါပေါ့လား....ဆိုပြီး တကာကြွယ်- မျက်ရည်ကျတယ်....(မှန်ပါ့ဘုရား)။

မျက်ရည်ကျပြီး သကာလ ဦးသန်းမောင့်တို့- ဦးမာဒင်တို့၊ ဦးဘထွေးတို့၊ ဝိညာဏ်ချုပ်တယ်....(မှန်ပါ့)ချုပ်သည်နဲ့ တပြိုင်

နက်တည်း မြင်နေရသည့်နေရာ ဆောက်တာဘဲ....(မှန်ပါ!) ကဲ... ဘယ်ကယ်အချိန်ယူချိန်ရှိသေးသလဲ(မရှိပါဘုရား)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီဟာမတွေ့ရမှာလား၊ တွေ့ရမှာလား- သေကိစ္စ ဆိုတာမေးတော့ ပိုက်ဆံရှိတဲ့လူလဲ တွေ့ရမှာဘဲ မရှိဘဲလူလဲ(တွေ့ရမှာပါဘုရား)။

သို့သော် အဲဒီအချိန်ကျမှ ပြင်ပေး၊ဆင်ပေးလို့လဲမရဘူး....(မရပါဘုရား)အခုဘုန်းကြီး ပြင်ပေးနေတဲ့ မဂ္ဂင်အလုပ် ဝမ်းထဲရောက်လို့ရှိယင် အဲဒါမဂ္ဂင်လမ်းမဟော်လို့ မွှတ်လိုက်ဘမ်းပါ....(မှန်ပါဘုရား)။

ဒီလမ်းကနေပြီး ရှောက်သွားတော့ မအို မသေ အမြဲ နေတဲ့တခါမှ မတွေ့ဘူးတဲ့ ချမ်းသာရှိတဲ့ နေရာကို မြင်ရင်လဲ မြင်ရ၊ ရောက်လဲရောက်ရလိမ့်မယ် (မှန်ပါ!)သဘောကျပလား(ကျပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဒီဥစ္စာဘုရားကိုက အကြိမ်ကြိမ် ဆုံးမတော်မူဘယ်.... (မှန်ပါ!) မင်းမပေါ့နဲ့၊ မှင်းမပေါ့နဲ့ ၊ ဒသခါနီးမှ မျက်ရည်ကြီးငယ် မကျရစ်နဲ့ ဆိုတဲ့ဥစ္စာ အကြိမ်ကြိမ် တကာကြယ် ဆုံးမတယ်....(မှန်ပါဘုရား)။

တကာတကာမတို့ ဒီဥစ္စာ အရေးမကြီးဘူးလား၊ ကြီးသလား(ကြီးပါတယ်ဘုရား) ဒါဖြင့် အခုကဘဲ ဘုန်းကြီးတို့ တကာတကာမဇတ္တ မဂ္ဂင်အလုပ်ကို လုပ်ပြီး၊ ပြင်ပြီးသား၊ ဆင်ပြီးသား ရှိနှင့်ကြပါစေ၊ပြင်ပြီးသားရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ပြုံးပြီးသကာလ

ရှေအိုးရသလို စိတ်ထဲမှာပြုံးနေတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ သြော်... ဒို့ဖြင့်မဲ့သေ၊ ရဲ့သေအဖြစ်ဖြင့်လူပုံ အာလည်မှာ အရှက်မခဲ့ချင်ပါဘူး၊ သံသရာမှာလဲ ကိုယ်ကျိုးမနည်းချင်ပါဘူး....(မှန်ပါ့ဘုရား)။

ပြုံးသေအဖြစ်နဲ့ လူပုံအလယ်မှာလဲ တင့်တင့်တယ်တယ် .... (မှန်ပါ့)ဆောက်ထုဌာနလဲ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ဆီသွားရအောင် မဂ္ဂင်ဘဲကယ်မည့်သူ-သူရှိတယ်ဆိုပြီး မဂ္ဂင်အလုပ်ဖြင့် အရိုးခေါ်ကျေကျေ အရေချောက်ချောက်ဆိုပြီး သကာလ တကာတကာမတွေ့ကြိုးစားပါဆိုတာ သိကြားမင်းအနကြောင်း မပြောခင် တကာကြွယ် တိုက်တွန်းပါတယ်....(မှန်ပါ့ဘုရား)။

ဦးမာဒင်တို့၊ ဦးဘထွေးတို့၊ ဦးသန်းမောင်တို့၊ ကိုယ့်အရေးနော်...(မှန်ပါ့)ခင်ဗျားတို့ အခုရှိတဲ့အလုပ်အကိုင်တွေ,အဆောင်းအဝယ်တွေ,ရှေတွေ,ငွေတွေ,တိုက်တွေ,တာဝတွေဟာ တကာကြွယ် အလကားနော်....(အလကားပါဘုရား)။

ရောဂါတခုသက်သာအောင် သေမည့် ရောဂါ တားနိုင်တဲ့သဘောမပါဘူး....(မှန်ပါ့ဘုရား)ပါ-ပါရဲ့လား .... (မပါ-ပါဘုရား)။

တကှာမြောက်လို့သာ ကျုပ်တို့မြောက်ပြီး သကာလ ဒို့တော်သေးရဲ့၊ နေသာ ထိုင်သာရှိသေးရဲ့ဆိုပြီး၊ ပြောနေတာ (မှန်ပါ့)အားကိုးစရာအစင်က မဂ္ဂင်ဘဲရှိတယ်...(မှန်ပါ့)ရှင်းပလေး....(ရှင်းပါပြီဘုရား)။

အားကိုးစရာအချက်က....(မဂ္ဂင်ဘဲရှိပါတယ်ဘုရား)။

မဂ္ဂင်ဆိုတာကလဲ တကာတကာမတွေ ဘုန်းကြီးများက ပေးလိုက်တော့ အလွယ်ကလေးပါ... (မှန်ပါ့) မရ-အရ ယူပါဆိုတာဖြင့် လိုက်လိုလဲလဲ ဘောင်းပန်တယ်... (မှန်ပါ့) ဒါမရလို့ရှိယင် ဖြင့် မဲ့ရဲ့ သေပြီး သကာလ အသေဆိုးနဲ့ ရောက်ရာမှာ အနေဆိုးဖြင့် ခင်ဗျားတို့ ရကြတော့မယ်...(ကြုံရပါ့မယ်ဘုရား)။

ဒီမဂ္ဂင်အလုပ်ရပြီးသား ပုဂ္ဂိုလ်များဘဲ့ အသေ ကောင်းရောက်ရာမှာ အနေကောင်း...(မှန်လှပါ့ဘုရား) အနေကောင်းဆိုတာ နိဗ္ဗာန်....(မှန်ပါ့)။

အဲဒါကြောင့် တကာတကာမတွေ လုံ့လ,ဝီရိယမလျှော့နဲ့-(မှန်ပါ့) ဒီလို လမ်းနှစ်သမ်းကို ပြနိုင်တဲ့ခေတ်ကလဲ သာသနာရှိအုန်းမှ.... (မှန်ပါ့) သာသနာ ရှိပြန်တော့လဲဘဲ့ ပြောတတ်, ဆိုတတ်တဲ့ပုဂ္ဂိုလ်နဲ့ ကြုံဦးမှ...(မှန်ပါ့) လမ်းပေးတတ်တဲ့ပုဂ္ဂိုလ်နဲ့ ကြုံဦးမှ...(မှန်ပါ့ဘုရား)။

လမ်းပေးတတ်တဲ့ပုဂ္ဂိုလ် ရှိနေပြန်တော့လဲ ခင်ဗျားတို့နဲ့ ဆုံဦးမှ၊ မဆုံဿင်တော့ အလကားပဲ...(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ တော်...တော်သေးရဲ့၊ အသက်ကလဲ မစောသေး....(မှန်ပါ့) ရှုတတ်တဲ့မဂ်ဉာဏ်ကလေးလဲ ရ,ထားတယ်....(မှန်ပါ့) ဒါကလေးဘဲ အားကိုးရမှာဘဲဆိုးတော့ ရှုရင်းမတွန်နဲ့ မင်း စိတ်ချတော့ဆိုတာ အလုပ်က ပြောပါလိမ့်မယ်...(မှန်ပါ့)။

ရှုရင်းမတွန်နဲ့...(အလုပ်က ပြောပါလိမ့်မယ်ဘုရား) မင်း.... စိတ်ချတော့ဆိုတာ ဘုန်းကြီး ပြောတာက နည်းပါးသေးတယ်

အလုပ်က သက်သေခံပါလိမ့်မယ်.... (မှန်ပါ့) ခင်ဗျားတို့ ကိုယ်တိုင် ဒုက္ခချုပ်တာ ဖြစ်ရပါလိမ့်မယ်... (မှန်ပါ့)။

ဩော်... ကိုယ့်ဒုက္ခဇာတ်သိမ်းပြီး ကိုယ်ငြိမ်းဘို့ ကိုယ့်အတွက် ဖြင့် ကျုပ်ဖြင့် သေမှာလဲ မကြောက်ဘူး၊ ရောက်ရာဌာနမှာလဲ ကျုပ်တို့သည် လမ်းဆုံးပါပြီ ခရီးသည် မဟုတ်ဘော့ပါဘူး.... (မှန်ပါ့ဘုရား)။

ကိုယ့်အလောင်း ကိုယ်ထမ်းပြီး သွားနေတာ ဟိုဘုံ-ဒီဘုံက ရေးသည်ကိုးဗျ ... (မှန်ပါ့) ဒီလမ်းတွေလဲ ဒို့ ရုပ်သိမ်းပါပြီဆိုပြီး သကာလ ရှင်တုန်းကတည်းက တရားအားထုတ်နေကတည်းက သိနေပြီ... (မှန်ပါ့)။

အဲဒါကြောင့် အနှောက်အယှက်တရားလဲ မဟုတ်ဘူး၊ လက်ငင်းတရားလဲ ဖြစ်နေတော့ ဦးမာဒင်တို့, ဦးသန်းမောင်တို့, ဦးဘထွေးတို့ ဩော်-ဒီ.ပြင်ဟာတွေ ချိတ်ထားမဟော.... (မှန်ပါ့) ကိုယ့်အရေး ကိုယ်ကြီးမလား... (မှန်ပါ့) ဆိုတဲ့ဥစ္စာ ဒီနေ့စိတ်ပြောင်းပစ်ပါ (မှန်ပါ့) မပြောင်းယင် မဖြစ်ပါဘူးနော်.... (မှန်ပါ့) မပြောင်းယင် မဖြစ်လို့ လေးလေးနက်နက်ဘဲ ဦးမာဒင် ပြောနေတယ်... (မှန်လှုပါဘုရား)။

ဒီလိုမှ မပြောလို့ ရှိယင်လဲ ခင်ဗျားတို့က အားကိုးစရာ သာမည်ကသေး အားကိုးမှာစိုးရဘယ်.... (မှန်ပါ့) အားကိုးစရာသာမည်ဆိုတာ ခင်ဗျားတို့ ပင်လယ်ထဲ သင်္ဘောပျက်တဲ့အခါကျတော့ ငှက်ပျောတုံးကသေးဘခု ရ,ထားတယ် ထားပါခေတော့ (မှန်ပါ့)။

ဩော်.... အလွန်ခံလှရင် ခုနစ်ရက်ဘဲ၊ သဘော်ပျက်လို့ ငှက်ပျောတုံးရ,လို့ ငှက်ပျောတုံးပေါ် ခွစီးပြီးသကာလ နေရရှားတယ်ဆိုငြားသော်လဲ ဦးဘထွေးတို့, ဦးသန်းမောင်တို့ စိတ်ချရပါ့မလား.... (စိတ်မချရပါဘုရား) ငှက်ပျောတုံးက ပုပ်ရိပြီးသွားတော့ လူပါမြုပ်မယ်.... (မှန်ပါ့) အဲဒါမျိုးဟာလည်း အားကိုးစရာအစစ်မဟုတ်ဘူး.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

တခါ ဝါးဖောင်ကလေးတခု တွေ့ပြန်တယ်...၊ သူလဲ ဝါးဖောင်ကလေးကလဲ ပင်လယ်ထဲ ဟိုလည်,ဒီလည်နဲ့ ဧရာက်နေလို့ ကိုယ်က သဘော်ပျက်လို့ တွေ့ပြန်လဲ သူကလဲ ပင်လယ်ဒီရေတွေ့ဝဲတွေ့နဲ့ တွေ့လို့ ရှိယင် ဦးမာဒင် ကစင့်ကရဲသွားမယ်....(သွားမှာပါဘုရား) အင်း....အားကိုးလို့ မဖြင့်သေးပါဘူး.... (မဖြစ်ပါဘုရား)။

တကယ့် မဂ္ဂင်ဖောင်ကြီး ဘယ်လမ်း,ဘယ်လေ,ဘယ်ရေနဲ့မှ, ဘယ်လေနဲ့မှ မပျက်နိုင်တဲ့ မဂ္ဂင်ဖောင်ကြီး ရ,ထားလို့ ရှိယင် တကာတကာမတို့ စိတ်ချတော့....(မှန်ပါ့)။

ဒါ့ကြောင့် မဂ္ဂင်ဝမ်းထဲရောက်ပါစေ၊ မဂ္ဂင်ဝမ်းထဲရောက်ကြပါစေ၊ မဂ္ဂင်ဝမ်းထဲရောက်လို့ ရှိယင် မုချ အားကိုးရပါတယ်ကွ....ဆိုပြီး ဘုရားက ကိုးကွယ်ရာရှာကြဆိုတဲ့ဥစ္စာများ မဂ္ဂင်ကို သေသေချာချာပေးတယ်... (မှန်ပါ့) တကာကြွယ် သဘောကျပလား....(ကျပါပြီဘုရား) ဒါဖြင့် ဘာအားကိုးကြမလဲ....(မဂ္ဂင်အားကိုးကြရပါမယ်ဘုရား)။

အားလုံး တကာတကာမတို့ အမိအဖတွေ,ဆွေမျိုးဥာတကာတွေ ထားပြီးသကာလ ဘုရား ဟောတော်မူတာရော၊ ဘုရား ဟောတဲ့အလုပ်လဲ ခင်ဗျားတို့ မဂ္ဂင်ဖေါင်ကြီးလဲ ကိုယ်ပိုင် ရပါစေဆိုပြီးသကာလ အခုတော့ဖြင့် သင်္ဘောပျက်တုန်း ဘယ်ဆွဲ ရမှန်းမသိဖြစ်နေတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဒါနဖေါင် လေးလောက်လဲ ငှက်ပျောတုန်း လောက်မို့ ဦးမာဒင် သိပ်အားမကိုးလောက်ဘူး (မှန်ပါ့) သီလဖေါင်ကလေးကလဲ ဝါးဖေါင်လောက်ဖြစ်နေတော့ တယ် အားမကိုးရဘူး.... (မှန်ပါ့) ရက်အနည်းငယ်သာခံပြီး တော်တော်ကြာ ကစင့်ကရဲ သွားပြန်တာသဲ....(မှန်ပါ့)။

အဲဒီတော့ ဝိပဿနာမဂ္ဂင်ဖေါင်ကြီးတခုသာလျှင် တယ်လှိုင်း ဘယ်လေ,တယ်စဲဂယက်နဲ့ ကြုံငြားသော်လဲ သူက တုန်ခြင်း,လှုပ်ခြင်း,ပျက်စီးခြင်းမရှိတဲ့ မဂ္ဂင်ရထားမဂ္ဂင်ဖေါင်ကြီးကို ဖြစ်ပျက်ရှုလို့ရှိယင် ရပါတယ်....(မှန်ပါ့) နောက်ဖြစ်ပျက်အဆုံး နိဗ္ဗာန်မြင်လဲ ကိုယ်ပိုင်ရပါတယ် (မှန်ပါ့)။

အဲဒီ ဖေါင်ကြီးကလဲ ခင်ဗျားတို့ ဒါနပြုသလို မမှတ်နဲ့...၊ ခင်ဗျားတို့ သီလဆောက်တည်သလို မမှတ်နဲ့... (မှန်ပါ့ဘုရား) ယောက်ျားလုပ်လို့ရှိယင် ယောက်ျားသာပိုင်တဲ့ မဂ္ဂင်ဖေါင်.... (မှန်ပါ့) မိန်းမလုပ်လို့ရှိယင်....(မိန်းမသာပိုင်တဲ့ မဂ္ဂင်ဖေါင်ပါ ဘုရား) ငါ့ဖေါင်ကို မင်းစီးခဲ့လို့ မခေါ်နိုင်ဘူး.... (မှန်ပါ့) မခေါ်နိုင်ဘူး၊ ဒါ....တခြားစီ (မှန်ပါ့)။

အဲဒါကြောင့် ဘုန်းကြီး ဆုံးမတယ်၊ ယောက်ျား လုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ဩော်....မင်းတို့ သွား-လှုဒါန်း,ပေးကမ်း၊ မင်းတို့

သွား-မင်းတို့အားထုတ်၊ ဒို့ကို ပြန်လာယင် အမျှပေး၊ အဲဒါက ဒါနကုသိုလ်,သီလကုသိုလ် ရတယ်နော်...(မှန်ပါ့ဘုရား) မင်္ဂလာ ဖေါင်ကြီးကုသိုလ်က ဦးမာဒင် မရပါဘူး.... (မရပါဘုရား) ကိုယ်လုပ်မှ ကိုယ်ရတယ်....(မှန်ပါ့)။

မယုံလို့ရှိယင် ခင်ဗျားတို့ ဂုဏ်တော်အဆုံးကို ရွတ်ကြည့်လိုက်၊ ပစ္စတ္တံ ဝေဒိတမ္မော ဝိညူဟိ....(မှန်ပါ့) ဒါ... လူတိုင်း ရတယ်... (မှန်ပါ့)။

ရပေမဲ့ ခင်ဗျားတို့က ဒါ-ဘာဆိုနေတာတုံးဆိုပြီး မစဉ်းစားဘဲ၊ ခင်ဗျားတို့က တရားရှိခိုးနေရုံသာ လုပ်နေကြတယ် (မှန်ပါ့) တရားရှိခိုးထဲဘဲ ထည့်သုံးတယ်....(သုံးနေပါတယ်ဘုဘုး)။

စင်စစ်အဓိပ္ပါယ်က ဒီလိုပါဘဲ၊ ပစ္စတ္တံ၊ အသီးအသီး၊ ဝိညူဟိ၊ ပညာရှိမဂ္ဂင် အားထုတ်တဲ့ ပုဂ္ဂိုလ်တို့ သာလျှင်၊ ဝေဒိ တမ္မော၊ ရအပ်၏၊ သိအပ်၏....တဲ့၊ အသီးသီးရတယ်၊ ကိုယ်လုပ်ကိုယ်ရတယ် (မှန်ပါ့ဘုရား)။

သားသမီးလုပ် သားသမီးရတယ်၊ အဖေအမေ မဂ္ဂင်လုပ်ယင် (အဖေအမေရပါတယ်ဘုရား)အသီးသီးရတယ် ဟေ... တဲ့၊ ဒါ တခုယောက်ဖေါင်ပေါ်တခုယောက် ကူးတက်ပြီး လိုက်မယ်ဆိုလို့ မရဘူးတဲ့... (မှန်ပါ့)ရှင်းပလား... ရှင်းပါပြီဘုရား)။

တကာတကာမတို့ ပါဠိရွတ်ပါဦး.... (ပစ္စတ္တံ ဝေဒိတမ္မော ဝိညူဟိ)ဝိညူဟိ၊ မဂ္ဂင်အလုပ် အားထုတ်ဘဲ့ ပုဂ္ဂိုလ်တို့သည်သာ ပစ္စတ္တံ၊ အသံးအသီး....(မှန်ပါ့ဘုရား)။

ဝိညူဟိဆိုတဲ့ဥစ္စာ ဝိပဿနာ အလုပ်လုပ်တဲ့ ပညာရှိမှ .... (မှန်ပါ့)ပစ္စတ္တံ၊ အသီးအသီး၊ ယောကျ်ားလုပ်ယင် ယောကျ်ား တယောက်တည်းရတယ်၊ မိန်းမလုပ်ယင် .... (မိန်းမတယောက်တည်း ရပါတယ်ဘုရား)။

အသီးအသီးသာ ရနိုင်ကြတယ်၊ တယောက်က အကုန်ဆွဲပြီး ဒီဖေါင်ပေါ်လိုက်ခဲ့တော့ ဒို့မအိုရာ၊မသေရာ၊မနာရာ မစိုးရိမ်ရာ လိုက်ခဲ့လို့ ယောကျ်ားက မဂ္ဂင်ဖေါင်ရလို့ မိန်းမနှင့်တက္ခသား သမီး,ဆွေမျိုးဥာတကာတွေကို ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ မခေါ်နိုင်ဘူးတဲ့....(မခေါ်နိုင်ပါဘုရား)။

ပါဋ္ဌိတော်ကြည့်ပါလား၊ ဝိညူဟိ၊ ပညာရှိတို့သည်၊ ပစ္စတ္တံ အသီးအသီးဆိုတော့ ကဲ....သူများပါသေးသလား.... (မပါ-ပါဘုရား)အသီးအသီး တယောက်စီတဲ့တဲ့၊ လုပ်တဲ့ တယောက်သာ ရမယ်တဲ့၊ ကျန်တဲ့ပုဂ္ဂိုလ်....(မရပါဘုရား)။

ကဲ... ခင်ဗျားတို့က ဒါနတရားတို့ သီလတရားတို့ ရော့ငါလုပ်ထားတယ်၊အမျှယူတော့ဆိုလို့ရတယ်၊ ဒီလိုမအောက်မေ့နဲ့ .... (မှန်ပါ့)မဂ္ဂင်အလုပ်က ဒီလိုမဟုတ်ဘူးတဲ့....(မှန်ပါ့) တယ်ကွာ ခြားပါလား....(ကွာပါတယ်ဘုရား)။

တကာကြွယ် ဒါကြောင့် ကိုယ့်သားမယားများ တိုက်တွန်းလဲ ကြည့်ဟေ့၊ ပါဋ္ဌိက ဘုရားဟော ထားတာက ဒီလိုရှိတယ်၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ....(မှန်ပါ့ဘုရား)။

ဝိညူဟိ၊ မဂ္ဂင်အလုပ်ကို အားထုတ်သော ပုဂ္ဂိုလ်တို့သည်၊ ပစ္စတ္တံ၊ ကိုယ့်အတွက် ကိုယ့်အတွက်ဟုတ်လား.... (မှန်ပါ့)ဝေဒိ

တဗွော၊သိအပ်ခံစားအပ်၏တဲ့၊ ကံ-ကိုယ့်အတွက်သာ ကိုယ်ရတယ် ...(မှန်ပါ့)သူများမရဘူး....(မရပါဘုရား) ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ သားမောင်ခင်ပွန်းတို့ ခင်ဗျားတို့ ချစ်ကြ ခင်ကြကြင်နာကြတယ် ဆိုလို့ရှိယင်ဖြင့်လုပ်ပါ ကိုယ့်အလုပ် ကိုယ်လုပ်ပါလို့ တိုက်တွန်းတယ်....(မှန်ပါ့ဘုရား)။

ယောကျ်ားလုပ်တဲ့ပုဂ္ဂိုယ်ကလဲ မိန်းမကို ကိုယ့်အလုပ် ကိုယ်လုပ်ပါ၊ မဂ္ဂင်အလုပ်ဟာဟော့ အမျှပေးလို့မရဘူးတဲ့(မှန်ပါ့) ဦးမာဒင် တာတဲ့တုံး .... (မဂ္ဂင်အလုပ်ဟာ အမျှပေးလို့မရပါဘုရား)။

ကိုယ်သောတာပန် တည်တာကို မိန်းမသောတာပန်တည်ပါစေလို့ ဆုတောင်းလို့မရဘူး (မှန်လှပါ) ကိုယ်သကဒါဂါမ်တည်တာကို... (မိန်းမသကဒါဂါမ်တည်ပါစေလို့ဆုတောင်းလို့မရပါဘုရား) မရဘူး ဦးလှဘူးရာ၊ ဒါတွေ အသီးအသီးသာရတယ်ဟော့....(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ်လုပ်မှ ကိုယ်ရတယ် ဆိုတာသေချာပလား... (သေချာပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့်ကိုယ်ကို သနားယင် ကိုယ်လုပ်ပါ(မှန်ပါ့) ဘုန်းကြီးဘာမှ တိုက်တွန်းစရာမလိုဘူး... (မလိုပါဘုရား)ကိုယ့်ကိုယ်ကို တခါတည်း စဲထဲမှာ၊ငရဲထဲမှာမှ ထွက်ချင်လို့ သေဇော်ရှင်ခဏ်း၊ ဒါတွေနဲ့ ပြတ်ချင်ပါပြီ၊ ကိုယ့်ကိုယ်ကို သနားတဲ့အတွက်သာလုပ်တော့ ဘုန်းကြီးကြည်ညိုလို့ မလုပ်နဲ့ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုစိတ်ထားရှိရမလဲ... (ကိုယ့်ကိုယ်ကိုသနားတဲ့အတွက် လုပ်ရပါ့မယ်ဘုရား) ကိုယ့်ကိုယ်ကို သနားတဲ့အတွက် လုပ်ပါတော့... (မှန်ပါ့ဘုရား)။

ပျင်းတဲ့အချိန်ကလေး ဝင်လာတယ်၊ ဒါကလေးဟာ အားထုတ်မယ်၊ ထိုင်ပြီးလဲ အားထုတ်မယ်၊ သွားရင်းလဲ အားထုတ်မယ်လို့ စိတ်ကူးတော့ ဒီအလုပ် မလုပ်ဖြစ်တဲ့ သဘောကလေး ကိစ္စကလေးတွေ များလွန်းလို့ ဆိုယင် ဩော်....မင်းတို့နှယ် မိုက်လိုက်တာ ကိုယ့်ကိုယ်သနားတဲ့အထဲ မင်းမပါဘူး .... (မှန်ပါ့) ကိုယ့်ကိုယ်ကို ဆုံးမရတယ်....(မှန်ပါ့ဘုရား)။

ကိုယ့်ကိုယ်သနားတဲ့အထဲမှာ....(မင်းမပါ-ပါဘူး) ဩော်.... မင်းဟာ ကိုယ့်ကိုယ်ကိုမှ မသနားတဲ့ ပုဂ္ဂိုလ်က သူများများ အန္တရာယ်ကင်းပါစေ၊ ဘေးရှင်းပါစေ၊ မင်းလောကွတ်ချော်တာ အလကား၊ သူများမေတ္တာပို့တာလေ.... (မှန်ပါ့ဘုရား)။

ကိုယ့်ကိုယ်မှ မသနားတဲ့ ပုဂ္ဂိုလ်ဟာ ခင်ဗျားတို့ သူများမေတ္တာပို့ယင် ခင်ဗျားတို့ အမှန်ယူကြမလား၊ လောကွတ်ဆိုကြမလား... (လောကွတ်ပါဘုရား) ရိုပ်မိပလား.... (ရိုပ်မိပါပြီဘုရား)။

အဲဒါလောက်ပြောလို့ရှိယင်ဖြင့် ဩော်... ပါဋ္ဌိတော်ကြီးကရှိဘုရားမြတ်စွာတို့ အဆူဆူ ဒီအတိုင်းဟောသွားတော်မူကြတယ်၊ ကိုယ်လုပ်မှကိုယ်ရတယ်၊ ပစ္စတ္တံ၊ ဝေဒိတဗ္ဗော၊ ဝိညူဟိ ဆိုတာ ခင်ဗျားတို့ လူတိုင်းရပါတယ် .... (မှန်ပါ့ဘုရား)။

မရကြဘူးလား....(ရပါတယ်ဘုရား) အခုတော့ရှင်းပြီ၊ ကိုယ်မဂ္ဂင်လုပ်မှ မင်္ဂရမယ်....(မှန်ပါ့)သူတပါးကို ငါ့မဂ္ဂင်ဖေါင်ပေါ်

လိုက်ခဲ့လို့ခေါ်လို့....(မရပါဘုရား)သေချာပလား ... (သေချာပါပြီဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ လောကကြီးထဲက ဘယ်လိုဖြစ်နေသတုံးလို့ မေးတဲ့အခါကျတော့ ငါတို့တော့ မသွားနိုင်ဘူးမင်းတို့သွားကြ မင်းတို့သွားရတာလဲ၊ ဒို့ကဒီကနေပြီး အတူတူပေါ့ကွာ....(မှန်ပါ့)။

အဲဒါ-ဒါနကုသိုလ် သာဓုခေါ်လို့ရတယ်.... (မှန်ပါ့) မဂ္ဂင်ကျတော့(မရပါဘုရား) ဒီပါဋ္ဌိတော် ရွှတ်လိုက်ပါ တကာကြွယ်ဘာတဲ့....(ပစ္စတ္တံ၊ ဝေဒိတဗ္ဗော၊ဝိညူဟိ)။

ပစ္စတ္တံ၊ အသီးအသီး ကိုယ်လုပ်မှကိုယ်....(မှန်ပါ့) ဝိညူဟိ ပညာရှိမှတဲ့...(မှန်ပါ့)ပညာရှိမှ အသီးအသီး ကိုယ်လုပ်မှ မဂ္ဂင်ကိုယ်ရတယ်၊ သားမယားများ မပေးနိုင်ဘူး ... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ပစ္စတ္တံ၊ ဝေဒိတဗ္ဗော၊ ဝိညူဟိ၊ သိသဖြင့် မိန်းမကလဲ ယောက်ျားလုပ်နေတာ ကိုယ်တဝက် ဆိုင်နေတယ်လို့ မယူလိုက်ပါနဲ့...(မှန်ပါ့)ဒါန အမွေလိုမဟုတ်ဘူး (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင် ဘယ့်နှယ်လုပ်ကြမလဲ....(ကိုယ်လုပ်မှကိုယ်ရပါတယ်ဘုရား) ကိုယ့်အလုပ်ကိုယ်ပိုင်ဖြစ်အောင် လုပ်ကိုင် .... (မှန်ပါ့)ဒါမှ ခုနင်က မဲ့သေတွေရုပ်သိမ်း၍ ပြုံးသေအဖြစ်သို့ ပြောင်းပါလိမ့်မယ်.... (မှန်ပါ့ဘုရား)။

မဲ့သေရုပ်သိမ်း၍(ပြုံးသေအဖြစ်သို့ပြောင်းပါလိမ့်မယ်)ပြုံးသေအဖြစ်သို့ ပြောင်းပါလိမ့်မယ်ဆိုတဲ့ ဥစ္စာလောကကြီးမှာ လူ

စာလုံးလုပ်ပြီး သကာလ လူပုံအလယ်မှာ တင့်တင့် တယ်တယ်နဲ့ နေနိုင်ငြားသော်လည်း သေခါနီးမှ မဲ့သေမျက်ရည် ကျရတော့ အရှက်ကွဲလိုက်တဲ့ဖြစ်ခြင်း မပြောနဲ့တော့....(မှန်ပါ့)ကြောက် စရာမကောင်းဘူးလား...(ကောင်းပါတယ်ဘုရား)။

အရှက်ကွဲတာမှ အကြီးအကျယ် အရှက်ကွဲတာဘဲ (မှန်ပါ့) သံသရာဘက်ကျတော့လဲ အလိုလေး၊ အလောလေးနဲ့ သံရည်ပူ တွေစားပြီး သကာလ သံပြားကြီးရဲရဲပေါ်မှာအိပ်ပြီး သကာလ ပဲခွပ်တွေနဲ့ တိရစ္ဆာန်ခုတ်သလိုခုတ်ပြီး ရွေချနေတဲ့ သွေးတွေက မီးတွေကတောက်ပြီး ကိုယ်ပြန် လောင်နေတဲ့ကိစ္စ ငရဲကိစ္စ .... (မှန်ပါ့ဘုရား)။

ဒါတွေကျတော့ တွေးမှတွေးဝံ့ကြရဲ့လား.... (မတွေးဝံ့ပါ ဘုရား) မတွေးဝံ့ဘူးဆိုတာ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့၊ ဦးဘထွေးတို့ သေချာတော့မယ်....(သေချာပါတယ်ဘုရား)။

သွားမှကြည့်ရပါ့မလား.... (မကြည့်ရပါဘုရား) ကိုယ်ကိုယ် တိုင်ဖြစ်ရမယ်ဆို ခံရပါ့မလား....(မခံရပါဘုရား) အဲဒါမဂ္ဂင်က တော့ ကယ်နိုင်တယ်နော်(မှန်ပါ့)တကာကြွယ် ကျေနပ်ပလား.... (ကျေနပ်ပါတယ်ဘုရား)။

ဒါလောက် ခင်ဗျားတို့ကို အကျိုးအကြောင်းသိပြီးသကာလ ဒီအလုပ်မလုပ်ဖြစ်ကြတဲ့အထဲမှာ ထည့်ပါဦးတော့ဆိုတာ ဘုန်းကြီး တိုက်တွန်းဘို့တောင်မလိုဘူး၊ကိုယ့်ကိုယ်သနားယင်လုပ်(မှန်ပါ့) ဘယ်လိုမှာသတုံး .... (ကိုယ့်ကိုယ် သနားယင် လုပ်ရ ပါ့မယ် ဘုရား)။

ကိုယ့်ကိုယ် သနားယင်ဖြင့် လုပ်ကြပါ၊ ပိုက်ဆံလဲ မကုန်ပါဘူး၊ ဥာဏ်ထုတ်ရုံပါ....(မှန်ပါ့)ဥာဏ်ကလေးနဲ့ ခန္ဓာလှည့်ကြည့်လိုက်လို့ရှိယင် ခန္ဓာကပြောဘာကို ဥာဏ်ကခေါင်းငြိမ့် လိုက်ပါ (မှန်လှပါဘုရား)။

ခန္ဓာက အနိစ္စပြောယင်သြော်.. အနိစ္စကိုးလို့ ဥာဏ်ကခေါင်းငြိမ့်လိုက်ပါ....(မှန်ပါ့)ခန္ဓာက ဒုက္ခကိုပြောယင် ... (ဒုက္ခလို့ ခေါင်းငြိမ့်ပါဘုရား)။

ဥာဏ်က သြော်....ဒါဒုက္ခလို့ ပြောတယ်ဆိုပြီး ဥာဏ်က လိုက်နေပါ (မှန်ပါ့)ဦးမာဒင် ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)။

မပြောတဲ့ ခန္ဓာရယ်လို့ ရှိရဲ့လား...(မရှိဖါဘုရား)မပြောတဲ့ ခန္ဓာရယ်လို့မရှိတာ ဘုန်းကြီး ရှင်းပါ့မယ်....(မှန်ပါ့ဘုရား)။

မပြောတဲ့ ခန္ဓာရယ်ကို့မရှိပါဘူး၊ ခန္ဓာကဘာတုံး ဆိုလို့ရှိယင်ဖြင့် ဝေဒနကခန္ဓာဆိုလို့ရှိယင် ဝေဒနာက ကျုပ်သုခဝေဒနာကလေးဖြစ်ပြီး၊ ပျက်ပြီဆိုတာကလေးဟာ ခန္ဓာကပြောတယ်.... (ပြောပါတယ်ဘုရား) ဒုက္ခဝေဒနာကလေး ဖြစ်ပြီး၊ ပျက်ပြီးဆိုတာကော.... (ပြောပါတယ်ဘုရား)။

ဥပက္ခာဝေဒနာကလေးက ဖြစ်ပြီး ပျက်ပြီ ဆိုတာကော.... (ခန္ဓာကပြောပါတယ်ဘုရား)ခန္ဓာကပြောတာ ဥာဏ်က ခေါင်းငြိမ့်လိုက်....(မှန်ပါ့ဘုရား)။

ခန္ဓာပြောတာကို ခေါင်းငြိမ့်ပြီး လိုက်,လိုက်မယ်ဆိုလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ သည်ကားလို့ ဆိုလို့ရှိ

ယင်ဖြင့် ခန္ဓာက အပြောသမား၊ ဥာဏ်ကခေါင်းငြိမ့်သမား ဆိုတော့ ဒီဥာဏ်သည်အားလုံးမှတ် ဘယ်လှိုင်း ဘယ်လေ ဘယ်ဂယက်မှ မမြုပ်နိုင်တဲ့ မဂ္ဂင်ဆိုတာ ဒီဥာဏ်ကိုဆိုတာ .... (မှန်ပါ့) သေချာကြပလား.... (သေချာပါပြီဘုရား)။

ဘယ်လှိုင်း,ဘယ်လေ, ဘယ်ဂယက်မှ မဖျက်ဆီးနိုင်ဘူး ဆိုတဲ့ ဥစ္စာ လောကဓံလေတွေဘာဘဲ တိုက်တိုက် ပျက်စီးဘူး ဆိုတဲ့ ဥစ္စာ ဒီမဂ္ဂင်ကိုဆိုတာ... (မှန်ပါ့ဘုရား)ခေါင်းငြိမ့်တဲ့ ဥာဏ်သည် မဂ္ဂင်ပါဘဲ....(မှန်ပါ့)တကာကြွယ် ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ကဲ... ဦးမာဒင်တို့၊ ဦးသန်းမောင်တို့ နားလည်ပြီလား .... (နားလည်ပါပြီဘုရား)ဒါဖြင့် ကိုယ့်ကိုယ် သနားယင် ဘာလုပ်ရမလဲ....(မဂ္ဂင်အလုပ်-လုပ်ရပါမယ်ဘုရား)။

မဂ္ဂင်အလုပ်ဟာ တခြားမှာရှိသလား.... (မဟုတ်ပါ့ဘုရား) ခန္ဓာကပြောတာ ဥာဏ်ကခေါင်းငြိမ့်တာ မဂ္ဂင်ဘဲလို့ မှတ်လိုက် (မှန်ပါ့ဘုရား)။

ခန္ဓာကပြောတာကို ဥာဏ်က ခေါင်းငြိမ့်ယင် ဒါမဂ္ဂင်သာ မှတ်....(မှန်ပါ့)ဩော်....ဒါဖြင့် မဂ်ဖိုလ်ရပါလို၏လို့ ဆုတောင်းလို့ ဝမ်းထဲရောက်လာတာလား၊ ခန္ဓာကပြောတာ ခေါင်းငြိမ့်တဲ့ အတွက် အဲဒီဥာဏ်က မဂ္ဂင်ဖြစ်တာလားမေးယင် ဘယ့်နှယ် ဖြေမလဲ....(ဥာဏ်က မဂ္ဂင်ဖြစ်ဘာပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူက မဂ္ဂင်ဖြစ်သလဲ (ဥာဏ်က မဂ္ဂင်ဖြစ်ပါတယ်ဘုရား) အဲဒါကြောင့် တကာ တကာမတို့ ဥာဏ်ဟာ မဂ္ဂင်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

အဲဒီဘော့ ကိုယ့်ခန္ဓာက ပြောလို့ ကိုယ့်ခေါင်းငြိမ့်လို့ ကိုယ်မဂ္ဂင်ရတာ၊ တကာ တကာမတို့ ကိုယ့်မဂ္ဂင်ဖေါင်ကြီးဟာ ကိုယ့်ဝမ်းထဲမှာဖြစ်တယ်... (မှန်ပါ့ဘုရား)။

သားသမီးဝမ်းထဲမှာဖြစ်ကဲ့လား....(မဖြစ်ပါဘုရား) ခင်ပွန်းမတွေဝမ်းထဲမှာကော....(မဖြစ်ပါဘုရား) ဒါ့ကြောင့် ဝိညူဟိ-ဥာဏ်နဲ့ ခေါင်းငြိမ့်တဲ့ပုဂ္ဂိုလ်တို့သည်သာလျှင်၊ ပစ္စတ္တ-အသီးသီး၊ ဝေဒိတဗ္ဗော ရအပ်သိ အပ်၏တဲ့....(မှန်ပါ့) ဥာဏ်နဲ့ခေါင်းငြိမ့်တဲ့ပုဂ္ဂိုလ်ရတာ၊ ဘယ်သူပေးလို့မှ ရတာမဟုတ်ဘူး .... (မှန်ပါ့ဘုရား)။

ကိုယ်ရထားပေမဲ့ သားများ၊ မယားများ သူတို့ခေါင်းမငြိမ့်ယင် သူတို့မရဘူး... (မှန်ပါ့) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုယ် သနားယင် ဘာလုပ်ရမလဲ... (မဂ္ဂင်အလုပ် လုပ်ရပါမယ်ဘုရား)မဂ္ဂင်အလုပ် လုပ်ရမယ်ဆိုတဲ့ဥစ္စာဖြင့် ထိပ်မှာ သံမှိုစွဲသလို တကာကြွယ်- မှတ်ရမယ်.... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒီဥစ္စာ ဘုန်းကြီး ဘာပြောနေတာတုံးလို့ မေးလို့ရှိယင်ဖြင့် တဏှာ သခ်ယသုတ်တော်ကို ပြောမလို့-(မှန်ပါ့) တဏှာသခ်ယဆိုတာ တဏှာက တဏှာ၊ သခ်ယက ကုန်တာ၊ တဏှာကုန်တဲ့နည်းကို ပြောမလို့....(မှန်ပါ့) မဂ္ဂင်ရတဲ့ပုဂ္ဂိုလ်ဟာ တဏှာကုန်တာဘဲ....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် သိကြားမင်းကြီးသည် ဥယျာဉ်တော်ထွက်ရင်း မတ္တာနဲ့ ဆောဏ်ဆင်ကြီးစီးပြီးသကာလ အပျော်အပါးရယ်လို့ နတ်သား, နတ်သမီးတွေနဲ့ ထွက်လာတုန်းဘဲ တဏှာ အမြှန်ဆုံးကုန်တဲ့နည်း(၀၁)မဂ္ဂင်ဖေါင်ကို ကိုယ်ပိုင်ရတဲ့နည်းဟာဖြင့် ဘယ်နည်းပါလိမ့်မလဲလို့ သူ့စိတ်ထဲမှာ ပေါ်လာတယ်.... (မှန်ပါ! ဘုရား)။

ပေါ်လာယင် ပေါ်လာခြင်း သြော် ဒီဥယျာဉ်ထဲမှာ နတ်သား, နတ်သမီးတွေနဲ့ ပျော်လိုက် ပါးလိုက်၊ တီးကြ, မှုတ်ကြ၊ ခုန်ကြလို့ ရှိယင် အခုပေါ်လာတဲ့တဏှာ အမြှန်ကုန်တဲ့နည်းဟာ ဘယ်နည်းပါလိမ့်မတုံးဆိုတဲ့ တွေးလုံးကလေး ပျောက်သွားခဲ့ရဲ့....(မှန်ပါ!ဘုရား)။

ဆိုပြီး ကပြာကယာ ဆင်ပေါ်ကဆင်းပြီး ပုဗ္ဗာရုံကျောင်းဘုရား သိကင်းသုံးခန့ကုန်း ဦးမာဒင်ရောက်လာတယ်... (မှန်ပါ!) ကွေးသောလက် ဆန့်သလောက် အချိန်နဲ့ ရောက်လာတယ်.... (မှန်ပါ!ဘုရား)။

အဲဒီတွင်.... ဘုရားယခင် ကိုယ်တော်မြတ်ကြီးကို သူက ဝင်လျှောက်တယ်....

> ကိတ္တာဝတာ နုခေါ ဘန္တေ၊
> တဏှာသင်္ခယ ဝိမုတ္တော ဟောတိ။

ဘယ်ကဲ့သို့မျှား အားထုတ်ရလို့ ရှိယင်ဖြင့် တဏှာ အမြှန်ကုန်တဲ့ မဂ္ဂင်ဖေါင်ကြီး ကိုယ်ပိုင်ရပါ့မလဲ.... (မှန်ပါ!ဘုရား) ဒါမေးတာဘဲ....(မှန်ပါ!ဘုရား)။

အရှင်ဘုရား....တပည့်တော်ကလဲ ဥယျာဉ်ထဲမှာ ပျော်မလို့ ပါးမလို့ အဆင်သင့်ပြင်ဆင်ထားပြီးသား၊ ဥယျာဉ်ပေါက်ဝမှာ သတိရတာနဲ့ ထွက်လာတာပါဘုရား၊ မြန်မြန်ဟောပါ။

တဏှာ အမြန်ဆုံးကုန်တဲ့နည်း တပည့်တော်သိချင်ပါတယ်.... (မှန်ပါ!) မဂ္ဂင်ဖေါင်ကြီးကို ကိုယ်ပိုင်ရချင်တယ် ပြောတာပါဘဲ (မှန်ပါဘုရား)။

အဲဒီတွင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သိကြားမင်းကျတော့ သိကြားမင်းနဲ့ သင့်လျော်တဲ့တရားကို ဟောတယ်လို့မှတ်ပါ....(မှန်ပါ!) မင်းခန္ဓာကိုယ်ထဲမှာ ဝေဒနာသုံးပါးရှိ သဟေ့....တဲ့... (မှန်ပါဘုရား)။

သိကြားကို ဟောပြီ... တကာ တကာမတို့-သိကြားခန္ဓာထဲမှာ ဝေဒနာ ဘယ်နှစ်ပါးရှိသလဲ....(သုံးပါးရှိပါတယ်ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့ခန္ဓာထဲမှာလဲ တကာကြွယ်- သုံးပါးဘဲရှိတယ်.... (မှန်ပါ!) တခါတလေ ဝမ်းသာတယ်ဆိုတဲ့ စိတ်ကလေးကော မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒါ သုခဝေဒနာဘဲ... (မှန်ပါ!) တခါတလေ ကျုပ်ဖြင့် စိတ်ပျက်တယ်ဆိုတာကော... (ဒုက္ခဝေဒနာပါဘုရား) ကျုပ်ဖြင့် နေရတာ ဝမ်းသာ ဝမ်းနည်း ကင်းပါရဲ့ ဆိုတော့.... (ဥပက္ခာဝေဒနာပါဘုရား)။

အဲဒီတော့.... ဝမ်းသာတာလဲ ဝမ်းသာတဲ့စိတ်ကို ကျုပ်တို့ နောက်ကနေပြီးသကာလ ရှိသေးသလားလို့ ဇနလယ်က ဟောတဲ့

အတိုင်း ရှိသေးသလား ကြည့်နေ-(မှန်ပါ့) မရှိဘူးလို့ သိယင် မဂ္ဂင်ရပြီ....(မှန်လှပါဘုရား)။

ဝမ်းနည်းတဲ့စိတ်ကလေး ပြန်ကြည့်၊ တာရှည် ဝမ်းနည်းမနေနဲ့၊ ဒီဝမ်းနည်းတဲ့စိတ်ကလေးဟာ ရှိသေးသလား၊ မရှိဘူးလား ပြန်ကြည့် ..(မှန်လှပါ)

မရှိမှန်းသိလို့ ရှိယင် မဂ်ရပြီအောက်မေ့ (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဝမ်းသာ ဝမ်းနည်းတဲ့ စိတ်ကလေး ပေါ်နေတယ်၊ ဝေဒနာကလေးတွေ ပေါ်နေတယ်၊ စိတ်နဲ့ဝေဒနာဟာ အတူတူယှဉ်ဖြစ်တာဘဲ....(မှန်ပါ့ဘုရား)။

ဒါကလေးပေါ်လာလဲ ရှိသေးသလားလို့ ပြန်ကြည့်၊ ကြည့်လိုက်တော့ ဘာတွေမယ်ထင်သတုံး-(မရှိတာတွေပါတယ်ဘုရား) မရှိတာတွေဆိုတော့ မရှိတာသည် တကာ့ တကာမတို့ အနိစ္စ၊ သိတာသည်..(မဂ္ဂပါဘုရား)။

ဒါက တကာ့ တကာမတွေ့ တရားဘပဲလုံးဘဲ တွေးကြတော့၊ ဒီမဂ်ဟာ အလိုလိုပေါ်လာတာလဲ၊ မရှိတာသိလို့ ပေါ်တာလား...(မရှိတာသိလို့ ပေါ်လာတာပါဘုရား)။

ဒါဖြင့် .. တကာ့ တကာမတွေက ခင်ဗျန်းမတွေက မရှိတာသိတော့ သူတို့မဂ်မရဘူး ..(မှန်ပါ့)ယောကျ်ားတွေက ဘုန်းကြီးပြောတဲ့အတိုင်း ဝိပဿနာရှုလိုက်လို့ မရှိတာသိလိုက်ယင်....(မဂ်ရပါတယ်ဘုရား)။

အဲဒီမဂ်ကို ကဲ...မင်းအမျှယူလိုက်တော့ဆိုလို့ ရပါ့မလား.... (မရပါဘုရား) ဘယ်ရမလဲ... ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တာ-ဦးမာဒင်....(မှန်ပါ့ဘုရား)။

ကိုယ့်ဝမ်းထဲမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ကို... (ကိုယ်ဖြတ်ပါတယ်ဘုရား) ကိုယ့်မဂ္ဂင်ကဖြတ်တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဟို တကာမသန္တာန်, သားသမီးသန္တာန်မှာသွားပြီး ဒီမင်ကဖြတ်နိုင်ရဲ့လား....(မဖြတ်နိုင်ပါဘုရား) ဒါ့ကြောင့် မင်ကို အမျှပေးလို့မရဘူးဆိုတော့ ခုနင်က ပါဋိဟာ တကာကြွယ်- ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဘာတဲ့တုံး-ပြန်ရွတ်လိုက်စမ်း(ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ) ဝိညူဟိ = ဝိပဿနာ အားထုတ်တဲ့ ပုဂ္ဂိုလ်တို့သည်သာလျှင်၊ ပစ္စတ္တံ=အသီး အသီး-ကိုယ်ပိုင်....(မှန်ပါ့) ဟော... အသီး အသီး ကိုယ်ပိုင်ရတယ်...(မှန်ပါ့) ဝေဒိတဗ္ဗော=သိအပ်၏- ရအပ်၏....။ ဩော်... ကိုယ်အားထုတ်မှ ကိုယ်ရတယ်... ။(မှန်ပါ့ဘုရား)။

တကာ တကာမတွေ ဘာတဲ့....(ကိုယ်အားထုတ်မှ ကိုယ်ရပါတယ်ဘုရား) ဘေးက သာဓု-တမ်းတနေလို့....(မရပါဘုရား)။

ခင်ဗျားတို့က ဘယ်သူ ဘာလုပ်တယ်ဆိုယင် သာဓု....သာဓု.... တဲ့....(မှန်ပါ့) အဲ...သာဓု တမ်းတမရဘူး...(မှန်ပါ့) ရိပ်မိကြပလား...(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က နဂိုရ်က သာဓု တမ်းတနေတော့ ရတယ်လို့ ထင်နေတယ်....(မှန်ပါ့) ရပါတယ်... တဲ့၊ ခင်ဗျားတို့ထင်တာ ဒါန အမျှပေးလို့ရတယ်၊ သီလဆောက်တည်တာတွေ အမျှ.... အမျှ.... အမျှ... ဆိုယင် သာဓုခေါ်ပါက ရတယ်.... (မှန်ပါ့ဘုရား)။

ဒီမင်ဉာဏ်ကတော့ သူ့ဝမ်းထဲသူ ဖြစ်တာ၊ ဖြစ်နေသော ကြောင့် သူ့ပဋိစ္စသမုပ္ပါဒ်သာ သူဖြတ်တာ၊ သူမျှား ပဋိစ္စ သမုပ္ပါဒ်ကို ဦးမာဒင်-ဖြတ်ပေးရဲ့လား...(မပေးပါဘုရား)။

ဒါဖြင့် ဒီမင်သည်ကား....လို့ ဆိုယင်ဖြင့် ကိုယ့်သန္တာန်သာ ဖြစ်၍ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တဲ့မင်ဖြစ်နေသောကြောင့် ကိုယ်သာရတယ်....(မှန်ပါ့ဘုရား)။

ကိုယ်သာလျှင် ဒုက္ခစက်ကို ဖြတ်ပေးသောကြောင့် ကိုယ်သာ လျှင် နိဗ္ဗာန်ရတယ်....(မှန်ပါ့) သူမျှားတော့.... (မရပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။*

ကဲ...ဒါခင်ဗျားတို့ ဆိုင်ရာ ဆိုင်ရာကိုလဲ ရှေးမူတွေ ပျောက် ပြီးသကာလ ရှေးမူပျောက်မယ်ဆိုတာကတော့ သာဓုတမ်းတနေ ပြီးသကာလ အချောင်ယူတာ ရှိသေးတယ်...(မှန်ပါ့) မရှိဘူး လား...(ရှိပါတယ်ဘုရား)။

အဲဒါက ဒါနတွေ၊ သီလတွေ ရတယ်၊ တကယ့် မင်ဉာဏ်-ဖိုလ်ဉာဏ် ပြုံးပြီး သေရမည့်ဉာဏ်ကတော့ သာဓု တမ်းတ မရ ဘူးလို့ မှတ်ထားပါ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

အဲ....ဝိပဿနာအလုပ်မျိုးကတော့ သာဓုဘမ်းသမားနဲ့ တ ခြားစီလို့ တကာကြွယ်က သေသေချာချာမှတ်ပါ....(မှန်ပါ့) သဘောပါကြပလား...(ပါ-ပါပြီဘုရား)။

---

*ဒါနကုသိုလ်၊ သီလကုသိုလ်ကို အမျှပေး၍ သာဓုခေါ်လျှင် ပတ္တာနုမောဒန ကုသိုလ်ကို ရနိုင်သည်။ မင်္ဂဖိုလ်ကိုမူ သာဓု ခေါ်နေရုံနှင့် မင်္ဂဖိုလ်မရနိုင်။ ဝမ်းမြောက်သည့် ပတ္တာနုမော ဒန ကုသိုလ်မျှတော့ ဖြစ်ပါ၏။

အဲဒီတွင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သိကြားမင်းကို အမြန် မဂ္ဂင်ဖေါင်ကို ရချင်တယ်ဆိုလို့ ရှိယင်ဖြင့် ဝေဒနာသုံးပါး ရှိတယ်၊ အဲဒီသုံးပါးကို ငါပေးတဲ့မဂ္ဂင်နဲ့ ဒါတွေကို အပျက် အမြင်နဲ့ ညာဏ်ကလေးသွင်းလိုက်စမ်းပါ....(မှန်ပါဘုရား)။

ဒါတွေ ဘာတဲ့....(အပျက်မြင်တဲ့ဉာဏ် သွင်းရပါမယ်) ဝေဒနာ အပျက်မြင်တဲ့ဉာဏ်ကလေး သွင်းလိုက်စမ်းပါ..တဲ့ (မှန်ပါဘုရား)။

ဝေဒနာအပျက်မြင်တဲ့ဉာဏ်ကလေးသွင်းလိုက်တော့ ဝေဒနာ ပစ္စယာ တဏှာ မလာတော့ဘူး....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဝေဒနာပစ္စယာ တဏှာ လာသေးရဲ့လား....(မလာပါဘုရား) အပျက်မြင်တဲ့ဓာတ်က ဝင်ဖြတ်တယ်....(မှန်ပါ) သဘောပါပလား- (ပါ-ပါပြီဘုရား)။

ထုံးစံကတော့ဖြင့် ဝေဒနာ ပစ္စယာ တဏှာ....(မှန်ပါ) အဲဒါ ဝိပဿနာမလုပ်တဲ့ပုဂ္ဂိုလ်ကိုဟောတဲ့ ပါဠိနဲ့တော်လို့ မှတ်လိုက်.... (မှန်ပါဘုရား)။

ဘယ်သူ့ဟောတာပါလိမ့်.... (ဝိပဿနာမလုပ်တဲ့ ပုဂ္ဂိုလ်ကို ဟောတာပါဘုရား) မဂ်ရအောင်မလုပ်တဲ့ပုဂ္ဂိုလ်ကိုဟောတဲ့ပါဠိ (မှန်ပါ) မဂ်ရအောင် လုပ်တဲ့ပုဂ္ဂိုလ်ကို ဟောတဲ့ ပါဠိတော်က ခင်ဗျားတို့က မရဘူး... (မှန်ပါ) ကဲ....ဘုန်းကြီးသင်ပေးပါ့မယ်။

သုခဝေဒနာကလေးဟာ ဝမ်းထဲမှာ ချမ်းသာတာကလေး ပေါ်တယ်၊ အဲဒီ ချမ်းသာတာကလေးကို ခင်ဗျားတို့က ရှိသေး

သလား· မရှိဘူးလား· ကြည့်လိုက်တော့ ဖြစ်ပြီး ပျက်သွားပြီလို့ မသိဘူးလား.... (သိပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဝေဒနာ.... (မှန်ပါ့) သိတာက မင်္ဂ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဖြစ်ပျက်က အနိစ္စ၊ သိတာက....(မင်္ဂပါဘုရား) ကိုင်း.... ခင်ဗျားတို့ကို အမြင်ပြပြီ... (မှန်ပါ့) တကာ တကာမတို့ အမြင် ပြလိုက်တဲ့အခါကျတော့ ဝေဒနာနောက်က မင်္ဂလိုက်တယ်.... (မှန်ပါ့) ဦးမောင်-ဘာလိုက်သလဲ .... (ဝေဒနာနောက်က မင်္ဂ လိုက်ပါတယ်ဘုရား)။

ဦးသန်းမောင်တို့- ဦး ဘထွေးတို့ ကြည့်စမ်း- ပါဠိကော်ကို.... ဝေဒနာနောက်က ဘာလိုက်သတုံး....(မင်္ဂလိုက်ပါတယ်ဘုရား) ဝေဒနာက ဖြင်ပျက် ဖြစ်သွားတယ်၊ ဖြစ်ပျက်ကို ဒီဉာဏ်က မြင် လိုက်တော့ ဉာဏ်က မင်္ဂဖြစ်သွားတယ်....(မှန်ပါ့ဘုရား)

အဲဒီတော့ ခင်ဗျားတို့ရထားတဲ့ပါဠိတော်က ဝေဒနာပစ္စယာ တဏှာ....(မှန်ပါ့)သဘောကျပလား (ကျပါပြီ)ဒီကဝေဒနာကို မဟုတ်ဘော့ဘူး၊ ဖြစ်ပျက်ဆိုကတည်းက အနိစ္စဖြစ်သွားပြီ... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝေဒနာပစ္စယာ- ဒီမှာတော့ အနိစ္စပစ္စယာ ပညာ... (မှန်ပါ့) အနိစ္စနောက်က ပညာလိုက်တယ်... (မှန်ပါ့) ဝေဒနာ ပစ္စယာ တဏှာပျောက်သွားတယ်(ပျောက်သွားပါဘယ်ဘုရား)။

ပျောက်ထွက်သွားတော့ ဒီဥစ္စာ ဘယ်လိုပုဂ္ဂိုလ်မျှား ပျောက် တားတုံးဆိုတော့ ဒီခန္ဓာကြီး၏ ဝေဒနာ ပေါ်တိုင်း ပေါ်ဝိုင်း

ဖြစ်ပျက်ရှုတဲ့ ပုဂ္ဂိုလ်မှာသာ တဏှာပျောက်တယ်....(မှန်ပါ့)
ဖြစ်ပျက်ရှုတဲ့ပုဂ္ဂိုလ်မှာ တဏှာပျောက်ပြီး မဂ်ရတယ်....(မှန်ပါ့ဘုရား)။

ကြည့်ပါ-ကြည့်ပါ- တကာ ဟကာမတို့ တဏှာပျောက်ပြီး.... (မဂ်ရပါတယ်ဘုရား)။

ဒါဖြင့် သိကြားကမေးတယ်၊ အရှင်ဘုရား....တဏှာကို အမြန်ကုန်စေနိုင်တဲ့တရားကို စာပည့်တော်ကို ဟောတော်မူပါဆိုတော့ ဝေဒနာရှုတဲ့....(မှန်ပါ့ဘုရား)

တကာ တကာမတို့ ဘယ့်နှယ်ပြောလိုက်ပါလိမ့်.... (ဝေဒနာရှုလို့ ပြောလိုက်ပါတယ်ဘုရား) ဝေဒနာရှုလို့ ခိုင်းလိုက်တယ်.... (မှန်ပါ့ဘုရား)။

တကာ တကာမတို့ မြင်ကြပလား... (မြင်ပါတယ်ဘုရား) ဝေဒနာရှုတော့ ဝေဒနာမြင်ရသလား....တဲ့၊ ဖြစ်ပြီး ပျက်တာ မြင်ရသလား (ဖြစ်ပြီး ပျက်တာ မြင်ရပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်-ဖြစ်ပျက်၊ ရှုတာက မဂ်ဆိုတော့ ဦးမာဒင်တို့က စဉ်းစား၊ ဝေဒနာပစ္စယာလို့ကို အသံထွက်စဆုမပါဘူး.... (မှန်ပါ့ဘုရား)။

သူက ဝေဒနာကို ဟုတ်သေးရဲ့လား... (မဟုတ်ပါဘုရား) သူက ဖြစ်ပျက်အနိစ္စ....(မှန်ပါ့) ဒီဘက်ကဟာကော....(ဖြစ်ပျက်အနိစ္စပါဘုရား)ဒီဘက်ကဟာကော (ဖြစ်ပျက်အနိစ္စပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ရထားတဲ့ပါဠိတော်က မရှုတဲ့ပုဂ္ဂိုလ်ဆိုတာ (မှန်ပါ့) ရှုတ်စမ်း... ရှုတ်စမ်း.... တကာကြွယ်- ခင်ဗျားရထားတဲ့

ပါဦးတော်.... (ဝေဒနာ ပစ္စယာ တဏှာပါဘုရား) အဲဒါဘယ် ပုဂ္ဂိုလ်ကို ဆိုတာဘုံး... (မရှုတဲ့ပုဂ္ဂိုလ်ကို ဆိုတာပါဘုရား)။

ကဲ....ကျေနပ်ခဲတာ့ ဦးမာဒင်တို့ ကျေနပ်ခဲတာ့.... (မှန်ပါ့) ကျေနပ်ပြီ ဦးသန်းမောင်တို့လဲ.... (မှန်ပါ့)ဝေဒနာပစ္စယာ ... (တဏှာပါဘုရား)။

ရှုတဲ့ပုဂ္ဂိုလ်ကျတော့ နောက်က ရှုတဲ့စိတ်လာတော့ ဝေဒနာ သည်ကားလို့ ဆိုယင် ဝေဒနာဘော့ ဝေဒနာဘဲ၊ ကြည့်လိုက်တဲ့ အခါကျတော့ မရှိတာဘဲတွေ့တယ်.... (မှန်ပါ့) သဘောကျပ လား....(ကျပါပြီဘုရား)။

မရှိတာတွေ့တော့ ခင်ဗျားတို့ ရထားတဲ့ ပါဦးဘော်က ပျက် ပြီး သကားလ ခင်ဗျားတို့ နိဗ္ဗာန်ရောက်ပြီဘဲ့၊ ပါဦးဘော် ပေါ် လာတယ်....(မှန်လှပါဘုရား)။

နိဗ္ဗာန်ရောက်ပြီဆိုတဲ့ ပါဦးဘော်ပေါ်လာဘယ်...(ပေါ်လာ ပါတယ်ဘုရား)ဝေဒနာနိရောဓါ၊ တဏှာနိဆောဓါ.... (မှန်ပါ့ ဘုရား)။

ဟော့....တခါတည်းထွက်လာတယ်.... (မှန်ပါ့) ဒီဟာဆတော့ ဝေဒနာမချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား) ချုပ်သွားလို့ ဖြစ်ပျက်ဖြစ်တာကိုး(မှန်ပါ့ဘုရား)။

ဝေဒနာနိဆောဓါ... (တဏှာနိဆောဓါပါဘုရား) ဟော... တဏှာနိရောဓေါဆိုတော့ တဏှာချုပ်အောင် လုပ်နိုင်တာမဂ်ဘဲ (မှန်ပါ့ဘုရား)။

ဘယ်နှယ်ခြောင့်တုံးဆိုတော့ ဝေဒနာ ချုပ်တာကိုမဂ်ကမြင် လိုက်လို့ တဏှာဒုနဆုမှာလဲ မဂ်ပေါ်တယ်... (မှန်ပါ့) ဝေဒနာ

နေရာမှာလဲ နိရောဓ ဖြစ်တယ်၊ ဝေဒနာ ချုပ်သွားတယ် .... (မှန်ပါ့ဘုရား)။

ဝေဒနာကလေး၏ ချုပ်ပျောက် သွားတာကို မြင်လိုက်တဲ့အတွက် ဝေဒနာနိရောဓါ.... (တဏှာနိရောဓေါပါဘုရား) ကိုင်းတကားတကာမတို့ တဏှာနိရောဓေါ့တိ နိဗ္ဗာန်ဘဲ(မှန်ပါ့ဘုရား)။

တဏှာချုပ်ရင်ဘာတုံး.... (နိဗ္ဗာန်ပါဘုရား။

ဒါကြောင့် ခင်ဗျားတို့ တဘဝထက်, တဘဝ တဏှာပါး၍ ကိုလေသာတွေ ခေါင်းပါးပြီး သကာလ နိဗ္ဗာန် မဂ်ဖိုလ်ကြီး ရက်တိုတိုနဲ့ ရပါရစေဘုရား ဆိုရုံနဲ့ မရပါဘူး... (မှန်ပါ့) ရှုယင် သူ့ဟာသူချုပ်မယ်....(မှန်ပါ့ဘုရား)။

ရှုယင်... (သူ့ဟာသူချုပ်မှာပါဘုရား) ဦးမာဒင် ဘာတဲ့တုံး (ရှုယင်သူ့ဟာသူ ချုပ်မှာပါဘုရား) ဆုကောင်း နေရုံနဲ့တော့ မချုပ်ဘူး .... (မှန်ပါ့) ရှုလိုက်ယင်တော့ .... (ချုပ်ပါတယ်ဘုရား)။

ရှုလိုက်တော့ ဒါကလေး ဖြစ်ပျက်ဖြစ်သွားတယ်.... (မှန်ပါ့) ဖြစ်ပျက်ဖြစ်သွားတော့ ဝေဒနာချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဘုရား) ဖြစ်ပျက် ဖြစ်သွားတော့ အနိစ္စဖြစ်သွားပြီ ... (မှန်ပါ့ဘုရား)။

ဒါဖြင့် အနိစ္စဆိုတာကမရှိတာကိုဆိုတာ... (မှန်ပါ့)ဒီဝေဒနာဟာ ဝေဒနာလား၊ နိရောဓလား.... (နိရောဓပါဘုရား) ဝေဒနာနိရောဓါ (တဏှာနိရောဓေါ)တဏှာနိရောဓေါ တိမဂ္ဂေါ နိရောဓဆိုတာ မဂ်ပေါ်တာဆိုတော့ ဒီမဂ်ဟာ မရှုတဲ့ပုဂ္ဂိုလ်ပိုင်သလား၊

ရှုတဲ့ပုဂ္ဂိုလ်ပိုင်သသား (ရှုတဲ့ပုဂ္ဂိုလ်ပိုင်ပါတယ်ဘုရား)အမျှပေး စမ်းဒါဖြင့်(မရပါဘုရား)။

ကဲ....သေချာပလား....(သေချာပါပြီဘုရား)အမျှပေးလို့မရပါဘူး...(မှန်ပါ့)ခင်ဗျားတို့ဟာ ခင်ဗျားတို့ လောက္ခတ်ချော်ပြီးပေးတောင် မဂ်ကမလိုက်ဘူး....(မှန်ပါ့)လိုက်ပါ့မလား (မလိုက်ပါဘုရား)မလိုက်ပါဘူးဆိုတာဖြင့် တကာကြွယ် သေချာပြီ .... (သေချာပါပြီဘုရား)။

ကဲ....ဒါဖြင့် သိကြားမင်းကြီးက ဥယျာဉ်ထွက်ရင်း မတ္တန့် တဏှာအမြန်ချုပ်တဲ့တရား တပည့်တော်ကို ဟောတော်မူပါလို့ လူ့ပြည်ဆင်းပြီး ပုဗ္ဗာရုံကျောင်းမှာ လျှောက်တော့ ဝေဒနာသုံးပါးလှည့်ပြီးရှုလို့ ဟောတယ်.... (မှန်ပါ့) ဘယ်သူဟောပါလိမ့်.... (ဘုရားကဟောပါဘယ်ဘုရား) အဲဒါ တဏှာ အမြန်ချုပ်တဲ့နည်းဘဲ ဆိုလိုက်တော့ ဦးမာဒင် ကျေနပ်လောက်ပြီ.... (ကျေနပ်ပါပြီဘုရား)။

သိကြားမင်းလျှောက်လို့ ဘုရားက ဟောရတဲ့ အဓိပ္ပါယ်မှာလဲ တကာတကာမတို့ သံသယမရှိပါနဲ့တော့....(မှန်ပါ့)။

ဒီနေ့ နာရတဲ့ပုဂ္ဂိုလ်တွေသည်ကားလို့ ဆိုလို့ရှိယင် ဩော်.... သိကြားမင်းလျှောက်လို့ မဂ္ဂင်အမြန်ရတဲ့နည်း ဟောတော်မူပါဘုရာ့ (၀ါ) တဏှာအမြန်ချုပ်တဲ့နည်း ဟောတော်မူပါဘုရာ့ ဆိုတော့ ဆရာဘုန်းကြီးက အခုပုံစံနဲ့ပြလိုက်တော့ ဝေဒနာဖြစ်တိုင်း ဖြစ်တိုင်းကြည့်လိုက်တော့ ဥာဏ်နဲ့ ကြည့်လိုက်တော့

နှစ်ခုကလဲ ပြိုင်ပြီး မဖြစ်ကောင်းဘူး၊ ချုပ်တာဘဲ မြင်ရမှာဘဲ.... (မှန်ပါ့) ချုပ်တာက ဘယ်သူချုပ်သတုံး...(ဝေဒနာချုပ်တာပါဘုရား)။

ဒါဖြင့်ပါဋ္ဌိထည့်လိုက် ဝေဒနာ နိရောဓါ....(တဏှာနိရောဓေါပါဘုရား) တဏှာ နိရောဓေါ-ဆိုတော့တာဘဲ မဂ်ဘဲ...(မှန်ပါ့) သေချာပလား....(သေချာပါပြီဘုရား) ဩော်... ဒါဖြင့် ဝေဒနာ ချုပ်တာမြင်ယင် မဂ်ရတာဘဲ....(မှန်ပါ့)။

ဘယ့်နှယ်တုံး.... (ဝေဒနာချုပ်တာ မြင်ယင် မဂ်ရပါတယ်ဘုရား)။

ဩော်... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ခန္ဓာက ဘာခန္ဓာပါလိမ့်...(ဝေဒနာကွန္ဓာပါဘုရား) ဘယ်တော့ ဝေဒနာ များက ကင်းသတုံး....(မကင်းပါဘုရား)။

ချမ်းသာတဲ့အခါလဲ ဝေဒနာနဲ့ (မှန်ပါ့) ဆင်းရဲတဲ့အခါ.... (ဆင်းရဲတဲ့ဝေဒနာပါဘုရား) ချမ်းသာ ဆင်းရဲကင်းတဲ့အခါ ဥပေက္ခာဝေဒနာနဲ့.... (မှန်ပါ့) ဝေဒနာ တကာ တကာမတွေ သန္တာန် ပြတ်သေးရဲ့လား....(မပြတ်ပါဘုရား)။

အဲဒီတော့ ဒီဝေဒနာသုံးပါးကိုလှည့်ပြီး ခန္ဓာကြီး လှည့်ရှုနေလိုက်တယ်၊ ပေါ်ရုလိုက်ရှု....(မှန်ပါ့) ပေါ်ရုလိုက်ရှုလိုက်တော့ ဝေဒနာမြင်သလား· ချုပ်တာမြင်သလား.... (ချုပ်တာမြင်ပါဘယ်ဘုရား) ဒါဖြင့် ချုပ်တာက ချုပ်တာ မြင်တာက မဂ်ပါ... (မှန်ပါ့)။

ဒါဖြင့် ချုပ်တာက ဘယ်သူတုံးမေးတော့မှ ဝေဒနာ နိရောဓါ....(တဏှာနိရောဓေါပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာနိရောဓေါ နောက်က ချုပ်တာ မြင်တဲ့မင်္ဂလာ မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား)။

အဲဒီတော့ မင်္ဂလာတို့ရာ အခွင့် ပေးသေးသလား-(မပေးပါဘုရား) ဒါဖြင့် တဏှာနိရောဓေါ....(မှန်ပါ!) တဏှာနိရောဓေါတိမဂ္ဂေါဘဲ.... (မှန်ပါ!) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဦးမာဒင် သေပျော်တဲ့တရား....(မှန်ပါ!) သေပျော်တဲ့တရားဆိုတာ ချီးမြှောက်ပြောတယ်လို့ မယူလိုက်ပါနဲ့.... (မှန်ပါ!) ဒီတကာတကာမတွေ ဒီအတိုင်းလုပ်လို့ရှိယင်ဖြင့် အခုလုပ် အခုရနိုင်တယ် (မှန်ပါ!)။

အခုလုပ်ယင်.... (အခုရနိုင်ပါတယ်ဘုရား) အခုရနိုင်တော့ ဒီဥစ္စာက သြော်... သူများ ရသလား- လုပ်တဲ့လူဘဲ ရသလား.... (လုပ်တဲ့လူဘဲ ရပါတယ်ဘုရား) ဦးလှဘူး- သဘောကျပလား.... (ကျေပါပြီဘုရား) ဒါဖြင့် ပါဠိတော် ရွတ်ပါဦး.... (ဝေဒနာနိရောဓေါ- တဏှာနိရောဓေါပါဘုရား)။

ဟော. "ပစ္စတ္တံ" ဝေဒိတဗ္ဗောဝိညူဟိ" လာကိုက်တယ်.... (မှန်ပါဘုရား) ပစ္စတ္တံ=အသီးသီး၊ ဝိညူဟိဝေဒိတဗ္ဗော= လုပ်တဲ့လူသာ ဒီမင်္ဂလာ.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အသီးသီးရတယ်၊ ဟိုဘက်က တကာတကာမတွေ လုပ်လဲ ဟိုဘက်က တကာတကာမတွေ မင်္ဂလာတယ်(မှန်ပါဘုရား)ဒီဘက်က တကာက သူ့အလုပ် သူလုပ်နေယင်တော့... (မရပါဘုရား)

ဟိုမှာ အိမ်မှာ သားရေး, သမီးရေး, စီးပွားရေးနဲ့ နေလို့တော့ မရနိုင်ဘူး....တဲ့ ဒီမင်္ဂ... (မှန်ပါ!) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့်.... ဦးမာဒင် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဆိုတဲ့ အဓိပ္ပါယ်ကလေးဟာလဲ ယခုနဲ့ ကိုယ်လုပ်မှ ကိုယ်ရတယ် ဆိုတာ ရှင်းသွားပြီ....(ရှင်းပါပြီဘုရား)။

သူများ အမျှပေးလို့လဲ.... (မရပါဘုရား) မရဘူးဆိုတာ ရှင်းသွားတော့ တကာကြွယ် နေရာကျပြီ... (ကျပါပြီဘုရား) အိမ်မှာရှိကြတဲ့ ခင်ခင်တို့, မြေးကလေးတို့ ဟုတ်လား.... (မှန်ပါ!) သူတို့ မလုပ်ဘဲ့ ရပါ့မလား....(မရပါဘုရား)။

ဘယ်နှယ်ကြောင့် မရသတုံး....မေးတဲ့အခါကျတော့ သူမှ ဖြစ်ပျက်ကိုမှ မမြင်ဘဲကိုးဗျ.... (မှန်ပါ!) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် တကာဘကာမတို့သည် ဒီမင်္ဂရတော့ကို ခုနင်က သေခါနီးကျတော့ ဒီမင်္ဂနဲ့ဘဲ ကျုပ်တို့ကရှုပြီး ဒီမင်္ဂကလေးနဲ့ နေလိုက်တဲ့ အခါကျတော့ နောက်ခန္ဓာ ရမည့် ဘဝတွေကော မြင်သေးသလား....(မမြင်ရပါဘုရား) ဘဝချုပ်ငြိမ်းတာဘဲ မြင်နေတယ်....(မှန်ပါ!)။

နောက်သာမည့်ဒုက္ခတွေ အကုန်လာသေးရဲ့လား.... (မသာပါဘုရား)။

လူ့ဘဝာဒုက္ခ၊ နတ်ဘောဒုက္ခ ပဒေသာပင်တွေ မြင်သေးရဲ့လား.... (မမြင်ရပါဘုရား) ငရဲမီး- ငရဲမီးလျှံတွေကော.... (မမြင်ရပါဘုရား)။

အင်း.... ဒုက္ခသိမ်းပေပေါ့....ဆိုတဲ့ နိဗ္ဗာန်ဘဲ မြင်ရမယ်.... (မှန်ပါ့) မပြုံးပေဘူးလား....(ပြုံးပါတယ်ဘုရား)။

အဲဒီလို ရထားတဲ့ပုဂ္ဂိုလ်ဟာ ပြုံးသေဖြစ်ဘယ် ... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) ဒီအလုပ် မလုပ်တဲ့ပုဂ္ဂိုလ်က တော့ဖြင့် မဲ့သေနဲ့ ရွဲ့သေများပါဘဲ ... (မှန်ပါ့)။

ဒီအလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်ကဖြင့်.... (မဲ့တာနဲ့ ရွဲ့သေများများပါတယ်ဘုရား) ဒါဖြင့် သေကာနီးမှ အလောင်းကျအောင် အရှက်ကွဲအုံးမယ်....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ....(အလောင်းကျအောင် အရှက်ကွဲတုန်းပါဘုရား) တကာကြွယ် ကွဲချင်သေးသလား အရှက်....(မကွဲချင်တော့ပါဘုရား)။

ဒါဖြင့် ဒီဟာ ကိုယ်ပိုင် ရအောင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ကိုယ့်ကိုယ်ကိုသနားသောအားဖြင့်လုပ်ပါ (မှန်ပါ့ဘုရား)။

ဘုန်းကြီး မကြည်ညိုချင် မကြည်ညိုဘဲနေ ကိစ္စမရှိဘူး — (မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား) ကိုယ့်ကိုယ်သနားယင်လုပ်ပါ(မှန်ပါ့ဘုရား)။

သြော်....ဘုန်းကြီးတို့က ဒို့ကိုဆုံးမပေးတယ်လို့ ဘုန်းကြီးတွင် ကြည်ညိုနေလို့အပိုဘဲ....(မှန်ပါ့)ကိုယ့်ကိုယ်ကို သြော်.... ငါ့မှာအနေဆိုးနဲ့, အသေဆိုး, အရောက်ဆိုး,ဒါတွေဟာ ကိုယ့်အတွက် အရေးကြီးနေပါလားဆိုပြီး ကိုယ့်ကိုယ် သနားတာနဲ့လုပ်ပါ....(မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့ဒီအလုပ်လုပ်ရမှာတုံး.... (ကိုယ့်ကိုယ်သနားလို့လုပ်ရမှာပါဘုရား)။

ဒါဖြင့် မလုပ်တဲ့ပုဂ္ဂိုလ်တွေကျတော့ ဦးဗထွေးတို့၊ ဦးသန်းမောင်တို့.... ဘယ်လိုများ ဆုံးဖြတ်ချက်ချမတုံး.... (ကိုယ့်ကိုယ်သနားတဲ့ပုဂ္ဂိုလ်ပါဘုရား)။

အင်း....အရောင်းနဲ့အချိန်ကုန်နေ၊ အဝယ်နဲ့အချိန်ကုန်နေ၊ စီးပွားရေးနဲ့ အချိန်ကုန်နေတဲ့ ပုဂ္ဂိုလ်များကျတော့ သွားရာဂတိကလဲ အပါယ်သွားရာတို့က များနေတယ်....(မှန်ပါ့ဘုရား)။

တကယ်လို့ နတ်ရွာသုဂတိသွားလဲ ခဏဘဲ....(မှန်ပါ့) ဟိုကျတော့လဲ ပဋိသန္ဓေ နေခြင်း ဆင်းရဲ၊ အိုခြင်း ဆင်းရဲ၊ နာခြင်း ဆင်းရဲ၊ သေခြင်း ဆင်းရဲနဲ့လဲ တွေ့ရဦးမယ်....(မှန်ပါ့) မတွေ့ရပေဘူးလား....(တွေ့ရပါတယ်ဘုရား)။

အဲဒီပုဂ္ဂိုလ်တွေကျတော့ သူတို့လိုရင်းမပါဘူး၊ ဘာများလုပ်နေကြပါလိမ့်မလဲလို့ ခင်ဗျားတို့ အခု ဘုန်းကြီး ပေးထားတဲ့ ဥာဏ်မျက်လုံးနဲ့ တပ်ကြည့်လိုက်... (မှန်ပါ့ဘုရား)။

တပ်ကြည့်လိုက်တော့ ဘယ်လိုပုဂ္ဂိုလ်တွေတုံးလို့ ဆုံးဖြတ်ချက်ချ....(ကိုယ့်ကိုယ်မသနားတဲ့ ပုဂ္ဂိုလ်တွေပါ ဘုရား) တကာကြွယ်-ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ဒီအသုံးဟာ ဦးမာဒင်-အင်မတန် အရေးကြီးလို့ ပြောပါတယ်....(မှန်ပါ့) ကိုယ့်ကိုယ်-ကိုယ် သနားတဲ့ပုဂ္ဂိုလ်နဲ့မသနားတဲ့ ပုဂ္ဂိုလ်နဲ့ ဘယ်ဟာကများသတုံး .... (မသနားတဲ့ပုဂ္ဂိုလ်က များပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုယ့်ကိုယ်ကိုယ် မသနားတဲ့ ပေါက်လွတ် ပဲစား ထားတဲ့ ပုဂ္ဂိုလ်များတယ်....(များပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားကို ကောသလမင်းကြီးလျှောက်တဲ့တချက်ကို ခင်ဗျားတို့ကို ကြားထိုပြီးတာ့ ဆုံးမလုံး တလုံး ပေးလိုက်ပါတယ် (မှန်ပါဘုရား)။

အရှင်ဘုရား....တဲ့၊ လူမျိုးဟာ ကိုယ့်ကိုယ်ကိုယ် သနားဖာယ်ဆိုပြီး ရောင်းကာ ဝယ်ကာနဲ့ မုသားကလေးတွေနဲ့ အမျိုးမျိုး အဖုံဖုံ အသင့်အတင့်လဲ လိမ်လည် ကောက်ကျစ် လှည့်ပတ်ပြီး သကာလ အခြားကလေးနဲ့ ဖုံးပြီးစားနေကြတဲ့ ပုဂ္ဂိုလ်မျိုးဟာ ကိုယ့် ကိုယ် ကိုယ် သနားတဲ့ ပုဂ္ဂိုလ် ဟုတ်ပါသေးရဲ့လား... တဲ့ (မှန်ပါဘုရား)။

ဟာ ဖကာကြီး အတွေးဟာ သိပ်မှန်ဘာဘဲ....တဲ့၊ အဲဒါ ကိုယ့်ကိုယ်ကိုယ် သနားတဲ့ပုဂ္ဂိုလ် ဟုတ်ဘူးတဲ့....(မှန်ပါ) ကိုယ့် ကိုယ်ကိုယ် ဝန်အောင် ကျွေးမွေးနေပေမဲ့ ကိုယ် ကိုယ်ကိုယ် သနားတဲ့ပုဂ္ဂိုလ်မဟုတ်ဘူး....(မှန်ပါဘုရား)။

ရောင်းရေး, ဝယ်ရေးနဲ့ စီးပွားရေးနဲ့ လိမ်လည် ကောက်ကျစ်၍ အမျိုးမျိုးအဖုံဖုံပေါ့ဗျာ... (မှန်ပါ) အဲဒါနဲ့ ရှာကြံကျွေးနေတာ ကိုယ် ကိုယ်ကိုယ် သနားတာ ဟုတ်ဘူး... တဲ့၊ ဒီဥစ္စာ ကိုယ် ကိုယ်ကိုယ် မသနားတဲ့ပုဂ္ဂိုလ်၏ အလုပ်လို့ ဘုရားက အဓိပ္ပာယ်ဖွင့်ပေးလိုက်တယ်....(မှန်ပါ) ဦးမာဒင်- ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့်.... ကိုယ် ကိုယ် သနားတဲ့ပုဂ္ဂိုလ်၏ အလုပ်က မဂ္ဂင်....(မှန်ပါ) ကိုယ် ကိုယ် မသနားဘဲနဲ့ လုပ်နေတဲ့ပုဂ္ဂိုလ်၏ အလုပ်က သားရေး, သမီးရေး, စီးပွားရေး....(မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကိုယ့်ကိုယ် မသနားတဲ့အလုပ်က....(သားရေး, သမီးရေး, စီးပွားရေးပါဘုရား) ကိုယ့်ကိုယ် သနားတဲ့အလုပ်က....(မဂ္ဂင်အလုပ်ပါဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့ဟာ ခင်ဗျားတို့ ချိန်ကျပေတော့....(မှန်ပါ့) ဘုန်းကြီးက နမူနာချိန်ခွင်ကလေးသာပေးလိုက်တယ်-(မှန်ပါ့ဘုရား)။

ငါဟာ ကိုယ့်ကိုယ်ကိုယ် သနားတာ တနေ့, တနေ့ ဘယ်နှစ်နာရီတုံး....မသနားတာ ဘယ်နှစ်နာရီတုံး၊ နာရီနဲ့ချိန်...(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မလုပ်မိတဲ့အချိန်ကျတော့ ဘယ့်နှယ်တဲ့ဗျာ-(ကိုယ့်ကိုယ် မသနားတဲ့အချိန်ပါဘုရား) လုပ်မိတဲ့အချိန်ကျတော့.... (သနားတဲ့အချိန်ပါဘုရား) အချိန်နဲ့တွက်လိုက်တဲ့အခါကျတော့ မိုက်ချိန်, လိမ်မာချိန် ပေါ်လာတယ်...(မှန်ပါ့ဘုရား)။

ဒါဖြင့် မိုက်ချိန်က ခင်ဗျားတို့ ကိုယ်ပိုင်တွက်ကြည့်လို့ရှိယင်ဖြင့် အင်မတန် များလိမ့်မယ်....(များပါတယ်ဘုရား) လိမ်မာချိန်ကော....(နည်းပါတယ်ဘုရား)။

ဒါဖြင့် တလမ်းသွားများ ဖြစ်နေကြမလား၊သို့သော်လဲ....တဲ့တကာ တကာမတို့ ရွှေတကျပ်သားနဲ့ ဂွမ်း,ခွက်တဆယ်နဲ့ ထည့်ချိန်ကြည့်လို့ရှိယင် ဂွမ်း,ခွက်တဆယ်ကတော့ လေးမှာဘဲ....(မှန်ပါ့)တန်ဘိုးကိုကြည့်ယင်တော့ ရွှေတကျပ်သားကများတယ်(များပါတယ်ဘုရား)။

အဲဒီတော့ ဒီမဂ္ဂင်အလုပ်ကို လုပ်လို့ရှိယင် ဂွမ်း,ခွက်တဆယ်တွေဟာ အကုန်ပျောက်ပါတယ်၊ တန်ဘိုးကိုသာကြည့်ပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တန်ဘိုးက...(ရွှေကကြီးပါတယ်ဘုရား) သူက ကြီးတယ်.... သူက ရွှေကိုး.... ဟိုက ဂွမ်း,ခွက်တဆယ်က ဘာလုပ်ဘို့တုံး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့- တနေ့ မနက် တကြိမ်၊ ညတကြိမ်၊ နေ့လယ်အားထုတ်လဲ ထုတ်ပေါ့ဗျာ....(မှန်ပါ့) တန်ဘိုးများတဲ့ ဥစ္စာဖြင့် သူဘဲဆိုတော့ ခင်ဗျားတို့ တသက်လုံးမိုက်လာတာ ဒီရွှေနဲ့ဘဲကြည့်....(မှန်ပါ့ဘုရား)။

တသက်လုံး မလိမ်မာခဲ့နဲ့၊ အခု သိတဲ့အချိန် လိမ်မာလိုက်.... (မှန်ပါ့) အကုန်ပျောက်တယ်....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါကလဲ ဝတ္ထုသက်သေ သာဓကနဲ့တကွ အထောက်အထားတွေ တကာကြွယ်-သိပ်များပါတယ်၊ သို့သော်-ရှည်နေမှာစိုးလို့ ဒီနေ့ ဆုံးမလုံးများပြီးတော့ နှစ်လုံးထဲဘဲ တရားပါတယ် (မှန်ပါ့ဘုရား)။

တရားက နှစ်လုံးပါတယ်...ရှုတဲ့ပုဂ္ဂိုလ်မှာ ဝေဒနာနိရောဓါ- (တဏှာနိရောဓေါပါဘုရား) ဟော.... တဏှာနိရောဓေါဖြစ်တဲ့ မဂ်ပေါ်တယ်တဲ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) မရှုတဲ့ပုဂ္ဂိုလ်တော့ ဝေဒနာပစ္စယာ....(တဏှာပါဘုရား) ဟော....တဏှာဥပါဒါန်ကံ ဇာတိ ဇရာ မရဏ သွားပြီ- (မှန်ပါ့) ဒါကွာတယ်....(မှန်ပါ့ဘုရား)။

ရှုတဲ့ပုဂ္ဂိုလ်က သံသရာပြတ်တယ်....(မှန်ပါ့ဘုရား) မရှုတဲ့ပုဂ္ဂိုလ်က ..(သံသရာဆက်ပါတယ်ဘုရား) သံသရာဆက်တယ် ဆိုတာ ကဲ....အားလုံး တကာ တကာမတွေ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သံသရာဆက်တယ်ဆိုတဲ့ အသွားဟာလဲ တကာကြွယ်- သိပ်အရုပ်ဆိုးတယ်နော် . (ဆိုးပါတယ်ဘုရား) သံသရာဆက်တယ်ဆိုတာ ဘာတွေဆက်တာတုံးလို့ မေးတော့မှ အိုဘေး, နာဘေး, သေဘေး, အပါယ်ဘေး, မပြတ်သေးတာ....(မှန်ပါ့ဘုရား)။

သံသရာဆက်တယ်ဆိုတာ.... (အိုဘေး, နာဘေး, သေဘေး, အပါယ်ဘေး မပြတ်သေးတာပါဘုရား) သံသရာ ပြတ်တယ်ဆိုတာက အိုဘေး, နာဘေး, သေဘေး, အပါယ်ဘေးက လွတ်တာ (မှန်ပါ့) ကဲ....ဘယ်လောက်ခြားနားသလဲ.... (ခြားနားပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ ဒို့လုပ်လို့ရှိယင် ဘယ်ခရီး ပေါက်ဘယ်၊ ဒို့လုပ်လို့ရှိယင် ဘယ်ခရီးဆက်တယ်ဆိုတာ နှစ်လုံးရှင်းသွားပြီ.... (မှန်ပါ့ဘုရား)။

လုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ဝေဒနာနိရောဓါ.... (တဏှာနိရောဓေါပါ)တဏှာနိရောဓဆိုဘာ မဂ်ပေါ်တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

မဂ်ရတော့ ကိလေသာတွေကုန်တယ်၊ ကိလေသာ ကုန်သွားတော့၊ ကိလေသာကုန်တာလဲ တဏှာနိရောဓေါ နိဗ္ဗာန်ဘဲ .... (မှန်ပါ့) ဩော်....အလုပ်-လုပ်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရတယ် .... (မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ....မလုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ဒီဝေဒနာ တွေကတော့ ပေါ်မှာဘဲနော်....(မှန်ပါ့)ဝေဒနာပစ္စယာ (တဏှာပါဘုရား)တဏှာပစ္စယာ (ဥပါဒါနံ)ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါ)ကမ္မဘဝပစ္စယာ...(ဇာတိပါဘုရား)။

ဟောသွားပြီတဲ့ ဇာတိပေါင်း ဘယ်လောက်မှန်းမသိဘူး...

(မှန်ပါ့)ပဋိသန္ဓေနေရမည့်ဘဝပေါင်း ဘယ်လောက်မှန်းမသိဘူး တဲ့....(မှန်လှပါ)ဘယ်လောက် ကြောက်စရာ ကောင်းသတုံး ... (ကောင်းပါတယ်ဘုရား)။

ဒါဘယ်ပုဂ္ဂိုလ်မှာ ဆက်သွားသတုံး .... (မရှုတဲ့ပုဂ္ဂိုလ်မှာပါဘုရား)အလုပ်-မလုပ်တဲ့ ပုဂ္ဂိုလ်များ ဆက်သွားတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် အလုပ်·လုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒါတန်းထားလိုက်၊ ဒီမဂ္ဂင်သွင်းလိုက်၊ ဝေဒနာဒုပါတိုင်း ဖေါ်တိုင်းဟာ ဒါကလေး တွေ့ဟာ ရှိခဲသးသလား၊ ကြည့်လိုက်တဲ့အခါကျတော့ မရှိမှန်း မသိဘူးလား....(သိပါတယ်ဘုရား) မရှိတာက အနိစ္စပါ။ သိတာက.... (မဂ္ဂပါဘုရား)။

ဒီမဂ်ဝင်လိုက်တဲ့အတွက် ဒီအစဉ်ကြီးဟာ တန်းမလို့ - တန်းစဆုအဆက်အစပေါ်သေးရဲ့လား ... (မပေါ်ပါဘုရား)။

မပေါ်တဲ့အတွက် ဒီဘက်မှာ တဏှာချုပ်၊ ဥပဒါန်ချုပ်၊ ကံချုပ်ဘယ်....(မှန်ပါ့)ပေါ်ပလား...(ပေါ်ပါပြီဘုရား) ဘယ်သူက ချုပ်စေတာတုံး...(မဂ်ကချုပ်စေတာပါဘုရား)။

ဒါဖြင့် တပည့်တော်တို့ဟာ ဝေဒနာပဋ္ဌာယ တဏှာကိုဖြင့်ရပ်ပါပြီ...(မှန်ပါ့)ဝေဒနာနိရောဓါ၊ တဏှာနိရောဓေါနဲ့ဘဲ၊တပည့်တော်တို့ ကြိုးစားပါဒတဲ့မယ်ဆိုတဲ့ဥစ္စာ ကိုယ့်ကိုယ်သနားယင် ဆုံးဖြတ်ချက်ချ....(မှန်လှပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ...ဒီနေ့ ဒီတွင်တော်ကြဦးစို့....

သာဓု... သာဓု...သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
"ဝေဒနာသတ်ယင် တဏ္ဍာသေပုံ (၂)"

နေ့အလုပ်ပေးတရားတော်

၈- ၁၀- ၆၁

အားလုံး တကာတကာမတို့ တရားနာ ကြတယ် ဆိုတဲ့ ဥစ္စာ ဘယ်အကျိုးငှါ တရားနာကြသတုံးလို့ မေးလို့ရှိယင်ဖြင့် ဒုက္ခ ခပ်သိမ်းကင်းငြိမ်းဘို့ တရားနာတယ်လို့ စိတ်ထဲကမှတ်ရမယ် .... (မှန်ပါ့)တရားနာကြတာ ဘယ်အကျိုးငှါပါလိမ့် .... (ဒုက္ခခပ်သိမ်း ကင်းငြိမ်းဘို့ပါဘုရား)။

ဒုက္ခခပ်သိမ်း ကင်းငြိမ်းဘို့ တရားနာကြတယ်ဆိုလို့ရှိယင်ဖြင့် ဝိဝဋ္ဌ ကုသိုလ်ဖြစ်ပါတယ်.... (မှန်ပါ့) အဲဒီတော့ ဒီဒုက္ခခပ်သိမ်း ကင်းငြိမ်းဘို့ နာကြတယ်ဆိုတာသိတော့ တခါပြန်တွေး ဩော် ဒီဒုက္ခသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်ကများ လာပါလိမ့် မလဲလို့ ပြန်တွေးတဲ့အခါကျတော့ ဒုက္ခသစ္စာက အကျိုး သစ္စာ ဖြစ်နေတော့ ဩော်... ဒို့သည်ကားလို့ဆိုလို့ရှိယင်ဘုံဘဝလိုချင် ခန္ဓာလိုချင်တဲ့ တဏ္ဍာက လာတာကိုးလို့ ဆိုတာလဲ တွေးလုံး ထုတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာဘယ်က လာပါလိမ့်.... (ခန္ဓာလိုချင်တဲ့ တဏ္ဍာက လာပါတယ်ဘုရား)ဘုံဘဝနဲ့ခန္ဓာ လိုချင်တဲ့တဏ္ဍာကလာဘယ်.... (မှန်ပါ့ဘုရား)။

တကာကြွယ် ရှင်းပြီနော် .... (ရှင်းပါပြီဘုရား) အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ ဩော်... တရားနာရဘာ သည်ကား ဒုက္ခငြိမ်းချင်လို့၊ ဒုက္ခငြိမ်းချင်လို့ရှိယင် ဒီဒုက္ခဘယ် က လာသတုံးလို့ ဆက်တွေးပြန်တော့ တဏ္ဍာ ဥပါဒါန်တွေက လာပြီး သကာလ နေကြတယ်ဆိုတာလဲ သိကြပြီ .... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒီတဏ္ဍာတွေကို သတ်ဘို့ရာအရေး တကာတကာမတို့ နည်းယူဘာသည် တရားနာ အစစ်လို့မှတ်ပါ (မှန်ပါ့)ဒီတဏ္ဍာ သတ်ဘို့ နည်းယူပြီး သကာလ မှတ်သားနေကြတာသည် တရား နာတာ အစစ်လို့မှတ်ပါ (မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ ဒုက္ခ ပေးလေ သမျှ တဏ္ဍာလောဘကဆိုတာသိပြီ... (မှန်ပါ့) တဏ္ဍာ လောဘကလဲ သူသည် ယခုအခါမှာ ဘယ်မှာနေပါလိမ့်မလဲလို့ တကာတကာ မတွေက အမြစ်အရင်းရှာလိုက်တာပေါ့(မှန်ပါ့ဘုရား)။

တဏ္ဍာလောဘ အမြစ်အရင်း ရှာလိုက်တဲ့အခါ ကျလို့ရှိယင် ဖြင့် မိမိခန္ဓာမှာ ခင်နေတယ်လို့မှတ်ပါ.... (မှန်ပါ့ဘုရား)။

တဏ္ဍာလောဘသည် ဘယ်မှာခင်တွယ်နေပါလိမ့်...(မိမိခန္ဓာ မှာ ခင်တွယ်နေပါတယ်ဘုရား) မိမိခန္ဓာမှာ ခင်တွယ်နေတယ်လို့ ဘုန်းကြီးတို့ တကာတကာမတွေကမှတ်ပါ (မှန်လှပါဘုရား)။

မိမိခန္ဓာမှာလည်း အတွယ်တာဆုံး ဘယ်ဟာတုံးလို့ တခါ ဝေဘန်ဦး... (မှန်လှပါဘုရား) မိမိခန္ဓာမှာလည်း အတွယ်တာဆုံး ဘယ်ဟာတုံးလို့ ဝေဘန်သိုက်ဘဲ့ အခါကျတော့ ခန္ဓာဒုက္ခ စားချင်တယ်... (မှန်ပါဘုရား)။

ခန္ဓာတည်းမှာ ဆင်းရဲတာကို မစားရမည့်၊ မသောက်ရမည့် ဆင်းရဲတွေကို ဆင်းရဲတဲ့ ဝေဒနာကြောင့် ဒီတရာဖြစ်တာ .... (မှန်ပါဘုရား)။

ချမ်းသာသည်ထက် ချမ်းသာခြင်းကို အလိုရှိသောကြောင့်လဲ ဒီတရာဖြစ်တယ်....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား) လူဘန်းစေ့နေချင်သောကြောင့်လဲ... တဲ့၊ ဒီတရာဖြစ်တယ်.... (မှန်လှပါဘုရား)။

ဒါဖြင့်.... တကာ တကာမတို့ တရာဟာ ဝေဒနာသုံးပါး ကြောင့်ဖြစ်တာ... (မှန်ပါ) ဝေဒနာသုံးပါးကြောင့်ဖြစ်တယ်လို့ မှတ်ထားလိုက်တော့မှ ဩော်.... ဒါဖြင့် ဝေဒနာသတ်ယင် တရာပြတ်မှာဘဲ (မှန်ပါဘုရား)။

ဝေဒနာသတ်ယင်.... (တရာပြတ်မှာပါဘုရား) တရာ ပြတ်လိမ့်မယ်ဆိုတာ တကာကြွယ်တို့- တကာသစ်တို့- ဦးမာဒင်တို့- ဦးသန်းမောင်တို့ သိရောပေါ့ဗျာ ... (သိပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့က တကာ တကာမတွေ့ တဆုံးနာဘာ ဒုက္ခသစ္စာ ချုပ်ချင်လို့၊ ဒုက္ခသစ္စာသည် သမုဒယသစ္စာကြောင့် ဖြစ်တယ်၊ သမုဒယသစ္စာသည် ဘယ်ကသာတုံး.... ဝေဒနာက လာတယ်... (မှန်ပါဘုရား) ဆိုဘော့ လက်သည်အခကြောင်းတွေ့ ပါပြီ....(တွေ့ပါပြီဘုရား)။

ဒုက္ခသစ္စာ ဘယ်ကလာတာတုံး .... (တဏှာက လာပါတယ်ဘုရား) တဏှာ သမုဒယကလာတယ်...(မှန်ပါ့) တဏှာသမုဒယသည် ဘယ်ကလာတာတုံးမေးပြန်တော့...(ခန္ဓာက လာပါတယ်ဘုရား)။

ခန္ဓာငါးပါးရှိရာတွင် ဘယ်ခန္ဓာက အကြီးဆုံး လာသတုံး မေးပြန်တော့....(ဝေဒနာက္ခန္ဓာက လာပါတယ်ဘုရား)။

ဒါကလေးဟာ အင်မတန် အရေးကြီးတဲ့အမှုက်လို့ ဘုန်းကြီးတို့ တကာ တကာမတွေ့ မှတ်ထားစမ်းပါ....(မှန်ပါ့ဘုရား)။

ပြန်မေးပါဦးမယ်. တကာ တကာမတို့နော် (မှန်ပါ့) ခန္ဓာကိုယ်ကြီးမှာ ဘဝတိုင်း အိုဘေး, နာဘေး, သေဘေးတွေ့ သင့်တယ်....(မှန်ပါ့ဘုရား ။

ဘယ်နှယ်ကြောင့် ဒီခန္ဓာကိုယ်ကြီးဟာ ဘဝတိုင်း အိုဘေး, နာဘေး, သေဘေးတွေ့ သင့်ရပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့် တပည့်တော်တို့ ဘုံဘဝခင်တွယ်တဲ့ တဏှာကြောင့်ဘဲ.... (မှန်ပါ့) ဆိုနိုင်ကြပလား (ဆိုနိုင်ပါတယ်ဘုရား)။

ဒီတဏှာသည် ယခု သူ ဘယ်မှာနေပါလိမ့်မလဲလို့ မေးတော့ လက်ရှိခန္ဓာမှာနေတယ်....(မှန်ပါ့ဘုရား) ဘယ်မှာနေပါလိမ့်....(လက်ရှိခန္ဓာမှာ နေပါတယ်ဘုရား)။

လက်ရှိ ခန္ဓာငါးပါးမှာလဲ သူ အများဆုံး ဘယ်နေရာမှာ သူသည်ကား...လို့ ဆိုလို့ရှိယင် တွယ်တာနှစ်သက်ပြီးသကာသ နေပါလိမ့်မလဲလို့ တခါတွေးဦး...(ဝေဒနာက္ခန္ဓာမှာပါဘုရား) ဝေဒနာက္ခန္ဓာမှာနေတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်မှာနေပါလိမ့်.... (ဝေဒနာကွန္ဒာမှာ နေပါတယ်ဘုရား) ဦးမာဒင်တို့-ဦးသန်းမောင်တို့ မှတ်ပါဒနာ်....(မှန်ပါ့) ဦးဘထွေးတို့မှတ်-သေသေချာချာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာထဲမှာ ဝေဒနာရှိတယ်....(ရှိပါတယ်ဘုရား)ခန္ဓာထဲမှာ စိတ်ချမ်းသာ လက်ချမ်းသာ နေချင်တယ်ဘုရာ့-ဆိုတော့ သုခဝေဒနာကို သူသဘောကျတယ်....(မှန်ပါ့ဘုရား)။

မကျန်းမမာ မချမ်းသာနဲ့ဖြင့် မနေချင်ပါဘူးဘုရား-ဆိုတော့ ဒုက္ခဝေဒနာကို သူကြောက်တယ်... (ကြောက်ပါတယ်ဘုရား) တပည့်တော်တို့သည်ကားလို့ ဆိုယင်ဖြင့် မျက်စို့, နား,နှာခေါင်း, အင်္ဂါကြီးငယ်တွေ ရှိကြပါတယ်ဘုရား၊ ဒါတွေကလဲ မြင်ချင်-ကြားချင်ကြတယ်ဘုရာ့၊ စားချင်ကြတယ်ဘုရာ့- ဆိုလို့ ရှိယင်လဲ ဥစ္ဆာဝေဒနာကြောင့်ဘဲ... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာသစ်ရေ... ဒီတဏှာ ဘယ်ကလာပါလိမ့်မလဲ... (ဝေဒနာက လာပါတယ်ဘုရား) ဝေဒနာက လာတဲ့တဏှာ၊ ဒီတဏှာသည် ကျုပ်တို့- ခင်ဗျားတို့ကသာ လက်ခံမှုကြီး ရှိနေကြမယ် ဆိုလို့ ရှိယင်ဖြင့် တဏှာဟာ သမုဒယသစ္စာ ဖြစ်သောကြောင့် ဒုက္ခသစ္စာနဲ့ဘဲ ခင်ဗျားတို့ အချိန်ကုန်ရတော့မယ်.... (မှန်ပါ့ဘုရား)

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ သေသေချာချာ ဩော်....တဏှာသတ်ချင်ယင် တဏှာကိုမသတ်နဲ့၊ဝေဒနာကို သာ်ပါ့(မှန်ပါ့) တဏှာသေစေချင်ယင် ဝေဒနာကိုရှုပါ့(မှန်ပါ့ဘုရား)။

တဏှာသေစေချင်ယင်....(ဝေဒနာကို ရှုရပါ့မယ်ဘုရား)။
တော်တော်အရေးကြီးတယ်နော်....(မှန်ပါ့) ဦးမာဒင်-တဏှာသေစေချင်ယင် တဏှာရှုရမှာလား၊ဘဏှာ့ရေသောက်မြစ် ဖြတ်ရမှာသား (တဏှာ့ရေသောက်မြစ် ဖြတ်ရမှာပါဘုရား) အင်း.... ဘာတွေ့ပြပါလိမ့်....(ဝေဒနာတွေ့ပါတယ်ဘုရား)။

မှတ်ကြပါ...မှတ်ကြပါဘကာတကာမတို့- ချော်....ဝေဒနာတွေ့ပါတယ်၊ တဏှာ၏ရေသောက်မြစ် ဝေဒနာပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေဒနာပစ္စယာ တဏှာလို့ဟောတာ (မှန်ပါ့ ဝေဒနာ ပစ္စယာ= ဝေဒနာတည်းဟူသော အကြောင်းကြောင့်၊ တဏှာ = တဏှာသည်၊ ဥပဒ္ဓတိ=ဖြစ်၏...တဲ့ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ချော်....ဒီတဏှာသည်ကား....လို့ဆိုယင် တကာ တကာမတို့ ဝေဒနာကြောင့်ဖြစ်ဘာတဲ့....(မှန်ပါ့) ဒါဖြင့် တဏှာသေယင် နိဗ္ဗာန်ရောက်ပါတယ်ဆိုသဖြင့် တဏှာ့ရေသောက်မြစ်ကို မဖြတ်လို့ရှိယင် တဏှာပြတ်ပါ့မလား...(မပြတ်ပါဘုရား)။

အဲဒါကြောင့် ဦးမာဒင်-သေသေချာချာမှတ်စမ်းပါ၊ဒဝေဒနာရှုလိုက်ယင် တဏှာပြတ်ဘယ်....(မှန်ပါဘုရား)။

ဝေဒနာဖြစ်ပျက် မြင်လိုက်လို့ရှိယင်.... (တဏှာပြတ်ပါတယ်ဘုရား)တဏှာပြတ်တယ်လို့ဆိုတာ မှတ်ထားဒတာ့မှ ဒါ့ကြောင့် တကာ တကာမတွေ့ ဝေဒနာကို ဖြစ်ပျက်မြင်မှ(ဝါ)အနိစ္စမြင်မှ

(၀၇) ခယဝယမြင်မှ၊ ကုန်တာပျောက်တာမြင်မှ .... (မှန်ပါ့) မြင်တဲ့ဉာဏ်ကလေးဝင်ပါမှ တဏှာသေတယ်လို့ မှတ်လိုက်စမ်းပါ... (မှန်ပါ့ဘုရား)။

ဝေဒနာတို့၏ ကုန်တာ ပျောက်တာကို မြင်တဲ့ဉာဏ်ဝင်လာမှ တဏှာသေတယ်....(မှန်ပါ့) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

ဒါဘာကိုဟောချင်လို့လဲလို့မေးတဲ့အခါကျမှ တကာကြွယ်သတိထားနားထောင်ပါ....(မှန်ပါ့ဘုရား)။

သိကြားမင်းကြီးက တာဝတိံသာ နတ်ပြည်မှာ နတ်ဥယျာဉ်ပျော်ပါးမယ်လို့ ရောဝဏ်ဆင်ကြီး စီးပြီးသကာလ နတ်သမီး, နတ်သားတွေနဲ့ ဥယျာဉ်ထွက်လာတယ်(မှန်ပါ့) ဥယျာဉ်ပေါက်ရောက်ခါရှိသေးတယ်၊ သူ့စိတ်ထဲမှာ စိတ်ကူးတခုပေါ်ပါတယ်-(မှန်ပါဘုရား)

ဘာအတွေးတခု ပေါ်သတုံး....လို့ မေးတဲ့အခါကျတော့မှ လောကကြီးမှာ ဆင်းရဲလေသမျှ တဏှာကဘဲ....(မှန်ပါ့)လောကကြီးမှာ ဆင်းရဲပေးတဲ့လက်သည်ရှာလို့ရှိယင် တဏှာက ပေးတာချည်းမှတ်ပါ....(မှန်ပါ့ဘုရား)။

လောကကြီးမှာ ဘယ်သူဆင်းရဲနေသတဲ့ ဆိုလို့ရှိယင် ဘယ့်နှယ်ပြောကြမလဲ....(တဏှာက ပေးတာပါဘုရား) ဩော်.... တဏှာကပေးတဲ့ ဆင်းရဲဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

မယုံယင် စဉ်းစားကြည့်ပါ တကာ တကာမတို့... သူများထက်ချမ်းသာချင်ယင် သူများထက် ပိုပြီး အဆင်းရဲခံရလိမ့်မယ်... (မှန်ပါ့ဘုရား)။

သူများထက် ချမ်းသာချင်တာက တဏှာ... (မှန်ပါ့ဘုရား) သူများထက်ပိုဆင်းရဲတာက ဒုက္ခ... (မှန်ပါ့) အဲဒီ သူများထက် ပိုပြီး ဆင်းရဲရတဲ့ဒုက္ခကို ဘယ်သူပေးတာတုံး... (တဏှာက ပေးတာပါဘုရား) သူများထက် ပိုချမ်းသာချင်တဲ့ တဏှာကပေးတာ (မှန်ပါ့ဘုရား)။

တကာ တကာမတွေကလဲ ဆွမ်းတော်တင်တာက သူများထက် သာချင်တယ်....(မှန်ပါ့) သူများထက်သာပြီး ချမ်းသာချင်လို့ ရှိယင် သူများထက် တကာ တကာမတို့ တဏှာပိုတယ်လို့ ဆိုလိုက်...(မှန်ပါ့ဘုရား)

တဏှာပိုလို့ ရှိယင်ဖြင့် သူများထက် ပိုဆင်းရဲခံရမယ်ဆိုတာလဲ ကေန်ဘဲ (ကေန်ပါဘုရား) တကာကြွယ် ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

သူများထက် ပိုပြီးသကာလ ချမ်းသာခြင်းကို အလိုရှိတဲ့၊ တဏှာများတဲ့ပုဂ္ဂိုလ်သည် သူများထက် ပိုမိုပြီးသကာလ အရင်းအနှီးများရမယ်၊ အလုပ်အကိုင်ပိုရမယ်၊ အလုပ်အများကြီး လုပ်ရမယ်၊ မိတ်ဆွေအများကြီးဖွဲ့ရမယ်၊ တကာ တကာမတို့ ဟိုပို့ ဒီပို့ အများကြီးပို့ရမယ်(မှန်ပါ့ဘုရား)။

ဒါ သူများထက်ချမ်းသာခြင်းကို အလိုရှိတဲ့ တဏှာများလို့ ဆင်းရဲခြင်းများတယ်လို့ မှတ်လိုက်ပါ...(မှန်ပါ့ဘုရား)။

ဦးမာဒင်-ရိပ်မိပလား-(ရိပ်မိပါပြီဘုရား) ဦးသန်းမောင်ကော ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)ဆင်းရဲခြင်းများတာသည် ကိုယ့် တဏှာများလို့ ဆင်းရဲခြင်းများတာ....(မှန်ပါ့ဘုရား)။

သို့သော်....ခင်ဗျားတို့ တကာ တကာမတွေ့ကတော့ ဘယ်သူ ဟာဖြင့် တော်လိုက်တာ၊ ငဲ့ထားစရာမရှိလောက်အောင် ပေါ်တယ်၊ ဆင်းရဲခြင်းများတာတော့ သွားမကြည့်ဘူး.... (မှန်ပါ့ဘုရား)။

သူက ဘယ့်နှယ်ကြောင့် ဆင်းရဲခြင်းများရပါလိမ့်မတုံးဆိုပြန် တော့လဲ သူများထက် ချမ်းသာချင်တဲ့ တဏှာကြောင့် သူ့မှာ ဆင်းရဲခြင်းတွေ ဘယ့်နှယ်ဖြစ်ရသတုံး... (များပါတယ်ဘုရား)။

အဲဒီဆင်းရဲခြင်းများတာကိုပင်လျှင် တကာကြွယ်တို့လူစုတွေကလဲ အားကျနေတယ်....(ကျပါတယ်ဘုရား) ဘယ်လို အားကျသတုံးလို့ မေးတော့ ဒီအခြေအနေမျိုး ဘယ်တော့ ရောက်ပါ့မတုံး... (မှန်လှပါ)။

ဩော်.... တကာ တကာမတို့ ဒီအခြေအနေမျိုး ဘယ်တော့ ရောက်ပါ့မတုံးဆိုတာ ဒီဆင်းရဲကြီး ဘယ်တော့ရပါ့မလဲ.... (မှန်လှပါ) ဒါဥာဏ်နဲ့တွေး....(မှန်ပါ့ဘုရား)။

ဥာဏ်နဲ့တွေးလိုက်တော့ ဘယ့်နှယ်တုံး....(ဒီဆင်းရဲကြီး ဘယ် တော့ရပါ့မလဲဘုရား)။

ဒါရှိတဲ့လူကို မရှိတဲ့လူက တွေးလုံးက တကာသစ်... ဒါမျိုး မလဲဘူး... (မလဲပါဘုရား) ဩော်... သူတို့အခြေအနေမျိုး ဘယ် တော့ ရောက်ပါ့မတုံးလို့ ဆိုတဲ့ဥစ္စာ ဆင်းရဲကြီးသမားကို တကာ ကြွယ်-အားကျတယ်....(ကျပါတယ်ဘုရား)။

သူတို့အခြေမျိုး ဘယ်တော့ရောက်ပါ့မတုံး.... ကျုပ်တို့ဖြင့် ဒီ ဘဝမှာ ရောက်မှ ရောက်နိုင်ပါ့မလား၊ ဒီလိုမျှးတွေးလိုက်သေး တယ်... (မှန်ပါ့ဘုရား)။

ဒီဆင်းရဲကြီး ကျုပ်ဖြင့် ရင်မှဆိုင်ရပါ့မလား....(မှန်ပါ့ဘုရား) ဘာဖြစ်ကြတာတုံး၊ ဦးမာဒင်-ဒီဥစ္စာ ဘာတုံးဗျ- ပြောကြစမ်း ပါဦး.... ဒီဆင်းရဲကြီး ရင်မှဆိုင်ရပါ့မလားလို့ သေသေချာချာ အဓိပ္ပါယ်ကတော့ တကာကြွယ်-ဒီရောက်တယ်....(ရောက်ပါတယ် ဘုရား)။

သို့သော် မသိတဲ့ပုဂ္ဂိုလ်တွေကတော့ ဒါချမ်းသာတယ် ထင်နေကြလို့ သြော်....သူတို့မှာဖြင့် သညာဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ ဆိုတဲ့၊ အရူးသုံးချက်က အုပ်ချုပ် နေလို့ ဒီဆင်းရဲကြီးမျိုး ဘယ်တော့ ရပါ့မတုံးလို့ ပြောတာ.... (မှန်ပါ့ ဘုရား)ရှင်းကြပလား...(ရှင်းပါပြီ ဘုရား)။

ဒီဆင်းရဲကြီးမျိုး ဘယ်တော့ရပါ့မလဲဆိုတဲ့ ပုဂ္ဂိုလ်ဟာအရူး လို့မှတ်ပါ...(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(အရူးလို့ ပါဘုရား)တကာကြွယ်တို့လဲ နဂိုရ်က တော်တော်ရူးခဲ့တယ်နော်....(ရူးခဲ့ပါဘယ်ဘုရား) တော်တော်ရူးခဲ့တယ်၊ ဦးမာဒင်တို့ အရူးကြီးတွေဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

သူများလာကြည့်၊ တိုက်တွေ တာတွေနဲ့ နိုင်ငံခြားသားတွေမှာ တစက္ကန့်ဘယ်လောက် ဝင်ငွေရှိတယ် ဆိုတာတွေ ကြားဘူးရတော့ အင်း....ဒီအခြေအနေများ ဘယ်တော့ ရောက်ပါ့မတုံး၊ ရောက်နိုင်မယ်တောင်မထင်ဘူး....(မှန်လှပါဘုရား)။

ဝမ်းများတောင် နည်းလိုက်သေးတယ်....(မှန်ပါ့) ဒီဒုက္ခကြီး ကိုယ့်ဆီမရောက်မှာစိုးလို့ ဝမ်းများတောင် နည်းလိုက်သေးတယ်

(မှန်ပါ့)ဒါလောက်ထိအောင် ဖေါက်ပြန်ပါတယ်ဆိုတဲ့ ဥစ္စာကို ဦးလှဘူး သိခဲလောက်ပါပြီ ... (သိလောက်ပါပြီဘုရား)မသိကြသေးဘူးလား (သိကြပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီဥစ္စာ တကာတကာမတို့ လူ့ပြည်မှာဆင်းရဲသေတော့ အပါယ်ဆိုတော့ ဦးမာဒင် အမြတ်ပြောစမ်း (မရှိပါဘုရား)။

ဦးသန်းမောင် အမြတ်ပြောစမ်းပါ ... (အမြတ်မရှိပါဘုရား) အမြတ်မရှိဘူးနော်....(မရှိပါဘုရား)။

လူ့ပြည်မှာ ဆင်းရဲခဲလေတော့ အပါယ်သွားရတယ် ဆိုတော့ ဒါဘဲခင်ဗျားတို့ ဒုက္ခရောက်ဘို့ ကြိုးစားနေကြတယ်ဆိုတာပေါ့ ကြပလား....(ပေါ်ပါပြီဘုရား)။

အားလုံး တကာတကာမတွေ အဲဒါတွေ ဘုန်းကြီး မျှားကဖွင့်ဟပြီး သကာလ အကျယ်တဝင့် မဟပြောဘူး၊ ပဋိစ္စသမုပ္ပါဒ်အခြောင်းအကျိုး ဆက်မပြဘူးဆိုယင် အလွန်အားကျတဲ့အလုပ်ပါလား(မှန်ပါ့) အလွန်အားကျတဲ့ အလုပ်ဆိုယင် လဲပါ့မလား၊ (မလဲပါဘုရား)တယ်လဲဆိုးပါကလား(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ဘုရားလဲမပွင့် သာသနာနဲ့ကုံလို့ ဘုရားဟောသည့် အတိုင်း ဟောပြော နည်းပေးကောင်းနဲ့ မကုံလို့ ရှိယင်ဖြင့်လဲ တရားတပဲ့လုံး တွေ့ကြတာပေါ့ ဆင်းရဲချည့်တောင့်တမည့်ပုဂ္ဂိုလ်ကြီးဘဲလို့ ဆုံးဖြတ်ချက်ချ ...(မှန်ပါ့ဘုရား ။

ဘာတောင့်တကြမတုံး (ဆင်းရဲချည့်တောင့်တကြ ပါမယ်ဘုရား)တကာကြွယ်ယုံရဲ့လား.... (ယုံပါတယ်ဘုရား) ဘုရားလဲ

မရှိတော့ဘူး၊ ဘုန်းကြီးတို့၊ ဘုရား အမွေခံပြီး ဟောတဲ့ ပုဂ္ဂိုလ် တွေလဲမရှိကြတော့ဘူးဆိုယင် ကျန်တဲ့ပုဂ္ဂိုလ်တွေက ဘာတွေမျှား တောင့်တကြပြီး သာကာလ သူတို့စိတ်ထဲမှာ နေကြလိမ့်မလဲလို့ တရားတပဲ့လုံးတွေးယင် ဘာကိုတောင့်တနေကြမယ်ထင်သတုံး .... (ဆင်းရဲချည့်တောင့်တမှာပါဘုရား)။

ကဲ....ပေါ်ပြီ .... (မှန်ပါ့)ဘာတွေတောင့်တနေကြမလဲ .... (ဆင်းရဲချည့် တောင်းဘနေမှာပါ?) တကာကြွယ် ဟုတ်ပလား.... (ဟုတ်ပါတယ်ဘုရား)။

သူတို့မှာ အမှတ်မှားဆိုတဲ့ သညာဝိပ္ပလ္လာသ၊ အသိမှားဆိုတဲ့ စိတ္တဝိပ္ပလ္လာသ၊ အယူကိုက မှားနေပြီဆိုတဲ့ ဒိဋ္ဌိ ဝိပ္ပလ္လာသ တွေ လွှမ်းမိုးဖုံးအုပ်နေကြတယ် (မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဘကာတာဘဝတွေ မြင်လဲမမြင်ဘူး ရှုလဲ မရှုဘဘ်ဘူး ဆိုယင်ဖြင့် ဦးမဒင်တို့ ဦးသန်းမောင်တို့ ဒီတဏှာသေပါ့မလား ...(မသေပါဘုရား)မသေယင် သူ့ကိုဒုက္ခ ပေးတော့မယ်....(မှန်ပါ့)တဏှာမသယင် ဒုက္ခပေးတော့မယ်.... (မှန်ပါ့)မပေးဘူးသား ...(ပေးပါတယ်ဘုရား)။

ဆင်းရဲဘယ်ကလာသတုံး၊ တဏှာကလာတယ်၊ တဏှာဘယ် ကလာသတုံး၊ ဝေဒနာကလာတယ်၊ သဘောကျပလား .... (ကျေပါပြီဘုရား)ဒါဖြင့် ဝေဒနာနဲ့တဏှာကြောင်းကို ကျုပ်တို့မင် ဝင်ကြစို့....(မှန်လှပါဘုရား)သဘောကျပသား .... (ကျေပါပြီ ဘုရား)။

အလုပ်ပေးတော့မယ်၊ တကာ တကာမတို့ ဘယ်ကြားမှာ မင်ဝင်ရမလဲ .... (ဝေဒနာနဲ့ တဏှာကြားမှာ မင်ဝင်ရပါ့မယ် ဘုရား)။

သြော်....ဒါကြောင့် ဘုန်းကြီး- ကြီးကြီး ကျယ်ကျယ် ပြော တယ်လို့ ဦးသန်းမောင်တို့၊ ဦးဘထွေးတို့က မဆိုနဲ့ပေါ့ဗျာ.... (မှန်ပါ့ဘုရား)ဘုရားဖြစ်တဲ့နေရာဟာ စင်စစ်တော့ဗေဒါဓိပင်နဲ့ ရှေပလ္လင်မှာ မဟုတ်ပါဘူး၊ ဗေဒနာနဲ့တဏှာကြားမှာ သဗ္ဗညုတ ဉာဏ် ရပါတယ်....(မှန်ပါ့ဘုရား)။

ဘုရားဖြစ်တဲ့နေရာ ပေါ်ပလား....(ပေါ်ပါပြီဘုရား) သြော် ဘုရားဖြစ်တဲ့နေရာ ခင်ဗျားတို့က ဗေဒါဓိပင်နဲ့ ရှေပလ္လင်မှာဘုရား ဖြစ်ဘယ်လို့ ပြောကြတာက အမြင်ဌာနကို ပြောဘာပါ(မှန်ပါ့ဘုရား)။

တကယ်အတ္ထုပ္ပတ္တိကျကျ ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ ပိုင်းခြားပြီး ပြောကြ ပါစို့ဆိုတော့ ဗေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်လို့ ဒီနေရာ မှာ သဗ္ဗညုတဉာဏ်တော် ရပါတယ် .... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားဖြစ်တာ ဘယ်နေရာပါလိမ့်(ဗေဒနာနဲ့တဏှာ ကြားမှာပါဘုရား)အဲဒီမှာ ဗေဒါဓိပင်နဲ့ ရှေပလ္လင်ရှိတယ်၊ ဗေဒ နာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တာကိုး (မှန်ပါ့ဘုရား)။

ဒါခင်ဗျားတို့က အိန္ဒိယသွားပြီး ဘုရားဖြစ်တဲ့ နေရာသွားရ ဦးမယ်.... (မှန်ပါ့) မသွားရဘူးလို့ ဘုန်းကြီးတို့က မဆိုပါဘူး ဟိုမှာက အထည်ဘုရားပါ။ သန္တာန်တော်ဘုရားပါ။တကယ်ဉာဏ် တော်ဘုရား ခန္ဓာပဋ္ဌိစ္စ သမုပ္ပါဒ်ဖြတ်တဲ့ ဘုရားက ဗေဒနာနဲ့ တဏှာကြားမှာ သဗ္ဗညုတဉာဏ်တော်ဝင်လာတယ်(မှန်ပါ့)။

ဘုရားဖြစ်တဲ့နေရာအစစ်ကို သိပလား .... (သိပါပြီဘုရား) ဗေဒနာနဲ့ တဏှာကြားမှာ သဗ္ဗညုတ ဉာဏ်တော် ပေါ်တာကို ဆိုပါတယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ကဿပမြတ်စွာဘုရားကျတော့ ဘယ်နေရာဖြစ်ပါလိမ့်မတုံးလို့ အိန္ဒိယမှာဘဲလား၊ ဒို့ပြင်နေရာမှာဘဲလားလို့ မေးစရာတွေ ရှိချင်ရှိနေလိမ့်မယ်....(မှန်ပါ့ဘုရာ)

အခုဟာတော့ မေးစရာ မလိုတော့ဘူး။ မည်သည့် မြတ်စွာဘုရားမဆို ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)

ခင်ဗျားတို့အားလုံး တရားတပွဲလုံး တကာ တကာမတွေလဲ သောတာပန်ဖြစ်ချင်ယင်လဲ ဝေဒနာနဲ့ တဏှာကြားမှာ ဖြစ်ရမယ်....(မှန်ပါ့ဘုရား)။

သကဒါဂါမ် ဖြစ်ချင်ယင်လဲ .... (ဝေဒနာနဲ့တဏှာကြားမှာ ဖြစ်ရမယ်)သဘောကျပလား.... (ကျပါပြီဘုရား) တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အားလုံး တကာတကာမတွေ ဒီနေ့ဟောမည့် တရားသည် ဒို့သောတာပန် ဖြစ်ရမည့်နေရာ၊ ဒို့ဒီနေရာမှ တပါး တခြားသောနေရာမှာ သောတာပန် ဖြစ်စရာမရှိဘူး .... (မှန်ပါ့ဘုရား)။

ဒီကြားမှာ ဒို့မက်အစစ် ဝင်လိုက်ရလို့ရှိယင် ဒီနေရာမှာ ဒို့သောတာပန်ဖြစ်နိုင်တယ်- တရားဟော နေတုန်းဘဲ ဝေဒနာနဲ့ တဏှာကြားမှာ ဝေဒနာ ဖြစ်ပျက်မြင်လို့ တဏှာချုပ်သွားလို့ ရှိယင် ဒီနေရာမှာ သောတာပန်တည်မှာဘဲ .... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဂင်္ဂါဝါဋ္ဌု သဲစုမက ပွင့်တော်မူတဲ့ မြတ်စွာဘုရားတွေ ဘယ်နေရာမှာများ ဘုရားဖြစ်သွားကြပါလိမ့် ... (ဝေဒနာနဲ့ တဏှာကြားမှာပါဘုရား)။

အဲဒါ သေသေချာချာမှတ်ပါ....(မှန်ပါ့) ဒီတကာ တကာမတွေ့လဲ သောတာပန် သကာဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ချင်ကြလို့ရှိယင် ဒီ့ပြင်နေရာ မဖြစ်ပါဘူး (မှန်ပါ့ဘုရား)။

ခန္ဓာထဲမှာ ဝေဒနာပေါ်တယ်၊ ဝေဒနာပေါ်လာတဲ့ အခါ စာကာတကာမတို့က ဖြတ်ကာနဲ့ဖြစ်ပျက်ကို ရှုချပါ .... (မှန်ပါ့ဘုရား)။

ဖြတ်ကနဲ့ ဖြစ်ပျက် ရှုချလိုက်တဲ့ အခါကျတော့ နောက်က စာဏ္ဍာလုံးလုံး သေသွားတဲ့ အခါကျလို့ ရှိယင်ဖြင့် ဩဿ် .... ဝေဒနာနောက်ကနေပြီးသကာလ တဏှာမဖြစ်ခင် သောဘာပန် တည်ဘယ်၊ သကဒါဂါမ်တည်တယ်၊ ရဟန္တာ ဖြစ်တယ်ဆိုတာ ဒီတနေ့ဆာဘဲရှိတယ် (မှန်ပါ့ဘုရား)။

ဒါကြောင့် ခင်ဗျားတို့၊ ခင်ဗျားတို့ ဘာမှ မပူကြနဲ့ တကာတကာမတို့ ဝေဒနာနောက်က မင်္ဂလာလိုက်နိုင်အောင် လုပ်စမ်းပါ... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီ့ပြင်တရားနာထားတဲ့၊ ဟိုတိုက်ထဲမှာနဲ့လည်း ပြောထားတဲ့စိတ်တော့ အချခိုင်းတော့ အဲဒီအထဲမှာလဲ ဝေဒနာပါလျက်ချည်းမှတ်လိုက်(မှန်ပါ့)ဒီအထဲကော့ ဝေဒနာ ပါလျက်ချည်းဘဲ ...(မှန်ပါ့)ရှင်းပလား .... (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဘာမှမပူဘဲနဲ့ စိတ်ရှုဟဲ့ ပုဂ္ဂိုလ်ကလဲ ဝေဒနာပါလို့ စိတ်နောက်က တဏှာမလာဘဲ နေမှာဘဲ.... (မှန်ပါ့)ဝေဒနာနောက်ကလဲ....(တဏှာမလာဘဲနေမှာပါဘုရား) တဏှာမလာတဲ့ နေရာဘဲ ရှုတဲ့မင်္ဂလာဝင်ပစေ.... (မှန်ပါ့ဘုရား)။

ဒါကြောင့် စိတ္တာနုပဿနာရှုလဲ နိဗ္ဗာန်ရောက်တယ် ဆိုတာ ဝေဒနာပါနေလို့ ... (မှန်ပါ့)ဝေဒနာ နုပဿနာရှုလဲ သောတာပန် သကဒါဂါမ် အနာဂါမ်တည်ပြီး နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတဲ့ဥစ္စာလဲ ဝေဒနာမို့ စိတ်နဲ့ဝေဒနာဟာ သမ္မယုတ္တဓမ္မ ... (မှန်ပါ့ဘုရား)။

သမ္မယုတ္တဓမ္မဆိုတာက တကာ တကာမတို့ မသိဘဲနေမှာစိုးတယ်၊ မီးနဲ့အလင်းဟာ တကာတကာမတို့ မီးနည်းနည်းကလေး ခြစ်လိုက်တဲ့အခါ နည်းနည်းကလေးပူအဲ့မီးဟာ နည်းနည်းလင်းတာဘဲ....(မှန်ပါ့ဘုရား)။

မျှားမျှားမီးခဲကြီးယင်.... (မျှားမျှားလင်းပါတယ်ဘုရား) ဒီထက်ပိုမိုကြီးယင်....(ဒီထက် ပိုမိုလင်းပါတယ်ဘုရား)။

ဒါဖြင့် မီးနဲ့အလင်းဟာ တကာသစ်· ဘယ်သူ အယင်ဖြစ်သတုံး ဆမ်းလို့ ရှိယင် ဘယ့်နှယ်ဖြေပါ့မလဲ....(တပြိုင်နက်ဘဲဘုရား)။

ဦးမာဒင်- ဘယ့်နှယ်ဆိုပါ့မလဲ ...(တပြိုင်နက်တည်း လင်းပါတယ်ဘုရား) ဦးသန်းမောင်တို့ကော (တပြိုင်နက်တည်း လင်းပါတယ်ဘုရား) ဦးဘထွး·ဘယ်လိုပါလိမ့် ... (တပြိုင်နက်တည်း လင်းပါတယ်ဘုရား)။

ကဲ ... ဝေဒနာနဲ့ စိတ်နဲ့ဟာလဲ တပြိုင်နက်ဖြစ်တယ်၊ ကြိုက်တာရှု ...(မှန်ပါ့ဘုရား)ကြိုက်ဘာရှုပါ၊ တပည့်တော်က ဝေဒနာမြင်ပါတယ်ဘုရား-ဆိုယင် ဝေဒနာရှု....

တပည့်တော်ကတော့ ဘုန်းကြီးပေးထားတဲ့ စိတ်ဘဲ ကျေနပ်ပါတယ်ဘုရား-ဆိုလို့ရှိယင် စိတ်ကို ရှုနေတာကျေနပ်တယ်ဆိုလဲ အတူတူဘဲ....(မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း ဒါဖြင့် တကာ တကာမတို့ ဒီသတိပဋ္ဌာန်နှစ်ပါးကို ကြိုက်ရာရွေး၊ ဝေဒနာကင်းတာထဲမပါဘူး၊ စိတ်ကင်းတာလဲမပါဘူး....(မှန်ပါ့)ပေါ်ကြပသား... (ပေါ်ပါပြီဘုရား) ဒါ့ကြောင့် နည်းမရလဲ မရှိပါစေနဲ့ ဆိုတာ သတိပေးလိုက်ပါတယ်... (မှန်ပါ့ဘုရား)။

နည်းမရ မရှိကြပါစေနဲ့၊ စိတ်ရှုလဲ ဝေဒနာပါတာဘဲ၊ ဝေဒနာရှုလဲ စိတ်ပါတာဘဲ၊ ကြိုက်ဟာကိုရွေးပါ .... (မှန်ပါဘုရား) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)

ကိုင်း.... ဒါဖြင့် သိကြားမင်းကြီးအကြောင်းဘဲ ဆက်ကြပါစို့....သိကြားမင်းကြီးက ဥယျာဉ်လဲရောက်ပါရော တဏှာအမြန်ကုန်တဲ့နည်းဟာ ဘယ်နည်းပါလိမ့်မလဲ....

တဏှာမကုန်သ၍ ဒုက္ခမကုန်ဘူး၊ တဏှာကုန်တဲ့နည်း ဘယ်နည်းပါလိမ့်မတုံးလို့ ဆင်စီးရင်း ဥယျာဉ်ထဲ ပျော်ပါးမယ်လို့ ကြံစည်ရင်းမတွန့်နဲ့ ဒီအတွေးတခု ဝင်လာကြွယ်· ပေါ်လာတယ်.... (မှန်ပါ့ဘုရား)။

တဏှာအမြန်ကုန်တဲ့နည်း ဘယ်နည်းပါလိမ့်မတုံး....(မှန်ပါ့) ဒီတဏှာကြောင့် တသံသရာလုံး လူတိုင်းစေ့ ဒုက္ခဖြစ်နေတယ်.... (မှန်ပါ့ဘုရား)။

ဒီတွေးလုံးသည်ကား....လို့ဆိုယင် တော်တော်ကြာ ငါ့မှာ ပျော်လိုက် ပါးလိုက်နဲ့ ငါးပါးအာရုံ ကာမဂုဏ်တွေထဲ ရောက်သွားလို့ရှိယင် ကိစ္စတွေက များသွားပြီ၊ ဒီအကြံအစည်ကလေး တောင် ပျောက်သွားလိမ့်မယ်၊ မြန်မြန် လူ့ပြည်ဆင်းမှဘဲဆိုပြီး သာဝတ္ထိပြည်ပုဗ္ဗာရုံခကျောင်းကိုက ပြာကယာပြေးတယ်.... (မှန်ပါ့ဘုရား)။

ဟိုမှာ နတ်သမီး, နတ်သားတွေနဲ့ ဆင်ကြိုးကိုရပ်ထားပစ်ခဲ့တယ်....(မှန်ပါ့) ကွေးတဲ့လက် ဆန့်သလောက်အချိန်နဲ့ ပုဗ္ဗာရုံကျောင်း ရောက်လာတယ်လို့ မှတ်လိုက်တာပေါ့ဦးမာဒင်ရာ.... (မှန်ပါ့ဘုရား)။

ဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို လျှောက်တယ်.... တဏှာ အမြန်ကုန်တဲ့နည်းကို အရှင်ဘုရား-တပည့်တော် သိချင်ပါတယ်ဘုရား(မှန်ပါ့) တကာ တကာမတွေ အင်မတန်အရေးတကြီး အလိုရှိတယ် .. (မှန်ပါ့ဘုရား)။

ကိတ္တာဝတာ နုခေါ ဘန္တေ၊
ဘိက္ခုတဏှာ သဓ်ယ ဝိမုတ္တော ဟောတိ။

အရှင်ဘုရား.... ဟဏှာကို အမြန်ကုန်အောင် ဘယ်နှယ်လုပ်ရပါမတုံး.... အဲဒီနည်းကို ပေးသနားတော်မူပါ၊ မြန်မြန်ပေးပါဆိုတဲ့ ဥစ္စာကိုလဲ သူလျှောက်တယ်....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့် လျှောက်ရပါလိမ့်.... ဟိုမှာ ဥယျာဉ်မှာ ပျော်ပါးမလို့ ပြင်ဆင်ပြီးသား၊ ဆင်ကိုတောင် ခဏရပ်ထားခဲ့ပြီး ဆင်းပေါ်က ဆင်းခဲ့ရတယ်.... (မှန်ပါ့) ဥယျာဉ်ပေါက်ဝ ရောက်ပြီးသား။

တဏှာနဲ့ ဥာဏ်နဲ့ စစ်ထိုးနေရတယ်....(မှန်ပါ့) ဥာဏ်ကလဲ လိုချင်တယ်၊ တဏှာ့ဘက်ကိုလဲ ပြန်ငြိုးသွားချင်တယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အရှင်ဘုရား တပည့်တော်အား မြန်မြန် ဟောတော်မူပါဆိုတော့....

ယံ ကိုဉ်ဝေဒနံ ဝေဒယတိ သုခံ ဒုက္ခံဝါ အဒုက္ခ မသုခံဝါ။

တကာ သိကြားမင်း၊ ဝေဒနာ ခံစားတယ်၊ ဝေဒနာ ခံစားတာ သုံးမျိုးရှိတယ်....(မှန်ပါ့)။

အဲဒီတော့ စာလို ပြောနေလို့ ရှိယင် တကာ တကာမတို့ ခန္ဓာထဲ ဝေဒနာပေါ်တာ သိမှာမဟုတ်ဘူး....(မှန်ပါ့)။

ဒီလို ကြည့်လိုက်ပါ တကာတကာမတို့ သန္တာန်၌ ကိုယ်၏ ချမ်းသာခြင်း- စိတ်၏ချမ်းသာခြင်းဆိုတာ သုခဝေဒနာ- (မှန်ပါ့ ဘုရား)။

မှတ်ထားပါ.... မှတ်ထားပါ၊ စိတ်ထဲမှာ ချမ်းသာယင်လဲ သုခဝေဒနာဘဲ.... (မှန်ပါ့) ကိုယ်ပေါ်မှာ ချမ်းသာယင်လဲ.... (သုခဝေဒနာပါဘုရား)။

ဒီနှစ်ခုတော့ဖြင့် ဦးမာဒင်တို့- ဦးသန်းမောင်တို့ ခဲနိုင်လောက်ပါတယ်.... (ခဲနိုင်ပါတယ်ဘုရား)။

ကိုယ်၏ ချမ်းသာခြင်းကော ရှိဘဲ့အခါ မသာ ဘူးလား.... (လာပါတယ်ဘုရား) စိတ်၏ချမ်းသာခြင်းကော....(လာပါတယ် ဘုရား) ရှိတာဘဲ့ တခါတလေနော်...(မှန်ပါ့)။

အဲဒါ ဘာဝေဒနာခေါ်ကြမယ်.... (သုခဝေဒနာပါဘုရား) မှတ်ထား မှတ်ထား၊ တကာတကာမတို့ ဒီဥစ္စာ သိကြားမင်းကို ဘုရားဟောနေဘာယ်....(မှန်ပါ့)။

ကိုယ်၏ချမ်းသာခြင်း-စိတ်၏ချမ်းသာခြင်းဟာ-(သုခဝေဒနာ ပါဘုရား) သဘောပါပလား.... (ပါ-ပါပြီဘုရား) ဩော်.... ဒါဖြင့် သုခဝေဒနာတော့ဖြင့် နှစ်မျိုးကိုးလို့ မှတ်လိုက်တာပေါ့ (မှန်ပါ့)။

ကိုယ်၏ချမ်းသာခြင်းလဲ.... (သုခဝေဒနာပါဘုရား) စိတ်၏ ချမ်းသာခြင်းလဲ.... (သုခဒဝေဒနာပါဘုရား) ဦးဘထွေးတို့ သေသေ ချာချာမှတ်ပါ။ အခုမှ တွေ့ရတဲ့လူတွေမို့ ဒါ... သင်ပေး နေတယ်လို့မှတ်ကြပါ....(မှန်ပါ့)။

ဒါက ခင်ဗျားတို့ ဩော်.... သုခဒဝေဒနာလို့သာ သိသေး တယ် ပေါ်တဲ့နေရာ မသိသေးဘူး....(မှန်ပါ့)။

အဲဒီတော့ ကိုယ်၏ ချမ်းသာခြင်း ဆိုတာ ကိုယ်ပေါ်မှာ၊ ဥပမာမယ် ကျောကအိုက်နေတယ်·ဟုတ်လား ... (မှန်ပါ့ဘုရား) လေကလေးလာတဲ့ဘက် ကျောလှည့် ပေးလိုက်တော့ ကျော ပေါ်မှာချမ်းသာတယ်ဆိုတာ မလာဘူးလား.... (လာပါတယ် ဘုရား)။

အဲဒါ ကိုယ်၏ချမ်းသာခြင်းဘဲ....(မှန်ပါ့ဘုရား) ဘယ်လိုပင် အိုက်တဲ့အထဲမှာ တကာတကာမတွေ အလုံပိတ်ပြီး သကာလ ကိုယ်ရခဲ့တဲ့ဝေဒနာကို ရေတွက်နေတဲ့အခါ လူသိမှာစိုးလို့ တံခါး တွေပိတ်ပြီးသကာလ ဘယ်လိုပင်အိုက်အိုက် စိတ်ထဲက ချမ်း သာတယ်.... (ချမ်းသာပါတယ်ဘုရား) အဲဒါကြောင့် သုခ ဝေဒနာ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျေပါပြီဘုရား) စိတ်၏ချမ်းသာခြင်းဆိုတဲ့ သုခဝေဒနာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုယ်၏ ချမ်းသာခြင်းက ကိုယ်ပေါ်မှာ ပေါ်သနော်.... (မှန်ပါ့) စိတ်၏ချမ်းသာခြင်းက.... (စိတ်ပေါ်မှာ ပေါ်ပါတယ် ဘုရား) ဝမ်းထဲမှာ ပေါ်တယ်ဆိုပါတော့.... (မှန်ပါ့ဘုရား) ရှင်းပလား တကာကြွယ်....(ရှင်းပါပြီဘုရား)။

ခုနင်က တံခါးပိတ်ပြီး ငွေတွေ ရေတွက်နေတဲ့အခါ ကျလို့ရှိ ယင်ဖြင့် ဝမ်းထဲက မပြုံးဘူးလား....(ပြုံးပါတယ်ဘုရား) အဲဒါ စိတ်၏ချမ်းသာခြင်း....(မှန်လှပါဘုရား)။

ဘယ့်နှယ်....အင်မတန်အိုက်နေတာ, အင်မတန်လှောင်နေတာ ဘဲ၊ ဒီအထဲမှာ မှောင်ကျနေပြီး မချောင်ကျနေတဲ့ အထဲမှာဘဲ လူသိမှာစိုးလို့ ကိုယ့်အပြင် လင်မယား, ကိုယ့်သားသမီးလောက်နဲ့ အတွင်းကျကျလူနဲ့.များ စာရင်းအင်းချုပ်ပြီး သကာလ ငွေနဲ့. စာရင်းနဲ့. ကိုက်နေတဲ့ အချိန်ကျတော့ အိုက်မှန်းလဲ မသိဘူး၊ ပူမှန်းလဲ မသိဘူး- စိတ်ချမ်းသာနေတယ်... (မှန်ပါ!) အဲဒါ.... စိတ်၏ ချမ်းသာခြင်း....(မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းဟာ သုခ ဝေဒနာ....(မှန်ပါ!) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

မှတ်ထားပါ... မှတ်ထားပါ ရှိလျက်နဲ့. မသိလို့. ပြောနေရ တယ်....(မှန်ပါ!)။

ကဲ....တကာသစ် ရှေ့.သွားကြဦးစို့....(မှန်ပါ!) အိုက်လိုက်၊ ပူလိုက်တာလဲ ပြင်ဘက်မှာ နေပူထဲမှာလဲ မခံပြင်နဲ့.တော့ ဟိုနေရာသွားလဲ အိုက်၊ ဒီနေရာလာလဲ အိုက် တကိုယ်လုံး အိုက် နေတာဘဲ .... (မှန်လှပါဘုရား) အဲဒါ ကိုယ်၏ဆင်းရဲခြင်း.... (မှန်လှပါဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

တခါ ကိုယ့်အိမ်ကြည့်လိုက်ပြန်တော့ မျက်နှာကျက်ကလဲ မပါ၊ အမိုးကလဲ ပူလိုက်တာ....(မှန်ပါ!)။

ပြုတင်းပေါက်တွေ ကြည့်လိုက်ပြန်တော့လဲ ထို့အတူဘဲ လုံခြုံလိုက်တာနဲ့ လေမှုမဝင်သာ၊ ကိုယ် တတ်နိုင်တဲ့ ပစ္စည်းကလေးနဲ့ ကိုယ်တတ်နိုင်သလောက် ဆောက်ထားတာကိုး.... (မှန်ပါ!) အဲဒီကျတော့ စိတ်၏ ဆင်းရဲခြင်းလားတယ်.... (မှန်ပါ! ဘုရား)။

ဒါဖြင့် နေပူ,ခေါပူ တွေ့တဲ့အခါ ကိုယ်ဆင်းရဲကာက ကိုယ်ဆင်းရဲခြင်း... (မှန်ပါ!) ကိုယ့်အိမ် ကိုယ့်ယာကြည့်တော့ အလိုမကျတာတွေ့ တွေ့ရတာက စိတ်ဆင်းရဲခြင်း... (မှန်ပါ!) သဘောကျပလား.... (ကျပါပြီဘုရား) အဲဒါ ဒုက္ခဝေဒနာ.... (မှန်ပါ!) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲဆင်း....(ဒုက္ခဝေဒနာပါ ဘုရား) နှစ်ခုစလုံး ဒုက္ခဝေဒနာ...(မှန်ပါ!) ပြီုင်တော့ မပေါ်ဘူး....(မပေါ်ပါဘုရား)။

ပြီုင်တော့ မပေါ်ဘူး၊ သို့သော်....ရှင်းအောင်လို့ ဒီနေရာလဲပေါ်တယ်၊ ဝမ်းထဲမှာ ပေါ်တယ်ဆိုတာ သိအောင်လို့ ပြောရပါတယ်... (မှန်ပါ!) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ်၏ ဆင်းရဲ,ချမ်းသာကင်းမှု၊ စိတ်၏ ဆင်းရဲချမ်းသာကင်းမှု၊ ဒါဟာ ဥမ္မဂ္ဂါ ဝေဒနာ....(မှန်ပါ!)။

ကိုယ်၏ ဆင်းရဲ,ချမ်းသာကင်းမှု.... (ဥဒပက္ခာ ဝေဒနာပါဘုရား) စိတ်၏ ဆင်းရဲချမ်းသာကင်းမှု.... (ဥပက္ခာ ဝေဒနာပါဘုရား) ဥပေက္ခာဝေဒနာလဲ နှစ်မျိုးဘဲ....(မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီဒါဖြင့် မျက်စိကမြင်ကာ မတ္တကြားကာမတ္တနံကာ မတ္တလျှာပေါ်မှာ စားကာ မတ္တကျတော့ ဥပေက္ခာ ဝေဒနာ (မှန်လှုပါဘုရား)။

သဘောကျပလား....(ကျပါပြီဘုရား) ဝမ်းထဲည်းမှာ တခါထည်း ကဲကွာ- ကံသာလျှင်အမိ ကံသာလျှင်အဖ ကမ္မဿကာဆိုပြီး သူတို့ကိုလျစ်လျူရှုတဲ့ စိတ်ကလေး ပေါ်တာရှိသေးတယ် (မှန်ပါဘုရား)။

သားတွေ,သမီးတွေ,ပစ္စည်းတွေဆော ကမ္မဿကာဆိုပြီး လျစ်လျူရှုထားတယ်....(မှန်ပါ)အဲဒီလျစ်လျူရှုတဲ့စိတ်ကသေးဟာလဲ ဝမ်းထဲမှာပေါ်တဲ့ ဥပေက္ခာပါဘဲ.... (မှန်ပါဘုရား)။

ဒါဖြင့် မျက်စိ,နှာခေါင်း,လျှာမှာလဲ ဥပေက္ခာဘဲ (မှန်ပါ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား) ဝမ်းထဲမှာလဲ လျစ်လျူရှုတဲ့ အခါ ဥပေက္ခာဘဲ....(မှန်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာသုံးမျိုးပြီးသွားပြီ(ပြီးပါပြီဘုရား)ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ သုခဝေဒနာ....(မှန်ပါ)ကိုယ်၏ဆင်းရဲခြင်း၊စိတ်၏ဆင်းရဲခြင်း.... (ဒုက္ခဝေဒနာ)သဘောကျပလား.... (ကျပါပြီဘုရား)။

ကဲ... တခါဒီကိုယ်ပေါ်မှာဘဲတဲ့၊ မျက်စိ,နား,နှာခေါင်းလျှာမြင်ကာ မတ္တာ၊စားကာ မတ္တာဘာဆိုမတုံး....(ဥပေက္ခာဝေဒနာပါဘုရား)။

ဝမ်းထည်းမှာ ခန္ဓာတွေ ကမ္မဿကာထားတဲ့ အချိန်ကလေး ပါသေးတယ်၊ အဲဒီကမ္မဿကာထားတဲ့ ဝေဒနာကလေးကျတော့

(ဥပေက္ခာဝေဒနာပါဘုရား)ဩော်....ဒါဖြင့် ဝေဒနာတွေသိပါပြီ...(မှန်ပါ့ဘုရား)။

အဲဒီတော့ သိကြားမင်းက ဘုရားလျှောက်တယ်၊ တဏှာကုန်တဲ့တရား တပည့်တော် ဟောကြား တော်မူပါ ဘုရား ဆိုတော့ သိကြားမင်း အပြင်ဝေဒနာကို သုခ,ဒုက္ခ, ဥပေက္ခာ ဝေဒနာကို ခံစား၏။ အဲဒါတွေကို အနိစ္စလို့ရှုပါ၊ ရာဂကင်းအောင် ရှုပါ (မှန်ပါ့ဘုရား)။

ချုပ်အောင်ရှုပါ၊ တဖန်ချုပ်အောင်ရှုပါ....(မှန်ပါ့)ထိုကဲ့သို့ ရှုလိုက်လို့ရှိယင် ကွာ...တဲ့၊ အနိစ္စလို့ရှု၊ ရာဂကင်းအောင်သာ ရှုမယ်ဆိုလို့ရှိယင်ဖြင့် တောင့်တမှု,ကြောင့်ကျမှု, တဏှာအကုန်သေပါတယ်(မှန်ပါ့ဘုရား)။

ဘာသေသတဲ့.... (တောင့်တမှု, ကြောင့်ကြမှု,တဏှာသေပါတယ်ဘုရား)။

အဲ တောင့်ကတာတွေ, ကြောင့်ကျတာတွေ, အကုန်သေပါတယ်၊ အဲဒီသေတဲ့အခါကျလို့ရှိယင် တဏှာ သေတယ် ဆိုတော့ ဥပါဒါန်သေတယ်...(မှန်ပါ့ဘုရား)။

ဥပါဒါန် သေလို့ ရှိယင် ဘယ်လော ကမှ မင်းမဖြစ်တော့ ဘူးတဲ့...(မှန်ပါ့)လူ့ပြည်လောက,နတ်ပြည်လောက,ဗြဟ္မာပြည်လောကဆိုတဲ့၊ ပျက်စီးတတ်တဲ့ လောကထဲမှာ မဖြစ်တော့ဘူး၊ ဒါကိုကြိုးစားပါ....(မှန်ပါ့ဘုရား)။

အဲဒါအင်မဘန်ကောင်းတဲ့ တရားဘဲ၊သိကြားမင်းကို ဘုရားက ဟောကြားလိုက်ပါတယ်.... (မှန်ပါ့) လုပ်နည်းကို ပေးလိုက်တယ်... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

တကာတကာမတို့ သိကြားမင်းကို ဘုရားက ဘာပေးလို့ပါလိမ့်....(လုပ်နည်းပေးလို့ပါတယ်ဘုရား) ဘယ်အနုပဿနာပေးလို့ပါလိမ့်မလဲလို့ မေးတော့မှ ဝေဒနာနုပဿနာပေးလို့ပါတယ်...(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း.... တကာ တကာမတို့ အမြန်ဆုံး တဏှာ ကုန်အောင် ဝေဒနာနုပဿနာပေးသဖြင့် တဏှာ၏ ရေသောက်မြစ်ဝေဒနာဘဲဆိုတာ မှတ်လို့က်....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဝေဒနာရှုယင် တဏှာချုပ်တယ် (မှန်ပါ့)တဏှာချုပ်ယင် ဒုက္ခမျိုးစုံသိမ်းတယ်...(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့မှာ အခုတွေ့စရာ ဒုက္ခတွေ မနည်းလှဘူးနော်.... (မှန်ပါ့)ခန္ဓာကိုယ်ကြီးကလဲ တနေ့မှ ရပ်ထားလို့မရဘူး၊ အိုတဲ့ဆီချည်းပြေးနေတယ်....(မှန်ပါ့ဘုရား) ရပ်ထားလို့များ ရကြရဲ့လား...(မရပါဘုရား)။

မေတ္တာပို့ ရပ်ကြလေဗျာ(မရပါဘုရား)အဟံအဝေရောဟောမိ ငါတော့ဖြင့် ရန်မရှိဘဲ မအိုတဲ့ဆီ မပြေးရပါလို့၏လို့ မေတ္တာပို့ကြည့်(မရပါဘုရား)မရဘူး၊ ပြေးတာဘဲ အိုတဲ့ဆီဘဲပြေးတယ်....(မှန်ပါ့ဘုရား)။

ဟ.... မင်းအပြေးသန်လှချည့်လား‌လို့ မမေးပါနဲ့၊ ကျုပ်ထုံးစံဒါဘဲလို့ ဖြေပါလိမ့်မယ်...(မှန်ပါ့ဘုရား)။

ခန္ဓာကြီးက ကျုပ်ထုံးစံဘဲလို့ ဖြေပါလိမ့်မယ် .... (မှန်ပါ့) ကျုပ်ဒီနေရာတွင် မရပ်သေးပါဘူးဗျ၊ အိုတဲ့ဆီတွင် ပြေးမှာ

မဟုတ်ပါဘူး၊ ကျုပ်ဝတ္တရားရှိသေးတယ်ဆိုပြီး နာတဲ့ဆီကို ပြေးဦးမယ် ... (မှန်ပါ့)အိုရာကထပြီး နာရာပြေးဦးမယ် (မှန်ပါ့)ဘယ်သူ့ ဝတ္တရားပါလိမ့် ... (ခန္ဓာကြီး၏ ဝတ္တရားပါဘုရား)။

အဲဒါအခုတကာတကာမတွေ့ တရားနာရင်း လဲဒီခန္ဓာကြီးကပြေးလျက်,လွှားလျက်ဘဲ.... (မှန်ပါ့ဘုရား)။

ကျုပ်ဝတ္တရား မကုန်သေးဘူး၊သင်းချိုင်းကျအောင် ပြေးရဦးမည်....(မှန်ပါ့)ခန္ဓာကြီးက သူ့ဝတ္တရား မကုန်သေးဘူးတဲ့.... (မှန်ပါ့ဘုရား)။

ဘယ်ကျအောင်ပြေးရမလဲ.... (သင်ချိုင်းကျအောင်ပြေးရပါ့မယ်)သေရာဌာနကျအောင်ပြေးရဦးမယ် .... (မှန်ပါ့) ဘယ်သူ့ဝတ္တရားပါလိမ့်....(ခန္ဓာဝတ္တရားပါဘုရား)။

ဟာ....ဦးမာဒင်တို့၊ ဦးသန်းမောင်တို့၊ ဦးဘထွေးတို့၊ တကာကြွယ်တို့၊ ခန္ဓာကြီး ဆုံးတောင်းတာဖြင့် ခင်ဗျားတို့က ဒီအပြေးတလေးမျိုး အိုရာကနာရာ,ပြေးရပါလို့၏၊ နာရာက သေရာ,ပြေးရမှာလို့၏လို့ ခင်ဗျားတို့ တောင်းထားတဲ့ဆုကဖြင့် ဒီဘဝဘုရားလဲမတတ် နိုင်ဘူး၊ ဘုန်းကြီးတို့ အညံ့စားက အသာထားပါ .... (မှန်ပါ့ဘုရား)။

ဘုရားကို မဘတ်နိုင်ဘူး၊ အိုရာက,နာရာ,ပျိုရာက,အိုရာ, ပြေးရပါလို့၏ဆိုတာ ဘယ်သူဘတ်နိုင်သလဲ.... (မတတ်နိုင်ပါဘုရား)။

ပျိုရာက, အိုရာ,ပြေးရပါလို့၏ (မတတ်နိုင်ပါဘုရား)အိုရာက နာရာ,ပြေးရပါလို့၏ (မဘတ်နိုင်ပါဘုရား) နာရာက,သေရာပြေးရပါလို့၏ ... (မတတ်နိုင်ပါဘုရား)။

ဟာ....ဒီလေးခု ခင်ဗျားတို့အလိုလိုရတာလား....တဲ့၊ တဏှာနဲ့ ဆုတောင်းထားလို့ ရတာလား....(တဏှာနဲ့ ဆုတောင်းထားလို့ ရတာပါဘုရား)။

အံမာလေး တကာတကာမတွေ့ တဏှာနဲ့ ဆုတောင်းတယ်၊ ပျို့ရာက,အိုရာပြေးရပါလို့၏....(မှန်ပါ့) ဘယ်နှယ်တုံး၊ တကာ တကာမတို့ ဆုတောင်း မိကြသလား .... (တောင်းမိပါတယ် ဘုရား)။

ဦးမာဒင်-ဒါလောက်ကောင်တော့ ဆိုးဝါးမထင်ပါဘူး၊ခင်ဗျား တို့ အခြေအနေဟာ....(ဆိုးပါတယ်ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

လူဖြစ်ရပါလို့၏ ဆိုတဲ့အထဲမှာ ဒါတွေ့အတွင်း ဝင်သွားတယ် (မှန်ပါ့ဘုရား)ပျို့ရာက,အိုရာကို ပြေးရပါလို့၏(မှန်ပါ့) နာရာက သေရာကော(ပြေးရပါလို့၏ပါဘုရား)အဲဒါတွေ့ လူဖြစ်ရပါလို့၏ ဆိုတဲ့အဘဲမှာ အတွင်းဝင်လာတယ်....(မှန်ပါ့ဘုရား)။

တကာကြွယ်- ဘယ်အထဲ အတွင်းဝင်လာသလဲ....(လူဖြစ်ရပါလို့၏ဆိုတဲ့အထဲမှာ အတွင်းဝင်ပါတယ်ဘုရား)ဦးမာဒင် တောင်းမိသလား....(တောင်းမိပါတယ်ဘုရား)။

တကာကြွယ်ကော တောင်းမိလို့ ရတာဘဲ....(မှန်ပါ့) လိမ်နေယင် အပိုဘဲ၊ ခန္ဓာကသက်သေခံသွားပြီ .. (မှန်ပါ့ဘုရား) ခန္ဓာကသက်သေမခံဘူးလား....(ခံပါတယ်ဘုရား)။

ဒါဖြင့် ပျို့ရာက,အိုရာရောက်ပြန်လဲ ဒုက္ခသစ္စာ(မှန်ပါ့)အိုရာက နာရာရောက်ပြန်လဲ (ဒုက္ခသစ္စာပါဘုရား)နာရာက, သေရာရောက်ပြန်လဲ....(ဒုက္ခသစ္စာပါဘုရား)။

ဩော်.... ခင်ဗျားတို့ ဒုက္ခသစ္စာ မသိတာနဲ့ တပည့်တော်တို့ လူဖြစ်ပြီး ဤသုံးလမ်းကိုဖြင့် မလွဲဘမ်း လှမ်းပါရစေ.... (မှန်ပါ့) တော်တော်ရှုးခဲ့ကြတယ်နော် (မှန်ပါ့ဘုရား)ဦးဘထွေး ဘယ့်နှယ်ဆိုမလဲ... (ရှုးခဲ့ပါတယ်ဘုရား)။

ဒီရှုးချက်က သူများ နှိပ်စက်တာလား....တဲ့၊ ကိုယ့်ကိုယ်ကို နှိပ်စက်တာလား....(ကိုယ့်ကိုယ်ကို နှိပ်စက်တာပါဘုရား) ဒီလေး ချက်ကလေ....(မှန်ပါ့)ဟာ....တယ်ကြောက်စရာကောင်းပါလား (ကောင်းပါတယ်ဘုရား)။

လင်မယားရန်ဖြစ်တဲ့အခါကျလို့ ရှိယင် မယားက ယောကျ်ား လုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ကိုယ်က ဘာမှ လုပ်ဘို့ မစွမ်းနိုင်တော့ ကိုယ့်ရင် ကိုယ်ထုသလို ဖြစ်တာ (မှန်ပါ့) ဘယ်သူနှိပ်စက်ပါလိမ့်... (ကိုယ့်ကိုယ်ကို နှိပ်စက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လူဖြစ်ရပါလို့၏....ဆုဟာ ဘာပါလိမ့်.... (ကိုယ့်ကိုယ်ကို နှိပ်စက်တာပါဘုရား) ကိုယ့်ရင် ကိုယ်ထုတဲ့ဖြစ်ခြင်း... (မှန်ပါ့ဘုရား)

နတ်ဖြစ်ရပါလို့၏ ဆိုတာကော ... (ကိုယ့်ရင် ကိုယ်ထုတာပါဘုရား) ပြဟ္မာဖြစ်ရပါလို့၏....(ကိုယ့်ရင် ကိုယ်ထုတာပါဘုရား)။

ဟာ... ခင်ဗျားတို့ဟာ အတော်ခက်နေပြီ၊ ရင်ထုတဲ့ဂိုဏ်းလဲ မဟုတ်ပါဘူး ဟင်....(မှန်ပါ့) အတော်ဆိုးနေပါလား... (ဆိုးပါတယ်ဘုရား)။

မသိတော့ ဩော်.... ဘာကို မသိရှာပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့မှ အိုတာ ဒုက္ခသစ္စာ- ဇရာပိဒုက္ခကို သူမသိဘူး... (မှန်ပါ့) ဗျာဓိဒုက္ခသစ္စာကော....(သူမသိပါဘုရား)။

ဇာတိပိဒုက္ခကော....(မသိပါဘုရား) သစ္စာမသိလို့ တောင်းရှာတာ...(မှန်ပါဘုရား)။

ဒုက္ခသစ္စာမသိလို့ တောင်းကြတယ်လို့ဆိုတာ့ သြော်.... မသိတာ ဘယ်သူပါလိမ့်မတုံးလို့ မေးယင် ဘယ့်နှယ်ဖြေမလဲ.... (အဝိဇ္ဇာပါဘုရား) တောင်းတာ ဘယ်သူတုံးမေးတော့ တဏှာ-(မှန်ပါဘုရား)။

သစ္စာမသိတာက....(အဝိဇ္ဇာပါ ဘုရား) မသိလို့တောင်းမိတာက....(တဏှာပါဘုရား)

ခင်ဗျားတို့ ဘုရားရှေ့သူ့ပြီးသကာလ တခါတည်း မသိတဲ့အဝိဇ္ဇာနဲ့၊ တောင်းတတ်တဲ့တဏှာနဲ့ တောင်းလိုက်တာကိုး... (မှန်ပါဘုရား)။

သစ္စာမသိ အဝိဇ္ဇာနဲ့ အရမ်းလိုချင်တဲ့တဏှာနဲ့တဲ့ပြီး ခင်ဗျားတို့က လူ,ပြည့်,နတ်ပြည့် အကြိမ်ကြိမ်ခံစားရပါလို့၏....(မှန်ပါ) ဘပါသူနဲ့ တောင်းလိုက်တာပါလိမ့်....(အဝိဇ္ဇာ တဏှာနဲ့ တောင်းပါတယ်ဘုရား)

ထည့်ဦး.... ထည့်ဦး.... မသိတဲ့အဝိဇ္ဇာနဲ့ တောင်းတတ်တဲ့တဏှာနဲ့ ရောပစ်လိုက်တယ်....(မှန်ပါဘုရား) အဲဒါ ဘယ်ရှေ့မှာ တောင်းကြတာတုံး.... (ဘုရားရှေ့မှာ တောင်းကြတာပါဘုရား)။

ထည့်ပါဦး....သံဃာတွေရှေ့ကော-(တောင်းပါတယ်ဘုရား) မတောင်းဘူးလား... (တောင်းပါတယ်ဘုရား)မပြည့်မှာကော.... စိုးရိမ်သေးသလား....(စိုးရိမ်ပါတယ်ဘုရား)။

ဟာ....သွားပြီ-သွားပြီ- တကာ တကာမတို့....(မှန်ပါ့ဘုရား) သွားပြီ....ခင်ဗျားတို့ဟာ တော်တော့ကိုနာပြီ...(မှန်ပါ့) ဒီအထဲမှာ နည်းနည်းကလေး နာမှာစိုးနေလို့ အကြိမ်ကြိမ်လို့ ထည့်လိုက်သေးတယ်....(မှန်ပါ့) ဘာဖြစ်လို့ပါလိမ့်....(အနာနည်းမှာစိုးလို့ပါဘုရား)။

အံမာလေး ကြိမ်လုံးနဲ့ တခါရိုက်တာကို ဆယ်ခါလောက်ရိုက်ပါလို့ ထပ်ပြီး တောင်းသလိုကျနေပြီ....(မှန်ပါ့) အတော်ဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

တကာ တကာမတွေ.... ဒီဟာကျတော့လဲ ဘုန်းကြီးများကပြောရတာက နည်းတယ်နော်....(မှန်ပါ့)ကိုယ်ရူးချက်သန်တာကများတယ်....(များပါတယ်ဘုရား)။

ဒါ အခု ဘုန်းကြီးတို့ပြောဆိုတဲ့ သစ္စာတရားကို မနာသေးတဲ့လူအပေါင်းဟာ တကာကြွယ်- ဦးမာဒင်- ဦးသန်းမောင်- ဦးဘထွေးတို့ အကုန် ဒီအတိုင်းဘဲ....(မှန်ပါ့ဘုရား)။

ဒီအတိုင်းသွားတာဘဲ၊ မသိတာက ဘာပါလိမ့်...(အဝိဇ္ဇာပါဘုရား) တောင်းတာက....(တဏှာပါဘုရား) ရတော့ ဒုက္ခသစ္စာလေးချက်ရတယ်....(မှန်ပါ့) ဇာတိ ဒုက္ခသစ္စာရတယ်၊ ဇရာ ဒုက္ခသစ္စာ....(ရပါတယ်ဘုရား)ဗျာဓိ ဒုက္ခသစ္စာ....(ရပါတယ်ဘုရား) မရဏ ဒုက္ခသစ္စာ....(ရပါတယ်ဘုရား)။

ကဲ....ခင်ဗျားတို့ ဆုပြည့်လိုက်တာက ဒီလေးချက်ဘဲ(မှန်ပါ့) ဇာတိ ဇရာ ဗျာဓိ မရဏ ရပါတယ်....တဲ့ (မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့် ရ-ရပါလိမ့်မတုံး....လို့ မေးတဲ့အခါကျ တော့မှ တကာကြွယ်- မသိတာက ဘာတုံး....(အဝိဇ္ဇာပါဘုရား)

အရမ်းလိုချင်တာက....(တဏှာပါဘုရား) ဩော်...မသိတဲ့လူ အခုမ်းလိုချင်လို့ရတဲ့ပစ္စည်း ဒုက္ခလေးချက်....(မှန်ပါဘုရား)။

ရတဲ့ပစ္စည်းက....(ဒုက္ခလေးချက်ပါဘုရား) အဲဒါကြောင့်.... ဘာလှူလှူ တန်းတန်း ဘုန်းကြီးတို့က အလှူမခံဘူး(မှန်ပါ) အလှူမခံတာက ဘာဖြစ်လို့ အလှူမခံသတုံး အရှင်ဘုရား.... တကာတကာမတွေက ကုသိုလ်မဖြစ်ရအောင်လားလို့ မေးလိမ့်မယ်....(မှန်ပါဘုရား)။

မဟုတ်ဘူး....တဲ့၊ သစ္စာသိပြီးလို့ရှိယင် ဝိပဿနာရှုလို့ သစ္စာတွေ့မြင်လာတော့မှ ဒုက္ခမှ လွတ်ချင်လို့ဆိုတော့ အလှူခံပါတယ် (မှန်ပါ) ဒီဟာကို ပြန်ရချင်တယ်ဆိုယင်တော့ အလှူမခံဘူး.... ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)*

ဒါကြောင့် ခင်ဗျားတို့ ဘာဘဲလှူလှူ သစ္စာမသိခင် မလုပ်နဲ့ (မှန်ပါ) သစ္စာမသိခင် လုပ်လိုက်လို့ရှိယင် မသိတာက အဝိဇ္ဇာ၊ တောင်းဘာက တဏှာ....(မှန်ပါ) ရဘားက ဒုက္ခသစ္စာ(မှန်ပါ) ဘယ်မှာ အမြတ်ပါသေးသလား....(မပါ-ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် မသိတဲ့လူလုပ်တဲ့ပစ္စည်းဟာ တကာ တကာမတို့ အအိုရှိလျက်နဲ့ အအိုရှာဘာ... (မှန်ပါ) အနာရှိလျက်နဲ့.... (အနာရှာဘာပါဘုရား) အသေရှိလျက်နဲ့....(အသေရှာတာပါဘုရား)။

---

*ဝန်ကုသိုလ်မျိုးလှူလျှင် အလှူမခံဘဲ ဝိဝန်ကုသိုလ်ဖြစ်အောင် လှူမှ အလှူခံသည်ဟု ပြတော်မူလိုရင်းဖြစ်ပါသည်။

အဲ့ မသိတဲ့နိုဂ္ဂိုလ် လူတာ့တန်းဘာ့ ပေးတာ့ကမ်းတာဟာ ဒါပြန်ရတယ်....(မှန်လှပါဘုရား) ဒီတော့ ဦးမာဒင်တို့ ဦးသန်း မောင်တို့ အရေးမကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

အဲ့ ဆရာသမားက ပြင်မပေးလို့ ရှိယင် ဒီအတိုင်းသွားတော့ မှာဘဲ့....(မှန်ပါ့ဘုရား)။

ကိုယ့်ဆရာသမားလဲ သင်ထားသေးဘယ်၊ ကဲ....မင်းတောင်း တဲ့အတိုင်း ပြည့်စေကွာ့ ဆိုတော့ မင်း့ဒုက္ခလေးချက်နဲ့ အသက် ထွက်စေဟော့....(မှန်ပါ့) ဒါဘဲကျတယ်....(ကျေပါတယ်ဘုရား)။

ဒုက္ခလေးချက်နဲ့.... (အသက်ထွက်ရပါမယ်ဘုရား) ကောင်း သေးရဲ့လား...(မကောင်းပါဘုရား) ဒုက္ခလေးချက်နဲ့ ဂျမ်းထိုး မှောက်ခုန် ဖြစ်စေဟော့ ဆိုဘာနဲ့ကော .... (အတူတူပါဘုရား)။

ကဲ.... ဒါနဲ့ သိကြားက တဏှာ ကုန်ဘဲ့ နည်းကို လိုချင်ပါ တယ် ဘုရား...လို့ လျှောက်တော့ မနေ့ကလဲ ပြောခဲ့ပါပြီ ဘကာ တကာမတို့- ဝေဒနာကိုရှုပါတဲ့... (မှန်ပါ့) ဘယ်လိုရှုရမှာတုံး မေးတဲ့အခါကျတော့မှ အနိစ္စာ နုပဿနာ ရှုပါတဲ့.... (မှန်ပါ့) အနိစ္စလို့ ရှုပါ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုအရှုခိုင်းပါလိမ့်.... (အနိစ္စလို့ အရှု ခိုင်းပါတယ်ဘုရား)အနိစ္စလို့ ရှုစမ်းကွာ....တဲ့၊ ဘုရားကိုကရှုနည်း သင်တာနော်...(မှန်ပါ့ဘုရား)။

ဝေဒနာသုံးပါးတွင် ပေါ်ရာ ဝေဒနာဘပါးပါးကို အနိစ္စလို့ ရှုပါတဲ့...(မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အနိစ္စလို့ ရှုပါဆိုတော့ ဝေဒနာမပေါ်ခင် ရှုရမှာလား၊ဝေဒနာပေါ်တုံးရှုရမှာလားလို့ မေးလို့ရှိယင်ဖြင့် တကာတကာမတို့ ဝေဒနာပေါ်တုံးဘဲရှုပါ....(မှန်ပါ့)သဘောကျပလား ... (ကျွပါပြီဘုရား)။

ဘယ်အချိန် ရှုရမှာတုံး .... (ဝေဒနာ ပေါ်တုံး ရှုရမှာပါဘုရား)။

ပေါ်တုံးလို့ ရှုပြန်ငြားသော်လဲ၊ ပေါ်ဆဲမှာ ရှုတဲ့ဥာဏ်က မပေါ်နိုင်လို့ သူပေါ်ပြီးမှရှုပါ.... (မှန်ပါ့ဘုရား) မှတ်မိပလား (မှတ်မိပါပြီဘုရား)။

သူပေါ်ပြီးမှ....(ရှုရမှာပါဘုရား) ဘာကြောင့်တုံး ဆိုတော့ နှစ်ခုပြိုင်ပေါ်နေမှာလဲ ဝတ္တရားမဟုတ်ဘူး .... (မှန်ပါ့) ဥာဏ်နဲ့ ဝေဒနာနဲ့၊ ဦးမာဒင် ပြိုင်ပေါ်နိုင်ပါ့မလား .... (မပေါ်နိုင်ပါဘုရား)။

မပေါ်နိုင်တော့ တခုပေါ်လို့ ချုပ်ပျောက်ပြီးမှ ဥာဏ်က နောက်မှ ပေါ်ရမှာပါ.... (မှန်ပါ့ဘုရား)သဘောကျပလား ... (ကျွပါပြီဘုရား)။

ဒါဖြင့်ဝေဒနာက ရှေ့ကပေါ်တယ်၊ ဥာဏ်က နောက်မှ ပေါ်တယ်....(မှန်ပါ့)ဒါဖြင့် ဝေဒနာ ဖြစ်ပျက်ပြီးသည် အခြားမဲ့မှ ဥာဏ်ပေါ်တယ်....(မှန်ပါ့)သဘောကျပလား.... (ကျွပါပြီဘုရား)။

ဝေဒနာဖြစ်ပျက်ပြီးသည့် အခြားမဲ့မှ....(ဥာဏ်ပေါ်ပါတယ်ဘုရား) ဥာဏ်ပေါ်တယ်ဆိုတာ ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို တကာတကာမတို့ ဒီမှာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေဒနာသုံးမျိုး ရှုဘို့ ဟောထားတယ် (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ရှုတဲ့အခါ သတိထားပါ (မှန်ပါ့) ဒါဟာ ငါနိဗ္ဗာန်ရောက်ဘို့ ခရီးတဝက်ရောက်ပြီ .... (မှန်ပါ့) ဒါကဖြင့် နိဗ္ဗာန်ရောက်ပြီ....(မှန်ပါ့)ကိုယ့်.ဟာကိုယ်ဘဲ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့ဘုရား)။

သေသေချာချာ တကာတကာမတွေ့ ယခုပြောတဲ့ အချက်ဟာဖြင့် အရေးအကြီးဆုံးဘဲဆိုဘာ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီးထဲမှာ သုခဝေဒနာ ပေါ်လာလဲ တကာကြွယ်တို့က ဖြစ်ပျက်ဘဲရှုနေ... (မှန်ပါ့)ဒုက္ခဝေဒနာပေါ်လဲ (ဖြစ်ပျက်ရှုရပါ့မယ်ဘုရား)။

ဖြစ်ပြီးပျက်တဲ့တရားဆိုလို့ ရှုတာဘဲ.... (မှန်ပါ့) ဥပေက္ခာဝေဒနာပေါ်ကော....(ဖြစ်ပြီးပျက်တဲ့ တရားပါဘုရား)။

ဖြစ်ပြီး ပျက်တဲ့တရားဘဲလို့ရှုတော့ ဒီနောက် တဏှာ ဥပါဒါန်က ခါတိုင်းတော့ ဝေဒနာ ပစ္စယာ တဏှာ ဥပါဒါန် .... (မှန်ပါ့ဘုရား)။

အခုတော့ မဂ်ကလေးက ကြားဝင်လိုက်တယ် .... (မှန်ပါ့) တဏှာဥပါဒါန်ကံတွေက ထုံးစံအတိုင်း မရှိဘဲ နေယင် တော့ ဒီသုံးခုလာရမယ်... (မှန်ပါ့ဘုရား)။

မရှုဘဲနေလို့ ဒီကိုလာတော့ ဩော်....ဘုန်းကြီးက ဒီတကာတကာမတွေ့ အမေ-မိဘ-ဆွေမျိုးညာတကာ မောင်နှမတွေ့မတော်ဘူး၊ သူမရှိခဲ့လို့ အရှုခိုင်းတာ....(မှန်ပါ့ဘုရား)။

အရှုခိုင်းတော့ ဖြစ်ဆိုတာလဲ ဝေဒနာမဟုတ်တော့ဘူး၊ အင်းသူလဲအနိစ္စတရားပါကလား(မှန်ပါ့)သဘောကျပလား(ကျပါပြီဘုရား)ဒီတရားက ဝေဒနာဖြစ်သလား .... (အနိစ္စဖြစ်ပါတယ်ဘုရား)ဖြစ်ပြီး မရှိတာဘဲ သူသိလိုက်တယ်.... (မှန်ပါ့ဘုရား)။

ဝေဒနာရယ်လို့ သူမတွေ့ဘော့ဘူး....(မတွေ့ပါဘုရား) ဖြစ်ပြီး ပျက်သွားတာဘဲ တွေ့တယ်၊ ဖြစ်ပြီး ပျက်သွားတာဘဲ တွေ့တယ်၊ ဖြစ်ပြီး မရှိတာဘဲ တွေ့တယ်....(မှန်ပါ့)။

ဒါဘဲသူတွေ့လိုက်တော့ ဝေဒနာကမ္မဋ္ဌာန်းကို သူစွန့်ပြီးသားဖြစ်ပါတယ်...(မှန်ပါ့) ဟောဒီနောက်က တရားတွေ့လဲ လာခွင့်မပေးသောကြောင့် တကာတကာမတို့ တရားလဲ စွန့်တယ်.... (မှန်ပါ့)။

ဒါဖြင့် မဂ္ဂင်ငါးပါး ရှုနေလို့ရှိယင် ရှေ့က ဖြစ်ပျက်ကို မြင်တယ်၊ နောက်က တရား ဥပါဒါန် ချုပ်တယ်.... (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာရှုရှု, စိတ်ရှုရှု ဖြစ်ပျက်မြင်တဲ့ မဂ်ဝင်လာလို့ ရှိယင် ဖြစ်ပျက်မြင်တဲ့ ဉာဏ်ကခေလးသာခင်ဗျားတို့ ရသို့ ရှိယင်ဖြင့်ရှေ့က ခန္ဓာလဲ စွန့်ပါတယ်(မှန်ပါ့) ဝေဒနကမ္မဋ္ဌာ လာသေးရဲ့လား.... (မသာပါဘုရား) ဖြစ်ပျက်ဘဲ

တွေ့တော့ဘာကိုး.... (မှန်ပါ့ဘုရား) ဝေဒနာရယ်လို့ တွေ့သးရဲ့လား.... (မတွေ့ပါဘုရား)။

ဒါကြောင့် ဦးမာဒင်တို့ မှတ်လိုက်စမ်းပါ၊ သြော်... ခန္ဓာစွန့်တဲ့ဥစ္စာ ဖြစ်ပျက်တွေ့တာကိုး.... (မှန်ပါ့ဘုရား) ဒီဘက်ကတက္ကာစွန့်တယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် ဟောဒါ အလည် ကဟာဝိပဿနာဉာဏ်ဘဲ.... (မှန်ပါ့) ခန္ဓာစွန့်က တက္ကာစွန့်တယ်လို့ မှတ်လိုက်....(မှန်ပါ့) ဝိပဿနာလုပ်နေလို့ရှိယင် ဘာစွန့်ပါလိမ့် (ခန္ဓာစွန့်, တက္ကာစွန့်ပါတယ်ဘုရား)။

ဒါ....သေသေချာချာ တရားကပဲလုံး အရေးတကြီးမှတ်လိုက်စမ်းပါ.... (မှန်ပါ့) ဒို့... ဝိပဿနာလုပ်နေတာ ဘာကျေးဇူးရှိပါသလိမ့်မတုံးမေးတော့.... (ခန္ဓာစွန့်-ကက္ကာစွန့်ပါတယ်ဘုရား) ရှေ့က ခန္ဓာစွန့်ဘယ်၊ နောက်က တက္ကာစွန့်ဘယ်.... (မှန်ပါ့ဘုရား)။

ရှေ့က.... (ခန္ဓာစွန့်ပါတယ်ဘုရား) နောက်က... (တက္ကာစွန့်ပါတယ်ဘုရား) အဲဒါ ဝိပဿနာဉာဏ်သို့ မှတ်သိုက်-(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)၊

ဝိပဿနာ လုပ်နေတဲ့ ပုဂ္ဂိုလ်များမှာ ဝိပဿနာဉာဏ်သည် တကာတကာမတို့ အတွက် ဘာကို ရှက်ဆောင်ပါလိမ့်မတုံးဆိုတော့ ရှေ့က ခန္ဓာစွန့်တယ်.... (မှန်ပါ့) နောက်က.... (တက္ကာစွန့်ပါတယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

နောက်က တဏှာစွန့်တယ် ဆို က တည်း ကိုက တကာ တကာမတွေက သြော်....နောက်က တဏှာပေါ်ခွင့်မပေးဘဲကိုး (မှန်ပါ့)။

ဝေဒနာ,ပစ္စယာ,တဏှာလာသေးရဲ့လား....(မလာပါဘုရား) ရှေ့ကလဲ ဝေဒနာရယ်လို့ကော နာမည်ရှိသေးရဲ့လား...(မရှိပါဘုရား) အနိစ္စဘဲရှိတယ်....(မှန်ပါ့)။

ဒါ့ကြောင့် အနိစ္စသာဖြစ်သွားသောကြောင့် ဝေဒနာကွန္ဒာက မရှိတော့ဘူး.... (မှန်ပါ့) ဒါ့ကြောင့် ဝေဒနာကွန္ဒာလဲစွန့်နောက်ပိုင်းက တဏှာလဲ စွန့်တယ်....(မှန်ပါ့)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် တကာ တကာမတို့ ခန္ဓာစွန့်, တဏှာစွန့်.... (မှန်ပါ့) တကာကြွယ် ဒါကို သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်များ ဘယ်ဟာကို စွန့်လေ့ရှိပါသလဲ... (ခန္ဓာစွန့်,တဏှာစွန့်ပါဘုရား) ခန္ဓာလဲ စွန့်တယ်, တဏှာလဲ စွန့်တယ်....(မှန်ပါ့)။

ခန္ဓာစွန့်လိုက်တဲ့အတွက်လဲ... တဲ့ တကာတကာမတို့ ဒုက္ခသိမ်းတာဘဲ... (မှန်ပါ့)တဏှာစွန့်လိုက်တဲ့အတွက်လဲ ဒုက္ခဖြစ်ကြောင်းသိမ်းတာဘဲ.... (မှန်ပါ့) ဒါဖြင့် ဒုက္ခနဲ့ ဒုက္ခဖြစ်ခကြောင်းကို ဝိပဿနာဉာဏ်က သိမ်းတယ်..(မှန်ပါ့)။

ဝိပဿနာဉာဏ်သည် ဘာများ ကျုပ်တို့ကို သယ်ယူပို့

ဆောင်ပါလိမ့်....(ဒုက္ခနဲ့ ဒုက္ခဖြစ်ကြောင်း သိမ်းပါတယ်ဘုရား) ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခကိုဖြင့် မင်းတို့ကို မပေးတော့ဘူး ဆိုပြီး ဝိပဿနာဥာဏ်က တာဝန်ခံတယ်....(မှန်ပါ့)။

ဒါဖြင့် ဦးမာဒင်တို့, တကာကြွယ်တို့က စဉ်းစား၊ သြော်.... ဝိပဿနာဟာ တယ်ကျေးဇူးများပါကလား.... (မှန်ပါ့) တကာ တကာမတို့ ဝိပဿနာဟာ ဘယ့်နှယ်... တဲ့.... (ကျေးဇူးများပါတယ်ဘုရား)။

ကျေးဇူး သိပ်များတယ်၊ ဒါ့ခကြောင့် ဘယ်နေရာ ရောက် ရောက် ခင်ဗျားတို့ သြော်... ကိုယ့်ကယ်တင်တာက ဝိပဿနာပါကလား....(မှန်ပါ့)ခန္ဓာဒုက္ခလဲ ခင်ဗျားတို့ကို မပေးတော့ဘူး.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) ဘယ်သူက ဝန်ခံသတုံး....(ဝိပဿနာက ဝန်ခံပါတယ်ဘုရား)။

ရှုတဲ့ပုဂ္ဂိုလ်မှာ ခန္ဓာဒုက္ခလဲ နောက်ထပ်မပေးဘူးလို့ တာဝန် ခံတယ်... (မှန်ပါ့) တကဲ့သာပေးမည့်ဒုက္ခကိုလဲ မပေးစေတော့ဘူး လို့....(တာဝန်ခံပါတယ်ဘုရား) ဘယ်သူက တာဝန်ခံပါလိမ့်.... (ဝိပဿနာက တာဝန်ခံပါတယ်ဘုရား)။

တကာကြွယ် သိပ်ကောင်းပါကလား.... (ကောင်းပါတယ် ဘုရား) ဦးသန်းမောင်တို့, ဦးဘထွေးတို့ လုပ်ထိုက်တယ်နော်... (လုပ်ထိုက်ပါတယ်ဘုရား)နောက်ခန္ဓာဒုက္ခလဲ မပေးတော့ဘူးတဲ့ (မှန်ပါ့) နောက်တကဲ့သာဆက်မည့် ပဋိစ္စသမုပ္ပါဒ် တွေကော.... (မပေးတော့ပါဘုရား) ဦးမာဒင် ဘယ်သူက တာဝန်ခံသလဲ.... (ဝိပဿနာဥာဏ်က တာဝန်ခံပါတယ်ဘုရား)။

သူက တာဝန်ခံတယ်၊ သူပေါ်အောင် ကျုပ်တဲ့ အားထုတ်တဲ့ အတွက် သူက ကျုပ်တို့ကို ရွက်ဆောင်သွားတယ်.... (မှန်ပါ့) ငါ့ကို မင်းတို့ ခင်လို့ရှိသင် ငါက မင်းတို့ကို ရွက်ဆောင်မယ် (မှန်ပါ့)။

တကာတကာမတွေက ဝိပဿနာဉာဏ် ဝမ်းထဲဆောက်အောင် အားထုတ်လို့ရှိယင် ဝိပဿနာဉာဏ်က ဒုက္ခနှစ်ခု ကယ်တင်မယ်- (မှန်ပါ့) ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခကို.... (ကယ်တင်မှာပါဘုရား) မလုပ်ထိုက်ဘူးလား....(လုပ်ထိုက်ပါတယ်ဘုရား)။

တကာတကာမတို့ လုပ်ထိုက်တယ်လို့ သေသေချာချာ မှတ်ပါ....(မှန်ပါ့) ဝိပဿနာတန်ခိုး ဘယ်လောက် ကြီးတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကျုပ်ဖြင့် နိဗ္ဗာန် မျက်မှောက် မပြုနိုင်သေးဘူး- ဝိပဿနာဉာဏ်ဘဲ ရှိသေးတယ်လို့ ညည်းလုံးမထုတ်လိုက်ပါနဲ့....(မှန်ပါ့) ဖြစ်ပျက်မြင်ယင်ကို ခင်ဗျားတို့ ကိုစွန့်စုပြီးပါပြီ.... (မှန်လှပါဘုရား) ခန္ဓာလဲစွန့်, တဏှာလဲစွန့်ပါတယ်၊ ဝိပဿနာဉာဏ်က.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ် သိပ်အာဘိုးတန်ပြီ....(တန်ပါတယ်ဘုရား) ခန္ဓာကလဲ ဒုက္ခသစ္စာ၊ တဏှာက သမုဒယသစ္စာ...(မှန်ပါ့) ဒီသစ္စာ နှစ်ပါးကို မရဒစပါဘူး....တဲ့ ရှေ့ကို-(မှန်ပါ့)။

ဒါဖြင့် ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခကိုဖြင့် ဝိပဿနာဉာဏ်က မပေးတော့ပါဘူး....တဲ့ ဝိပဿနာလုပ်ပါ....(မှန်ပါ့)။

တကယ် ဝန်ခံရဲတယ်.... (ရဲပါတယ်ဘုရား) ဘယ်ဥာဏ်ပါလိမ့်...(ဝိပဿနာဥာဏ်ပါဘုရား) ဝိပဿနာဥာဏ် တယ် အဘိုးတန်ပါကလား....(တန်ပါတယ်ဘုရား)။

အဲဒါလောက်ကျအောင် မသိတော့ တကာတကာမတွေက ဝိပဿနာမလုပ်ဖြစ်ကြဘူး... (မှန်ပါ့)။

အခုတော့ဖြင့် စူဋ္ဌတဏ္ဍာခ်ယသုတ်ဆိုပြီး သကာလ မူလ ပဏ္ဏသပါဋ္ဌိတော်မှာ ဟောတဲ့အတွက် တကာတကာမတွေ သည်ကားလို့ ဆိုယင် တသံသရာလုံး ဒါ... လုပ်ခဲ့မိပါသလား(မလုပ်ခဲ့မိပါဘုရား)။

ဒါ့ကြောင့် ဒီခန္ဓာကြီး အိုဘေး, နာသေး, သေဘေး ခန္ဓာကြီးနဲ့ နေရတယ်... (မှန်ပါ့)။

ဒီတဏ္ဍာ ခိုင်းလိုက်တာလဲ ဒို့မှာ ကျွန်သပေါက် အဖြစ်နဲ့ လူလား မမြောက်နိုင်ဘဲ အမျိုးမျိုး အဖုံဖုံ ဒုက္ခ ရောက်ကုန်ပြီ (မှန်ပါ့) ဝိပဿနာမလုပ်မိလို့ ခန္ဓာဒုက္ခလဲ ခံနေရတယ်.... (မှန်ပါ့ဘုရား) တဏ္ဍာခိုင်းစေတဲ့ဒုက္ခကော.... (ခံနေရပါတယ်ဘုရား)။

အင်း.... ဒို့ နောက်တုန်းက ဒီတရားမျိုးနဲ့ ဒီအလုပ်မျိုး လုပ်ခဲ့ပုံမရဘူး...(မှန်ပါ့)ပေါ်လာတယ်...(မှန်ပါ့) မပေါ်ဘူးလား...(ပေါ်ပါတယ်ဘုရား)။

တကာတကာမတို့ ဒါ....ဝိပဿနာဥာဏ်သတ္တိရှိသေးတယ်.... (မှန်ပါ့) ဝိပဿနာဥာဏ်သည် ခင်ဗျားတို့ကို ဘယ်ဟာ ကယ်တင်သတုံး၊ ခန္ဓာ့ဒုက္ခနဲ့ တဏ္ဍာ့ဒုက္ခတွေကို...(ကယ်တင်ပါတယ်ဘုရား)။

တခါတည်း သူက သယ်ယူပို့ဆောင်တယ်....(မှုန်ပါ့ဘုရား) ဟောဒီတဏှာကြောင့် ရောက်မည့်အပါယ်ကိုလဲ မရောက်စေဘူး (မှုန်ပါ့) ဟောဒီဒုက္ခကိုလဲ နောက်မပေးဘူး.... (မှုန်ပါဘုရား) ဘယ်သူက တာဝန်ခံသတုံး.... (ဝိပဿနာက တာဝန်ခံပါတယ် ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ... ယနေ့ ဖီတွင်တော်ကြဦးစို့။

သာဓု....သာဓု... သာဓု...

အမှတ်စဉ်(၂၆)ဤတွင်ပြီးပြီ။

ရနိုင်သောဌာနများ

ဤအဖွဲ့မှ ရိုက်နှိပ်ထုတ်ဝေပြီး ထုတ်ဝေလတ္တံ့သော စာအုပ်များကို အောက်ဖော်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။

ရန်ကုန်မြို့

(၁) ပညာအလင်းပြစာအုပ်တိုက်၊ ၁၃၀-ဗိုလ်ချုပ်လမ်း။
(၂) ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း- ဦးချစ်တင်-ဆိုင်နှင့် အခြားစာအုပ်ဆိုင်များ။
(၃) ဟံသာဝတီစာအုပ်ဆိုင်၊ ဗိုလ်အောင်ကျော်လမ်း။
(၄) တင်ဆွေအေး-စာအုပ်ဆိုင်၊ အမှတ် ၄၇၈- မဟာဗန္ဓုလ လမ်း၊ ရန်ကုန်မြို့။
(၅) အောင်မြန်မာ စက္ကူဆိုင်၊ အောက်လိုင်း- စျေးချို-မန္တလေးမြို့။
(၆) ဦးဘထွေး-ဂျစ်ကားတံဆိပ် အထည်တိုက်၊ မုံရွာမြို့။
(၇) ဦးဘအုန်း-ဒေါ်ကျင်လွမ်၊ ၁၆-ကုန်စုံလမ်း၊ ပုသိမ်မြို့။
(၈) အောင်နိုင်-စာပေတိုက်၊ နဝရတ်သိင်္ဂီတိုက်- ၁၁၅-အခန်းအမှတ် ဘီစီ- လမ်းမတော်၊ ပြည်မြို့။
(၉) ရွှေမောင်းစာအုပ်ဆိုင်- ဗိုလ်ချုပ်လမ်း၊ ဟင်္သာတမြို့။
(၁၀) ဦးမောင်ရှန်၊ ၁- စကားဝါလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။
(၁၁) ဦးတင်အောင်-ဒေါ်ခင်ကြည်၊ စျေးအနီး-ဆင်ဖြူကျွန်း၊
(၁၂) ဦးအုန်းမောင်-မြို့မစတိုး၊ လမ်းမတော်- တောင်ကြီး။
(၁၃) ဦးတင်-ဇမ္ဗူမဏ္ဍိုင်စာပုံနှိပ်တိုက်၊ ပခုက္ကူ။
(၁၄) ဦထွန်းလူ-အနော်မာလမ်းဒေါင့်- ဖျာပုံမြို့။

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်
အမှတ် (၂၉၅၅-၂၉၅၅ကာ-၂၉၅၅ခ)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရား၏
ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့မှ
ကမကထပြု၍ ဤစာအုပ်ကို ရိုက်နှိပ် ထုတ်ဝေသည်၊

အတိုး ၄-ကျပ်။

သာသနာရေးဦးစီးဌာနသို့
အရှင်ကောဝိဒမှ
လွှဲဖါန်းပါသည်။